http://www.dhammadownload.com

ရွှေတောင်တက် ဒဿန

ဆန်းလွင်

ရွှေတောင်တက် ဒဿန ဆန်းလွင်

# ရွှေတောင်တက် ဒဿန

## ဆန်းလွင်

(စတုတ္ထအကြိမ်)

ပန်းချီစံတိုး



၁၄၉၊ ၃၇ လမ်း၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက် အမှတ် [၃၆၃/၂၀၀၀ (၅)]
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် [၃၇၆/၂၀၀၀ (၆)]

စတုတ္ထ အကြိမ်၊ ၂၀၀၀၊ ဒီဇင်ဘာ
[ပထမ အကြိမ်၊ ၁၉၈၉၊ ဇူလိုင်၊ ဘဝတက္ကသိုလ် စာပေ။]
[ဒုတိယ အကြိမ်၊ ၁၉၉၁၊ ဖေဖော်ဝါရီ၊ ဘဝတက္ကသိုလ် စာပေ။]
[တတိယ အကြိမ်၊ ၁၉၉၃၊ ဒီဇင်ဘာ၊ ဘဝတက္ကသိုလ် စာပေ။]

| | |
|---|---|
| မျက်နှာဖုံး | ပန်းချီ စံတိုး |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၂၀၀၀ ကျပ် |
| မျက်နှာဖုံးရိုက် | ဒေါ်ရွှေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက်<br>၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်<br>၁၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံ မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးထွန်းလှိုင် (၀၅၄၇ မြ)၊ ချစ်စရာ စာပေ<br>၇၅၊ ဝေပုလ္လ ၂ လမ်း၊ ဃ ရပ်ကွက်၊<br>မြောက်ဥက္ကလာပ၊ ရန်ကုန်။ |

ဆန်းလွင်

# ရွှေတောင်တက် ဒဿန

ဘ၀ တိုးတက်ရေး အတွက် အတွေးအမြင်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန် ဖြစ်သည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# တက်လိမ္မာ စီးပွား
# များလိမ္မာ ပညာ

ဉာဏ်စာထူးဆန်း    လက်ဘွပန်းကို
ရွှေပန်းပမာ    ဆင်တို့ပါက
သူငယ်လူတို့    ရလိမ္မာပညာ
သာလိမ္မာသူ့ထက်    တက်လိမ္မာစီးပွား
များလိမ္မာခြွေရံ    စံလိမ္မာစည်းစိမ်
ငြိမ်းလိမ္မာချမ်းသာ    သာလိမ္မာကျက်သရေ

အတုလ ဆရာတော် ခင်ကြီးဖျော်

# အညွှန်း

အကျွန်ုပ်ကို မွေး၍ ကျွေးသော
အသက် ရှင်ဆဲ ဖြစ်သော မိခင်နှင့်
အကျွန်ုပ်က မွေး၍ ကျွေးသော
အသက် ရှင်ဆဲ ဖြစ်သော သား သမီးတို့အား
ရည်ညွှန်းပါသည်။

## အမှာ

ဤစာသည် 'ဒဿနစာ' မျိုး ဖြစ်၏။

ဒဿနစာ ဆိုသည်မှာ ဖတ်ရင်း တွေးရသော စာမျိုးလည်း ဖြစ်၍ တွေးရင်း ဖတ်ရသော စာမျိုးလည်း ဖြစ်၏။

အတွေး ဆိုရာတွင် စိတ်ကူးရောက်ရာ တောင်စဉ်ရေမရ ကွန့်မြူးသော ကဗျာ အတွေးမျိုးကို မဆိုလို။ သိပ္ပံပညာရှင်တို့သည် လောကသဘာဝကို ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရန် ရှာဖွေ စူးစမ်း သကဲ့သို့ လောက၏ အဖြစ်အပျက် အမှန်ကို အမှန် အတိုင်း ဉာဏ်ဖြင့် သိမြင်အောင် ထိုးထွင်း၍ ကြံစည်ခြင်းကိုသာ ဆိုလိုပါသည်။

ဤတွင် လူသားအဖို့ ဘဝ တိုးတက်ရေးနှင့် ဆိုင်သော အတွေးအမြင်များကို တင်ပြထားသည်။ ထိုအတွေးအမြင်များကိုပင် 'ရွှေတောင်တက် ဒဿန' ဟု ခေါ်ခြင်း ဖြစ်သည်။ စာဖတ်သူသည် ရွှေတောင်တက်သမား အဖြစ်ဖြင့် ဤစာကို ဖတ်သင့် သည်။

တောင်တက်သမားသည် တောင်တက် ခရီးကို သွားသောအခါ တက်မည့် တောင် တစ်တောင်ကို ဦးစွာ ရွေးချယ်ရသည်။ ထိုတောင်၏ အမြင့်သည် မိမိ ခွန်အားနှင့် မျှ မမျှ၊ တောင်ထိပ်သို့ ရောက်နိုင် မရောက်နိုင်ကို ချင့်တွက်ရသည်။ လိုအပ်မည့် အကူပစ္စည်းများကို ရှာရသည်။ အဖော်အကူ အဖြစ် လိုက်ပါမည့်သူ များကို ရှာဖွေ ရွေးချယ်ရသည်။ အလုံးစုံ ပြည့်စုံပြီဆိုလျှင် တောင်ကို တက်သင့်သည့် အချိန်ကို ရွေးချယ်ရဦးမည်။ တောင်တက်သမားတိုင်း အဖို့ ကြိုတင် ပြင်ဆင်ခြင်း သည် မုချ လိုအပ်သည်။

တောင်တက်ခြင်း ဆိုသည်ကား

အမြင့်သို့ သွားခြင်းလည်း ဖြစ်၏။

ထိပ်ဆုံးသို့ ရောက်ရန် အားထုတ်ခြင်းလည်း ဖြစ်၏။

ခက်ခဲ၏၊ ပင်ပန်း၏၊ အလွန် အန္တရာယ်များ၏။ အပြေးအလွှား လုပ်၍လည်း မရ။ အလျင်အမြန် လုပ်၍လည်း မရ။ အောက်ခြေက စ၍ တက်ရ၏။ အမြင့်သို့ ရောက်လေ စိုးရိမ်ရလေ ဖြစ်၏။ ထိပ်ဆုံးသို့ မရောက်မချင်း စိတ်မချရ။ ထိပ်ဆုံးသို့ ရောက်လျှင်ကား အနိုက်အတန့် သက်သာရာရ၏။

သို့သော်

တောင်ထိပ်ပေါ်တွင် ပို၍ လေတိုက်၏။

လေဒဏ် မိုးဒဏ် အအေးဒဏ်ကို ပို၍ ခံရ၏။

အစက မိမိ တက်ခဲ့သော တောင်ကို အမြင့်ဆုံး ထင်ခဲ့၏။

တောင်ထိပ်သို့ ရောက်သောအခါ ရှေ့မှာ သည့်ထက်မြင့်သော တောင်တွေ တသီတတန်း ထီးထီးမားမား တည်နေကြသည်ကို မြင်ရပြန်၏။ ထိုအခါမှ မိမိသည် အမြင့်ဆုံးသို့ ရောက်နေသူ မဟုတ်သေးကြောင်းကို သိမြင်ပြန်၏။ ထိုအခါ မရောင့်ရဲခြင်းသည် ဖြစ်ပြန်၏။ ပို၍ မြင့်သောတောင်ကို တက်လိုသော ဆန္ဒသည် ဖြစ်ပြန်၏။ သို့ဖြင့် အကြင် လူသား၏ ဘဝ ရွှေတောင်တက်ခရီးသည် တစ်ဆင့်ပြီး တစ်ဆင့် သွားလေတော့၏။

ရွှေတောင်တက် ဒဿနသည်လည်း ထို့အတူပင် ဖြစ်၏။ ဖြစ်ပုံကို စာဖတ်သူသည် ဖတ်ရင်း တွေးသွားလျှင်၊ တွေးရင်း ဖတ်သွားလျှင် သိမြင်လာမည် ဖြစ်၏။ ဘဝ ရွှေတောင်တက် ခရီးတွင် အဆင့် များစွာ ရှိ၏။ အမြင့် များစွာ ရှိ၏။ ဘယ်အဆင့် ဘယ်အမြင့်သို့ ရောက်အောင် တက်မည် ဆိုသည်ကိုကား မိမိဘာသာ ဆုံးဖြတ်ရမည် ဖြစ်၏။

အကြင် ခရီးသည် မရောက်ဖူးသော ခရီး ဖြစ်သည် ဖြစ်အံ့။ ထိုခရီးသို့ သွားမည့်သူအဖို့ ခရီးလမ်းညွှန် ရှိအပ်၏။ လမ်းသိသော ပုဂ္ဂိုလ်ကို လမ်းပြ အဖြစ်ထားသင့်၏။ လမ်းသွားရာ၌ လမ်းမှားခြင်း အဖြစ်သည် ဆိုး၏။ အချိန်ကုန်ပြီး ခရီးမရောက် ဖြစ်ရ၏။ မတော်လျှင် ခြေချော်၍ ချောက်တွင်းသို့ပင် ကျတတ်၏။ လမ်းပြပုဂ္ဂိုလ် ပါသော်ကား လမ်းမှားသို့ မရောက်နိုင်သဖြင့် အကျိုးရှိ၏။ သို့ရာတွင် တောင်သို့ တက်ရာ၌ တစ်လမ်းတည်း ရှိသည်မဟုတ်။ လမ်းကား များစွာပင် ရှိနိုင်၏။

တောင်တက်သမားသည် အလွယ်ဆုံးလမ်း၊ အနီးဆုံးလမ်း၊ အန္တရာယ်နည်းသောလမ်း၊ သက်သာသောလမ်း၊ အချိန်အခါ အလျောက် ခရီး ရောက်မည့် လမ်းကောင်း လမ်းမှန်ကို ရွေးချယ်အပ်သည် သာလျှင်တည်း။

'ရွှေတောင်တက် ဒဿန' ကား လမ်းမှား နှင့် လမ်းမှန် ရှိရာတွင် တောင်တက်သမား ဥတ္တမပုရိသ ယောကျ်ားတို့ နှလုံးထားအပ်သော လမ်းမှန်ကို ရွေးချယ်ပုံ ရွေးချယ်နည်းများကို တင်ပြသော 'လမ်းမှန်ရွေးနည်း လက်စွဲကျမ်း' ဖြစ်သည်ဟု ဆိုသော်ကား ရ၏။

အကြင် ပညာရှိတို့သည် သည့်ထက်ကောင်းစွာ နည်းလမ်း အဖြာဖြာကို စေတနာဖြင့် အကြံပြုမည် ဆိုပါလျှင်လည်း အကျွန်ုပ်က ဝမ်းမြောက် ဝမ်းသာ လက်ခံပါမည်။ အကြင် ပညာမရှိသော သူတို့သည် ဤ 'ရွှေတောင်တက် ဒဿန' ကို ဖတ်ဖူး ကြားဖူးရသည် ဖြစ်၍ ပညာဉာဏ် အတွေးအမြင်များ ရသည်ဆိုလျှင်လည်း အကျွန်ုပ်အဖို့ ဝမ်းသာပီတိ ဖြစ်ရပါမည်။

ဤစာ ဖြစ်မြောက်ရေး အတွက် ကူညီထောက်ပံ့ အားပေးသူများ အားလုံးကို အထူး ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

၁၉၈၆ ခု၊ ဖေဖော်ဝါရီလ။

## နိဒါန်း
## ရွှေတောင်တက် လမ်းပြ

တစ်နေ့သ၌ အကျွန်ုပ်ထံသို့ တက္ကသိုလ်မှ တပည့်တစ်ယောက် ရောက်လာလေ၏။ အကျွန်ုပ်လည်း ဘုရားသို့ သွားမည့်အခါနှင့် ဆုံလေ၏။ တပည့်က 'ဆရာ ဘယ်သွားမလို့လဲ' ဟု မေးလေ၏။ အကျွန်ုပ်က ဘုရားသွားမည့် အကြောင်းကို ပြောသောအခါ သူက 'ဘုရားကို ဘာ သွား လုပ်မှာလဲ' ဟု မေးပြန်လေ၏။

'ဘုရားကို သွားတယ်ဆိုတာ တရား အလုပ် လုပ်ဖို့၊ သူတော်ကောင်း အလုပ်ကို လုပ်ဖို့ပေါ့' ဟု အကျွန်ုပ်က ဖြေသည်တွင် ထိုတပည့်သည် အ ကျွန်ုပ် ၏ အကြောင်းစုံကို သိသူ ဖြစ်သည့်အလျောက် ဆိုပြန်၏။

'ဘယ်လိုလဲ၊ ဆရာက ဗုဒ္ဓဘာသာကို ယုံကြည် လက်ခံနိုင်ပြီမို့လား'

ထိုအခါ အကျွန်ုပ်က 'ဟုတ်တယ်၊ ငါဟာ ခု ဗုဒ္ဓဘာသာ တရားတော်တွေကို ယုံကြည် လက်ခံရုံသာမက ရတနာ သုံးပါးကို ကိုးကွယ်ဆည်းကပ်သူ ဥပါသကာ လည်း ဖြစ်နေပြီ' ဟု ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသားပင် ဖြေလိုက်လေ၏။ ဤတွင် ထိုတပည့်က 'ဆရာ ဘာတွေများ ယုံကြည်စရာတွေ တွေ့လို့လဲ၊ ကျွန်တော်တို့ကို လည်း ပြောပါဦး' ဟု ဆို၍ ရွှေတိဂုံဘုရားသို့ လိုက်လာလေ၏။

'အေး ဘာတွေကို ယုံကြည်စရာ တွေ့သလဲဆိုတာကတော့ မင်းကို တစ်ထိုင် တည်း ပြောလို့ပြီးမှာ မဟုတ်ဘူး၊ ဒါပေမယ့် ယုံကြည်စရာ လိုက်နာကျင့်ကြံစရာ ကောင်းလှတဲ့ အချက် တစ်ချက်တည်းကို မင်း တစ်ထိုင်တည်း ဘဝင်ကျလောက် အောင် ငါ လက်တွေ့ ပြလိုက်ပါ့မယ်' ဟု ပြောပြီး သူ့ကို ရွှေတိဂုံ ရင်ပြင်ပေါ်သို့ ခေါ်သွားခဲ့လေ၏။

ရင်ပြင်တော်၏ တနင်္ဂနွေထောင့်သို့ ရောက်သောအခါ ထိုတပည့်အား 'မင်း ဒီနေရာက စောင့်၊ ငါ တရားထိုင်တာ လေးဆယ့် ငါးမိနစ် ကြာမယ်၊ ဒီအတော အတွင်းမှာ မင်းက မျက်စိတွေ နားတွေကို ဖွင့်ပြီး လေ့လာနေ၊ ဘုရားပေါ်မှာ မင်း တွေ့ရ မြင်ရ ကြားရသမျှကိုပေါ့' ဟု ဆို၍ ထားခဲ့လေ၏။

ထိုတပည့်လည်း ထိုနေရာက ထိုင်၍ စောင့်လေ၏။ သူ့ထံသို့ ရောက်လျှင် အကျွန်ုပ်က 'ကဲ မင်း ဘာတွေ မြင်တွေ့ရသလဲ၊ ငါ့ကို ပြောစမ်း' ဟု မေးလေ၏။

'ဘာမှတော့ ထွေထွေထူးထူး မတွေ့ပါဘူး၊ စောစောက ဘယ်နိုင်ငံကလဲ မသိဘူး၊ သမ္မတကြီး တစ်ဦး ရွှေတိဂုံကို လာပြီး ကြည့်ညိုတာ တွေ့လိုက်တယ်၊ ကျန်တာတွေကတော့ ခါတိုင်းလိုပဲ၊ ဒီနေ့ လပြည့်နေ့ဆိုတော့ ဘုရားပေါ်မှာ လူတွေ ကြိတ်ကြိတ်တိုး စည်ကားနေတာပဲ မြင်ပါတယ်' ဟု သူက ဆိုလေ၏။

အကျွန်ုပ်ကလည်း

'အေး၊ မင်း ဒီလောက် မြင်ရင်ပဲ တော်ပါပြီ၊ အဲဒီလူတွေ အားလုံး မင်းစိတ်ထဲမယ် ဘယ်လောက် များမယ်လို့ ထင်သလဲ'

'ဟာ ဘယ်နည်းမလဲ ဆရာ၊ တစ်သိန်း မရှိတောင် ခြောက်သောင်း၊ ခုနစ်သောင်းတော့ ရှိမှာပဲ'

'ထားတော့ အရေအတွက်က အရေးမကြီးပါဘူး၊ အဲဒီ လူတွေထဲမှာ အဆင့်အတန်းအားဖြင့် ဘယ်လိုလူတွေ ပါသလဲ'

'အင်း သူဌေးတွေ၊ ဆင်းရဲသားတွေ၊ သမ္မတတွေ၊ ဝန်ကြီးတွေ၊ ဗိုလ်ချုပ်တွေ၊ သံတမန်တွေ'

'အေး တော်ပြီ၊ တော်ပြီ၊ လူတန်းစား ပေါင်းစုံပေါ့'

'ဟုတ်ပါတယ်'

'ဟုတ်တယ်ဆိုရင် မင်း စိတ်ထဲ ရှိတဲ့အတိုင်း ပြောစမ်း၊ သူတို့ ဘာလာလုပ်ကြတာလဲ'

'ဘုရားကို လာပြီး ကြည်ညိုကြတာ ပူဇော်ကြတာပေါ့ ဆရာ၊ တချို့ကလည်း ဆရာ့လို တရား အားထုတ်ဖို့ လာကြတာ ဖြစ်မှာပေါ့'

'မှန်ပါတယ် မင်းပြောတာ၊ ဒီအပေါ်မှာ တွေ့မြင်နေကြတဲ့ လူတွေအားလုံးဟာ ဗုဒ္ဓမြတ်စွာဘုရားကို ကြည်ညိုလို့၊ ဗုဒ္ဓရဲ့ အရိပ်အာဝါသကို ခိုလှုံနေရတာကို ကြည်နူးပြီး စိတ်ချမ်းသာလို့၊ ဗုဒ္ဓ သင်ကြားပေးခဲ့တဲ့ တရားတွေကို ကျင့်ကြံအားထုတ်ရတာ ငြိမ်းအေးခြင်း ဖြစ်လို့၊ မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတော်ကို အောက်မေ့လို့ လာကြတာလို့ဆိုရင် မှန်ပါ့မလား'

'မှန်ပါတယ် ဆရာ'

'မှန်ရင် ဒီလူပုဂ္ဂိုလ် အ မျိုး မျိုး ကို ဒီနေရာမှာ ဒီလို တစုတဝေးတည်း ရောက်ရှိနေအောင် ဘယ်သူက လှုံ့ဆော် စည်းရုံးခဲ့သလဲ၊ ဘယ်သူက အတင်း တိုက်တွန်းခဲ့သလဲ'

'မတိုက်တွန်းပါဘူး၊ ကိုယ့်စိတ် ကိုယ့်ဆန္ဒ ကိုယ့်စေတနာနှင့် ကိုယ် လာကြတာပါ ဆရာ'

'ဒါဆို လူပေါင်း သိန်းသောင်းထဲမှာ ဒီအပေါ်ကို မကျေမနပ်နှင့် စိတ်မချမ်းမသာ ဖြစ်ပြီး ရောက်လာတဲ့လူ၊ မလာချင်ဘဲ လာတဲ့လူ ဘယ်နှစ်ယောက် ပါမယ်လို့ မင်း စိတ်မှာ ထင်သလဲ'

'တစ်ယောက်မှ မပါပါဘူး ဆရာ'

'သေချာသလား'

'သေချာမယ် ထင်တာပဲ ဆရာ'

'ဒါဖြင့် မင်းကကော'

'ကျွန်တော်လည်း ကိုယ့်သဘောနှင့် ကိုယ် လာတာပါ' ဆရာ၊ ဒီဘုရား ရင်ပြင်တော်ပေါ်ကို ရောက်ရင် ဘယ်လောက်ပဲ ပူလောင်လာတဲ့ စိတ်ဖြစ်ဖြစ် အေးပြီး ငြိမ်းချမ်း သွားတာတော့ ကျွန်တော် သတိ ထားမိပါတယ်'

'ဒါ လူတိုင်း ခံစားရတဲ့ ခံစားချက်ပါပဲကွယ်၊ ဒါကြောင့်လည်း စိတ်ရဲ့ အေးချမ်းမှုကိုသာ အလိုရှိကြတဲ့ သူတော်ကောင်းတွေနှင့် သူတော်ကောင်းစိတ် ရှိတဲ့ လူတွေဟာ ဒီလို ဘုရား အရိပ်ကို မြတ်မြတ်နိုးနိုး ကွန်းခိုကြတာပဲပေါ့၊ ထူးထူးခြားခြား ခံစားရတဲ့ အဲဒီ ငြိမ်းအေးမှုကို လူတွေဟာ ဘာကြောင့် ခံစား ရတယ်လို့ မင်း ထင်သလဲ'

'ဒါတော့ ကျွန်တော် မသိဘူး ဆရာ၊ ငြိမ်းအေးခြင်း ရသကို ခံစားရတယ် ဆိုတာကတော့ အမှန်ပဲ၊ ဒါကို ကျွန်တော် မငြင်းနိုင်ပါဘူး'

'ဟုတ်ပြီ၊ ဒါဆို အဲဒီ ငြိမ်းအေးတဲ့ ရသကို ခံစားရတာဟာ ဒီဆံတော်ရှင် လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်ထဲမှာ ကိန်းဝပ်တော်မူနေတဲ့ မြတ်စွာဘုရားရဲ့ ဓာတ်တော် မွေတော်တွေရဲ့ သတ္တိကြောင့်ပဲ ဖြစ်တယ်လို့ ငါဆိုရင် မင်း ငြင်းမလား'

သူ တွေဝေစွာ စဉ်းစားနေလေသည်။ အကျွန်ုပ်ကပင် သူ့ကို ဆက်မေးလေ သည်။

'မင်း ရူပဗေဒ သိပ္ပံပညာကို သင်ဖူးတယ် မဟုတ်လား'

'သင်ဖူးပါတယ်'

'အဲဒီအထဲက ဒြပ်ဆွဲနိယာမလို့ ခေါ်တဲ့ ဂရာဗစ်တေးရှင်း သဘောကိုကော သိတယ် မဟုတ်လား'

'ဩော် ကမ္ဘာမြေကြီးရဲ့ ဆွဲငင်ခြင်းအား ဆိုတာလား'

'အေး ဆိုပါတော့၊ အဲဒီ ဆွဲငင်ခြင်း အားသတ္တိကို မင်း တွေ့မြင်ဖူးသလား'

'မတွေ့ဖူးပါဘူး'

'မတွေ့ဖူးပေမယ့် အဲဒီဆွဲငင်အားရဲ့ အကျိုး သက်ရောက်မှုကိုတော့ မင်း ခံစား မနေရဘူးလား'

'ခံစား နေရပါတယ်'

'ဒီလိုပဲ ခုဒီနေရာမှာ ဓာတ်ခဲ ရေဒီယို တစ်လုံးကို ယူခဲ့ပြီး ချဖွင့် ကြည့်မယ်ဆိုရင် ကမ္ဘာ တစ်နေရာရာက လွှင့်နေတဲ့ အသံတွေ ထွက်မလာဘူး လား'

'ထွက်လာမှာပေါ့ ဆရာ'

'ဒါဆို ဘယ်နေရာမှာပဲ ဖြစ်ဖြစ် စွမ်းအင်တွေရဲ့ အား သက်ရောက်မှုတွေ ရှိနေတယ် ဆိုတာကို မင်း ငြင်းလို့ ဖြစ်မလား'

'မငြင်းနိုင်ပါဘူး ဆရာ၊ ဒါနှင့် စောစောက ဓာတ်တော် မွေတော်တွေ နှင့် ဆက်စပ်လို့လား ဆရာ'

'ဟာ ဆက်စပ်တာပေါ့ကွာ၊ သိပ် ဆက်စပ်တာပေါ့၊ ယူရေနီယံ ဓာတ်သတ္တု လက်တစ်ဆုပ်စာလောက် ထဲမှာ အဏုမြူ စွမ်းအင်တွေ ဘယ်လောက် အမြောက် အမြား ရှိတယ်ဆိုတာ မင်း သိတယ် မဟုတ်လား'

'ဟုတ်ကဲ့၊ သိပါတယ်'

'သိရင် ဒီအတိုင်း အဖြောင့် စဉ်းစားကြည့်ပေါ့၊ မြတ်စွာဘုရား ကိုယ်တော်က ဖြစ်တဲ့ ဓာတ်တော်ထဲမှာ စွမ်းအင်တွေ ဘယ်လောက်ရှိမယ် ဆိုတာ မင်း စဉ်းစားရ မခက်ပါဘူး၊ စွမ်းအင်တွေထဲမှာ အပူ စွမ်းအင်၊ အအေး စွမ်းအင်တွေ ရှိတယ် မဟုတ်လား'

'ရှိပါတယ်'

'ဒါဆို မြတ်စွာဘုရားရဲ့ ဓာတ်တော်က ထွက်ပေါ်နေတဲ့ စွမ်းအင်တွေဟာ အေးမြတဲ့ စွမ်းအင်တွေ ဖြစ်လို့သာ လူတွေရဲ့ နှလုံးသားတွေကို အေးမြစေတာပဲလို့ ငါဆိုရင် မင်း ဘာပြောမလဲ'

'ဟုတ်ပါ့မလား ဆရာ၊ ဆရာ့ဥစ္စာ ဆွဲ တွေးသလိုများ ဖြစ်နေမလား'

'ဩော် မင်းက ငါ ဆွဲတွေးတယ် ထင်လို့လား၊ ဒါဆို မင်းကို ငါ တစ်ခု ပြောမယ်၊ မင်း ငါ့ကို ခု ရှိခိုးစမ်းကွာ'

'ဟာ ဆရာကလည်း'

'ဟ ကောင်၊ ငါဟာ မင်း အပေါ်မှာ ကျေးဇူး ရှိဖူးတဲ့ မင်းရဲ့ ဆရာ မဟုတ်လား၊ အသက်အားဖြင့် ဂုဏ်အားဖြင့် ငါဟာ မင်းရဲ့ ရှိခိုးခြင်းကို မခံထိုက် ဖူးလား'

'ခံတော့ ခံထိုက်ပါတယ်'

'ငါ နားလည်ပါတယ်၊ ခံထိုက်တယ် ဆိုပေမယ့် မင်း ငါ့ကို အကြောင်းမဲ့ ရှိခိုးရတယ် ထင်လို့ ရှိမခိုးချင်ဘူး မဟုတ်လား'

သူ ဘာဖြေရမှန်း မသိ ဖြစ်နေလေ၏။ ကျွန်ုပ်ကပင် ဆက်၍ ပြောရ၏။

'အဲဒါ ကွာခြားမှုကို မင်း သိစေချင်လို့ ငါပြောတာပါ၊ ခု ဟိုမှာ မြင်တယ် မဟုတ်လား၊ အယုတ် အလတ် အမြတ် မရွေး လူတိုင်းဟာ မြတ်စွာဘုရားကို ရည်မှန်းပြီး ပူဇော်နေကြတာ၊ ရှိခိုးနေကြတာ၊ သူတို့ စိတ်ထဲမယ် ဘယ်လောက် ဘုရားကို ကြည်ညိုနေကြမလဲ၊ ဘယ်လောက် ကြည်နူးနေကြမလဲ၊ မင်းရဲ့ ဆရာကို ရှိခိုးရမှာကိုတောင် မင်း တွန့်တိုသေးရင် လူတွေဟာ တော်ရုံ တန်ရုံ လူကို ရှိခိုး မယ်လို့ မင်း ထင်သလား'

'ဘယ် ရှိခိုးပါ့မလဲ ဆရာ'

'ဟုတ်တယ်၊ လူမှာ မာနရှိတယ်၊ အဲဒီ မာနအားလုံးဟာ ဘုရားရဲ့ ခြေဖဝါး တော် အစုံအောက်မှာ ပျပ်ဝပ်ကျိုးကျ သွားကြတယ်၊ ကိုယ် ပင်ပင်ပန်းပန်း ရှာလို့ ရထားတဲ့ ဥစ္စာပစ္စည်းတွေ၊ စိန်တွေ၊ ရွှေတွေကို သက်ရှိမဟုတ်တဲ့ မြတ်စွာဘုရားကို

ရည်မှန်းပြီး စွန့်လှူရတာကို လူတွေရဲ့ ရင်ထဲမှာ အလွန် အင်မတန် ကြည်နူးတယ်၊ ပီတိ ဖြစ်တယ်၊ မင်း စဉ်းစားကြည့်၊ အဲဒီ ပစ္စည်းဥစ္စာတွေကို ဘုရား ရှိတော့တာမှ မဟုတ်တာ၊ ဘုရားကို လှူမနေပါနှင့်၊ ကျွန်တော့်ကို လှူပါလို့ မင်း သွား အလှူခံကြည့်ပါလား၊ လူတွေ လှူမယ်လို့ မင်း ထင်သလား'

'ဘယ်လှူမလဲ ဆရာကလည်း'

'အေး မလှူဘူး၊ စိတ်ချ၊ ဒါ မင်းက အလှူ ခံတာကိုတောင် နော်၊ လူတွေ လာပြီး ကြီးမားလှတဲ့ သဒ္ဓါတရားတွေနှင့် ဘုရားကို လှူနေလိုက်ကြတာ ကျတော့ မင်း မြင်သားပဲ၊ အဲဒီလို ငါ့ကို လှူပါလို့ ဘုရားက ဆိုသလား'

'မဆိုပါဘူး'

'မဆိုဘဲနှင့်တောင် လူတွေ ဘာဖြစ်လို့ ဘုရား အပေါ် ဒီလောက်တောင် မေတ္တာတွေ ပို၊ သဒ္ဓါတွေ ပိုနေကြသလဲ'

'ကျွန်တော် ဆရာပြောမှ စဉ်းစားလို့ မရတော့ဘူး ဆရာ'

'အဲဒါ ပါရမီ ဆိုတာပေါ့ ငါ့တပည့်ရဲ့၊ လူချင်း တူသော်လည်း ပါရမီချင်း မတူဘူး၊ ဘုန်းကံချင်း မတူဘူး ဆိုတာ မင်း တွေ့ပြီ မဟုတ်လား'

'ဟာ ဟုတ်ပြီ ဆရာ ဟုတ်ပြီ၊ ကျွန်တော် စဉ်းစားမိပြီ၊ မြတ်စွာဘုရားဟာ လွန်ခဲ့တဲ့ အနှစ် ၂၅၀၀ ကျော်က ပွင့်ခဲ့တယ်၊ ပရိနိဗ္ဗာန် ပြုသွားတာလည်း ကြာလှပြီ၊ ဒါပေမယ့် ဒီနေ့အထိ လူတွေ အပေါ်မှာ ဒီလောက် ဩဇာ လွှမ်းမိုးမှု ရှိနေတာဟာ ဓာတ်တော်တွေရဲ့ အစွမ်းသတ္တိပဲလို့၊ ဒီလို မဟုတ်လား ဆရာ'

'မင်း သဘောပေါက် လာတာဟာ ဟုတ်ပါတယ်၊ သာသနာ ၅၀၀၀ ကျရင် ဒီဓာတ်တွေ အားလုံး ပျောက်ကွယ်ပြီး သာသနာတော်လည်း ပျောက်ကွယ်သွားမယ်လို့ မြတ်စွာဘုရားက အနာဂတ်ကို ကြိုတင် ဟောကြားတော် မူခဲ့တာတွေလည်း ရှိပါတယ်၊ ဒါလည်း တစ်ကြောင်းပေါ့၊ တကယ်တမ်းကျတော့ လူတွေရဲ့ နှလုံးသားကို ဒီလောက် အင်အားကြီးတဲ့ ဆွဲအားနှင့် ဆွဲငင်ထားနိုင်အောင် မြတ်စွာဘုရားဟာ အချိန်တွေ အကြာကြီး ကြိုးပမ်း အားထုတ်ခဲ့ရတယ်'

'ဘာကို ဆိုလိုတာလဲ ဆရာ'

'ဒီလို သူ ပရိနိဗ္ဗာန် ပြုပြီးတဲ့ နောက်မှာလည်း အနှစ် ၅၀၀၀ တိတိ လူတွေဟာ ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်နေအောင် မြတ်စွာဘုရားဟာ အလွယ်ကလေး လုပ်လို့ရခဲ့တာ မဟုတ်ဘူး၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဆိုတဲ့ ကာလ အခွန့်ရှည်စွာ ပါရမီ ဆယ်ပါးကို ဖြည့်ကျင့်တော် မူခဲ့ရတယ်၊ စွန့်ခြင်းကြီးများကို စွန့်ခဲ့ရတယ်၊ တခြား လူသားတို့ထက် ထူးကဲစွာ သူတစ်ပါး မလုပ်နိုင်တဲ့ အလုပ်တွေကို အကြိမ်များစွာ လုပ်ခဲ့ရတယ်၊ ဘဝပေါင်းများစွာ ဆက်ကာ ဆက်ကာ အားထုတ်ပြီးမှ ယခုလို လူ နတ် ဗြဟ္မာ သတ္တဝါ အားလုံးတို့ထက် အမြင့်ဆုံး အမြတ်ဆုံး ဖြစ်တဲ့ နောက်ဆုံးဘဝကို ရတယ်၊ ဒါကို ဘာမှ ငြင်းစရာ မလိုဘူး၊ ဒီလို

မလုပ်ခဲ့ဘဲနှင့် ဒီဘဝကို ဘယ်နည်းနှင့်မှ မရနိုင်ဘူး၊ မဟုတ်ရင် လူတိုင်း ဘုရား ဖြစ်နေကြမှာပေါ့၊ ဒါကို မင်း ငြင်းမလား'

'မငြင်းပါဘူး ဆရာ၊ ဒါပေမယ့် ...'

'ဘာ ဒါပေမယ့်လဲ၊ ဒီမှာ ဒါပေမယ့် မရှိဘူး၊ ဘာမှ ဒွိဟ ဖြစ်စရာ မရှိဘူး'

'မဟုတ်ပါဘူး ဆရာ၊ ကျွန်တော် သိချင်တာက ဆရာ ဒီအပေါ်မှာ ဘယ်လို သုံးသပ်သလဲဆိုတဲ့ ဆရာ့ရဲ့ အတွေးအမြင်ကို သိချင်တာပါ'

'အေး အဲဒါ ငါပြောမလို့ပဲ၊ ငါဟာ တစ်သက်လုံး အတွေးအမြင် ပညာတွေကို လေ့လာ လိုက်စားရင်း အချိန်ကုန်ခဲ့တာ မင်း အသိပဲ၊ ငါဟာ ကမ္ဘာ့ဘာသာ အယူဝါဒကြီးတွေ ထဲကိုလည်း လျှောက်ပြီး လေ့လာ ကြည့်ခဲ့ဖူးပြီ၊ ငါ့ နှလုံးသား ကို ဗုဒ္ဓဘာသာလောက် ငြိမ်းအေးစေနိုင်တာ ငါ မတွေ့ခဲ့ဘူး၊ ဒါ ထားပါတော့၊ ခုလို ဘုရား ပုထိုး ရင်ပြင်ပေါ်ကို ရောက်တိုင်း ငါ စဉ်းစားတယ်၊ လူတွေဟာ ဗုဒ္ဓ ကို ဘာဖြစ်လို့ ဒီလောက် ကြည်ညို နေကြတာလဲ၊ ဗုဒ္ဓဟာ သင်တို့ လုပ်ခဲ့သမျှ အပြစ်တွေကို ငါ ကယ်မယ်လို့လည်း တစ်ခါမှ မဟောဘူး၊ သင်တို့အဖို့ ကံ ကမ္မ သကာပဲ၊ ကိုယ်ပြုရင် ကိုယ်ခံပဲ၊ ကိုယ့်ထိုက်နှင့် ကိုယ့်ကံပဲလို့သာ ပစ်ပစ်ခါခါ ဟောတယ်၊ သူဟာ လမ်းပြသူသာ ဖြစ်တယ်၊ ဒါပေမယ့် သူ့တရားကို လူတွေ အလွန် နှစ်သက်ကြတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မှန်တာကတော့ တစ်ပိုင်းပေါ့၊ အရိယာ သစ္စာကို လူတိုင်း သိနိုင်တာလည်း မဟုတ်ဘူး၊ ဒါပေမယ့် သူ့မှာ အင်မတန် ရိုးဖြောင့် စင်ကြယ်တဲ့ သဘော ရှိတယ်၊ မင်း စဉ်းစားကြည့်၊ သူဟာ လူသား တစ်ဦးပဲ၊ လူသား ဖြစ်လျက်နှင့် လူသား အားလုံးရဲ့ ရှိနိုးခြင်း၊ ကိုးကွယ် ခြင်းကို ခံထိုက်တဲ့ အဖြစ်ကို ရောက်အောင် ကိုယ်တိုင်လက်တွေ့ လုပ်ပြသွားတော်မူ တယ်၊ ပြီးတော့ ဒီလို ဘဝမျိုးကို ရောက်အောင် ငါပဲ လုပ်နိုင်တယ်၊ သင်တို့ မလုပ်နိုင်ဘူးလို့လည်း မလှည့်ပတ်ဘူး၊ ဘယ်သူ ဘယ်ဝါပဲ ဖြစ်ဖြစ် အမြင့်ဆုံး အမြတ်ဆုံး အဖြစ်ကို ရောက်အောင် လုပ်လိုတဲ့ ပြင်းပြတဲ့ ဆန္ဒရှိရင် လုပ်နိုင်တယ်၊ ငြိမ်းအေးတဲ့ အဖြစ်ကို ရောက်အောင် လုပ်ချင်ရင်လည်း လုပ်နိုင်တယ်၊ ဘယ်သူပဲ ဖြစ်ဖြစ် မိမိတို့ စိတ်ကြိုက် အမြင့်ဘဝ၊ အမြတ်ဘဝကို ရောက်အောင် လုပ်ချင်ရင် လုပ်လို့ ရတဲ့ ကျင့်လမ်း (မဂ္ဂင်တရား) ရှိတယ် ဆိုပြီး လမ်းပြတော် မူခဲ့တယ်။

'လူဟာ လမ်းမသိရင်သာ ရောက်လိုရာ အရပ်ကို ရောက်ဖို့ ခဲယဉ်းတယ်၊ လမ်းသိရင် ကောက်ကာငင်ကာ ထသွားနိုင်တယ်၊ ဒါတွေကို ငါ သိမြင်လာတဲ့ အခါ ဘယ်ဘာသာမှာမှ မရနိုင်တဲ့ ကိုယ့်အား ကိုယ်ကိုးပြီး လုပ်နိုင်တဲ့ အခွင့်အရေး ကိုလည်း ငါ ရလာပြီပဲလို့ အောက်မေ့တယ်၊ ဟိုတုန်းကတော့ ငါဟာ သူတစ်ပါး ကယ်မချင်လာအောင် မျက်နှာချို သွေးနိုင်မှ တော်ကာကျတဲ့ ဘဝ၊ သူတစ်ပါး မကြိုက်တာ လုပ်မိရင်လည်း အပြစ်ဒဏ် ခံရမှာကို ကြောက်လန့်စွာနှင့် အသက် ရှင်နေရတဲ့ ဘဝ၊ ခုတော့ ငါဟာ လွတ်လပ်သူ ဖြစ်ပြီ၊ ပြီးတော့ ဘဝရွှေတောင်ကြီး

ကိုလည်း ငါ လှမ်းမြင်နေရပြီ၊ အဲဒီ ရွှေတောင်ပေါ်ကို တက်မယ်ဆိုရင် ငါ့ကို ဖိတ်ပင် တားဆီးမယ့်သူလည်း မရှိဘူး၊ ငါ့ခွန် ငါ့အားအလျောက် ငါ့မှာ တက်နိုင်တဲ့ အခွင့်အလမ်းလည်း ရှိပြီ၊ ဒါတွေကို သိအောင် ငါ့ကို ရွှေတောင်တက်လမ်း ပြခဲ့သူဟာ မြတ်ဗုဒ္ဓပါပဲ၊ ဒါကြောင့် ငါဟာ ခုတော့ ဗုဒ္ဓရဲ့ အဆုံးအမကို ခံယူတဲ့ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူ ဥပါသကာ အစစ် ဖြစ်ခဲ့ပြီလို့ မင်းကို ငါ ပြောခဲ့တာ' ဟု ရှင်းပြလိုက်ပါသည်။

မှန်ပါ၏။ ဤတွင် အကျွန်ုပ် ရေးသားအပ်သော **ရွှေတောင်တက် ဒဿန** ဟူသည်လည်း အကျွန်ုပ်အား လမ်းညွှန် ပြတော်မူခဲ့သော အကျွန်ုပ်၏ ဆရာ၊ အကျွန်ုပ်၏ ကိုးကွယ်ရာ သဗ္ဗညုတဉာဏ်ရှင် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမများပင် ဖြစ်ပါသည်။ ထိုအဆုံးအမများသည် လူ့ဘဝ တိုးတက်ရေး အကျိုးကို မုချဧကန် ပေးကြောင်းကိုလည်း ဤစာက သက်သေခံမည်ဟု ယုံကြည်ပါကြောင်း။

❑

## အကြံရှိလျက် ဉာဏ်မရှိသော လှည်းကုန်သည်

တစ်ခါတုန်းက ဗာရာဏသီ ဆိုတဲ့ ပြည်ကြီးမှာ ကုန်သည် နှစ်ဦး ရှိခဲ့ဖူးတယ်။* လှည်းအစီး ငါးရာစီနှင့် ကန္တာရ ခရီးကြမ်းကြီးကို ဖြတ်သန်းပြီး သူတို့ ကုန်ကူးကြတယ်။ တစ်ခါမှာတော့ လှည်းကုန်သည် နှစ်ဦးဟာ လှည်းကုန်စည်များနှင့် ဆုံပြီး ခရီး ထွက်ဖို့ ပြင်ဆင်ကြတယ်။ ဒီအခါမှာတော့ ပညာရှိ လှည်းကုန်သည်က စဉ်းစားတယ်။ ဒီခရီးကို လှည်းအစီး တစ်ထောင်နှင့် တစ်ပြိုင်နက် သွားကြရင် လမ်းလည်း ကျပ်တည်းမယ်၊ လူတွေအတွက် အစာရေစာလည်း ခက်ခဲမယ်၊ နွားတွေအတွက် မြက်စာလည်း ရလွယ်မှာ မဟုတ်ဘူး၊ ဒါကြောင့် တစ်စုတစ်ဖွဲ့က အလျင်သွားမှ သင့်မယ်လို့ ကြံစည်တယ်။

ဒီအကြံကို ပြောပြပြီး တစ်ဖက် လှည်းကုန်သည်ကို ဘယ်သူ အလျင်သွားမလဲလို့ မေးတော့ လောဘကြီး အကြံကြီးလှတဲ့ လှည်းကုန်သည်က သူ အလျင်သွားမယ်လို့ ဆိုတယ်။ ဒီလှည်းကုန်သည် စိတ်ထဲမှာလည်း အဦးအဖျား သွားမှ သူတို့ဟာ မပျက်စီးသေးတဲ့ လမ်းကောင်းကလည်း သွားရမယ်၊ ရေတို့ မြက်တို့ အစာတို့ကိုလည်း သူတို့သာ ဦးဦးဖျားဖျား ပေါပေါများများ ရမယ်၊ ကုန်စည်ရောင်းဝယ်ရာ အရပ်ကို ရောက်တဲ့ အခါမှာလည်း ဦးဦးဖျားဖျား ရောင်းရတဲ့အတွက် ကြိုက်ဈေး ရမယ်လို့ အဘက်ဘက်က တွက်တာပေါ့။

ပညာရှိ လှည်းကုန်သည်ကလည်း သူ ပြောတဲ့အတိုင်း သဘောတူပြီး ခွင့်ပြုလိုက်တယ်။ ဒီအခါ စောစောက လှည်းကုန်သည် တွက်သလို တွက်တဲ့ သူ့တပည့်လှည်းကုန်သည်တွေက ဘုရားလောင်းပညာရှိ လှည်းကုန်သည်ကို ဝေဖန်ပြစ်တင်ကြပါတယ်။ သူတို့လည်း ဦးဦးဖျားဖျား သွားချင်တယ်ပေါ့။ ဒါကတော့ ပုထုဇဉ်တို့ရဲ့ ဓမ္မတာပါပဲ။

ဒီအခါ ပညာရှိ လှည်းကုန်သည်က နောက်က သွားခြင်းရဲ့ အကျိုးရှိပုံကို တပည့်လှည်းကုန်သည်များ သဘောကျအောင် ရှင်းပြတယ်။ ဘယ်လို ရှင်းပြသလဲ ဆိုတော့ နောက်ကျမှ သွားရင် ရှေ့သွားသူတို့ လမ်းမရှိတဲ့ နေရာမှာ လမ်းထွင်သွားတဲ့အတွက် ထွင်ပြီးတဲ့ လမ်းမှာ သွားရမယ်၊ ရှေ့သွားသူတို့ လမ်းပျက်တဲ့ နေရာမှာ လမ်းပြင်သွားမယ်၊ မညီညွတ်တဲ့ လမ်းကို ညီအောင် ပြန့်ဖြေသွားမယ်၊ ဒါကြောင့် နောက်လူတို့ အဖို့ ညီညာ ပြန့်ပြေတဲ့ လမ်းကောင်းမှာ သွားကြရမယ်လို့

---

* *ငါးရာငါးဆယ် ဇာတ်ဝတ္ထု၊ အပဏ္ဏကဝဂ်၊ အပဏ္ဏကဝတ္ထု၊ ညောင်ကန် ဆရာတော် (သုဓမ္မဝတီ)၊ စာ ၂*

ပြောတော့ စောစောက အယူတလွဲ ဖြစ်နေတဲ့ တပည့်များရဲ့ စိတ်မှာ အမြင်ရှင်းပြီး ဘဝင် ကျသွားပါတယ်။

ဒီအခါ ပညာရှိ လှည်းကုန်သည်က ရရှိနိုင်တဲ့ နောက်ထပ် အကျိုးများကို လည်း ရှင်းပြပြန်တယ်။

ဒီကန္တာရ ခရီးဟာ နိရုဒက ကန္တာရခရီး ဖြစ်တယ်။ နိရုဒက ကန္တာရ ဆိုတာ ရေမရှိတဲ့ ကန္တာရမျိုး ဖြစ်တယ်၊ ဒါကြောင့် ရှေ့သွားသူတို့ ရေမရှိတဲ့ အရပ်မှာ ရေတွင်း ရေကန် တူးသွားကြရင်လည်း နောက်သွားသူတို့မှာ အလွယ်တကူ ရေကြည် ရေကောင်းကို သောက်သုံးကြရမှာပေါ့တဲ့။ ဒါလည်း ဟုတ်တာ မှန်တာပဲ ဆိုပြီး တပည့်များ သဘောတူသွားကြ ပြန်ပါတယ်။

ဒါတင်မကသေးဘူး၊ ရှေ့သွားသူတို့ ခူးဆွတ်သွားတဲ့ ဟင်းသီးဟင်းရွက်တွေ နေရာမှာ ပြန်ပေါက်လာကြတဲ့ နုချိုတဲ့ ဟင်းသီး ဟင်းရွက်တွေကိုလည်း နောက် သွားသူတို့ ဆွတ်ယူ စားသုံးကြရမယ်၊ နွားများ အတွက်လည်း ရှေ့သွားသူများလို မြက်ရိုင်း မြက်ကြမ်းကို မစားရတော့ဘူး၊ နောက်ထပ် ပေါက်လာတဲ့ မြက်နု မြက်ချိုကိုပဲ စားရမယ်၊ ကုန်စည် ရောင်းဝယ်ရာမှာလည်း ရှေးလူတို့က ဈေးနှုန်း သတ်မှတ်ခဲ့ကြပြီး ဖြစ်တဲ့အတွက် မိမိတို့က ရှေ့လူတို့ ထားခဲ့ပြီးတဲ့ ဈေးထက် မလျှော့တဲ့ ဈေးနှင့် ရောင်းချရလိမ့်မယ် ဆိုတဲ့ နောက်သွားခြင်းရဲ့ အကျိုးတွေကို တသီကြီး ပြောဆို ဆုံးမတဲ့ အခါမှာတော့ တပည့် ကုန်သည်များလည်း ကျေနပ် ဝမ်းမြောက် ကြရပါတယ်။

ကန္တာရ ခရီး ဆိုတာ အခက်အခဲ မျိုးစုံ ရှိတယ်။ ကြိုတင် မျှော်မှန်းလို့ မရတဲ့ ဘေးရန် အန္တရာယ်တွေလည်း အမြောက်အမြား ရှိတယ်။ အဖျက်ရန်သူတွေဟာ အခါခပ်သိမ်း ပေါ်ပေါက်လာနိုင်ပါတယ်။ ဒါကြောင့် ရှေးလူကြီးများက သတိကို တမံ၊ ဉာဏ်ကို မြေကတုတ်သဖွယ် မှတ်ယူပြီး ပညာကို ချွန်းလို သဘောထားဖို့၊ ဘဝခရီးမှာ ပညာနှင့် အထိန်းအချုပ် ပြုလုပ်ဖို့ ဆုံးမ ခဲ့ကြပါတယ်။

ရှေ့သွား လှည်းကုန်သည်တွေဟာ လမ်းခရီး ထက်ဝက်ကို ရောက်တဲ့အခါ လူယောင်ဖန်ဆင်းပြီး လာကြတဲ့ ဘီလူးများနှင့် ရင်ဆိုင်ကြရတယ်။ သို့သော်လည်း ရှေ့သွား လှည်းကုန်သည်တွေဟာ လူနှင့် ဘီလူးကို ခွဲခြား သိနိုင်တဲ့ ဉာဏ်ပညာ မရှိဘူး။ လူယောင်ဖန်ဆင်း လာကြတဲ့ ဘီလူးတွေကို သူတို့စိတ်ထဲမှာ လူတွေပဲ ထင်တယ်။

ဒီလူယောင်ဆောင် ဘီလူးတွေက 'ရှေ့မှာ ကြာရိုး ကြာစွယ်တွေနှင့် တင့်တယ် တဲ့ ရေကန်တွေ ရေအိုင်တွေ အလွန်ပေါတယ်၊ လှည်းတွေပေါ်မှာ ရေအိုးကြီးတွေကို အလေးခံ တင်ဆောင်ပြီး ဘာလို့သွားမလဲ၊ သက်သက်သာသာ သွားပေါ့၊ နွားတွေ သက်သာတာပေါ့' လို့ အယုံသွင်းတဲ့ စကားကို ဆိုကြတယ်။ ပညာ မရှိတဲ့ လှည်း ကုန်သည်မိုက်ဟာ ဘီလူးတွေရဲ့ လှည့်ဖြားတဲ့ စကားကို ယုံကြည်တယ်။

လူဆိုတာ သက်သာရာကို အလိုရှိတတ် ကြပါတယ်။ လှည့်ဖြားတယ် ဆို ကတည်းက ယုံလောက်အောင် လှည့်ဖြားတာ ဆိုတော့ လှည်းကုန်သည်လည်း သိပ် မစဉ်းစားတော့ဘူး။ တစ်ခါတည်း လှည်းတွေပေါ်မှာ တနင့်တပိုး တင်ဆောင်လာ ခဲ့ရတဲ့ ရေအိုးတွေကို ရိုက်ခွဲ သွန်မှောက် ပစ်လိုက်တော့တယ်။ ဒီမိုက်မှားမှုကြောင့် ကန္တာရခရီးမှာ သူတို့အားလုံး ရေမသောက်ရ၊ ချက်ပြုတ်စရာလည်း ရေမရှိ ဖြစ်ပြီး ငတ်ပြတ်ကုန်ကြတယ်။ အင်အား ဆုတ်ယုတ်ကြတဲ့အခါ ဘီလူးတွေက အလွယ် တကူ ဖမ်းယူ စားသောက်ခဲ့လို့ အားလုံး ပျက်စီး ဆုံးရှုံးခဲ့ရဖူးပါတယ်။

နောက်တစ်လ ကြာပြီးတဲ့အခါ ပညာရှိ လှည်းကုန်သည်ဟာ စပြီး ခရီးထွက် ပါတယ်။ သတိ ဝိရိယ ဉာဏ်ပညာ ပြည့်စုံသူပီပီ ခရီးမစမီ ကတည်းက သူ့ တပည့်များကို စုဝေးစေပြီး ဒီလို စည်းကမ်း သတ်မှတ်တယ်။

'အမောင်တို့၊ ယခု သွားရမည့် လမ်းခရီးဟာ အလွန် ရေရှားတဲ့ နိရုဒကကန္တာရမျိုး ဖြစ်တယ်၊ ဒါကြောင့် ဘယ်သူပဲ ဖြစ်ဖြစ် ငါ့ထံမှာ ခွင့်မတောင်းဘဲနှင့် ရေတစ်ခွက်တောင်မှ ကိုယ့်သဘောနှင့် ကိုယ် မသောက်ရဘူး၊ နောက်ပြီး ဒီခရီးမှာ အဆိပ်ရှိတဲ့ သစ်ပင်တွေ ရှိတယ်၊ ဒါကြောင့် ငါ့ကို မပြဘဲနှင့် ဘယ်အသီး၊ ဘယ် အပွင့်၊ ဘယ်အရွက်ကိုမှ မစားရဘူး၊ ရှေးက မစားဖူးတဲ့ အသီး အပွင့် အရွက် ကိုလည်း မစားကြနှင့်' လို့ ဆုံးမတယ်။

လူ့ဘဝမှာ 'စည်းကမ်း' ဆိုတာ အရေးကြီးတယ်။ ဒီတရားဟာ သတိကို ဖြစ်စေတဲ့ တရားမျိုး ဖြစ်တာကိုလည်း နားလည်ပြီး သဘောကျစေချင်တယ်။

ဒီလိုနှင့် ပညာရှိ လှည်းကုန်သည်တို့ အဖွဲ့ဟာ ကုန်စည် ကူးသန်းဖို့ ကန္တာရ ခရီးကို ထွက်လာကြတော့ ရှေးက လူသားစားခဲ့ရတဲ့ ဘီလူးတွေဟာ သူတို့ကိုယ်ကို လူယောင် ဖန်ဆင်းပြီး ရွှဲရွှဲစိုစွတ်တဲ့ ကိုယ်တွေနှင့် ကြာရိုး ကြာစွယ်တွေကိုပါ လက်မှာ ကိုင်ပြီး လှည်းတစ်စီးနှင့် တပျော်တပါး ပေါ်လာကြပြန်တာပေါ့။

ရှေးနည်းအတိုင်း ရှေ့ခရီးမှာ ရေပေါများတဲ့ အကြောင်း၊ ရှေ့မှာ တောအရေး လွန်ရင် မိုးတွေ ရွာလျက်ရှိကြောင်း ပြောပြီး လှည်းပေါ်မှာပါတဲ့ ရေတွေကို အပင် ပန်းခံ မသယ်ဘဲ သွန်ပစ်ကြဖို့ လှည့်ဖြား ပြောဆိုကြပြန်ပါတယ်။

ဒီအခါ ပညာရှိ လှည်းကုန်သည်ဟာ ဒီကောင်တွေရဲ့ သွင်ပြင် လက္ခဏာတွေ ကို ဆင်ခြင်လိုက်တော့ ဒါဟာ လူတွေ မဟုတ်ဘူး၊ လူယောင် ဖန်ဆင်းထားတဲ့ ဘီလူးတွေမှန်း ချက်ချင်း သိလိုက်ပါတယ်၊ ဒါနှင့် ဘာ ပြန်ပြောသလဲ ဆိုတော့

'အချင်းတို့၊ ငါတို့ ကုန်သည်မျိုးဆိုတာ မသေချာဘဲ လုပ်ရိုးထုံးစံ မရှိဘူး၊ ရှေ့မှာ ရေကို ကိုယ်တိုင်မြင်မှ ငါတို့ ရေကို စွန့်မယ်' လို့ ပြောလိုက်တယ်။ ဘီလူး တွေလည်း လှည့်ဖြား မရမှန်းသိတော့ ဝေးရာ ရှောင်ဖယ် သွားကြပါတယ်။

ဘီလူးတွေ ထွက်သွားတဲ့အခါ သက်သာမှုကို အလိုရှိတဲ့ တပည့်များက ပညာရှိ လှည်းကုန်သည်ကို ပြစ်တင် ဝေဖန်ကြပြန်တယ်။ ရှေ့မှာ ရေတွေရှိလျက်

သားနှင့် ဒီရေတွေကို အပင်ပန်းခံပြီး သယ်ယူရကောင်းလားလို့ ဆိုကြတာပေါ့။ ဒီအခါ ပညာရှိ လှည်းကုန်သည်က တပည့်များ အားလုံးကို လှည်းဝိုင်းချ စည်းဝေးစေပြီး ဒီလို မေးတယ်။

'မင်းတို့ ဒီကန္တာရခရီးမှာ ရေကန် ရေအိုင် ရှိတယ်လို့ ရှေးက ကြားဖူးကြသလား'

'မကြားဖူးပါ'

'ဒါဆို သူတို့ပြောသလို ရှေ့မှာ မိုးတွေ ရွာနေတယ် ဆိုပါစို့၊ မိုးရွာရင် မိုးသက်လေ ဆင်မနေရဘူးလား'

'ဆင်ရပါမယ်'

'ဆင်ရမယ်ဆိုရင် မင်းတို့ ခု မိုးသက်လေ ဆင်နေတာကို တွေ့ကြရသလား'

'မတွေ့ကြရပါ'

'ထားတော့၊ မိုးရွာမယ် ဆိုရင် မိုးရိပ်မိုးသား မရှိရဘူးလား'

'ရှိရပါတယ်'

'ခု မင်းတို့ မိုးရိပ်မိုးသားများ တွေ့မြင်ကြရသလား'

'မတွေ့မြင်ကြရပါ'

'ထားတော့၊ မိုးရွာမယ် ဆိုရင် လျှပ်စီးလက်တာတို့ မိုးခြိမ်းတာတို့ မရှိရဘူးလား'

'ရှိရပါမယ်'

'ခု မင်းတို့ လျှပ်စီးလက်တာ မိုးခြိမ်းတာ မြင်ရ ကြားရသလား'

'မမြင်ရ မကြားရပါ'

'ဒါဖြင့် မိုးရွာတယ် ဆိုတာ ဖြစ်နိုင်မလား'

'မဖြစ်နိုင်ပါ' လို့ လှည်းကုန်သည်မှူးရဲ့ စကားအဆုံးမှာ တပည့် လှည်းကုန်သည်တွေက တညီတညွှတ် အဖြေ ပေးကြရတယ်။

ဒီအခါကျမှ လှည်းကုန်သည်တွေဟာ သူတို့ဆရာ ပညာရှိလို့သာ ကံကောင်းထောက်မပြီး အလိမ် မခံရတာ ပါကလားလို့ သဘောပေါက် သွားကြပါတယ်။

ဒီစကား ရှင်းသွားတဲ့ အခါမှာတော့ ဘုရားလောင်း ပညာရှိ လှည်းကုန်သည်က စောစောက လူတွေဟာ လူစင်စစ်တွေ မဟုတ်ကြပေဘူး၊ လူယောင်ဖန်ဆင်းထားတဲ့ လူသားစား ဘီလူးတွေ ဖြစ်ကြတယ် ဆိုတာကို တပည့်များ ဘဝင်ကျအောင် ဆက်ပြီး ရှင်းပြပြန်တယ်။

'အမောင်တို့၊ ထိုသူတွေဟာ လူတွေ မဟုတ်ဘူး၊ လူယောင် ဖန်ဆင်းထားတဲ့ လူသားစား ဘီလူးတွေ၊ ဘာဖြစ်လို့ ဘီလူးတွေလို့ သိရသလဲ ဆိုတော့ ဒီလို လူသူ ကင်းမဲ့တဲ့ ကန္တာရခရီးမှာ သူတို့ ချဉ်းကပ်လာပုံဟာ ရဲတင်းလွန်းတာလည်း တစ်ကြောင်း၊ လူဆိုရင် ဒီလောက် မရဲဘူး၊ ပြီးတော့ သူတို့မျက်ထောင့်တွေဟာ နီပြီး

မျက်တောင်လည်း မခတ်ကြဘူး၊ ငါ မြင်တယ်၊ မင်းတို့က သေသေချာချာ စေ့စေ့ စပ်စပ် မကြည့်ကြလို့ လူတွေထင်တာ၊ သေသေချာချာ ကြည့်ရင် သူတို့ကိုယ်က အရိပ် မထွက်တာကို တွေ့ရမှာပေါ့၊ ခု သူတို့ကိုယ်က အရိပ် မထွက်ဘူး၊ ဒါကြောင့် ဒီကောင်တွေဟာ ဘီလူးတွေလို့ ငါဆိုတာ' လို့ ရှင်းပြမှ တပည့် များ လည်း ထိတ်လန့် တုန်လှုပ်ကုန်ကြတယ်။

ဘဝဆိုတဲ့ ကန္တာရခရီးကို ဖြတ်သန်းပြီး လောကီချမ်းသာကို ရှာကြကြတဲ့ နေရာမှာပဲ ဖြစ်ဖြစ်၊ လောကုတ္တရာ ချမ်းသာကို ရှာကြကြတဲ့ နေရာမှာပဲ ဖြစ်ဖြစ် အခက်အခဲတွေ အတားအဆီးတွေ ဘေးရန်တွေ အန္တရာယ်တွေ ဆိုတာ ဘယ်တော့မှ မကင်းဘူး။ ဒါတွေနှင့်တော့ ဘယ်သူမှ ရင်မဆိုင်ချင်ဘူး။ ဒါပေမယ့် မလွတ်ဘူး။ ရင်ဆိုင်ကြရတာချည်းပါပဲ။ ဘဝမှာ အခက်အခဲတွေနှင့် ရင်ဆိုင်ရပါလို၏၊ ရန်သူ တွေနှင့် ဖက်ပြိုင် တိုက်ခိုက်ရပါလို၏ လို့လည်း ဘယ်သူမှ လိုလိုချင်ချင် မတောင့်တ ကြပါဘူး။ ဒါပေမယ့် အခက်အခဲတွေ ရန်အန္တရာယ်တွေနှင့် ဆုံစည်းကြရတာဟာ မတောင်းဘဲ ပြည့်တဲ့ ဆုမျိုး ဖြစ်ပါတယ်။

ဒီလို မတောင့်တအပ် မလိုလားအပ် မနှစ်သက်အပ်တဲ့ ဘဝ အခက်အခဲတွေ ဘေးရန် အန္တရာယ်တွေနှင့် ရင်ဆိုင်ကြရတဲ့ အခါမှာ တချို့သော လူတွေဟာ ပျက်စီး ရှုံးနှစ် သွားကြရပါတယ်။ တချို့သော လူတွေကတော့ ဒီ အခက်အခဲတွေ၊ ဒီရန် အန္တရာယ်တွေကို အောင်နိုင်သူတွေ အဖြစ်နှင့် တိုးတက် ကြီးပွားသွားကြ ပါတယ်။

လှည်းကုန်သည် ဇာတ်ရဲ့ အဆုံးမှာ တစ်ယောက်သော လှည်းကုန်သည်ဟာ ရှုံးနှစ်သူ ဖြစ်သွားရပြီး တစ်ယောက်သော လှည်းကုန်သည်ကတော့ ဘဝမှာ အောင် မြင် ကြီးပွားသူ ဖြစ်သွားရတယ်လို့ ဘုရား ဟောကြားတော် မူခဲ့တဲ့ ဒီတရားကို ဆင်ခြင် ကြည့်မယ်ဆိုရင် အကြံချင်း တူသော်လည်း ဉာဏ်ချင်း မတူတဲ့အခါ ဘဝမှာ အရချင်း မတူဘူး ဆိုတဲ့ ကံသတ္တိကို သိမြင်နိုင်ကြပါလိမ့်မယ်။

လောကမှာ အကြံသာရှိ ဉာဏ်မရှိရင် အမှန်ကို မသိမြင်နိုင်တဲ့ အတွက် ဆင်းရဲခြင်း၊ ပျက်စီးခြင်း၊ ရှုံးနှစ်ခြင်းက မလွတ်ကင်းနိုင်ဘူး။

လောကမှာ အမှန်စင်းစင်း ဆင်းရဲခြင်း၊ ရှုံးနှစ်ခြင်း၊ ပျက်စီးခြင်းက ကင်း လွတ်စေတဲ့ အရေးအခွင့်သင့်တဲ့ အကြောင်း ဆိုတာလည်း ရှိပါတယ်။ ဆင်းရဲက လွတ်မြောက်ကြောင်း ကြီးပွားချမ်းသာခြင်းသို့ ရောက်တဲ့ ဒီအကြောင်းတရားကို မြတ်စွာဘုရားက 'အပဏ္ဏကဓမ္မ' * လို့ သမုတ်တော်မူတယ်။

---

* ငါးရာငါးဆယ် ဇာတ်ဝတ္ထု၊ ဇာ ၁၆

လောကမှာ 'အပဏ္ဏက ဓမ္မ' ကို မသိ နားမလည် သူတွေဟာ ဘဝရဲ့ ဆင်းလမ်း နိမ့်လမ်း မှောလမ်း လျှောလမ်းမှာ စမ်းတဝါးဝါး အယုတ်တရားများနှင့်သာ ပင်ပန်းကြီးစွာ ရုန်းကန် လှုပ်ရှားရင်း ဘဝရဲ့ အချိန် ကာလတွေကို အချည်းနှီး တန်ဖိုးမဲ့စွာ ကုန်ဆုံး နေကြရပါတယ်။ ဒီလူတွေကို ဓိပ္ပတ္တိလမ်းလို့ ခေါ်တဲ့ ဘဝ **ခယောင်းလမ်းပေါ်က လူတွေ** လို့ ခေါ်ရင် ရမယ် ထင်ပါတယ်။

လောကမှာ အပဏ္ဏက ဓမ္မကို သိမြင် နားလည်ကြတဲ့ လူတွေကတော့ ဘဝရဲ့ တက်လမ်း ဆန်လမ်း မြင့်လမ်း မြတ်လမ်းမှာ အမြတ်တရား အမြိုက်တရားများ ကိုသာ ချမ်းသာစွာ ခံစားရင်း ဘဝရဲ့ အချိန်ကာလတွေကို တန်ဖိုးကြီးစွာ အသုံးချ ကြရပါတယ်။ သူတို့ကိုတော့ သမ္ပတ္တိလမ်း ခေါ်တဲ့ **ဘဝရွှေတောင်တက် လမ်းပေါ်က လူတွေ** လို့ ခေါ်ရင် ရမယ် ထင်ပါတယ်။

ဒီတော့ ဘဝရဲ့ ရွှေတောင်တက်ခရီးကို သွားကြတဲ့ လူတွေဟာ ဘယ်လို လူ တွေလဲလို့ မေးချင်ကြလိမ့်မယ်။ ဒီမေးခွန်းဟာ မေးသင့်တဲ့ မေးခွန်း ဖြစ်လို့လည်း ဖြေသင့်ပါတယ်။ ဒါမှသာ ရွှေတောင်တက်ခရီး ဆိုတာ တလွဲအဓိပ္ပာယ် ကောက် ယူခြင်း အပြစ်က ကင်းဝေးပါလိမ့်မယ်။

လောကမှာ တချို့သော သူတွေက မင်းရဲ့ ထီးနန်း စည်းစိမ်မျိုး ရတာကို **ရွှေတောင်တက်** တယ်လို့ ပေါရာဏ စကားအားဖြင့် ခေါ်ခဲ့ကြတယ်။ လူ့ဘဝမှာ တော့ မင်းစည်းစိမ်ဟာ လောကီ အထွတ်အထိပ်လို့ ထင်ဖွယ် ရှိတာကိုး။

ဒီနေရာမှာ မင်းတို့ရဲ့ ထီးနန်း စည်းစိမ်ဟာ ဘဝရဲ့ အထွတ်အထိပ် မဟုတ်ဘူး။ ရွှေတောင်တက်သမားတို့ ရည်မှန်းအပ်တဲ့ အမြင့်ဆုံး အမြတ်ဆုံး ဘဝဟာ မင်း စည်းစိမ် လုံးဝ မဟုတ်ဘူး ဆိုတာကို ထင်ရှားစွာ သက်သေပြသွား နိုင်ခဲ့ကြတဲ့ ဥတ္တမပုရိသ (အထွတ်အမြတ်) ပုဂ္ဂိုလ် နှစ်ပါးရဲ့ အကြောင်းကို ပြောပြချင်ပါတယ်။

သူတို့ နှစ်ဦးက ဘယ်သူတွေလဲ ဆိုတော့ ပထမ သင်္ဂါယနာရဲ့ ဒါယကာကြီး ဖြစ်တဲ့ အဇာတသတ်မင်း နှင့် ဗုဒ္ဓ သာသနာတော်ကြီးကို စည်ပင် ပြန့်ပွားအောင်၊ သူမတူအောင် သာသနာပြုခဲ့တဲ့ သီရိဓမ္မာသောက မင်းကြီးတို့ ဖြစ်ကြပါတယ်။

ဗုဒ္ဓဝင်မှာ ဒေဝဒတ်ကို ဆရာ တင်မိတဲ့ အမှား၊ ဒေဝဒတ် ဖြားယောင်း သွေးဆောင်တာကို နားယောင် ယုံကြည်မိလို့ အဖဖြစ်သူ အရိယာနွယ်ဝင် သူတော်စင်ကြီး ဖြစ်တဲ့ ဗိမ္ဗိသာရ မင်းကြီးကို ရက်စက်စွာ သတ်ဖြတ်ခဲ့သူဟာ အဇာတသတ်မင်း ဖြစ်တယ် ဆိုတာကိုတော့ လူတိုင်းလိုလို သိပြီး ဖြစ်ကြပါ လိမ့်မယ်။

လောကမှာ မိဘဟာ သားသမီး အပေါ်မှာ ဘယ်လို ဆန္ဒမျိုးနှင့် မွေးမြူလေ့ ရှိကြတယ် ဆိုတာရယ်၊ ထီးနန်းစည်းစိမ် ဆိုတာဟာလည်း ဘဝရဲ့ အထွတ်အထိပ် မဟုတ်သေးဘူး ဆိုတာရယ်၊ ဘဝရဲ့ အမြင့်ဆုံး အမြတ်ဆုံး (အထွတ်အထိပ် ဘဝ) ဆိုတာ ဘာလဲ ဆိုတာကိုပါ သိရလေအောင် အဇာတသတ်ရဲ့ ဖြစ်စဉ် အကျဉ်းကို ဒီနေရာမှာ ပြောပြ ချင်ပါတယ်။ *

အခါတစ်ပါးမှာ အဇာတသတ်ဟာ ဒေဝဒတ် သွေးထိုးတဲ့ စကားကို ယုံမှတ်ပြီး အဖကို သတ်ဖို့အတွက် ကိုယ်တိုင် သန်လျက်ဓားကို ပေါင်ကြားမှာ ဝှက်ပြီး နန်းတော်ကြီးကို ဝင်တယ်။ နန်းတော်ကြီးထဲ ရောက်တော့ မင်းချင်းတို့က ဆီးဖမ်းခြင်းကို ခံရတယ်။ ဒီအခါ အမတ် တချို့က ဒေဝဒတ်နှင့် အဇာတသတ်ကို သတ်သင့်တယ်လို့ ဆိုကြတယ်။

တချို့ အမတ်တွေကတော့ ငါတို့ မင်းမြတ်ဟာ သားသတ်လို့ သေရလိမ့်မယ်ဆိုတဲ့ အကြောင်းကို သူ့သား ဗိုက်ထဲမှာ ရှိစဉ်ကတည်းက သိပြီး ဖြစ်တယ်၊ မလုပ်ကြနှင့်၊ မင်းကြီးဆီ သံတော်ဦးတင်မှ ဖြစ်မယ်လို့ ဆိုကြတယ်။

မင်းကြီးဆီရောက်တော့ သားကိုခေါ်ပြီး ဗိမ္ဗိသာရ မင်းကြီးက မေးတယ်။

ချစ်သား၊ ဘာကြောင့် ငါ့ကို သတ်လိုသလဲ။

ရွှေနန်း စည်းစိမ်ကို လိုချင်လို့ သတ်မည် ကြံမိပါတယ်လို့ အဇာတသတ်က ပြောတော့ ဘုရင်ကြီးက သားတော်၊ သင့်ကို ငါ မွေးမြူခဲ့တာဟာ မင်းစည်းစိမ်ကို ပေးချင်လို့ မွေးခဲ့တာပဲ မဟုတ်လားလို့ ဆိုပြီး ထီးနန်း စည်းစိမ်ကို လွှဲအပ်ပေးခဲ့ပါတယ်။

အဇာတသတ်ဟာ ဘုရင် ဖြစ်လာတဲ့ အခါ သူ့ ဆရာ ဒေဝဒတ်က တိုက်တွန်းလို့ အဖရဲ့ ခြေကိုခွဲ၊ ဆားသိပ် မီးကင်ပြီး ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပြန်တယ်။ ဒါပေမယ့် အဇာတသတ်ဟာ ကျွတ်ချင်လာတော့ တိုက်တိုက်ဆိုင်ဆိုင် အဖြစ်အပျက် တစ်ခုနှင့် ကြုံဆုံခဲ့ရပါတယ်။ ဘယ်လို ကြုံရသလဲ ဆိုတော့ ...

ဗိမ္ဗိသာရ မင်းကြီး ကံကုန်ပြီ ဖြစ်တဲ့အကြောင်း တင်လျှောက်ဖို့ သဝဏ်စာ ရေးပြီး နန်းတော်ကို ဆက်သွင်းဖို့ လာတဲ့လူနှင့် အဇာတသတ်မင်းရဲ့ မိဖုရားမှာ သားတော် ဥဒယဘဒ္ဒကို ဖွားမြင်တဲ့ အကြောင်းကို သံတော်ဦးတင်ဖို့ လာတဲ့လူနှင့် နန်းတော် တံခါးဝမှာ ဆုံကြတယ်။ ဒီအခါ မင်္ဂလာစကား နှင့် အမင်္ဂလာစကား နှစ်ရပ်မှာ မင်္ဂလာ စကားကို ဦးဦးဖျားဖျား တင်ဖို့ ဆုံးဖြတ်ပြီး မင်းရှေ့ကိုရောက်တော့ သားတော် ဖွားမြင်ကြောင်း တင်လွှာကို ပထမ ဖတ်တာပေါ့။

---

* *ဓိနဋ္ဌပကာသနီကျမ်း၊ ကျိုးသဲလေးထပ်ဆရာတော်၊ (သာသနာရေးဦးစီး)စာ၄၂၁*

အဇာတသတ်မင်းဟာ သူ့မှာ သားယောက်ျားကလေး ဖွားမြင်တယ် ဆိုတဲ့ သတင်းကို ကြားလိုက်တယ် ဆိုရင်ပဲ သား၌ဖြစ်တဲ့ ချစ်ခြင်း အဟုန်ဟာ တစ်ကိုယ်လုံး ရှိးတွင်းခြင်ဆီ အထိ စိမ့်ပြီး နှစ်သိမ့် ကြည်နူးခြင်း ဖြစ်တယ်။ ဒီအခါကျမှ သူဟာ သတိရပြီး အင်း ခမည်းတော်မင်းလည်း ငါ့ကို ချစ်တာဟာ ဒီလိုပဲ ရှိမှာပဲလို့ ဆင်ခြင်တယ်။ ချစ် မချစ်ကို မယ်တော်ကို မေးဦးမှလို့ကြံပြီး မယ်တော်ဆီကို အဇာတသတ် သွားပြီး မေးပါတယ်။

ဘယ်လို မေးသလဲ ဆိုတော့ ...

မိခင်၊ သားတော် ဖွားကြောင်းကို ကြားရတဲ့အခါ ကျွန်ုပ်မှာ အလွန် ချစ်ခြင်း၊ နှစ်သက်ခြင်း ပီတိ ဖြစ်ရပါတယ်၊ ကျွန်ုပ် ဖွားသော အခါကလည်း ခမည်းတော်ဟာ ဒီလိုပဲ ချစ်ခြင်းမျိုး ဖြစ်ပါသလား မယ်တော်လို့ မေးတယ်။

ဒီအခါ မယ်တော်က ဖြေတယ်။

ဟယ် မင်းယုတ် မင်းမိုက်၊ သင့်ကိုယ်မှာ ဖြစ်တဲ့ ချစ်ခြင်းမေတ္တာ ဆိုတာက အတုမျှသာ ဖြစ်တယ်၊ နင့် အဖရဲ့ ပီယ စေတနာဟာ နှိုင်းယှဉ်စရာ ဒီကမ္ဘာမှာ မရှိဘူး၊ အံ့ဩ ချီးမွမ်းလို့တောင် မကုန်နိုင်ဘူး၊ နင်ဟာ ငါ့ ဗိုက်ထဲမှာ သန္ဓေ အောင်းစဉ် အခါ ကတည်းက ငါဟာ နင့် ဖခင်ရဲ့ ညာလက်ရုံးသွေးကို ကိုက်ဖောက် ပြီး သောက်ချင်တဲ့ ချင်ခြင်းဆန္ဒ ပြင်းစွာ ဖြစ်ခဲ့တယ်၊ ငါ မတင်ဝံ့လို့ မအိပ်နိုင် မစားနိုင် ဖြစ်ခဲ့ရတယ်၊ ဒါကိုသိတဲ့ မင်း ဖခင်ဟာ သူ့လက်ရုံး သွေးကိုဖောက်ပြီး ငါ့ကို တိုက်ကျွေးခဲ့တယ်၊ ပညာရှိတို့ကို ဒီအကြောင်းကို ပြောတော့ မိဖုရား ဝမ်းမှာ ကိန်းအောင်းတဲ့ သူငယ်ဟာ ဖခင် မင်းကြီးရဲ့ အသက်ကို မချွတ်ကေန် သတ်မယ်လို့ နိမိတ် ဖတ်ခဲ့ကြတယ်၊ ဒါကြောင့် နင့်ကို ငါ မမွေးချင်ဘူး၊ ကိုယ်ဝန်ကို ဖျက် ပေမယ့် မင့် ဖခင်က သူ့သားရဲ့ မျက်နှာကို မြင်ချင်လှတယ်၊ သူ့ကို သတ်ချင် သတ်ပါစေလို့ အခါခါ တောင်းပန်ခဲ့လို့ နင် လူ့ပြည်ကို ရောက်ခဲ့ရတာ၊ နင့် မွေး လာတော့လည်း သူဟာ စားရမှန်း မသိ၊ သောက်ရမှန်း မသိ၊ အိပ်ရမှန်း မသိ၊ သားမျက်နှာကို တကြည့်ကြည့်နှင့် အချစ်ကြီး ချစ်ခဲ့တယ်၊ နင် ငယ်စဉ်က လက်မမှာ ခူနာပေါက်ပြီး ဆောက်တည်ရာ မရ ပြည်ကိုက်ပြီး ငိုနေတုန်းကလည်း မင်းအဖေဟာ မင်းလက်မကို ခံတွင်းမှာ ငုံပြီး ပြည် ယူပေးခဲ့တယ်၊ အဲဒီလောက် နင့် အပေါ်မှာ ချစ်ခြင်း ကဲမောက်ပြီး သူ မတူအောင် ချစ်ခင် ချီးမြှောက်ခဲ့တဲ့ မွေးသဖခင်ကိုမှ နင် ရက်ရက်စက်စက် သတ်ရက်ပလေတယ်၊ ဟယ် မင်းယုတ်၊ နင့်ထက် မိုက်တဲ့လူ ဒီလူ့ပြည်မှာ မရှိတော့ပါဘူးလို့ ယူကျုံးမရ ပြောရှာတယ်။

ဒီတင် အဇာတသတ်မင်း ရင်တွင်းလှိုက်ဆူ သောကပူပြီး ငါ့ဖခင်ကို နှောင် အိမ် အကျဉ်းမှ ခုချက်ချင်း လွှတ်စေလို့ အမိန့်ပေးတယ်။ သို့သော် အမတ်တို့က အရှင် ငိုကြွေးသော်လည်း မရတော့ပါဘူး၊ ခမည်းတော်ရဲ့ အလောင်းကိုပဲ ကောင်းစွာ သဂြိုဟ်ပါတော့လို့ ဆိုတယ်။

ဒီအခါမှာတော့ အဇာတသတ်မင်းဟာ အလွန် ကြီးမားတဲ့ သံဝေဂ ရသွားပါပြီ။ အဇာတသတ်ရဲ့ ရင်ထဲမှာ ကြီးမြတ်လှတဲ့ မင်းရဲ့ ချမ်းသာကို ကျဉ်းကျပ်လှတဲ့ လှောင်အိမ်လို့ ထင်လာ ပါတော့တယ်။ ဘယ်လိုပင် ရွှင်ပျော်အောင် ကြိုးစားပြီး နေနေ စားလို့လည်း မဝင်ဘူး၊ စက်လို့လည်း မပျော်တော့ပါဘူး။ ဒီလို အချိန်မှာမှ သူ့ ဆရာ ဒေဝဒတ်ကို မြေမျိုပြီ ဆိုတဲ့ သတင်းကို ကြားရပြန်တယ်။ ဒါကြောင့် အဇာတသတ်မင်းရဲ့ ထိတ်လန့်ခြင်းဟာ အခေါင် အဖျားကို ရောက်သွားပါတော့တယ်။

နောက်ဆုံးမှာတော့ အဇာတသတ်မင်းကြီးဟာ ဗုဒ္ဓမြတ်စွာရဲ့ ခြေတော်စုံကို ခိုလှုံရင်း အကျွတ်တရား ရခဲ့ပါတယ်။ အဲဒီ အချိန်က စပြီး အဇာတသတ်မင်းဟာ သာသနာတော်မှာ ပုထုဇဉ်ရဲ့ သဒ္ဓါ ကြည်ညိုခြင်းမှာ သူ့ကိုမီအောင် ကြည်ညိုနိုင်သူ မရှိဘူးလို့ ဆိုရလောက်အောင် အတုမရှိ ကြည်ညိုသူ ဖြစ်သွားပါတော့တယ်။

အဇာတသတ်မင်းဟာ ဘုရား အပေါ်မှာ ဘယ်လောက် ကြည်ညို သက်ဝင်သွားသလဲ ဆိုရင် ဘုရား ပရိနိဗ္ဗာန် ပြုသွားပြီဆိုတဲ့ အကြောင်းကို အမတ်များက သူ့ကို တိုက်ရိုက် မတင်ဝံ့ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီမင်းဟာ ဘုရား လွန်တော်မူပြီ ဖြစ်ကြောင်းကို ကြားရရင် ချက်ချင်း နလုံးကွဲပြီး သေနိုင်တဲ့ အခြေအနေမှာ ရှိနေတယ်။

အမတ်များက အဇာတသတ်မင်းကို ဘုရား ပရိနိဗ္ဗာန် ပြုကြောင်းကို မတင်လျှောက်ခင် ပရိယာယ်နှင့် မင်းကြီးကို ဝတ်ဖြူ စင်ကြယ်ဝတ်၊ ရွှေကျင်းသုံးခုထဲမှာ စတုမဓူ တွေ အပြည့်ထည့်ပြီး ဘုရားလွန်ကြောင်းကို လျှောက်ထားကြတယ်။

မင်းကြီးလည်း ဒီစကားကို ကြားတာနှင့် တစ်ပြိုင်နက် သစ်ပင်ပေါ်က ကျတဲ့ လူလို တစ်ခါတည်း သည်းအူလှိုက်ဖိုကာ တစ်ကိုယ်လုံး တုန်ပြီး သတိ လစ်သွားပါတယ်။ အမတ်များက မင်းကြီးရဲ့ ကိုယ်ကို ယူပြီး စတုမဓူမှာ စိမ်ကြရတယ်။ စတုမဓူတွေ ကျိုက်ကျိုက်ဆူပြီး အငွေ့ထွက်တယ်တဲ့။ အမတ်များလည်း တစ်ကျင်း ဆူပွက်ရင် တစ်ကျင်းကို ပြောင်းပြီး မင်းကြီးရဲ့ ကိုယ်တော်ကို စိမ်လိုက်တာ နောက်ဆုံးကျင်းကို ရောက်မှ သတိပြန်ရတယ် ဆိုပဲ။

အဇာတသတ်မင်းဟာ သတိ ပြန်ရတယ် ဆိုရင်ပဲ ဆံပင် ဖရိုဖရဲကိုတောင် မသိမ်းဆည်း နိုင်ဘူးတဲ့။ ရင်ကို လက်နှစ်ဖက်နှင့် မပြီး ရှိုက်ကြီးတငင် ငိုကြွေးရင်း အရူးကြီး တစ်ယောက်လိုပဲ ဘုရားရှိရာ အရပ်ကို မှန်းပြီး ပြောပါတော့တယ်။ ဇီဝကရဲ့ သရက်ဥယျာဉ်ကို ရောက်တော့ ဒီနေရာမှာ ငါ့ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူတဲ့ ဘုရား တရားဟောတယ်၊ ငါ့ရင်ထဲမှာ စူးဝင်နေတဲ့ ထိတ်လန့် စိုးရိမ်ခြင်း ငြောင့်ကို နုတ်ပယ်တော်မူတယ်၊ ငါဟာ ဖခင်ထက် ဆယ်ဆမကအောင် ဘုရားကို ဆည်းကပ် ပူဇော်ခဲ့တာပဲ၊ ခုတော့ ငါ့ကို ဘုရားက တရားတော်များလည်း မဟောပြော နိုင်တော့ပါကလား ဆိုပြီး သည်းထန်စွာ ငိုပြန်တယ်။

ဘုရား ပရိနိဗ္ဗာန် ပြုပြီးနောက်မှာ ပထမသင်္ဂါယနာ တင်ပွဲကြီး ကျင်းပဖို့ အတွက် ရှင်မဟာကဿပ အမှူးပြုတဲ့ သံဃာ ငါးရာ စည်းဝေးကြတယ်။ ဒီသင်္ဂါယနာ ပွဲကြီး အတွက် လိုအပ်သမျှ အထောက်အပံ့ အားလုံးကို အဇာတသတ် မင်းကြီး လှူဒါန်း ပူဇော်ခဲ့တယ်။ သူဟာ ပထမ သင်္ဂါယနာ ပွဲကြီးရဲ့ ဒါယကာကြီး ဖြစ်ခဲ့တယ်။

သာသနာတော်မှာ အဇာတသတ် မင်းဟာ အဖကို သတ်တဲ့သား ဆိုတဲ့ နာမည်ပျက် စာရင်းက ပယ်ဖျက်ပြီး ပထမ သင်္ဂါယနာ ပွဲကြီးနှင့်တကွ ဓာတုစေတီတော်ရဲ့ ဒါယကာ မင်းကြီး အဖြစ်နှင့် ဥဒါန်း တွင်ရစ်တာဟာ ဘာကြောင့်လဲ ဆိုတာကို တွေးရှု ဆင်ခြင်ကြစေချင်ပါတယ်။

မင်းစည်းစိမ် ဆိုတာ လောကီ လူ့ဘောင်မှာ 'အမြင့်' စခန်း ဖြစ်တယ်လို့ ဆိုချင် ဆိုနိုင်ပါလိမ့်မယ်။ သို့သော်လည်း ဒီ မင်းစည်းစိမ်ဟာ 'အမြတ်' စခန်း မဟုတ်ဘူး။ အဇာတသတ်မင်းဟာ ထီးနန်း စည်းစိမ်ကို အလုအယက် တက်ပြီး စံစားတာဟာ ရွှေတောင်တက်ခြင်း အစစ် မဟုတ်ဘူး။ နောင်အခါ သတိ သံဝေဂ ရပြီး ဘုရား သာသနာတော်မှာ ကောင်းမှု ကုသိုလ်တွေနှင့် အရိယာ လမ်းစဉ်ကို ကျင့်သုံးခဲ့ခြင်းကိုသာ ရွှေတောင်တက်ခြင်း အစစ်အမှန် ဖြစ်တယ်လို့ ဒီမှာ သဘော ကျသင့်ပါပြီ။

မဟာဝင် နှင့် ဗုဒ္ဓဝင်များမှာ ထင်ရှားခဲ့တဲ့ နောက်ပုဂ္ဂိုလ် တစ်ဦးကတော့ သီရိဓမ္မာသောက မင်းကြီးပါပဲ။ *

## အာသောကၡ အဓိဋ္ဌာန်

ဗုဒ္ဓဝင် မဟာဝင် ကျမ်းများမှာ အာသောကမင်းဟာ အလွန် ထူးခြားတဲ့ အတိတ် နိမိတ်များနှင့် မွေးဖွားလာတယ်လို့ ဆိုပါတယ်။ ဒီ အတိတ် နိမိတ်တွေကတော့ ဘုန်းကြီးမည့် ယောကျ်ားဖြစ်ကြောင်း အတိတ် နိမိတ်တွေ ဖြစ်ကြတယ်။ အာသောက မင်းသား အရွယ်ရောက်တော့ ဥဇ္ဇေနီ ပြည်ငယ်ကို အုပ်စိုးရတယ်။ သူ့ရဲ့ နောင်တော် သုမနမင်းသား ကတော့ တက္ကသိုလ်ပြည်ကို အပိုင်စား ရရှိခဲ့တယ်။ နောင်အခါ တက္ကသိုလ်ပြည်မှာ ပုန်ကန်မှု တစ်ခု ပေါ်ပေါက်တော့ သူ့ဖခင် ဗိန္ဒုသာရမင်းကြီးက အာသောကကို သွားရောက် နှိမ်နင်းစေတယ်။ ဘုန်း လက်ရုံး နှင့် ပြည့်စုံတဲ့ အာသောကဟာ အဲဒီ ပုန်ကန်မှုကို ချက်ချင်း ငြိမ်းအေးစေခဲ့တယ်။

ခမည်းတော် နတ်ရွာစံခါနီးမှာ အာသောက မင်းသားဟာ ဥဇ္ဇေနီ ကနေ ပါဋလိပုတ် နေပြည်တော်ကို ပြန်သွားတယ်။ ခမည်းတော် နတ်ရွာစံတော့ နိုင်ငံ

---

* *အာသောက မင်းတရားကြီး၊ သံတွဲမောင် (မြန်မာ ယူနီယံ ပုံနှိပ်တိုက်)၊ စာ ၁၇၄၀*

အုပ်ချုပ်ခွင့် အာဏာကို မှူးမတ်များက သူ့ကို ပေးကြတယ်။ ဒါကို အစ်ကိုဖြစ်သူ သုမနမင်းက မကျေနပ်ဘူး။ ပါဋလိပုတ်ကို စစ်ချီလာတယ်။ သမုဒ္ဒရာ လှိုင်းထ သကဲ့သို့ စစ်ကြီး စီရင်ပြီး လာတယ်လို့ ကျမ်းဂန်မှာ ဆိုပါတယ်။ အာသောကမင်း လည်း နောင်တော် သုံးကျိပ်ကိုးယောက်ကို ပြန်လည် ခုခံတိုက်ပြီး အနိုင်ရတဲ့အခါ အဲဒီ နောင်တော် သုံးကျိပ်ကိုးယောက်လုံးကို သတ်ဖြတ်ပြီး နောင်တော်များရဲ့ သွေး ပွက်ကို ကျော်နင်းလျက် ထီးနန်း တက်တော်မူတယ်လို့လည်း သီဟိုဠ် ကျမ်းဂန် များမှာ အဆိုရှိတယ်။

အာသောက မင်းဟာ မင်းအဖြစ်ကို ရောက်ရှိပြီး လေးနှစ်တိုင်တိုင် ဘိသိက် ခံပွဲ မကျင်းပဘဲ တိုင်းရေး ပြည်ရေးတွေကို ဆောင်ရွက်နေခဲ့တယ်။ ဘီစီ ၂၇၀ ရောက်မှ သူ့ကိုယ်သူ 'ဒေဝါနံပိယဒဿ' ဘွဲ့ယူပြီး ဘိသိက်ခံတယ်။ နောက်ထပ် ကိုးနှစ်တိုင်တိုင် မောရိယ အင်ပိုင်ယာကြီး ခိုင်ခံ့ ကြီးပွားရေးကို မနေမနား ဆောင်ရွက်ခဲ့ပါတယ်။

ဘီစီ ၂၆၂ ခုနှစ်မှာ အာသောကဘုရင်ဟာ မဟာနဒီနှင့် ဂေါဒါဝရီ မြစ်တို့ စပ်ကြားမှာရှိတဲ့ ကလိင်္ဂတိုင်းကို မိမိရဲ့ မောရိယ အင်ပိုင်ယာကြီးထဲကို သွတ်သွင်း လိုတဲ့ ဆန္ဒရမ္မက်ကြောင့် အလုံးအရင်းနှင့် စစ်ချီပြီး တိုက်ခိုက် ဖျက်ဆီးပစ်တယ်။ ဒီစစ်ပွဲမှာ ကလိင်္ဂတိုင်းသား စစ်သည် ရဲမက်ပေါင်း တစ်သိန်းကျော် ကျဆုံးတယ်။ တခြား စစ်သည် ရဲမက်ပေါင်း တစ်သိန်းခွဲ ကျော်ကိုလည်း သုံ့ပန်းများ အဖြစ် ဖမ်းယူခဲ့တယ်။ ကလိင်္ဂ စစ်မက်ကြောင့် ထွက်ပြေးခဲ့ရတဲ့ စစ်ပြေး ဒုက္ခသည် အပေါင်းကတော့ မရေမတွက်နိုင်အောင် ဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။

အာသောက မင်းတရားကြီးဟာ လူ့အသက်ပေါင်း များစွာ၊ လူ့ယဉ်ကျေးမှု အဆောက်အအုံပေါင်း များစွာ ဆုံးရှုံး ပျက်စီးသွားတဲ့ ကလိင်္ဂ စစ်မြေပြင်ကို မြင်တွေ့ရတဲ့ အခါ မူလက ဗုဒ္ဓဘာသာ အပေါ်မှာ သက်ဝင်ယုံကြည် နေပြီ ဖြစ်တဲ့ သူ့နှလုံးသားဟာ များစွာ ဆူပွက်ပြီး ယူကျုံးမရ ထိတ်လန့် တုန်လှုပ်ခြင်း သံဝေဂ ကြီးစွာ ဖြစ်တော်မူတယ်။

ဒီတင် အာသောကမင်းရဲ့ နှလုံးတော်ထဲမှာ '*အကြီးဆုံးသော အောင်မြင်ခြင်း ကား လက်နက်အားကိုး အောင်မြင်ခြင်းမျိုး မဟုတ်၊ တရားစွမ်းဖြင့် ဖြစ်သော အောင်မြင်ခြင်းသည်သာ အကြီးဆုံးသော အောင်မြင်ခြင်း မည်တယ်*' ဆိုတဲ့ ဘဝ အသိတရား ဖြစ်ပေါ်လာခဲ့တယ်။

သွေးခင်းတဲ့ လမ်းမှာ တရကြမ်း ချီတက်ပြီး သူ့အသက်ကို သတ်ခြင်း၊ သူ့ ဥစ္စာကို ဖျက်ဆီးခြင်း ဆိုတဲ့ အကုသိုလ် ဒုစရိုက်များ ရောပြွမ်းနေတဲ့ အောင်မြင် ခြင်းဟာ အောင်မြင်ခြင်း အစစ် မဟုတ်ဘူး၊ အပြစ်ကင်းတဲ့ အောင်မြင်ခြင်းမျိုး လည်း မဟုတ်ဘူး၊ ပညာရှိ သူတော်ကောင်းတို့ ချီးမွမ်းခြင်း မထိုက်၊ ကဲ့ရဲ့ခြင်းသာ ထိုက်တဲ့ အောင်မြင်ခြင်းမျိုးသာ ဖြစ်တယ်လို့ အာသောက ဘုရင်ရဲ့ ရင်တွင်း

နှလုံးသားမှာ ထင်ရှားပြက်ပြက် သိမြင်သွားတယ်။

အစကတော့ သူ့ကိုယ်သူ လောကရဲ့ အထွတ်အထိပ် ဖြစ်တဲ့ ရွှေတောင် ထီးနန်း စည်းစိမ်ပေါ်ကို ရောက်နေသူ တစ်ယောက်လို့ ယုံမှတ်ခဲ့ပါရဲ့၊ ခုတော့ သူဟာ ဘဝရဲ့ အမြတ်လမ်းပေါ်မှာ လျှောက်နေသူ တစ်ယောက် မဟုတ်ဘူး၊ ယခု သူဟာ ဘဝရဲ့ အယုတ်တရား လမ်းပေါ်မှာ လျှောက်နေတဲ့ မစင်ကြယ်တဲ့ ပုထုဇဉ် အမိုက်အမှား တစ်ယောက်ရဲ့ အဖြစ်မှာပဲ ရှိသေးပါကလား ဆိုတာကို မြင်သွားပါပြီ။

ဒီအခါမှာတော့ သူဟာ လောကမှာ မှားယွင်းတဲ့ ရည်မှန်းချက်ကြီး တစ်ခု အတွက် ရက်စက်ခြင်း၊ ယုတ်မာခြင်း၊ သတ်ဖြတ်ခြင်း ဆိုတဲ့ စက်ဆုပ်ဖွယ် အကုသိုလ် ကံတွေကို ကျူးလွန်နေမိပြီ ဆိုတာကိုလည်း သိမြင်သွားပါတယ်။

ဘဝမှာ ချွတ်ယွင်းတဲ့ ရည်မှန်းချက်ဟာ ချွတ်ယွင်းတဲ့ အလုပ် (ကံ) တွေကို လုပ်မိစေတတ်ပါကလား ဆိုတာကိုလည်း အာသောကဘုရင် သဘောပေါက်ပါပြီ။ ဒီအခါ သူဟာ သူ့ဘဝရဲ့ ရည်မှန်းချက်ကို ချက်ချင်း ပြောင်းလဲပစ်ဖို့ ကြိုးစားပါ တယ်။ ဘုန်းကံ ပါရမီ ကြီးရင့်သူ ပီပီ အမှားကို သိမြင်တာနှင့် တစ်ပြိုင်နက် အမှန်ကို ရောက်ဖို့ အစွမ်းကုန် ကြိုးစားပါတယ်။

မကြာပါဘူး၊ အာသောကဘုရင်ရဲ့ စိတ်ဘဝင်မှာ အမြင့်ဆုံးဘဝရဲ့ အမြတ်ဆုံး အဖြစ်ကို ရည်မှန်းတဲ့ ဆန္ဒသစ်တွေ ဖြစ်ပေါ်လာပါတော့တယ်။ သူ့ရဲ့ ဒီဆန္ဒတွေကို သူ ရေးထိုးခဲ့တဲ့ ကျောက်စာ အမှတ် ၆ * မှာ ဒီလို ဖော်ပြတော် မူခဲ့ပါတယ်။

- 'ငါသည် ဤသို့ အမိန့်တော် ရှိ၏။ ငါသည် မင်းရေးကိစ္စ ပြည်ရေးကိစ္စ တို့ကို လုပ်ကိုင် ဆောင်ရွက်သမျှတို့၌ အားရ တင်းတိမ်ခြင်း မရှိ။
- ငါသည် လူခပ်သိမ်းတို့၏ ကြီးပွားချမ်းသာ အတွက် ဆောင်ရွက်အပ်သော တာဝန်ကို ငါ၏ တာဝန်ဟူ၍ မှတ်ယူတော်မူသည်။ သို့သော် လိုရင်း မူလကား မင်းရေး ကိစ္စတို့ကို ကြိုးပမ်း အားထုတ် ဆောင်ရွက်ခြင်းပင် ဖြစ်ပေသည်။
- လူခပ်သိမ်းတို့၏ ကြီးပွားချမ်းသာအတွက် ဆောင်ရွက်အပ်သော တာဝန် ထက် ကြီးလေးသော တာဝန်ဟူသည် မရှိ။
- သို့ကြောင့် ငါသည် ဤမျှလောက် ကြိုးပမ်း အားထုတ်ခြင်း ပြုရာ ဤသို့ အားထုတ်သမျှသည်လည်း သက်ရှိ သတ္တဝါတို့အား ဤပစ္စုပ္ပန် ဘဝ၌ ချမ်းသာကြ၍ နောင်တမလွန် ဘဝမှာ ကောင်းရာသုဂတိသို့ ရောက်ကြ စေခြင်းငှာ ငါ ဆောင်ရွက်ရမည့် တာဝန်မှ လွှင်ကင်းစေရန် ဖြစ်သည်။
- ဤဓမ္မတရားတော် ကျောက်စာကို အစွန့်ရှည်စွာ မြဲမြံခိုင်မာ စေခြင်းငှာ

---

* *ဂီရနာရ ကျောက်စာအမှတ် ၆၊ အာသောက မင်းတရားကြီး၊ စာ ၁၇၅*

လည်းကောင်း၊ ငါ၏ သားတော်အစဉ် မြေးတော်အဆက် မြစ်တော် အညွန့်တို့သည် လူခပ်သိမ်းတို့၏ ကြီးပွား ချမ်းသာအတွက် ဆောင်ရွက် ကြစေခြင်းငှာ လည်းကောင်း ရေးထိုး စေတော်မူသည်။

– သို့သော် ကြီးစွာသော စိတ်အား ထက်သန်ခြင်း မရှိဘဲ ဤအတိုင်း ဖြစ် မြောက်ရန်မှာကား ခဲယဉ်းလှပေသတည်း' တဲ့။

အာသောက မင်းတရားကြီးရဲ့ ဘဝ ရည်မှန်းချက်ကြီးထဲမှာ ကိုယ်ကျိုး ကိုယ်စီးပွား အတွက်ဆိုတဲ့ ရည်မှန်းချက်တွေ မရှိတော့ပါဘူး။ သူဟာ **'လူခပ်သိမ်း အတွက် ကောင်းကျိုး ချမ်းသာ'** ဆိုတဲ့ အလွန် မွန်မြတ်တဲ့ ဘဝ ရည်မှန်းချက်ကြီး ကို အပြီးတိုင် ချမှတ် နိုင်ခဲ့ပါပြီ။

ကလိင်္ဂတိုင်းမှာ စိုက်ထူထားခဲ့တဲ့ သူ့ရဲ့ ကျောက်စာ အမှတ် ၄ မှာ ကမ္ပည်း တင်ထားတာတွေဟာလည်း ကြည်နူး နှစ်သက်ဖွယ် သာဓုခေါ်ဖွယ် ဖြစ်နေပါတယ်။

ဒီကျောက်စာမှာ သူက သူ့စိတ်မှာ မှန်တယ်လို့ ထင်တာကို ထင်မြင်တဲ့ အတိုင်း အောင်မြင်အောင် ဆောင်ရွက်လိုတဲ့ ဆန္ဒ ရှိကြောင်း၊ သူ့ လက်အောက်ခံ အုပ်ချုပ်သူများက သူ့ဆန္ဒတော်ကို အကောင်အထည် ဖော်ပေးရမယ် ဆိုတဲ့ အကြောင်းကို နိဒါန်းချီပြီး သူ့ရဲ့ ဆန္ဒတော်ကို ဒီလို အတိအလင်း ထုတ်ဖော် ရေးပြ ထားပါတယ်။

'ခပ်သိမ်းသော လူတို့သည် ငါ၏ သားသမီးများ ဖြစ်ကြကုန်၏။ ငါသည် ငါ၏ သားသမီးတို့ အတွက် ဤပစ္စုပ္ပန် ဘဝနှင့် နောင်တမလွန် ဘဝပါ ကောင်းကျိုး ချမ်းသာကို လိုလားတော် မူသကဲ့သို့ လူခပ်သိမ်းတို့ အတွက် လည်း ထိုနည်းတူ လိုလားတော်မူ၏' တဲ့။

ဒါဟာ သီရိဓမ္မာသောက မင်းရဲ့ **ရွှေတောင်တက် ဒဿန** ပဲ ဖြစ်ပါတယ်။

တစ်ခါတစ်ရံ ပုထုဇဉ် သဘာဝ လူတွေမှာ အမှားနှင့် မကင်းကြတာက ဓမ္မတာပါ။ ဒီလို မှားယွင်း ကြရတာဟာလည်း တကယ်တော့ သူတို့ မျှော်မှန်း ခဲ့ကြတဲ့ ဘဝ ရည်မှန်းချက် မှားယွင်းခဲ့ကြလို့ ဖြစ်နိုင်သလို၊ တချို့သော လူတွေ မှာတော့ ဘဝအတွက် ရည်မှန်းချက် ပျောက်ဆုံးနေလို့လည်း ဖြစ်တတ်ပါတယ်။ တချို့ကျတော့ ရည်မှန်းချက် ဝေဝါးပြီး ဘဝကို ရည်မှန်းရမှန်း မသိ၊ စမ်းတဝါးဝါး ဖြစ်နေတာမျိုးလည်း ရှိတတ်ပါတယ်။

ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီးကတော့

'သတ္တဝါတို့သည် ဘဝ အဆက်ဆက်၊ ကမ္ဘာအဆက်ဆက် သမ္ပတ္တိ ဟူသော အတက်လမ်း အဆန်လမ်းကိုသာ အမြဲ အလိုရှိကြကုန်၏။ ဝိပ္ပတ္တိ ဟူသော အောက်သို့ စုန်လမ်း၊ မျောလမ်း၊ လျှောကျလမ်းကို အလို မရှိကြကုန်' *

---

* *ဘာဝနာ ဒီပနီ၊ လယ်တီဆရာတော်၊ (ဟံသာဝတီ)၊ စာ ၁၆၀*

လို့ အဆိုရှိပါတယ်။

ဆရာတော် ဘုရားကြီးရဲ့ ဒီစကားဟာ သတ္တဝါတို့အဖို့ ယေဘုယျအားဖြင့် မှန်ကန်လှပါတယ်။

သို့သော် ဘဝ ခရီးကြမ်းကို လျှောက်လှမ်းကြရာမှာ (အထူးသဖြင့် ရွှေတောင် တက်ခရီးကို သွားကြရာမှာ) ပမာဒ ခေါ်တဲ့ (သတိ ချွတ်ယွင်းမှု) တရားကြီး ကြောင့် ခြေချော်လက်ချော် ဖြစ်ပြီး အတက်လမ်း အဆန်လမ်း အမြင့်လမ်း အမြတ် လမ်းကနေ အောက်သို့ လျှောကျရတာမျိုး၊ အနိမ့်လမ်း အမျောလမ်း အယုတ်လမ်း ကို ပြန်ရောက် သွားတတ်ကြတာမျိုးလည်း လောကမှာ ထင်ရှားတဲ့ သာဓကတွေ အတွေ့အကြုံတွေ များစွာပဲ ရှိဖူးပါတယ်။

## ရည်မှန်းချက် ပျောက်နေသော ဆာဒူး

ဒီနေရာမှာ နလုံးမှတ် စွဲလွယ်အောင် သာဓက ပုံပြင်ကလေး တစ်ပုဒ်ကို ထုတ်ပြ ပါ့မယ်။

ဟိုရှေးတုန်းက ဆာဒူးရသေ့ တစ်ပါးဟာ အမြိုက်တရားကို ရှာဖွေဖို့ အတွက် သူ့ဆရာ ဂုရုနှင့် အတူ တောထွက်သွားဖူးတယ်။ တောတွင်း တစ်နေရာကို ရောက် တော့ ဆရာ ဂုရုက

'ငါ့တပည့်၊ ဒီနေရာဟာ ဆိတ်ငြိမ်တယ်၊ အလှူခံ ရွာနှင့်လည်း မနီးလွန်း မဝေးလွန်း ရှိတယ်၊ သစ်ကျား အန္တရာယ်လည်း ကင်းတယ်၊ ရေမိုးလည်း ရလွယ် တယ်၊ ဒီနေရာမှာ သစ်ရွက်တဲ ထိုးပြီး သင် တရား ကျင့်ရစ်၊ ငါကတော့ ဟိမဝန္တာ တောကို သွားမယ်၊ ငါးနှစ်တိတိ တရားကျင့်ပြီးမှ သင့်ထံကို ပြန်လာမယ်၊ အဲဒီ အခါကျမှ သင့်အခြေအနေကို ကြည့်ပြီး တရားအဆင့် တက်ဖို့ ငါ ညွှန်ကြားမယ်' လို့ ဆိုပြီး ထွက်သွားတယ်။

ဆာဒူးရသေ့လည်း ဆရာ့ဩဝါဒ အတိုင်း သစ်ရွက်တဲထိုးပြီး ငြိမ်းချမ်းစွာ တရား ကျင့်နေခဲ့ပါတယ်။ အနီးအနား ရွာသားများကလည်း တရားကျင့်နေတဲ့ ရသေ့ကို တွေ့ရှိကြပြီး ကြည်ညိုကြတဲ့ အတွက် လှူဒါန်း ထောက်ပံ့ ကြပါတယ်။

ရသေ့ဟာ ကမ္ဗလာခွာန်း ဘာဝနာကို နံနက်တိုင်း စတင် စီးဖြန်းခါနီးမှာ သူ့ ကိုယ်ကို ရေမိုး သန့်စင်တယ်။ ရေချိုးပြီးတဲ့ အခါ သူ့ရဲ့ ခါးစည်း နံငယ်ပိုင်းကလေး ကို တဲအနီးက သစ်ပင်ပေါ်မှာ လှမ်းလှေ့ရှိတယ်။

တစ်နေ့တော့ ရွာထဲက ဆွမ်းခံ အပြန်မှာ သူ့ခါးစည်းကို ကြွက်များ ကိုက် ဖောက်ထားကြောင်း သိရတယ်။ သူ့မှာ ရေချိုးဖို့ ခါးစည်းလည်း အပိုမရှိဘူး။ ဒါကြောင့် နောက်တစ်နေ့ ဆွမ်းခံထွက်တဲ့ အခါ ရွာထဲမှ အကျိုးအကြောင်းကို ပြောပြီး ခါးစည်း တစ်ထည် အလှူ ခံခဲ့ရတယ်။ အဲဒီ ခါးစည်းကိုလည်း မကြာခင်

ရက်များ အတွင်းမှာပဲ ကြွက်များ ကိုက်ဖောက်ကြပြန်တယ်။ တစ်ခါ ချဉ်းကပ်ပြီး အကျိုးအကြောင်း ပြောပြီး ခါးစည်း အလှူခံရ ပြန်တာပေါ့။

ဒီအခါမှာတော့ ရွာသားများက 'ဒီလောက်တောင် ကြွက်ပေါလှတာ ကြောင် တစ်ကောင်လောက် မွေးထားပါတော့လား' လို့ ပြောဆိုကြတယ်။ ရသေ့လည်း ချက်ချင်းပဲ ကြောင်တစ်ကောင် ယူခဲ့ပြီး မွေးတယ်။ ကြောင် ရောက်တဲ့ နေ့က စပြီး ကြွက်များ ထွက်ပြေးကြပါရဲ့။ ဒါပေမယ့် ကြောင်ကို ကျွေးစရာက မရှိပြန်ဘူး။ ရွာကိုသွားပြီး နွားနို့ အလှူ ခံရပြန်တယ်။

ရသေ့လည်း နေ့တိုင်း နွားနို့ အလှူခံနေတော့ ရွာသားတွေက ဘယ်ကြည်ဖြူ မလဲ။ ဆာဒူးကြီး နွားမတစ်ကောင် ရှာကြံ မွေးထားပေါ့လို့ ဆိုကြ ပြောကြပြန် တယ်။ ဒီအချိန်မှာ သူ့ကို ကြည်ညိုတဲ့ ရွာသား တစ်ဦးက ဆာဒူးကြီး အတွက် နွားမ တစ်ကောင် လှူတယ်။ ဆာဒူးလည်း နွားမတစ်ကောင်ကို အလွယ်တကူ ရရှိ ခဲ့ပါရဲ့။ နွားနို့ အတွက်လည်း မပူရတော့တာလည်း မှန်ပါရဲ့။ ဒါပေမယ့် နွားစားဖို့ မြက်တို့ ကောက်ရိုးတို့ အခက်ကြုံပြန်တယ်။ ဒီအခါ ရွာကို သွားပြီး ကောက်ရိုး အလှူခံပြန်တယ်။

ဒီတော့ ရွာသားတွေက 'ဆာဒူးကြီး၊ ခု နွားလည်း ရှိပြီ၊ ကျောင်းနားမှာ မြေလွတ်လည်း ရှိသားပဲ၊ စပါး စိုက်ပါလား၊ ဆန်လည်း ရသေး၊ ကောက်ရိုးလည်း ရသေး၊ ဆာဒူးကြီး ဘာပူစရာ ရှိသေးလဲ' လို့ ဆိုကြပြန်တယ်။

ဆာဒူးလည်း ရွာသားတွေ ပေးတဲ့ အကြံကို သဘောကျပြီး ရွာသားတွေ လှူလိုက်တဲ့ ထွန်တုံး ထွန်တံ မျိုးစပါးတွေနှင့် လယ်ယာ စိုက်ပျိုးရေး အလုပ်ကို လုပ်ပြန်တယ်။ ဒါနှင့် အချိန်ကုန်တော့ စပါးပေါ်ပြီး ရိတ်သိမ်းရပြန်တယ်။ စပါး တွေက ပုံနေတော့ သိုလှောင်ဖို့အတွက် ကျီဆောက်ရ ပြန်တာပေါ့။ တစ်ဦးတည်း မနိုင်တော့ လူတွေ ငှားလုပ်တာပေါ့။ စပါးတွေက ပိုနေပြန်တော့ အလကားထား လည်း အလကားပဲ ဆိုပြီး ရောင်းပြန်တယ်။ ရောင်းတော့ ငွေတွေ ကြေးတွေ ရပြန် တာပေါ့။ ဒီငွေတွေ ဒီပစ္စည်းတွေကို ထိန်းသိမ်းဖို့က လူ လိုပြန်တယ်။ ဒီအခါမှာ တော့ ဆာဒူးလည်း မထူးဘူး ဆိုပြီး မိန်းမ ယူလိုက်တော့တယ်။

ငါးနှစ်ကြာတော့ သူ့ဆရာ ဂုရုကြီးဟာ ဟိမဝန္တာကနေ သူ့ဆီ ပြန်လာတယ်။ ဒီအခါမှာတော့ သူ ထားခဲ့တဲ့ သူ့တပည့်ရဲ့ တဲကျောင်းနေရာမှာ အိမ်တွေနှင့် လူသံ တွေနှင့် ဆူညံတဲ့ ရွာကလေး တစ်ရွာ ဖြစ်နေတာ တွေ့ရတယ်။ ဂုရုလည်း ဘုရား တပြီး သူ့တပည့်ကို လိုက်ရှာတော့ သူ့တပည့်ဟာ ဆာဒူး အသွင်ပျောက်ပြီး အိမ် ထောင်ရှင် အလုပ်သမားကြီး ဖြစ်နေတာ တွေ့ရတော့တယ်။ *

ဒါဟာ ဘဝခရီးမှာ အတက်လမ်း အမြတ်လမ်းကို သွားနေသူ တစ်ယောက်

--------------------

* *ရာမာခရစ်ရှနာ၏ ပုံပြင်များ၊ သုခ (ဥက္ကလင်းစာပေ)*

ဟာ မိမိရဲ့ မူလက ထားရှိတဲ့ မွန်မြတ်တဲ့ ရည်ရွယ်ချက်ကို မေ့လျော့မှု ဆိုတဲ့ ပမာဒ တရားကြောင့် ခြေချော်လက်ချော် ဖြစ်ပြီး ဘဝရဲ့ အဆင်းလမ်း အယုတ်လမ်းကို လျှောကျ ပျက်စီးသွားရပုံ ဥပမာ တစ်ခုပါ။

ရွှေတောင်တက် ခရီးအတွက် ဘဝရဲ့ ရည်မှန်းချက်ကြီးတွေ တည်ဆောက်ကြတဲ့ နေရာမှာ 'ဒဿန' ဆိုတဲ့ ဉာဏ်အမြင် ရဖို့က ပိုပြီး အရေးကြီးပါတယ်။

အကြောင်းကြောင်းကြောင့် ဘဝမှာ ယုတ်ညံ့တဲ့ အဖြစ်၊ နိမ့်ကျတဲ့ အဖြစ်ကို ရောက်နေရပေမယ့် ဆန်းကြယ်တဲ့ ကံအလှည့် ကြုံတဲ့အခါ မမျှော်လင့်ဘဲနှင့်လည်း အမြင့်တန်း အမြတ်တန်းကို ရောက်သွားတာမျိုးလည်း ရှိတတ်ပါတယ်။ လောကမှာ ရည်မှန်းတာက တခြား၊ ဖြစ်လာတာ တခြား အဖြစ်မျိုးလည်း များစွာပဲ ရှိတတ်ပါတယ်။

## မဟာဇနက မင်း၏ ဥဒါန်း စကား

ဒီလို ဖြစ်တတ်ပုံကို မြတ်စွာဘုရားဟာ မဟာဇနက ဇာတ်တော်မှာ ဟောကြားတော်မူပါတယ်။ မဟာဇနက မင်းကြီးရဲ့ ဥဒါန်းဂါထာ * မှာ ...

'အမတ်တို့၊ ဤလောက၌ လူတို့၏ အလိုဆန္ဒသည် ကြံလျက်နှင့် ပျက်တတ်၏၊ မကြံဘဲလည်း ဖြစ်တတ်၏၊ ငါသည်လည်း ယခုကဲ့သို့ ဖုဿ ရထားဆိုက်၍ ပြည့်စည်းစိမ်ကို အလွယ်တကူ သိမ်းယူ စိုးမြန်းမည်ဟု တစိုးတစိမျှ အကြံမရှိ၊ သုဝဏ္ဏဘူမိသို့ သွား၍ ကုန်ပြုသဖြင့် ဥစ္စာ ပြန့်ပွားများမြင့် ကြီးကျယ်သော အခါ ဥစ္စာဖြင့် ဖြားယောင်း၍ တစ်ပြည် တစ်နိုင်ငံကို လက်နက်ပြုလျက် အလုံးအရင်း ကြီးစွာနှင့် တိုက်ယူမှ ငါ့ခမည်းတော် ဥစ္စာဖြစ်သော ဤပြည်ကို သိမ်းမြန်းနိုင်အံ့ ဟူ၍သာ ငါ အကြံရှိသည်၊ ထိုအကြံကား ပျက်ခဲ့၍ မကြံဘဲ ပင်လယ်၌ နစ်ရာ အရပ်မှ နတ်သမီး ဆောင်ပို့သဖြင့် မြို့ဥယျာဉ် ကျောက်ဖျာ၌ ငါ နံ့ခွေမျဉ်းညောင်း၍ လျောင်းစက်ရာတွင်းမှာ ဖုဿ ရထား ဆိုက်လာလျှင် အကြိုက်သင့် လိုရင်းသို့ ခဏချင်း အလျင်အမြန် မကြံဘဲ ငါရောက်၍ ပြီးမြောက်တော်မူသည်၊ ငါသည်လည်း မဟုတ်၊ ဤလောက၌ အကြင် ယောက်ျား မိန်းမတို့သည် မင်း ဖြစ်ခြင်းငှာ၊ မိဖုရား ဖြစ်ခြင်းငှာ၊ သူဌေး သူကြွယ် ဖြစ်ခြင်းငှာ စသည်ဖြင့် မိမိတို့ ဆန္ဒသွားရာ အသီးသီး ကြံကြကုန်သည်ချည်းပင်တည်း၊ ယင်းသို့ ကြံကြသော်လည်း ကြံတိုင်း မမြောက်သည်သာ များရာ၏၊ ထို့ကြောင့် လုံ့လ ဟူသည်ကို ကောင်းစွာ အားထုတ်အပ်လှ၏' တဲ့။

---

** မဟာဇနက ဇာတ်တော်ကြီး ဝတ္ထု၊ မင်းပူး ဆရာတော် ဦးဩဘာသ၊ (တင်ဆွေအေး)၊ စာ ၈၄*

ဒါဟာ ဘုရားဟော တရားပါ။ လောကမှာ အလွန် နက်နဲတဲ့ ကံသတ္တိဆိုတာ ရှိတယ်။ ကံကို နားလည် သဘောပေါက်မှသာ လောကကို ဟုတ်တိုင်းမှန်စွာ သိမြင်တဲ့ ဒဿန အမြင်ကို ရနိုင်တယ်။ ကံ၏သတ္တိ သိမှသာ လောကရဲ့ ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို နားလည်နိုင်ပုံ အကျယ်ကို နောက်ပိုင်းမှာ ပြောပါဦးမယ်။

ဒီမှာတော့ လူဟာ လောကမှာ ဘယ်လို ကံအကျိုး ပေးမှုမျိုးနှင့်ပဲ ကြုံကြုံ ဉာဏ်နှင့် ဝီရိယကို အသုံးပြုပြီး မိမိရဲ့ ဘဝ ရည်မှန်းချက်ကြီးကို အမြင့်တန်းစား အမြတ်တန်းစား ဖြစ်အောင် အားထုတ်သင့်ပုံ သာဓက တစ်ခုကို ပြောပြချင်သေးတယ်။ ဒါဟာလည်း ရာမာကရစ်ရှနာ ပုံပြင်ထဲက ပုံဝတ္ထု တစ်ခုပါပဲ။

## အယုတ်လမ်းမှ အမြတ်လမ်းသို့

တစ်ခါတုန်းက သူခိုး တစ်ယောက်ဟာ ည တစ်ညမှာ နန်းတော်ကို ဝင်ပြီး ခိုးတယ်။ သူဟာ ဘုရင်နှင့် မိဖုရား အိပ်ဆောင်နား ရောက်တော့ အတွင်းက စကားပြောနေတဲ့ အသံကို ကြားရတယ်။

ဘုရင်နှင့် မိဖုရားဟာ မိမိတို့မှာ သားယောကျ်ား နန်းလျာ မရှိတဲ့ အတွက် ဂင်္ဂါမြစ်ကမ်းမှာ တရား အားထုတ်နေကြတဲ့ ပညာရှိ ရသေ့တစ်ပါးနှင့် သမီးတော်ကို ထိမ်းမြားပြီး နန်းလျာထားဖို့ တိုင်ပင်နေကြတာကိုး။

ဒီစကားကို ကြားတဲ့အခါ သူခိုး စဉ်းစားတယ်။

'ငါဟာ အန္တရာယ် များလှတဲ့ ဒီသူခိုး အလုပ်ကို လုပ်နေရတာ တစ်နေ့ မမိ တစ်နေ့ မိမှာပဲ၊ မိရင် မင်းပြစ်မင်းဒဏ် ရပြီး ငါ အကျိုးနည်းမှာ မုချဖြစ်တယ်၊ တကယ်လို့ မနက်ဖြန်က စပြီး ဂင်္ဂါမြစ်ကမ်းမှာ ငါ ရသေ့ရဟန်းယောင် ဆောင်ပြီး နေရင် ဘုရင့် သမီးတော်ကို ရကောင်းရဦးမယ်၊ ကံကောင်းထောက်မလို့ ဘုရင့် သမီးတော်ကို ငါ ရရင် ငါ့တစ်သက်မှာ ဆင်းရဲခြင်း၊ ငြိုငြင်ခြင်း ကင်းတော့မယ်'

ဒီအကြံရတာနှင့် ချက်ချင်း သူခိုးဟာ စိတ်ကို ဆုံးဖြတ်ချက်ချပြီး နောက်တစ်နေ့ နံနက်က စပြီး ကမ်းနဖူးမှာ သူတော်ကောင်းယောင် ဆောင်နေတယ်တဲ့။

မကြာခင်မှာပဲ နန်းတော်ကြီးက မှူးကြီးမတ်ရာများ ရောက်လာပြီး ဘုရင့် သမီးတော်ကို သိမ်းမြန်းရန် အကြီးဆုံး ရသေ့ကို လျှောက်ထား တောင်းပန်ကြတယ်။ သူတော်ကောင်း ရသေ့ဟာ ဃရာဝါသ အမှုကို ဘယ်လက်ခံမလဲ။ သူတို့က လူ့ဘောင်ကို စက်ဆုပ်လို့ တောထွက်လာကြတဲ့ ဥစ္စာ။ သူတော်ကောင်း အစစ်အမှန် ရသေ့တွေက ဘုရင်ကြီးရဲ့ သမီးတော်ကို တစ်ယောက်မှ လက်မခံကြပါဘူး။ ဒီလိုနှင့် နောက်ဆုံးမတော့ သူခိုး ရသေ့ဆီ ရောက်လာကြတာပေါ့။

မှူးမတ်တွေက အကျိုးအကြောင်း ပြောပြီး လျှောက်ထားကြတော့ သူက မငြင်းဘူး၊ တုဏှိဘာဝေ ဆိတ်ဆိတ်နေပြီး လက်ခံလိုက်တယ်တဲ့။

မှူးမတ်များလည်း ဝမ်းသာအားရ နန်းတော်ကြီးကို ပြန်သွားပြီး နောက်တစ်နေ့မှာ သူခိုးရသေ့ကို အခမ်းအနားကြီးနှင့် နန်းတော်ကို ဆောင်ယူဖို့ သွားကြတယ်။

ဒီလို အံ့ဘနန်း ကြီးကျယ် ခမ်းနားတဲ့ အခြင်းအရာကို မြင်တွေ့လိုက်ရတဲ့ အခါမှာတော့ သူခိုးရသေ့ရဲ့ စိတ်ထဲမှာ အတွေး တစ်ခု ပေါ်လာတယ်။

'ကြည့်စမ်း၊ ငါဟာ တိုင်းပြည်မှာ အခြေမဲ့ အနေမဲ့ အကျင့်ပျက်တဲ့ အယုတ်သူခိုး ဖြစ်တယ်၊ သို့သော် ဒီလျှော်တေသင်္ကန်းကို ဆင်မြန်းပြီး သူတော်ကောင်းယောင် ဆောင်ရုံမျှနှင့် တိုင်းပြည်ရဲ့ အထွတ်အထိပ် ဘုရင့် သမီးတော်ကို ငါ့အား ဆောင်နှင်းဖို့ ခုသူတို့ ရောက်လာကြတယ်၊ အင်း တကယ်လို့သာ ငါဟာ ယုတ်မာကောက်ကျစ်တဲ့ အကျင့်ကို စွန့်ပြီး သူတော်ကောင်းတရားကို ယုံကြည်ချက် သဒ္ဓါနှင့် ဂျင့်ကြံ အားထုတ်မယ်ဆိုရင် လူတွေဟာ ဘယ်လောက် ငါ့ကို ကြည်ညိုလေးစား လိုက်ကြမလဲ' လို့ ကြံစည်မိပြီး တော်ပြီ ဒီနေ့ကစ၍ ငါဟာ မွန်မြတ်တဲ့ သူတော်ကောင်းတရားကိုပဲ အားထုတ်တော့မယ်လို့ သူ့စိတ်ကို တုံးတုံးချ ဆုံးဖြတ်ပစ်လိုက်တယ်။

နောက်နေ့ ဘုရင်ကိုယ်တိုင် သမီးတော်ကို လာရောက် အပ်နှင်းတဲ့ အခါမှာတော့ ဘဝ ရည်မှန်းချက် ပြောင်းလဲသွားပြီ ဖြစ်တဲ့ သူခိုးရသေ့က

'မင်းကြီး ငါဟာ ယခုခဏမှာပင် ကာမစ္ဆန္ဒ နီဝရဏတို့ကို အပြီးတိုင် သုတ်သင်ပြီးပြီ၊ သည်းခံတော့' လို့ ဆိုပြီး ငြင်းပစ်လိုက်တော့တယ်။

ရှင်ဘုရင်နှင့် တကွ ပရိသတ်ကြီးဟာလည်း အတုအယောင် ဘဝက အစစ်အမှန် ဖြစ်သွားတဲ့ ရသေ့သူမြတ်ကို ပိုပြီး ကြည်ညို သွားကြတာပေါ့။

ဒီရသေ့ရဲ့ ပြောင်းလဲ ဖြစ်ပေါ်လာတဲ့ စိတ်သဘာဝမျိုးကို ဘုရားက 'ယောနိသော မနသိကာရ' လို့ ခေါ်တော်မူတယ်။ ယောနိသော မနသိကာရ ဆိုတာကို တော့ အသင့်အတင့် နှလုံးသွင်းခြင်းလို့ နားလည်နိုင်ပါတယ်။

အသင့်အတင့် နှလုံး့သွင်းခြင်း ဆိုတာက ဘာကို ပြောတာလဲ ဆိုတော့ 'လောကမှာ တွေ့ကြုံ ဖြစ်ပေါ်လာသမျှ အကြောင်းကိစ္စ မှန်သမျှကို အကောင်းဘက် အမြင့်ဘက် အမြတ်ဘက်ကို ရောက်အောင် လှည့်ပြီး စဉ်းစား တွေးခေါ်နိုင်ခြင်း သဘော' * ပါပဲ။

ဘုရား ဟောတော် မူပုံကတော့

'ချစ်သားတို့ မဖြစ်ပွားသေးတဲ့ ကုသိုလ်တရားတွေ ဖြစ်ပွားစေမှု၊ ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေ လျော့ပါးစေဖို့ အတွက် ယောနိသော မနသိကာရ မှတစ်ပါး တခြားသော တရားကို ငါဘုရား မမြင်၊ ချစ်သားတို့ ယောနိသော မနသိကာရ

-----------------------

* *ယောနိသော မနသိကာရ၊ ဦးကောသလ္လ (ဘီအေ)၊ သာသနာ့ရောင်ခြည်၊ အတွဲ ၁၁၊ အမှတ် ၂*

သည်သာ ကြီးမားသော အကျိုးစီးပွား ရရန် အလို့ငှာ ဖြစ်တယ်' ** တဲ့။

အသင့်အတင့် နှလုံး သွင်းတတ်မှုဟာ ဘဝမှာ ကြီးမားတဲ့ အကျိုးစီးပွား ရဖို့ အဓိက အကြောင်း ဖြစ်တယ် ဆိုတဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမကိုလည်း ရင်တွင်း နှလုံးသားမှာ စွဲမှတ်ထားသင့်ပါတယ်။

ဘဝရဲ့ ရွှေတောင်တက် ခရီး အတွက် ရည်မှန်းချက်ကြီးတွေ ချမှတ်ကြတဲ့ အခါ အသင့်အတင့် နှလုံးသွင်းတတ်မှု (ယောနိသော မနသိကာရ) ဟာ အဓိက သော့ချက်ပဲလို့ မြတ်ဗုဒ္ဓ ဟောကြားတော် မူခဲ့တဲ့ ဒီတရားကို ရွှေတောင်တက်သမား တိုင်းဟာ အစဉ် နှလုံးထားပြီး ဘဝရဲ့ အရေးအခင်းတွေကို နားလည်သိမြင်အောင် အသိမှန်ပြီး အကျင့်မှန်အောင် ဆက်လက် ကြိုးပမ်းကြစေချင်ပါတယ်။

❑

---

* အင်္ဂုတ္တရ နိကာယ ပါဠိတော်၊ ဧက နိပါတ်၊ ပမာဒါဒိဝဂ်၊ စာ ၁၅၁

# ကဏ္ဍ [နှစ်]

## မျက်ကန်း တောင်တက် အကျိုးပျက်

- ဘဝ တန်ဖိုးရှာ အတွေးအမြင်
- ဘာကို ယုံရ မှာလဲ
- မှားမှန်း သိလျှင် စွန့်

## ဘဝ တန်ဖိုးရှာ အတွေး အမြင်

အမြင်ကင်းငြား   သူကန်းများတို့
သူ့ထက်ငါသာ   တောင်တက်ပါလည်း
တစ်ခါတစ်ခေါက်   တစ်ယောက်တလေ
ရောက်ဖို့နေနေ   မသေရုံမျှ
နည်းပါးလှ၏။

(ကြခတ်ဝိုင်း ဆရာတော်) *

'ရွှေတောင်တက် ဒဿန' ဆိုတာ အမြင့်ဆုံး အမြတ်ဆုံး ဖြစ်တဲ့ ဘဝရဲ့ အထွတ်အထိပ်ကို တက်လှမ်းလိုသူများ အတွက် လမ်းပြတဲ့ အတွေးအမြင်လို့ ဆိုပါမယ်။

မျက်စိအမြင် မရှိတဲ့ သူကန်းတွေအဖို့ ကူညီ လမ်းပြမည့်သူ၊ တွဲခေါ်မည့်သူလည်း မရှိဘဲနှင့် တောင်တက်ခရီးကို စမ်းတဝါးဝါး သွားရင် တစ်ခါ တစ်ခေါက် တစ်ယောက်တလေမျှပင် တောင်ထိပ်ကို ရောက်မှာ မဟုတ်ပါဘူး။ အသက်မသေရုံသေဘေး မကြုံရင်ဘဲ တော်လှပါပြီလို့ ကြခတ်ဝိုင်း ဆရာတော်ဘုရား စပ်ဆိုထားတဲ့ အထက်ပါ လင်္ကာကလေးဟာ မှန်ကန်လှပါတယ်။

ဒီနည်းအတူပဲ ဘဝရဲ့ အမြင့်စခန်း အမြတ်စခန်းကို တက်လှမ်းကြဖို့ အတွက် လမ်းပြရာမှာ လမ်းညွှန် သဘောတရားက မှားယွင်း နေပြန်ရင်လည်း လမ်းလွဲလမ်းမှား (အယူမှား) ကို ပြရာကျတဲ့ အတွက် ပိုပြီးတောင် အန္တရာယ် များနိုင်ပါတယ်။

အတွေးအမြင်မှန်မှ လုပ်နည်းလုပ်ဟန် မှန်တယ်ဆိုတဲ့ စကားလည်း ရှိပါတယ်။

ရှင် မဟာရဋ္ဌသာရအကျော် ဆရာတော်ရဲ့ ဆုံးမစာမှာလည်း သတိပေးထားတဲ့ မှတ်သားဖွယ် စကား ဟစ်ခု ရှိပါတယ်။

ဆရာတော် ဆုံးမထားတာကတော့

**'ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး သူတော်ထုံးကို၊ စွဲသုံးသော်ထွေ၊ မှန်လှစေ'** ** လို့ ဆိုပါတယ်။

လောက အကျိုးစီးပွားကို လိုလားတဲ့ သူတော်ကောင်း တရား နှလုံးထားသူ

---

** ရွှေဟင်္သာ ဆရာတော်၏ ထေရုပ္ပတ္တိ၊ ကြခတ်ဝိုင်း ဆရာတော်*

*** ဆုံးမစာများ (စာပေလောက)၊ ၁၉၈၅*

တိုင်းဟာ ရှင်မဟာရဋ္ဌသာရ ဆရာတော်ရဲ့ ဩဝါဒကို ဦးထိပ်ပန်ဆင် ထားသင့်တယ်လို့ ထင်ပါတယ်။

ဒီနေရာမှာ အနောက်တိုင်းက ဒဿန ပညာရှင် တစ်ဦး ဖြစ်တဲ့ ပါမောက္ခ နော့သရော့ ရဲ့ စကား တစ်ခုကို သတိရပါတယ်။ ပါမောက္ခ နော့သရော့ ပြောတာက ဒီလိုပါ။

'ကျုပ်တို့ဟာ လူ့တန်ဖိုးဆိုတဲ့ စကားကို ပြောဆို နေကြရာမှာ ဒီစကားလုံးရဲ့ အဓိပ္ပာယ်ကို နားလည်တယ်လို့ ထင်ပြီး ပြောဆို နေကြတာဟာ ပထမ မှားယွင်းမှု ပါပဲ' တဲ့။

ဒီအမှားကြောင့် လူ့လောကမှာ အယူဝါဒ ပဋိပက္ခတွေ ဖြစ်ပေါ်လာရတယ်တဲ့။ ဒီအတွေးအမြင် အယူဝါဒချင်း ပဋိပက္ခဟာ အဏုမြူဗုံး ထက်တောင်မှ လူ့လောက အတွက် အန္တရာယ် ကြီးပါသေးတယ်တဲ့။ နောက်ဆုံး အဏုမြူဗုံးတွေကို အသုံးပြုပြီး လူ့ယဉ်ကျေးမှုကြီး တစ်ခုလုံးကို ပျက်စီးအောင် လုပ်ကြပြီ ဆိုပါစို့။ အဲဒီလို လုပ်တာဟာလည်း တခြားကြောင့် မဟုတ်ဘူး။ ဝါဒ သဘောထားချင်း ညီညွတ်အောင် မလုပ်နိုင်ကြတဲ့ အတွက်သာ ဖြစ်ပါတယ်တဲ့။ မျက်မှောက် ကမ္ဘာကြီး ရင်ဆိုင်နေရတဲ့ အခြေခံ ပြဿနာဟာလည်း အယူဝါဒချင်း ပဋိပက္ခ ဖြစ်နေတဲ့ ပြဿနာပါပဲ * လို့ သူက သုံးသပ်ပြပါတယ်။

ဒါကို ကြည့်ရင် အတွေးအမြင် (ဒဿန) တစ်ရပ်ဟာ လူ့လောကကို ဘယ်လောက် ကောင်းကျိုး ဆိုးကျိုး ပြုနိုင်တယ်ဆိုတာ သတိထားမိကြမှာပါ။

အမြင့်ဆုံး အမြတ်ဆုံး ဘဝကို ရည်မှန်းထားတဲ့ ဒီရွှေတောင်တက် ဒဿနဟာ အမှန်အားဖြင့် လူ့ဘဝရဲ့ တန်ဖိုးကို ရှာဖွေစူးစမ်းတဲ့ အတွေးအမြင် တစ်ရပ်ပဲ ဖြစ်ပါတယ်။

လူ့ဘဝခရီးကို လျှောက်လှမ်းကြရာမှာ တချို့သော လူတွေဟာ (အထူးသဖြင့် ဖွံ့ဖြိုးဆဲ လူမျိုးတွေဟာ) ဘဝအတွက် တိကျတဲ့ အတွေးအမြင် မရှိဘဲ စမ်းတဝါးဝါး လျှောက်တတ်ကြပါတယ်။ တိုးတက် ကြီးပွား နေကြတဲ့ လူမျိုးတွေ မှာတော့ (မှန်တာ မှားတာ အပထား) လောကီ ဘဝ အတွက် လမ်းညွှန် သဘောတရားတွေ သူတို့မှာ ရှိကြပါတယ်။

လောကီ လမ်းညွှန် သဘောတရား (ဒဿန) ဆိုရာမှာ လူတစ်မျိုးလုံး တစ်နိုင်ငံလုံးနှင့် ဆိုင်တဲ့ သဘောတရားလည်း ရှိပါတယ်။ လူတစ်ဦးချင်းရဲ့ ဘဝ လမ်းညွှန် သဘောတရား ဆိုတာလည်း ရှိပါတယ်။

လူမှာ မိမိဘဝ အတွက် တိကျ ခိုင်မာတဲ့ လမ်းညွှန် သဘောတရား မရှိခဲ့ရင်

---

* *The Logic of the Science and the Humanities: F.S.C. Northrop (Meridian Book) p 348*

ဖြစ်တတ်ပုံကို ကြခတ်ဝိုင်း ဆရာတော် ရေးသားထားတဲ့ အောက်ပါ လင်္ကာကလေး ဟာလည်း မှတ်သားထားဖို့ ကောင်းလှပါတယ်။ ကဗျာကလေးကတော့

'သိုက်စာမပါ သိုက်တူးလာသို့
ချိန်သာကုန်ခန်း လူလည်းပန်းလျက်
ညှိုးနွမ်းမျက်နှာ မသက်သာဘဲ
ဥစ္စာရရေး တူးရင်း ဝေး၏' လို့ ဆိုပါတယ်။

ဒါဟာ လူ့ဘဝမှာ ဖြစ်တတ်တဲ့ သဘောပါပဲ။ ဘဝ ခရီးမှာလည်း အညွှန်း သဘော ဆိုတာ လိုအပ်ပါတယ်။

ရွှေတောင်တက် ဒဿနဟာ လူတစ်ဦးချင်း အတွက် ဘဝ တိုးတက်ရေး အတွေးအမြင်မျှသာ ဖြစ်ပါတယ်။ တစ်တိုင်း တစ်ပြည် တစ်နိုင်ငံလုံးနှင့် ဆိုင်တဲ့ ကျယ်ဝန်းတဲ့ အတွေးအမြင်တော့ မဟုတ်ပါဘူး။

တစ်ဦး တစ်ယောက်စီနှင့် ဆိုင်တဲ့ အတွေးအမြင်ပဲ ဖြစ်ဖြစ် ဒီအတွေးအမြင် ဟာ လူတစ်ဦးရဲ့ ဘဝကို လမ်းညွှန်ပြတဲ့ အခါ လမ်းမှားကို ချွတ်ချော် တိမ်းပါး သွားအောင် ညွှန်ပြတဲ့ သိုက်စာ အမှားကြီး မဖြစ်ဖို့ဟာ ပိုပြီး အရေးကြီးတယ်လို့ ထင်ပါတယ်။

အယူအဆ မှန်ကန်လို့ ရှိရင် ဝိဝါဒ ကွဲစရာ အကြောင်း ရှိမယ်လို့ မထင်ပါ။ ဘာဖြစ်လို့လဲ ဆိုတော့ မြတ်ဗုဒ္ဓ ဟောကြားတဲ့ တရားတွေကို ဖတ်ရသူ (လေ့လာ ရသူ) အပေါင်းမှာ ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာ ကင်းကြရပါတယ်။ ယုံမှား ပျောက်ကင်း သွားတဲ့အတွက် နောက်ထပ် ဘာမှ ဝိဝါဒအကြွင်း မကျန်နိုင်တော့ပါဘူး။ ဒါကြောင့် ဒီနေရာမှာလည်း မြတ်ဗုဒ္ဓရဲ့ ဒေသနာကိုပဲ အားထားပြီး ဆိုချင်ပါတယ်။

## ဘာကို ယုံရ မှာလဲ

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ ဝေသာလီပြည် မဟာဝုန် တောက ပြာသာဒ် ကျောင်းမှာ သီတင်း သုံးနေခိုက်မှာ ဘဒ္ဒိယ အမည်ရှိတဲ့ လိစ္ဆဝီမင်းဟာ မြတ်စွာ ဘုရားထံ ချဉ်းကပ်လာပြီး လျှောက်ထား မေးမြန်းပါတယ်။

'အရှင်မြတ်ဘုရား၊ ရဟန်း ဂေါတမဟာ သူတစ်ပါးကို လှည့်ပတ်တတ်တယ်၊ မိမိဘက်ကို ပါအောင် ဆွဲဆောင် စည်းရုံးတတ်တဲ့ အာဝဋ္ဋနီ မာယာကို တတ်သိ တယ်၊ အယူတစ်ပါး ရှိတဲ့ တိတ္ထိတွေရဲ့ တပည့်တွေကို အဲဒီမာယာနှင့် လှည့်ပတ် ဆွဲယူနေတယ်လို့ တပည့်တော် ကြားရပါတယ်၊ ဒီစကားဟာ မြတ်စွာဘုရားကို စွပ်စွဲရာ မကျဘူးလား ဘုရား၊ သူတို့ ပြောဆို စွပ်စွဲ နေကြတာဟာ မြတ်စွာဘုရား ဟောတဲ့ တရားအတိုင်း တစ်ဆင့် ဟောကြားကြတာပဲ ဟုတ်ပါရဲ့လား၊ မူရင်း စကားနှင့် တစ်ဆင့်စကားဟာ ကွဲပြား ခြားနားမှု ရှိပြီး ကဲ့ရဲ့ဖွယ်အကြောင်း လုံးဝ

ကင်းတယ်လို့ ဆိုနိုင်ပါ့မလား ဘုရား၊ တပည့်တော်တို့ကတော့ မြတ်စွာဘုရားကို စွပ်စွဲတာကို မခံနိုင်ဘူး ဘုရား' လို့ လျှောက်ထားပါတယ်။

ပါဠိတော်မှာ ဘဒ္ဒိယ လျှောက်ထားတဲ့ စကားကို ခေတ်လူငယ်များ နားလည်လွယ်အောင် ခေတ်သုံးစကားနှင့် ပြန်ရေးလိုက်တာပါ။

ဒီအခါ မြတ်စွာဘုရားက ဘယ်လို မိန့်ကြားသလဲ ဆိုတော့-

'ဘဒ္ဒိယ လာပါ၊ သူတစ်ပါး ပြောသံကြားစကားကို ဟုတ်တယ် မှန်တယ်လို့ မယူပါနှင့်' တဲ့။

'ပြီးတော့ အစဉ်အဆက် ပြောရိုးပြောစဉ် ရှိကြတဲ့ စကားတွေကိုလည်း အဟုတ်အမှန်ချည်းပဲလို့ မယူပါနှင့်' တဲ့။

'ဒီလို ဖြစ်ဖူးတယ်၊ ထုံးရှိတယ် ဆိုပြီး ပြောတဲ့ စကားတိုင်းကိုလည်း ဟုတ်ပြီ မှန်ပြီလို့ မယူပါနှင့်' တဲ့။

'ပိဋကတ် စာပေနှင့် ကိုက်ညီတဲ့စကား ဖြစ်တိုင်းလည်း အဟုတ်အမှန်ချည်းသာ ဖြစ်တယ်လို့ မမှတ်နှင့်' တဲ့။

'ကိုယ့်ဘာသာ ကြံဆတွေးတောလို့ သဘောကျတိုင်းလည်း ဟုတ်လှပြီ မှန်လှပြီလို့ မယူပါနှင့်' တဲ့။

'သူတစ်ပါး လုပ်ပုံလုပ်နည်းကို နည်းယူပြီး ပြောဆိုတာကိုလည်း အဟုတ်အမှန် ဖြစ်တယ်လို့ မယူပါနှင့်' တဲ့။

'ဒီစကားကတော့ မှတ်သားဖို့ ကောင်းတဲ့ စကားပဲ ဆိုပြီးလည်း ဒီစကားကို ဟုတ်တယ် မှန်တယ်လို့ မမှတ်ပါနှင့်' တဲ့။

'ငါတို့ လေးစား အားကိုးထိုက်တဲ့ ဆရာ ရဟန်းတို့ရဲ့ စကားပဲ ယုံရမှာပေါ့ ဆိုပြီးတော့လည်း ဟုတ်တယ် မှန်တယ်လို့ မမှတ်နှင့်' တဲ့။

'ဒါကြောင့် ဘယ်တရား ဘယ်စကားကိုပဲ ဖြစ်ဖြစ် ဒီတရားဟာ အကုသိုလ်တရား ဖြစ်တယ်၊ ဒီတရားကတော့ အပြစ်ရှိတဲ့ တရား ဖြစ်တယ်၊ ဤတရားဟာ ပညာရှိတို့ ကဲ့ရဲ့အပ်တဲ့ တရား ဖြစ်တယ်၊ ဒီတရားကို လိုက်နာ ကျင့်သုံးရင်ဖြင့် အကျိုးမဲ့ အစီးအပွားမဲ့ခြင်းကိုသာ ရရှိလိမ့်မယ်လို့ သင်တို့ကိုယ်တိုင် တိတိကျကျ သိတဲ့အခါ အဲဒီတရားကို စွန့်ပယ်သင့်တယ် မဟုတ်လား' တဲ့။

ဘုရား ဆုံးမညွှန်ပြတဲ့ ဒီစကားဟာ ဘဒ္ဒိယကို ဘဝင်ကျ သွားစေပါတယ်။ ဘဝင်ကျ သွားစေတယ် ဆိုတာက ဘဒ္ဒိယမှာ နောက်ထပ် အတိုက်အခံ ပြောစရာ စကား မရှိတော့ဘူးလို့ ပြောတာပါ။ သူ့ရင်ထဲမှာ ဒွိဟ သံသယ ရှင်းသွားတယ်လို့ ဆိုလိုပါတယ်။

ဒီအခါ ဗုဒ္ဓက ထပ်ပြီး မေးပြန်ပါတယ်။

'ဘဒ္ဒိယ ဒီစကားကို သင် ဘယ်လို ထင်ပါသလဲ၊ သတ္တဝါတို့ရဲ့ ကိုယ်တွင်းမှာ လောဘဆိုတဲ့ တပ်မက်ခြင်းစိတ် ဖြစ်ခြင်းဟာ ကောင်းကျိုးကို ပေးသလား၊

မကောင်းကျိုးကို ပေးသလား၊ (အစီးအပွား ရှိဖို့ ဖြစ်သလား၊ အစီးအပွား မဲ့ဖို့ ဖြစ်သလား)' တဲ့။

ဒီအမေးကို 'အစီးအပွား မဲ့ဖို့သာ ဖြစ်ပါတယ် ဘုရား' လို့ ဘဒ္ဒိယက ဖြေပါတယ်။ ဒီအခါ မြတ်ဗုဒ္ဓက

'ဘဒ္ဒိယ၊ တပ်မက်တဲ့ ပုဂ္ဂိုလ်ဟာ တပ်မက်ခြင်း လောဘ နှိပ်စက်အပ်သိမ်းယူအပ်တဲ့စိတ် ရှိတဲ့အတွက် သူတစ်ပါး အသက်ကိုလည်း သတ်တယ်၊ မပေးတဲ့ ပစ္စည်းကိုလည်း ခိုးယူတယ်၊ သူတစ်ပါး မယားကိုလည်း သွားလာတယ်၊ မဟုတ်မမှန်တဲ့ စကားကိုလည်း ဆိုတယ်၊ သူတစ်ပါးကိုလည်း ဒီလို ပြုမူဖို့ တိုက်တွန်းအားပေးတယ်၊ ဒီလို သူ့အသက် သတ်ခြင်းဟာ ထိုသူကို အချိန်ကြာမြင့်စွာ အကျိုးစီးပွား မဲ့ခြင်းငှာ၊ ဆင်းရဲခြင်းငှာ ဖြစ်နိုင်တယ် မဟုတ်လား' လို့ ထပ်ပြီး မေးပြန်ပါတယ်။ ဘဒ္ဒိယ အဖြေကတော့

'ဖြစ်နိုင်ပါတယ် အရှင်ဘုရား' တဲ့။

'ဘဒ္ဒိယ၊ ဒါဆိုရင် ဒီစကားကိုကော သင် ဘယ်လိုထင်သလဲ၊ သတ္တဝါတို့ရဲ့ကိုယ်တွင်းမှာ အမျက်ထွက်ခြင်း (ဒေါသ)၊ တွေဝေခြင်း (မောဟ)၊ ချုပ်ချယ်ခြင်း (သာရမ္ဘ) တရားတို့ ဖြစ်ပေါ် လာခြင်းဟာ အစီးအပွား ရှိဖို့ ဖြစ်သလား၊ အစီးအပွား မဲ့ဖို့ ဖြစ်သလား'

'အစီးအပွား မဲ့ဖို့သာ ဖြစ်ပါတယ် ဘုရား'

'ဘဒ္ဒိယ၊ ချုပ်ချယ်တဲ့ ပုဂ္ဂိုလ်ဟာ ချုပ်ချယ်ခြင်း (သာရမ္ဘ) တရား နှိပ်စက်သိမ်းယူအပ်တဲ့စိတ် ရှိလို့ရှိရင် သူ့ အသက်ကိုလည်း သတ်တယ်၊ မပေးတဲ့ ပစ္စည်းကိုလည်း ခိုးယူတယ်၊ သူ့သားမယားကိုလည်း သွားလာတယ်၊ မဟုတ်မမှန်တဲ့ စကားကိုလည်း ပြောတယ်၊ သူတစ်ပါးကိုလည်း သူ့နည်းတူ ပြုမူစေတယ်၊ ဒီလို သူ့အသက် သတ်ခြင်းဆိုတဲ့ အပြုအမူဟာ ထိုသူကို အချိန်ကြာမြင့်စွာ အကျိုးစီးပွား မဲ့ခြင်းငှာ ဆင်းရဲခြင်းငှာသာ ဖြစ်နိုင်တယ် မဟုတ်လား' လို့ ဘုရားက ထပ်မေးပြန်ပါတယ်။ ဘဒ္ဒိယကလည်း

'ဖြစ်နိုင်ပါတယ် အရှင်ဘုရား' လို့ပဲ ဖြေပါတယ်။

ဒီအခါ ဘုရားက ထပ်ဆင့်ပြီး မေးပါသေးတယ်။

'ဘဒ္ဒိယ၊ ဒါဆိုရင် ဒီစကားကိုကော သင်ဘယ်လို ထင်သလဲ၊ ဆိုခဲ့ပြီးတဲ့ တရားတွေဟာ ကုသိုလ် တရားတွေလား၊ အကုသိုလ် တရားတွေလား'

'အရှင်ဘုရား၊ အကုသိုလ် တရားတွေသာ ဖြစ်ပါတယ် ဘုရား' လို့ ဘဒ္ဒိယက ပြန်ဖြေတယ်။ ဒီအခါ ဘုရားက

'ဘဒ္ဒိယ၊ အဲဒီ တရားတွေဟာ အပြစ်ရှိတဲ့ တရားတွေလား၊ အပြစ်မဲ့တဲ့ တရားတွေလား' တဲ့။

ဘဒ္ဒိယလည်း ရှေးကလို ဖြစ်နိုင်ပါတယ်လို့ မတင်မကျ ဖြေလို့ မဖြစ်တော့

ပါဘူး။ သူဟာ တိကျတဲ့ အဖြေ တစ်ခုကို ပေးနိုင်ပါပြီ။ သူ့ဘဝင်ထဲမှာ ရှင်းနေပါပြီ။ ဒါကြောင့် ဘဒ္ဒိယဟာ တိတိကျကျ ဖြေလိုက်ပါတယ်။

'အပြစ်ရှိတဲ့ တရားတို့သာ ဖြစ်ပါတယ် ဘုရား' တဲ့။

'ဒါဆို အဲဒီ တရားတွေဟာ ပညာရှိတို့ ချီးမွမ်းအပ်တဲ့ တရားတွေလား၊ ပညာရှိတို့ ကဲ့ရဲ့အပ်တဲ့ တရားတွေလား' လို့ ဘုရားက ထပ်ဆင့် မေးခွန်း တစ်ခု ထုတ်လိုက်ပြန်တယ်။ ဒီမေးခွန်း အတွက်လည်း ဘဒ္ဒိယ ခေါင်းထဲမှာ ဒွိဟမကင်းတဲ့ အဖြေ မပေါ်တော့ပါဘူး။ သူ့ ခေါင်းထဲမှာရော ရင်ထဲမှာပါ အဖြေဟာ ပီပြင်ထင်ရှားနေပါပြီ။ ဒါကြောင့် နှုတ်မဆိတ်ခင်မှာဘဲ ဘဒ္ဒိယဟာ ချက်ချင်း အဖြေပေးလိုက်ပါတော့တယ်။

'ပညာရှိတို့ ကဲ့ရဲ့အပ်တဲ့ တရားတွေသာ ဖြစ်ကြပါတယ် အရှင်မြတ်ဘုရား'

ဘဒ္ဒိယ ဒီလို ဖြေလိုက်တဲ့ အခါ မြတ်စွာဘုရားဟာ ဘဒ္ဒိယရဲ့ ရင်တွင်း နှလုံးသားမှာ ပိုပြီး ရှင်းသွားအောင် နောက်ထပ် အမေးပုစ္ဆာ တစ်ခု ထုတ်ပြန်ပါတယ်။

'ဘဒ္ဒိယ၊ ဒီလိုဆိုရင် ဒီတရားတွေကို ပြည့်စုံစေခြင်း၊ ကောင်းစွာ ဆောက်တည်ခြင်း အမှုကို ပြုရင် အစီးအပွား မဲ့ခြင်းငှာ ဆင်းရဲခြင်းငှာ ဖြစ်စေသလား၊ ဒါမှမဟုတ် အစီးအပွား မဲ့ခြင်း၊ ဆင်းရဲခြင်းကို မဖြစ်စေဘူးလား၊ ဒီအချက်ကိုကော သင့်စိတ်ထဲမှာ ဘယ်လို အထင် ရှိသလဲ'

ဒီအချိန်မှာတော့ ဘဒ္ဒိယရဲ့ စိတ်ဟာ ရှေးကလို ဖြစ်နိုင်ပါတယ်၊ ဖြစ်ကောင်းဖြစ်မှာပဲလို့ ဒွိဟနှင့် မတင်မကျ ဖြစ်မနေတော့ပါဘူး။ ဒါကြောင့်လည်း သူဟာ ရဲရဲတင်းတင်းပဲ ဖြေလိုက်ပါတယ်။

'အစီးအပွား မဲ့ခြင်းငှာ ဆင်းရဲခြင်းငှာသာ ဖြစ်ပါတယ် အရှင်ဘုရား၊ တပည့်တော်ရဲ့ စိတ်ထဲမှာ ဒီအတိုင်းပဲ နားလည် သဘော ပေါက်ပါတယ်' လို့ ဆိုလိုက်ပါတယ်။

ဒီအခါ ဘဒ္ဒိယရဲ့ ရင်တွင်းမှာ ပိုပြီးခိုင်မာတဲ့ အယူဝါဒ ဖြစ်ပေါ်နိုင်ရေး အတွက် ထပ်ဆင့်ပြီး ဆုံးမတော် မူပြန်ပါတယ်။ ဘယ်လို ဆုံးမပါသလဲ ဆိုတော့

'ဘဒ္ဒိယ လာပါ၊ သင်တို့ဟာ သူတစ်ပါး ပြောသံ ကြားကာမျှကို ဟုတ်ပြီ မှန်ပြီလို့ အတည် မယူကြပါနှင့်၊ အစဉ်အဆက် ပြောရိုးထုံးစံ ရှိတဲ့ စကားတွေကိုလည်း အဟုတ်အမှန်တွေပဲလို့ အတည် မယူကြနှင့်၊ ရှေးကလည်း ဒီပုံဒီနည်း ဖြစ်ဖူးတာပဲ ဆိုတဲ့ စကားမျိုးကိုလည်း အဟုတ်အမှန်ပါပဲလို့ အတည် မယူကြနှင့်၊ ပိဋကတ် စာပေနှင့် ညီညွတ်တယ် ဆိုပြီးတော့လည်း ဟုတ်တယ် မှန်တယ်လို့ အတည် မယူကြနှင့်၊ ကြံဆ တွေးတော၍ ယူတာမျိုးကိုလည်း အဟုတ်အမှန် ဆိုပြီး အတည် မယူကြနှင့်၊ အခြင်းအရာကို ကြံစည် တွေးတော ပြီးတော့လည်း အဟုတ်ပဲ အမှန်ပဲလို့ အတည် မယူကြနှင့်၊ ငါတို့ လက်ခံထားတဲ့ အယူဝါဒနှင့် ကိုက်ညီတာပဲ ဆိုပြီးတော့လည်း ဟုတ်ပြီ မှန်ပြီလို့ အတည် မယူကြနှင့်၊ ဒါကတော့

မှတ်ယူထိုက်တဲ့ တရားပဲ ဆိုပြီး တော့လည်း ဟုတ်ပြီ မှန်ပြီလို့ အတည် မယူကြနှင့်၊ ငါတို့ လေးစားထိုက်တဲ့ ဆရာ ရဟန်းတို့ရဲ့ စကား ဖြစ်တာပဲ ဆိုပြီးတော့လည်း ဟုတ်ပြီ မှန်ပြီလို့ အတည် မယူကြနှင့်၊ ဒီတရားတို့ဟာ အပြစ်ရှိတဲ့ တရားတွေပဲ၊ ဒီတရားတွေဟာ ပညာရှိတို့ ကဲ့ရဲ့မယ့် တရားတွေပဲ၊ ဒီတရားတွေကို ပြည့်စုံစေအပ် ဆောက်တည်အပ်ရင်ဖြင့် အစီးအပွား မဲ့ခြင်း၊ ဆင်းရဲခြင်းကိုသာ ဖြစ်စေမှာပဲလို့ သင်တို့ကိုယ်တိုင် သိတဲ့အခါ ဒီလို တရားမျိုးကို ပယ်စွန့်သင့်တယ်လို့ ငါဆိုခဲ့တဲ့ စကားဟာ ဒီအချက်ကို အကြောင်းပြုပြီး ဆိုခဲ့ခြင်းသာ ဖြစ်တယ်။ ဒီလိုပဲ ...

'ဘဒ္ဒိယ၊ သင်တို့ဟာ သူတစ်ပါး ပြောသံ ကြားကာမျှကို ဟုတ်ပြီ မှန်ပြီလို့ အတည် မယူကြနှင့်၊ အစဉ်အဆက် ပြောရိုးထုံးစံ ရှိတဲ့ စကားတွေကိုလည်း အဟုတ် အမှန်တွေပဲလို့ အတည် မယူကြနှင့်၊ ရှေးကလည်း ဒီပုံဒီနည်း ဖြစ်ဖူးတာပဲ ဆိုတဲ့ စကားမျိုးကိုလည်း ဟုတ်ပြီ မှန်ပြီလို့ အတည် မယူကြနှင့်၊ ပိဋကတ်စာပေနှင့် ညီညွတ်တယ် ဆိုပြီးတော့လည်း ဟုတ်တယ် မှန်တယ်လို့ အတည် မယူကြနှင့်၊ ကြံဆ တွေးတောပြီး ယူတာမျိုးကိုလည်း ဟုတ်ပြီ မှန်ပြီလို့ အတည် မယူကြနှင့်၊ အခြင်းအရာကို ကြံစည် တွေးတောပြီးတော့လည်း ဟုတ်တာပဲ မှန်တာပဲလို့ အတည် မယူကြပါနှင့်၊ ငါတို့ လက်ခံထားတဲ့ အယူဝါဒနှင့် ကိုက်ညီတယ် ဆိုပြီးတော့လည်း ဟုတ်တယ် မှန်တယ်လို့ အတည် မယူကြနှင့်၊ ဒါကတော့ မှတ်ယူဖို့ ကောင်းတဲ့ တရားပဲ ဆိုပြီးတော့လည်း ဟုတ်ပြီ မှန်ပြီလို့ မယူဆကြနှင့်၊ ငါတို့ လေးစားထိုက်တဲ့ ဆရာ ရဟန်းတို့ ပြောဆိုတဲ့ စကားပဲ ဆိုပြီးတော့လည်း ဟုတ်တယ် မှန်တယ်လို့ မယူဆကြနှင့်၊ ဒီတရားတွေကတော့ ကုသိုလ် တရားတွေပဲ၊ ဒီတရားတွေကတော့ အပြစ်မဲ့တဲ့ တရားတွေပဲ၊ ဒီတရားတွေကတော့ ပညာရှိတို့ ချီးမွမ်းအပ်တဲ့ တရားတွေပဲ၊ ဒီတရားတွေကို ပြည်စုံစေအပ်၊ ဆောက်တည်အပ်လို့ ရှိရင်ဖြင့် အစီးအပွား ရှိဖို့ ချမ်းသာဖို့ ဖြစ်တယ်လို့ သင်တို့ကိုယ်တိုင် သိတဲ့အခါ အဲဒီ တရားတွေကို ပြည့်စုံအောင် ဆောက်တည်သင့်ပါတယ်'

ဒီလို အရာရာကို ကိုယ်တိုင် သဘောပေါက် နားလည် ဘဝင်ကျအောင် လုပ်ကြဖို့ ပြောဆို ဆုံးမပြီးတဲ့နောက် မြတ်စွာဘုရားဟာ ဘဒ္ဒိယကို ဒီလို မေးပြန်ပါတယ်။

'ဘဒ္ဒိယ၊ ခုပြောမယ့် စကားတွေကိုကော သင့်စိတ်မှာ ဘယ်လို ထင်သလဲ၊ သတ္တဝါတို့ရဲ့ အတွင်း စိတ်သန္တာန်မှာ မတပ်မက်တဲ့ (အလောဘ) သဘော ဖြစ်ပေါ်လာလို့ရှိရင် အစီးအပွား ရှိခြင်းငှာ ဖြစ်သလား၊ အစီးအပွား မဲ့ခြင်းငှာ ဖြစ်သလား' လို့ ဘုရားက မေးတဲ့အခါ

'အစီးအပွား ရှိခြင်းငှာ ဖြစ်ပါတယ် အရှင်ဘုရား' လို့ ဘဒ္ဒိယဟာ လျင်လျင်မြန်မြန်ပဲ အဖြေ ပေးလိုက်ပါတော့တယ်။ ဒီအခါ ဘုရားက

'ဘဒ္ဒိယ၊ ဒီလိုဆိုရင် မတပ်မက်တဲ့ ပုဂ္ဂိုလ်ဟာ (တပ်မက်ခြင်း လောဘရဲ့

နှိပ်စက်ခြင်း၊ သိမ်းယူခြင်း မရှိတဲ့စိတ် ရှိတဲ့အတွက်) သူ့ အသက်ကိုလည်း မသတ်ဘူး၊ သူ့ ဥစ္စာကိုလည်း မပေးဘဲ မယူဘူး၊ သူ့ သားမယားကိုလည်း မသွားမလာ၊ မဟုတ်မမှန်တဲ့ စကားကိုလည်း မဆို၊ သူတစ်ပါးကိုလည်း အဲဒီလို ပြုမူချင်အောင် မတိုက်တွန်းဘူး ဆိုရင် အဲဒီလို သူ့အသက်ကို မသတ်တဲ့လူဟာ ကြာမြင့်စွာသော ကာလပတ်လုံး အစီးအပွား ရှိခြင်း၊ ချမ်းသာခြင်းငှာ ဖြစ်နိုင်တယ် မဟုတ်လား'

ဘုရားရှင်ရဲ့ မေးခွန်း အဆုံးမှာ ချက်ချင်း တွေဝေခြင်း မရှိဘဲ ဘဒ္ဒိယက

'ဖြစ်နိုင်ပါတယ် အရှင်ဘုရား' လို့ ဖြေလိုက်ပါတယ်။ ဒီအခါ ဘဒ္ဒိယ ဖြေတဲ့ 'ဖြစ်နိုင်' ဆိုတဲ့ စကားဟာ ဒွိဟစကား မဟုတ်တော့ပါဘူး၊ အမှန်ပင် ဖြစ်ပါတယ် လို့ ဝန်ခံတဲ့ စကားသာ ဖြစ်ပါတော့တယ်။ ဘဒ္ဒိယ ဝန်ခံတဲ့ အခါ ဗုဒ္ဓမြတ်စွာက ထပ်ဆင့်ပြီး မေးမြန်းပါသေးတယ်။

'ဘဒ္ဒိယ၊ ဒီစကားကိုကော သင် ဘယ်သို့ ထင်သလဲ၊ အမျက် မထွက်ခြင်း၊ မတွေဝေခြင်း၊ မချုပ်ချယ်ခြင်းသည် သတ္တဝါရဲ့ အဇ္ဈတ္တ စိတ်သန္တာန်မှာ ဖြစ်ပေါ်လာရင် အစီးအပွား ဖြစ်ခြင်းငှာ ဖြစ်သလား၊ အစီးအပွား မဲ့ခြင်းငှာ ဖြစ်သလား'

'အစီးအပွား ရှိခြင်းငှာ ဖြစ်ပါတယ် အရှင်ဘုရား'

'ဘဒ္ဒိယ၊ မချုပ်ချယ်တဲ့ ပုဂ္ဂိုလ်ဟာ ချုပ်ချယ်ခြင်း (သာရမ္ဘတရား) မနှိပ်စက်အပ်၊ မသိမ်းယူအပ်တဲ့ အတွက် သူ့အသက်ကိုလည်း မသတ်ဘူး၊ မပေးတဲ့ ပစ္စည်းကိုလည်း မယူဘူး၊ သူ့သားမယားကိုလည်း မသွားလာဘူး၊ သူတစ်ပါးကိုလည်း ထိုအတိုင်းပြုဖို့ အတွက် မတိုက်တွန်းဘူး၊ ဒီလို အသက် မသတ်ခြင်း စတဲ့ အမှုဟာ ထိုသူ့ကို ကြာမြင့်စွာသော ကာလပတ်လုံး အစီးအပွား ရှိခြင်းငှာ ဖြစ်နိုင်သည် မဟုတ်လား'

'အစီးအပွား ဖြစ်ခြင်းငှာ ချမ်းသာခြင်းငှာ ဖြစ်နိုင်ပါမည် အရှင်ဘုရား'

'ဘဒ္ဒိယ၊ ဒါဆိုရင် ဒါကိုကော သင် ဘယ်လိုထင်သလဲ၊ ဒီတရားတွေဟာ ကုသိုလ် တရားတွေလား၊ အကုသိုလ် တရားတွေလား'

'ကုသိုလ် တရားတွေသာ ဖြစ်ပါတယ် အရှင်ဘုရား'

'ဒါဆို အပြစ်ရှိတဲ့ တရားတွေလား၊ အပြစ်မဲ့တဲ့ တရားတွေလား'

'အပြစ်မဲ့တဲ့ တရားတွေသာ ဖြစ်ပါတယ် ဘုရား'

'ဒါတွေဟာ ပညာရှိတို့ ကဲ့ရဲ့တဲ့ တရားတွေလား၊ ပညာရှိတို့ ချီးမွမ်းအပ်တဲ့ တရားတွေလား'

'ပညာရှိတို့ ချီးမွမ်းအပ်တဲ့ တရားတွေ ဖြစ်ပါတယ် ဘုရား'

'ဒီတရားတွေ ပြည့်စုံစေရင်ကော၊ ကောင်းစွာ ဆောက်တည်ရင်ကော စီးပွား ဖြစ်ဖို့ ချမ်းသာဖို့ ဖြစ်သလား၊ ဒါမှမဟုတ် မဖြစ်ဘူးလား'

'အရှင်ဘုရား၊ ဒီတရားတွေကို ပြည့်စုံစေရင်၊ ကောင်းစွာ ဆောက်တည်ရင် စီးပွားဖြစ်ဖို့ ချမ်းသာဖို့သာ ဖြစ်ပါတယ်၊ တပည့်တော် စိတ်ထဲမှာတော့ ဒီအတိုင်း

သာ နားလည်၍ သဘောကျပါတယ် ဘုရား' တဲ့။ ဒီလို ဘဒ္ဒိယဟာ (အလွန်တရာ မှန်ကန်လှတဲ့) ဗုဒ္ဓရဲ့ အတွေးအမြင် သဘောတရားတွေကို ကိုယ်တိုင် နားလည် သဘောပေါက်ပြီး ဘဝင်ကျသွားတဲ့ အခါကျတော့မှ မြတ်စွာဘုရားက

'ဘဒ္ဒိယ၊ သင်တို့ကိုယ်တိုင် သိတဲ့အခါ အစီးအပွား ရှိတဲ့၊ ချမ်းသာကြောင်း ဖြစ်တဲ့ ဒီတရားတွေကို ကျင့်ကြံ ဆောက်တည်ပြီး နေသင့်တယ်လို့ ငါဆိုတဲ့ စကားဟာ ဒီလို အကြောင်းတွေကြောင့် ဆိုခြင်းပဲ ဖြစ်တယ်လို့လည်း ညွှန်ပြတော် မူပါတယ်။

တရား စကား အဆုံးမှာတော့ ဘဒ္ဒိယ လိစ္ဆဝီ မင်းသားဟာ အလွန်တရာ ပီတိတွေ ဖြစ်ပြီး မြတ်စွာဘုရားကို လျှောက်ထားပါတော့တယ်။

'အရှင်မြတ်ဘုရား၊ တရားတော်ဟာ အလွန် နှစ်သက်ဖွယ် ကောင်းလှပါတယ် ဘုရား၊ အရှင်ဘုရားဟာ တပည့်တော်ကို ဒီနေ့က စပြီးတော့ အသက်ထက်ဆုံး (ရတနာသုံးပါးကို) ကိုးကွယ် ဆည်းကပ်သူ ဥပါသကာ အဖြစ် မှတ်ယူတော်မူပါ အရှင်မြတ်ဘုရား'

အဲဒီလို ဘဝင်ကျပြီး ယတိပြတ် ဆုံးဖြတ်ပြီး မှန်တဲ့အယူ မှန်တဲ့ ဘဝအမြင် ကို ရှုမြင် နားလည်တာနှင့် တစ်ပြိုင်နက် ရှေးက မှားယွင်းတဲ့ အယူကို ချက်ချင်း စွန့်ပြီး ဗုဒ္ဓထံမှာ ဘဒ္ဒိယက ဥပါသကာ အဖြစ် ခံယူတဲ့ အခါမှာတော့ မြတ်စွာ ဘုရားက တရား အစမှ ဘဒ္ဒိယ စုံစမ်းတဲ့ ပြဿနာကို ပြန်ဖော်ပြီး မေးပြန်ပါတယ်။

'ဘဒ္ဒိယ၊ ယခု သင့်ကို ငါက လာ ဘဒ္ဒိယ၊ သင်ဟာ ငါ့တပည့် ဖြစ်လှည့်၊ ငါဟာ သင့်ဆရာ ဖြစ်အံ့လို့ ဒီလို ငါ ဆိုသလား'

'အရှင်ဘုရား၊ ဒီလို မဆိုပါ'

'ဘဒ္ဒိယ၊ ဒီလို အယူမျိုး ရှိတဲ့ ငါ့ကို ရဟန်း ဂေါတမဟာ သူတစ်ပါးကို လှည့်ပတ်တတ်တယ်၊ တစ်ပါးသော အယူရှိကြတဲ့ တိတ္ထိတို့ရဲ့ တပည့်တို့ကို အာဝဋ္ဋနီ မာယာနှင့် မိမိဘက်သို့ ပါအောင် လှည့်ပတ် (စည်းရုံး) တတ်တယ်လို့ အချည်းနှီးသော မထင်ရှားသော ချွတ်ယွင်းသော မဟုတ်မမှန်သော စကားမျိုးနှင့် တချို့သော သမဏ ဗြာဟ္မဏတို့က စွပ်စွဲကြတာပါ' လို့ ဘဒ္ဒိယ သဘောပေါက် အောင် ရှင်းပြတော်မူတယ်။

မြတ်စွာဘုရားရဲ့ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသော နှလုံးတော်နှင့် အရိယာ လမ်းစဉ်တော်ကို ကြားသိလိုက်ရတဲ့ အခါမှာတော့ ဘဒ္ဒိယ ရင်ထဲမှာ လျှံထွေတဲ့ ပီတိဟာ အတောမသတ် ဖြစ်ပေါ်လို့ လာပါတယ်။ အကြိမ် ကြိမ် အထပ်ထပ် ကျသွားတဲ့ ဘဝင်ရဲ့ နောက်ဆက်တွဲအဖြစ် ကြည်ညိုခြင်း (သဒ္ဓါ) တရားဟာလည်း ဘဒ္ဒိယ ရင်ထဲမှာ ကဲမောက် ပြည့်လျှံ သွားပါတော့တယ်။

ဒီအခါမှာ ဘဒ္ဒိယ ဘာပြောသလဲ ဆိုတော့

'အရှင်ဘုရား၊ အာဝဋ္ဋနီမာယာလို့ပဲ စွပ်စွဲ စွပ်စွဲ၊ အဲဒီ မာယာသည်ပင်

သင့်မြတ်လှပါတယ် ဘုရား၊ ကောင်းမွန်လှပါတယ် ဘုရား၊ တပည့်တော်ကိုသာမက တပည့်တော်တို့ရဲ့ ဆွေမျိုးသားချင်းတို့ကိုပါ ဒီ အာဝဇ္ဇနိမာယာ နှင့် လှည့်ပတ် ခံရတယ် ဆိုရင်လည်း အဲဒီ ဆွေမျိုးသားချင်းတွေ အတွက် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားဖြစ်လို့ မဆုံး၊ ချမ်းသာဖြစ်လို့ မဆုံး ရှိဦးမှာပါပဲ ဘုရား၊ အလုံးစုံသော မင်းမျိုး အစိုးရမျိုးတို့ဟာလည်း ဒီ အာဝဇ္ဇနိမာယာနှင့် လှည့်ပတ် ခံရလျှင်လည်း ထိုအစိုးရမင်းတို့မှာပါ ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွား ဖြစ်လို့မဆုံး ချမ်းသာဖြစ်လို့ မဆုံး ရှိပေဦးတော့မှာပါ အရှင်မြတ်ဘုရား၊ အလုံးစုံသော ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးတို့ဟာ ဒီ အာဝဇ္ဇနိမာယာ နှင့် လှည့်ပတ်ခံရတယ် ဆိုရင်လည်း ထိုပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးများ အားလုံး အတွက် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားဖြစ်လို့ မဆုံး၊ ချမ်းသာ ဖြစ်လို့ မဆုံး ရှိကြဦးမှာပါပဲ' လို့ လျှောက်ထားပါတယ်။

ဘဒ္ဒိယဟာ အကျိုးစီးပွားနှင့် ယှဉ်တဲ့၊ ချမ်းသာရာ ချမ်းသာကြောင်း ဖြစ်တဲ့၊ အပြစ်လည်း ကင်းတဲ့၊ ပညာရှိ သူတော်ကောင်းတို့ ချီးမွမ်းခြင်းငှာလည်း ဖြစ်တဲ့ မြတ်စွာဘုရားရဲ့ တရားစကားကို လွန်စွာ သက်ဝင်ယုံကြည် သွားပါပြီ။

ဒီယုံကြည်ချက် (သဒ္ဓါ) ဟာ ဘဒ္ဒိယကို တစ်စုံတစ်ခုသော ချွတ်ယွင်းသော အတွေးအမြင် အယူဝါဒမှလည်း လွတ်ကင်းစေခဲ့ပါပြီ။ စီးပွားမဲ့ ချမ်းသာမဲ့ အပြစ် ဒုစရိုက်လည်း မကင်းတဲ့ ပညာရှိ သူတော်ကောင်းတို့ ကဲ့ရဲ့အပ်တဲ့ ချွတ်ယွင်းတဲ့ အယူ၊ မဟုတ်မမှန် လုပ်ကြံ ပြောဆိုမှုတွေကို ဘဒ္ဒိယ ရင်တွင်းက ရှင်းထုတ် ပစ်လိုက်နိုင်ပါပြီ။

အမှားကို မြင်တာနှင့် (အမှန်ကို သိတာနှင့်) အမှားကို ချက်ချင်း စွန့်တတ်ပြီး အမှန်ကို ကောင်းစွာ ဆောက်တည်အပ်တဲ့ မြတ်တဲ့ အကျင့်ဟာလည်း ရှေးတောင် တက်သမားတို့ရဲ့ အကျင့်ပဲ ဖြစ်ပါတယ်။

အစက ကန်းနေတဲ့ မျက်စိနှစ်ကွင်း အလင်း ရသွားသလို ဘဒ္ဒိယမှာ အမြင် ထင်လင်းစွာ ဖြစ်ပေါ်သွားတဲ့ အခါမှာတော့ မြတ်စွာဘုရားက ဒီလို တရားအဆုံး နိဂုံးစကားကို မိန့်ကြားတော် မူပြန်ပါတယ်။

'ဟုတ်တယ် ဘဒ္ဒိယ၊ သင် ဆိုတဲ့အတိုင်း မှန်တယ်၊ အုပ်စိုးသူ မင်းတို့ဟာ လည်း အကုသိုလ် တရားတွေကို ပယ်ပြီး ကုသိုလ် တရားတွေကို ပြည့်စုံစွာ ဆောက်တည်စေခြင်းငှာ ဒီ အာဝဇ္ဇနိမာယာ နှင့် လှည့်ပတ်မိတယ်ပဲ ဆိုပါတော့၊ ဒီလို လှည့်ပတ်မိသည့် တိုင်အောင်၊ ထိုအုပ်စိုးသူ မင်းတို့ အဖို့ ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွား ရှိဖို့၊ ချမ်းသာဖို့သာ ဖြစ်ပါလိမ့်မယ်၊ ဒီအတိုင်းပဲ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးတို့ အဖို့မှာလည်း အကုသိုလ်ကို ပယ်ပြီး ကုသိုလ်တရားတို့မှာ ပြည့်စုံစွာ ဆောက်တည်လာအောင် ဒီ အာဝဇ္ဇနိမာယာနှင့် ငါ လှည့်ပတ်မိသည့် တိုင်အောင် ထိုသူတို့ အဖို့လည်း ရှည်မြင့်စွာသော ကာလပတ်လုံး

အစီးအပွား ရှိခြင်းငှာ၊ ချမ်းသာခြင်းငှာသာ ဖြစ်ပါလိမ့်မယ်။

'ဘဒ္ဒိယ၊ နတ်လောက ဗြဟ္မာလောကနှင့် တကွ လူ့လောကသည် အကုသိုလ် ပယ်ဖို့၊ ကုသိုလ် တရားတွေကို ပြည့်စုံစွာ ဆောက်တည်ဖို့ အတွက် ငါသည် အာဝဋ္ဋနီမာယာဖြင့် လှည့်ပတ်မိသည့် တိုင်အောင် နတ်လောက အတွက်ရော၊ ဗြဟ္မာ လောက အတွက်ရော၊ လူ့လောက အတွက်ရော ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွား ရှိခြင်းငှာ၊ ချမ်းသာခြင်းငှာသာ ဖြစ်ပါလိမ့်မယ်။

'ဘဒ္ဒိယ၊ အဆုံးကို ဆိုရသော် လူကို မဆိုဘိ၊ ဒီ အင်ကြင်းပင်ကြီးတွေ ကိုတောင် အကုသိုလ် တရားတို့မှ ဖယ်ရှားပြီး ကုသိုလ် တရားတို့၌ ပြည့်စုံစွာ ဆောက်တည်လာအောင် ဒီ အာဝဋ္ဋနီမာယာနှင့် လှည့်ပတ်ခဲ့မိတယ်ပဲ ထား၊ ဒီလို လှည့်ပတ်ခံရတဲ့ အင်ကြင်းပင်တွေတောင်မှ ရှည်မြင့်စွာသော ကာလပတ်လုံး အစီး အပွား ရှိဖို့၊ ချမ်းသာဖို့သာ ဖြစ်ပေတော့မယ်၊ သစ်ပင်တောင်မှ စီးပွားဖြစ်တယ်၊ ချမ်းသာတယ်လို့ ဆိုရင် လူအဖို့တော့ ဘာပြောဖို့ လိုတော့မလဲ ဘဒ္ဒိယ' * တဲ့။

မှန်လှပါတယ်။ လောကသစ္စာကို ပြတဲ့ ဟုတ်မှန်တဲ့ လောကအမြင် (ဒဿန) ကို ကြားရ နာရသူတိုင်းဟာ ဆင်းရဲ လွတ်ကင်း ရပါတယ်။ ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွားကို ရကြပါတယ်။ ချမ်းသာ ရတတ်ကြပါတယ်။

ဒါကြောင့် ရွှေတောင်တက် ခရီးကို သွားကြမည့် အကြင် ဥစ္စာမပုရိသ ယောက်ျားမြတ် မိန်းမမြတ်တို့သည်လည်း လောကကို ဟုတ်တိုင်းမှန်စွာ သိမြင် နားလည်ကြတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ဖြစ်ဖို့ လိုပါတယ်၊ ဖြစ်စေချင်ပါတယ်။

ဘဝခရီး ကန္တာရကို ဖြတ်သန်းကြရာမှာ မျက်မမြင် သူကန်းများ အဖြစ်နှင့် လျှောက်လှမ်းကြမယ် ဆိုရင် မကြာမတင် ချောက်ကမ်းပါး အတွင်းကို ကျရင် ကျ၊ မကျရင်လည်း သားရဲတိရစ္ဆာန် အန္တရာယ်၊ ဆိုးဆိုး တစ်ခုခုနှင့် ရင်ဆိုင်ရပြီး ကျရှုံး သွားကြရဖို့ အခွင့်အလမ်းက များလှပါတယ်။ မျက်ကန်းသူပြိန်းများ အတွက် မိမိ အလိုရှိအပ် နှစ်သက်အပ်တဲ့ အောင်မြင်ခြင်း ဘဝပန်းတိုင်ကို ရည်မှန်းပါသော် လည်း မျက်စိလည် လမ်းမှားပြီး ပန်းတိုင်နှင့် ဝေးသွားဖို့ပဲ အခွင့်အလမ်း များပါ တယ်။ မသေမပျောက်ဘဲ ကံကောင်းထောက်မလို့ ဆိုမြီး ပန်းတိုင်ရောက်တဲ့ လူ တစ်ယောက်တလေတောင်မှ ရှိဖို့ ခဲယဉ်းပါလိမ့်မယ်။

## မှားမှန်း သိလျှင် စွန့်

တစ်ခါတစ်ရံမှာ မျက်စိအမြင် ရှိသူတွေတောင် ဘဝခရီး ကန္တာရမှာ ခရီးဖော် မကောင်းလို့ရှိရင် ဖြစ်ဖြစ်၊ မိမိကိုယ်တိုင် အယူလွဲမှား သွားလို့ရင်ပဲ ဖြစ်ဖြစ်

-------------------

* အင်္ဂုတ္တိုရ် ပါဠိတော် (မြန်မာပြန်)၊ စတုက္ကနိပါတ်၊ ဘဒ္ဒိယသုတ်

လမ်းလွဲ လမ်းမှားကို ရောက်သွားတတ်တာမျိုး ကြုံကြရပါတယ်။ သို့သော်လည်း မျက်မြင်ထင်လင်း ရှိထားသူ အဖို့မှာ လမ်းမှားပြီဆိုရင်လည်း 'ဟာ ငါ လမ်းမှား လာပြီပဲ၊ ဒီလမ်းအတိုင်း ဆက်သွားလို့ကတော့ ငါသွားရမယ့် ခရီးဆုံးကို မရောက် နိုင်ဘူး' လို့ သိခွင့်သိလမ်း ရှိတာပေါ့။ သူကန်းတွေ ခမျာမှာတော့ လမ်းမှား လမ်းလွဲသို့ ရောက်နေတာတောင် လမ်းမှားမှန်း သိခွင့် မရှိရှာပါဘူး။ ဒါကြောင့် ဘဝမျက်ကန်းတွေမှာတော့ နစ်မွန်း ဆုံးရှုံးခြင်း အဖြစ်နှင့်သာ ဘဝရဲ့ အချိန်ကာလ တွေကို အချည်းနှီး ကုန်ဆုံးလိုက်ကြရပါတယ်။

ဘဝအမြင် ရှိကြတဲ့ ရွှေတောင်တက်သမား ဥစ္စာမပုရိသတွေကတော့ ဒီလို မဟုတ်ဘူး။ သူတို့မှာ ယုံကြည်ချက်နှင့် အဓိဋ္ဌာန် ရှိတယ်။ သူတို့ဟာ ဘဝရဲ့ အချိန်ကာလတွေကို တန်ဖိုး ထားကြသူတွေ ဖြစ်ပါတယ်။ ဒါကြောင့် အချည်းနှီး သော အဖြစ်နှင့် ဘဝကို အဆုံး မခံဘူး။ လမ်းမှား လမ်းလွဲကို သိလျှင်သိချင်း ချက်ချင်း အဲဒီလမ်းကို စွန့်ပြီး လမ်းမှန် လမ်းကောင်းကို တွေ့အောင် ပြန်ရှာကြ တယ်။ ဒီလို အမှားအမှန်ကို ခွဲခြား ကျင့်သုံးတတ်တဲ့ ရွှေတောင်တက်သမားများရဲ့ ကျင့်မှုကျင့်ဟန်ကို ကျေးဇူးရှင် မန်လည် ဆရာတော် ဘုရားကြီးက ဆုံးမ လမ်းပြ ထားတာလည်း ရှိပါတယ်။ မှတ်သား နာယူဖွယ် ကောင်းလှတဲ့ ဆရာတော်ဘုရား ကြီးရဲ့ ဩဝါဒကို ရွှေတောင်တက်သမားတိုင်း ရင်တွင်း နှလုံးသားမှာ မှတ်သား ထားထိုက်တယ်လို့ ထင်မိတဲ့ အတွက် ဒီမှာ ဖော်ပြချင်ပါတယ်။

ဆရာတော်ဘုရားက ဒီလို မိန့်ကြားခဲ့ပါတယ်။

'ယုတ်မာဆိုးကောင်း၊၊ ကျင့်မကောင်းကို
မှားကြောင်းတစိ၊ သိလျှင်သိချင်း
စွန့်ပယ်လျင်းလော့၊ အတင်းယူစွဲ
ဖားမြွေခဲသို့၊ အမြဲမှတ်သို
မစွန့်လိုက၊ ဤကိုယ်သုခ
နောင်မရဘူး' * လို့ ဆိုပါတယ်။

အယူမှား အတွေးမှား အမြင်မှားကို မှားမှန်း မသိလို့ လက်ခံ ကျင့်သုံးမိ တာဟာ အပြစ် မဆိုထိုက်ပါ။ မှားမှန်း သိလျက်နှင့် ဖားကို မြွေခဲသလို ဆုပ်ခဲ ဖက်တွယ် ထားခြင်းကိုတော့ အလိမ္မာ ဉာဏ်ပညာရှိတဲ့ ဘယ်လို လူမျိုးမှ ချီးမွမ်း ကြမှာ မဟုတ်ပါဘူး။

ဘဒ္ဒိယကို မြတ်စွာဘုရား ဆုံးမတဲ့ စကားမှာလိုပဲ အကုသိုလ်လည်း ဖြစ်မှန်း သိတယ်၊ အပြစ်လည်း ရှိမှန်း သိတယ်၊ ပညာရှိ ပုဂ္ဂိုလ်များကလည်း ကဲ့ရဲ့စရာ ဖြစ်တယ်၊ ဒီအကျင့်ကို လက်ခံ ကျင့်သုံးခြင်းအားဖြင့် အကျိုးမဲ့ကိုသာ ဖြစ်စေတယ်၊

--------------------

* *မဃဒေဝ လင်္ကာသစ်၊ မန်လည်ဆရာတော်*

ဆင်းရဲဖို့သာ ဖြစ်တယ်လို့ မိမိကိုယ်တိုင် သိတဲ့အခါ ဒီအကျင့်ဟာ စွန့်ပယ်ထိုက်တဲ့ အကျင့်၊ စွန့်ပယ်ထိုက်တဲ့ ဘ၀အမြင်လို့လည်း ဘ၀င်ကျဖို့လိုတဲ့ အကြောင်းကို ဆရာတော်က ဆုံးမထားခြင်း ဖြစ်ပါတယ်။

ရွှေတောင်တက် ခရီး ဆိုတာ လောက သံသရာ နှစ်ဖြာသော အတက်ခရီးပါ။

ဒီခရီးမှာ အတက်လမ်းနှင့် အဆင်းလမ်းတွေ ရှိပါတယ်။

တက်လမ်း မသိ၊ ဆင်းလမ်း မသိ မှန်းမိမှန်းရာ ဖေဖေါနှင့် လျှောက် သွား ကြမယ် ဆိုရင် လမ်းမှားမယ်။ လမ်းလွဲမယ်။ အဆင်းလမ်းကိုပဲ အတက် လမ်း ထင်ပြီး လျှောက်မိမယ်။ ဒီလို လျှောက်ရင်းနှင့် အချိန်ကုန် လူပန်းပြီး ခရီး မရောက် ဖြစ်မယ်။ နောက်ဆုံး ချောက်ကျသွားနိုင်တဲ့ အဖြစ်မျိုးနှင့်လည်း ကြုံရ တတ်ပါတယ်။

ဆင်းလမ်းကို တက်လမ်းလို့ ထင်မြင်ပြီး ယုံကြည်အားထားကာ လုံ့လ ဝီရိယ စိုက်ထုတ်ခဲ့မိလို့ ရှိရင်လည်း ချောက်ကမ်းပါး အစွန်းကို ကျဆင်းသွားဖို့ပဲ ရှိပါ တယ်။ ဘယ်လမ်း ဘယ်ဆိပ်ကမ်းကို သွားရမှန်းလည်း မသိဘဲ ပင်လယ် သမုဒ္ဒရာ မှာ သင်္ဘော တစ်စင်းဟာ စက်ကုန်မောင်းပြီး အားကုန် နှင်နေမယ် ဆိုရင်လည်း ဆိပ်ကမ်းနှင့် ဝေးသည်ထက် ဝေးသွားရုံပဲ ရှိပါလိမ့်မယ်။ နောက်ဆုံးမှာတော့ ကမ်းမမြင် လမ်းမမြင်တဲ့ သမုဒ္ဒရာပြင်ကျယ်က လှိုင်းတံပိုး ဝဲဂယက်ထဲမှာ ပျက်စီး ခြင်း အဆုံး နှင့် ရှုံးနှစ်သွားဖို့သာ အကြောင်း ရှိပါတော့တယ်။

အမှန်တကယ် ဒီလို အဖြစ်မျိုး ဆိုတာကတော့ ဖြစ်ဖို့ ခဲယဉ်းပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အသိဉာဏ် ရှိတဲ့ ဘယ်လူမျိုးမှ အန္တရာယ် များလှတဲ့ သမုဒ္ဒရာ ပြင်ကျယ်ကို လမ်းမသိ ကမ်းမသိဘဲ စွန့်စား သွားလာရဲမှာ မဟုတ်လို့ ပါပဲ။

❑

# ကဏ္ဍ [သုံး]

## ယုံကြည်ချက် နှင့် တက်လမ်းရှာ

- သူတော်ကောင်း တရား အတွက် အသက်စွန့်သူ ဆော့ခရတ္တိ
- ယုံကြည်ချက် နှင့် သတ္တိဗလ
- ဝေရက်ကို ဘာကြောင့် တက်သလဲ
- သဒ္ဓါ ၏ သတ္တိများ
- ဒေဝဒတ်ကို ယုံကြည်အားထား မှားသူ အဇာတသတ်
- ရှင်သာရိပုတြာ နှင့် ရှင်မောဂ္ဂလာန်တို့၏ ယုံကြည်မှု
- မာန နှင့် ယုံကြည်ချက်
- အယ်ဒီဆင်၏ ယုံကြည်ချက် နှင့် တက်လမ်းရှာပုံ
- အနာဂတ်ကို ယုံကြည်သူများ

လွန်ခဲ့တဲ့ အနှစ် နှစ်ထောင့်ငါးရာ လောက်တုန်းက အနောက်တိုင်း ခေါ်မ (ဂရိ) ဆိုတဲ့ အရပ်ဒေသမှာ အလွန် ဉာဏ်ပညာ ကြီးမားတဲ့ သုခမိန်ကြီး တစ်ပါး ပေါ်ပေါက်ခဲ့ဖူးပါတယ်။ သူ့နာမည်ကို ဆော့ခရတ္တိ ပညာရှိလို့ ခေါ်ကြပါတယ်။ သူဟာ ဘီစီ ၄၆၉ မှာ မွေးဖွားပြီး ဘီစီ ၃၉၉ မှာ ကွယ်လွန်ခဲ့တယ်။ အေသင်မြို့နိုင်ငံသား ဖြစ်တဲ့ ဆော့ခရတ္တိ ပညာရှိကြီးဟာ ဆင်းရဲသား မိဘများက မွေးဖွားလာသူ ဖြစ်တယ်။

သို့သော်လည်း လူ့ယဉ်ကျေးမှု သမိုင်း တစ်လျှောက်မှာတော့ ဆော့ခရတ္တိရဲ့ ထင်ရှားလှတဲ့ နာမည်နှင့် သူ့ရဲ့ မွန်မြတ် သန့်စင်လှတဲ့ ဂုဏ်သတင်းဟာ ထာဝရ ထွန်းတောက်နေပါတယ်။ ဘာဖြစ်လို့ သူ့နာမည် ဂုဏ်သတင်း ထွန်းပခြင်း ဖြစ်ရသလဲ ဆိုတော့ သူဟာ မှောင်မိုက်တဲ့ ဘဝလမ်းမှာ ပညာဆီမီး ထွန်းပြီး အလင်းရောင်နှင့် လမ်းပြသူ ဖြစ်ခဲ့လို့ပဲလို့ ဆိုနိုင်ပါတယ်။ ဒီထက်ပိုပြီး အံ့ဩ ချီးမွမ်းဖွယ် ဖြစ်ခဲ့ရတဲ့ အကြောင်းကတော့ ဆော့ခရတ္တိ ပညာရှိကြီးဟာ မှန်သော သစ္စာတရား အပေါ်မှာ စွဲမြဲစွာ ယုံကြည်ထားတဲ့ သူ့ရဲ့ ယုံကြည်ချက်အတွက် သူဟာ အသက်ကို တောင် စွန့်လွှတ်ပြီး ရဲဝံ့စွာ သစ္စာဘက်တော်သား အဖြစ် ရပ်တည်ခဲ့လို့ပါပဲ။

ဆော့ခရတ္တိကား လူသာမန်တို့၌ ရှိခဲလှသော သိက္ခာသမာဓိနှင့် ပြည့်စုံသည်သာမက မိမိ၏ ဣန္ဒြိယသံဝရ သီလကိုလည်း လွန်စွာ စောင့်ထိန်းနိုင်သူ ဖြစ်၏။ လိုဘနည်းခြင်း၊ သည်းခံခြင်းနှင့် ခွဲကောင်းခြင်း အရာ၌ ဆော့ခရတ္တိကို ယှဉ်နိုင်သူ မရှိ * လို့လည်း စာမှာ ဆိုပါတယ်။

ဆော့ခရတ္တိဟာ လူသား အပေါင်းကို သစ္စာတရားနှင့် ကောင်းကျိုး ချမ်းသာ တရားများကို မြတ်နိုးတတ်သူတွေ ဖြစ်အောင် လှုံ့ဆော်ခဲ့ပါတယ်။ လွဲမှား ချွတ်ယွင်းနေတဲ့ အေသင်မြို့ နိုင်ငံသားတွေရဲ့ အတွေးဟောင်း အယူဟောင်းတွေကို ဆန့်ကျင်ပြီး လောကသစ္စာ တရားတွေကို လူတွေ ထင်လာ မြင်လာအောင်၊ လူတွေရဲ့ နှလုံးသားထဲမှာ သူတော်ကောင်း တရားတွေ စွဲမြဲလာအောင် သူ အားထုတ်ခဲ့တယ်။

ဒါကို မသူတော်များ ကြီးစိုးနေတဲ့ အေသင် လူ့အဖွဲ့အစည်းထဲက မရှုဆိတ်သူများက အပြစ် မြင်ကြတယ်။ ဆော့ခရတ္တိဟာ လူငယ် လူရွယ်တွေကို ဖျက်ဆီးနေတယ်။ ဂရိ နတ်ဘုရားတွေကိုလည်း မကိုးကွယ်ဘူး။ ဘာသာကို ဖျက်တယ်။ ရှေးထုံးစဉ်လာတွေကိုလည်း မလိုက်နာဘူး ဆိုပြီး ရုံးတင် တရားစွဲကြတယ်။

---

** ကမ္ဘာ့တွေးခေါ်ရှင်ကြီးများ၊ ဆန်းလွင် (ပုညစာပေ)၊ စာ ၁၀၉*

မြတ်စွာဘုရား လက်ထက်မှာ ရှင်သာရိပုတြာ နှင့် ရှင်မောဂ္ဂလာန်တို့ရဲ့ လက်ဦးဆရာ ဖြစ်တဲ့ သိဉ္စည်း ဆရာကြီး ဆိုတာ ရှိတယ်။ အဲဒီ သိဉ္စည်း ဆရာကြီး ယူဆသလိုပဲ ဒီလူ့ရွာမှာ ပညာရှိတဲ့လူထက် ပညာနည်းတဲ့လူက များတယ်* ဆို တာ မှန်ပါတယ်။ အေသင်မြို့ဟာ အများသဘောကျ ဆုံးဖြတ်တာကို ဒီမိုကရေစီ ဆိုပြီး ယူထားတဲ့ ဒေသ ဖြစ်တယ်။ ဒါပေမယ့် လူများစု ဆိုတာက ပညာနည်းတဲ့ လူတွေသာ များလေတော့ သူတို့ရဲ့ လူပြိန်း ဒီမိုကရေစီက ဆော့ခရတ္တိလို ပညာရှိကို (သူ ဟောကြားနေတဲ့ တရားတွေဟာ မှားကြောင်း ဝန်မခံရင်) သေဒဏ် ကျခံစေဖို့ စီရင်ချက် ချလိုက်တယ်။

ဒီလို သေဒဏ် စီရင်ချက် ချလိုက်တဲ့ အချိန်မှာ အေသင်မြို့ တရားရုံးက တရားသူကြီးတွေကို ဆော့ခရတ္တိ ပြောဆို ဆုံးမသွားတဲ့ နောက်ဆုံး စကားတွေဟာ ယခုတိုင် ဥဒါန်း တွင်ရစ်တယ်။

ဆော့ခရတ္တိက ဘာပြောသလဲ ဆိုတော့

'ငါ့အား အဆုံးစီရင်သော အို လူအပေါင်းတို့၊ ငါသည် သင်တို့အဖို့ စေတနာ ဖြင့် နိမိတ် ဖတ်ခဲ့ပါဦးမည်၊ ယခု ငါသည် သေရခါနီးပြီ၊ လူသည် သေခါနီး အချိန်တွင် အနာဂတ်ကို ကြိုတင် သိမြင်နိုင်သော အစွမ်းသတ္တိထူးကို ရတတ်ပါ သည်၊ ဒါကြောင့် ငါ့အား သတ်ဖြတ်ကြကုန်သော သင်တို့အတွက် အနာဂတ်သကို ငါ ကြို၍ ပြောဆိုခဲ့မည်၊ သင်တို့ ငါ့အပေါ်၌ ချမှတ်သော အပြစ်ဒဏ်ထက် ပို၍ ကြီးမား လေးလံသော အပြစ်ဒဏ်တို့သည် ငါ ကွယ်လွန်သည်နှင့် ချက်ချင်း သင်တို့ထံသို့လည်း ရောက်ရှိ လာပါလိမ့်မည်၊ ယုတ်ညံ့သော သင်တို့ ဘဝကို မြင့်မြတ်သော အဖြစ်သို့ ရောက်ရှိအောင် ပြောဆို ဆုံးမသော လူကို သတ်ဖြတ် ခြင်းအားဖြင့် ထိုလူအား တားဆီး ပိတ်ပင်နိုင်သည်ဟု ထင်လျှင် သင်တို့ မှားကြ ပါလိမ့်မည်၊ သတ်ဖြတ်ခြင်း အမှုကိုပြုသော ထိုနည်းသည် ဂုဏ်သိက္ခာကို ဖြစ်စေ သော နည်းလည်း မဟုတ်၊ ဖြစ်ကောင်းသော နည်းလည်း မဟုတ်။

'သင်တို့အဖို့ အလွယ်ဆုံးလည်း ဖြစ်၍ အမြတ်ဆုံးလည်း ဖြစ်သော နည်းမှာ သူတစ်ပါးကို နှိပ်စက်ကလူ မပြုမူဘဲ သင်တို့ကိုယ်တိုင် မိမိကိုယ်ကို ကောင်းမွန် အောင် ပြုပြင်ခြင်းနည်းသာ အမြတ်ဆုံး ဖြစ်တော့သည်' ** တဲ့။

ဒီလို ပြောဆိုခဲ့ပြီးနောက် သူ့ကို အဆုံး စီရင်ဖို့ အတွက် အဆိပ်ခွက်ကို အာဏာပါးကွက်များက လာပေးတဲ့ အချိန်မှာ သူ့အနီးမှာ တပည့်တွေ ဝိုင်းရံပြီး ရှိနေကြတယ်။ ဒီအခါ တပည့်များက သူတို့ဆရာရဲ့ အသက်ကို ကယ်ဖို့အတွက် ကြိုးစည် ပြောဆို ကြပါတယ်။ အဆိပ်ခွက်ကို သွန်မှောက်ပြီး အေသင်မြို့က

---

* *ဓိနဗ္ဗာပကာသနီ၊ ကျီးသဲလေးထပ် ဆရာတော်၊ စာ ၈၄–၈၅*

** *A History of Western Philosophy - B. Russell. p 86*

ဆော့ခရတ္တိ ထွက်ပြေးသွားမယ် ဆိုရင်လည်း အလွယ်တကူ လွတ်မြောက်နိုင်တဲ့ အခြေအနေတွေက ရှိနေတယ်လေ။ ဒါပေမယ့် ဒီအကြံအစည်တွေ အားလုံးကို ဆော့ခရတ္တိက လက်မခံဘူး။ နောက်ဆုံး သေခါနီး အချိန်မှာ အဆိပ်ခွက်ကို လက်မှာကိုင်ရင်း သူ့တပည့်တွေကို ဆော့ခရတ္တိ ပညာရှိက ဒီလို ဆုံးမပါတယ်။

'တပည့်တို့၊ ကောင်းမှု ဆိုးမှုကို စိစစ် ဝေဖန်ခြင်း မရှိဘဲနှင့် အသက်ရှင်လျက် နေထိုင်တဲ့ ဘဝမျိုးဟာ နေထိုက်တဲ့ ဘဝမျိုး မဟုတ်ဘူး။

'မသူတော် အကျင့်ကို ကျင့်နေကြတဲ့ ထိုသူတို့ ပြောဆိုနေသည့် စကားမျိုးကို ငါပြောဆိုပြီး အသက် ရှင်နေရခြင်းထက် သူတော်ကောင်း အကျင့်ကို ကျင့်ပြီး ငါ ပြောဆိုနေကျ စကားတွေကို ပြောဆိုရင်း သေသွားရသည်ကိုသာ ငါ ပို၍ အလိုရှိသည်။

'ဤလောကမှာ သေခြင်းတရားကို ရှောင်ရှားရန်ကား မခက်ပါ။

'သို့သော် အကုသိုလ် ဒုစရိုက် တရားများကို ရှောင်ရှားရန်ကား အဆတစ်ရာ မက ပို၍ ခက်ခဲလှကြောင်းကို သင် တပည့်တို့ မှတ်ရစ်ကြပါလေ။

'သူတော်ကောင်းတရားကို စွဲမြဲစွာ ကျင့်သုံး ဆောက်တည်ထားသူ တစ်ဦး အဖို့ ယခု ဘဝမှာသော် လည်းကောင်း၊ နောင် သံသရာမှာသော် လည်းကောင်း အကုသိုလ်သည် ဖြစ်ဖွယ် မရှိပြီ' * တဲ့။

ဒါဟာ ဆော့ခရတ္တိ သုခမိန်ကြီး သေခါနီး နောက်ဆုံး အမှာစကား ဖြစ်ပါတယ်။ သူ့ဘဝမှာ ဒါဟာ နောက်ဆုံး အန္တိမ ကာလပါ။ ဒီကာလဟာ ဘီစီ ၃၉၉ ခုနှစ် ဖြစ်ပါတယ်။ ဒီစကားရဲ့ အဆုံးမှာတော့ ဆော့ခရတ္တိ ပညာရှိဟာ အဆိပ်ရည်ကို သောက်မျိုပြီး ဘဝနိဂုံး ချုပ်ခဲ့ရပါတယ်။

ဝမ်းနည်းဖွယ် ကောင်းလှတဲ့ ဒီအဖြစ်ဟာ လူ့လောက အဖို့တော့ ကမ္ဘာကြေသော်လည်း ဥဒါန်း မကျေတဲ့ အဖြစ်လို့ ဆိုဖွယ်ရာ ဖြစ်ခဲ့ပြီးပါပြီ။ ဒီနေရာမှာ ဆော့ခရတ္တိ ပညာရှိဟာ အတွေးအမြင် ဉာဏ်ပညာ အလီမွာရှိတဲ့ လူသားတိုင်း အဖို့ သူ့ အသက်နှင့် လဲပြီး ကိုယ်ကျင့်တရား တစ်ခုကို စံနမူနာဖြစ်အောင် ပြသွားတာပါ။ ဘာကို နမူနာ ပြခဲ့သလဲ ဆိုတော့

သူတော်ကောင်း တရားကို လက်ကိုင်ထားတဲ့ လူသား မှန်သမျှဟာ လောကသစ္စာရဲ့ ဖြောင့်မတ်တဲ့ တရားများ အတွက် မိမိရဲ့ ကိုယ်ကျိုး၊ ကိုယ့်အသက်၊ ကိုယ့်ခန္ဓာကိုပင် ငဲ့ကွက်ခြင်း မရှိအပ်၊ မှန်သော ယုံကြည်ချက် အတွက် အသက်ကိုပင်လည်း စွန့်သင့်က စွန့်ပြီး မှန်သော တရားဘက်က ရပ်တည်ကြလို့ လမ်းညွှန်ပြသွားတာပါ။ ဆော့ခရတ္တိ ပညာရှိလိုပဲ အီတလီပြည်သား ဂျီယိုဒါနို ဘရုနို ဆိုသူ ပညာရှင် တစ်ပါးဟာလည်း လက်ဝါးကပ်တိုင်ပေါ်မှာ မီးရှို့ အသတ် ခံရပြီး

---

* *The Philosophy of Humanism - Collis Lamount. p 6*

သူ့ ယုံကြည်ချက်ကို မစွန့်ဘဲ သူ့ အသက်ကိုသာ စွန့်ပြီး အမှန်တရားကို သက်သေပြခဲ့ဖူးပါတယ်။

လောကမှာ လူဖြစ်ချင်း တူကြသော်လည်း ဆော့ခရတ္တိ ပညာရှိကိုမှ လူဟွေ့ဟာ လူ့လောက အစွန့်ရှည်သမျှ ကာလပတ်လုံး မှောက်မေ့ တသစရာ ဖြစ်ပြီး ကျန်ရစ်ခဲ့ကြပါတယ်။ ဒါ ဘာကြောင့်လဲ။

အဖြေကို အလွယ်ကလေး ပေးရရင် ဆော့ခရတ္တိဟာ သူ့ရဲ့ မှန်ကန်တဲ့ ယုံကြည်ချက် (သဒ္ဓါ) အတွက် သူ့အသက်ကို စွန့်ပြီး သူ မှန်ကြောင်းကို သက်သေပြနိုင်ခဲ့လို့ပဲပေါ့။ ဒီလို မဟုတ်ဘဲနှင့် သေဒဏ်က လွတ်မြောက်အောင် တခြားတစ်နည်းအားဖြင့် (သူ့ တပည့်များ အကြံပြုကြသလို) ဆောင်ရွက်ခဲ့မယ် ဆိုရင် အမှန်တွေဟာ အမှား ဖြစ်ကုန်ကြမှာပေါ့။ ဆော့ခရတ္တိဟာ သေရမှာ ကြောက်လို့ သူ့ယုံကြည်ချက်နှင့် သစ္စာဝါဒကို စွန့်ခဲ့တယ်လို့ အပြစ်ဆိုဖွယ် ဖြစ်သွားမှာပေါ့၊ ဒါမှမဟုတ် ထောင်က ထွက်ပြေးခဲ့ရင်လည်း ဆော့ခရတ္တိဟာ အမှန်တရား အတွက် ရပ်တည်ရဲတဲ့ သတ္တိ မရှိဘူး၊ သူရဲဘော ကြောင်တယ်လို့ လောကမှာ ဥဒါန်း တွင်ရစ်မှာပေါ့။

ဒါကြောင့် ဆော့ခရတ္တိဟာ အသက်ခန္ဓာကို စွန့်ခဲ့တယ်။ သေခြင်းကိုသာ သူ့အတွက် ရွေးချယ်ပြီး နောင်လာနောက်သားများ အဖို့ သူတော်ကောင်း တရားကို နမူနာ ထားရစ်ခဲ့တယ်။ ဒီအမူ ဒီကံကြောင့်သာ လူ့သမိုင်းမှာ ဆော့ခရတ္တိ ဆိုတဲ့ နာမည်ဟာ ကမ္ဘာ့တင်လျက် ထာဝရ ဖြစ်တည်နေတယ်လို့ မှတ်ပါ။

ရွှေတောင်တက်သူတိုင်းဟာ ဆော့ခရတ္တိကို နမူနာ ယူသင့်တယ်။ ဆော့ခရတ္တိရဲ့ သေခြင်းဟာ လူတိုင်းရဲ့ သေခြင်းနှင့် မခြားနားပါဘူး။ ဘယ်သူဖြစ်ဖြစ် သေမှာ မုချပဲ။ ဒါပေမယ့် ဆော့ခရတ္တိရဲ့ သေခြင်းကိုမှ မြတ်တဲ့ သေခြင်းလို့ လူတွေရဲ့ နှလုံး သည်းပွတ်က လက်ခံကြတယ်။ ခုတော့ ဘဝ ရွှေတောင်ထိပ်မှာ ဆော့ခရတ္တိရဲ့ ဆင်းတုကြီး တည်ပြီး လူတွေက မြတ်နိုးနေရပြီ မဟုတ်လား။

မြတ်သော သူတို့ရဲ့ ယုံကြည်ချက် ဆိုတာ ဘာလဲ။

အသက်ကိုပင် ဖြစ်စေ စွန့်သင့်တယ်လို့ ထင်မြင်တဲ့အခါ စွန့်ရဲအောင် ဖန်တီးပေးတဲ့ သတ္တိပဲ။ လောကမှာ လူတစ်ယောက်ကို ဥဒါန်း တွင်ရစ်အောင် အထွတ်အထိပ်ကို ရောက်အောင် တွန်းတင်ပေးတဲ့ တွန်းအားဟာ ယုံကြည်ချက် အတွက် စွန့်လွှတ်ခြင်းပါပဲ။

## ယုံကြည်ချက် နှင့် သတ္တိဗလ

ရှင်မဟာရဋ္ဌသာရရဲ့ အနုသာသနု ဆုံးမစာမှာလည်း ယုံကြည်ချက်က ဖြစ်ပေါ်လာတဲ့ စိတ်သတ္တိကို ဒီလို ဖွဲ့ဆိုခဲ့ပါတယ်။

'သေရှင်အရေး၊ နှစ်ထွေးမရည်၊ စွန့်အံ့သည်ဟု
ဆောက်တည်သောလျှောက်၊ စွန့်ခွင့်ရောက်မှု
ရွံ့ကြောက်မဲ့ထွန်၊ အရှင့်ဝန်၌၊ ကုမ္ဘန်ယက္ခ
သီဟခြင်္သေ့၊ ရင်ဆိုင်တွေ့လည်း၊ ခါ၍မဆွန့်
အသက်စွန့်လော့၊ အဝှန့်နောင်လာ၊ လူတကာတို့
ပြောရာဥဒါန်း၊ ကမ္ဘာထွန်းသို့
မော်ကွန်းဖြစ်လျှင်း၊ လေစေမင်း' * တဲ့။

ဒီလင်္ကာမှာ 'အရှင့်ဝန်' ဆိုတာက တိုင်းပြည်ရဲ့ တာဝန်ကို ပြောတာ။ လောကရဲ့ သစ္စာ အမှန်တရား အတွက်ကို မဆိုထားနှင့်၊ ရွှေတောင်တက်သမား လူစွန့်စားဟာ တိုင်းပြည် တာဝန် (အရှင်သခင့် တာဝန်) ကို ဆောင်ရွက်ရာမှာပင် ဘယ်လို ရန်သူတွေ အခက်အခဲနှင့်ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ နောက်မတွန့်ပါနှင့်။ အသက်ကို စွန့်သင့်တဲ့ အခါမှာ စွန့်ပြီး ဆောင်ရွက်ပါ။ ဒီလို ဆောင်ရွက်ခြင်း အမှု (ပြုသောကံ) သည်သာ နောင်လာနောက်သားတို့ အဖို့ ပြောစရာ အဖြစ် ဥဒါန်း တွင်ရစ် ပါလိမ့်မယ်။ မော်ကွန်း တင်ရစ် ပါလိမ့်မယ်လို့ ဆရာတော်က ဆုံးမ ထားခြင်း ဖြစ်ပါတယ်။

ဘဝ ရွှေတောင်တက် ခရီးကို သွားကြတဲ့ လူ များ အဖို့ ယုံကြည်ချက် (သဒ္ဓါ) စိတ် ထက်သန်ဖို့ဟာ အလွန် အရေးကြီးတယ်။ လူမှာ သေရဲတဲ့ သတ္တိ၊ စွန့်ရဲတဲ့ သတ္တိ၊ အနစ်နာခံရဲတဲ့ သတ္တိ ဆိုတာဟာ ယုံကြည်ချက်ကြောင့်သာ ဖြစ်ပေါ်လာနိုင် တာမျိုး ဖြစ်ပါတယ်။

လူတွေဟာ ဘဝဆိုတဲ့ ကန္တာရ ခရီးမှာ အန္တရာယ်အပေါင်း၊ ဘေးအပေါင်း၊ ရန်အပေါင်း၊ အခက်အခဲ အပေါင်း၊ အကျပ်အတည်း အပေါင်းနှင့် (အသက်ရှင် နေသမျှ ကာလပတ်လုံး) ရင်ဆိုင် နေကြရမှာပါပဲ။

လူ့လောကဟာ ဘေးအပေါင်း ရန်အပေါင်းနှင့် ဝိုင်းရံနေပုံကို ထင်လင်း အောင် တိုရှင်းတဲ့ အရေးအဖွဲ့နှင့် ရှေးက လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး ဖော်ပြခဲ့ပုံမှာ မှတ်သားဖွယ် ကောင်းလှပါတယ်။ ဆရာ ဦးမောင်ကြီးက ဘယ်လို ဖော်ပြသလဲ ဆိုတော့

'ဤလောက၌ ပစ္စည်းမဲ့သူ ဆင်းရဲသား ခများတို့မှာ ကိုယ်ရှိန္ဓမ်း၍ ပင်ပန်း ခြင်းတည်း ဟူသော ဘေးသင့်ကြ၏၊ စည်းစိမ်ဥစ္စာ ပေါများသူတို့မှာ ရောဂါဘေး သင့်ကြ၏၊ အာဏာပိုင် တန်ခိုးရှင်ဟု ဆိုအပ်သော မင်းစိုးရာဇာတို့မှာ လူအများ၏ မုန်းခြင်း ဟူသော ဘေးသင့်ကြ၏' ** တဲ့။

-----------------------

* *ဆုံးမစာများ၊ (စာပေလောက)၊ ၁၉၈၅ မတ်လ၊ စာ ၂၉*
** *သုရဿတီနီတိ (၃)၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ (၁၂၈၀)၊ စာ ၁၄၉*

ပညာရှိများ ဆိုဆုံးမတဲ့ စကားတွေဟာ နေလိုလလိုပဲ အလွန် ထင်ရှားလှပါတယ်။ လူ့လောကဟာ ဘေးရန် အန္တရာယ်တွေ ဝိုင်းရံလျက်ရှိတဲ့ အပြင် အဆီးအတား အပိတ်အပင် အခက်အခဲ အကျပ်အတည်း အနှိပ်အစက် အဖျက်အဆီး ဆိုတဲ့ ဒုက္ခတရားတွေနှင့်လည်း ပြည့်လျှမ်းနေပါတယ်။

ရွှေတောင်တက် ခရီး ဆိုတာ တခြား မဟုတ်ဘူး။ ဒီဒုက္ခတွေ ဒီဘေးရန်တွေကို ကျော်လွှားနိုင်အောင် အားထုတ်ပြီး ဘဝရဲ့ အမြင့်ဆုံး အမြတ်ဆုံး အဖြစ်ကို ရောက်အောင်၊ တွန့်ဆုတ်ခြင်း မရှိဘဲနှင့် ခရီးဆုံး အထိ ရောက်အောင် တက်ခြင်းပဲ ဖြစ်တယ်။

ဒီလို တက်ကြရာမှာ ယုံကြည်ချက် မရှိတဲ့ လူတွေ၊ ယုံကြည်ချက် မခိုင်မာတဲ့ လူတွေဟာ အခက်အခဲတွေ အကျပ်အတည်းတွေ ဘေးရန်တွေ အန္တရာယ်တွေနှင့် ရင်ဆိုင်ကြရတဲ့အခါ ကြံ့ကြံ့ခံနိုင်တဲ့ သတ္တိ မရှိတော့ဘူး။ ဒီလို လူတွေဟာ ဘယ်လို လူတွေလဲ ဆိုတော့ တစ်သက်လုံး အောင်မြင်ခြင်း ဆိုတဲ့ (အဆုံး ရောက်ခြင်း) တရား နှင့် ဝေးပြီး ဘဝ ခယောင်းလမ်းမှာ ငြိုငြင်စွာ လျှောက်နေရတဲ့ လူတွေ၊ ဘဝ တက်လမ်းကို ရှာမရဘဲ ဆုတ်နစ်သွားကြတဲ့ လူတွေ ဖြစ်ပါတယ်။ အလျှော့သမား အရှုံးသမားတွေလို့လည်း ဆိုနိုင်ပါတယ်။

လူဟာ ယုံကြည်ချက်ရှိမှ စွန့်မှာပဲ၊ စွန့်မှပဲ တက်လမ်းကို ရှာလို့ တွေ့မှာပဲ၊ လောကရဲ့ အထက်တန်းမှာ မျက်နှာပန်းလှစွာ ရွှေတောင်ထိပ်ကို ရောက်သွားကြတဲ့ လူတိုင်းဟာ စွန့်စား ရှာဖွေသူတွေ၊ တကယ့်ကို စွန့်စားသူတွေသာ ဖြစ်ကြပါတယ်။ ကိုလံဘတ်တို့ မာကိုပိုလိုတို့လို လူတွေပေါ့။

သူလို ငါလို သမားရိုးကျ ဘဝလမ်းမှာ လျှောက်လှမ်း နေကြလို့ကတော့ ရွှေတောင်တက် ခရီးနှင့် အပုံကြီး ဝေးလှတယ်လို့ နားလည် သဘောကျသင့်ပါတယ်။ အထွတ်အထိပ်ကို မရောက်နိုင်ဘူး။

ဒီအကြောင်းနှင့် ပတ်သက်ပြီး မှတ်သားဖွယ် အဖြစ်အပျက် တစ်ခုကို သတိရတယ်။ စွန့်သင့်တဲ့ အချိန်မှာ စွန့်စားလိုက်လို့ ထိပ်ကို ရောက်သွားတဲ့ လူ တစ်ယောက် အကြောင်းပါ။

မြန်မာ့ ရာဇဝင်မှာ အနန္တသူရိယ ဘွဲ့ခံ ရန်မန်ငထွေး ဆိုတဲ့ သူရဲကောင်း အမတ်ကြီး တစ်ဦး ပေါ်ပေါက်ခဲ့ဖူးတယ်။ *

သက္ကရာဇ် ၅၃၆ ခုနှစ်မှာ ပုဂံ ထီးနန်းမှာ နရပတိစည်သူမင်း နန်းတက်တယ်။ ဒီမင်းဟာ အခါတစ်ပါးမှာ ရွှေကြက်ယက် ရွှေကြက်ကျ ဘုရားနှစ်ဆူကို ထီးတင်ဖို့ အတွက် ပုဂံကနေ ရွှေဖောင်တော်နှင့် ဧရာဝတီမြစ်ကို ဆန်တက်ပါတယ်။

တစ်နေရာကို ရောက်တော့ ဘုရင် နရပတိစည်သူရဲ့ ရွှေဖောင်တော်ကို

---

* *သတ္တိ၊ ဗိုလ်မှူးဘသောင်း၊ (စာပေဗိမာန်)၊ စာ ၁*

မိကျောင်း တစ်ကောင်ဟာ ကျောကုန်းပေါ် တင်ပြီး အနှောင့်အယှက် ပေးပါတော့တယ်။ မိကျောင်းရဲ့ ရန်က ရက်တရက် ပေါ်လာတော့ ဘုရင်လည်း ဘာလုပ်လို့ လုပ်ရမှန်း မသိ ဖြစ်နေတယ်တဲ့။ ဒီအခါ ဖောင်ပေါ်မှာ ပါလာတဲ့ ရန်မန်ငထွေး ဆိုတဲ့ စစ်သည် သူရဲကောင်း တစ်ဦးဟာ ချက်ချင်းပဲ မိမိ အရှင်သခင်ရဲ့ အကျပ်အတည်းကို ဖြေရှင်းပေးဖို့ အတွက် မိမိ အသက်ပင် သေသေ ဆိုပြီး သန်လျက်ကို ဆွဲယူပြီး ရေထဲကို ခုန်ဆင်းလိုက်ပါတယ်။ သတ္တိကောင်းလှတဲ့ ရန်မန်ငထွေးဟာ ရေအောက်က ငုပ်ပြီး မိကျောင်းရဲ့ ဗိုက်ကို သန်လျက်နှင့် ခွဲပြီး သတ်လိုက်တဲ့ အတွက် မိကျောင်းလည်း သေသွားတာပေါ့။

ဒီလိုပဲ ရန်မန်ငထွေးဟာ ကျားရဲ့ တစ်ကောင်ကိုရော ဆင်ရိုင်း တစ်ကောင်ကိုရော တစ်ယောက်တည်း စွန့်စွန့်စားစား တိုက်ခိုက် သတ်ပုတ်နိုင်ခဲ့ပါတယ်။

ဒီလို ပြောင်မြောက်လှတဲ့ သတ္တိနှင့် အရှင့်အတွက် အကြိမ်ကြိမ် အသက်ကို စွန့်ခဲ့တယ်၊ အောင်ပွဲတွေလည်း အကြိမ်ကြိမ် ရခဲ့တယ် ဆိုတော့ မင်းကြီးလည်း ရန်မန်ငထွေးကို အလွန် ပေးခဲလှတဲ့ 'အနန္တသူရိယ' ဆိုတဲ့ ဘွဲ့ကို ပေးခဲ့ပါတယ်။ (မျက်ပြေ လင်္ကာ ရေးတဲ့ အနန္တသူရိယက တခြား တစ်ဦး ဖြစ်ပါတယ်။)

ဒီအချိန်က စပြီး နိုင်ငံတော်မှာ ပေါ်ပေါက်သမျှ ခိုးသားဓားပြ သူပုန်သူကန် ရန်မှန်သမျှကို နှိမ်နင်းဖို့ အတွက် အနန္တသူရိယ အမတ်ကိုပဲ စေတော်မူခဲ့တယ်။ ဒီလို စေလိုက်တိုင်းမှာလည်း အနန္တသူရိယဟာ ရန်သူကို မသတ်ဘူး၊ အရှင်ပဲ ဖမ်းဆီး ယူလာတာက များတယ်တဲ့။

အနန္တသူရိယ အမတ်ဟာ သစ္စာရှိရှိ သတ္တိပြောင်ပြောင်နှင့် ပစ္စုပ္ပန် မျက်မှောက် ဖြစ်သော အရှင့် အကျိုးကိုသာ သယ်ပိုး ထမ်းဆောင်သည် မဟုတ်သေး၊ သံသရာ အဆက်ဆက်၌ အကျိုးများမည့် အကြောင်းကိုလည်း ပြုခဲ့ပေသေးသည်။ ထို အမတ်သည် မဟာကဿပ အမည်တွင်သော ပေါင်းလောင်းရှင် မဟာထေရ်ကို ဆရာ ပြု၍ ဘုရား သိမ်ကျောင်း ကြီးကျယ်စွာ ပြုလုပ်ပြီးသော် သဘင် ကြီးစွာခံ၍ သာဓုခေါ်၏။ ထိုသို့လှူသော ဝတ္တုကံကျေးတို့ကို ကမ္ပည်း စာရင်းရေး၍ မင်းကြီး ရှေ့တော်ဝယ် ဖတ်စေပြီးသော် သာဓု ခေါ်တော်မူရ၏။

ထို့ကြောင့်လည်း မင်းကြီးက 'ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော အကျိုးကို သည်သူကဲ့သို့ လိုလားသောသူကား မရှိပြီ' လို့ ထုတ်ဖော် ချီးကျူး ရတယ်တဲ့။ မင်းကြီးလည်း အနန္တသူရိယရဲ့ ဆောင်ရွက်ပုံကို နှစ်သက်တော် မူလွန်းတဲ့အတွက် မိဖုရားငယ် တစ်ပါးက ဖွားမြင်တဲ့ မင်းသမီးတော် တစ်ပါးနှင့်တောင် စုံဖက်တော် မူစေတယ်တဲ့။

ဒါကတော့ မြန်မာရာဇဝင်မှာ ထွက်ပေါ်ခဲ့ဖူးတဲ့ ယုံကြည်ချက်နှင့် တက်လမ်း ရှာသူ တစ်ဦးရဲ့ ဘဝသံသရာ နှစ်ဖြာသော အကျိုးအတွက် ရွှေတောင်တက် ခရီးကို သွားပုံ ဖြစ်တယ်။

စွန့်ခြင်းများနှင့် ဘယ်လို သွားမှသာ ရွှေတောင်ထိပ်ကို ရောက်ရတယ် ဆိုတာကို သိလွယ် မြင်လွယ်အောင်လို့ ပြတဲ့ နမူနာတစ်ခုပါ။

## ဧဝရက်ကို ဘာကြောင့် တက်သလဲ

ဒီကမ္ဘာမှာ အမြင့်ဆုံး ဖြစ်တဲ့ ဧဝရက်တောင် ဆိုတာကို လူတိုင်း ကြားဖူး ကြ ပါလိမ့်မယ်။ ဒီတောင်ဟာ အမြင့် ပေပေါင်း ၂၉,၀၀၂ ပေ ရှိတယ်။ မိုင်အားဖြင့် ဆိုလျှင် ငါးမိုင်ခွဲလောက် မြင့်ပါတယ်။ ဧဝရက်တောင်ရဲ့ အမြင့်ပိုင်းကို ဆယ့်နှစ်လ ပတ်လုံး ရေခဲတွေ ဖုံးလွှမ်းနေတယ်။ ဒီတောင်ဟာ ဟိမဝန္တာရဲ့ တစ်ခုသော တောင်တန်းမှာ တည်ရှိတယ်။ တောင်ရဲ့ မြောက်ဘက်မှာ တိဗက်နိုင်ငံ ရှိပြီး တောင်ရဲ့ တောင်ဘက်မှာ နီပေါနိုင်ငံ တည်ရှိတယ်။ တောင်ပေါ်မှာ အင်မတန် ပြင်းထန်တဲ့ လေအေးများ တိုက်ခတ်နေတယ်။ ဆယ့်နှစ်ရာသီပတ်လုံး လိုလို တောင်ထိပ်ပိုင်းက ရေခဲတုံးကြီးတွေဟာ လဲပြိုကျတတ်တယ်။ နှင်းမုန်တိုင်းတွေ လည်း အခါအားလျော်စွာ တိုက်ခတ်တတ်တယ်။

လူတွေဟာ ရှေးအခါ ကတည်းက ဧဝရက်တောင်ရဲ့ ထိပ်ဖျားမှာ ခြေချနိုင်ဖို့ အတွက် ခေတ်အဆက်ဆက် ကြိုးပမ်းခဲ့ကြပါတယ်။ အသက်တွေလည်း အမြောက်အမြား ဆုံးရှုံးခဲ့ပြီး ဖြစ်တယ်။ ဒါပေမယ့် လူတွေကတော့ အလျှော့မပေးဘူး။ အရှုံး မပေးဘူး။ ဧဝရက်တောင်ထိပ်ကို မရောက်မနေ ဆိုတဲ့ ခွဲလုံ့လနှင့် ကြိုးစားလာခဲ့ကြတယ်။ ၁၉၅၃ ခုနှစ် မေလ ၂၉ ရက်နေ့ နံနက် ၁၀ နာရီ မိနစ် ၃၀ အချိန်မှာတော့ လူသားနှစ်ဦးဟာ ဧဝရက် တောင်ထိပ်ပေါ်မှာ လူ့ခြေရာကို ချနင်းနိုင်ခဲ့ပါတော့တယ်။ 'တောင်ကြီး ဖဝါးအောက်' ဆိုတဲ့ ရှေးလူတွေရဲ့ စကားကို သူတို့ အကောင်အထည် ဖော်လိုက်နိုင်ပါပြီ။

ဒီလူ နှစ်ယောက်ကတော့ နယူးဇီလန် ပြည်သား အက်ဒမန် ဟီလာရီ ဆိုသူနှင့် နီပေါပြည်က တောင်ပေါ်သား တစ်ဦးဖြစ်တဲ့ တန်ဇင်း နော်ကီ ဆိုသူတို့ ဖြစ်ကြတယ်။ *

အနှစ် တစ်ရာကျော်တိုင်အောင် ဧဝရက် တောင်ထိပ်ကို ရောက်ဖို့အတွက် လူတို့ စွန့်စား ရှာဖွေ ကြိုးပမ်းခဲ့ကြရာမှာ ၁၉၅၃ ခုနှစ် ရောက်တော့ ပထမဆုံး အကြိမ် လူသား နှစ်ဦး ဒီတောင်ထိပ်ကို ရောက်သွားတယ်လို့ သာမန်အားဖြင့် ဆိုရသော်လည်း တကယ်တော့ ဒါဟာ သူတို့ နှစ်ယောက်တည်းရဲ့ တစ်ကိုယ်တော် စွန့်စားခန်းကြောင့် ရောက်တာ မဟုတ်ပါဘူးတဲ့။ ဧဝရက် တောင်တက်ခရီး စွန့်စားခန်းရဲ့ အောင်မြင်မှုဟာ ရဲဘော်ရဲဘက် စိတ်နှင့် ကျရာတာဝန်ကို မခိုမကတ်

------------------

* *The Ascent of Everest - John Hunt (University of london Press)*

စုပေါင်း ဆောင်ရွက်ခဲ့ကြတဲ့ တောင်တက် အဖွဲ့သားများ အားလုံးရဲ့ အားထုတ်မှု ကြောင့် ရခဲ့တဲ့ အောင်မြင်မှုသာ ဖြစ်ပါတယ်လို့ သူတို့အားလုံး နားလည်ကြပါ တယ်။

ဒီစကားဟာ အလွန် မှတ်သားထိုက်တဲ့ စကား ဖြစ်တယ်။ လူတွေဟာ တစ်ယောက်အားနှင့် ယူလို့မရတဲ့ ကိစ္စတွေကို စုပေါင်းအား (တစ်ရာအား) နှင့် ယူသော် ရ၏ ဆိုတဲ့ ရှေးလူတို့ လုပ်ကိုင် ဆောင်ရွက်ပုံ စနစ်ကို မမေ့သင့်ပါဘူး။

နီတိ ဆရာကြီးများကလည်း အစွန့်ရှည်သော ခရီးကို တစ်ယောက်တည်း သွားသော် ပျက်စီး ဆုံးရှုးရာ၏လို့ ညွှန်ပြကြပါတယ်။ အမှန်တော့ ဘဝခရီး ဆိုတာ တစ်ယောက်တည်း သွားအပ်တဲ့ ခရီးလည်း မဟုတ်ဘူး။ သွားလို့လည်း မရပါဘူး။ စိတ်ကူးယဉ် ကဗျာတွေထဲမှာသာ အထီးကျန် ဘဝ ခရီးသည် ဆိုတာ ရှိပါတယ်။ တကယ့် ဘဝမှာတော့ လူတွေဟာ ဘယ်ခရီးကိုပဲ သွားသွား ခရီးသွားဖော်တွေ နှင့်သာ သွားကြရမြဲ ဖြစ်ပါတယ်။ ဒီအခါမှာလည်း ခရီးသွားဖော်ချင်း အဆွေ ခင်ပွန်းကောင်းစိတ်နှင့် တစ်ဦးကို တစ်ဦး ရိုင်းပင်းကူညီ သွားကြရမှာသာ ဖြစ်ပါ တယ်။ အဆွေခင်ပွန်းကောင်း စိတ်ကို ခေတ်စကားနှင့် ဆိုရင် ရဲဘော် ရဲဘက်စိတ် လို့ ဆိုရပါတယ်။ အဲဒီ ရဲဘော်စိတ်နှင့် ဘဝခရီးကို အတူသွားကြမယ် ဆိုရင် ဘဝ ခရီးမှာ ဘယ်လောက် ကြီးမားတဲ့ အခက်အခဲကိုပဲ ဖြစ်ဖြစ် ကျော်လွှား ချိတက်ပြီး လိုရာ အဆုံး ခရီးကို ရောက်ကြမှာ မုချ ဖြစ်တယ်လို့ ဆိုချင်ပါတယ်။

အမှန်မှာ ယုံကြည်ချက်နှင့် တက်လမ်း ရှာကြတဲ့ ရွှေတောင်တက် ခရီးသွား ဥစ္စာမပုရိသတိုင်းဟာ ဒီစိတ်ဓာတ်ကို အမွန်အမြတ် တလေးတစား ဆောက်တည် ပွားများနိုင်မှသာ အောင်ပွဲ ခံရပါလိမ့်မယ်။

ဒါကြောင့်လည်း ရှင်မဟာရဋ္ဌသာရ အကျော်က ဒီစိတ်ဓာတ်ကို လင်္ကာ စာ ဖွဲ့ပြီး ဆုံးမတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

ဒါဟာ ဘဝရွှေတောင်တက် ခရီးသွားဖော်ချင်း ထားရမယ့် ခင်ပွန်းစိတ်၊ ရဲဘော်စိတ်ပါ။ ဆရာတော်က ဘယ်လို ရေးခဲ့သလဲ ဆိုရင်

'သေတ္တုရှင်ဖက်၊ ဆောင်ရွက်မကင်း၊

အချင်းချင်းတွင်၊ အခင်းကြီးငယ်၊

ရှိခါဝယ်လည်း၊ မဖယ်မသွေ၊

ညီညာကုန်း၍၊ ရှန်းကြလေ' တဲ့။

ဒီစိတ်ဓာတ်မျိုး ဒီယုံကြည်ချက်မျိုးနှင့်သာ တက်ကြမယ်ဆိုရင် ဘဝခရီးမှာ ဘယ်လောက် ကြီးမားတဲ့ ရွှေတောင်ကြီးတွေကိုပဲ တက်တက် မပျက်မစီးဘဲ လိုရာ ခရီးအဆုံးကို ရောက်ကြရမှာပဲလို့လည်း ဆိုနိုင်ပါတယ်။

ဒီနေရာမှာ တချို့ စိတ်ထဲမှာတော့ ဒီလောက် မြင့်မောက်ခက်ခဲတဲ့ ဧဝရက် တောင်တက်ခရီးကို ဘာအကျိုး မြင်လို့ (ဘာအကျိုး ရှိမှာမို့) တက်ကြတာလဲလို့

မေးချင် မေးကြပါလိမ့်မယ်။ လူတွေဟာ ကြီးမားတဲ့ အလုပ်ကို အကျိုးရှိလို့သာ လုပ်ကြတယ်ဆိုတာ သိနားလည်သင့်ပါတယ်။

ဒါဖြင့် ဧဝရက်တောင်ကို တက်တာဟာ ဘာအကျိုး ရှိသလဲ။ ဒီအမေးကို လည်း ဖြေသင့်ပါတယ်။

ဧဝရက် တောင်ထိပ်ဟာ ရှေးက ဘယ်လူသားမှ မရောက်စဖူးဘူး။ ဒီနေရာ ဟာ မရောက်နိုင်တဲ့ အရပ်လို့ ထင်ခဲ့ကြတယ်။ လောကမှာ လူမရောက်နိုင်ဘူး ဆိုတဲ့ နေရာ မရှိဘူး ဆိုတာ လူတွေက လက်တွေ့ ပြဖို့ လိုတယ်။ ဒါမှသာ လူဟာ သတ္တလောကရဲ့ အရှင်သခင် ဖြစ်တယ်။ လူ့အစွမ်းသတ္တိဟာ ကြီးမားတယ် ဆိုတာ ကို သက်သေပြနိုင်မယ်။ ပြီးတော့ လူရဲ့ ရဲစွမ်းသတ္တိနှင့် လုံ့လဝီရိယကို ဧဝရက် တောင်တက်ခရီးနှင့် အစမ်းခံတာပဲ။ ဒီခြေစမ်းပွဲမှာ အနိုင်ရလို့ ရှိရင် ဧဝရက် တောင်ဟာ လူတွေရဲ့ ခြေဖဝါးအောက်ကို ရောက်သွားမှာပဲ။ ဒီအခါကျတော့ ရှေးက စွန့်ပစ် ထားခဲ့ရတဲ့ ကမ္ဘာပေါ်က နေရာ တစ်နေရာကို လူတွေဟာ စူးစမ်းနိုင်ပြီ ဖြစ်လို့ လိုအပ်တဲ့အခါ လူ့အတွက် အသုံးချနိုင်တာပေါ့။ ဒီလိုပဲ ကမ္ဘာ့ တောင်ဘက် စွန်း ရေခဲပြင်တွေ၊ မြောက်ဘက်စွန်း ရေခဲပြင်တွေနှင့် သမုဒ္ဒရာ ကြမ်းပြင်တွေရယ်၊ ဟို အာကာသ ဟင်းလင်းပြင်တွေရယ်ကိုလည်း လူတွေ စွန့်စား ရှာဖွေခဲ့ကြတာပဲ မဟုတ်လား။ ဒီစွန့်စား ရှာဖွေမှုတွေကပဲ လူ့ဘဝကို များစွာ အကျိုးကျေးဇူး ပြုခဲ့ပြီပဲ မဟုတ်လား။

ဧဝရက်တောင် တက်ခြင်းရဲ့ နောက်အကျိုးတွေကတော့ ဒီလူစုကို တစ်ကမ္ဘာ လုံးမှာ ရှိကြတဲ့ အစိုးရတွေ သမ္မတတွေ ဘုရင်တွေ ပညာရှင်တွေ အားလုံးက ချီးမွမ်း ဂုဏ်ပြုခဲ့ကြတယ်။ ဘွဲ့ထူး ဂုဏ်ထူးတွေနှင့် ချီးမွမ်း မြှောက်စားခဲ့ကြ ရတယ်။ ဒါဟာလည်း အကျိုးတွေပဲပေါ့။ သူများ မလုပ်နိုင်တာကို လုပ်နိုင်တဲ့ လူကို လောကက မြှောက်စားဖို့ အသင့်ရှိတယ် ဆိုတာ ယုံထားရမယ်။

ဒါတွေထက် ပိုပြီး တန်ဖိုးလည်းရှိ ထူးကဲမှုလည်း ရှိတဲ့ အကျိုးတွေလည်း ရှိပါသေးတယ်။ ဒီအကျိုးကို ဧဝရက် တောင်တက် မှတ်တမ်းမှာ ဗိုလ်မှူးကြီး ဟွန်ဟန့်က အောက်ပါအတိုင်း မှတ်တမ်း တင်ထားပါတယ်။

'ဧဝရက် တောင်တက်ဝတ္ထုဟာ အန္တရာယ်တွေနှင့် အခက်အခဲတွေကို အဆွေ ခင်ပွန်းစိတ် (ရဲဘော်စိတ်) နှင့် အတူတကွ သေတူရှင်ဖက် လက်တွဲ မဖြုတ်ကြ စတမ်း ညီညာကုန်းပြီး ရှန်းခဲ့ကြတဲ့ အတွက် အောင်ပွဲရခဲ့တဲ့ မှတ်တမ်းတစ်ခုသာ ဖြစ်ပါတယ်' တဲ့။

ဒီရောမ မဟာ တောင်မြင့်ကြီးကို တက်ခဲ့ကြပြီးတဲ့ နောက် တခြား လူသား တွေ အနေနှင့်လည်း သူတို့ရဲ့ ကိုယ်ပိုင် ဧဝရက် တောင်ကြီးတွေကို တက်ကြရဦးမှာပါ။ ဘာဖြစ်လို့လဲ ဆိုတော့ လောကမှာ စွန့်စားစရာ အခွင့်အလမ်းတွေက အများသား ကလား။

လောကမှာ စွန့်စားရတိုင်းလည်း စိတ်လှုပ်ရှားစရာ ကောင်းသည်တော့ မဟုတ်ပါ။ စွန့်စားမှုကိုလည်း တောင်တက်ခြင်းဖြင့်သာ ပြုလုပ်နိုင်သည် မဟုတ်ပါ။

လူတွေရဲ့ နေ့စဉ်ဘဝထဲမှာလည်း တက်စရာ ဧဝရက် တောင်ကြီးတွေဟာ အများကြီး ရှိပါတယ်။ လူတွေဟာ ဧဝရက်တောင်ကို တက်ခဲ့ကြတဲ့ လူတွေလို ကိုယ်ကျိုးကို မထောက်ထားတဲ့ စိတ်၊ ကြီးမားတဲ့ ယုံကြည်ချက် အဓိဋ္ဌာန် ဆိုတဲ့ မြင့်မားတဲ့ စိတ်ဓာတ်ကို အရင်းခံပြီး ကြိုးပမ်းကြမယ် ဆိုရင် လူမတက်နိုင်တဲ့ အမြင့်၊ လူမဆင်းနိုင်တဲ့ အနက် အစောက် ဆိုတာ ဒီကမ္ဘာမှာ မရှိနိုင်ပါဘူး * တဲ့။

ဒီစကားဟာ လူတို့ ပြုလုပ်နိုင်တဲ့ အလုပ် (ကံ) ရဲ့ သတ္တိ အပေါ်မှာ ယုံကြည် အားထားမှုကို ဖော်ပြတဲ့ စကားပဲလို့ အမှန်ပဲ မှတ်ယူသင့်လှပါတယ်။ ဒါဟာ လူသားတိုင်း မိမိတို့ရဲ့ အလုပ် (ကံ) ပေါ်မှာသာ မိမိတို့ ယုံကြည် အားထား သင့်တယ်။ လူဟာ သတ္တဝါတွေထဲမှာ မိမိ အလိုရှိရာ၊ မိမိ ဆန္ဒပြင်းပြရာကို မဖြစ် ဖြစ်အောင် မရ ရအောင်လုပ်ရင် ဖြစ်ကိုဖြစ်တယ်။ ရကိုရတယ်။ လူမှာ အားကိုး စရာ ကိုးကွယ်စရာ အကောင်းဆုံးဟာ မိမိရဲ့ စွမ်းဆောင်မှု (ကံ) ပဲ ဖြစ်တယ်လို့ ယုံကြည် စိတ်ချဖို့ လမ်းညွှန်ပြတဲ့ စကားလည်း ဖြစ်ပါတယ်။

## သဒ္ဓါ၏ သတ္တိများ

ရဲရင့်တဲ့ စိတ်၊ တည်ကြည် နိုင်ခံ့တဲ့ စိတ်၊ ဘယ်လောက်ပဲ ပင်ပန်း ပင်ပန်း အမြဲတမ်း အပြုံးမပျက် ကြည်သာ ရွှင်လန်းတဲ့ စိတ်နှင့် အခက်အခဲ မှန်သမျှကို ရင်ဆိုင်ဖို့၊ ဒုက္ခ မှန်သမျှကို ခံနိုင်ရည် ရှိဖို့ကတော့ လူမှာ ယုံကြည်ချက် ဆိုတဲ့ သဒ္ဓါ ရှိမှပဲ ဖြစ်တယ်လို့ ဆိုတဲ့ စကားကို ပိုပြီး ကျယ်ကျယ်ဝန်းဝန်း မြင်သင့်ပါ သေးတယ်။

လောကရဲ့ အဖြစ်အပျက်တွေကို အကြောင်း ဟုတ် မဟုတ်ကို ခွဲခြား သိမြင် ပြီးတဲ့ ပုဂ္ဂိုလ်ဟာ အမှားနှင့် အမှန်ကို ခွဲခြား သိမြင်ပြီးသူလည်း ဖြစ်ပါတယ်။ မှားယွင်းတဲ့ အယူ (ဒိဋ္ဌိ) ကို ပယ်ပြီးတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်မှာ အသိမှန် အမြင်မှန်ကို လက်ခံပြီးတာနှင့် တစ်ပြိုင်နက် သို့လော သို့လော ဖြစ်တဲ့ ဒွိဟာသံသယ ခေါ်တဲ့ ဝိစိကိစ္ဆာလည်း ကင်းရှင်းသွားပါပြီ။

တရားသဘောအရ ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာကို ပယ်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ အမှန်မှာတော့ ဘဝင်စိတ် ဝိထိကျပြီးတဲ့ သောတာပန် ပုဂ္ဂိုလ် ဖြစ်ပါပြီ။ ဘဝင်ကျတယ် ဆိုတာ တစ်စုံတစ်ခု အပေါ်မှာ စိတ်ချ ယုံကြည်ခြင်း၊ ကြည်ညိုခြင်း (သဒ္ဓါ) ဖြစ်ပေါ်လာ ခြင်းပဲ ဖြစ်ပါတယ်။ တစ်နည်းဆိုတော့ လူ့စိတ်မှာ ယုံကြည်ချက် (သဒ္ဓါ) ဖြစ်ပေါ်

------------------

* *The Ascent of Everest - p 94*

လာခြင်းဟာ ဆုံးဖြတ်ချက် ချနိုင်ခြင်း၊ စိတ်ကို ပိုင်းဖြတ်နိုင်ခြင်း (သန္နိဋ္ဌာန်ပြုခြင်း) ပဲ ဖြစ်တယ်လို့လည်း ဆိုနိုင်မယ် ထင်ပါတယ်။

ဒီလိုလူဟာ တစ်စုံတစ်ခုကို ပြုဖို့အတွက် ဒွိဟစိတ်ကို ပယ်ရှင်းလိုက်ပြီးတဲ့ နောက် မှန်ကန်တဲ့ အယူအပေါ်မှာ ခိုင်မာစွာ ရပ်တည်လိုက်တာနှင့် တစ်ပြိုင်နက် အထက်မှာ ဖော်ပြခဲ့တဲ့ စွန့်ရဲတဲ့ စိတ်တန်ခိုး သတ္တိထူးတွေ အလိုလို ဖြစ်ပေါ်လာပါတော့တယ်။ ဒါ့ပြင် စိတ်ဟာ နောက်ကျုခြင်း၊ ရှုပ်ထွေးခြင်းလည်း ကင်းပြီး အလွန်အမင်း ကြည်လင် သွားတတ်ပါတယ်။ ဒါကြောင့် ယုံပြီဆိုရင် ကြည်လင် သွားတဲ့ သဘောရှိလို့ 'ယုံကြည်ခြင်း' လို့ ခေါ်ရခြင်း ဖြစ်ကြောင်း * ကျေးဇူးရှင် တောင်မြို့ ဆရာတော် အရှင် ဇနကာဘိဝံသက ရှင်းပြတော်မူပါတယ်။

ဒီလို စိတ်ကြည်ပြီး နှလုံးသား ရွှင်မူ (အဝိပ္ပဋိသာရ) ဖြစ်သွားတာနှင့် တစ်ပြိုင်နက် သတ္တဝါတို့ရဲ့ စိတ်မှာ ဝမ်းမြောက်ခြင်း (ပါမောဇ္ဇ) လည်း ဖြစ်တယ်၊ ဝမ်းမြောက်ခြင်းကြောင့် နှစ်သက်ခြင်း (ပီတိ) စိတ်ကလေးလည်း ဖြစ်လာပါတယ်။ ပီတိ ဖြစ်နိုက်မှာ လူ့စိတ်ဟာ ချမ်းသာနေတာပဲ။ ဒီချမ်းသာကို (သုခ) လို့ ခေါ်တယ်။ ဒီလို စိတ်က ချမ်းသာသုခကို ခံစားရတဲ့ အခါမှာ အလွန်တည်ကြည်တဲ့ သမာဓိဟာလည်း ဖြစ်လာနိုင်ပါတယ်တဲ့။ **

သမာဓိ ဆိုတာကတော့ ပျံ့လွင့် ဖောက်ပြန်ခြင်း မရှိ၊ တွန့်ဆုတ်ခြင်း မရှိတဲ့ ခိုင်ခံ့တဲ့ စိတ်ပါပဲ။ ဒီစိတ်ကြောင့် လူမှာ တန်ခိုးသတ္တိတွေ ဖြစ်ပေါ်လာကြောင်း ကျမ်းဂန်မှာ ထင်ရှားရှိပါတယ်။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာတော့ 'ကုသိုလ်စိတ်၌ ရှိသော ဧကဂ္ဂတာ စေတသိက်သည် သမာဓိ' *** လို့ ဆိုပါတယ်။ တစ်နည်းအားဖြင့် 'တစ်ခုတည်းသော အာရုံ၌ စိတ် စေတသိက်တို့သည် အညီအညွတ် ကောင်းစွာ မပျံ့မလွင့် ဖရိုဖရဲ မကွဲမပြားမူ၍ တည်ကုန်၏။ ဤကောင်းစွာ တည်ခြင်း အစွမ်းသတ္တိ ရှိသောတရားသဘောကို သမာဓိဟူ၍ သိအပ်၏' လို့ ဆိုပါတယ်။)

## ဒေဝဒတ်ကို ယုံကြည်အားထား မှားသူ အဇာတသတ်

ယုံမှ ကြည်တယ် ဆိုတဲ့ အဲဒီသဒ္ဓါဟာ အမျိုးမျိုး ဖြစ်ပေါ် နိုင်ပါတယ်။ ကျမ်းဂန်မှာ 'သဒ္ဓါလွန်တော့ ကွန့်တတ်တယ်' လို့လည်း ဖော်ပြပါတယ်။ အရပ်သား စကားနှင့် ဆိုရင်တော့ သဒ္ဓါ လွန်တော့ တဏှာ ကျွံတတ်တယ် တဲ့။ ယေမ ဖြစ်တတ်တယ်

-----------------------

* *ကိုယ်ကျင့် အဘိဓမ္မာ၊ အရှင် ဇနကာဘိဝံသ၊ (နယူးဘားမား)၊ စာ ၈၈*

** *သာသနာ့ရောင်ခြည်၊ အတွဲ ၉၊ အမှတ် ၄၊ စာ ၂၄*

*** *ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ရှင်နန္ဒမာလာ၊ ပ တွဲ၊ စာ ၁၅၃*

လို့လည်း ဆိုပါတယ်။ လောကမှာ ပုဂ္ဂိုလ်ခင်ပြီး တရားမင်နေတာမျိုး၊ ပုဂ္ဂိုလ်ကို အထင်ကြီးလို့ ယုံကြည်နေတာမျိုးတွေဟာ အလွန် များလှပါတယ်။

အထင်ရှားဆုံး သာဓကကတော့ အဇာတသတ် မင်းသား ငယ်စဉ်အခါက တစ်နေ့မှာ ဒေဝဒတ်ဟာ သူ ရထားတဲ့ ဈာန် အဘိညာဉ်နှင့် သူ့ကိုယ်သူ သူငယ် တစ်ယောက် သဏ္ဍာန် ဖန်ဆင်းတယ်။ ပြီးတော့ သူ့ကိုယ်မှာ အဆိပ် ပြင်းတဲ့ မြွေတွေကို လိမ် ပတ် ပြီး ကောင်းကင် ခရီးကနေ အဇာတသတ် မင်းသား စံတဲ့ နန်းပြာသာဒ်ဆီကို သွားတယ်။ ပါးပျဉ်း ထောင်နေတဲ့ မြွေတွေ တစ်ကိုယ်လုံး ပတ်ပြီး ဝင်လာတဲ့ အခြင်းအရာကို မြင်တော့ မင်းသားလည်း ကြောက်လန့်ပြီး အော်ဟစ်တာပေါ့။

ဒီအခါ ဒေဝဒတ်က မေးတယ်။

'မင်းသား ကြောက်သလား' တဲ့။ ဒီလိုမေးတော့ မင်းသားက

'ငါ အလွန်ကြောက်တယ်၊ သင် ဘယ်သူလဲ' လို့ ပြန်မေးတယ်။ ဒေဝဒတ်က

'မင်းသား မကြောက်ပါနှင့်၊ ငါဟာ ဒေဝဒတ်ပါ' လို့ ဆိုတယ်။ မင်းသား ကလည်း ကြောက်အားလန့်အားနှင့်

'သင် ဒေဝဒတ်ဆိုရင် ရဟန်း အသွင်ကို ပြပါ၊ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ' လို့ ထပ်မေးပြန်တယ်။ ဒီတော့ ဒေဝဒတ်က 'မင်းသား ငါရဲ့ သတ္တိစွမ်းအင်ကို သင် မြင်စေချင်လို့ ပြတာပါ' ဆိုပြီး သူငယ် အသွင်ကနေ ပရိက္ခရာ ရှစ်ပါးနှင့် ရဟန်း အသွင်ကို ပြောင်းလိုက်တယ်။

ဒီအခါမှာတော့ အဇာတသတ်ရဲ့ စိတ်ထဲမှာ 'အရှင် ဒေဝဒတ်ဟာ ကြီးမားတဲ့ တန်ခိုး အာနုဘော် ရှိတယ်၊ နာနာရုပ်ကိုလည်း ဖန်ဆင်းနိုင်တယ်၊ ခမည်းတော် ကိုးကွယ်တဲ့ ရှင်ကြီး ဂေါတမဟောင် ဒီလို မတတ်နိုင်ဘူး' လို့ အောက်မေ့ပြီး ဒေဝဒတ်ကို ယုံကြည် အားကိုးသွားတယ်။ *

ဒီလို ယုံကြည်မှုမျိုးဟာ သဒ္ဓါ အစစ် မဟုတ်ဘူး။ ပညာနှင့် ယှဉ်တွဲတဲ့ ယုံကြည်မှု မဟုတ်ဘူး။ ဒါက ပုဂ္ဂိုလ်ကို ချစ်လို့ ကြောက်လို့ ခင်လို့ မင်လို့ ဖြစ်တဲ့ သဒ္ဓါအရာမျိုးပါ။

ကမ္ဘာပေါ်မှာ အပြစ်ဒဏ် ခတ်မှာ ကြောက်လို့ ယုံကြည် နေကြတာမျိုးတွေ၊ ကိုယ့်ကို မစ အောင်၊ ကာကွယ် စောင့်ရှောက်အောင်လို့ မျှော်ကိုးပြီး ယုံကြည်နေကြတာတွေလည်း အများပဲ ရှိပါတယ်။ ဒါတွေဟာ စစ်မှန်တဲ့ ယုံကြည်မှု (သဒ္ဓါ) အစစ်တွေ မဟုတ်ဘူး။ ဒါကြောင့် ပညာနှင့် သဒ္ဓါကို ညီမျှ စေရမယ်လို့ ပညာရှိများ ဆုံးမကြပါတယ်။

---

* *ဓမ္မပဒဋ္ဌကထာသံနိကျမ်း၊ စာ ၄၁၆၊ ၄၁၇*

ပညာဉာဏ်နှင့် သူတော်ကောင်း တရားကို သိမြင်မှသာ လူမှာ စစ်မှန်တဲ့ ယုံကြည်ချက် ဆိုတာ ဖြစ်ပေါ်နိုင်ပါတယ်။ ဒီလို ယုံကြည်ချက်မျိုး ခိုင်ခံ့စွာ ဖြစ်ပေါ်လာမှသာ လူဟာ ဘဝရဲ့ အယုတ်လမ်းကနေ အမြတ်လမ်း အတက်လမ်းကို ရှာဖွေ လှမ်းတက်နိုင်တာဟာလည်း ထင်ရှားတဲ့ သာဓက အများအပြား ရှိပါတယ်။

ဒီနေရာမှာ ဘုရား လက်ထက်တော် အခါက ထင်ရှား ရှိခဲ့တဲ့ စိတ္တဟတ္ထ မထေရ် * ရဲ့ ဝတ္ထုကို သတိရမိပါတယ်။

တစ်ခါတုန်းက သာဝတ္ထိပြည်မှာ စိတ်ကောင်းရှိတဲ့ ယောက်ျား တစ်ယောက်ဟာ နွားပျောက်ကို ရှာဖို့ တောကို ဝင်ခဲ့တယ်။ မွန်းတည့်ချိန် ရောက်မှ နွားကို တွေ့ပြီး ပြန်ခဲ့တယ်။ လမ်းမှာ သိပ် ဆာလာလို့ နွားကို လွှတ်ထားခဲ့ပြီး အနီးအနားက ကျောင်း တစ်ကျောင်းကို ဝင်ပြီး သင့်ရာအရပ်က ထိုင်နေတယ်။ ဒီအခါ ရဟန်းများ ဆွမ်းစားပြီးလို့ ခွက်တွေထဲမှာလည်း စားကြွင်းတွေ ရှိနေတော့ ရဟန်းများက 'ဒကာ ဆာလာပြီ ထင်တယ်၊ ထမင်းတွေ ရှိတယ်၊ ယူစား' လို့ ဆိုတယ်။

နွားရှာ ယောက်ျားလည်း အလွန် ကောင်းမွန်လှတဲ့ အမဲဟင်းလျာတွေ ပေါပေါ များများနှင့် ဆွမ်းကျန်များကို စားပြီးတဲ့အခါ 'အရှင်ဘုရားတို့၊ ဒီနေ့ ပင့်ဆွမ်း ရှိလို့လား ဘုရား' လို့ မေးတယ်။ ရဟန်းများကလည်း 'ဆွမ်းပင့်တာ မဟုတ်ဘူး ဒကာ၊ နေ့တိုင်း ဒီလောက်တော့ စားရပါတယ်' လို့ ပြန်ဖြေတယ်။

ဒီအခါ ဒီယောက်ျားစိတ်မှာ အတွေး တစ်ခု ပေါ်တယ်။ 'ငါတို့မှာ ပင်ပင်ပန်းပန်း အလုပ် လုပ်ရတာတောင် ဒီလောက် ဟင်းကောင်း မစားရဘူး၊ ရဟန်းတို့မှာတော့ နေ့စဉ် ဒီလို ထမင်းကောင်း ဟင်းကောင်း စားရတယ်၊ ငါလည်း ရဟန်း ဝတ်မယ်' လို့ ကြံပြီး ရဟန်း အဖြစ်ကို တောင်းခံတယ်။ ရဟန်းတို့ကလည်း ဒီယောက်ျားကို ရဟန်း ပြုပေးကြပါတယ်။ ဒီယောက်ျားဟာ ရဟန်းဖြစ်တဲ့ အချိန်က စပြီး ကျောင်းမှာ ရှိတဲ့ ရဟန်းသံဃာ အားလုံးရဲ့ ဝတ်ကြီးဝတ်ငယ်တို့ကို အစစ အရာရာ လိုလေသေး မရှိအောင် ပြုတယ်။

သာသနာတော်ကို မှီပြီး ကောင်းမြတ်တဲ့ အစားအစာတွေကိုချည်း စားနေရတော့ ဒီရဟန်း မကြာခင်မှာ ဝဖြိုး လာတော့တာပေါ့။

ဒီအခါကျတော့ ရဟန်းက လူထွက်ချင်ပြန်တယ်။ ဆွမ်းခံသွားရင်း လူထွက်ပစ်လိုက်တယ်။

---

* *စိတ္တဟတ္ထ မထေရ် ဝတ္ထု၊ ဓမ္မပဒ*

နောက် လူ့ဘဝမှာ ပင်ပင်ပန်းပန်း လုပ်ရပြန်တော့ ငြီးငွေ့လာပြန်တယ်။ ရဟန်း ဝတ်ပြန်တယ်။ နောက် အစားကောင်း စားပြီး ဝလာတော့ ငြီးငွေ့ပြီး လူထွက်ပြန်တယ်။ ရဟန်းများကလည်း ရဟန်း ဝတ်တုန်းမှာ ဝတ်ကြီး ဝတ်ငယ် ပြုတဲ့ သူ့ကျေးဇူးကို ထောက်ပြီး ရဟန်းဝတ်ဖို့ လျှောက်ထားတိုင်း ခွင့်ပြုပြီး ဝတ်ပေးခဲ့တာ ခုဆို ရဟန်း ဝတ်လိုက်၊ လူထွက်လိုက် လုပ်တာ ခြောက်ကြိမ်တောင် ရှိသွားပြီ။

ယောက်ျားလည်း လူ့ဘဝ တစ်ခါ ပြန်လိုက်၊ မိန်းမမှာ ကိုယ်ဝန် တစ်ခါ ရလိုက်နှင့်ပေါ့။

ကျွတ်ချိန်တန်တော့ တစ်နေ့မှာ လယ်ထဲက ထွန်တုံးကို ထမ်းပြီး အိမ်အပြန် မှာ မယားဖြစ်သူဟာ အခန်းထဲမှာ အိပ်နေတာ တွေ့ရပါတယ်။ မယား ကိုယ်ပေါ် မှာလည်း အဝတ်များ ကျွတ်နေတယ်။ နေ့စေ့လစေ့ ကိုယ်ဝန်ကြီးကလည်း ဖူးဖူး ရောင်နေတယ်။ အိပ်မောကျနေတဲ့အတွက် ပါးစပ်ကလည်း အရိအရွဲတွေ ကျပြီး ဟောက်နေတယ်။

ဒီယောက်ျားဟာ အိပ်ပျော်နေတဲ့ မယားကို စေ့စေ့ကြည့်တယ်။ ဒီအခါ ဖူးဖူး ရောင်နေတဲ့ အပုပ်ကောင်ကြီးလို သူ့မျက်စိထဲမှာ မြင်လာတယ်။ အင်း ဒါဟာ အနိစ္စ ဒုက္ခ ဆိုတာမျိုး ပါကလားလို့ သူ့စိတ်ထဲမှာ အသုဘ နိမိတ်၊ အသုဘ သညာ ထင်လာတယ်တဲ့။

ဒီတော့ သူ စဉ်းစားတယ်။

'ငါဟာ ဒီမိန်းမကြောင့် ရဟန်း အဖြစ်မှာ ကြာကြာ မနေနိုင်ဘူး၊ တကယ် စင်စစ် ငါဟာ ဖူးဖူးရောင်နေတဲ့ အကောင်ပုပ်ကို စွဲလမ်း နှစ်သက် တပ်မက်နေတာ ပါကလား' လို့ သံဝေဂဉာဏ်ဟာ သူ့စိတ်မှာ ပြက်ပြက် ထင်လာတယ်။

ဒီအခါမှာတော့ သူ့စိတ်မှာ အယုတ်လမ်းကနေ အမြတ်လမ်းကို တက်မှ ဖြစ်မယ်ဆိုတဲ့ ပညာအမြင်နှင့် ယှဉ်တဲ့ ယုံကြည်ချက်ဟာ ဖြစ်လာတယ်။ ယတိပြတ် ဆုံးဖြတ်ချက်ဟာလည်း သူ့စိတ်မှာ ဖြစ်ပေါ်လာတော့တယ်။ သူ့စိတ်ထဲက ဒွိဟ ကိုလည်း သူ ပယ်ရှင်းပစ်လိုက်နိုင်ပြီ။ ရှေးက ကျင့်ကြံခဲ့တဲ့ မှားယွင်းတဲ့ အယူတွေ၊ ဝိစိကိစ္ဆာတွေကိုလည်း သုတ်သင်လိုက်တယ်။ နောက်ဆုံးမှာတော့ အိမ်မှာ ရှိတဲ့ သင်္ကန်းကို ဖဝါးခနဲ ကောက်ယူပြီး သူဟာ ဘာကိုမှ ထောက်ထား ငဲ့ညှာခြင်း မရှိ တော့ဘဲနှင့် တစ်ခါတည်း အိမ်က ဆင်းလာခဲ့ပါတော့တယ်။

သူ ဒီလို ဆင်းသွားတာကို သူ့ယောက္ခမက မြင်လိုက်တော့ ပျာပျာသလဲ သူ့သမီးကို အိမ်ကူးလာပြီး ပြောတယ်။ သူ့လင် သင်္ကန်းပိုက်ပြီး ဆင်းသွားတယ် ဆိုတာ ကြားတော့ သူ့ မိန်းမက 'မပူပါနှင့် အမေရယ်၊ သူ ပြန်လာမှာပါ' တဲ့။

မယားကတော့ သူ့လင် ဒီလိုပဲ ရဟန်းဝတ်လိုက် လူထွက်လိုက် ဆိုတာ သိထားတော့ ဒီလို ထင်ပေတာပေါ့။

ဒါပေမယ့် ဒီယောက်ျားကတော့ သက်န်းကို ပိုက်ပြီး တစ်လမ်းလုံး အသုဘ သညာကို ရှုပွားသွားတယ်။ အနိစ္စ ဒုက္ခလို့လည်း နှုတ်က ရွတ်ပြီးသွားတယ်။ လမ်းမှာပဲ သောတာပတ္တိဖိုလ်ကို ရောက်သွားတယ်တဲ့။

ကျောင်းကိုရောက်တော့ ရဟန်းတွေကို ရှိရှိသေသေ ရှိခိုးပြီး ရဟန်း အဖြစ်ကို တောင်းပြန်တယ်။ ရဟန်းတို့ကလည်း 'သင်ဟာ စိတ္တဟတ္ထ ဖြစ်တယ်၊ စိတ်အလိုကို လိုက်ပြီး ရဟန်းဝတ်လိုက် လူထွက်လိုက် အရှက်မရှိ လုပ်တာ အကြိမ်ပေါင်းလည်း များပြီ၊ ရဟန်း ပြုမပေးနိုင်ဘူး' လို့ ဆိုကြတော့တာပေါ့။

ယောက်ျားကလည်း ဒီတစ်ကြိမ် နောက်ဆုံး ရဟန်း ပြုပေးပါ အရှင်ဘုရား တို့ လို့ လျှောက်ထားတယ်။ ရဟန်းများကလည်း သူ ဝတ်ပြုဖူးတဲ့ ကျေးဇူးကို ထောက်ထားပြီး ရဟန်း ပြုပေးလိုက်တယ်။ ယုံကြည်ချက် အမှန်၊ သဒ္ဓါ အစစ်ကို ရပြီးပြီဖြစ်တဲ့ စိတ္တဟတ္ထ ရဟန်းဟာ နှစ်ရက် သုံးရက် အတွင်းမှာပဲ ပဋိသမ္ဘိဒါနှင့် တကွ အရဟတ္တဖိုလ်ကို ရောက်သွားပါတော့တယ်တဲ့။

ရဟန်းတို့က 'ငါ့ရှင် စိတ္တဟတ္ထ၊ ဒီတစ်ကြိမ် ကြာလှချည်လား၊ လူမထွက် တော့ဘူးလား' လို့ မေးကြတာပေါ့။ ဒီအခါ စိတ္တဟတ္ထ မထေရ်က 'အရှင်ဘုရား တို့၊ ကိုယ်လက် နှီးနှောခြင်း ရှိခဲ့တဲ့ အချိန်ကာလတွေ ကုန်သွားပါပြီ ဘုရား၊ ခု တပည့်တော်ဟာ ကိုယ်လက် နှီးနှောခြင်း (သံသဂ္ဂ) ပြတ်စဲပြီး ဖြစ်လို့ အိမ်ပြန်ဖို့ မလိုတော့ပါဘူး' လို့ ပြန်ဖြေလိုက်တယ်။

ဒါဟာ ယုံကြည်ချက်နှင့် တက်လမ်း ရှာသွားတဲ့ (သူတော်ကောင်း တရားကို သိမြင်ပြီး ခိုင်မြဲတဲ့ ယုံကြည်ခြင်းကို ရရှိသွားတဲ့) ပုဂ္ဂိုလ် တစ်ဦးရဲ့ ဝတ္ထု သာဓက ပါပဲ။

လူဟာ စစ်မှန်တဲ့ သဒ္ဓါ (ယုံကြည်မှု) မဖြစ်ပေါ်ခင်မှာတော့ စိတ္တဟတ္ထ မထေရ်လို ရဟန်းဝတ်လိုက် လူထွက်လိုက်နှင့် ဒွိဟမကင်း ဖြစ်ပြီး အထက်မရောက် အောက်မကျ တစ်လစ်ကြီး ဖြစ်နေတတ်ပါတယ်။ တကယ် ဉာဏ်ပညာ အမြင် အထင် ဖြစ်ပေါ်လာပြီးတော့ နှလုံးအိမ်မှာ သူတော်ကောင်းတရားကို တကယ်တမ်း ယုံကြည် သက်ဝင်သွားပြီ ဆိုရင်တော့ ဘဝရွှေတောင်ရဲ့ တက်လမ်းကို ရှာတွေ့ပြီး မဆုတ်မနစ် တက်သွားနိုင်တာ ထင်ရှားလှပါတယ်။

## ရှင် သာရိပုတြာ နှင့် ရှင် မောဂ္ဂလာန်တို့၏ ယုံကြည်မှု

တကယ်တမ်း ပါရမီဉာဏ် ရင့်သန်တဲ့ ရှင်သာရိပုတြာ အလောင်းတော်နှင့် ရှင် မောဂ္ဂလာန် အလောင်းတော်တို့လို ပုဂ္ဂိုလ်တွေ အဖို့တော့ တရားစကား တစ်လုံး တစ်ပါဒမျှ ကြားရရုံနှင့် ခိုင်မာတဲ့ ယုံကြည်ချက်ဟာ ချက်ချင်း ဖြစ် ပေါ် လာ ပါတယ်။

ရှင်သာရိပုတြာ အလောင်းတော် ဖြစ်တဲ့ ဥပတိဿ ပရိဗိုဇ်ဟာ တစ်နေ့မှာ မြို့တွင်းက ဆွမ်းစားပြီး ကျောင်းသို့ ပြန်လာတဲ့ အရှင် အဿဇိကို လမ်းမှာ တွေ့မြင်ရတယ်။ အရှင် အဿဇိ မထေရ်မြတ်ရဲ့ တည်ငြိမ် တင့်တယ်တဲ့ အဆင်း၊ ဣန္ဒြေ အမူအရာကို မြင်ပြီး ဥပတိဿဟာ ထို မထေရ်မြတ်ကို ချဉ်းကပ်ပြီး မေးတယ်။

'အရှင်၊ သင့် အမူအရာဟာ အလွန် နှစ်သက်ဖွယ် ရှိလှပါတယ်၊ ဖြူစင်သန့်ရှင်းတဲ့ အဆင်း အသရေလည်း ရှိတယ်၊ သင်ဟာ ဘာကို ရည်မှန်းပြီး ရဟန်း ပြုပါသလဲ၊ သင့် ဆရာဟာ ဘယ်သူလဲ၊ ဘယ်သူ့ စကားကို သင် နှစ်သက်သလဲ၊ ဘယ်သူ့ ဩဝါဒကို သင် ခံယူသလဲ' လို့ မေးပါတယ်။ *

အရှင် အဿဇိက သူဟာ သာကိဝင် မင်းမျိုးက ဖြစ်တဲ့ ဘုရားကို ရည်မှန်းပြီး ရဟန်းပြုတဲ့ အကြောင်း၊ အဲဒီ ဘုရားဟာ သူ့ဆရာ ဖြစ်တဲ့ အကြောင်း၊ အဲဒီ ဘုရား ဟောကြားအပ်တဲ့ တရားကိုသာ နှစ်သက်ပြီး မိန့်မြွက်တဲ့ ဩဝါဒကို ခံယူတဲ့ အကြောင်းကို ပြန်ဖြေတော် မူပါတယ်။

ဒီအခါ ဥပတိဿက

'ငါ့ရှင် သင်တို့ဆရာ ဘုရားဟာ ဘယ်လို အယူဝါဒ ရှိသလဲ၊ ဘယ်လို တရားကို ဟောသလဲ၊ ငါ့ကို ဟောပြပါ' လို့ တောင်းပန် ပြောဆိုတယ်။

ဒီတင် အရှင် အဿဇိ မထေရ်က 'ယေ ဓမ္မာ ဟေတုပ္ပဘဝါ' ဆိုတဲ့ ဂါထာနှင့် တရားတော်ရဲ့ အကျဉ်းသဘောကို ပြောပြပါတယ်။

'လောကမှာ ဖြစ်သမျှ အကျိုးတရားတိုင်းမှာ အကြောင်းတရား ရှိမြဲ ဖြစ်တယ်' ဆိုတဲ့ သဘော အချုပ်ကို ဆိုတာပဲ ဖြစ်ပါတယ်။

ဒီလို အကျဉ်းချုပ် တရားလေးကို ကြားကာမျှနှင့် အရှင် ဥပတိဿဟာ နည်းတစ်ထောင်နှင့် တန်ဆာ ဆင်အပ်တဲ့ သောတာပတ္တိမဂ်ကို ရောက်သွားပါတော့တယ်။

ဒီလိုလည်း ဖြစ်ရော အရှင် ဥပတိဿဟာ သူ့မိတ်ဆွေဖြစ်သူ ရှင် မောဂ္ဂလာန် အလောင်းတော် အရှင် ကောလိတကို ခေါ်ပြီး မြတ်စွာဘုရားထံမှာ ရဟန်း အဖြစ်ကို ခံယူဖို့ ယတိပြတ် ဆုံးဖြတ်နိုင်ခဲ့ပါတယ်။

ဒါက သဒ္ဓါတရား ထက်သန်ပြီး ဉာဏ်ပညာ ထက်မြက်လှတဲ့ ပုဂ္ဂိုလ်တွေဟာ လောကရဲ့ သစ္စာတရားနှင့် ပတ်သက်တဲ့ စကားမျိုး တစ်လုံး တစ်ပါဒ ကြားရရုံနှင့် ဘဝရဲ့ အတက်ခရီးကို ချက်ချင်း ရှာဖွေ တက်လှမ်းနိုင်တဲ့ သဘောပါပဲ။

ဒီအရှင်များကတော့ သာသနာတော်မှာ မြတ်စွာဘုရားနှင့် ကိုယ်တိုင် တွေ့ကြရလို့ တရားဓမ္မ တစ်ပုဒ်တလေကို အကျဉ်း၌ ကြားရရုံနှင့် မဂ်ဖိုလ်ကို ရနိုင်တဲ့

---

* ဓိနည္တပကာသနီ၊ တ ၈၂

ဥဏ္ဏါဋိတညူ ပုဂ္ဂိုလ်မျိုး ဖြစ်ကြပါတယ်။ *

သာမန် ပုထုဇဉ်များမှာတော့ သူတို့လို ချက်ချင်း အမြင်မှန် အသိမှန်ကို ရရှိပြီး ဘုရား တရား သံဃာ ဆိုတဲ့ ရတနာသုံးပါး အပေါ်မှာ ကြီးမားတဲ့ ယုံကြည် အားကိုးမှုမျိုး ရနိုင်မယ် မထင်ပါဘူး။

ဘာဖြစ်လို့လဲ ဆိုတော့ သာမန် ပုထုဇဉ်တွေမှာ ဖြစ်ပေါ်လေ့ ရှိတဲ့ သဒ္ဓါ (ယုံကြည်မှု၊ ကြည်ညိုမှု) ဆိုတာက တစ်စုံတစ်ခု မျှော်ကိုးမှု၊ တပ်မက်မှု (တဏှာ)၊ ခင်မင်မှု သံယောဇဉ်၊ အထင်ကြီးမှုစတဲ့ အကုသိုလ် စေတသိက်တွေနှင့် ယှဉ်တွဲပြီး လည်း ဖြစ်နိုင်တယ်။

ဒီလို သဒ္ဓါမျိုးကို လယ်တီ ဆရာတော်ကတော့ ပကတိသဒ္ဓါလို့ ဆိုတယ်။ ပကတိသဒ္ဓါ ဆိုတာ ကိုယ်ကိုစွန့်ပြီး မဖောက်မပြန် ယုံကြည်ခြင်း မဟုတ်ဘူး။ မျှော် လင့်ချက် ရှိတုန်း ကိုယ့်ကို မ စမယ်၊ စောင့်ရှောက်မယ်လို့ ထင်မြင် အားကိုးနေစဉ် အခိုက်အတန့်မှာသာ ယုံကြည်နေတာမျိုးပဲကိုး။ မခိုင်မြဲဘူး။

ဉာဏ်ပညာနှင့်လည်း တွဲယှဉ်မယ်၊ စိတ်ကို ကောင်းစွာ ပြုပြင် လေ့ကျင့် ထားတဲ့ အတွက်လည်း အမြဲ ကြည်လင်ပြီး ငြိမ်သက် တည်တံ့နေမယ်၊ မိမိ တစ်ဦး တစ်ယောက် ဆင်းရဲဒုက္ခ ရောက်ချင် ရောက်၊ သေချင် သေ၊ ကိုယ့်နောက် လူအများ ချမ်းသာသွားမယ် ဆိုရင် အသက်ကိုပင် စွန့်ပြီး လုပ်ဖို့ မြင့်မားတဲ့ ယုံကြည်ချက် မျိုးကို ဆိုတာ။ ရှေးအခါက အလောင်းတော်ကြီးများဟာ ဖြည့်ဆည်းပြီးတဲ့ ပါရမီ အဆောက်အအုံကြောင့် မျက်မှောက်ဘဝမှာ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြတယ်။

ဒါပေမယ့် သူတို့မှာ အများနှင့် အတူတကွ အညီအမျှ ဖြစ်တဲ့ ချမ်းသာမျိုး ကိုသာ ရလိုတဲ့ ဆန္ဒနှင့် ယုံကြည်ချက်ကြီးတွေ ရှိကြတယ်။ သူတို့ရဲ့ ယုံကြည်ချက် ကို လယ်တီ ဆရာတော်က ဒီလို ဖော်ပြဖူးတယ်။

'ကိုယ်စွမ်းကိုယ်ရည်ကို မြင်သော ငါယောကျ်ားကောင်း ဖြစ်ပါလျက် တစ် ကိုယ်တည်း နိဗ္ဗာန်ကူးသဖြင့် ပစာပြုရအံ့နည်း၊ သဗ္ဗညုတဉာဏ်တည်း ဟူသော မဟာဗောဓိသို့ ရောက်ပြီးမှ နတ်ဗြဟ္မာနှင့် တကွ လူအပေါင်းကို နိဗ္ဗာန်ကူးတို့သို့ ပို့ဆောင် ကယ်တင်အံ့' ** တဲ့။

ဒါဟာ တစ်ကိုယ်ကောင်း တစ်ယောက်ကောင်းကိုသာ ရှေးရှုတဲ့ ယုံကြည် ချက်မျိုး မဟုတ်ဘူး။ အများနှင့် အတူတကွ အညီအမျှ ဖြစ်တဲ့ ချမ်းသာကိုသာ တောင့်တတဲ့၊ မိမိကိုယ်ကျိုးကို အနစ်နာခံ စွန့်လွှတ်ရဲတဲ့ ရွှေတောင်တက်သမား ဥဂ္ဃဋိတညူပုဂ္ဂိုလ်တို့ရဲ့ ယုံကြည်ချက်မျိုးသာ ဖြစ်တယ်။

ဒီလို ယုံကြည်ချက် ရှိပြီးတဲ့ ပုဂ္ဂိုလ်ဟာ မိမိ အသက်စနှာထက် သူတစ်ပါးရဲ့

---

* *ဗောဓိပက္ခိယ ဒီပနီ၊ လယ်တီဆရာတော်၊ (ဟံသာဝတီ)၊ စာ ၂*

** *ဥဂ္ဃဋ္ဌမပုရိသ ဒီပနီ၊ လယ်တီဆရာတော်၊ (ဟံသာဝတီ)၊ စာ.၃၀*

ဒုက္ခကို ကင်းငြိမ်းစေလိုတဲ့ အလွန် ထက်သန်တဲ့ စိတ်မျိုးလည်း ရှိတယ်။ ဒါကို ကျမ်းဂန်မှာ 'ကရုဏာ သမ္ဘတ္တိ' လို့ ခေါ်ပါတယ်။ ဒီ ကရုဏာ သမ္ဘတ္တိကြောင့် မျက်မှောက်ခေတ်မှာ ဒဿန ဆရာကြီး ဘာထရန်ရပ်ဆယ်ဟာ အသက် ၈၉ နှစ် အရွယ်ကြီးမှာ ထောင်ကျခံပြီး ဟိုက်ဒရိုဂျင်ဗုံး ဆန့်ကျင်ရေး အတွက် တိုက်ပွဲဝင် ခဲ့ပါတယ်။ *

ဒီလို ယုံကြည်ချက်မျိုးကို ဆောက်တည်ပြီးတဲ့ သူဟာ အသက်ကို စွန့်ပြီး မိမိ ယုံကြည်တဲ့အတိုင်း ဆောင်ရွက်နိုင်တဲ့ သတ္တိနှင့်လည်း ပြည့်စုံတယ်။ ဒီသတ္တိကို ကျမ်းဂန်မှာ 'အဓိကာရ' လို့ ခေါ်ပါတယ်။

အမြင့်ဆုံး အမြတ်ဆုံး ဘဝကို မျှော်မှန်းပြီး ကရုဏာသမ္ဘတ္တိ အဓိကာရတို့ နှင့် ပြည့်စုံတဲ့အခါ ရွှေတောင်တက်သမားတို့ရဲ့ နှလုံး သည်းပွတ်ထဲမှာ အလွန် ပြင်းထန်တဲ့ အလိုဆန္ဒတွေ ဖြစ်ပေါ်လာတယ်။ ယုံကြည်ချက်က ပေါက်ပွားတဲ့ ဆန္ဒ လို့လည်း ဆိုနိုင်ပါတယ်။ ဒီဆန္ဒမျိုး ဖြစ်ပေါ်လာတဲ့ အခါမှာတော့ ရွှေတောင်တက် ခရီးသွား ယောက်ျားကို ဘယ်လို အခက်အခဲ၊ အကျပ်အတည်း ရန်အန္တရာယ်မျိုး ကမှ တားဆီးလို့ မရတော့ပါဘူး။ ကျမ်းဂန်မှာ ဒီဆန္ဒရဲ့ သရုပ်ကို ဘယ်လို ဖော်ပြ သလဲ ဆိုတော့

အချင်းယူဇနာ တစ်သန်း နှစ်သိန်း သုံးထောင့် လေးရာ ငါးဆယ် ကျယ်သော စကြဝဠာတိုက် အတွင်းမှာ အလွန်ထက်သော လှံသွားတို့ကို အပြည့်စိုက်၍ ထား ပြီးလျှင် လှံသွားထိပ်ကို နင်း၍ ဤမှာဘက် စကြဝဠာ တံတိုင်းမှ ထိုမှာဘက် စကြဝဠာ တံတိုင်းသို့ ရောက်ပေါက်အောင် လာခဲ့နိုင်လျှင် မဟာဗောဓိကို ထိုမှာ ဘက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရတတ်သည် အမှန် ဖြစ်ခဲ့သော် ထွေလာ စိတ်ဖန် ကြံစည် တွန့်ရွံ့ခြင်းမရှိ ခဏချင်း နင်း၍ သွားနိုင်လောက်အောင် ထက် သန်သော ဆန္ဒကို 'ဆန္ဒတာ' ဆိုသည်ဟု ကျမ်းဂန်တို့၌ ပြထားပါတယ်။ (ဇာတ် အဋ္ဌကထာ အဒိရဂ်ါရ ဇာတ်မှာ အကျယ်ရှုပါ။) **

## မာန နှင့် ယုံကြည်ချက်

သို့သော်လည်း ယုံကြည်ချက် ဆိုရာမှာ မှားယွင်းတဲ့ ယုံကြည်ချက်မျိုးလည်း ရှိတတ်တာပါပဲ။ လူတွေဟာ တစ်ခါတစ်ရံ အကြောင်း အမျိုးမျိုးကြောင့် တစ်စုံ တစ်ခုသော အယူဝါဒကို ယုံကြည်ခဲ့ကြပါတယ်။ နောက်ကာလ အတန်ကြာလို့ မိမိကလည်း ပညာဉာဏ် အမြင်တွေ ရှိလာလို့ သိတတ်တဲ့ အခါကျတော့ မူလက

-----------------

* *Has Man A Future - Bertrand Russell.*

** *ဥတ္တမဟုရိသ ဒီပနီ၊ စာ ၃၁*

မိမိ ယုံကြည်နေတဲ့ အယူဝါဒဟာ မှားနေပြီ ဆိုတာကို သိတယ်။ ဒါပေမယ့် ပတ်ဝန်းကျင်ကို မလွန်ဆန်နိုင်လို့ပဲ ဖြစ်ဖြစ်၊ ကိုယ့်သိက္ခာကို ထိန်းပြီး (သိက္ခာကျမှာ စိုးလို့ ဆိုတဲ့) မာန ခံနေလို့ပဲ ဖြစ်ဖြစ် မှားနေတဲ့ အယူဝါဒကိုပဲ ဖွတ်ယုံကြည်နေတာမျိုးတွေ၊ဘဝ တစ်ခုလုံးကို ရှုံးနစ်ခံတာမျိုးတွေလည်း ရှိတတ်ပါတယ်။

ဒီလို ပုဂ္ဂိုလ်မျိုးထဲမှာ အထင်ရှားဆုံး ပုဂ္ဂိုလ်ကတော့ ရှင်သာရိပုတြာ နှင့် ရှင်မောဂ္ဂလာန်တို့ရဲ့ ငယ်ဆရာ ဖြစ်တဲ့ သိဥ္စည်း ဆရာကြီးပါပဲ။ သူဟာ သံဝေဂယူစရာ နမူနာပါ။

အစတုန်းကတော့ အရှင် သာရိပုတြာ အလောင်းတော် အရှင် ဥပတိဿ နှင့် အရှင် မောဂ္ဂလာန် အလောင်းတော် ရှင် ကောလိတတို့ဟာ နောက်လိုက် ၂၅၀ စီနှင့် သိဥ္စည်း ဆရာကြီးဆီမှာ နည်းနာခံယူပြီး ဘဝရဲ့ အမြိုက်တရားကို ရှာဖွေခဲ့ကြတယ်။ နောက်တော့ ဒီဆရာရဲ့ အယူဝါဒတွေဟာ မဟုတ် မမှန်နိုင်ဘူး ဆိုတာ အဂ္ဂသာဝက အလောင်းတော်ကြီးများ သိမြင် လာကြပါတယ်။ ကံအားလျော်စွာပဲ အရှင် အဿဇိ မထေရ်ကြီးထံက 'ယေ ဓမ္မာ ဟေတုပ္ပဘဝါ' ဆိုတဲ့ တရား စကားကြားရတယ်။ ဒီတရားလည်း ကြားရော အရှင်နှစ်ပါးဟာ မြတ်စွာဘုရား ထံပါးကို တပည့်များနှင့် အတူ သွားရောက်ပြီး ဆည်းကပ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ သူတို့ရဲ့ ဆုံးဖြတ်ချက်ကို ဆရာဖြစ်သူ သိဥ္စည်း ဆရာကြီးကို ပြောကြတယ်။ * ဘယ်လို ပြောကြသလဲ ဆိုတော့

'အရှင်ဘုရား၊ ကျွန်ုပ်တို့သည် နိဗ္ဗာန်တရားကို ဟောကြား ပြညွှန်တတ်သော ဆရာမြတ်ကို တွေ့ပါပြီ၊ ဤလောက၏ အစအဆုံးကို မြင်၍ အဝိဇ္ဇာ၏ စင်ခြင်းကို ပြုတတ်သော မြတ်စွာဘုရားသည် ထင်ရှား ဖြစ်တော်မူပါပြီ၊ တရားတော်သည် လည်းကောင်း၊ သံဃာတော်သည် လည်းကောင်း ထင်ရှား ဖြစ်ချေပြီ၊ ဆရာတို့သည် အနှစ်သာရ မရှိ၊ အကာ အတိသာ ဖြစ်၍ စင်စစ် အချည်းနှီးသော အကျင့်ကို စွန့်ခွာပါလော့၊ မြတ်စွာဘုရားထံ၌ ဆုံးမခံ၍ ကျင့်ရအောင် သွားကြကုန်အံ့' လို့ ပြောလည်း ပြော၊ ခေါ်လည်း ခေါ်ပါတယ်။ ဒီအခါ သိဥ္စည်းဆရာက ဘယ်လို ပြန်ပြောတယ် မှတ်သလဲ။

'ငါဟာ ရာဇဂြိုဟ်ပြည်မှာ ထင်ရှားတဲ့ ဂိုဏ်းဆရာကြီး တစ်ဦး ဖြစ်တယ်၊ ရာဝင် စဥ့်အိုးကြီးကို လက်ငင်အိုး လုပ်လို့ အမြင်မတော်သလိုပဲ သူတစ်ပါး လက်အောက်ခံလို့ ဘယ်ဖြစ်မလဲ၊ ငါတို့မှာ ပရိသတ်လည်း များတယ်၊ တို့ ဆရာတပည့် သုံးယောက် ဒီမှာပဲ နေကြစို့၊ မင်းတို့လည်း မသွားကြနှင့်' လို့ ဆိုတယ်။

ရှင် ဥပတိဿနှင့် ရှင် ကောလိတတို့က 'ဒီလောကမှာ အတုမရှိတဲ့ ဘုရား ရှိကြောင်းကို လူအပေါင်းတို့ သိရင် ဆရာ့ဆီကို ကျိုးနွံပူဇော်ဖို့ ဘယ်သူမှ လာမှာ

--------------------

* *ဓိနဠ္ဌပကာသနီ၊ စာ ၈၄၊ ၈၅*

မဟုတ်ဘူး၊ ဘုရားထံကိုပဲ သွားပြီး ပူဇော် ဆည်းကပ်ကြမှာပေါ့၊ အနှစ် မရှိတဲ့ ဂုဏ်ရောင်နှင့် ဆရာ မထောင်လွှားပါနှင့်' လို့ ဆိုပြန်ပါတယ်။

ဒီတော့ သိဥ္စည်းဆရာ ပြောတဲ့ စကားကို ကြည့်ပါဦး။

'တပည့်တို့၊ ဒီလောကမှာ ပညာရှိတဲ့ လူက များသလား၊ ပညာနည်းတဲ့ လူက များသလား' တဲ့၊ မေးတယ်။

ပညာနည်းတဲ့ လူက များတာ အမှန်ပဲကိုး။ တပည့် နှစ်ဦးက ဒီအတိုင်း ဖြေတာပေါ့။ ဒီအခါ သိဥ္စည်း ဆရာကြီးက ဆိုတယ်။

'တပည့်တို့၊ ယုတ်ညံ့တဲ့ သတ္တဝါဟာ ယုတ်မာတဲ့ ခင်ပွန်းကိုသာ မှီဝဲတယ်၊ ဆင်းရဲတဲ့ သတ္တဝါဟာ ဆင်းရဲတဲ့ မိတ်ဆွေနှင့်သာ ယှဉ်တွဲတယ်၊ မလိမ္မာတဲ့ သတ္တဝါဟာလည်း မလိမ္မာတဲ့ ဆရာကိုသာ မှီဝဲတာဟာ လူတွေရဲ့ ဓမ္မတာပါပဲ၊ ဒီတော့ ပညာ မရှိမှန်း မသိတတ်တဲ့ လူတွေ ငါ့ဆီ လာလိမ့်မယ်၊ ဒါကြောင့် လာဘ်ပူဇော်မှု နည်းမှာကို ပူစရာ မလိုဘူး၊ သင်တို့ သွားချင်ရင် သွား' လို့ ဆိုလိုက်တယ်။

ဒီအခါ ဥပတိဿနှင့် ကောလိတတို့လည်း ပရိသတ် ငါးရာကို ခေါ်ပြီး ဝေဠုဝန် ကျောင်းတော်ကို ရှေးရှု ထွက်ခွာ သွားကြတယ်။ သိဥ္စည်းဆရာကြီးရဲ့ တပည့်ဟောင်း အားလုံးလည်း သူတို့နှင့် အတူ လိုက်ပါသွားကြတဲ့ အတွက် သိဥ္စည်း ဆရာကြီးရဲ့ ကျောင်းပေါ်မှာ ဟောင်းလောင်း ကျန်ရစ်ခဲ့တယ်။ ဒီအဖြစ်ကို မြင်လိုက်ရတယ် ဆိုရင်ပဲ သိဥ္စည်းဆရာလည်း ရင်ဝဆူဝေ သွေးပူအန်တဲ့ ဝေဒနာ ဖြစ်တော့တာပဲတဲ့။

ဒါဟာ ရွှေတောင်တက်သမားတို့ အစဉ် သတိပြုပြီး နှလုံးသွင်း ဆင်ခြင် အပ်တဲ့ အချက် တစ်ခုလို့ ထင်ပါတယ်။ မယုံကြည်အပ်တဲ့ အယူဝါဒ၊ မယုံကြည် အပ်တဲ့ ပုဂ္ဂိုလ် စသည်တို့ အပေါ်မှာ ယုံကြည် စွဲလမ်းမှုဟာ ဘဝကို အကျိုးမဲ့ အချည်းနှီး ဖြစ်စေတတ်တယ် ဆိုတာပဲ။ ဒါဟာလည်း ထင်ရှားလှပါတယ်။ မှားမှန်းသိတဲ့ အယူကို ထောင်လွှား မာနကြောင့် ဖွတ် ဆုပ်ကိုင်နေခြင်းဟာလည်း ပျက်ဆီးဖို့ အကြောင်း ဖြစ်တယ် ဆိုတာကို မြင်သင့်ပါတယ်။

ဒါဖြင့် မှန်ကန်တဲ့ ယုံကြည်ချက် ဆိုတာ ဘာလဲလို့ မေးသင့်ပြီ။

ဒီမေးခွန်းကို မြတ်စွာဘုရားဟာ ဘဒ္ဒိယ မေးတုန်းက အဖြေ ပေးပြီးပါပြီ။

အကုသိုလ် မဖြစ်ဘူး၊ ကုသိုလ်ပဲ ဖြစ်တယ်၊ အပြစ် မရှိဘူး၊ အကျိုးပဲ ဖြစ်တယ်၊ ပညာရှိ သူတော်ကောင်းတို့ မကဲ့ရဲ့ဘူး၊ ချီးမွမ်းတယ်၊ ဆင်းရဲကို မဆောင်ဘူး၊ ချမ်းသာကိုသာ ဆောင်တယ်၊ စီးပွားမဲ့ကို မဆောင်ဘူး၊ စီးပွားဖြစ်ဖို့သာ ဖြစ်တယ် ဆိုရင် အဲဒီ ယုံကြည်ချက်ဟာ မှန်ကန်တဲ့ ယုံကြည်ချက်ပဲ ဆိုတာကို သတိရအောင် လို့ ဒီနေရာမှာ ထပ်ပြီး ပြောချင်ပါတယ်။

ပုထုဇဉ်တွေ အဖို့ လောကီ တက်လမ်းဟာ အရေးကြီးပါတယ်။ ဒါပေမယ့်

ကမ္ဘာ့လူသား များစွာဟာ ရွှေတောင်တက်ခရီးရဲ့ တက်လမ်းကို ဘယ်လို ရှာရမှန်း မသိ ဖြစ်နေကြရတာလည်း အမှန် ဖြစ်ပါတယ်။

တချို့ကလည်း အကောင်ကြီး အင်အားကြီးရင် လောကကို လွှမ်းမိုး အနိုင်ယူလို့ ရမှာပဲ ဆိုတဲ့ ယုံကြည်ချက်နှင့် သူ့ထက် ထူးအောင် ကြံဆောင် ကြိုးစားနေတာကို 'တက်လမ်း' လို့ မှတ်ထင် နေကြပါတယ်။

ဘဝမှာ လမ်းလွဲသူတွေဟာ နောက်ဆုံးမှာ အကျနာခဲ့တယ် ဆိုတာ နပိုလီယန်တို့ ဟစ်တလာတို့က နမူနာ ပြခဲ့ကြပြီပဲ။ ဒါကို လူတွေက မေ့နေကြပါတယ်။

## အယ်ဒီဆင်၏ ယုံကြည်ချက်နှင့် တက်လမ်းရှာပုံ

ရှေးအခါက မျက်မှောက်ခေတ် လူသားတွေကို တက်လမ်းတွေ ရှာပြီး ရွှေတောင်တက် ခရီးကို ခေါ်ယူခဲ့ဖူးတဲ့ မဟာလူသားတွေ ရှိခဲ့ကြဖူးပါတယ်။ အဲဒီအထဲမှာ အမေရိကန်ပြည်သား သောမတ် အယ်လဗာ အယ်ဒီဆင် ဆိုတဲ့ သိပ္ပံပညာရှင် တီထွင်သူကြီးဟာ တစ်ဦး ဖြစ်ပါတယ်။ အယ်ဒီဆင်ဟာ သူ့တစ်သက်မှာ တီထွင်မှုပေါင်း ၂၅၀၀ ကျော် တီထွင်နိုင်ခဲ့တယ်။ ဝီရိယ အရာမှာ စံထားထိုက်တဲ့ ပုဂ္ဂိုလ် အဖြစ်နှင့်လည်း ထင်ရှားလှတယ်။ လူ့လောကကို လျှပ်စစ် အလင်းရောင်နှင့် ထိန်လင်းစေခဲ့တဲ့ သူ့ကျေးဇူးကို လူသားတိုင်း ကမ္ဘာတည်သရွေ့ မေ့နိုင်ကြတော့မှာ မဟုတ်ပါဘူး။ သူဟာ လူ့လောက ပြည့်စုံမှု၊ တိုးတက် ကြီးပွားမှု၊ သာယာ စည်ပင်မှုတွေအတွက် လိုအပ်မယ်လို့ ထင်တဲ့ တီထွင်မှုပေါင်း များစွာကို ပြုလုပ်ခဲ့ရာမှာ ဘယ်လို ယုံကြည်ချက်နှင့် မနားမနေ ကြိုးစားခဲ့သလဲ။ သူ့ကို လေ့လာကြည့်ရင် ရွှေတောင်တက်သမားတို့မှာ ရှိအပ်တဲ့ စိတ်ဓာတ်၊ ယုံကြည်ချက်၊ အားထုတ်ပုံတွေကို အားတက် ရွှင်လန်းဖွယ်ရာ တွေ့မြင်ရပါလိမ့်မယ်။

တစ်နေ့မှာ လူတစ်ဦးက အယ်ဒီဆင်ဆီ လာပြီး စကားပြောရင်းက 'မစ္စတာ အယ်ဒီဆင်၊ ခင်ဗျား စိတ်ထဲမှာ ဘဝနှင့် ပတ်သက်ပြီး ဘယ်လို ယူဆထားပါသလဲ'* လို့ မေးပါတယ်။ ဒီတော့ အယ်ဒီဆင်က ဖြေတယ်။

'ဘဝ ဆိုတာ အလုပ်ပဲ' လို့ သူ ထင်တယ်တဲ့။

'သဘာဝတရားရဲ့ လျှို့ဝှက်ချက်တွေကို ရှာဖွေ ဖော်ထုတ်ပြီး လူသားများ ပိုပြီး ပျော်ရွှင် ချမ်းမြေ့ရေး အတွက် အသုံးချဖို့ အလုပ် လုပ်နေတာဟာ ဘဝပါပဲ' တဲ့။

ပြီးတော့ သူက နောက်ထပ် အနှစ် တစ်ရာလောက် ဆက်ပြီး အသက်ရှင်

---

* *Thomas Alva Edison; The Man Who Lighted the World - Margret Cousins. Ch. 9. p 114*

နေရဦးမယ် ဆိုရင်လည်း အဲဒီကာလအတွက် သူ့စိတ်ထဲမှာ လုပ်စရာတွေ တီထွင်စရာ စိတ်ကူး အကြံအစည်တွေ အပြည့်အစုံ ရှိတယ်လို့ ဖြေပါတယ်။

အယ်ဒီဆင်ဟာ တီထွင်မှုကြီးတွေ ဒီလောက် များများ လုပ်ခဲ့လို့ သိပ်ပြီး ချမ်းသာမှာပဲလို့ ထင်ကြမယ်။ သူ့ဘဝ တစ်လျှောက်မှာ တစ်ကိုယ် တစ်ယောက်တည်းရဲ့ ချမ်းသာကို ဘယ်အခါမှ မရှာခဲ့ပါဘူး။ ဒါကြောင့် သူဟာ အမြဲ ဆင်းရဲပါတယ်။ ငယ်စဉ်တုန်းက သူ အားထုတ်ခဲ့တဲ့ ကြိုးပမ်းမှုတွေဟာလည်း မအောင်မြင်ခဲ့တာတွေ ရှိခဲ့ပါတယ်။ သို့သော် ဘယ်ဒုက္ခ ဆင်းရဲမျိုး၊ ဘယ်ဆုံးရှုံးမှုမျိုးကမှ သူ့စိတ်ကို ငြိုငြင်အောင် မလုပ်နိုင်ခဲ့ပါဘူး။ သူ့ကိုယ်သူ ဘဝရဲ့ စိတ်ချမ်းသာစရာတွေကိုသာ ရှာကြံ စဉ်းစားတတ်အောင် ဆုံးမလေ့ ရှိခဲ့တယ်တဲ့။

သူဟာ နေရာတိုင်း အခါတိုင်း ဘဝမှာ အကောင်းဘက်ကိုသာ လှည့်ပြီး တွေးတတ်တဲ့ 'ယောနိသော မနသိကာရ' ရှိခဲ့ပါတယ်။

ငယ်စဉ်က ရထားထွက်နေတုန်း ရထားပေါ် ပြေးတက်တော့ ဂါတ်ဗိုလ်က သူ့နားရွက်ကို လှမ်းဆွဲပြီး ရထားပေါ် ဆွဲတင်လိုက်တာ သူ့ တစ်သက်လုံး နားပင်းခဲ့ရပါတယ်။ ဒီလို နားပင်းခဲ့တာဟာ သူ့ အလုပ်အတွက် အထောက်အကူ ပြုလို့ သိပ် ကောင်းတာပဲလို့ သူက ဆိုတယ်။ ဒီနားပင်းမှုကြောင့် သူဟာ လူတွေ ပြောဆိုနေကြတဲ့ မိုက်မဲတဲ့ စကားတွေကို မကြားရဘူး၊ ဒါကြောင့် သိပ် သက်သာတာပဲတဲ့။ ဒီစကားတွေကိုသာ ကြားနေရင် သူ့အတွက် ကြံစည် စဉ်းစားတဲ့ နေရာမှာ ခက်ဦးမယ်တဲ့။

လောကီတက်လမ်း ရှာရာမှာ ယုံကြည်ချက်ဟာ တွန်းအား ဖြစ်တယ်။ ယောနိသော မနသိကာရ ဆိုတဲ့ အကောင်းဘက်က လှည့်ပြီး ရှုမြင်တတ်မှု၊ အသင့်နှလုံးသွင်းတတ်မှုဟာ အထိန်း လမ်းညွှန် ဖြစ်တယ်လို့ နားလည်မိပါတယ်။

လူ့ဘဝဟာ အဆိုးချည်းလည်း မဟုတ်ဘူး၊ အကောင်းချည်းလည်း မဟုတ်ဘူး၊ အကောင်းနှင့် အဆိုးဟာ ရောပြွမ်းလျက် ရှိနေတယ်။ ဆင်းရဲနှင့် ချမ်းသာဟာလည်း တခြားစီ မဟုတ်ဘူး။ တစ်ခုနှင့် တစ်ခု မကင်းနိုင်တဲ့ တရားမျိုးဖြစ်တယ်။ ဒါကို သဘောပေါက်လွယ်အောင် လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး ဆိုခဲ့တဲ့ စကားတစ်ခုကို အမှတ် ရပါတယ်။ ဆရာဦးမောင်ကြီးက

'ချမ်းသာဆိုတဲ့ သဘော ဆိုတာ အလိုလို လွယ်လွယ်ကလေး ရနိုင်တာမျိုး မဟုတ်ဘူး၊ ဆင်းရဲခြင်းနှင့် အရင်းအနှီး ပြုပြီးမှ ရနိုင်တဲ့ သဘောမျိုး ဖြစ်ပေတယ်၊ အခက်အခဲနှင့် ဆင်းရဲကို ကြောက်နေကြပြီ ဆိုမှဖြင့် ချမ်းသာကို ရနိုင်ပါဦးတော့မလား၊ စည်းစိမ်ချမ်းသာ များများကြီးကို အလိုရှိလျှင် အခက်အခဲ ဆင်းရဲများများနှင့် ရင်းနှီးကြရပေလိမ့်မယ်' * လို့ ဆိုပါတယ်။

---

* သုရဿတီနီတိ၊ စာ ၃၇

အနာခံမှ အသာစံရတယ် ဆိုတဲ့ လောကရဲ့ သဘောဟာ အကောင်းနှင့် အဆိုး တွဲနေတဲ့ သဘောပါပဲ။

ဒါကြောင့် စိတ်ပညာရှင်ကြီး တစ်ဦး ဖြစ်တဲ့ ဒေါက်တာ ယူးစတေ့ ချက်ဆာ ဆိုသူက

'လူ့သဘော လူ့မနောတွေကို နားလည်လေလေ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်ဖို့နှင့် သူတစ်ပါး အပေါ် ခွင့်လွှတ် သည်းခံနိုင်ဖို့ ပိုပြီး လိုတယ် ဆိုတာကို သဘော ပေါက်လာပါတယ်' တဲ့။

'ရက်စက်ခြင်း တရားတွေကို မြင်ရတော့မှ ကြင်နာခြင်း ကရုဏာရဲ့ တန်ဖိုးကို ပိုပြီး သိရတယ်' တဲ့။

'ယုတ်မာတာတွေ တွေ့ရမှ မြင့်မြတ်တာတွေရဲ့ ဖြစ်နိုင်မှုကို ပိုပြီး အမှတ်ထားလာရပါတယ်' တဲ့။ *

ဒီစကားတွေဟာ ရွှေတောင်တက်သူတို့ စိတ်မှာ မွေးထားအပ်တဲ့ ယောနိသော မနသိကာရ သဘောတွေချည်းပါပဲ။

## အနာဂတ်ကို ယုံကြည်သူများ

သိပ္ပံပညာရှင်တိုင်း၊ တီထွင်သူတိုင်းဟာ အနာဂတ်ကို ယုံကြည်သူများဖြစ်ကြပါတယ်။ သောမတ် အယ်လဗာ အယ်ဒီဆင်ဟာလည်း အနာဂတ်ကို ယုံကြည်သူ ပုဂ္ဂိုလ်တစ်ဦးပါပဲ။

လောကမှာ ရွှေတောင်တက် ခရီးကို သွားဖို့ စိတ်အဓိဋ္ဌာန် ရှိပြီးသူတိုင်းဟာ အနာဂတ်ကို ယုံကြည်သူတွေ ဖြစ်ဖို့ လိုပါတယ်။

အနာဂတ်ကို ယုံကြည်တယ် ဆိုတာ ဘာကို ဆိုလိုတာလဲလို့ သိချင်ကြပါလိမ့်မယ်။ ဒါဟာ ရှင်းရှင်းလင်းလင်း သိသင့်တဲ့ အချက်ပါ။

ဒီနေရာမှာ သစ်ပင်စိုက်သူကို နမူနာ ထားပါ့မယ်။ လူတစ်ဦးဟာ အပင်စိုက်တဲ့အခါ နှစ်ရှည်ပင် ဖြစ်ဖြစ်၊ ရာသီပင်ပဲ ဖြစ်ဖြစ် ဒီအပင်ဟာ တစ်ခုသော အချိန်ကာလကို လွန်မြောက်တဲ့အခါ ပွင့်လာမှာပဲ၊ သီးလာမှာပဲ၊ ဒီအပင် သီးတဲ့အခါ သတ္တဝါတွေဟာ ဒီအသီးကို စားသုံးကြရမှာပဲလို့ ယုံကြည်ပြီးသား ဖြစ်ပါတယ်။

လောကမှာ စိုက်ပျိုးသူတိုင်းဟာ ရိတ်သိမ်းသူ မဖြစ်နိုင်ဘူး ဆိုတဲ့ စကားလည်း ရှိပါတယ်။ ကိုယ်စိုက်တဲ့ အပင်က အသီးကို ကိုယ်စားချင်မှ စားရမယ်။ ဒါပေမယ့် နောက်လူတွေ စားရမှာပဲလို့ ယုံကြည်တယ်။ ဒီယုံကြည်ချက်ဟာ

---

* *Successful Living - Eustace Chesser. p 30*

လောကကို စောင့်ရှောက်တဲ့ သဒ္ဓါပါပဲ။ နောက်လူတွေ စားရရင် စိုက်ပျိုးသူတိုင်း ကြည်ဖြူတာမျိုးပေါ့။

တိုတိုနှင့် လိုရင်းကို ဆိုရရင် အနာဂတ်ကို ယုံကြည်တယ် ဆိုတာဟာ 'ကံ' ကို ယုံကြည်တာပါပဲ။ ငါ ပြုတဲ့အမှုဟာ အနာဂတ်မှာ ကောင်းရင် ကောင်းသလို၊ မကောင်းရင် မကောင်းသလို အကျိုးပေးမှာ မုချ ဖြစ်တယ်လို့ ယုံကြည်တာပါ။

လောက ကောင်းကျိုးကို သယ်ပိုးမယ် ဆိုတဲ့ စိတ်အစိဗ္ဗာန် ရှိကြတဲ့ ဥတ္တမ ပုရိသ ယောက်ျား (ရွှေတောင်တက်သမား) တိုင်းဟာ မိမိတို့ ပြုခဲ့တဲ့ ကောင်းမှုရဲ့ အကျိုးစီးပွားကို အနာဂတ်မှာ နောင်လာ နောက်သားတို့ ခံစားစေချင်တဲ့ ဆန္ဒမျိုး စေတနာမျိုး သဒ္ဓါမျိုး ရှိကြပါတယ်။

လူ တွေက ဝိုင်းဝန်း ကြိုးပမ်းကြရင်ဖြင့် ကမ္ဘာလောကကြီးဟာ အနာဂတ်မှာ ပိုပြီး တိုးတက်လာမယ်၊ ပိုပြီး ကြီးပွားလာမယ်၊ ပိုပြီး စည်ပင်လာမယ်လို့ ယုံကြည် ထားကြသူများဟာ အနာဂတ်ကို ယုံကြည်သူတွေပဲလို့ မှတ်ပါ။

သဘာဝ တရားရဲ့ လျှို့ဝှက်ချက်တွေကို စူးစမ်း ဖော်ထုတ်ပြီး လူသား အားလုံးရဲ့ ကောင်းကျိုးချမ်းသာ အတွက် အသုံးပြုဖို့ ဆိုတဲ့ ယုံကြည်ချက်နှင့် နေ့ည မပြတ် ကြိုးပမ်းခဲ့တဲ့ သိပ္ပံပညာရှင်ကြီး အယ်ဒီဆင်က

'ဘဝတန်ဖိုး အစစ်ဆိုတာကတော့ ဘဝထဲက ဘာတွေများ ကျုပ်တို့အတွက် ရနိုင်မလဲ ဆိုပြီး ရှာတာ မဟုတ်ပါဘူး၊ ဘဝ အတွက် ဘာတွေများ ကျုပ်တို့ လုပ် ပေးပြီး ထားခဲ့နိုင်မလဲ ဆိုတာကို ရှာတာသာ ဖြစ်တယ်' တဲ့။

မှန်လှတဲ့ ဒီအမြင် ဒီယုံကြည်ချက်မျိုးကို ရွှေတောင်တက်သမားတိုင်းရဲ့ ရင်တွင်း နှလုံးသားမှာ အစိုင်အခဲ ဖြစ်အောင် ပွားများ ထားသင့်ပါတယ်။

ဘဝတက်လမ်း ရှာတယ် ဆိုတာ လောက သံသရာ နှစ်ဖြာ ချမ်းသာတွေ ရရှိအောင်၊ ပစ္စုပ္ပန်မှာ သာမက အနာဂတ်မှာပါ 'အများနှင့် အတူတကွ ကောင်းကျိုး ချမ်းသာ' တွေ ဖြစ်ပေါ် တိုးတက်လာအောင် မိမိတစ်သက်တာ ကာလမှာ ဘာတွေ လုပ်ကိုင် ဆောင်ရွက် သွားမလဲ၊ ဘာတွေ လုပ်ပေးခဲ့မလဲ၊ ဒါကို ကြံစည်တာ၊ ဒါကို အားထုတ်တာကို ခေါ်တာပဲလို့ သဘောပေါက်ပါ။

တစ်သက်လုံး တစ်မိသားစု အတွက် ဥစ္စာ စည်းစိမ်တွေကို မနေမနား ရှာခဲ့ တယ်။ သေခါနီးကျမှ သူ့ဥစ္စာတွေ သူ့သားမယားတွေက သူ့နောက်ကို မလိုက်ဘူး။ သူ တစ်သက်လုံး လုပ်ကိုင် ဆောင်ရွက်နေခဲ့တဲ့ ကာယကံ ဝစီကံ မနောကံတွေဟာ ဒီဘဝ အဖို့တော့ သူ့အတွက် အကျိုးမဲ့ အချည်းနှီး 'အဟောသိကံ' ဖြစ်သွားပြီ ဆိုတာ သူ နားလည်သွားတယ်။ ဒီအခါမှ ကောင်းမှုကုသိုလ် ဘာမှ မပါတဲ့ သူ့ အဖြစ်ကို သူ နားလည်ပြီး ထိုသူ ယူကျုံးမရ ဖြစ်မယ်။ ဒါပေမယ့် အချိန်ကာလ တွေဟာ သူ့အဖို့ ကုန်ဆုံးသွားပြီ။ ဒီအချိန်ကျမှ သူ့ကိုယ်သူ သံသရာ အဆင်းလမ်းကို ဝိနိပါတ အလား လှုင့်စဉ် ကျရတော့မှာပါကလားလို့ သိဦးတော့ ခုမှ သိတာ

အဖိုပဲ၊ ဘဝဟာ သူ့အတွက် အချည်းနှီး ဖြစ်သွားပြီပဲ။ မီးစာ ကုန်သွားပြီပဲ၊ ဆီခန်းသွားပြီပဲ။ အမှန်တော့ အသိမှန် အမြင်မှန်ကို မရခဲ့ မယုံခဲ့လို့ ဘဝမှာ ရှုံးနစ်သွားသူတွေဟာ ရေတွက်လို့လည်း ကုန်မယ် မထင်ပါဘူး။ သူတို့ဟာ ဘဝရဲ့ ရွှေတောင်တက်သမားတွေ မဟုတ်ကြဘူး။

ရွှေတောင်တက်သမားများကတော့ ဘဝ အတွက် ရှင်းလင်း ပြတ်သားတဲ့ အတွေးအမြင် ရှိတယ်။ ရှင်းလင်း ပြတ်သားတဲ့ ယုံကြည်ချက် လက်ကိုင် ရှိတယ်။ အဓိကကတော့ သူတို့ဟာ ဘဝကို နားလည်ဖို့နှင့် ဘဝရဲ့ တန်ဖိုးတွေကို ရှာပေးဖို့ ဆုံးဖြတ်ထားသူတွေပါပဲ။

ဘဝရဲ့ တန်ဖိုးကို ရှာဖို့ထက် ဘဝရဲ့ ဆန်းကြယ်လှတဲ့ မာယာ သဘောတွေကိုရော၊ အစစ်အမှန် သဘောတွေကိုပါ နားလည် သဘောပေါက် ထားဖို့က ပိုပြီး အရေးကြီးပါတယ်။

ဘဝ ရွှေတောင်တက် ခရီးမှာ ယုံကြည်ချက် ကြီးကြီးမားမားတွေ ရှိတိုင်း မိမိတို့ ကြံစည်တာတွေ ကြိုးစားတာတွေဟာ အားလုံး အပြေအလွင် အပြန့်အပြောရှောရှောရှုရှု အလိုက်သင့် ဖြစ်ပေါ် လာမှာပဲလို့ မတွက်သင့်ပါဘူး။

လူဆိုတာ ကြံမှား ပြောမှား ဆိုမှား လုပ်မှား ကိုင်မှား ဖြစ်တတ်ကြပါတယ်။ ကိုယ့်ကိုယ်ကိုယ် ပညာတတ်တယ်၊ အသိမ္မာဉာဏ် ရှိတယ်လို့ ယူဆထားတဲ့ လူတွေကို မဆိုထားပါနှင့်၊ တန်ခိုးသိဒ္ဓိတွေနှင့် ပြည့်စုံနေတဲ့ ရသေ့ ရဟန်းတွေတောင်မှ လောကရဲ့ မာယာသည်တွေနှင့် တွေ့ဆုံကြရတဲ့အခါ ကိလေသာ ဆွယ်တရားတွေနောက်ကိုပါပြီး ဦးတည်ချက်တွေ ပျောက်လို ပျောက်၊ သိဒ္ဓိတွေ ပျောက်၊ ဈာန်တွေလျှောကျ ပျက်စီးကုန်ကြတာတွေလည်း များလှပါတယ်။

ဘဝမှာ ခြေချော် လက်ချော် ဖြစ်တတ်တယ်လို့ လူတိုင်း ပြောဆိုနေကြတာလည်း ကြားဖူးကြပါလိမ့်မယ်။ ဒီလို မတော်တဆ ခြေချော် လက်ချော်မှု ဆိုတာသာမန်လူတွေ အဖို့တော့ သိပ် အရေးမကြီးဘူးလို့ ဆိုချင် ဆိုနိုင်မယ်။ ဒါပေမယ့် ဘဝ ရွှေတောင်တက်သမားတွေ အဖို့တော့ ဒီလိုဖြစ်ရင် တောင်ထိပ်ကနေ တောင်အောက် ချောက်ကမ်းပါး တွင်းနက်ကြီးထဲ အထိ ကျဆုံး သွားနိုင်တာမျိုး ဖြစ်လို့ဘဝမှာ ခြေမချော်ဖို့ အလွန် အရေးကြီးတယ်။

ဂရုစိုက်မှုနှင့် သတိကို မြဲအောင်ထားဖို့ အထူး လိုတယ် ဆိုတာ စွဲစွဲမြဲမြဲ နှလုံးသွင်းသင့်ပါတယ်။

မတော်တဆ ခြေချော်ကျတယ် ဆိုတာဟာ သတိလစ်တတ်တဲ့ လူ့သဘာဝကြောင့် ဖြစ်ပါတယ်။ သတိလစ်တယ် ဆိုတာဟာ မေ့လျော့ ပေါ့ဆခြင်း (ပမာဒ) တရားကို ဆိုတာပါ။

ဒါကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုခါနီး နောက်ဆုံး စကား အဖြစ်မှာကြားတော်မူခဲ့တဲ့ စကားဟာ 'အပ္ပမာဒေန သမ္ပါဒေထ' ဆိုတဲ့ စကားပဲ ဖြစ်

ပါတယ်။ ဘုရားရှင်ဟာ ပစ္ဆိမ ဗုဒ္ဓ ဝစနာ (ဗုဒ္ဓ၏ နောက်ဆုံး စကား) အဖြစ် မမေ့မလျော့ကုန်ကြလင့်၊ သတိ မြဲကြပါကုန်ဟု မှာကြားခဲ့ခြင်းမှာ ဘဝ အတက်ခရီး အတွက် 'သတိ' သည် အလွန် အရေးကြီးကြောင်းကို သိနားလည်စေလို၍ ဖြစ်တယ်လို့ နားလည်သင့်ပါတယ်။

□

# ကဏ္ဍ [လေး]

## သတိတရား ဆားသို့ပမာ

- ဘဝ အစက်အခဲ နှင့် သတိ
- သတိကြီးသော မိုလ်ချုပ် မက္ကလီယန်
- သတိ ရဲရင့်ခြင်း နှင့် ကောင်းကျိုး ချမ်းသာ
- မာယာစရိုး သတိကြီးမှ အောင်ပွဲရ
- နပိုလီယန် အောင်မြင်မှု၏ အရှုံး
- သတိ၏ သတ္တိထူးများ
- သတိကို ဖျက်ဆီးသော မေ့လျော့ခြင်း (ပမာဒ)
- သတိပြုအပ်သော လိမ်လည်မှုများ
- ကိုယ်ကိုယ်ကိုယ် လိမ်နေသော ဥရုဝေလ ကဿပ
- သတိမကင်းသော အရှင် မဟာသံဃရက္ခိတ မထေရ်ဝတ္ထု
- သတိကြီးစွာ ထားရန် အရှင် အာနန္ဒာကို ဆုံးမခြင်း
- ဗျာန်ကိစ္စ နှင့် သတိ
- သိပ္ပံ စူးစမ်းမှု နှင့် သတိ သမ္ပဇဉ်
- သတိပဋ္ဌာန် တရားနှင့် သရဏဂုံ
- ခေတ်သစ် စိတ်ပညာမှ အာရုံ စူးစိုက်မှု သုတေသန

ထူးကဲလက္ခဏာ ဆားပမာလျှင်
ဟင်းလျာတိုင်းညှိ ကျေးဇူးရှိသို့
သတိမှန်တိုင် မလွန်နိုင်ပြား
ဤတရားကို ငါ့သားမင်းစစ်
မလစ်ရစ်နှင့်။

(မဃဒေဝ လင်္ကာသစ်)

## ဘဝ အခက်အခဲနှင့် သတိ

လူ့ဘဝမှာ အထိုက်အလျောက် အခက်အခဲ ရှိမှ ဒီအခက်အခဲကို ဖြေရှင်းဖို့ တာဝန်တို့ ဝတ္တရား ဆိုတာတို့ ရှိလာတယ်။ တာဝန် ဝတ္တရား ရှိတယ် ဆိုတာကို သိပြီး အခက်အခဲကို ဖြေရှင်းရမယ်။ ဒီပုံ ဒီနည်း လူတွေဟာ ခေတ်အဆက်ဆက် ဆောင်ရွက် လာကြလို့သာ လူ့ဘဝဟာ တိုးတက် လာခဲ့တာပေါ့။ လူတွေ ထီထွင် ဖန်တီးထားတဲ့ ဝတ္ထုပစ္စည်းတွေကို ကြည့်ပြီး ဆင်ခြင်ကြည့်ပါ။ အဲဒီ ပစ္စည်း အားလုံးဟာ အခက်အခဲ တစ်ခုစီကို ဖြေရှင်းဖို့ အတွက် ဖန်တီး ထားတာတွေ ဆိုတာ ပေါ်လာလိမ့်မယ်။ သွားလာမှု အခက်အခဲကို ယာဉ် ရထားတွေ ဖန်တီးပြီး ဖြေရှင်းထားတယ်၊ ဆက်သွယ်ရေး အခက်အခဲကို ရေဒီယို ကြေးနန်း တယ်လီဖုန်း တွေ ဖန်တီးပြီး ဖြေရှင်းထားတယ်။ ကျန်တာတွေလည်း ဒီသဘောချည်းပါပဲ။

ဆရာဝန် ရှိတဲ့နေရာမှာ ရောဂါသည် လူနာတွေ ရှိမှာကတော့ ဓမ္မတာပါ။ အရေးကြီးတာက ဆရာဝန်ဟာ သူ့တာဝန် သူ့ဝတ္တရား အလျောက် ရောဂါကို ရှာရမယ်။ ရောဂါကို တွေ့ပြီး သိပြီးတဲ့အခါ ဆေးကို ရှာရမယ်၊ ဆေးတွေ့ပြီ ဆေးရပြီ၊ ဒီအနာ ဒီရောဂါကို ပျောက်ကင်းအောင် ဆေးကုသရေး အတွက် ကုထုံး ကို ရှာရမှာပါပဲ။ ဒီပုံ ဒီနည်း ဆောင်ရွက်လိုက်လို့ ရောဂါ တစ်ခု ပျောက်ကင်း သွားပြီ ဆိုရင် နောင်အခါမှာ ဒီလိုရောဂါ ကြုံရင်လည်း အခက်အခဲ မရှိတော့ဘူး။ ဒီအခက်အခဲမျိုးကို လူတွေဟာ အလွယ်တကူ ဖြေရှင်းနိုင်ပါပြီ။ ဒါဟာ ဘဝ ရှေ့တောင်တက်သူများ အစဉ် မွေးမြူထားရမည့် စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရား မျိုး ဖြစ်တယ်လို့ နားလည်ပြီး သဘောကျ စေချင်ပါတယ်။

အခက်အခဲတွေကို တစ်ခုပြီး တစ်ခု ဖြေရှင်းရင်း တိုးတက်လာတဲ့ လူ့ဘဝ မှာ အခက်အခဲ မျိုးစုံကို ဖြေရှင်းနိုင်ဖို့ အတွက် ကိုယ်ခန္ဓာ ကျန်းမာ သန်စွမ်းမှု လည်း လိုပါတယ်။ စိတ်ဓာတ် ကျန်းမာသန်စွမ်းမှုလည်း လိုပါတယ်။ ဒါမှသာ

အခက်အခဲနှင့် ရင်ဆိုင်ကြုံရတဲ့အခါ ဒီအခက်အခဲကို ကျော်လွှားနိုင်ဖို့ အတွက် နည်းလမ်းတွေကိုလည်း ရှာနိုင်မယ်။ လုပ်သင့် လုပ်ထိုက်တဲ့ ကိစ္စကို လုပ်သင့် လုပ်ထိုက်တဲ့ အချိန်မှာ အချိန်မီ လုပ်နိုင်အောင် ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကို လည်း ချနိုင်မယ်။

ဆုံးဖြတ်တဲ့ အတိုင်း ဆောင်ရွက်ရာမှာ အကျင့်သိက္ခာ ရှိရှိ၊ တည်တည်ငြိမ်ငြိမ် နှင့် ဆောင်ရွက်နိုင်ဖို့လည်း လိုသေးတယ်။ လူ့သဘောမှာ အခက်အခဲ အကျပ် အတည်းတွေ၊ ဘေးရန် အန္တရာယ်တွေကို ကြိုပြီး သိထားတယ် ဆိုရင်တော့ အထိုက်အလျောက် တည်ငြိမ်စွာ ဆောင်ရွက်နိုင်တယ်လို့ ယူဆဖွယ် ရှိပါတယ်။ သို့သော် ကြိုတင်ပြီး သိမြင် မထားနိုင်တဲ့ အရေးပေါ် အခင်းကြီးငယ်နှင့် ဖြုန်းခနဲ ရုတ်တရက် ပက်ပင်း ကြုံရတဲ့ အခါမျိုးမှာတော့ စိတ် ချောက်ချား သွားတတ် ပါတယ်။ ဆောက်တည်ရာမဲ့ ဖြစ်သွားတတ်ပါတယ်။ တချို့ကျတော့ ကြံရာမရ ဖြစ်ပြီး ပျော့ညံ့တဲ့စိတ်တွေ ဖြစ်ပေါ်လာတတ်ပါတယ်။

ဒီလို သန်စွမ်းမှု မရှိတဲ့ စိတ်မျိုး နှင့် လောကရဲ့ အရေးအခင်းတွေကို ရင်ဆိုင်နိုင်မှာ မဟုတ်ပါဘူး။

ဒီလို မမျှော်လင့်သာတဲ့ အရေးအခင်းတွေနှင့် ရုတ်တရက် ရင်ဆိုင်ကြုံရတဲ့ အခါ ဘာလုပ်သင့်တယ် ဆိုတာကို ရုတ်တရက် ကြံစည်ပြီး လျှင်လျှင်မြန်မြန် ဆုံးဖြတ်ချက် ချနိုင်ဖို့ အတွက်ကတော့ 'သတိ' ဆိုတဲ့ တရားရှိဖို့ လိုပါလိမ့်မယ်။

ဟင်းလျာတိုင်းမှာ ဆားမပါရင် အရသာ မရှိ၊ ဟင်းရဲ့ တန်ဖိုး ပျက်စီးသွား သလိုပဲ လူ့ဘဝမှာလည်း 'သတိ' မပါရင် ဘဝရဲ့ တန်ဖိုးတွေရော၊ အသက် စည်းစိမ် တွေပါ ဆုံးရှုံး ပျက်စီးတတ်ပါတယ်။

## သတိကြီးသော ဗိုလ်ချုပ် မက္ကလီယန်

ရှင်သန်နိုးကြားမှု နှင့် သတိပညာ မြဲမြံသူတွေဟာ ဘယ်လောက် စိတ် နှလုံး တုန်လှုပ်ဖွယ် ကောင်းတဲ့ အသက် အန္တရာယ်မျိုးနှင့်ပဲ ကြုံရ ကြုံရ ချက်ချင်း လျင်မြန်တဲ့ ဆုံးဖြတ်ချက်မျိုး ချပြီး အန္တရာယ်က လွတ်မြောက်ကြောင်းကို ကြံစည် အားထုတ်နိုင်တဲ့ အတွက် အသက် အန္တရာယ်က လွတ်မြောက်နိုင်ပါတယ်။

တစ်ခါတုန်းက စစ်ဗိုလ်ချုပ်ကြီး ဂျင်နရယ် မက္ကလီယန် ဆိုသူဟာ မက္ကဆီကို ပြည်တွင်းစစ်ပွဲ အပြီးမှာ ပစိဖိတ် သမုဒ္ဒရာ ကမ်းခြေ တိုင်းတာရေး အလုပ်ကို မက္ကဆီကို ကမ်းခြေ အနီးမှာ လုပ်ကိုင် နေခဲ့ဖူးတယ်။ သူနှင့် အတူ အဖော် နှစ်ယောက်သာ ပါတယ်။ တစ်ယောက်က အစေခံ ဖြစ်ပြီး တစ်ယောက်ကတော့ စစ်သား တစ်ယောက် ဖြစ်တယ်။

တစ်နေ့မှာတော့ မက္ကဆီကို ပြည်မှာ စစ်ကောင်စီ အစည်းအဝေး ပြုလုပ်ပြီး

ဂျင်နရယ် မက္ကလီယန်ကို ခေတ္တကြွပါလို့ ဖိတ်ခေါ်လိုက်တယ်။ *

ဗိုလ်ချုပ် မက္ကလီယန်ဟာ သူ့လူနှစ်ယောက်ကို အရေးရှိရင် မင်းတို့ လွတ်အောင် ပြေးကြလို့ မှာခဲ့ပြီး မက္ကဆီကို စစ်ကောင်စီ အစည်းအဝေး ခန်းမထဲကို ဝင်သွားတယ်။ သူ့ မျက်နှာပေါ်မှာလည်း ဘာကိုမှ ဂရုမထားသလိုဘဲ အပြုံးမပျက်တဲ့ အမူအရာနှင့် မက္ကဆီကို ဗိုလ်ချုပ်ကြီး ဆာလ်တက်ရဲ့ ဘေးမှာ ကပ်ပြီး ထိုင်လိုက်တယ်။

မက္ကဆီကို စစ်ကောင်စီဟာ သူတို့ရဲ့ ဘာသာစကားနှင့် ဆွေးနွေးနေကြတယ်။ သူတို့ ဆွေးနွေးတဲ့ အကြောင်းအရာကတော့ မက္ကဆီကိုပြည်သား သုံးယောက်ကို ဥရောပသားတွေက ဖမ်းပြီး တောထဲရောက်တော့ နိုးမှုနှင့် စွပ်စွဲပြီး သစ်ပင်မှာ ဆွဲကြိုးချ သတ်ပစ်တဲ့ အကြောင်း ဖြစ်တယ်။ ဒီအတွက် ကလဲ့စားချေတဲ့ သဘောနှင့် တစ်စုံတစ်ခု ပြုလုပ်ဖို့ သူတို့ တိုင်ပင်နေကြတာကို ဂျင်နရယ် မက္ကလီယန်က နားမလည်သလို ဟန်ဆောင်ပြီး နားထောင်နေတယ်။

မက္ကဆီကို စစ်ကောင်စီဟာ နောက်ဆုံးမှာ လက်တုံ့ပြန်မှု အနေနှင့် ဂျင်နရယ် မက္ကလီယန်ကို ချက်ချင်း အဆုံးစီရင်ဖို့ စီရင်ချက်ကို တစ်ထိုင်တည်း အကျဉ်းနည်းနှင့် ချမှတ်လိုက်ကြတယ်။

ဒီလို' စီရင်ချက် ချလိုက်တာနှင့် တစ်ပြိုင်နက် မက္ကလီယန်ဟာ ထပြီး မက္ကဆီကို ဗိုလ်ချုပ်ကြီး ဆာလ်တက်ရဲ့ လည်ပင်းကို ဆတ်ခနဲ လက်တစ်ဖက်နှင့် ဖမ်းညှစ်လိုက်ပြီး သူ့နားထင်ကို ကျန်လက်တစ်ဖက်က ခြောက်လုံးပြူးနှင့် ဖမ်းထောက်လိုက်တယ်။ ချက်ချင်းပဲ မောင်း ဖြုတ်လိုက်တော့မလို အမူအရာမျိုးနှင့် လှုပ်လှုပ်ရှရှ လုပ်ပြီး 'ခုချက်ချင်း စီရင်ချက်ကို ရုပ်သိမ်းပါ' လို့ အမိန့် ပေးလိုက်တယ်။

စစ်ကောင်စီလည်း ဘာမှ မတတ်နိုင်တော့ဘူး၊ စီရင်ချက်ကို ဖျက်သိမ်းလိုက်ရတာပေါ့။ ဒီအခါမှ မက္ကလီယန်ဟာ ခြောက်လုံးပြူး သေနတ်နှင့် ချိန်လျက် စစ်ကောင်စီ အစည်းအဝေးထဲက ပြန်ထွက်သွားခဲ့တယ်။

ဒီ အောင်မြင်မှုဟာ ဂျင်နရယ် မက္ကလီယန်ရဲ့ ရှင်သန် နိုးကြားမှု သတိရှိမှုတွေကြောင့် ရရှိခဲ့တဲ့ အကျိုးရလဒ်ပဲ ဖြစ်ပါတယ်။

သတိရှိသူဟာ လျင်မြန်စွာ ဆုံးဖြတ်နိုင်တယ်၊ ကြုံတွေ့လာသမျှ အခက်အခဲတွေ၊ အန္တရာယ်တွေကို တည်ငြိမ်စွာ ဖြေရှင်းနိုင်ပါတယ်။ သတိတရား မြဲမြံသူအဖို့ ပညာရှိခြင်း၊ ရဲရင့်ခြင်းများ ဖြစ်ပေါ်နိုင်ပါတယ်။

-----------------------

* *ကမ္ဘာ့မင်တန် ခေါ် ကြီးပွား အောင်မြင်ရေး၊ ပီမိုးနှင်း၊ (အငွမအကြိမ်)၊ စာ ၄၄*

ကမ္ဘာသမိုင်းမှာ ခုတော့ ဒဏ္ဍာရီ တစ်ပုဒ်လို ဖြစ်နေပြီဖြစ်တဲ့ မြို့ကြီး နှစ်မြို့ ရှိခဲ့ဖူးပါတယ်။ ဒီမြို့ကြီးတွေကတော့ ပွန်ပီအိုင်နှင့် ဟာကြူလာနီယန်လို့ ခေါ်တဲ့ မြို့များ ဖြစ်တယ်။ အခါတစ်ပါးမှာ ဘီဇူဘီယူ မီးတောင် ပေါက်ကွဲတော့မယ့် အရေးနှင့် ကြုံတယ်။ မြေကြီးအောက်က လှည်းအစီးပေါင်း ထောင်သောင်းများစွာ မောင်းနှင်သွားတဲ့ အသံမျိုးတွေ ဖြစ်ပေါ်လာတာကို ဘုရင်ခံဖြစ်တဲ့ မင်းကြီး ပီလီနီ ကြားတယ်။ ဒီမြို့များဟာ အနှစ် တစ်ထောင် နှစ်ထောင်မှာ တစ်ကြိမ် မီးတောင် ပေါက်ကွဲပြီး ပျက်စီးတတ်တယ် ဆိုတာကိုလည်း မင်းကြီးက စာတွေပေတွေထဲမှာ ဖတ်ထားရတော့ မီးတောင်ကြီး ပေါက်ကွဲပြီး မြို့ တစ်မြို့လုံး ပျက်စီး ဆုံးရှုံးတော့မယ် ဆိုတာကို သိတယ်။

ဒီအဖြစ် ဒီအရေးနှင့် ကြုံတော့မယ် ဆိုတာကို မင်းကြီးဟာ အရင်ဆုံး သိတယ်။ သူ့ကိုယ်သူ အလွတ်ရုန်းပြီး ပြေးရင် အသက်ဘေးက လွတ်မှာပဲ။ ဒါပေမယ့် သူ ဒီလို ထွက်ပြေးရင် တစ်မြို့လုံး အထိတ်တလန့် ဖြစ်သွားမယ်၊ လူတွေ ထိတ်လန့် ပြေးလွှားကြရင် ပင်လယ်ထဲမှာ အားလုံး နစ်မွန်း ဆုံးရှုံးပြီး ပျက်စီးကြရမယ်၊ ဒီအရေးကို မြင်တဲ့အတွက် မင်းကြီး ပီလီနီဟာ ပြည်သူများကို ခေါ်ပြီး ပြောတယ်။

'မြို့သူ မြို့သား အပေါင်းတို့၊ မကြောက်ကြနှင့်၊ ခုချက်ချင်း ဘာမှ မဖြစ်နိုင်သေးဘူး၊ သင်တို့ လှေငယ်များနှင့် သင်္ဘောကြီးပေါ်ကို ပြောင်းရွှေ့ပြီး ပင်လယ်ကို ထွက်ကြ' လို့ ပြောပြီး သူကတော့ ခါတိုင်းလိုပဲ ရေမိုးချိုး၊ စားပွဲမှာ ထိုင်ပြီး ညစာကို စိတ်အေးလက်အေး ပုံစံနှင့် စားနေခဲ့တယ်။

ဒီအချိန်မှာပဲ ဘီဇူဘီယူ မီးတောင်ကြီး ပေါက်ကွဲတယ်။ ပြင်းထန်တဲ့ ကျောက်ရည် ချော်ပူတွေဟာ မင်းကြီး ပီလီနီ ရဲ့ ထမင်းစားပွဲပေါ်ကို ကျလာကြတယ်။ ဒီတင် မင်းကြီးလည်း ချော်ရည်ပူနစ်ပြီး အသက် ဆုံးရှုံးသွားပါတယ်။ ပြည်သူ မြောက်မြားစွာကတော့ ချမ်းသာရာ ရသွားကြရတယ်။ *

ဒီအဖြစ်ဟာ ကြေကွဲဖွယ် ကောင်းသလောက် ရွှေတောင်တက်သမားများ အဖို့မှာတော့ နှလုံးသားထဲ စွဲအောင် မှတ်ထားရမယ့် အဖြစ်ပါ။ တစ်ယောက်သော ခေါင်းဆောင်၏ သတိရှိမှု၊ ရဲရင့်မှု၊ အနစ်နာခံမှုကြောင့် ပြည်သူအများ ချမ်းသာသွားခဲ့ရတဲ့ အဖြစ်မျိုး ဖြစ်ပါတယ်။

---

* *ကမ္ဘာ့မင်းတန်ခိုးကြီးပွားအောင်မြင်ရေး၊ ဝိမိုးနင်း၊ စာ ၄၆*

ဘဝ ရွှေတောင်တက် ခရီးမှာ ကြုံပြီး မသိနိုင်တဲ့ ရုတ်တရက် ကြုံတွေ့ရတဲ့ အန္တရာယ်တွေ များပြားလှသလို ဖုံးကွယ်လှည့်ပတ်တဲ့ သဘောပါတဲ့ မာယာ ထောင်ချောက်တွေကလည်း အဆမတန် များလှပါတယ်။

စစ်ချီတက်ရာမှာ သတိ မြဲမြံခြင်း မရှိရင် ရန်သူတွေ ထောင်ထားတဲ့ မိုင်းဖုံး ကို မှုချ နင်းမိပြီး ပျက်စီးခြင်းနှင့် ရင်ဆိုင်ကြရတတ်ပါတယ်။

လူ့ဘဝရဲ့ ရွှေတောင်တက် ခရီးကို သွားကြတဲ့ လူတွေဟာလည်း ဘဝရဲ့ အောင်မြင်မှု တစ်ခုကို ရည်မှန်းပြီး သွားကြရတာမျိုး ဖြစ်တော့ စစ်မြေပြင်ကို ဖြတ်သန်း ချီတက် နေကြရတဲ့ စစ်သည်တွေနှင့် သဘောအတူ ထားသင့်ပါတယ်။ စစ်ပွဲဝင် စစ်သည်များ အဖို့မှာ တစ်ဖက်မှာ ရန်သူ ရှိတယ် ဆိုတာ သိထားတော့ မမေ့မလျော့တဲ့ သတိ မြဲမြံဖို့က လွယ်တယ်၊ လူ့ဘဝ ခရီးမှာတော့ ဘယ်နေရာမှာ ရန်သူရှိတယ် ဆိုတာ တိတိကျကျ မသိရတော့ စစ်သားများနှင့် နှိုင်းစာရင် ထောင် ချောက် တစ်ခုခုမှာ မိပြီး ပျက်စီး ဆုံးရှုံးရဖို့ အန္တရာယ်က ပိုများတယ်လို့ မှတ်ထား သင့်ပါတယ်။

ဒါကြောင့် ဘဝ ရွှေတောင်တက်သူတွေဟာ သတိကို မြဲမြံ ခိုင်ခံ့အောင် မွေးမြူပြီး မိမိရဲ့ ရည်မှန်းချက်ကြီးဟွေ ပျောက်မသွားအောင် စူးစူးစိုက်စိုက် မလုပ် နိုင်ဘူး ဆိုရင် ရွှေတောင်ထိပ်ကို ရောက်ဖို့ အလွန် ခဲယဉ်းလှပါတယ်။

သတိဆိုတဲ့ တရားသည်သာ လူကို ကုသိုလ်အာရုံတွေပေါ်ကို ရောက်အောင် လည်း တင်ပေးတယ်၊ မိမိရဲ့စိတ်ကို မိမိ အစိုးရမှုဆိုတဲ့ ဣန္ဒြေတွေမှာလည်း မြဲမြံ ခိုင်ခံ့အောင် စောင့်ရှောက်နိုင်တယ်။ ဒီနေရာမှာ ဇာတ် နိပါတ်တော်တွေထဲက အဖြစ်အပျက် တစ်ခုကို သတိရလို့ ပြောချင်တယ်။

ရှေးပဝေသဏီ ကာလတုန်းက ဗာရာဏသီပြည်က မင်းကြီးမှာ သားပေါင်း တစ်ထောင် ရှိခဲ့ဖူးတယ်တဲ့။ *

အငယ်ဆုံး ဖြစ်တဲ့ မင်းသားတစ်ပါးက သူဟာ အငယ်ဆုံးသား ဖြစ်တဲ့ အတွက် ဒီတိုင်းပြည်မှာ ထီးနန်း စည်းစိမ်ကို ရပါ့မလားလို့ တွေးတယ်။ တစ်ခါ မှာတော့ ဒီမင်းသားဟာ နန်းတော်ကို ဆွမ်းစား ကြွလာတဲ့ ပစ္စေကဗုဒ္ဓါတွေကို မေးမြန်း လျှောက်ထားတယ်။

ပစ္စေကဗုဒ္ဓါများက 'မင်းသား၊ ဒီတိုင်းပြည်မှာတော့ သင် မင်းဖြစ်မည် မဟုတ်၊

---

** ငါးရာငါးဆယ် ဇာတ်ဝတ္ထု၊ ဧကနိပါတ်၊ တေလပတ္တဇာတ်၊ စာ ၄၄၆*

ယူဇနာ ၁၂၀ ဝေးတဲ့ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်ကို ခုနစ်ရက် အတွင်း သင် အရောက် သွားနိုင်ရင် အဲဒီတိုင်းပြည်မှာ သင် မင်း ဖြစ်လိမ့်မယ်' လို့ ဟောကြား တော် မူကြတယ်။

မင်းသားငယ်ဟာ တက္ကသိုလ်ပြည်ကို သွားတဲ့အခါ လမ်းမှာ တောတန်းကြီး တစ်ခုကို ဖြတ်သန်းပြီး သွားရတယ်။ ဒီကန္တာရလမ်းမှာ ဘီလူးတွေရဲ့ ဘေးရန်တွေ လည်း ရှိတယ်။ ဘီလူးမတွေဟာ တောထဲမှာ မြို့ရွာသဏ္ဌာန် ဖန်ဆင်းပြီးတော့ ရောက်လာသမျှ ခရီးသွား ယောကျ်ားများကို မာယာနှင့် ဖြားယောင်း သွေးဆောင် ပြီး ဖျက်ဆီးလေ့ ရှိတယ်။ ဒါကြောင့် သင်မင်းသားဟာ ဒီခရီးကို သွားတဲ့အခါ ကြီးစွာသော သတိနှင့် ဣန္ဒြေကို စောင့်စည်းပြီး သွားနိုင်မှသာ ခုနစ်ရက် လွန် မြောက်လို့ တက္ကသိုလ်ပြည်ကို ရောက်ရင် မင်းဖြစ်မယ်လို့လည်း ပစ္စေကဗုဒ္ဓါ အရှင် မြတ်များက သတိပေး စကားလည်း ပြောကြားတော် မူကြပါတယ်။

မင်းသားလည်း အရှင်မြတ်များကို ဣန္ဒြေကို သတိကြီးစွာဖြင့် စောင့်စည်း ပါ့မယ်လို့ ကတိပြုတယ်။

ပြီးတော့ နောက်ပါအဖော် ငါးယောက်ကို ခေါ်ပြီး တက္ကသိုလ်ပြည် ခရီးကို စတင် ထွက်ခွာ လာခဲ့ပါတယ်။

တောလမ်း ခရီးကို ဖြတ်သန်းကြတဲ့ အခါ ရွာတွေ ဘီလူးမတွေကို တွေ့ရ တယ်။ ဘီလူးမတွေဟာ အင်မတန် တပ်မက်ဖွယ် ကောင်းလှတဲ့ ရုပ်ရည်ရှင် မိန်းမ တွေ အဖြစ်နှင့် ဖန်ဆင်းပြီး ပြကြတယ်။ အဆင်း ရုပ်ရည်ကို တပ်မက်တဲ့စိတ် ရှိတဲ့ မင်းသားရဲ့ နောက်တော်ပါ အဖော် တစ်ယောက်ဟာ ဘီလူးမ တစ်ယောက်ရဲ့ ရုပ်ရည် ကို ငြိတွယ် စွဲလမ်းတဲ့ အတွက် ရှေ့ခရီးကို ဆက် မလိုက်တော့ဘူး။ ဒီတင် အကြောင်း အမျိုးမျိုး ပြပြီး ကျန်ရစ်တယ်။

ကျန်တဲ့ အဖော်လေးယောက်ဟာလည်း သဒ္ဒါရုံ အသံကို တပ်မက်မှု၊ ဂန္ဓာရုံ အနံ့ကို တပ်မက်မှု၊ ရသာရုံ အရသာကို တပ်မက်မှု၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့ကို တပ် မက်မှုတွေကြောင့် ဘီလူးမများရဲ့ ဖြားယောင်း ဖျက်ဆီးခြင်းကို ခံကြရရှာတယ်။

မင်းသားငယ် ကတော့ သတိကို မြဲစွာထားပြီး ဣန္ဒြေကို စောင့်စည်းလာခဲ့ တယ်။ ဒီအခါ ဘီလူးမ တစ်ယောက်ဟာ မင်းသားကို မြင်တော့ 'ဒီယောကျ်ားက တော့ အင်မတန် ပညာ သတိ ကြီးပေတာပဲ၊ ဒါပေမယ့် သူ့ကို ငါ မလွှတ်ဘူး၊ သူ့အသားကို စားပြီးမှ ငါ ပြန်မယ်' ဆိုတဲ့ ဆုံးဖြတ်ချက်နှင့် မင်းသားနောက်က မိန်းမပျိုယောင် ဆောင်ပြီး လိုက်သွားပါတယ်။

တောထဲမှာတွေ့တဲ့ လူတွေက ဘီလူးမကို မြင်တော့ ရှေ့က လျှောက်သွားတဲ့ ယောကျ်ားဟာ သင်နှင့် ဘာတော်သလဲလို့ မေးကြတာပေါ့။ ဒီတော့ ဘီလူးမက အဲဒါ သူ့ယောကျ်ားပါတဲ့။ ဒီတော့ လူတွေက မဆီမဆိုင် ဝင်ပြောကြတယ်။

'ဟော့လူ မိန်းကလေးမျာ အဆင်းကလည်း နုးညံ့ပါရဲ့၊ မိဘတွေကိုတောင်၊

စွန့်ပြီး ခင်ဗျားနောက်ကို လိုက်လာတာ မသနား မညှာတာ ဘာဖြစ်လို့ စွန့်ပစ်သွားတာလဲ' လို့ မေးကြတယ်။

ဒီအခါ မင်းသားက 'အဲဒါ ကျုပ် မိန်းမ မဟုတ်ဘူးဗျ၊ ဘီလူးမ' လို့ ပြန်ဖြေပါတယ်။ ဒါကို ဘီလူးမက ဘာပြောတယ် မှတ်သလဲ။

'ဒါကတော့ မဆန်းပါဘူးရှင်၊ ယောက်ျားဆိုတာ စိတ်ဆိုးတဲ့အခါ ကိုယ့်မယားကို ဘီလူးမ ပြိတ္တာမလို့ ပြောမှာပါပဲ' တဲ့။

ဒီလို ပြောပြောပြီး ဘီလူးမလည်း ခွဲနှင့် လိုက်တယ်။ တစ်နေ့ရာကျတော့ ကိုယ်ဝန်ဆောင် မိန်းမယောင် ဆောင်တယ်။ နောက်တစ်နေ့ရာ ကျတော့ သားသည်မိခင်ယောင် ဆောင်တယ်။ ကလေးကို ရင်ခွင်မှာ ပိုက်ပြီး လိုက်လာတာကို လူတွေက မြင်တော့ ရှေးနည်းအတိုင်း မေးကြ မြန်းကြတာပေါ့။

မင်းသားလည်း ရှေးက အတိုင်းပဲ ဆိုပြီး သွားလိုက်တာ တက္ကသိုလ်ပြည်မြို့တံခါး အနီးသို့ ရောက်သွားပါတော့တယ်။ ဒီအခါ မင်းသားဟာ အနီးအနားမှာရှိတဲ့ ဇရပ်တစ်ခုမှာ ဝင်နိုတယ်။ ဘီလူးမကတော့ ဇရပ်ထဲကို ဝင်လို့ မရဘူးတဲ့။ ဇရပ် တံခါးဝကနေ စောင့်နေတော့တယ်။

မနက်ကျတော့ တက္ကသိုလ်ပြည်က ဘုရင်ဟာ ဥယျာဉ် ထွက်လာတော့ ဘီလူးမကို မြင်မြင်ချင်း တပ်ငြိသွားတယ်။ ဘုရင်ကလည်း လင်ရှိမရှိ မေးတော့ ဘီလူးမက မင်းသားကို ညွှန်ပြပြီး အဲဒါ သူ့ လင်ပဲလို့ ပြောတယ်။ မင်းသားကလည်း မဟုတ်ဘူး၊ သူဟာ ဘီလူးမ ဖြစ်တဲ့ အကြောင်းကို ပြောရင်း အငြင်းအခုံတွေ ဖြစ်ကြပါလေရောတဲ့။

မင်းကြီးလည်း ရာဂ တပ်မက်မှုကြောင့် 'ဟာ ဒါဆို လင်မှ မရှိဘဲကိုး' ဆိုပြီး ဘီလူးမကို မိဖုရား အရာမှာ ထားလိုက်တယ်။

ညကျတော့ ဘီလူးမက ထငိုတယ်တဲ့။ မင်းကြီးကလည်း ဘာဖြစ်တာလဲပေါ့၊ မေးတော့ ဘီလူးမက သူဟာ လမ်းက ကောက်ရတဲ့ မယား ဆိုပြီး မိဖုရားတို့ အလယ်မှာ မျက်နှာ ငယ်ပါတယ်တဲ့။ ဒါကြောင့် သူ့ကို တစ်တိုင်းပြည်လုံး အုပ်စိုးခွင့် အာဏာကို ပေးပါလို့ တောင်းတယ်။

မင်းကြီးက ဒါကတော့ မဖြစ်နိုင်ဘူးပေါ့။ အတန်တန် ပြောတော့ နောက်ဆုံးမှာ ဒီလိုဆို နန်းတော် အတွင်းမှာ အာဏာပေးပါလို့ ပြောပြန်တယ်။ မင်းကြီးလည်း ရာဂတပ်စွမ်းမှုက ကြီးမားနေလေတော့ ဘီလူးမ တောင်းဆိုချက်ကို မငြင်းနိုင်တော့ဘဲနှင့် အခွင့် ပေးလိုက်ရတယ်။ ဒီအခွင့်အာဏာလည်း ရရော ဘီလူးမဟာ မင်းကြီး အိပ်ပျော်နေတဲ့ အချိန်မှာ ဘီလူးမြို့က ဘီလူးတွေကို သွားခေါ်ပြီးတော့ မင်းကြီးနှင့်တကွ နန်းတော်ထဲမှာ ရှိရှိသမျှ ယောကျ်ား မိန်းမတွေကို ဖမ်းယူ စားသောက် ပစ်ကြပါတယ်။

မနက်ကျတော့ နန်းတော် တစ်ခုလုံးမှာ လူသံတိတ်ဆိတ်ပြီး အရိုးတွေချည်း

ဖြစ်နေတာကို တခြားက ရောက်လာသူများက မြင်တွေ့ကြရတယ်။ ဒီအခါကျမှ မယားမဟုတ် ဘီလူးမ ဖြစ်တယ်လို့ ပြောလာတဲ့ ယောကျ်ားသာလျှင် သတိပညာနှင့် ပြည့်စုံတဲ့ မြတ်တဲ့ယောကျ်ား ဖြစ်ထိုက်တယ်၊ သူ့ကို မင်းမြှောက်မှ သင့်မယ်လို့ လူတွေ စုဝေးပြီး မင်းသားငယ်ကို နန်းတင်ကြတယ်တဲ့။

ဆီအပြည့် ထည့်ထားတဲ့ ခွက်ကို ဆီမဖိတ်အောင် ဆောင်ယူတဲ့လူဟာ သတိကို ကြီးစွာထားပြီး ဣန္ဒြေတွေကို စောင့်ထိန်းပြီး သယ်ယူရသလိုပဲ ဘဝရဲ့ ရွှေတောင်တက် ခရီးကို သွားသူတိုင်း ကျင့်သုံးသင့်တဲ့ တရားကို မြတ်စွာဘုရား ကောသမ္ဗီပြည်က သေဒက နိဂုံးမှာ ရှိတဲ့ တစ်ခုသော တောအုပ်မှာ သီတင်းသုံးစဉ် အခါက ဟောကြားတော် မူခဲ့ပါတယ်။

ဘဝ ခရီးမှာ မိမိ အလိုရှိရာ အကျိုး ပြီးစီးအောင် ဆောင်ရွက်နိုင်တာကို 'အောင်မြင်မှု' လို့ လူအများက ယူဆထားကြပါတယ်။ အမှန်မှာတော့ တကယ့် အောင်မြင်မှု အစစ်ဟာ ဆုံးရှုံးခြင်း ဆိုတဲ့ ဘေးကင်းရာ လွတ်မြောက်မှုကို ရရှိမှသာ ဖြစ်နိုင်ပါလိမ့်မယ်။

## နပိုလီယန် အောင်မြင်မှု၏ အရှုံး

ကမ္ဘာ့သမိုင်းမှာ သာမန် အညတြ စစ်သားလေးဘဝက ဥရောပရဲ့ ဧကရာဇ် အဖြစ်ကို ရောက်အောင် ဘဝရဲ့ အတက်ခရီးကို သွားနိုင်ခဲ့သူဟာ နပိုလီယန် ဆိုတဲ့ စစ်ဘုရင်ကြီး ဖြစ်တယ်။ ငယ်စဉ်က နပိုလီယန်ဟာ ဆင်းရဲခဲ့တယ်။ ဒါကြောင့် သူဟာ ပညာကိုလည်း ကောင်းကောင်း မသင်ခဲ့ရဘူး။ စစ်ပညာကိုတော့ သင်ခဲ့ရပါတယ်။ *

ကမ္ဘာ့ ပညာရှိများက နပိုလီယန်ရဲ့ ဘဝဟာ တိုတောင်းတယ်၊ ထူးခြားတယ်တဲ့။ သူဟာ ဘဝရဲ့ အစမှာ ဥက္ကာပျံကြီး တစ်စင်းလို ဥရောပ ကောင်းကင်ပြင်မှာ တစ်ဟုန်ထိုး ထွန်းတောက်လာခဲ့တယ်။ ပြီးတော့ သူရဲ့ အရောင်အလင်းနှင့် ဥရောပကို ထွန်းပစေခဲ့တယ်။ ခဏကြာတော့ ဥက္ကာပျံကြီး ကြွေကျသွားသလို နပိုလီယန်ရဲ့ ဘဝဟာ အရောင်အလင်း ကွယ်ပျောက်ပြီး ကြွေသွားရှာတယ်တဲ့။

ဒါ ဘာကြောင့် ဖြစ်ရသလဲလို့ ဆိုတော့ ဘဝမှာ ရုတ်တရက် အောင်မြင်မှုတွေကို ရရှိလာတဲ့အခါ အဲဒီ အောင်မြင်မှုရဲ့ ဒဏ်ကို မခံနိုင်ဘဲ လူဟာ မေ့လျော့ ယောင်ဆ သွားတတ်လို့ပါပဲ။

အစတုန်းကတော့ နပိုလီယန်ဟာ သူ့ကိုယ်သူ ကြီးကျယ် မြင့်မြတ်တဲ့ အလုပ်တွေ လုပ်ဖို့ အတွက် လူ ဖြစ်လာတာလို့ ယုံကြည်ခဲ့တယ်။ သူဟာ အနာဂတ်

---

* *Pioneers of Modern World - E.H. Carter. p 7-13*

ကောင်းစားရေးကိုလည်း ယုံကြည် လိုလားခဲ့တယ်။ ငြိမ်းချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး အတွက် နပိုလီယန် ဓမ္မသတ်တွေကိုတောင် လုပ်နိုင်ခဲ့တယ်။ လယ်လုပ်သူတွေ လယ်ပိုင်ခွင့် ရှိအောင်လည်း သူ ဆောင်ရွက်ပေးခဲ့တယ်။

ဒါပေမယ့် ၁၈၀၄ ခုနှစ်မှာ နပိုလီယန်ဟာ သူ့ကိုယ်သူ သရဖူ ဆောင်းပြီး ဧကရာဇ် အဖြစ်ကို ခံယူလိုက်တယ်။ ဧကရာဇ် အဖြစ်ကိုလည်း ရောက်ရော သူက 'ကျုပ် အဖို့တော့ နောက်ထပ် လုပ်စရာ ကြီးကျယ်တဲ့ အလုပ်ဆိုလို့ ဘာမှ မရှိတော့ပါဘူး' တဲ့။ သူက ညည်းညူပြီး ပြောတယ်။

ဒီအချိန်ဟာ သူ့ရဲ့ အစိုးမရတဲ့ ကံကြမ္မာ ပျက်ယွင်းဖို့ အချိန်ကို ရောက်သွားပြီ ဆိုတာကို သူ မေ့သွားတဲ့ အချိန်ပဲလို့ ပညာရှင်တွေက ဆိုပါတယ်။

လူ့အသက်ပေါင်း များစွာကို စတေးပြီးမှ ရခဲ့တဲ့ သူ့ရဲ့ စည်းစိမ်ကြီးကို သူဟာ အဆမတန် အထင်ကြီးသွားတယ်။ ဒါကြောင့် ၁၈၁၂ ခုနှစ်က စပြီး သူ့ဘဝမှာ မလုပ်သင့်တဲ့ အမှားတွေကို တစ်ခုပြီး တစ်ခု ဆက်တိုက် လုပ်မိတယ်။ ရုရှားကို သွားတိုက်တယ်၊ မော်စကို မြို့တွင်းကို သူဝင်သွားတော့ မီးလောင်နေတဲ့ မြို့ကို အခွံချည်းသာ ရတယ်။ ဒီစစ်ချီခရီးမှာ သူ့စစ်သည်ပေါင်း သုံးသိန်းကျော် သေကျေ ပျက်စီးသွားတယ်။ ၁၈၁၃ ခုနှစ်မှာ ဖြစ်ပွားတဲ့ လိုက်ပဇစ် စစ်ပွဲမှာ နပိုလီယန် အရှုံးကြီး ရှုံးတယ်။ နောက်ဆုံး ဝါတာလူး စစ်ပွဲမှာ ဝယ်လင်တန် အနိုင်ရသွားတဲ့ အတွက် စိန့်ဟယ်လီနာကျွန်းကို နပိုလီယန် ထွက်ပြေးရရှာတယ်။

တောင်ထိပ်မှာ ပေါက်တဲ့ သစ်ပင်ဟာ လေတိုက်တာကို အများဆုံး ခံရတတ်တာဟာ ဓမ္မတာ ဖြစ်ပါတယ်။ နပိုလီယန်ဟာ ဧကရာဇ် ဖြစ်ခြင်းကို ဘဝခရီးရဲ့ ခရီး အဆုံးပဲလို့ မြင်သွားတယ်။ ဒါကြောင့် သူ့မှာ နောက်ထပ် လုပ်စရာ ကြီးကျယ်တဲ့ အလုပ်တွေ မကျန်တော့ဘူးလို့ ဆိုတယ်။ သူဟာ လောကီ စည်းစိမ်ဘုံ ဖြစ်တဲ့ ဧကရာဇ်မင်း အဖြစ်မှာ ကြာရှည် ရပ်တည်နိုင်အောင် ဘာတွေ လုပ်ရဦးမယ်ဆိုတာကို မစဉ်းစားနိုင်ဘူး။ စည်းစိမ်မှာ ယစ်မူးပြီး မေ့လျော့သွားပါတယ်။

သတိဆိုတာ မမေ့မလျော့ခြင်းကို ဆိုတာပါ။ မမေ့မလျော့ခြင်းကို အပ္ပမာဒ တရားလို့ ခေါ်ပါတယ်။

## သတိ ၏ သတ္တိ ထူးများ

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်ခါနီးမှာ ကုသိနာရုံ မလ္လာမင်းတို့ရဲ့ အင်ကြင်းတောမှာ လဲလျောင်းတော်မူရင်း ရဟန်းများကို ခေါ်ပြီး မေးတော်မူတယ်။

'ချစ်သားတို့၊ ဘုရား တရား သံဃာ ရတနာသုံးပါးမှာပဲ ဖြစ်ဖြစ်၊ မဂ်တရား ဖိုလ်တရားမှာပဲ ဖြစ်ဖြစ် ကျင့်ဝတ် ပဋိပတ်မှာပဲ ဖြစ်ဖြစ် တစ်စုံတစ်ယောက်သော သူဟာ ယုံမှား တွေးတောခြင်း ရှိရင် ငါ့ကို ယခု မေးလိုက်ကြ၊ နောင်အခါကျမှ

ဘုရားကို မျက်မှောက် ကြုလိုက်ရပါလျက်နှင့် မမေးလိုက်ရဘူးလို့ နောင်တ မဖြစ်ကြနှင့်' တဲ့။

ပရိနိဗ္ဗာန် စံဝင်ခါနီး အချိန်အထိ မြတ်ဗုဒ္ဓဟာ သူ ပြုရမယ့် တာဝန် ဝတ္တရားများ အတွက် မမေ့မလျော့ မပေါ့မဆဘဲနှင့် ဆောင်ရွက် နေတော်မူတယ်။ ဒီ စကားတွေကို ပြောပြီး မြတ်စွာဘုရားဟာ ရဟန်းတော်တွေကို သုံးကြိမ် တိုင်တိုင် မေးတော်မူတယ်။ ရဟန်းတော်များက ဆိတ်ဆိတ်နေကြတယ်။ ရှင်အာနန္ဒာကသာ ရဟန်းများဟာ သာသနာတော်မှာ ယုံမှားခြင်း မရှိတဲ့ အကြောင်း နားတော် လျှောက်ပါတယ်။

ဒီအခါ မြတ်ဗုဒ္ဓဟာ ပရိနိဗ္ဗာန် စံဝင်ဖို့ အတွက် မိနစ် စက္ကန့်ပိုင်း အချိန်မျှသာ ကျန်ပါတော့တယ်။

နောက်ဆုံးဆိုမှ တကယ့်ကို နောက်ဆုံး ရတဲ့ အချိန်ကလေးမှာတောင် မြတ်ဗုဒ္ဓဟာ ကြီးစွာသော သတိနှင့် ရဟန်းများကို ဥဒါန်း တွင်ရစ်တဲ့ နောက်ဆုံး စကားနှင့် မှာထားပါတယ်။ ဘယ်လို မှာသလဲဆိုတော့

ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ

ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ * လို့ မှာပါတယ်။ ဒီပါဠိရဲ့ အဓိပ္ပာယ်ကတော့

'ရဟန်းတို့၊ ယခုအခါ၌ အကျဉ်းအားဖြင့် ငါ၏ အလိုတော်ရင်းဖြင့် သင်တို့ကို ငါ မှာထားတော်မူတယ်၊ ကံ စိတ် ဥတု အာဟာရ ဆိုတဲ့ အကြောင်းတရားလေးပါး အစုတို့ရဲ့ ပြုပြင်မှုကြောင့် ဖြစ်တဲ့ သင်္ခါရတရားတို့ဟာ ပျက်တတ်တဲ့ သဘော ရှိတယ်၊ သင်တို့ဟာ မမေ့မလျော့ မပေါ့မလစ်ခြင်း သတိနှင့် ပြည့်စုံကြစေကုန်လော့'

အဆုံးစွန်ဖြစ်တဲ့ ပစ္ဆိမ ဗုဒ္ဓဝစနာ အဖြစ်နှင့် သူ့ရဲ့ ချစ်သား ရဟန်းတော်များကို သတိ ရှိရစ်ကြပါ၊ မမေ့မလျော့ကြနှင့်၊ မပေါ့မဆကြပါနှင့်လို့ အထပ်ထပ် ဘာကြောင့် ဗုဒ္ဓရှင်တော်မြတ် မှာကြားတော် မူခဲ့ပါသလဲ။

ဒီပုစ္ဆာဟာ အလွန် ဆင်ခြင်သင့်တဲ့ ပုစ္ဆာပါ။ အဖြေကတော့ လူ့ဘဝမှာ ဘယ်လောက်ပဲ လွန်လွန်၊ ဘယ်လောက်ပဲ များများ သတိ ဆိုတဲ့ တရားဟာ ဘယ်တော့မှ အများမရှိတဲ့ တရားဖြစ်လို့ ဒီစကားကို အထပ်ထပ် မှာတော်မူတယ်လို့ နားလည်ပြီး သဘောကျသင့်ပါတယ်။

'သတိ' ကို မြတ်ဗုဒ္ဓ ဘယ်လောက်တောင် အရေးထားတော် မူသလဲလို့ ဆိုရင် ဒီသတိကိုပဲ စေတသိက်တရား အဖြစ်လည်း ဟောတော်မူတယ်။ သတိကိုပဲ သမ္မောဇ္ဈင် တရားအဖြစ်နှင့်လည်း ဟောတော်မူတယ်။ သမ္မောဇ္ဈင် ဆိုတာကတော့

---

* ဒီဃနိကာယ် ပကာသနီ၊ စာ ၂၀၁

သစ္စာလေးပါး တရားကို သိခြင်းရဲ့ အကြောင်း၊ မဂ်ဉာဏ်ရဲ့ အင်္ဂါ ဖြစ်ပါတယ်။ သတိ မရှိတဲ့ လူဟာ လောကရဲ့ အရိယာသစ္စာ တရားတွေကို မသိနိုင်ဘူးလို့ နားလည်ရပါတယ်။

ဒီသတိကိုပဲ သမ္မာသတိမဂ္ဂင် အဖြစ်နှင့်လည်း ဟောတော် မူခဲ့သေးတယ်။ ပြီးတော့ ဗိုလ်ငါးပါး တရားမှာလည်း သတိကို ဦးစားပေးပြီး ဟောတော်မူတယ်။ ဗိုလ်တရား ဆိုတာက ဆန့်ကျင်ဘက်ဖြစ်တဲ့ ရန်သူနှင့် တွေ့ကြုံတဲ့အခါ မတုန် မလှုပ်ဘဲ အခြေခိုင်မြဲတဲ့ သဘောကြောင့် 'ဗိုလ်'* လို့ ဆိုတာပါ။ ဒုက္ခတွေ အခက် အခဲတွေ ရန်သူတွေနှင့် ရင်ဆိုင်ရတဲ့ အခါ သတိရှိမှသာ မတုန်မလှုပ် ကြံ့ခိုင်တဲ့ စိတ်နှင့် ခံနိုင်တယ်။ သတိမရှိတဲ့ လူဟာ ယိမ်းယိုင် ပြိုလဲပြီး အဆုံးမှာ အရှုံးနှင့် ပွဲသိမ်း ကြရတတ်ပါတယ်။

မြတ်ဗုဒ္ဓဟာ ဒီသတိကိုပဲ ဣန္ဒြေတရား အဖြစ်နှင့်လည်း ရှုမြင်သုံးသပ်ပြီး ဟောကြားတော် မူပါသေးတယ်။ ဣန္ဒြေ ဆိုတာကတော့ အစိုးရခြင်း သဘောကို ဆိုတာပါ။ အစိုးရတယ် ဆိုတာ မိမိရဲ့ အလိုကို ဘယ်သူကမှ မဆန့်ကျင်နိုင်တာ၊ မလှန် မပြန်နိုင်တာကို ဆိုပါတယ်။ ဒီလို စိတ်ကို အစိုးရဖို့မှာ သတိဟာ အဓိက လိုအပ်ပါတယ်။

နောက်ဆုံးမှာ မြတ်စွာဘုရားဟာ ဒီသတိသည်ပင် စိတ်ကို အလွန် တည် ကြည်အောင် ချုပ်ထိန်းတတ်တဲ့ တရား ဖြစ်လို့ သတိပဋ္ဌာန် ဒေသနာတော် အဖြစ်နှင့် ဟောတော်မူခြင်း ဖြစ်ပါတယ်။

## သတိကို ဖျက်ဆီးသော မေ့လျော့ခြင်း (ပမာဒ)

လူတို့ရဲ့ အောင်မြင်မှု ကြီးပွားမှု တိုးတက်မှု အသက်ရှည်မှု တန်ခိုးကြီးမှု ဆိုတဲ့ လောကီ ကိစ္စများမှာပဲ ဖြစ်ဖြစ်၊ ရုပ်နာမ်ဓမ္မများကို နားလည်မှု၊ အရိယာသစ္စာ တရားကို နားလည်မှု၊ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုမှု ဆိုတဲ့ လောကုတ္တရာ ကိစ္စတွေ ပြီးမြောက်မှုမှာပဲ ဖြစ်ဖြစ် မရှိမဖြစ် လိုအပ်တဲ့ တရားဟာ 'သတိ' ဆိုတဲ့ ဒီတရားပဲ ဖြစ်တယ်။

လူတွေ ကြုံတွေ့ရတဲ့ မှားယွင်းမှုတွေ ချွတ်ချော်မှုတွေ ကျရှုံးမှုတွေကို လေ့လာကြည့်မယ် ဆိုရင် အများဆုံး တွေ့ရတဲ့ အကြောင်းဟာ သတိ ချွတ်ယွင်းမှု (မုဋ္ဌသစ္စ) နှင့် မေ့လျော့ပေါ့ဆမှု (ပမာဒ) တရားတွေကြောင့်ပဲ ဖြစ်တယ် ဆိုတာ အထင်အရှား တွေ့နိုင်ပါတယ်။

လောကမှာ သတိတရားက လူသားကို အဘိညာဉ် ဈာန်သမာပတ် အထိ

-------------------------

* ဓာတ်ပေါက္ခိယ ဒီပနီ၊ လယ်တီဆရာတော်၊ (ဟံသာဝတီ) စာ ၆၈

ရောက်အောင် တွန်းတင် ပေးနိုင်ပါတယ်။ ဒါပေမယ့် တစ်ချက်ကလေး သတိ ချွတ်ယွင်းတာနှင့် တစ်ချက်ကလေး မေ့လျော့ ပေါ့ဆသွားတာနှင့် ချက်ချင်း ရတားတဲ့ ဈာန်သမာပတ် အားလုံး ဆုံးရှုံး ပျက်စီး သွားနိုင်ပါတယ်။

ဘာနှင့် သဏ္ဍာန် တူသလဲ ဆိုတော့ တောင်တက်ခရီးကို သွားနေတဲ့ မော်တော်ကား တစ်စီးဟာ ဂီယာ တစ်ချက် ချွတ်ချော်သွားတာနှင့် အဆင်းလမ်းကို လျှောဆင်း သွားနိုင်သလိုပါပဲ။

သို့သော် ကားမောင်းသူဟာ အချိန်မီ သတိရပြီး တောင်တက် ဂီယာကို ပြန်ထိုးနိုင်ရင်လည်း ကားဟာ ပြန်တက် သွားမှာပါပဲ။ ဈာန်သမာပတ် ကိစ္စမှာလည်း ဒီအတိုင်းပါပဲ။ သတိတရား အချိန်မီ ရပြီး ပြန်အားထုတ်မယ် ဆိုရင် ဈာန်သမာပတ်ကို ပြန်ရတတ်ပါတယ်။

ဟိုးရှေးတုန်းက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက်မှာ အဘိညာဉ် ဈာန်သမာပတ်ကို ရတဲ့ ရသေ့ တစ်ပါး ရှိခဲ့ဖူးတယ်။ ဒီရသေ့ဟာ ကြိုးစားသော စည်းစိမ်ဥစ္စာတွေလည်း ရှိတယ်၊ အတတ်ပညာမှာလည်း တစ်ဖက်ကမ်းခပ် တတ်တယ်၊ ဒါပေမယ့် လောကီအာရုံ ကာမဂုဏ်တွေကို စွန့်ပြီး ရသေ့ရဟန်း ပြုတယ်။ ဟိမဝန္တာမှာ နေပြီး ကျင့်ကြံ အားထုတ်မှုကြောင့် ဈာန်ချမ်းသာကို ရခဲ့တယ်။ *

တစ်ခါမှာတော့ ဒီဘုရားလောင်း ရသေ့ဟာ ချဉ်ဆားအတွက် ဗာရာဏသီ ပြည်မှာ ဆွမ်းခံကြွတယ်။ နန်းတော်ရှေ့ကို ရောက်တော့ ဗာရာဏသီ မင်းဟာ ရသေ့ရဲ့ အမူအကျင့်ကို ကြည်ညိုလှတဲ့ အတွက် ဆွမ်းပင့်ပြီး ကျွေးမွေး ပြုစုတယ်။ ဆွမ်းလုပ်ကျွေးပြီးတဲ့ အခါကျတော့ ဘုရင်က သူ့နန်း ဥယျာဉ်မှာပဲ နေဖို့ ရသေ့ကို တောင်းပန်တယ်။ ရသေ့လည်း သဘောတူပြီး နေတယ်။

တစ်နေ့မှာ မင်းဟာ တိုင်းရေးပြည်မှု တစ်ခုနှင့် ခရီးယာယီ ထွက်ရတယ်။ ဒီအခါ သူ့ဆရာ ရသေ့ကြီးကို ကောင်းစွာ ဆွမ်းလုပ်ကျွေးဖို့ မိဖုရားကြီး ဖြစ်သူ မုဒုလက္ခဏာကို မှာထားခဲ့တယ်။ ဘုရားလောင်း ရသေ့လည်း သူ ကြွချင်တဲ့ အခါ နန်းတော်ကို ကြွသွားတတ်တယ်။ တစ်နေ့မှာတော့ မိဖုရားကြီးဟာ ရသေ့အတွက် ဆွမ်းပွဲကို ပြင်ပြီး စောင့်နေတယ်။ ရသေ့က ဆွမ်းစားကြွဖို့ နောက်ကျနေတယ်။ မိဖုရားကလည်း ဆရာရသေ့ နောက်ကျတယ် ဆိုပြီး သူ့ကိုယ်သူ ဖြီးလိမ်း ပြင်ဆင်ပြီး အိပ်ရာပေါ်မှာ ခေတ္တ လဲလျောင်းနေတယ်။ လဲလျောင်းရင်းက မိဖုရားလည်း မှေးခနဲ အိပ်ပျော်သွားတယ်။

ဒီအချိန်မှာ ရသေ့ဟာ ဈာန်က ထပြီး ကောင်းကင်ခရီးက နန်းတော်ကို ကြွလာတယ်။ မိဖုရားကြီးလည်း မှေးခနဲ ဖြစ်သွားရာက ရသေ့ ကြွလာပြီကို သိလိုက်တာနှင့် ရုတ်တရက် အိပ်ရာက ထလိုက်တာ မိဖုရား ကိုယ်ပေါ်က အဝတ် လျှော

---

* ငါးရာငါးဆယ် ဇာတ်ဝတ္ထု၊ မုဒုလက္ခဏာဇာတ်၊ စာ ၃၀၂-၃၀၆

ကျသွားတယ်။ ဒီလို မိဖုရား ကိုယ်ပေါ်မှာ ဝတ်လစ်စလစ် ဖြစ်သွားခိုက်ကို နန်းတော် ပြတင်းက ဝင်လာတဲ့ ရသေ့သူမြတ်ဟာ အမှတ်တမဲ့ မြင်လိုက်ရပါတယ်။ ဒီလို မြင်လိုက်တဲ့ အာရုံပေါ်မှာ ဣန္ဒြေကို ဖျက်ပြီး 'အင်း လှလိုက်တာ' လို့ တွေးလိုက်မိတယ်။

ဒီအတွေးလည်း ဝင်လာရော ဘုရားလောင်း ရသေ့ရဲ့ စိတ်သန္တာန်မှာ သတိချွတ်ယွင်းပြီး ကိလေသာ အာရုံတွေသာ လှုပ်ခတ် လာတော့တာပေါ့။ အဲဒီ အချိန်မှာပဲ ရသေ့ရဲ့ ဈာန်ဟာ ကွယ်သွားပါတယ်။ အတောင်ပြတ်တဲ့ ကျီးလို ဖြစ်သွားတာပေါ့။ ရသေ့ဟာ ဆွမ်းကိုတောင် မစားနိုင်တော့ပါဘူး။ နန်းတော် ပြာသာဒ်ဆောင်ပေါ်က ခြေကျင်ခရီးနှင့် ဥယျာဉ်ရှိရာ အရပ်ကို ပြန်သွားခဲ့ရတယ်။

ကျောင်းကို ပြန်ရောက်တော့လည်း ရသေ့ဟာ အာဟာရကိုတောင် မမှိဝဲနိုင်တော့ဘူး။ မိဖုရားရဲ့ ကိုယ်တည်းဆင်းပြင် အသွင်လက္ခဏာ တင့်တယ်ခြင်းကို တပ်မက်တဲ့ ကိလေသာမီးဟာ ရသေ့ကိုယ်မှာ လောင်ကျွမ်း ပါတော့တယ်။

ခုနစ်ရက်လုံးလုံး ရသေ့ဟာ ခင်းပြင်ပေါ်မှာ အိပ်နေတယ်။ ဒီအကြောင်းကို မင်းကြီး ပြန်လာတော့ ကြားသိသွားတယ်။ ဒါနှင့် ဥယျာဉ်တော်ကို မင်းကြီးကိုယ်တိုင် သွားပြီး ဆရာရသေ့ရဲ့ အဖြစ်ကို မေးပြီး နှစ်သိမ့်စေတယ်။ ရသေ့လည်း အဖြစ်မှန်ကို ဝန်ခံတယ်။ မင်းကြီးလည်း မိဖုရားကြီးကို ရသေ့ကို မပျက်စီးစေနှင့်လို့ အကျိုးအကြောင်း စကား မှာထားပြီး မိဖုရားကြီး မုဒုလက္ခဏာကို ဆရာရသေ့ကို ပေးပါတယ်။

မိဖုရားလည်း ရသေ့ဆီ ရောက်တော့ လူ့ဘဝမှာ အိမ်ရှိမှ ဖြစ်တယ်။ မင်းကြီးဆီမှာ အိမ်တောင်းချေလို့ ရသေ့ကို နိုင်းတယ်။ ရသေ့လည်း မင်းဆီမှာ အိမ်တောင်းရတာပေါ့။ အိမ်ရတော့ မိဖုရားက ဒီအိမ်ထဲ မဝင်လိုဘူးတဲ့။ ဘာဖြစ်လို့လဲ မေးတော့ အိမ်က မစင်ကြယ်ဘူး၊ အမှိုက်တွေ မစင်တွေနှင့် သူ မနေဘူး၊ နေစေချင်ရင် အဲဒီအိမ်ကို သန့်ရှင်း သပ်ရပ်အောင် ပြင်ပါလို့ ဆိုပြန်တယ်။ ရသေ့လည်း အိမ်ကို စင်ကြယ်အောင် ပြုပြင်ရပြန်တယ်။ အိမ် သန့်ရှင်းသွားတော့ ဘယ်မှာလဲ ခုတင်တို့ မွေ့ရာတို့ကော၊ ဘာနှင့် အိပ်ကြမလဲ၊ သောက်ရေအိုးလည်း မရှိဘူး၊ သောက်ရေအိုး သွားရှာဦးလို့ နိုင်းပြန်တယ်။ ရသေ့လည်း သောက်ရေ ချိုးရေက အစ ပြည့်စုံစေပြီး အိပ်ရာခင်းပြင်ကိုပါ ပြင်ဆင်ရပြန်တယ်။

နောက်ဆုံး အိပ်ရာပေါ်မှာ နှစ်ယောက်သား ထိုင်မိကြတဲ့ အခါကျတော့ ရသေ့လည်း မောဟိုက် ပင်ပန်းနေပြီ။

ဒီအခါကျမှ မိဖုရားက ရသေ့ရဲ့ မုတ်ဆိတ်ကို ဆွဲပြီး အရှင်ဟာ ခုအထိတောင် သတိ မရသေးဘူးလားလို့ မေးတယ်။

ဒီအခါမှ ရသေ့လည်း သတိ သံဝေဂ ရတယ်။ ကိလေသာဟာ မိုက်မဲတဲ့ အဖြစ်ကို ရောက်အောင် ပြုလုပ်တတ်ပါကလားဆိုတာ ချက်ချင်း မြင်သွားပါတယ်။

ကာမဂုဏ်ကို တပ်မက်တဲ့ စိတ်ဆန္ဒတွေက သူ့ကို သူကန်းဘဝ ရောက်အောင် လုပ်ခဲ့ပါကလား ဆိုတာ နားလည်သွားတယ်။

ဒီတင် ရသေ့ သတိတရား ပြန်ရပြီး မိဖုရားကြီးကို ဘုရင့်လက်ကို ပြန်အပ်တယ်။ သတိတရား ပြန်ရပြီး ပြန်အားထုတ်တော့ ချက်ချင်း ကွယ်ခဲ့တဲ့ ဈာန်ကို ပြန်ရတယ်။ ဒီအခါမှာတော့ ရသေ့ဟာ ဥယျာဉ်မှာလည်း မနေတော့ဘူး။ ဟိမဝန္တာတောအရပ်ကို ပြန်ကြွသွားပြီး သတိပဋ္ဌာန် တရား၊ ကမ္မဋ္ဌာန်း တရားများကို အားထုတ်ပါတယ်။

လူ့ဘဝမှာလည်း သတိချွတ်ယွင်းတဲ့ အတွက် အမှောက်အမှားတွေကို ပြုတတ်ကြတာဟာ လူ့ဓမ္မတာပါ။ သို့သော် တချို့လူတွေဟာ အချိန်မီ သတိတရား ပြန်ရတဲ့အတွက် ဘဝရဲ့ အတက်ခရီးကို ပြန်ရောက် သွားကြတာတွေလည်း အမြောက်အမြား ရှိပါတယ်။

ဒုစရိုက် တရားများကို ပြုလုပ်ခြင်း၊ ကာမဂုဏ် တရားများကို လိုက်စားပျော်ရွှင်ခြင်းနှင့် ကုသိုလ်တရားများကို မပြုလုပ် မပွားများဘဲ နေခြင်းပင် 'ပမာဒ' တရား ဖြစ်ကြောင်း အဘိဓမ္မာ ဝိဘင်းပါဠိတော်၌ ဝေဖန် ဟောကြားတော် မူထားပေသည် (အဘိ ၂၊ စာ ၃၆၃) လို့ ဝိနယပါရဂူ ဆရာကြီး ဦးထွန်းလှိုင်ကလည်း ညွှန်ပြ ထားဖူးပါတယ်။ *

ဆရာကြီး ဦးထွန်းလှိုင်ဟာ လူတွေမှာ ဖြစ်တတ်တဲ့ မေ့လျော့ ပေါ့ဆမှုသဘောတွေကို လေးမျိုး ခွဲပြပါတယ်။ အဲဒီ လေးမျိုးကတော့

(က) နှစ်မြော မေ့လျော့ခြင်း၊

(ခ) တွေး၍မရ မေ့လျော့ခြင်း၊

(ဂ) အမှတ်မဲ့ မေ့လျော့ခြင်း၊

(ဃ) ပေါ့ဆ မေ့လျော့ခြင်း၊ ** တို့ ဖြစ်ပါတယ်။

ဒီနေရာမှာ အမြင့်က လိမ့်ကျပြီး မေ့သွားတာ၊ ရောဂါကြောင့် တက်ပြီး မေ့သွားတာ၊ သားသေ လင်ဆုံး အပူလုံးဆို့ပြီး မေ့သွားတာ၊ မူးယစ်ဆေး သောက်စားလို့ မေ့သွားတာ၊ ဒါတွေဟာ အကျိုးမဲ့ကို ဖြစ်စေတာချည်းပါပဲ။ အခြေခံကတော့ သတိကို မြဲစွာ မထားနိုင်တဲ့ ပေါ့ဆမှုကြောင့် ဖြစ်ရတာချည်းပါပဲ။ ပေါ့ဆမှု 'ပမာဒ' ကို မြတ်ဗုဒ္ဓက အကုသိုလ် စေတသိက်လို့ သတ်မှတ်ရင် သတိ ချွတ်ယွင်းမှု အားလုံးဟာလည်း ဒီသဘောချည်းသာ ဖြစ်ပါတယ်။

ပမာဒ ဆိုတဲ့ မေ့လျော့ပေါ့ဆမှု၊ သတိ ချွတ်ယွင်းမှုနယ်ဟာ ကျယ်ဝန်းလှပါတယ်။

---

* *လူသားတို့၏ ထွက်ရပ်လမ်း၊ ဦးထွန်းလှိုင် (သာသနာရေး ဦးစီးဌာန) စာ ၁၃၀*

** *လူသားတို့၏ ထွက်ရပ်လမ်း၊ ဦးထွန်းလှိုင် (သာသနာရေး ဦးစီးဌာန) စာ ၁၂၇*

တောင်ဘီလာ ဆရာတော်ကတော့

'ကာယ ဒုစရိုက်၊ ဝစီ ဒုစရိုက်၊ မနော ဒုစရိုက်တို့၌ လည်းကောင်း၊ ကာမ ဂုဏ်ချမ်းသာ ငါးပါး၌ လည်းကောင်း၊ စိတ်ကို လွှတ်ခြင်း၊ စိတ်လွှတ်သော အဖြစ် မေ့ခြင်းသည်လည်း ပမာဒ မည်၏။

'တစ်နည်းကား ကုသိုလ်တရားတို့၏ ပွားခြင်း၌ အရိုအသေ မပြုသော အဖြစ်၊ မပြန့်မပြုသော အဖြစ်၊ တွန့်သောစိတ် ရှိသော အဖြစ်၊ အပြီးတိုင်အောင် မပြုသော အဖြစ်၊ အလိုဆန္ဒကို ချသော အဖြစ်၊ လုံ့လကို လျှော့သော အဖြစ်၊ အဖန်တလဲလဲ မမှီဝဲသော အဖြစ်၊ မပွားစေသော အဖြစ်၊ များအောင် မပြုသော အဖြစ် ဤသို့သော မေ့လျော့ခြင်း အပြားဖြင့် မေ့လျော့သော အဖြစ်သည်လျှင် ပမာဒ မည်၏' * လို့ အကျယ် ဖွင့်ဆို ပြထားပါတယ်။

ဆရာတော်ကြီး ဖွင့်ဆိုတော်မူတဲ့ ပမာဒ (မေ့လျော့ခြင်း) ရဲ့ အကျယ်သဘော ဟာ တိုရှင်းပြီး လိုရင်းသို့ ရောက်လှပါတယ်။ ပမာဒရဲ့ ဆန့်ကျင်ဘက် ဖြစ်တဲ့ 'အပ္ပမာဒ' ဟာ သတိ ဖြစ်တယ်။ ဒီတော့ သတိ ဆိုတာကို ဒီလို နားလည်သင့် ပါတယ်။ ဘယ်လို နားလည်သင့်သလဲ ဆိုတော့

(၁) ကုသိုလ်တရားတွေ ပွားများဖို့ ဂရုစိုက်တာ၊ အရိုအသေ အလေးအမြတ် ပြုတာဟာ သတိပဲ၊

(၂) အလုပ်တစ်ခုကို မပြတ် ပြုလုပ်တာဟာ သတိပဲ၊

(၃) တွန့်တိုတဲ့စိတ် မရှိတာဟာ သတိပဲ၊

(၄) အလုပ်တစ်ခုကို ပြီးပြတ်အောင် အဆုံးတိုင်အောင် လုပ်တာဟာ သတိပဲ၊

(၅) မိမိ ရည်မှန်းချက် အလိုဆန္ဒကို မစွန့်လွှတ်တာဟာ သတိပဲ၊

(၆) လုံ့လကို မလျှော့တာဟာ သတိပဲ၊

(၇) အဖန်တလဲလဲ ကြံစည် ကြိုးစားတာဟာ သတိပဲ၊

(၈) ပွားများအောင် တိုးတက်အောင် လုပ်တာဟာ သတိပဲ။

ဒီလောက်ဆိုရင် သတိတရားကို ဖျက်ဆီးတတ်တဲ့ မေ့လျော့ခြင်းရဲ့ အပြစ် တွေကို မြင်နိုင်ပြီလို့ ထင်ပါတယ်။

## သတိ ပြုအပ်သော လိမ်ညာမှုများ

ဘဝ ရွှေတောင်ကို တက်ဖို့ အားထုတ်ကြသူတွေဟာ လောကရဲ့ လှည့်ဖြားမှု၊ လိမ်လည်မှုတွေကို နားလည်အောင် သတိပြုပြီး လေ့လာ ထားသင့်တယ်လို့လည်း ထင်ပါတယ်။

---

* *ယသဝမှန ဝတ္ထု (၃)၊ တောင်ဘီလာ ဆရာတော်၊ (ယံသာဝတီ)၊ စာ ၄၀၆*

လောကမှာ လူတွေ ခံစားရတတ်တဲ့ လိမ်ညာမှု ငါးမျိုးကို ဆရာကြီး ဦးထွန်းလှိုင်က ဒီလို ဖော်ပြထားပါတယ်။ အဲဒီ ငါးမျိုးကတော့

(၁) ငွေကြေး ဥစ္စာကို လိမ်ညာခံရခြင်း၊

(၂) အတတ်ပညာကို လိမ်ညာခံရခြင်း၊

(၃) အလုပ်ကိစ္စကို လိမ်ညာခံရခြင်း၊

(၄) အချိန်ကာလကို လိမ်ညာခံရခြင်း၊

(၅) တရားဓမ္မကို လိမ်ညာခံရခြင်း * တို့ ဖြစ်ပါတယ်။

လူတွေဟာ ဒီငါးမျိုးကို လိမ်ညာ ခံကြရရာမှာ (က) သူတစ်ပါးက မိမိကို လာပြီး လိမ်ညာ ခံရတာမျိုးလည်း ရှိပါတယ်၊ (ခ) မိမိကိုယ်ကို မိမိ လိမ်နေမှန်း မသိဘဲ လိမ်ညာ ခံရတာမျိုးလည်း ရှိပါတယ်လို့ ဆရာကြီးက ရှင်းပြပါတယ်။ မှတ်သား နာယူထိုက်တဲ့ စကားမို့ မမေ့မလျော့ မှတ်သား သင့်လှပါတယ်။

ရွှေတောင်တက် ခရီးသွား ဥတ္တမပုရိသများဟာ ဒီလို နည်း နှစ်နည်း အလိမ်အညာ မခံရအောင် ကြီးစွာသော သတိ ရှိသင့်ပါတယ်။

ဒီနေရာမှာ အပြင်လူက လိမ်ညာတာကို ခံရတာဟာ အများအားဖြင့် လောဘကြီးမှု၊ အယုံသွင်း ခံရမှု၊ ယုံလွယ်မှုတွေကြောင့် ဖြစ်တတ်ပါတယ်။

ပညာဉာဏ် ဖြစ်ပေါ်မှုမှာ သတိဟာ အဓိက အခရာ ဖြစ်ပါတယ်။ ယုံလွယ်မှု၊ အယုံလွန်မှုကြောင့် လူတွေမှာ ပညာ အားနည်း သွားတတ်ပါတယ်။ ဒီနေရာမှာ တစ်စုံတစ်ခုကို လိုချင် တပ်မက်လွန်းပြီး လူပုဂ္ဂိုလ်ပေါ်မှာလည်း ယုံကြည် စိတ်ချလွန်းရင် သတိ ချွတ်ယွင်းပြီး အလိမ် ခံရတတ်ပါတယ်။

ဗုဒ္ဓဝင်မှာ ဒီအဖြစ်မျိုးနှင့် ကြုံရလို့ ကြေကွဲဖွယ် ကောင်းလှတဲ့ အဖြစ်တစ်ခု ဖြစ်ဖူးပါတယ်။ အဖြစ်ကတော့ အင်္ဂုလိမာလ ခေါ်တဲ့ အဟိံသကရဲ့ အဖြစ်ပါ။ **

အဟိံသကဟာ အန္တက ပုဏ္ဏားကြီးနှင့် မန္တာနီ ပုဏ္ဏေးမတို့ရဲ့ သား ဖြစ်ပါတယ်။ သူ့ကို မွေးတုန်းက စောရနက္ခတ်နှင့် ယှဉ်ပြီး မွေးတယ်လို့ ဆိုပါတယ်။ သူဟာ အလွန် ဉာဏ်ပညာ ထက်မြက်ပါတယ်။ အရွယ်ရောက်တော့ တက္ကသိုလ် ပြည်ကို သွားပြီး ဒိသာပါမောက္ခ တစ်ဦးထံမှာ ပညာသင်ပါတယ်။ ပညာ ထူးချွန်ပြီး ဆရာ့ရဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုစုတဲ့ အတွက် သူ့ကို ဆရာက သိပ် ချစ်တယ်။ ပညာ သင်ကြားရာမှာလည်း သူတစ်ပါးထက် ထူးချွန်တယ်။

ဒီလို ပညာထူးချွန်ပြီး ဆရာရဲ့ အရေးပေးခြင်းကို ခံရတဲ့ အတွက် အဟိံသကကို ပညာသင်ဖော် တပည့်များက မနာလို ဖြစ်ကြတယ်။ ဒီအခါ ကျန်တပည့်များက အဟိံသကနှင့် သူ့ဆရာကြီးတို့ စိတ်ဝမ်းကွဲအောင် ဆိုပြီး ဆရာကတော်နှင့်

--------------------------

* လူသားတို့၏ ထွက်ရပ်လမ်း၊ စာ ၂၄၁

** ဇိနတ္ထ ပကာသနီ၊ စာ ၃၉၁–၃၉၉

အဟိံသကကို ခွပ်စွဲကြတယ်။ အစမှာ ဆရာကြီးဟာ သိပ် မယုံဘူး။ နောက် အထပ်ထပ် ပြောစကားတွေ ကြားရတော့ သံသယ ဝင်လာတယ်။ ဒါနှင့် ဆရာက အဟိံသကရဲ့ အနေအထိုင်ကို ဂရုစိုက် ကြည့်မိတယ် ဆိုပါတော့။ ဒီအခါ အဟိံသကဟာ ဆရာ့အိမ်သားများနှင့် ရောပြွမ်းနေတာ တွေ့ရတယ်။ တစ်အိမ်သားလုံးက သူ့ကို ချစ်နေတော့ ရောပြွမ်း ကျွမ်းဝင်နေမိတာပေါ့။

,ဒီတင် သူ့ဆရာဟာ မယုံသင်္ကာ ဖြစ်ပြီး အဟိံသကကို သတ်ချင်တဲ့စိတ် ပေါ်တယ်။ ပညာရှိ ဆိုတော့ အဟိံသကကို သူ့အလိုလို သေအောင် ဆိုပြီး ကောက်ကျစ် စဉ်းလဲတဲ့ အကြံကို ကြံတယ်။

တစ်နေ့မှာ ဆရာဟာ အဟိံသကကို ခေါ်ပြီးပြောတယ်။

'ချစ်သား၊ မင်းဟာ အမျိုးလည်း မြတ်တယ်၊ ပညာလည်း ထူးချွန်တယ်၊ ဝတ္တရားလည်း ကျေတဲ့ တပည့်ကောင်း ဖြစ်တယ်၊ မင်းလို တပည့်မျိုးဟာ ဆရာတို့မှာ ရခဲလှတယ်၊ ဒါကြောင့် မင်းကို ဆရာတတ်သမျှ ပညာကို အကြွင်းမထားဘဲ သင်ပေးချင်တယ်၊ ဒါပေမယ့် မင်းက ငါ့ကို ထူးထူးခြားခြား ပူဇော်မှသာ ငါ သင်ပေးနိုင်မယ်' လို့ ဆိုတယ်။

ဆရာ သူ့ကို အယုံသွင်းလိုက်တဲ့ ဒီစကားကို အဟိံသကဟာ အလွန်အမင်း ယုံကြည်သွားပါတယ်။ သူ့စိတ်ထဲမှာ ဆရာ့ထံက ပညာကုန် ရမယ်ဆိုရင် ဘာပဲ လုပ်ရ လုပ်ရ လုပ်မယ်ဆိုတဲ့ အကြည်ညို လွန်မှုမျိုး ဖြစ်သွားပါတယ်။ ဒီတော့ သူက 'ဆရာ၊ ကျွန်တော် ဘာလုပ်ပေးရမယ် ဆိုတာသာ ပြောပါ၊ ကျွန်တော် ပူဇော်ပါ့မယ်' လို့ ကတိ ပေးလိုက်တယ်။

ဒီတော့ သူ့ဆရာက သူ့ကို လူ့ရဲ့ လက်ညှိုးပေါင်း တစ်ထောင်နှင့် ပူဇော်ရမယ်၊ ဒါမှ သူ့ပညာကို ပေးနိုင်မယ်လို့ ဆိုတယ်။ ဒီစကားကို အဟိံသကဟာ တကယ်ပဲ ယုံမှတ်သွားတယ်။

ဒီအချိန်ကစပြီး သူ့ဆရာ လိုချင်တဲ့ လူ့ လက်ညှိုးပေါင်း တစ်ထောင် ရအောင် လူပေါင်း တစ်ထောင်လောက်ကို လိုက်သတ်ခဲ့ပါတယ်။ မူလက အင်မတန် ပညာရှိခဲ့တဲ့ အဟိံသကဟာ သူ့အသက် သတ်ခြင်း အမှုကို ပြုတဲ့ အချိန်က စပြီး စိတ်ပျံ့လွင့်သွားတဲ့ အတွက် သတိ ချွတ်ယွင်းသွားတယ်။ လက်ညှိုး တစ်ထောင်ကို တောင် ရေတွက်လို့ မတတ်လောက်အောင် ဖြစ်သွားတယ်။ ရထားတဲ့ လူ့လက်ညှိုးတွေကို ဟိုထား ဒီထားနှင့် ပျောက်ကုန်ကြတာလည်း ရှိတာပေါ့။ ဒါကြောင့် လက်ညှိုး တစ်ထောင် ရဖို့ လူ ငါးရာလောက်ကိုသာ သတ်ရမှာကို လူတစ်ထောင်လောက် သတ်မိသွားပါတယ်။

နောက်ဆုံး မိခင်ကိုပင် သတ်ခါနီးကျမှ မြတ်စွာဘုရားနှင့် ဆုံတွေ့သွားပါတယ်။ ဒီအခါမှာ သူဟာ ဘုရားသခင်ရဲ့ လက်ညှိုးကို ဖြတ်ဖို့ လိုက်ပါတယ်။ ဒါပေမယ့် ဘုရားကို အမောတကောကြီး သူ ဘယ်လောက် လိုက်လိုက် လိုက်လို့

မမိပါဘူး။ ဒီတော့ သူက အောက်မေ့တယ်။ ဒီရဟန်းကတော့ ထူးတယ်၊ ရှေးက ငါလိုက်လို့ မမိတဲ့ သတ္တဝါ ဆိုတာ မရှိဘူး၊ သူ့ကို ရပ်နိုင်းမှလို့ ကြံပြီး 'ရဟန်း ရပ်ဦး ရပ်ဦး' လို့ အော်ပြောလိုက်တယ်။

ဒီအခါ ဘုရားက 'ငါ ရပ်နေတာပဲ၊ သင်သာ မရပ်တာ' လို့ ပြန်ပြောပါတယ်။ ဒီတော့ သူက 'ရဟန်း သင်ဟာ မရပ်မနား သွားနေပြီး ဘာဖြစ်လို့ ငါ ရပ်နေတယ် ဆိုတဲ့ စကားကို မှသား ဆိုသလဲ၊ ရဟန်း ဆိုတာ ဒီလိုပဲ မှသား ပြောတတ်သလား;' လို့ စကားမှာထိုးတယ်။

ဒီတင် ဘုရားရှင်က 'အင်္ဂုလိမာလ အဟိံသက၊ ငါဟာ သူ့အသက်ကို သတ်ခြင်းဆိုတဲ့ မကောင်းမှု ဒုစရိုက်ကိုလည်း မလိုက်စားဘူး၊ ငါ့မှာ အပါယ် လားစရာ အကြောင်းလည်း မရှိဘူး၊ သုဂတိတို့ရဲ့ အထွတ်အထိပ် ဖြစ်တဲ့ နိဗ္ဗာန် တံခါးဝမှာ ရပ်နေသူ ဖြစ်တဲ့အတွက် ရပ်နေတယ်လို့ ငါ ပြောတာ၊ သင်ကတော့ ဒုစရိုက် များစွာကိုလည်း ပြုတယ်၊ သတ္တဝါ အပေါ်မှာ သနား ကြင်နာခြင်းလည်း မရှိဘူး၊ ကောင်းမြတ်တဲ့ အကျင့် စာရိတ္တလည်း မရှိဘူး၊ သင် သေရင် အပါယ်ကိုပဲ လားရမယ့်သူ ဖြစ်လို့ သင်ဟာ ရပ်နားတဲ့ လူမဟုတ်ဘူး၊ သင်ဟာ အပါယ်ကို သွားနေသူသာ ဖြစ်တယ်၊ ဒါကြောင့် ငါက ရပ်နေတယ်၊ သင်ကတော့ သွားနေတယ်လို့ ငါ ဆိုတာ' လို့ ရှင်းလင်း ဟောကြားလိုက်တဲ့ အခါမှာတော့ အင်္ဂုလိမာလရဲ့ ဘဝင်မှာ ချက်ချင်း သတိတရား ဝင်ပြီး ဉာဏ်အမြင် တစ်ခု ဖြစ်ပေါ်လာပါတယ်။

ဒီစကားဟာ အနှစ်သာရ ရှိလှပါကလား၊ တစ်သက်လုံး အောက်မေ့ထိုက်တဲ့ စကားမျိုးပါကလား၊ ဒီစကားကို သာမန်လူတော့ ပြောနိုင်မှာ မဟုတ်ဘူး၊ ငါ ကြားဖူးတဲ့ သာကီဝင်မင်းမျိုးထဲက ဖြစ်တဲ့ ဘုရား ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဒီပုဂ္ဂိုလ်ပဲ ဖြစ်ရမယ်၊ 'နှစ်ပေါင်းများစွာ မကောင်းမှု အကုသိုလ် တရားကို အကျင့်မှားပြီး ဒုဂ္ဂတိသို့ လားရတော့မှာကို မြင်လို့ ငါ့ကို မြတ်စွာဘုရား သနားပြီး ကယ်တော်မူတာပဲ ဆိုတဲ့ အသိ ဖြစ်ပေါ်လာတယ်။ ဒီတင် အင်္ဂုလိမာလ သတိ သံဝေဂ ရပြီး ဘုရားကို ဝန်ချ တောင်းပန်ပါတယ်။

လောကမှာ သူတစ်ပါး ပြောစကားတွေကို ယုံလွယ်မိလို့ မှောက်မှား ချောက်ကျရသူတွေဟာ အဆမတန် များပြားလှပါတယ်။ ဘဝ အတွေ့အကြုံ များမှု၊ သတိတရား လက်ကိုင်ထားမှု ရှိမှသာ ဒီလို အလိမ်ခံရတဲ့ ဘဝက လွတ်မြောက်ကြပါလိမ့်မယ်။

## ကိုယ့်ကိုယ်ကိုယ် လိမ်နေသော ဉရုဝေလ ကဿပ

လူတွေ အချင်းချင်း တစ်ယောက်ကို တစ်ယောက် လိမ်လည် လှည့်ဖြားနေကြတာ တွေ၊ အသူ နုံသူတွေကို လည်သူ နပ်သူတွေက လိမ်လည် လှည့်ဖြား ခေါင်းပုံ

ဖြတ်စား နေကြတာတွေဟာ လောကမှာ ပေါလွန်းလို့ မမြင်ချင်အဆုံး မကြားချင်အဆုံးပါ။

တချို့ကျတော့ ကိုယ့်ကိုယ်ကိုယ် သိပ္ပံနည်းကျမှ ယုံမယ်၊ လက်တွေ့ကျမှ ယုံမယ်ဆိုပြီး အထင်ကြီး နေသူတွေလည်း ရှိပါတယ်။ အဲဒီ လူမျိုးတွေပဲ မှော်ဆရာတွေ၊ ဘိုးတော်လိမ်တွေနှင့် တွေ့ပြီး သူတို့ မမြင်ဖူး မကြားဖူးတာ ကလေးတွေ တစ်ခု နှစ်ခု ပြလိုက်ရင် ချက်ချင်း အယုံကြီး ယုံ၊ အကျကြီး ကျသွားတတ်တာလည်း တစ်ပုံကြီး ရှိပါတယ်။

သူတစ်ပါး အလိမ်ခံရတာမျိုးကတော့ တစ်သက်လုံး မခံကြရပါဘူး။ အချိန်ကျတော့ အလိမ်ခံရမှန်း သိပြီး လူလိမ်တွေကို ရှောင်နိုင် ရှားနိုင်ကြပါတယ်။

တကယ်တမ်းကျတော့ ပိုပြီး ခက်တာက ကိုယ့်ကိုယ်ကိုယ် လိမ်နေမိတာပါပဲ။ လူဟာ ကိုယ့်ကိုယ်ကိုယ် လိမ်နေမိရင် ကျွတ်ဖို့ သတိတရား ရဖို့ ဆိုတာ အလွန် ခက်ခဲပါတယ်။ ဘယ်လောက်တောင် ချွေချွတ်ရ ခက်သလဲ ဆိုတာ ရသေ့ ညီနောင် ရှင်တစ်ထောင် ချွတ်ခန်းမှာ ထင်ရှားလှပါတယ်။

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ ရှိရာ ဥရုဝေလ တောအုပ်ကို ကြွသွားတော်မူပါတယ်။ *

ကဿပ ရသေ့ ညီနောင်နှင့် နောက်ပါ တပည့်များဟာ ဒီတောအုပ်မှာ ကိလေသာ ခြောက်ခန်းမှ ရဟန္တာ ဖြစ်မယ် ဆိုပြီး ကြံမိကြံရာ အကျင့်တွေကို ကျင့်ကြံနေကြပါတယ်။

မြတ်စွာဘုရားဟာ သူတို့ရှိရာ အရပ်ကို ကြွသွားပြီး သူတို့ ကျောင်းသခ်မ်းအနီးက မီးတင်းကုပ်မှာ တည်းခိုခွင့်တောင်းပြီး နေပါတယ်။ ဥရုဝေလ ကဿပက ‘ဒီ မီးတင်းကုပ်မှာ အင်မတန် ဆောင်မာန် တန်ခိုးကြီးတဲ့ နဂါးမင်း နေတယ်၊ ရဟန်းကြီး သင့်ကို ဒီနဂါး ညှဉ်းဆဲလိမ့်မယ်၊ မတည်းပါနှင့်’ လို့ တားတယ်။ မြတ်စွာဘုရားက ‘အရေးမကြီးပါဘူး၊ ငါ့ကို ဒီနဂါး မညှဉ်းဆဲနိုင်ဘူး၊ သင် ခွင့်ပြုရင် ပြီးပါတယ်’တဲ့။ ဥရုဝေလကဿပ ကလည်း ‘နဂါးကို မကြောက်ရင်တော့ နေပါ’ လို့ ဆိုတယ်။

ညကျတော့ မြတ်စွာဘုရားဟာ တေဇောကသိုဏ်းကို ဝင်စားပြီး နဂါးရန်ကို နှိမ်လိုက်တယ်။ ကဿပ ရသေ့တွေကတော့ ဒီရဟန်းကြီးဖြင့် နဂါးသတ်လို့ သေပြီ အောက်မေ့တာပေါ့။

မနက်လည်း ရောက်ရော မြတ်စွာဘုရားက ဒီနဂါးကို သပိတ်တော်မှာ ထည့်ပြီး ရသေ့တွေကို ပြလိုက်ပါတယ်။ ဒီအခါ ဥရုဝေလကဿပ စိတ်ထဲ ဘယ်လို တွေးတယ် ထင်သလဲ။

---

* ဝိနဋ္ဌ ပကာသနီ၊ စာ ၇၀–၇၅

''ရဟန်း ဂေါတမဟာ တန်ခိုးကြီးတာတော့ အမှန်ပဲ၊ ကြမ်းတမ်း ခက်ထန်တဲ့ နဂါးကိုတောင် နိုင်တယ်၊ ဒါပေမယ့် ငါတို့လို ရဟန္တာ မဖြစ်တာ တစ်ခုပဲ' တဲ့။

နောက် ဆွမ်းစားချိန် ရောက်လို့ ဥရုဝေလကဿပဟာ ဘုရားကို ဆွမ်းစား လာပင့်ရင်း လမ်းကျတော့ မေးတယ်။ ညက ကိုယ်တောင်ကိုယ်ဝါတွေနှင့် ရဟန်း ကြီးဆီကို လာကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်သူတွေလဲတဲ့။

ဒီအခါ မြတ်စွာဘုရားက အဲဒါ စတုမဟာရာဇ် နတ်မင်းများပဲ၊ ငါ့ဆီကို တရားနာချင်လို့ လာကြတာပါလို့ ဖြေတော်မူတယ်။ ဒီအခါမှာလည်း ဥရုဝေလ ကဿပ စိတ်မှာ ဘယ်လို တွေးပြန်သလဲ ဆိုတော့

'အင်း ရဟန်းကြီးကတော့ တန်ခိုးကြီးတာ အမှန်ပဲ၊ စတုမဟာရာဇ် နတ် မင်းတွေတောင် လာပြီး ပူဇော်ကြရတယ်၊ ဒါပေမယ့် ငါတို့လို ရဟန္တာ မဖြစ်တာ တစ်ခုပဲ' တဲ့။

နောက်တစ်နေ့ သိကြားမင်း လာပြီး ဖူးတာကို တွေ့တော့လည်း ရှေးနည်း အတိုင်း မေးပြန်တယ်။ ဒီအခါ မြတ်စွာဘုရားက 'အဲဒါ သိကြားမင်းပဲ' လို့ ဖြေတော်မူတယ်။ ဒီတော့လည်း ဥရုဝေလကဿပ စိတ်မှာ တွေးပြန်တယ်။

'အင်း ဒီရဟန်းကြီးကတော့ သိပ် တန်ခိုးကြီးတာပဲ၊ သိကြားမင်းတောင် လာပြီး ဝတ်ပြုရတယ်၊ ဒါပေမယ့် ငါတို့လို ရဟန္တာ မဖြစ်တာ တစ်ခုပဲ' တဲ့။

ဒီလိုနှင့် ပြာသို လပြည့်နေ့ကို ရောက်လာတယ်။ ဒီနေ့မှာ အင်္ဂတိုင်း မဂဓ တိုင်းတို့က လူပရိသတ် များစွာတို့ဟာ ဥရုဝေလကဿပ ရသေ့တို့ကို ပူဇော်ဖို့ ရောက်လာကြတယ်။ ဒီလို ရောက်လာတဲ့အခါ သူတို့ ပရိသတ်ဟာ အဆင်းလည်း အလွန် လှ၊ တန်ခိုးလည်း အလွန် ကြီးတဲ့ ဒီရဟန်းကြီးကို တွေ့သွားကြမယ်၊ ဒီအချိန်မှာ ရဟန်းကြီးကသာ တန်ခိုး ပြလိုက်မယ် ဆိုရင်တော့ သူတို့ ပရိသတ် တွေဟာ ဒီရဟန်းကြီးကိုပဲ အလွန် ကြည်ညိုသွားကြတော့မှာပါပဲ၊ ငါတို့အပေါ် ဘယ်သူမှ ကြည်ညိုကြတော့မှာ မဟုတ်ဘူး၊ ဒီအတိုင်းဆိုရင် ငါတို့တော့ အပူဇော် ခံရတော့မှာလည်း မဟုတ်ဘူး၊ မနက်ဖြန်ခါ ဒီရဟန်းကြီး မလာရင် ကောင်းမှာ ပဲလို့ အကြံဖြစ်ကြတယ်။

ဒီအကြံကို မြတ်စွာဘုရားက သိတယ်။ ဒါကြောင့် ၁၀၃ ခု၊ ပြာသိုလပြည့် နေ့မှာ မြောက်ကျွန်းကို ဆွမ်းခံ ကြွသွားတော် မူပါတယ်။ နောက်တစ်နေ့ နံနက် အရုဏ်မတက်ခင် ဥရုဝေလတောကို မြတ်စွာဘုရား အရောက် ပြန်ကြွလာတော် မူတယ်။ လပြည့်ကျော် တစ်ရက်နေ့ ဆွမ်းစားချိန် ရောက်တော့ ဥရုဝေလ ရသေ့ဟာ ပျူပျူငှာငှာနှင့် ဆွမ်းစားပင့်ဖို့ ရောက်လာတယ်။ မနေ့က ရဟန်းကြီး ဘယ်ကို ကြွနေပါလဲ၊ ငါတို့ ဆွမ်းတွေ အများကြီးနှင့် စောင့်နေတယ်၊ သင် မလာဘူးလို့ ဆိုတယ်။ ဒီအခါ မြတ်စွာဘုရားက ကဿပရဲ့ အကြံဖြစ်ပုံတွေကို ပြောပြလိုက် တာပေါ့။

ဒီအခါမှာလည်း ကဿပရဲ့ စိတ်ထဲမှာ တွေးပြန်ပါတယ်။

'ဒီရဟန်းကြီးကတော့ သိပ်ပြီး တန်ခိုးကြီးတာပဲ၊ ငါ့စိတ်ထဲ ကြံစည်တာတွေတောင် သိတယ်၊ ဒါပေမယ့် ငါတို့လို ရဟန္တာ မဖြစ်တာ တစ်ခုပဲ' တဲ့။

နောက်တစ်ကြိမ် ကျွန်မ ပုဏ္ဏားရဲ့ အသေကောင်ကို ထုပ်ပြီးပစ်တဲ့ အဝတ်ကို ပံ့သကူ ကောက်ယူတော်မူပြီး လျှော်ဖွပ်ဖို့ လုပ်တဲ့အခါ သိကြားမင်းက ရေကန်ဖန်ဆင်းပေးတယ်။ ဒီသင်္ကန်းကို လှမ်းဖို့ ရေခံတက်ကိုင်းကို ညွှတ်ပေးစေတာတွေကို ကဿပရသေ့ တွေ့ပြန်တော့လည်း မေးပြန်တာပဲ။ မြတ်စွာဘုရားကလည်း သိကြားမင်း အလုပ်အကျွေး ပြုတဲ့အကြောင်း ပြောပြပြန်တယ်။ ဒီအခါမှာလည်း ကဿပရသေ့က တွေးပြန်တယ်။

'ဒီရဟန်းကြီးကို သိကြားမင်းကတောင် လာပြီး ခြေတော်ရင်းမှာ သာမဏေကလေးလိုပဲ အမှုကြီးငယ် ဆောင်ရွက်ပေးရတယ် ဆိုတော့ တန်ခိုးကြီးတာ အမှန်ပဲ၊ အံ့ဩစရာလည်း သိပ် ကောင်းတာပဲ၊ ဒါပေမယ့် ငါတို့လို ရဟန္တာ မဖြစ်တာ တစ်ခုပဲ' တဲ့။

နောက်တော့ မြတ်စွာဘုရားဟာ ဇမ္ဗူသပြေသီးတို့ တာဝတိံသာက ပင်လယ်ကသစ်ပွင့်တို့ ယူပြီး ပြတယ်။ တန်ခိုး ပြာဋိဟာ အမျိုးမျိုးကိုလည်း ပြတယ်။ ဒါလည်း ကဿပ စိတ်ထဲမှာတော့ 'ရှင်ကြီး ဂေါတမဟာ တန်ခိုးတော့ သိပ်ကြီးတာပဲ၊ ဒါပေမယ့် ငါတို့လိုတော့ ရဟန္တာ မဟုတ်ဘူး' လို့ပဲ အထင်ရောက်နေခဲ့တယ်။

နောက်ဆုံးတော့ မြတ်စွာဘုရားက 'ဒီရသေ့ဟာ ဒီလောက် တန်ခိုးတော်တွေကို အမျိုးမျိုး ပြတာတောင် မာနကို မလျှော့ဘူး၊ ကိုယ့်ကိုယ်ကိုယ် ရဟန္တာလို့ထင်နေသေးတယ်၊ ထိတ်လန့်ခြင်း သံဝေဂကို ဖြစ်စေမှ ဖြစ်တော့မယ်' လို့ အကြံတော် ပြုတယ်။ ဒီတင် မြတ်စွာဘုရား နှုတ်တော်က ကဿပ ရင်ထဲမှာ ဖြစ်ပေါ်နေတဲ့ စိတ်အကြံတွေ မာန်မာနတွေကို ထုတ်ဖော်ပြီး ဝေဖန် ပြတော်မူတယ်။ ဒီတော့မှ ကဿပရသေ့ ကျွတ်တမ်းဝင်ရတယ်။

လောကီ လူသားတွေမှာလည်း ကဿပ ရသေ့တွေလို ဖြစ်တတ်တာတွေများပါတယ်။ ဒီလူကတော့ တော်လည်း တော်တယ်၊ တတ်လည်း တတ်တယ်၊ စိတ်ကောင်းလည်း ရှိတယ်၊ လုပ်နိုင် ကိုင်နိုင်တဲ့ အင်အားလည်း ရှိတယ်၊ ဒါပေမယ့် သူက ငါတို့လို မဟုတ်ဘူး ဆိုတဲ့ အယူအဆမျိုးတွေဟာ ကြီးပွား တိုးတက်သင့်ပါလျက် ကိုယ့်ကိုယ်ကိုယ် မတိုးတက်အောင် လိမ်ညာမှုမျိုးတွေပဲ ဖြစ်တယ်။ လူဟာ မာန်မာနကြောင့်လည်း မေ့လျော့တတ်ပါတယ်။ သတိတရား ရအောင် ကိုယ့်ကိုယ်ကိုယ် ဝေဖန် ဆုံးမတတ်ခြင်းဟာ အသင့် နှလုံးသွင်းခြင်း ဆိုတဲ့ 'ယောနိသောမနသိကာရ' အမှုပဲ ဖြစ်တာကိုလည်း မမေ့သင့်ပါဘူး။

## သတိ မကင်းသော အရှင် မဟာသံဃရက္ခိတ မထေရ်ဝတ္ထု*

အရှင်မဟာသံဃရက္ခိတ ကိုယ်တော်ကြီးဟာ သက်တော်က ရှစ်ဆယ်၊ ဝါတော်က ခြောက်ဆယ် ရှိပါပြီ။ ပျံလွန်တော် မူခါနီးမှာ အိပ်ရာထက်မှာ ပက်လက် ဖြစ်နေပါပြီ။ ထိုင်လို့တောင် မရတော့ပါဘူး။

ဒီအချိန်မှာ ကျောင်း အနီးအပါး ၁၂ ယူဇနာ ပတ်ဝန်းကျင်က လူတွေဟာ ရဟန်းကြီး ပရိနိဗ္ဗာန် စံတာကို ဖူးမြော်ဖို့ ဆိုပြီး စည်းဝေး ရောက်ရှိ လာကြပါတယ်။

ဒီအခါ ရဟန်းများက 'အရှင်ဘုရား၊ လောကုတ္တရာ တရားထူး ရပြီလား' လို့ မေးလျှောက်ပါတယ်။ အဓိပ္ပာယ်ကတော့ ရဟန္တာ ဖြစ်ပြီလားလို့ မေးတာပါပဲ။

'ငါဟာ မေတ္တေယျဘုရားကို ဖူးလိုတဲ့အတွက် ဝိပဿနာကို မရှု၊ ဒါကြောင့် အရိယာ မဖြစ်သေး၊ ပုထုဇဉ်သာ ဖြစ်တယ်' လို ဖြေတော်မူတယ်။

ဒီတင် ပြုစုနေတဲ့ ရဟန်းများက 'ဒါဆို ရဟန္တာ ပရိနိဗ္ဗာန် စံတာကို ဖူးမြော်ဖို့ရာ လာကြတဲ့ ဒကာ ဒကာမတွေ စိတ်မကောင်း ဖြစ်ကြတော့မှာပါပဲ ဘုရား' လို့ ပြန်လျှောက်ကြတယ်။

ဒီတော့ အရှင်မဟာသံဃ ရက္ခိတ မထေရ်က

'ဟေ ဟုတ်လား၊ ဒါဖြင့် ငါ့ကို ထူပေး၊ လူတွေ ခဏဆိုင်းထား၊ သင် အပြင်ကို ခဏထွက်' လို့ အမိန့် ရှိတော်မူတယ်။ ပြုစုနေတဲ့ ရဟန်းတော် အခန်းပြင်ဘက်ကို ထွက်ဖို့ တံခါးပေါက်ကို ကျော်ရုံရှိသေးတယ်၊ ကိုယ်တော်ကြီးက 'လာ၊ ပြန်ခဲ့တော့' လို့ အချက် ပြလိုက်ပါတယ်။

သူနာပြု ရဟန်းလည်း ဝင်လာပြီး

'ရဟန်းကိစ္စ ပြီးပြီလား ဘုရား' လို့ မေးပါတယ်။

'အေး ပြီးသွားပြီ' တဲ့။

'ဟင် မြန်လှချည်လား ဘုရား၊ အံ့ဩစရာ ပါကလား' လို့ ဆိုတော့ ဆရာတော်ကြီးက 'ဒါ မခက်ပါဘူး၊ အံ့ဩစရာ မရှိပါဘူး၊ တကယ်ကတော့ ရဟန်းဖြစ်တဲ့နေ့က စပြီး (ယနေ့အထိ) သတိ ကင်းကွာပြီး ပညာနှင့် မဆင်ခြင်ဘဲ ပြုလုပ်ခဲ့တဲ့ အမှုမရှိပါ၊ အဲဒီလို နေခဲ့နိုင်ဖို့သာ ခက်တာပါ' လို မိန့်တော်မူတယ်တဲ့။

(အရှင် မဟာသံဃရက္ခိတ မထေရ်ကြီး အကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မြန်မာပြန် ပထမတွဲ၊ စာမျက်နှာ ၈၃ တွင်လည်း ရှုနိုင်ပါတယ်။)

---

* *လူသားတို့၏ ထွက်ရပ်လမ်း၊ စာ ၅၃၉–၅၄၀*

## သတိ ကြီးစွာထားရန် အရှင်အာနန္ဒာကို ဆုံးမခြင်း*

ရဟန်းတရားကို အားထုတ်နေကြတဲ့ ပုဂ္ဂိုလ် အရှင်သူမြတ်များ အတွက် မာတုဂါမ များနှင့် ဆက်ဆံခြင်းကို မြတ်စွာဘုရား နှစ်သက်တော်မူခြင်း မရှိပါ။

ဒါကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုဖို့ နီးကပ်နေတဲ့ အချိန်မှာ အရှင် အာနန္ဒာက မြတ်စွာဘုရားကို မာတုဂါမများ ဆည်းကပ်လာတဲ့ အခါ ဘယ်လို ဆက်ဆံရမလဲလို့ မေးပါတယ်။

မြတ်စွာဘုရားက တိုက်တံခါးကို လုံခြုံအောင် ပိတ်ပြီး ကျောင်းထဲမှာသာ နေပါလို့ မှာတော်မူပါတယ်။

မတော်လို့ ဆွမ်းခံကြွတုန်း ကြုံတွေ့ရရင်ကော ဘုရားလို့ အရှင်အာနန္ဒာက မေးတော့ မြတ်စွာဘုရားက စကား မပြောတာဟာ အကောင်းဆုံးပဲတဲ့။ မာတုဂါမ နှင့် စကားပြောတာထက် ငါနှင့် စကားပြောရင် သင့် ဦးခေါင်းကို ဖြတ်မယ်ဆိုပြီး ရပ်လာတဲ့ ယောကျ်ားနှင့် စကား ပြောတာကတောင် ပိုပြီး မြတ်သေးတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ မာတုဂါမနှင့် စကားပြောရင် ချစ်ကျွမ်းဝင်ခြင်း ဖြစ်မယ်၊ ချစ်ကျွမ်းဝင်ရင် နှစ်သက်ခြင်း ဖြစ်ပါမယ်၊ နှစ်သက်ခြင်း ရာဂစိတ် ဖြစ်လာလို့ရှိရင် အမျိုးမျိုး ကြံမိမယ်၊ ဒီလို ကြံစည်မိရင် တဏှာ ဥပါဒါန်တွေ ဖြစ်မယ်၊ တဏှာ ဥပါဒါန် ဖြစ်လာလို့ရှိရင် သီလ ညစ်နွမ်းကြောင်း ဖြစ်တော့မယ်၊ သီလ ညစ်နွမ်းပြီ ဆိုမှတော့ အပါယ်လေးပါး လားရာလားကြောင်းပဲ ဖြစ်တယ်' တဲ့။

ဒါဆို ဘယ်လိုမှ မလွှဲသာ မရှောင်သာ မာတုဂါမနှင့် စကားပြောရလို့ ရှိရင်ကော ဘယ်လို ပြောရမှာလဲ ဘုရားလို့ အရှင်အာနန္ဒာက အသေးစိတ် မေးပြန် ပါတယ်။

ဒီအခါ မြတ်စွာဘုရားက မာတုဂါမနှင့် မလွှဲသာ မရှောင်သာလို့ စကား ပြောရရင် အမိအရွယ်ကို အမိ၊ နှမ အရွယ်ကို နှမ၊ အစ်မ အရွယ်ကို အစ်မ၊ ညီမ အရွယ်ကို ညီမလို့ စိတ်မှာ သဘောထားပြီး ပြောပါတဲ့။ မာတုဂါမနှင့် စကား ပြောရင် သတိ ပညာကို လွှန်စွာထားမှ ဖြစ်မယ်လို့ ဟောတော်မူပါတယ်။

---

* *ဒီဃနိကာယ ပကာသနီ၊ စာ ၄၉၂-၄၉၃*

ဝိသုဒ္ဓိမဂ်မှာ လာတဲ့ ဈာန်ကိစ္စနှင့် သတိသမ္ပဇဉ် တရားတို့ ဆက်နွယ်ပုံ သဘော အကျဉ်းဟာလည်း မှတ်သား ထိုက်ပါတယ်။ ဝိသုဒ္ဓိမဂ်မှာ ဘယ်လို ဆိုသလဲ ဆိုတော့

'သတိ ရှိသည် ဖြစ်၍ ပညာ အဆင်အခြင် သမ္ပဇဉ်နှင့် ပြည့်စုံသည် ဖြစ်၍ ဟူသော စကား၏ အနက် အဓိပ္ပာယ်ကို ဖွင့်ပြပေအံ့။ ဤစကား၌ သတိ ဆိုသည် ကား ကြံအောက်မေ့ တတ်သောကြောင့် သတိ မည်၏။ ကောင်းစွာ အပြားအားဖြင့် သိတတ်သောကြောင့် သမ္ပဇဉ မည်၏။ ထိုစကားတွင် သတိသည် အောက်မေ့ ခြင်း လက္ခဏာ ရှိ၏။

'မမေ့မလျော့ခြင်း ကိစ္စရသ ရှိ၏။ ကိလေသာတို့မှ စောင့်ရှောက်ခြင်းလျှင် ထင်သော အချင်းအရာ ရှိ၏။ သမ္ပဇဉသည် မတွေဝေခြင်း လက္ခဏာရှိ၏။ ဆုံး ခန်းတိုင် ရောက်အောင် ကူးခပ်နိုင်သော ကိစ္စရသ ရှိ၏။ စိစစ် စုံစမ်းခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏။

'ဈာန်တို့တွင် သတိနှင့် သမ္ပဇဉ်သည် ရှေးဈာန်တို့၌လည်း ရှိ၏၊ ထိုစကား မှန်သည်။ လွတ်သော သတိ ရှိသော၊ သမ္ပဇဉ် ပညာကင်းသော သူအား ဥပစာရ မျှလည်း မပြည့်စုံနိုင်ချေ၊ အပ္ပနာဈာန်မူကား ဆိုဖွယ်ရာ မရှိ မပြည်စုံသည်သာ ဖြစ်၏' တဲ့။

ဝိသုဒ္ဓိမဂ်တွင် ပထမဈာန်၊ ဒုတိယဈာန်တို့တွင် သတိသမ္ပဇဉ်၏ အရေးပါ မှုသည် များစွာ မထင်ရှားသော်လည်း တတိယဈာန် ကိစ္စတွင်မူ သုခနှင့် ပီတိ ခွာနိုင်အောင် သတိသမ္ပဇဉ်က စောင့်ရှောက် ပေးရပါတယ်။

နို့ မကွာသေးတဲ့ နွားငယ်ကို အမိနွားမကြီးက ခွာပြီး မစောင့်ရှောက်ဘဲ ထားလို့ရှိရင် တစ်ဖန် အမိနွားမကြီး ဆီသို့သာ ပြန်ကပ်တတ်သလိုပဲတဲ့။ တတိယ ဈာန်သုခဟာလည်း သတိသမ္ပဇဉ် ဆိုတဲ့ အစောင့်အရှောက်နှင့် မစောင့်ရှောက်လို့ ရှိရင် တစ်ဖန် ပီတိသို့ ပြန်ကပ်သွားမယ်။ သုခနှင့် ပီတိ ပြန်ပူးယှဉ် သွားမယ်တဲ့။ တစ်နည်းဆိုရင် သတ္တဝါတွေဟာ ချမ်းသာသုခကို အလွန် တပ်နှစ်သက် တတ်ကြ တယ်။ တတိယ ဈာန်သုခ ဆိုတာကလည်း အလွန် ကောင်းမြတ်တဲ့ ချမ်းသာသုခ မျိုး ဖြစ်တယ်။ ဒီသုခထက် လွန်မြတ်တဲ့ ချမ်းသာသုခ ဆိုတာ မရှိတော့ဘူးတဲ့။ ဒီလို တတိယဈာန် သုခမှာ တပ်ငြိမနေဖို့ (စတုတ္ထဈာန်ကို တက်နိုင်ဖို့) ကိစ္စမှာ

---

* *ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (မြန်မာပြန်)၊ ရှင်နန္ဒမာလာ (ပတွဲ) စာ ၂၉၄-၂၉၅*

သတိသမ္ဗောဇ္ဈင်ရဲ့ အစွမ်းသတ္တိ အာနုဘော်ကလွဲပြီး အခြား ဘာနှင့်မှ တက်နိုင်စရာ အကြောင်း မရှိဘူးလို ဖော်ပြထားပါတယ်။

ဝိသုဒ္ဓိမဂ်ရဲ့ ဆိုလိုရင်း အချုပ်ကတော့ ဈာန်ကိစ္စမှာ အကြင်ပုဂ္ဂိုလ်ဟာ တတိယဈာန်ကနေ စတုတ္ထဖြစ်တဲ့ အထက်ဈာန်စခန်းကို တက်တဲ့နေရာမှာ သတိ သမ္ဗောဇ္ဈင် တရားရဲ့ အစွမ်းအားဖြင့်သာ တက်လို့ ရပါတယ်တဲ့။

## သိပ္ပံ စူးစမ်းမှု နှင့် သတိ သမ္ဗောဇ္ဈင်

သတိသမ္ဗောဇ္ဈင် တရားဟာ လောကီရေးဖြစ်တဲ့ သိပ္ပံပညာ ဆိုင်ရာ စူးစမ်း လေ့လာမှု တွေမှာလည်း အလွန် အရေးပါတဲ့ အခန်းက ပါဝင်နေပါတယ်။

သိပ္ပံနည်းကျ လေ့လာသူဟာ စည်းစနစ် ကျရသည်၊ သတိကြီးစွာ ရှိရမည်၊ (ဝါ) အစဉ်တစိုက် အာရုံ စူးစိုက်မှု ရှိရသည် * လို့ ပါမောက္ခ ဒေါက်တာ ခင်မောင် ဝင်းနှင့် ဦးဆန်းလွင်တို့ရဲ့ အခြေခံယုတ္တိဗေဒ ကျမ်းမှာ ဖော်ပြထားပါတယ်။

သိပ္ပံသုတေသန လုပ်ငန်းတွေမှာ သဘာဝ အချင်းအရာတွေကို ဟုတ်တိုင်း မှန်စွာ သိမြင်အောင် လေ့လာ ကြတဲ့အခါ လေ့လာသူ ပညာရှင်တွေဟာ အစွဲအလမ်း တွေ ကင်းရှင်းအောင် မိမိကိုယ်ကို သတိနှင့် ဆင်ခြင် သုံးသပ် ကြရပါတယ်။ သိမြင်တဲ့ အသိပညာတွေ တိကျ ခိုင်မာရေးကိုလည်း ဂရုစိုက်ရ ပါတယ်။ ဒီလို လေ့လာတဲ့ အခါ အမှားအယွင်း ကင်းစင်ပြီး အမှန်ကို အမှန်အတိုင်း သိဖို့ အရေးကြီးတဲ့ အတွက် လေ့လာသူဟာ အလေ့အကျင့် ရအောင်လည်း အားထုတ် ရပါတယ်။ သတိသမ္ဗောဇ္ဈင် ကိစ္စဟာ ကျင့်သားရလေ ပိုပြီး ရှင်သန်လေ ဖြစ်ပါတယ်။

ကျွမ်းကျင်အောင် လေ့ကျင့်မှုဟာ သတိကို ခိုင်မြဲအောင် ဆောက်တည်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် သိပ္ပံ သုတေသန လုပ်ငန်းတွေမှာပဲ ဖြစ်ဖြစ်၊ လူမှု ကိစ္စတွေမှာပဲ ဖြစ်ဖြစ် ကျွမ်းကျင်အောင် လေ့ကျင့်ထားဖို့ အထူးလိုပါတယ်။ ဒီလို လေ့ကျင့်ထားပြီးသူ၊ ကျင့်သားရပြီးသူ စပယ်ရှယ်လစ်တွေသာ မေ့လျော့ ပေါ့ဆမှု ဆိုတဲ့ ပမာဒတရားက ကင်းဝေးပါလိမ့်မယ်။

ဘဝ ရွှေတောင်တက်သူဟာ လောကီ သဘောအရ သတိကို မြဲမြဲအောင် ဆောက်တည်ကြရာမှာ အထူး ကျွမ်းကျင်တဲ့ ပညာရှင် ပုဂ္ဂိုလ်မျိုး (စပယ်ရှယ်လစ်) ဖြစ်အောင် မိမိကိုယ်ကို မွေးမြူသင့်ပါတယ်။

သိပ္ပံနယ်ပယ်မှာ တိုင်းတာမှုတွေ၊ စစ်ဆေးမှုတွေ၊ စမ်းသပ်မှုတွေကို အဆင့် ဆင့် ပြုလုပ်ကြရာ မှာလည်း သတိနှင့် ရှင်သန်နိုးကြားမှု မပြတ် ဖြစ်ပေါ်နေအောင် လေ့ကျင့်ထားကြရပါတယ်။

---

* *အခြေခံယုတ္တိဗေဒ၊ ဒေါက်တာခင်မောင်ဝင်း နှင့် ဦးဆန်းလွင်၊ စာ ၃၆–၄၂*

ကျဉ်းမြောင်းတဲ့ လောကီ အတက်လမ်းက တစ်ဆင့် သံသရာ အစွန့် ခရီးမှာ ရွှေတောင်တက်ဖို့ ကြိုးစားကြသူတွေကတော့ အမြင့်ဆုံး အမြတ်ဆုံး ဆိုတဲ့ ဘဝကို ရောက်အောင် မိမိ ကိုယ်ကိုရော၊ မိမိ ပတ်ဝန်းကျင်ကိုရော အကုသိုလ် နည်းသည် ထက် နည်းအောင်၊ ကုသိုလ် ပွားများသည်ထက် ပွားများအောင်၊ စိတ်ကို စင်ကြယ် သည်ထက် စင်ကြယ်အောင် အားထုတ်ကြရဦးမှာပါ။

ဒီလို အားထုတ်ကြရာမှာတော့ သတိပဋ္ဌာန် တရားများကို အားထုတ်ခြင်း ဖြင့် မိမိရဲ့ သတိကို ခိုင်မြဲ တည်ကြည်အောင်၊ မေ့လျော့ ပေါ့ဆမှု ကင်းအောင် ဆောင်ရွက် နိုင်ကြပါတယ်။

ကျမ်းဂန်များမှာ

(၁) ကာယာ နုပဿနာ သတိပဋ္ဌာန်

(၂) ဝေဒနာ နုပဿနာ သတိပဋ္ဌာန်

(၃) စိတ္တာ နုပဿနာ သတိပဋ္ဌာန်

(၄) ဓမ္မာ နုပဿနာ သတိပဋ္ဌာန်

ဆိုပြီး လေးပါး အပြားအားဖြင့် ဟောထားတာ ရှိပါတယ်။ (ကျင့်စဉ်တွေကို ကျမ်းဂန်တွေမှာရော၊ ဝိပဿနာ ကမ္မဋ္ဌာန်း ရိပ်သာများမှာပါ လေ့လာ ဆည်းပူးပြီး အားထုတ်မယ်ဆိုရင် မြန်မာလူမျိုးများ အဖို့တော့ အလွန် လွယ်ကူတဲ့ အခါကာလ လည်း ဖြစ်ပါတယ်။)

အရေးကြီးတာက လောကမှာ ရွှေတောင်တက်သမားတိုင်းဟာ မိမိကိုယ်ကို မိမိ အားကိုးနိုင်အောင် မမေ့မလျော့ မပေါ့ဆတဲ့ သတိနှင့် ဆောက်တည် ကြရ မှာကတော့ သရဏဂုံပဲ ဖြစ်ပါတယ်။ 'သရဏဂုံ' ဆိုတာက ဘာလဲ ဆိုတော့ ယုံကြည်စွာ ကိုးကွယ်အပ်တဲ့ ဘေးကင်းစေတဲ့ တရားတွေကို ဆိုတာပါ။ *

လောကမှာ ဗုဒ္ဓမြတ်စွာဟာ သတ္တဝါတို့ရဲ့ စီးပွားကိုလည်း ဖြစ်စေတယ်။ စီးပွားမဲ့ အကျိုးမဲ့ကိုလည်း ကင်းဝေးစေတယ်။ ဘေးကိုလည်း ပျောက်စေတတ် တယ်။ ဒါကြောင့် ဘုရားဟာ သရဏ မည်ပါတယ်။

သံသရာ တည်းဟူသော ကန္တာရခရီးမှ ကယ်ပြီး သက်သာရာကိုလည်း ပေး တတ်တယ်။ သတ္တဝါတို့ရဲ့ ဘေးကိုလည်း ပျောက်တတ်တယ်။ ဒါကြောင့် တရား ဟာလည်း သရဏ မည်ပါတယ်။

---

* *ယသဝမှန ဝတ္ထု (၃တွဲ)၊ စာ ၄၁၅-၄၂၅*

ကောင်းမှု အနည်းငယ် ပြုရုံမျှနှင့် ကျယ်ပြန့်တဲ့ အကျိုးကိုလည်း ရစေတယ်။ သတ္တဝါတို့ရဲ့ ဘေးကိုလည်း ဖျောက်တတ်တယ်။ ဒါကြောင့် သံဃာဟာလည်း သရဏ မည်ပါတယ်။

သရဏဂုံ တည်တယ်ဆိုတာ ဘာကို ဆိုတာလဲ ဆိုတော့ ရတနာသုံးပါးကို ကြည်ညိုခြင်းလည်း ရှိတယ်၊ အလေးအမြတ် ပြုတဲ့အတွက် အညစ်အကြေးကို ပယ်ဖျောက်ပြီး ရတနာသုံးပါးရဲ့ ကျေးဇူးကို အစဉ် အောက်မေ့တဲ့စိတ် ရှိခြင်းကို သရဏဂုံ တည်တယ်လို့ ခေါ်တာပါ။

သရဏဂုံ ဆိုရာမှာ

လောကီ သရဏဂုံ၊ လောကုတ္တရာ သရဏဂုံ ရယ်လို့ နှစ်ခု ပြားပါတယ်။ လောကုတ္တရာ သရဏဂုံ ဆိုတာကတော့ အရိယာသစ္စာကို မြင်ပြီး မဂ်စိတ်ဖြစ်တဲ့ ခဏမှာသာ နိဗ္ဗာန်ကို အာရုံပြုပြီး စိတ်မှာ အညစ်အကြေး ကင်းစင်စွာ ရတနာ သုံးပါးမှာ သက်ဝင် ယုံကြည်တာမျိုး ဖြစ်ပါတယ်။

လောကီ သရဏဂုံ ဆိုတာကတော့ ပုထုဇဉ်တို့ရဲ့ ရတနာသုံးပါး ဂုဏ်ကျေးဇူး ကို အာရုံပြုပြီး ကြည်ညိုခြင်း အရင်းခံရှိတဲ့ အမြင်မှန် အယူမှန်မှု ဖြစ်ပါတယ်။

လောကီ သရဏဂုံရဲ့ အကျိုးကတော့ ဘဝရဲ့ ပြည့်စုံခြင်း၊ စည်းစိမ်ရဲ့ ပြည့်စုံ ခြင်းကို ဖြစ်စေနိုင်ပါတယ်။ သရဏဂုံရဲ့ အကျိုး ကျေးဇူးတွေကို ရွှေတောင်တက် သမားများ အဖို့ ဘဝ အတွေ့အကြုံတွေက သက်သေ ထင်ရှား ပြသွားပါလိမ့်မယ်။ ရွှေတောင်တက် ဒဿနကျမ်းရဲ့ အဆုံးမှာလည်း ထင်ရှားပါလိမ့်မယ်။

## ခေတ်သစ် စိတ်ပညာမှ အာရုံ စူးစိုက်မှု သုတေသန

အနောက်တိုင်းသား ခေတ်သစ် စိတ်ပညာရှင်များက 'သတိ' ကို အာရုံစူးစိုက်မှု (ဂရုစိုက်မှု) အဖြစ် နားလည်ကြပါတယ်။ ပမာဒ ခေါ်တဲ့ မေ့လျော့မှုကိုတော့ အာရုံ ပြန့်ကျဲမှု အဖြစ် နားလည်ကြပါတယ်။ ဒီလို လေ့လာကြရာမှာ သူတို့ဟာ သတိ တရား (အာရုံ စူးစိုက်မှု) ကြောင့် လူမှာ ဖြစ်ပေါ်တဲ့ ကောင်းမှု ဆိုးမှု ဆိုတာကို ဦးစားပေး လေ့လာခြင်း မရှိပါဘူး။ သူတို့ ဦးစားပေး လေ့လာနေကြတာက လူမှာ အာရုံ စူးစိုက်မှု သတိ ဖြစ်ပေါ်အောင် ခန္ဓာကိုယ်ရဲ့ ဘယ်အစိတ်အပိုင်းက လှုံ့ဆော်သလဲ၊ ဘယ်လို အကြောင်းချင်းရာတွေက သတိ ဖြစ်ပေါ်အောင် ဖန်တီး ပေးတတ်သလဲ ဆိုတာတွေကို လေ့လာကြပါတယ်။ *

ဒီမှာလူတွေ သတိပြုတဲ့ ဝတ္ထုအာရုံ စူးစိုက်ခံရတဲ့ အကြောင်းကိစ္စတွေရဲ့

-----------------------

* *Vigilance and Attention - Jane F. Mackworth*

အရည်အသွေးတွေ [၁] နှင့် အာရုံ စူးစိုက်မှု (သတိ) ကို ညွှန်ပြ ဖြစ်ပေါ်စေတဲ့ ခန္ဓာ အဖွဲ့အစည်း [၂] ကို လေ့လာတဲ့ အပိုင်းရယ်လို့ နှစ်ပိုင်း ကွဲနေကြပါတယ်။

ဒီအပိုင်း နှစ်ပိုင်းနှင့် ဆက်နွယ်ပြီးတော့ လူတွေဟာ ဘာတွေကို ပိုပြီး သတိ ပြုမိကြသလဲ၊ ဘယ်လိုဟာမျိုးကို ပိုပြီး စူးစူးစိုက်စိုက် နီးနီးကြားကြား သတိ ထားတတ်ကြသလဲ ဆိုတာတွေကိုပါ လေ့လာကြပါတယ်။

ဥပမာအားဖြင့် လူတွေဟာ မှတ်လောက်သားလောက်တဲ့ ကိစ္စမျိုး၊ ကိုယ်နှင့် ပတ်သက်တဲ့ အရေးအခင်းမျိုး၊ စိတ်ဝင်စားတဲ့ အဖြစ်အပျက်မျိုးတွေကို ဖြစ်ဖြစ်၊ စိတ်လှုပ်ရှားစရာ အဖြစ်သနစ်တွေကိုပဲ ဖြစ်ဖြစ် ဂရုစိုက်ပြီး သတိ မူတတ်ကြတယ် ဆိုတာမျိုးတွေပေါ့။ ဒါက အနောက်တိုင်းက လေ့လာနေကြတဲ့ 'သတိ' နှင့် ပတ် သက်တာတွေပါ။ ဘာပဲဖြစ်ဖြစ် သတိဟာ ဟင်းချက်ရာမှာ ဆားလိုပဲ နေရာတကာ အရေးပါတယ် ဆိုတာတော့ ထင်ရှားလှပါတယ်။

❑

---

၁ *qualities of the object of attention.*

၂ *organism that is directing the attention.*

# ကဏ္ဍ [ငါး]

## အောင်မြင်သူတိုင်း အစမ်းခံရစမြဲ

- မဏိမေခလာ၏ မေးခွန်း
- အစမ်းခံ ဘဝသမားဏ်၏ အခွင့်အလမ်း
- အစမ်းခံသမား ဘဝလမ်းပြများ
- စိတ် အကြံ ရှိတိုင်း မပြီး
- ကျောက်ဖျာကြီးကို ရိုက်ခွဲခြင်း
- အစမ်းခံ ဘဝသမားတို့၏ နောက်မဆုတ်မှု ဇွန့်စားမှု
- လွန်သော ဝီရိယ နှင့် ပျံ့လွင့်သော စိတ်

ဘဝရွှေတောင်တက် ခရီးသွား ယောကျ်ားကောင်း မိန်းမမြတ်တိုင်း အလောင်းတော် ဖြစ်တဲ့ မဟာဇနက မင်းသားရဲ့ထုံးကို နှလုံးထားသင့်တယ်၊ နမူနာ ယူသင့်တယ်လို့ ထင်ပါတယ်။

ရှေးပဝေသဏီ အခါက ပင်လယ်တွင်းမှာ လေပြင်းမုန်တိုင်း မိပြီး သင်္ဘောကြီး နစ်သွားတဲ့အခါ မဆုတ်မနစ်တဲ့ လုံ့လနှင့် ပင်လယ်ပြင်ကို လက်ပစ်ကူးခဲ့ဖူးတဲ့ ဘုရားလောင်း ဇနကမင်းသားရဲ့ အကြောင်းကို ကြားဖူးသူတွေ များကြပါလိမ့်မယ်။

ပင်လယ်ပြင်မှာ သင်္ဘော နစ်တဲ့အခါ ကြုံဆုံလာတဲ့ ဘေးကို ငိုကြွေးပြီး ရင်ဆိုင် နေကြတဲ့ ခရီးသွားဖော်များရဲ့ အဖြစ်ကို မြင်တော့ ဘုရားလောင်းက သူ့ကိုယ်သူ ဆုံးမပါတယ်။

'ရောက်လာသော ဘေးကို ငိုကြွေး၍ လွတ်နိုင်မည် မဟုတ်၊ အားထုတ်သော ယောကျ်ားတို့၏ အစွမ်းသာလျှင် ဘေးလွတ်ကြောင်း ဖြစ်၏' * တဲ့။

ဘုရားလောင်းရဲ့ ဒီအတွေးအမြင်ဟာ ရှင်းလင်း ပြတ်သားလှတဲ့ အပြင် လူ့လောက တည်ရှိသမျှ ကာလပတ်လုံး မှန်ကန်နေမယ့် အတွေးအမြင်လည်း ဖြစ်ပါတယ်။ ဇနကမင်းသားဟာ မှန်ကန်တဲ့ အတွေးအမြင်ကို ရရှိတာနှင့် တစ်ပြိုင်နက် ကြုံဆုံလာပြီ ဖြစ်တဲ့ အခက်အခဲကို ဘယ်လို ဖြေရှင်းသင့်တယ် ဆိုတဲ့ နည်းလမ်းစကို ရပါတော့တယ်။

ငိုကြွေးခြင်းဟာ ဥပဒ်လွတ်ကြောင်း မဟုတ်တဲ့အတွက် သူဟာ မငိုကြွေးဘူး။ သမုဒ္ဒရာ နတ်တွေကိုလည်း ရှိခိုးပြီး အချိန် ဖြုန်းမနေဘူး။ သင်္ဘော နစ်မှန်း သိတာနှင့် တစ်ပြိုင်နက် သူဟာ သတိကို မွေးမြူလိုက်ပါတယ်။ ပြီးတော့ ထောပတ်နှင့် သကြားကိုနယ်ပြီး ဗိုက်ဝအောင် စားလိုက်ပါတယ်။ သူ ဗိုက်ဝအောင် ပထမ စားလိုက်တာက သမုဒ္ဒရာ အတွင်း လှိုင်းလုံးတွေ အကြားမှာ အားသွန်ကူးခတ်တဲ့ အခါ အားရှိဖို့ရယ်၊ ဗိုက်ဆာပြီး မွတ်သိပ်တဲ့ ဝေဒနာကြောင့် ပင်ပန်းခြင်း ဆင်းရဲ လွတ်ကင်းဖို့ရယ် အတွက်ကြောင့် ဖြစ်ပါတယ်။

ဗိုက်ပြည့်ပြီ ဆိုတော့ ဘုရားလောင်းဟာ အင်မတန် နိုင်ခဲ့ ချောမွတ်တဲ့ ပုဆိုးနှစ်ထည်ကို ရေမဝင်အောင် ဆီတွေနှင့် သုတ်လိမ်းပြီး ဝတ်ပါတယ်။ အားလုံး ပြည့်စုံပြီဆိုမှ တစ်စ တစ်စ နစ်နေတဲ့ သင်္ဘောရဲ့ လင်းယဉ်တိုင် ထိပ်ကို တက်လိုက်ပါတယ်။

---

* မဟာဇနက ဇာတ်တော်ကြီး ဝတ္ထု၊ စာ ၄၂

ရွက်တိုင် ထိပ်များက အောက်ကို ငုံ့ကြည့်လိုက်တော့ သင်္ဘောပေါ်မှာ ပါလာခဲ့တဲ့ လူ ခုနစ်ရာလောက်ဟာ လုံ့လ ပြုဖို့ကိုတော့ အားမထုတ်ဘူး။ ကယ်ပါ ယူပါ တစာစာနှင့် ငိုကြွေး မြည်တမ်းနေကြတာ တွေ့ရတယ်။ ဒီလို ငိုကြွေးရင်းပဲ သူတို့ဟာ ငါး လိပ် မကန်းတို့ရဲ့ အစာတွေ ဖြစ်သွားကြတာကိုလည်း မြင်ရပါတယ်။ သင်္ဘော ပတ်ဝန်းကျင် တစ်ခုလုံးဟာ သွေးအတိ လွှမ်းယှက်နေပါတယ်။ ခြင်းခြင်းနီနေတဲ့ သွေးအပြင်ကို မြင်ရတော့ မိတ္တိလာပြည် ရှိရာ အရပ်ဘက်ကို မျက်နှာမူပြီးတော့ မဟာဇနက မင်းသားဟာ သွေးအပြင်ကို လွတ်အောင် ရွက်တိုင်ထိပ်ကနေ အားစိုက်ပြီး ပင်လယ်ထဲကို လွှားခနဲ ခုန်ချလိုက်ပါတယ်။ လှိုင်းတွေ ထန်နေတဲ့ သမုဒ္ဒရာ ရေပြင်ကျယ်ကြီးထဲလည်း ရောက်ရော မင်းသားဟာ ရဲရင့် တင်းမာတဲ့ စိတ်နှင့် ကိုယ်လိုရာ အရပ်ကို အမြန်ရောက်ကြောင်း ကောင်းမြတ်တဲ့ လုံ့လကို ပြုပြီး မတွန့်မဆုတ် အားထုတ်ပြီး ကူးခတ်ရင်းသာ အချိန်တွေကို ကုန်လွန်သွားစေခဲ့ပါတယ်။

ဒီလို ကမ်းမမြင်တဲ့ မဟာသမုဒ္ဒရာ ရေပြင်ကျယ်ကြီးထဲမှာ မနေမနား ကြိုးစားပြီး ကူးခတ်နေခဲ့တာဟာ ခုနစ်ရက်တိတိ ကြာခဲ့ပါပြီ။

ခုနစ်ရက် မြောက်တဲ့ နေ့မှာတော့ ကမ်းမမြင်တဲ့ သမုဒ္ဒရာ ရေပြင်ကျယ် အလယ်မှာ မချော်လင့်တဲ့ အသံ တစ်ခုကို ကြားရပါတယ်။ အသံကတော့

'အို အမောင်၊ သင်ဟာ ဒီသမုဒ္ဒရာထဲမှာ ဒီလို ကူးနေတာဟာ စိတ်မှ ကောင်းသေးရဲ့လား၊ ရူးနေတာလား' တဲ့။

မင်းသားဟာ မမျှော်လင့်တဲ့ အသံကို ကြားလိုက်ရတဲ့ အတွက် အံ့သြခြင်း၊ ဝမ်းမြောက်ခြင်းများနှင့် ပင်လယ်ပြင်မှာ ကူးရင်း အသံလာရာကို လှမ်းကြည့်လိုက်မိတယ်။

မင်းသားရဲ့ ရှေ့စူးစူး မလှမ်းမကမ်း ကောင်းကင်မှာ နတ်သမီး တစ်ပါးကို တွေ့ရတယ်။ ဒီတော့ နတ်သမီးက သူ့ကို မေးနေပြန်တယ်။

'အပြောကျယ်လှတဲ့ ဒီသမုဒ္ဒရာ အလယ်မှာ ဘယ်ကို မှန်းကြည့်လို့မှ ကမ်းကို မမြင်နိုင်ပါဘဲနှင့် ရဲရဲစူးစူး ကူးနေတာ ဘယ်သူလဲ၊ တစ်ဖက်ကမ်းကို မရောက်နိုင်တဲ့ ဒီ မဟာသမုဒ္ဒရာကြီးထဲမှာ အပင်ပန်းခံပြီး ကူးနေလို့ ဘာ အကျိုးထူးမှာလဲ၊ သင့်ဆန္ဒပြည့်မယ် ထင်လို့များ ဒီလို မရပ်မနား ကူးနေတာလား၊ သင် ဒီလို ကူးနေလို့ ဘာ အကျိုးထူးမှာလဲ' တဲ့။

နတ်သမီးရဲ့ မေးခွန်းက မင်းသားရဲ့ မနောကို စမ်းလိုက်ပါပြီ။ မင်းသားရဲ့ စိတ်ထဲမှာတော့ ခု ဒီသမုဒ္ဒရာထဲမှာ ငါကူးနေတာ ခုနစ်ရက်တောင် ရှိပြီ၊ ဘာ အသံမှ မကြားခဲ့ရဘူး၊ ခု ထူးထူးခြားခြား ဒီအသံကို ကြားရတယ်၊ ထူးတော့ ထူးပြီလို့ တွေးပြီး နတ်သမီးကို ကြည့်လိုက်ပါတယ်။ ပြီးမှ ဘုရားလောင်းက ဒီလို ဖြေလိုက်ပါတယ်။

'လောကမှာ ဒီလိုလုပ်ရင် ဒီအပြစ်မျိုး ဖြစ်တယ်၊ ဒီလိုလုပ်ရင် ဒီအပြစ်က လွတ်တယ်ဆိုတဲ့ သဘောတရားမျိုး ရှိပါတယ်၊ ဒီအလုပ်မျိုး လုပ်ရင် ပစ္စုပ္ပန် မျက်မှောက်မှာ အကျိုး ရှိတယ်၊ ဒီအလုပ်မျိုး လုပ်ရင်တော့ သံသရာမှာပါ အကျိုး ရှိတယ် ဆိုတဲ့ လူတွေ ကျင့်အပ်တဲ့ အကျင့် စရိုက်တွေလည်း ရှိပါတယ်၊ ပြီးတော့ ပစ္စုပ္ပန် သံသရာ မျက်မှောက် ·မျက်ကွယ် အပြစ်လွတ်အောင် ယောက်ျားတွေဟာ ကောင်းစွာ အားထုတ်သင့်တယ် ဆိုတဲ့ လူ့သဘောမျိုးလည်း ရှိပါတယ်၊ ဒီလို ကောင်းစွာ အားထုတ်သင့်တဲ့ ယောကျ်ားတို့ရဲ့ လုံ့လဟာ အကျိုး မရှိဘူး ဆိုတာ တော့ မရှိပါဘူး၊ ဒီလို အားထုတ်လို့ရှိရင် ပစ္စုပ္ပန် သံသရာ တစ်ခုခုမှာ သုခချမ်းသာကို မလွတ်တမ်း မုချ ခံစားရမှာပဲလို့ ငါဟာ ဆင်ခြင် တွေးမြင်ခဲ့တဲ့ လူပါ၊ ဒါကြောင့် ဒီ အပြော ကျယ်လှတဲ့ သမုဒ္ဒရာထဲမှာလည်း ငါဟာ ယောက်ျားတို့ရဲ့ လုံ့လကို မလျှော့ဘဲနှင့် ကူးတယ်၊ အားထုတ်ခြင်းဟာ အကျိုးမဲ့ မဖြစ်ဘူးလို့ ငါ ယုံကြည် တယ်၊ ဒီတော့ ကမ်းကို မမြင်ရုံ အကြောင်းလောက်နှင့် ငါဟာ ဘာဖြစ်လို့ ယောက်ျားတို့ရဲ့ ဖွဲလုံ့လကို လျှော့ရမှာလဲ၊ ကမ်းကို မြင်မြင် မမြင်မြင် အကျိုးကို မြင်လို့ ငါ ကူးတယ်' လို့ ဆိုလိုက်ပါတယ်။

ဒီအခါ နတ်သမီးက မင်းသားရဲ့ စိတ်ကို ထပ်ပြီး စမ်းလိုတဲ့ အတွက် မေး ပြန်ပါတယ်။

'လုလင်ပျို၊ ယောက်ျားတို့ရဲ့ လုံ့လဟာ အကျိုးရှိဖို့ အကြောင်းသာ ဖြစ်တယ် ဆိုတဲ့ သင်ပြောတဲ့ စကားဟာ တခြား ကိစ္စမှာတော့ မှန်ချင် မှန်လိမ့်မယ်၊ အစောက် အပြောအားဖြင့် မရေမတွက်နိုင်အောင် ကျယ်လှတဲ့ ဒီ မဟာ သမုဒ္ဒရာကြီးထဲမှာ လက်ပစ် ကူးနေလို့တော့ဖြင့် ကမ်းကိုလည်း ရောက်မှာ မဟုတ်ဘူး၊ အကျိုးမဲ့ ပျက်စီးခြင်းကိုသာ မုချရောက်မှာ မလွဲဘူး၊ သင် ဒီလို ကြိုးစား အားထုတ်နေတာ ဟာ နေရာမကျဘူး၊ အရာမဟုတ်ဘဲ ကြိုးစားနေလည်း အပိုပဲ၊ အချည်းနှီး ဖြစ်ပြီး ကိုယ် ပင်ပန်းတာပဲ အဖတ်တင်မယ် မဟုတ်လား' တဲ့။ ဒီတော့ မင်းသားက ယတိပြတ် စကား တစ်ခွန်းကို ဆိုလိုက်တယ်။

'နတ်သမီး၊ ကမ်းကို မရောက်လို့ သေရင်လည်း အပြစ်ကင်းအောင် သေမယ်၊ ယောက်ျားဖြစ်ပြီး လုံ့လကို မပြုဘဲ အသေခံ သွားတယ်လို့တော့ အကဲ့ရဲ့ မခံဘူး၊ လုံ့လ မပြုမိလို့ သေရတယ်လို့ ကိုယ့်ကိုယ်ကိုယ် နောင်တ ရအောင်လည်း ငါ မလုပ်ဘူး၊ ဒါကြောင့် သေချင် သေ၊ နောင်လူတို့ အပြစ်တင် လွတ်ရစ်အောင် ငါ လုံ့လပြုတယ်' တဲ့။

လောကမှာ လုံ့လပြုရင်း သေသွားရတဲ့ အဖြစ်ဟာ လောကရဲ့ ကဲ့ရဲ့ခြင်း၊ အပြစ်တင်ခြင်းက လွတ်တယ်ဆိုတဲ့ အတွေးအမြင် (ဒဿန) ကို ပေးတဲ့ မဟာ ဇနကရဲ့ စကားဟာ မှတ်သားဖွယ် ကောင်းလှပါတယ်။

ဒီအခါ နတ်သမီးက လုံ့လ အပြု မှားပုံ သဘောကို ပြောပြန်တယ်။

'မင်းသား၊ လူတွေဟာ လုံ့လ မပြုအပ်တဲ့ ကိစ္စမှာ လုံ့လ ပြုလို့ရှိရင် လုံ့လပြုမှားတယ်လို့ ဆိုရပါလိမ့်မယ်၊ ဒီလို လုံ့လမျိုးဟာ အရာမကျတဲ့ အတွက် လိုအပ်တဲ့ ကိစ္စလည်း မပြီးဘူး၊ မတော်ရင် သေချင်သေမယ်၊ ကိုယ်စိတ် ပင်ပန်းဆင်းရဲမယ်၊ ပရိသတ် အလယ်မှာ အရှက်သော်လည်း ရမယ်၊ ခု မင်းသားလည်း ကမ်းမမြင်တဲ့ သမုဒ္ဒရာမှာ ကူးနေတာဟာ နေရာကျတဲ့ လုံ့လလို့ ဆိုနိုင်မလား' တဲ့။

ဒီမေးခွန်းကို မဟာဇနက မင်းသားဟာ အလွန် လေးနက် ခိုင်ခံ့တဲ့ အဖြေတွေနှင့် ဖြေပါတယ်။ ဘယ်လို ဖြေသလဲ ဆိုတော့

'ဆိုပါတော့ နတ်သမီး။

'ငါ ယခု သမုဒ္ဒရာကို လက်ပစ်ကူးသလို လူတွေမှာ ဆောင်ရွက်လို့ မပြီးနိုင်တဲ့ ကိစ္စကြီးငယ် ရှိတဲ့အခါ၊ ဟာ ငါ ဘယ်လောက် လုပ်နေ လုပ်နေ ပြီးမှာမှ မဟုတ်တာလို့ ဆိုပြီး လုံ့လကို လျှော့မယ်၊ မလုပ်ဘဲ နေမယ်လို့ ဆိုရင်ပဲ ဖြစ်ဖြစ်၊

'ကံကြမ္မာ အတိုင်းသာ ဖြစ်ပါစေတော့လို့ ဆိုပြီး နေရာတကာမှာ ကြမ္မာကို ပုံချပြီး လုံ့လ မပြုဘဲ နေရင်ပဲ ဖြစ်ဖြစ် လူ့ကိစ္စကို မပြောပါနှင့်၊ လောကမှာ တိရစ္ဆာန်ကို စောင့်ထိန်းတဲ့ လူတောင် ပြင်းပြတဲ့ ကိစ္စတွေမှာ ငါ မွေးထားတဲ့ တိရစ္ဆာန်တွေ သက်သာပါစေတော့ ဆိုတဲ့ စိတ်နှင့် သက်သာရာ သက်သာကြောင်း ပြုလုပ် ဆောင်ရွက် မပေးဘဲနှင့် ပစ်ထားမယ်လို့ ဆိုရင်ပဲ ဖြစ်ဖြစ်၊

'အဲဒီလူကို လောကက လူပျင်း လူတန်လို့ ဆိုပြီး အပြစ် မတင်ကြပေဘူးလား။

'ကိုယ့်ဆီ ရောက်ပြီး ရင်ဆိုင်ရတော့မယ့် ကိစ္စ ဖြစ်လာမှတော့ တန်တန် မတန်တန်၊ ရာရာ မရာရာ ဒါတွေ ပြောနေလို့လည်း ဖြစ်တာမှ မဟုတ်တာ၊ အောင်တာ မအောင်တာလည်း အပထား၊ လုံ့လကိုတော့ မလျှော့ထိုက်ဘူး၊ ကိုယ်တတ်နိုင်သလောက်တော့ ဆောင်ရွက်ကြရမှာပဲ။

'ခု သင် နတ်သမီး ပြောနေတဲ့ စကားတွေဟာ လောကမှာ လူပျင်း လူတန်တွေ ပြောနေတဲ့ စကားမျိုး ဖြစ်နေတယ်၊ ဒီစကားမျိုးကို နတ်သမီး မပြောသင့်ဘူးလို့ ထင်ပါတယ်။

'နတ်သမီး၊ ဒီလောကမှာ ရှေးကုသိုလ်ကံ ဖွံ့ဖြိုးလွန်းတဲ့ လူဟာ ကိုယ်နှင့် ထိုက်တန်တဲ့ အလုပ် မှန်သမျှကို ဆောင်ရွက်လိုသည် ဖြစ်စေ၊ မဆောင်ရွက်လိုသည် ဖြစ်စေ ကိုယ့်အလိုဆန္ဒ ပြည့်စုံမယ်လို့ အမှန်သိရင် ပျင်းရိနေလို့ ဖြစ်ပါ့မလား၊ ကောင်းမြတ်တဲ့ လုံ့လကို ကိုယ်နှင့် လုပ်သင့်ရင် ကိုယ်၊ နှုတ်နှင့် ဆောင်ရွက်သင့်ရင် နှုတ်၊ စိတ်နှင့် ကြံသင့်ရင် စိတ်အားဖြင့် ပြုလုပ် အားထုတ်သင့်တယ် မဟုတ်လား။

'နတ်သမီး၊ လုံ့လပြုလို့ ဘာ အကျိုးရှိလဲ ဆိုတာကို ငါ အထွေအထူး ဘာပြောစရာ လိုသေးသလဲ၊ ခုကြည့် သမုဒ္ဒရာမှာ ငါနှင့်အတူ သင်္ဘောသား ခုနစ်ရာလုံး

သဘောပျက်ပြီး နစ်ကြတယ်၊ နစ်ကြချင်း အတူတူ ဟိုလူတွေအားလုံး လုံ့လ မပြုလို့ ငါးလိပ်တွေရဲ့ အစာတွေ ဖြစ်ပြီး သေကုန်ကြပြီ၊ ငါကတော့ လုံ့လကို မလျှော့ခဲ့လို့ ငါးလိပ်တို့ ဘေးကလည်း လွတ်ကင်းခဲ့ပြီ၊ 'လူသာမန်တွေ မြင်ရခဲတဲ့ သင် နတ်သမီးကိုတောင် နီးနီးကပ်ကပ် မှတ်မှတ်ထင်ထင် ငါ မြင်ပြီး စကား တောင် ပြောရပြီ၊ ဒါတွေဟာ လုံ့လရဲ့ အကျိုးတွေပဲပေါ့၊ ခု သင်ကယ်လျှင်လည်း ငါ ရှင်မယ်၊ သင် မကယ်လို့ ငါ သေဆုံးသွားလည်း လုံ့လရဲ့ အကျိုး ငါ့မှာ ရှိပြီ' လို့ ရဲရဲတင်းတင်း မြဲမြဲ ခိုင်ခဲ့တဲ့ စိတ်နှင့် ဖြေလိုက်ပါတယ်။

ဒီတင် နတ်သမီးလည်း ဘုရားလောင်း မင်းသားရဲ့ လုံ့လ ဝီရိယနှင့် ဖွဲ့သတ္တိ၊ ခိုင်မာတဲ့ စိတ်ဓာတ်နှင့် ပြင်းထန်တဲ့ ဆန္ဒကို မချီးကျူးဘဲ မနေနိုင်တော့ပါဘူး။ ဒါကြောင့် နတ်သမီးက 'ယော တွံ ဧဝံ ဂတေ ဩဃေ' အစချီတဲ့ ဂါထာနှင့် ချီးမွမ်းပါတယ်၊ ဂါထာရဲ့ အဓိပ္ပာယ်ကတော့

'မင်းသား၊ သင်ဟာ အပြော ကျယ်လှတဲ့ ဒီ မဟာသမုဒ္ဒရာရဲ့ အလယ်မှာ သူတစ်ပါး ပြုနိုင်ခဲလှတဲ့ မြဲမြဲ ခိုင်ခဲ့တဲ့ စိတ်နှင့် တွန့်လိပ် ဆုတ်နစ်ခြင်း မရှိ မိမိ လိုရာရောက်ကြောင်း ကောင်းမြတ် ဖြောင့်စင်းတဲ့ လုံ့လနှင့် ပြည့်စုံတာကတော့ အမှန်ပါပဲ၊ ဒီလုံ့လကြောင့်လည်း ငါးလိပ်တို့ရဲ့ ဘေးရန်က လွတ်မြောက်ပြီး ဒီ သမုဒ္ဒရာကြီးထဲမှာ မနစ်မွန်းဘဲ ချမ်းသာခဲ့တာလည်း အမှန်ပါပဲ၊ ကဲ ခု သင် မင်းသား ရောက်လိုရာ အရပ်ကိုသာ ပြောပါတော့၊ ငါ သင့်ကို ဆယ်တင်တော့မယ်' တဲ့။

ဘဝခရီးမှာ ဒုက္ခတွေ၊ ဘေးအန္တရာယ်တွေ၊ အခက်အခဲတွေ ရင်ဆိုင် ကြုံတွေ့ ကြရတာဟာ လူသားတွေ အဖို့ စိတ်ဓာတ်ကျစရာ အကြောင်း မဟုတ်ပါ။ ဝေရက် တောင်တက်သမားများ ခံယူထားကြသလို ဒုက္ခ အန္တရာယ်တွေကို ရင်ဆိုင် ကျော်ဖြတ်ရတာဟာ လူသားတို့မှာ ရှိတဲ့ အစွမ်းသတ္တိ၊ ကိုယ်ရည်ကိုယ်သွေးတွေကို အစမ်းခံရခြင်းသာ ဖြစ်ပါတယ်။ ဘွဲ့ဒီဂရီ ဆိုတဲ့ ပညာရေး ဂုဏ်ပုဒ်တွေကို ရရှိခါ နီးမှာ စာသင်သားတွေဟာ စာမေးပွဲ ဆိုတဲ့ အခက်အခဲကို ကျော်ဖြတ်ကြရတာပါပဲ။ ဒါဟာ ထိုသူရဲ့ ပညာ အရည်အချင်းကို အစမ်းခံရတာပါ။ အခက်အခဲ တစ်ခုကို ရင်ဆိုင်ရပြီး မိမိရဲ့ အစွမ်းသတ္တိ အလျောက် အဲဒီ အခက်အခဲက လွတ်မြောက် အောင် အားထုတ်နိုင်သူကို လူသားတွေက အောင်နိုင်သူ အဖြစ် သတ်မှတ်ကြ တာလည်း ဓမ္မတာပါ။

ဒါကြောင့် ဘဝရဲ့ အစမ်းသပ်ခံရတဲ့ လူတိုင်းဟာ အောင်မြင်မှုနှင့် နီးစပ် နေတဲ့ လူ ဖြစ်နေပါပြီ။ အားကစားမှာ ချန်ပီယံဘွဲ့ကို ရဖို့အတွက် လူတစ်ယောက် ဟာ အားစမ်းပွဲ အဆင့်ဆင့်ကို ရင်ဆိုင် ကျော်ဖြတ်ရမှာပဲ။

သမ္မာသမ္ဗောဓိ ဆုကို ပန်ထားကြတဲ့ အလောင်းတော်ကြီးများဟာ သံသရာ ဘဝ အဆက်ဆက်မှာ ဆက်ခါ ဆက်ခါ သူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေးကို အစမ်းခံရင်း ပါရမီကို ဖြည့်ဆည်း ကြရပါတယ်။

ပစ္စေကဗုဒ္ဓဆု အဂ္ဂသာဝကဆု မဟာသာဝကဆု ပကတိသာဝကဆုလို့ ဆိုတဲ့ ဥတ္တမပုရိသ ဆုကြီးပန်သူတိုင်းဟာ မိမိတို့ ဖြစ်လိုရာ အမြင့်ဆုံး အမြတ်ဆုံး ဘဝကို အလွယ်ကလေးနှင့် ရောက်ကြရတာ မဟုတ်ပါ။ ဆုတစ်ခုကို ရအောင် ပါရမီ ဆယ်ပါးကို ဖြည့်ကြရပါတယ်။

ပါရမီ ဖြည့်တယ် ဆိုတာကတော့ တခြား မဟုတ်ဘူး။ မိမိတို့ရဲ့

(၁) လောကမှာ ငြိတွယ်ခြင်း မရှိတဲ့ အပြစ်၊ စွန့်လွှတ်နိုင်တဲ့ သတ္တိကို အစမ်းခံတာ။ အစမ်းခံတယ် ဆိုတာကလည်း တကယ်ပဲ ဒီအရည်အချင်း မိမိမှာ ရှိ မရှိကို ထင်ရှားအောင် ဖော်ထုတ်ပြသတာပါပဲ။ ဒါကို ဒါနပါရမီလို့ ကျမ်းဂန်မှာ ဆိုပါတယ်။

(၂) တချို့ကျတော့ မိမိရဲ့ ကိုယ်နှုတ် အမူအရာတွေကို ကောင်းစွာ စောင့်ထိန်းပြီး အကုသိုလ် တရားတွေကို ကြဉ်ရှောင်ဖို့ အတွက် ဆောက်တည်ခဲ့ကြတဲ့ သီလကို အစမ်း ခံကြပါတယ်။ ဒီလို သီလကို အစမ်းခံတာကို သီလပါရမီလို့ ကျမ်းဂန်မှာ ဆိုပါတယ်။

(၃) တချို့ကတော့ ဘဝဘေးတို့ကို မြင်ပြီး ဘဝဘေးက ထွက်မြောက်နိုင်အောင်လို့ ကာမရဲ့ အပြစ်၊ ဘဝရဲ့ အပြစ်တွေက လွတ်အောင် ရှောင်ရှားပြီး တသီးတခြား နေနိုင်အောင် ကြိုးစားကြပါတယ်။ ဒီလို ထွက်မြောက်ဖို့ ကြိုးစားခြင်းဟာ ဒီအရည်အချင်း ရှိ မရှိ အစမ်းခံခြင်း ဖြစ်ပါတယ်။ ဒါကိုတော့ နေက္ခမ ပါရမီလို့ ကျမ်းဂန်မှာ ဆိုပါတယ်။

(၄) တချို့ ပုဂ္ဂိုလ်များကတော့ ဘဝ တစ်ဘဝမှာ မှန်ကန်တဲ့ သဘောတရားတွေကို ထိုးထွင်း သိမြင်ဖို့ အတွက် ကြိုးစားပါတယ်။ ဉာဏ်ပညာ ဆိုတဲ့ ကိုယ်ရည်ကိုယ်သွေးတွေ ကြီးမား ထက်မြက်အောင် ဆောက်တည်ပါတယ်။ ပြီးတော့ မိမိမှာ တကယ်ပဲ ဒီပညာတွေ ပြည့်စုံခြင်း ရှိ မရှိကို အစမ်း ခံကြရပါတယ်။ ဒါကို ပညာ ပါရမီလို့ ကျမ်းဂန်မှာ ဆိုပါတယ်။

(၅) ဆုပန်ထားတဲ့ ပုဂ္ဂိုလ်တွေဟာ အားထုတ် ကြိုးပမ်းခြင်း၊ မိမိစိတ်ကို မလျှော့မရဲ နိုင်မာ တင်းရင်းအောင် ပြုလုပ်ပြီး ဘယ်အလုပ်ကိုပဲ လုပ်လုပ် ဆုတ်နစ်ခြင်း မရှိအောင် မိမိရဲ့ ကိုယ်ရည်ကိုယ်သွေးကို ပြုစု ပျိုးထောင်ကြပါတယ်။

ဒါကိုတော့ ဝီရိယ ပါရမီလို့ ကျမ်းဂန်မှာ ဖော်ပြပါတယ်။

(၆) လူတွေဟာ လောကဓံ ဆိုတဲ့ တရားတွေနှင့် ရင်ဆိုင် တွေ့ကြုံကြတဲ့ အခါ မခံနိုင်ဘဲ ကျရှုံး သွားတတ်ကြပါတယ်။ ဒါဟာ ဘာဖြစ်လို့လဲ ဆိုတော့ သည်းခံနိုင်တဲ့ ကိုယ်ရည်ကိုယ်သွေး မရှိလို့ပါပဲ။ သည်းခံတယ် ဆိုတာ မိမိအပေါ် ကျူးလွန်တဲ့ မတရားမှုကိုပင် လက်တုံ့မပြန်ဘူး။ မိမိကိုယ်မှာ ဖြစ်တဲ့ ဒေါသ မာန တွေကို ပယ်ပြီး မတုန်လှုပ်တဲ့ စိတ်နှင့် နေနိုင်တဲ့ ဂုဏ်သတ္တိပါ။ ဒီလို ခံနိုင်ရည် အစွမ်းသတ္တိကို အစမ်းခံတာဟာ ခန္တီပါရမီပဲလို့ ကျမ်းဂန်မှာ ဆိုပါတယ်။

(၇) လောကမှာ လူတွေဟာ မုသာဝါဒ အဓမ္မဝါဒ ဆိုတဲ့ မှန်ကန် ဖြောင့် မတ်ခြင်း မရှိတဲ့ တရားတွေနှင့် ခေတ်အဆက်ဆက် ရင်ဆိုင်ကြရပါတယ်။ အဲဒီ မမှန်တရားတွေကို အမှန်တရား ပြုလုပ်ကျက်စားရာ လူ့လောကမှာ မိမိက မဟုတ် မမှန်တာကို မကြံဘူး မပြောဘူး မလုပ်ဘူး၊ ယုံကြည်ဖွယ် အနှစ်သာရမျိုး ပါတဲ့ ကိုယ်အမှု နှုတ်အမှု စိတ်ဖြူဖြောင့်မှုကိုသာ အလေးထားတဲ့ ဂုဏ်သတ္တိ အရည် အသွေးကို အစမ်းသပ်ခံတာဟာ သစ္စာပါရမီပါ။

(၈) လူသားတွေ ဖောက်လွဲဖောက်ပြန် ဖြစ်ကြတာဟာ မိမိတို့ရဲ့ ဆုံးဖြတ်ပြီး စိတ်အတိုင်း တည်တံ့အောင် မကြံနိုင် မကျင့်နိုင်ကြလို့ ဖြစ်ကြရတာပါ။ ဆုကြီးပန် ပုဂ္ဂိုလ်တွေကတော့ ဒီလို မဟုတ်ဘူး။ မိမိတို့ရဲ့ ဆုံးဖြတ်ပြီး ဖြစ်တဲ့ ဘဝ ရည်မှန်း ချက်ကြီးတွေ အပေါ်မှာ မရွေ့မယိုင် ကြံ့ခိုင် စွဲမြဲတဲ့သဘော ရှိကြပါတယ်။ ဒီလို မိမိရဲ့ ဘဝ ရည်မှန်းချက် မပြောင်းလဲတဲ့ သဘော၊ ဆုံးဖြတ်ပြီး ကိစ္စအတွက် အသက်ကိုတောင် ပဓာန မထားဘဲ ရပ်တည်တဲ့ သဘော၊ အဲဒီလို ကိုယ်ရည် ကိုယ်သွေးကို အစမ်း ခံတာကိုတော့ အဓိဋ္ဌာန် ပါရမီလို့ ခေါ်ပါတယ်။

(၉) ကိုယ်ကျိုး ကိုယ့်ကိစ္စကိုသာ အလွန်အကျူး ဦးစားပေးလွန်းတဲ့ ဒီ လောကကြီးထဲမှာ တစ်ပါးသော သတ္တဝါတွေ အကျိုးစီးပွား ချမ်းသာ အတွက်ကို ထူးထူးခြားခြား ဦးစားပေးပြီး ဆောင်ရွက်မှုကိစ္စ၊ အဲဒီလို ဆောင်ရွက်ရခြင်းကို ဝမ်းမြောက်ဝမ်းသာ ဖြစ်တဲ့ စိတ်ဓာတ်ကို မေတ္တာလို့ ဆိုပါတယ်။ အဲဒီလို မိမိ အကျိုး မိမိချမ်းသာထက် သူတစ်ပါး အကျိုး၊ သူတစ်ပါး ချမ်းသာကို မြတ်သော စိတ်နှင့် ဆောင်ရွက်တတ်တဲ့ ကိုယ်ရည်ကိုယ်သွေးကို အစမ်းခံတာကိုတော့ မေတ္တာ ပါရမီလို့ ခေါ်ပါတယ်။

(၁၀) လူတွေ အမှောက်အမှား ပြုကြတာဟာ ချစ်လို့ မုန်းလို့ ဆိုတဲ့ စိတ်ထား အပေါ်မှာ အများကြီး တည်ပါတယ်။ ဒါဟာ ပုဂ္ဂိုလ် သဘောတွေသာ ဖြစ်တယ်။ ဓမ္မသဘော မဟုတ်ပါဘူး။ ဓမ္မသဘော ဆိုတာက သဘာဝကို အညီအမျှ ရှုတာပါ။ ရေဟာ မြင့်ရာက နိမ့်ရာကို စီးဆင်းသွားတာ နိယာမတစ်ခုပဲ။ မီးဟာ ပူပြီး လောင်ကျွမ်းတာဟာ သူ့သဘောပဲ။ သဘာဝမှာ ဖြစ်ပျက်တာတွေဟာ သူ့သဘော သူ ဆောင်နေကြတယ်။ ဒါကို ချစ်စရာလည်း မလိုဘူး၊ မုန်းစရာလည်း မလိုဘူး။

သတ္တဝါတွေရဲ့ အဖြစ် အလားတွေဟာလည်း ဘယ်သူမပြု မိမိမှု မိမိကံ အတိုင်းသာ ဖြစ်တယ် ဆိုတာကို မြင်အောင်ရှုပြီး ချီးမြှောက် ရှုတ်ချမရှိ အညီအမျှ သဘော ထားပြီး လျစ်လျူရှုနိုင်တာဟာလည်း လူရဲ့ ကိုယ်ရည်ကိုယ်သွေး တစ်ရပ် ဖြစ်ပါ တယ်။ ဒီအရည်အသွေးကို အစမ်းသပ်ခံခြင်းကိုတော့ ဥပေက္ခာ ပါရမီလို့ ကျမ်းဂန် မှာ ဆိုပါတယ်။

ဘဝရဲ့ သမုဒ္ဒ ခရီး ခေါ်တဲ့ ရွှေတောင်တက်လမ်းကို သွားကြတဲ့ လူတွေဟာ အောင်မြင်မှုတွေ အဆင့်ဆင့် ရရှိနိုင်ရေး အတွက် ဒီလို ခက်ခဲတဲ့ သူတော်ကောင်း အကျင့်တွေကို ကျင့်ပြီး မိမိတို့ရဲ့ ကိုယ်ရည်ကိုယ်သွေးတွေကို ထင်ရှားအောင် ပြသ သွားကြရပါလိမ့်မယ်။

ဒါကြောင့် ထူးချွန်တဲ့ အရည်အသွေး (ပါရမီ) မိမိကိုယ်မှာ ထင်ရှား ရှိတယ် ဆိုတာကို လူတွေဟာ ပြချင်တိုင်း ပြလို့ မရပါဘူး။ ပြသခွင့် ကြုံတဲ့ အခါမှသာ ပြကြရတယ်။ တစ်စုံတစ်ခုသော ပြဿနာ ကြုံမှ ပြသနိုင်တယ်။ သူတစ်ပါး မဖြေရှင်းနိုင်တဲ့ ခက်ခဲမှုကို မိမိက ဖြေရှင်းနိုင်မှသာ မိမိမှာ ထူးခြားတဲ့ ကိုယ်ရည် ကိုယ်သွေး ရှိတယ် ဆိုတာကို လူသား အများ ယုံကြည်ဖွယ် ဖြစ်အောင် ပြခွင့် ရတတ်ပါတယ်။

ဒါကြောင့် အရည်အချင်းရှိသူ အဖို့မှာတော့ ဘဝခရီး တစ်လျှောက်မှာ ဒုက္ခ နှင့် ရင်ဆိုင်ရတာ၊ အခက်အခဲ ပြဿနာကြီးငယ် ကြုံရတာဟာ ဆုကြီး လာဘ်ကြီး ရတော့မယ့် အခွင့်အရေးကြီး ကြုံပြီလို့ နားလည် သဘောပေါက်ပါ၊ ဝမ်းမြောက်ပါ လို့ အားပေးစကား ဆိုချင်ပါတယ်။

## အစမ်းခံသမား ဘဝလမ်းပြများ

ခေတ်သစ် သိပ္ပံ တီထွင်မှု သမိုင်းမှာ ဂျော့စတီဗင်ဆန် (၁၇၈၁–၁၈၄၈) ဆိုတဲ့ ပုဂ္ဂိုလ် တစ်ဦးရဲ့ နာမည်ဟာ ကျော်ကြား ထင်ရှားလှပါတယ်။ သူဟာ လူသားတွေ ရဲ့ လောကမှာ သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းရဲ့ အဓိက ဖြစ်တဲ့ မီးရထားကို စတင် တီထွင်သူ ဖြစ်ပါတယ်။ *

ကမ္ဘာပေါ်မှာ မီးရထားကို ကနဦး စတင် တီထွင် နိုင်တယ် ဆိုတဲ့ ပုဂ္ဂိုလ်ဟာ သာမန် ပုဂ္ဂိုလ် မဟုတ်ဘူး၊ သူဟာ အင်မတန် နာမည် ကျော်ကြားတဲ့ စက်မှု ဘတ္တသိုလ်ကြီး တစ်ခုခုက အင်ဂျင်နီယာ ဘွဲ့တွေ အထပ်ထပ် ရရှိခဲ့သူ ပုဂ္ဂိုလ် တစ်ဦး ဖြစ်လိမ့်မယ်လို့ မထင်ပါနှင့်။

ပြောရင် အံ့ဖွယ် ကောင်းလှပါတယ်။ စတီဗင်ဆင်ဟာ အင်ဂျင်နီယာဘွဲ့ ရဖို့

--------------------

* *Pioneers of the Modern World - E.H. Charter. p 29 - 36*

မဆိုထားနှင့် ကျောင်းစာတောင် မသင်ဖူးဘူး ဆိုရင် ယုံနိုင်ကြပါ့မလား။ မယုံချင် နေနိုင်ပါရဲ့။ သို့သော် သူ့ အဖြစ်ကတော့ ပုံပြင် မဟုတ်ပါ။ တကယ့် ကိုယ်ထူး ကိုယ်ချွန် ဘဝထဲမှာ ကိုယ့်ပညာ ကိုယ်ရှာသူမို့ အင်ဂျင်နီယာကြီးတွေ သိပ္ပံပညာ ရှင်ကြီးတွေထဲမှာ သူ့နာမည်သာ ဥဒါန်း တွင်ရစ်ပါတယ်။

သိတတ်စ အရွယ်က စပြီး ကျောက်မီးသွေးတွင်း ဒေသမှာ ရရာ အလုပ်ကို ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ လုပ်ခဲ့ရတဲ့ စတီဗင်ဆန်ဟာ စက်ယန္တရား လုပ်ငန်း ကို အထူး စိတ်ပါဝင်စားခဲ့တယ်။ သူ အသက် ၁၇ နှစ် အရွယ် ရောက်တော့ စက်ရုံထဲမှာ စက်မောင်း စက်ကိုင် အလုပ်ကို လုပ်ခွင့် ရလာပါတယ်။ ဒါပေမယ့် စာမတတ်တော့ သူ့ခမျာ စက်ယန္တရားနှင့် ပတ်သက်တဲ့ အကြောင်းတွေ ရေးထားတဲ့ စာအုပ်တွေကို ဖတ်ချင်ရဲ့၊ မဖတ်နိုင်ခဲ့ရှာဘူး။ ဒီတော့ သူဟာ အ သုံး လုံး ကြေ ညကျောင်းတက်ပြီး စာသင်ပါတယ်။ ဒီအခါကျမှ သူဟာ အရေး အဖတ် အတွက် တတ်လာပါတယ်။ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျတယ်။ တူနှစ်ကိုယ် တဲအို ပျက်ကလေးမှာ နေရရှာတယ်။ ဆင်းရဲ ကျပ်တည်းတာကတော့ မပြောပါနှင့်တော့။ ခေတ်စကားနှင့် ပြောရရင် ငတ်သလား ပြတ်သလား မမေးနှင့် လို့တောင် ဆိုရ မလောက်ပါပဲ။ ဒီအထဲ ဖခင်က မျက်စိကန်းတယ်၊ ဇနီးက ဆုံးတယ်၊ သားကလေး တစ်ယောက်နှင့် မုဆိုးဖို ဖြစ်ရတယ်။ နပိုလီယန် စစ်ဒဏ်ကလည်း ဖိစီးနေတယ်။ အင်္ဂလန် တစ်ပြည်လုံး ဆင်းရဲကျပ်တည်းဆုံး အချိန်ပါပဲ။

ဒါပေမယ့် သူ့မှာ ဆင်းရဲကို ခါးစည်းခံနိုင်တဲ့ သတ္တိ ရှိတယ်။ ကိုယ်ဖြစ်ချင်တဲ့ ဘဝကို မရောက်ရောက်အောင် တက်လှမ်းမယ် ဆိုတဲ့ ပြင်းပြတဲ့ ဆန္ဒနှင့် ဝီရိယ ရှိတယ်။

သူ့မှာ အရည်အချင်းတွေ ရှိအောင် အဘက်ဘက်က မတွန့်ဆုတ်တဲ့ စိတ်နှင့် ကြိုးစားနေခဲ့တယ်။ ဒါပေမယ့် သူ့ကို အောင်မြင်မှု တောင်ထိပ် တစ်ခုကို အရောက် တင်ပေးမယ့် အခွင့်အလမ်းက ရောက်မလာသေးဘူး။

လူတွေဟာ အရည်အချင်း ရှိတိုင်း ချက်ချင်း လက်ငင်း အကျိုးခံစားရလေ့ မရှိပါဘူး။

တချို့ဟာ မိမိမှာ ရှိတဲ့ ကုန်ပစ္စည်းက သူများ ကုန်ပစ္စည်းတွေထက်လည်း ကောင်းပါရဲ့၊ ဒါပေမယ့် ကိုယ့်လောက် မကောင်းတဲ့ ကုန်တွေကတော့ ရောင်းရတယ်၊ ကိုယ့်ကုန်က မရောင်းရဘူး၊ ဒီလို အဖြစ်မျိုးနှင့် ကြုံတတ်ပါတယ်။

ဒါဟာ လောကရဲ့ သဘော တစ်ခုပါ။ ဒီလို ဖြစ်တတ်ပုံကို ရှင် မဟာရဋ္ဌ သာရ အကျော်က ဘယ်လို လင်္ကာ စပ်ဆို ဆုံးမထားသလဲ ဆိုတော့

'သူ့ထက်ထူးသား၊ ကျေးဇူးအနှစ်၊ စုံသည်ဖြစ်လျက်၊
ပွဲလယ်ချက်ဝယ်၊ ဖိုးနဂ်ကုန်ကောင်း၊ အစွဲနှောင်းသို့၊
ကံကောင်းလှူကြွေး၊ မမိသေး၍၊ ကြာနေးခဲ့အင်၊

လွန်ငြိုငြင်လည်း၊ ပန်းပင်ပူဆာ၊ မျှာပါဝိတက်၊
နှောင့်ယှက်မကြဲ၊ လောကဓံ၌၊ နိယံမကွေ၊
ဖြစ်မြဲပေဟု၊ သံဝေတရား၊ ဝမ်းဝယ်ထား' * တဲ့။

သတိပညာ ရှိပြီးတဲ့ ဥတ္တမပုရိသများဟာ ဘဝ ရွှေတောင်တက် ခရီးမှာ မိမိရဲ့ အစွမ်းသတ္တိကို အစမ်းခံဖို့ အစစ်ခံဖို့ အတွက် အခက်အခဲ ပြဿနာ ရန်အန္တရာယ် တစ်စုံတစ်ခုနှင့် မကြုံသေးသမျှ အခွင့် မသာသေးဘူးလို့ မှတ်ပါ။

မဃဒေဝ လင်္ကာမှာ 'သတ္တိဗလ စွမ်းထာမကို မပြ မသိ ပြမှ သိ၏' ဆိုပေမယ့် ပြချင်တိုင်း ပြနိုင်တာမျိုး မဟုတ်ပါ။ အစွမ်းသတ္တိ ပြခွင့်ဆိုတာ ရှိသေးတယ်။ ဒီ အခွင့်အလမ်း ရောက်မလာသေးသမျှ မကြီးပွား မတိုးတက်နိုင်သေးပါဘူး။ သို့သော် အခွင့်အလမ်း ရောက်မလာသေးလို့ အစွံနှောင်း နေသေးတဲ့အခါ စိတ်ဓာတ် မကျပါနှင့်တဲ့။ ဒါဟာ လောကဓမ္မတာ ပါပဲလို့ သဘောထားပါတဲ့။ ဆရာတော်က ဆုံးမပါတယ်။

ဒီလို အကျိုးပေးတော့မယ့် အချိန်၊ အစမ်းခံခွင့် ရရှိမယ့် အချိန် အရောက် နှေးနေတယ်၊ အခွင့်မသာသေးဘူး ဆိုသူများဟာ ဘဝကို ဘယ်ပုံဘယ်နည်း ရင်ဆိုင် ဆက်ဆံရမယ် ဆိုတာကိုလည်း ဆရာတော်က ဆုံးမ လမ်းညွှန်ထားတာ ရှိပါသေးတယ်။ အဲဒါကတော့

'မပေါ်မထင်၊ ဂုဏ်အင်ငုပ်တိမ်၊ စည်းစိမ်ခွန်အား၊
ရည်သွားအခန့်၊ ပွားပြန့်ကျိုးပေး၊ အရောက်နှေးလည်း၊
နီးဝေးတိုရှည်၊ ကြံစည်ထောက်ထား၊ မမေ့မှားလျှင်၊
ကုန်သွားယာလယ်၊ လုပ်ဖွယ်ဆောင်ခင်း၊ မပျင်းလုံ့လ၊
ဝါယမဖြင့်၊ ဒုက္ခဖျင်းသိမ်၊ ကြောင့်ကြငြိမ်၍၊
စိုးရိမ်ပျောက်ကင်း၊ လုံစေမင်း' ** တဲ့။

ဆရာတော် ဆိုလိုတဲ့ သဘောကတော့ ထင်ပေါ်မယ့် အချိန် အကျိုးပေးမယ့် အချိန် မရောက်ခင်မှာ ဟိုတွေး ဒီတွေး တွေးကြံပြီး စိတ်ဓာတ် မကျပါနှင့်၊ မငြိုငြင်ပါနှင့်တဲ့။ ကိုယ်လုပ်ရမယ့် အလုပ်တွေကို ကြိုးစား လုံ့လနှင့် လုပ်မြဲတိုင်းသာ လုပ်နေပါတဲ့။ ကြောင့်ကြ ဖြစ်မနေပါနှင့်တဲ့။

မှတ်သား နာယူဖွယ် ကောင်းလှတဲ့ ဆရာတော်ရဲ့ စကားကို ရွှေတောင်တက် သမားတိုင်း စွဲမြဲ ယုံမှတ်သင့်လှပါတယ်။

ဒီလိုပဲ ဂျော့စတီဗင်ဆန်ရဲ့ ဘဝမှာလည်း အကျိုးပေးမယ့် အချိန်၊ အစွမ်းသတ္တိ ပြရမယ့် အချိန် မရောက်ခင်ကတော့ အလွန် ဆင်းရဲ ကျပ်တည်းခဲ့ပါတယ်။

---

* ဆုံးမစာများ (ဒုအကြိမ်)၊ စာ ၁၉

** ဆုံးမစာများ (ဒုအကြိမ်)၊ စာ ၂၄

သို့သော် ဘဝမှာ အခွင့်အလမ်း ဆိုတာ တစ်ချိန်ချိန်မှာ ရောက်လာတတ်ပါတယ်။ တချို့ လူတွေမှာတော့ အခွင့်အလမ်းတွေ ရောက်ရှိလာသော်လည်း အခွင့်အလမ်းကို ဒုက္ခ အကျပ်အတည်းလို့ ထင်ပြီး လက်သင့်မခံတတ်လို့ အခွင့်အလမ်း ဆုံးရှုံးမှုတွေ ဖြစ်ကြရပါတယ်။

တစ်နေ့ကျတော့ စတီဗင်ဆန် အလုပ် လုပ်နေတဲ့ စက်ရုံမှာ ရေစုပ်စက် တစ်လုံး ပျက်နေတာ ပြင်ပေးရဖို့ အခွင့်အလမ်းဟာ အခန့်သင့် သူ့ထံကို ရောက်လာပါတော့တယ်။

စက်ရုံက ရေစုပ်စက် ပျက်နေခဲ့တာ တစ်နှစ်တောင် ကျော်ပြီး ဘယ်သူမှ မပြင်တတ်လို့ ပစ်ထားခဲ့ရတယ်။ တစ်နေ့မှာ စက်ရုံက လုပ်ဖော်တစ်ဦးက 'ကိုယ့်လူ ဒီစက်ကို ဆေးမကုနိုင်ဘူးလား' လို့ သူ့ကို မေးတယ်။ စတီဗင်ဆန်က သူ ပြင်နိုင်မယ် ထင်တယ်လို့ ဆိုတော့ ဒီရေစုပ်စက် ပြင်ဖို့ အခွင့်အရေးကို သူ ရလိုက်ပါတယ်။ သူဟာ နှစ်ရက်နှင့် အပြီး ဒီစက်ကို ဖြုတ်ဆင် ပြုပြင်လိုက်တာ ရေစုပ်စက်ဟာ ပကတိ အကောင်း ပြန်ဖြစ်သွားပါတော့တယ်။ ဒီအောင်မြင်မှုဟာ သူ့ဘဝမှာ ပထမ အစမ်း ခံရတာပါ။ ဒီတင် သူဟာ ဒီစက်ရုံရဲ့ စက်ပြင် အင်ဂျင်နီယာ အဖြစ် ခန့်ထား ခံရတော့တယ်။

လူဟာ ပြဿနာ ကြီးငယ်နှင့် ရင်ဆိုင်ရတဲ့ အခါ အစွမ်းသတ္တိ အင်အားနှင့်လည်း ပြည့်စုံတယ်၊ မှန်ကန်အောင်လည်း ဆုံးဖြတ်နိုင်တယ်၊ ပြဿနာ ကြိုတိုင်းမှာလည်း အဖြေ ရှိတယ်၊ သူများ မဖြေရှင်းနိုင်တာကို မိမိက အလွယ်တကူ ဖြေရှင်းပြလိုက်နိုင်တယ် ဆိုရင် သူ့အဖို့ ဒီအောင်မြင်မှုဟာ ဂုဏ်သတင်း ကျော်စောခြင်းကိုလည်း ဖြစ်စေပါတယ်။

ဒီစွမ်းဆောင်မှုရဲ့ ရလဒ်ကို လူတွေက 'နာမည်ကောင်း ရတယ်' လို့ ဆိုလေ့ရှိပါတယ်။ လူမှာ နာမည်ကောင်း တစ်ခု ရပြီဆိုရင် သူ့အတွက် ကြီးပွား ချမ်းသာဖို့ အခွင့်အလမ်းတွေဟာ ဆက်တိုက် ရောက်ရှိလာဖို့ ဆုရခြင်းပဲ ဖြစ်ပါတယ်။

အော်စကာဆု အကယ်ဒမီဆု ချီးမြှင့်ခြင်း ခံရတဲ့ ရုပ်ရှင်မင်းသား မင်းသမီးတွေဟာ ချက်ချင်း နာမည် ကြီးပြီး 'စတား' တွေ ဖြစ်လာတတ်သလိုပဲပေါ့။ ဒီလို နာမည်ကြီး စတားတွေ ဖြစ်လာတာနှင့် သူတို့ ဘဝမှာ စည်းစိမ် ချမ်းသာတွေ ရောက်ရှိ လာပါတော့တယ်။

စတီဗင်ဆန်ရဲ့ ဘဝမှာ ဒုတိယ အကြိမ် အစမ်းခံရဖို့ အခွင့်အလမ်း ပေါ်လာတာကတော့ သူ့ရဲ့ 'ဒုံးပျံ' လို့ အမည်ပေးထားတဲ့ ရထားကို တီထွင်ဖို့ အကြောင်း ဖန်တီးလာခြင်း ဖြစ်ပါတယ်။

ဘဝရဲ့ သဘော တစ်ခုကတော့ ကိုယ်က ဘယ်လောက်ပဲ စိတ်ကောင်း စေတနာ ထားပြီး လုပ်တဲ့ကိစ္စပဲ ဖြစ်ဖြစ် လူတွေက ကိုယ့်လို အသင့် နှလုံးသွင်းကြလိမ့် မယ်လို့ မျှော်လင့်လို့ မရပါဘူး။

စေတနာရဲ့ ဆန့်ကျင်ဘက်တွေ အထင်လွဲမှုတွေ ဆန့်ကျင် ကန့်ကွက်မှုတွေ ပေါ်ပေါက် လာတတ်ပါတယ်။

စတီဗင်ဆန်ဟာ ကြီးမားလှတဲ့ လုံ့လ ဝီရိယနှင့် မီးရထားကို စတင် တီထွင်ပါတယ်။ သံလမ်းပေါ်မှာ စက်ခေါင်းကြီး တစ်လုံးဟာ တစ်နာရီကို ၁၀ မိုင်နှုန်းလောက်နှင့် ခုတ်မောင်း ပြေးသွားနိုင်လိမ့်မယ် ဆိုတာကို လူတွေက မယုံကြဘူး။ သတင်းစာတွေကလည်း ရယ်စရာလို ပြက်ရယ်ပြုပြီး ရေးသားကြတယ်။

နောက်ဆုံး လီဗာပူ နှင့် မန်ချက်စတာမြို့ အကြား မီးရထားသံလမ်း တည်ဆောက်ရေး အတွက် ပါလီမန်ရဲ့ ခွင့်ပြုချက်ရအောင် မနည်း ကြိုးစားရတယ်။ မီးရထား စက်ခေါင်းကြီးနှင့် ပြေးဆွဲမယ့် ရထားကို ဆန့်ကျင်တဲ့ စိတ်ဓာတ်တွေလည်း ဒေသခံ လူတွေရဲ့ စိတ်ထဲမှာ ဖြစ်ပေါ်နေကြတယ်။

စတီဗင်ဆန်ဟာ မလျှော့တဲ့ လုံ့လနှင့် ကြိုးပမ်းနိုင်လွန်းတဲ့ အဆုံးမှာတော့ ဒါရိုက်တာများ အဖွဲ့က စတာလင်ပေါင် ငါးရာငါးဆယ်ထက် မကျော်တဲ့ ကုန်ကျစရိတ်နှင့် စက်ခေါင်း တစ်လုံး ပြီးအောင် တည်ဆောက်ရမယ် ဆိုတဲ့ ဆုံးဖြတ်ချက်ပေးပါတယ်။ ဒါ့အပြင် ဒီစက်ခေါင်းဟာ အလေးချိန် တန်နှစ်ဆယ် ရှိတဲ့ ကုန်ပစ္စည်းတွေကို တစ်နာရီမှာ ၁၀ မိုင်နှုန်းထက် မနှေး ပြေးဆွဲနိုင်ရမယ်လို့လည်း သတ်မှတ်ပေးပါတယ်။ ပြီးတော့ အဲဒီ စက်ခေါင်းကို ၁၈၂၅ ခုနှစ် အောက်တိုဘာ ၁ ရက် နေ့မှာ အပြီး တည်ဆောက် နိုင်ရမယ်လို့လည်း စည်းကမ်း သတ်မှတ်လိုက်ပါတယ်။

ဒီတင် စတီဗင်ဆန်နှင့် သူ့သားတို့ နှစ်ယောက်သားဟာ 'ဒုံးပျံ' ဆိုတဲ့ သူတို့ ရထား စက်ခေါင်း အတွက် တီထွင် စမ်းသပ်မှု အမျိုးမျိုးကို ပြုလုပ်ကြတယ်။ သတ်မှတ်ထားတဲ့ နေ့ရက်ကျတော့ ရထား စက်ခေါင်းက လေးလုံးတောင် ပြီးစီးနေပါတော့တယ်။ သူ့ရဲ့ 'ဒုံးပျံ' လို့ နာမည် ပေးထားတဲ့ ရထားကတော့ တစ်နာရီကို ၃၅ မိုင်နှုန်း အထိ ပြေးဆွဲနိုင်တာကို လက်တွေ့ (သူကိုယ်တိုင်) ခုတ်မောင်းပြလိုက်နိုင်ပါတော့တယ်။

ဒုံးပျံကတော့ ဂျော့ စတီဗင်ဆန်ရဲ့ ဘဝမှာ တကယ့် စမ်းသပ်ခံရခြင်းကြီး အစစ်ပါပဲ။ အခက်အခဲ အတားအဆီး မှန်သမျှကို ဒုံးပျံရဲ့ အောင်မြင်မှုက ကျော်နင်း သွားပါတယ်။ စတီဗင်ဆန်ရဲ့ ဂုဏ်သတင်းဟာလည်း အင်္ဂလန်မှာ သာမက ကမ္ဘာ တစ်ခုလုံး အထိ ပျံ့နှံ့ သွားပါတယ်။ ဘယ်လ်ဂျီယံ ပြည့်ရှင်ဘုရင် လီယိုပိုကလည်း သူ့ကို အထူး ဖိတ်ကြားပြီး မီးရထားလမ်း တည်ဆောက်ရေး ကိစ္စတွေကို ဆွေးနွေးရပါတယ်။

စတီဗင်ဆန်ရဲ့ ထူးခြားချက်တွေကတော့ ဇွဲလုံ့လ ရှိတဲ့ အပြင် သူဟာ အနာဂတ်ကိုလည်း ကြိုတင် ရှုမြင်နိုင်တဲ့ သစ္စာထူး ရှိတယ်။ 'တစ်နေ့မှာ ရိုးရိုးလမ်းလျှောက် သွားတာထက်တောင်မှ စရိတ် သက်သာတဲ့ နည်းနှင့် လူတွေ ခရီး

ရှည် သွားနိုင်ကြလိမ့်မယ်၊ အဲဒီလို သွားနိုင်အောင် မီးရထား ပို့ဆောင်ရေးက ကျေးဇူး ပြုလိမ့်မယ်' လို့ သူ့ပါးစပ်က ထုတ်ဖော် ပြောဆိုခဲ့ဖူးပါတယ်။

စတီဗင်ဆန်လိုပဲ စာမသင်ရဘဲ ကမ္ဘာမှာ တီထွင်မှုပေါင်း များစွာကို အတု မရှိ အတူမရှိ ဖန်တီးနိုင်ခဲ့ဖူးတဲ့ လူထူးလူချွန် တစ်ဦးကတော့ (ရှေ့ပိုင်းမှာ ဖော်ပြခဲ့ဖူးတဲ့) သောမတ် အယ်လဗာ အယ်ဒီဆင် ပါပဲ။

သူဟာလည်း အောင်မြင်မှုတွေ မရခင်မှာ ဆင်းရဲ ငတ်ပြတ်ခြင်းရဲ့ စမ်းသပ်ခြင်းကို အကြိမ်ကြိမ် ခံခဲ့ရပါတယ်။

၁၈၆၈ ခုနှစ်ရဲ့ ဆောင်းနေ့ တစ်နေ့မှာ အယ်ဒီဆင်ဟာ ဘော်စတွန်မြို့ကို ရောက်သွားပါတယ်။ သူ့ရဲ့ ကြေးနန်းသမား သူငယ်ချင်း မီးလတန် ဆိုသူနှင့် အလုပ်ကိစ္စ တစ်ခုအတွက် သွားတွေ့ပါတယ်။ *

မီးလတန်ရဲ့ အကူအညီနှင့် ကြေးနန်းရုံးမှာ ညအလုပ်သမား အဖြစ် အလုပ်ရခါနီးကျတော့ မန်နေဂျာက

'ဒါနှင့် ကျုပ်တို့ဆီမှာ ညလုပ်မယ့် လူတော့ လိုနေပါတယ်၊ မိတ်ဆွေကို အလုပ်မပေးခင် မိတ်ဆွေရဲ့ အရည်အချင်း အနေအမြန် နှုန်းကို နမူနာ စမ်းကြည့်ရအောင် ဘယ့်နှယ့်လဲ' လို့ မေးတယ်။ ဒီတော့ အယ်ဒီဆင်က

'သဘောကျပါတယ်၊ ဘယ်တော့လဲ' တဲ့။

'ည ခုနစ် နာရီထိုးလောက် ဒီကို လာခဲ့လေ၊ ကျုပ်တို့ သဘောကျရင် အလုပ်ပေးရတာပေါ့'

ဒီလိုနှင့် ည ခုနစ်နာရီ ထိုးတော့ အယ်ဒီဆင်ဟာ ဝက်စတင်းယူနီယံ ကြေးနန်းရုံးကို ရောက်သွားတယ်။ နယူးရောက်က ပို့နေတဲ့ သတင်းတွေကို သူ ယူပြလိုက်တယ်။ ဒီတော့ တစ်ဖက်က ကြေးနန်းပို့သူက အဆမတန် မြန်တဲ့နှုန်းနှင့် ပို့တယ်။ ဒါကို အယ်ဒီဆင်က ရအောင် ယူတယ်။ သူနှင့် နယူးရောက်က လူ အပြန်အလှန် သတင်း ပေးပို့ နေကြပုံတွေကို မန်နေဂျာဟာ တအံ့တသြ ဖြစ်ပြီး 'ထူးထူးခြားခြား အရည်အချင်း ပြည့်ပါပေတယ်' ဆိုတဲ့ မှတ်ချက်နှင့် သူ့ကို အလုပ် ခန့်ပါတယ်။

ည အလုပ်ဆင်းချိန်မှာ ရုံးတွင်းမှာ ပိုးဟပ်တွေရဲ့ အန္တရာယ် ပေးမှုနှင့် ရင်ဆိုင်ရတယ်။ ဒီတော့ အယ်ဒီဆင်ဟာ လျှပ်စစ်နှင့် ပိုးဟပ်ထောင်ချောက် တစ်ခုကို တီထွင် ပြုလုပ်လိုက်ပါတယ်။

ပိုးဟပ်တွေ ဓာတ်လိုက်ပြီး သေကုန်ကြတာ မြင်တော့ လာကြည့်တဲ့ လူနှင့်၊ ချီးကျူးတဲ့ လူနှင့် အုတ်အော်သောင်းသဲ ဖြစ်လာတယ်။

---

* *Thomas Alva Edison - G. Glendwood Clark.*
*ဦးလှခင် (အမျိုးသား) မြန်မာပြန်၊ အယ်ဒီဆင်၊ စာ ၈၇–၁၁၄*

ဒါပေမယ့် သူ့အတွက် အောင်မြင် ကြီးပွားမယ့် အခွင့်အရေးဟာ ရောက်မလာသေးဘူး။ ဘော်စတွန်မှာ နေရင်း တီထွင်မှု တစ်ခု လုပ်တာ မအောင်မြင်ဘဲ ကြွေး ၈၀၀ တောင် တင်သွားတယ်။ ဒါနှင့် နယူးရောက်ကို စွန့်စားပြီး ထွက်လာခဲ့တယ်။

နယူးရောက်ကို ရောက်တော့ လက်ဖက်ရည် သောက်စရာ ပိုက်ဆံတောင် မရှိတော့ဘူး။ မနက်စာလည်း မစားရဘူး။ ဗိုက်ကလည်း အဆမတန် ဆာနေတယ်။ ကံအားလျော်စွာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်က လက်ဖက်ရည် ဖြည်းစမ်းသူ တစ်ယောက်နှင့် တွေ့ပြီး လက်ဖက်ရည် သောက်ရတယ်။ နောက် ဗိုက်ပြည့်သွားတော့ အလုပ် လိုက်ရှာတာ ဘယ်မှာမှ အလုပ် မရဘူး။

နောက် ကြေးနန်းရုံးက ဘက်ထရီတွေ ထားတဲ့ အခန်းထဲမှာ မိတ်ဆွေ သိယောင်း တစ်ယောက်နှင့် တွေ့တယ်။ မိတ်ဆွေရဲ့ ကျေးဇူးကြောင့် အဲဒီ ဘက်ထရီ အခန်းထဲမှာ ကျောချစရာ နေရာကလေး တစ်ခု ရတယ်။

ဒီအခန်းထဲမှာ ရောက်နေတုန်း ဖြုန်းဆို ဘဝတက်လမ်း အတွက် အခွင့်အလမ်းဟာ မထင်မှတ်တဲ့ နေရာက သူ့ထံကို ရောက်လာတယ်။

အဖြစ်ကတော့ ဒီလိုပါ။ သူ ဘက်ထရီခန်းထဲမှာ ခိုကပ်ပြီး နေတုန်း တစ်နေ့မှာ ကြေးနန်း ရိုက်နေကြတဲ့ အသံတွေ ရုတ်တရက် ရပ်သွားတယ်။ စက်ပျက်သွားတယ်။ ဘက်ထရီ ဓာတ်အားပေး အခန်းထဲမှာ လူပေါင်း ၃၀၀ လောက် ရောက်လာပြီး စက်ကို ပြင်ကြတာ ဘယ်သူမှ ပြုပြင်မရဘူး။

ဒီတင် ကုမ္ပဏီ ဥက္ကဋ္ဌ ဖြစ်သူ ဒေါက်လော ဆိုသူ ရောက်လာတယ်။ ဥက္ကဋ္ဌကြီးက အလုပ်သမား လခစားတွေကို ဆူပူပြီး စိတ်ပျက်လက်ပျက်နှင့်

'ဘယ့်နယ် လုပ်မလဲ၊ ဒီအချိန်မှာ တတ်နိုင်တဲ့ လူတစ်ယောက်လောက်များ ပေါ်လာရင် ဘယ်လောက် ကောင်းလိုက်မလဲ' လို့ ညည်းညူလိုက်ပါတယ်။

ဒီတင် ဆိုက်ရောက်လာပြီ ဖြစ်တဲ့ အခွင့်အလမ်းကို အယ်ဒီဆင်ဟာ အမိအရ ဆုပ်ဖမ်းလိုက်ပါတယ်။ သူ မနေသာတော့ဘူး။ ဒါနှင့် သူက 'ကျွန်တော်ကတော့ ဦးရဲ့ အလုပ်သမား မဟုတ်ပါဘူး၊ ဒါပေမယ့် ခွင့်ပြုမယ်ဆိုရင် ကျွန်တော် ပြင်လို့ ဖြစ်မယ် ထင်ပါတယ်' လို့ ပြောလိုက်ပါတယ်။

'ဒါဖြင့် လုပ်စမ်းပါဦး သူငယ်ရယ်' လို့ ဥက္ကဋ္ဌကြီးကလည်း ချက်ချင်း ခွင့်ပြုလိုက်ပါတယ်။

ဒီမှာ အယ်ဒီဆင် အစွမ်းပြလိုက်ပါပြီ။ မီးခလုတ်တွေ တပ်ဆင်ထားတဲ့ ဘုတ်ကို စစ်ဆေးပြီး ပြုတ်နေတဲ့ ဝါယာကြိုး တစ်ချောင်းကို ပြန်ဆက်လိုက်တာနှင့် မူလအတိုင်း ပြန်ဖြစ် သွားတာပေါ့။

ဒါဟာ သူ့ဘဝ အတွက် ကြီးမားတဲ့ တောင်ထိပ် တစ်ခုပေါ်ကို ရောက်သွားရတဲ့ အခွင့်အရေး ပါပဲ။ ချက်ချင်း အလုပ်ရှင်ဟာ သူ့ကို တစ်လဒေါ်လာ ၃၀၀ နှင့် အလုပ် ခန့်လိုက်ပါတော့တယ်။

ဒီက စပြီး ကြေးနန်း လုပ်ငန်းရဲ့ တိုးတက်မှု အတွက် ၁၈၇၀ ခုနှစ် ၁၈၇၆ ခုနှစ် ကြားကာလမှာ သူဟာ တီထွင် စမ်းသပ်လိုက်တာ နောက်ဆုံးမှာ တစ်မိနစ်ကို စကားလုံး သုံးထောင် လောက် အထိ ပို့နိုင်တဲ့စက်ကို တီထွင် နိုင်ပါတော့တယ်။

သူ့ တီထွင် အောင်မြင်မှု အတွက် ကုမ္ပဏီ ပိုင်ရှင်က သူ့ကို ဉာဏ်ပူဇော်ခ ပေးမယ်၊ ဘယ်လောက် ယူမလဲ ဆိုတော့ သူ့စိတ်ထဲမှာ ပိုင်ရှင်ဟာ သူ့ကို ဒေါ်လာ သုံးထောင်လောက်တောင် ပေးပါ့မလားလို့ မရဲ့မရဲ တွေးနေမိတယ်။ ဒါနှင့် သူက

'ဦးတို့ လုပ်ငန်း ဘယ်လောက် ပိုပြီး အကျိုးရှိလာတယ် ဆိုတာ ဦးတို့က ပိုပြီး သိမှာပါ၊ ဘယ်လောက် ပေးမယ် ဆိုတာကိုလည်း ဦးတို့ပဲ ဆုံးဖြတ်ပါ' လို့ ခြေမြမသေ တုတ်မကျိုး ပြောလိုက်တယ်။

ဒီအခါ ကုမ္ပဏီ ပိုင်ရှင်က 'ဒေါ်လာ လေးသောင်း ပေးရင် မောင်ရင် သဘောတူနိုင်ပါ့မလား' လို့ မေးလိုက်မှ သူ့မှာ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေတောင် ထခဲ့ရဖူးပါတယ်။

ဒီတော့ ဘဝရဲ့ အောင်မြင်မှုဆိုတာ အလွယ်ရတာမျိုး မဟုတ်ဘူး၊ အခက်အခဲကို ရင်ဆိုင် ဖြေရှင်းနိုင်မှု၊ ဘဝရဲ့ အစမ်းခံနိုင်မှု အပေါ်မှာ မူတည်ပြီးမှ ရနိုင်တယ် ဆိုတာ သဘောပေါက် သင့်ပါတယ်။

## စိတ်အကြံ ရှိတိုင်း မပြီး

တချို့က အကြံဉာဏ် မရှိရင် မကြီးပွားဘူး၊ မတိုးတက်ဘူး၊ ဘဝရဲ့ အထက်တန်းကို မရောက်နိုင်ဘူးလို့ သမားရိုးကျ မှတ်ထင်ထားကြပါတယ်။ ဒီ အတွေးအမြင်ဟာ မုချ မှန်တယ်လို့တော့ မဆိုနိုင်ဘူး။ အကြံဉာဏ် မရှိဘဲနှင့် မိဘ အမွေရလို့ ထီပေါက်လို့ တစ်ခါတစ်ရံ အခွင့်အခါ ကြုံလို့ ကြီးပွား ကောင်းစားနေတဲ့ လူတွေ မရှိဘူးလားလို့ မေးခွင့် ရှိပါတယ်။

အဲဒီလို စိုင်ကော်လို့ ချုံပေါ် ရောက်တာမျိုးကို ရွှေတောင်တက်သမားတွေ ဟာ ထည့်မတွက်သင့်ပါဘူး။ ဒါတွေက အခိုက်အတန့်အားဖြင့် ကြုံကြိုက်မှုတွေပါ။ ကိုယ်စွမ်းကိုယ်စနှင့် ထွန်းပေါက်တာမျိုး မဟုတ်ပါဘူး။

လူမှာ ကံ ဉာဏ် ဝီရိယအားဖြင့် ကြီးပွားမှုကိုသာ ချီးမွမ်းအပ်ပါတယ်။ ဆိုလိုတာကတော့ မိမိကိုယ်တိုင် လုပ်ကိုင် ဆောင်ရွက် ကြံစည် ကြိုးစားလို့ ဖြစ်မြောက် အောင်မြင်တာကိုသာ လောကအလို ချီးမွမ်းထိုက်တယ်လို့ ဆိုပါတယ်။

ဒီနေရာမှာ တချို့က အသိပညာတွေ အတတ်ပညာတွေ ရဖို့ အကြံကောင်း ဉာဏ်ကောင်းတွေ ရရှိဖို့ကိုသာ အလေးအမြတ် ပြုပြီး ဟုတ်ဟုတ်ဟပ်ဟပ် ကြီးပွား တိုးတက်အောင်တော့ မလုပ်နိုင်ကြပါဘူး။ ဒါဟာ ဘာကြောင့် ဖြစ်ရသလဲ ဆိုတော့ ဘဝရဲ့ အချိန်ကာလတွေကို ကြံစည်နေရင်းပဲ ကုန်ဆုံးစေလို့ ဖြစ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက မဟာဇနကဇာတ် ပါဠိတော်မှာ

'အစိန္တိတမ္ပိ ဘဝတိ

စိန္တိတမ္ပိ ဝိနဿတိ

နဟိစိန္တာ မယာဘောဂါ

ဣတ္ထိယာ ပုရိသဿဝါ' * လို့ ဟောတော်မူခဲ့ပါတယ်။

အဓိပ္ပာယ်ကတော့ ဒီလောကမှာ ဘယ်ကိစ္စမျိုးပဲ ဖြစ်ဖြစ် ကြံစည်နေရုံ စိတ်ကူးနေရုံနှင့်တော့ဖြင့် ပြီးစီးခြင်းသို့ မရောက်နိုင်ဘူး။ လုံ့လ ထုတ်ပြီး မပြဲ ဖြစ်အောင် အားထုတ် လုပ်ကိုင်မှသာ ပြီးစီးပါလိမ့်မယ်။ ဘယ်လောက်ပဲ အကြံ ကောင်း ဉာဏ်ကောင်းတွေ ရှိရှိ လုံ့လ မပါဘဲနှင့်တော့ ဘယ်တော့မှ ထမြောက် အောင်မြင်လိမ့်မယ် မဟုတ်ဘူးလို့ ဆိုလိုတာပါ။

ငယာကျားပဲ ဖြစ်ဖြစ်၊ မိန်းမပဲ ဖြစ်ဖြစ် ဒီသဘော ဒီအတွေးအမြင်ကို လက်ခံ ကျင့်သုံးမှသာ အောင်မြင် ထမြောက်ခြင်း၊ အလိုရှိတဲ့ အတိုင်း ကိစ္စ ပြီးမြောက် ခြင်းကို ရောက်နိုင်တယ်လို့ ဆိုလိုခြင်းပါပဲ။

ရွှေဟင်္သာတောရ ဆရာတော် ဘုရားကြီးက အထက်ပါ ဂါထာရဲ့ အနက်ကို ဖွင့်ဆိုရာမှာ

(က) အကယ်၍ ကြံစည်ခြင်း မရှိတာတောင် လုံ့လဖြင့် အားထုတ် လုပ်ကိုင် ရင် အကျိုး ပြီးစီးတယ်။

(ခ) တချို့က ဒီဂါထာကို ကံသာ ပဓာန၊ ကံမရှိရင် ဉာဏ်ရှိတိုင်း မွဲတယ်။ ကံမရှိဘဲ ကြံစည်နေလည်း အချည်းနှီးပဲ၊ အကျိုး မဖြစ်ဘူးလို့ အဓိပ္ပာယ် ကောက် ယူကြတာ မမှန်ပါဘူး။ အဋ္ဌကထာဖွင့် စကားနှင့် ဆန့်ကျင်တယ်လို့ ဖော်ပြပါ တယ်။ **

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ 'အစိန္တိတမ္ပိ ဘဝတိ' ဂါထာပါ အတွေး အမြင်ကို ရှေ့မှာ ဖော်ပြခဲ့တဲ့ သိပ္ပံပညာရှင်ကြီး သောမတ် အယ်ဒီဆင်လည်း ယုံကြည်ပါတယ်။ လုံ့လ အားထုတ်မှု မပါဘဲနှင့် အောင်မြင်ခြင်း ဆိုတာ မရှိဘူးလို့ သူ နိုင်မြဲစွာ ယုံကြည်ထားပါတယ်။ ဒါကြောင့်လည်း သူ လက်ကိုင်ထားပြီး ပြောလေ့ ရှိတဲ့ စကား တစ်ခု ရှိပါတယ်။ အဲဒါကတော့

'Genius is 1 percent inspiration and 99 percent perspiration'***

---

* *လောကနီတိဖွင့် အကျယ်လက်စွဲကျမ်း၊*
*ရွှေဟင်္သာတောရကျောင်း ဆရာတော် (ဟံသာဝတီ)*

** *လောကနီတိဖွင့် အကျယ်လက်စွဲကျမ်း၊*
*ရွှေဟင်္သာတောရကျောင်း ဆရာတော် (ဟံသာဝတီ) စာ ၁၄၄ - ၁၄၇*

*** *Men Who Changed The World - Egon Larsen. p 44*

ထူးကဲတဲ့ ဉာဏ်ရှင် (ပါရမီရှင်) ဆိုတာ အတွေးအကြံက ၁ ရာနှုန်းနှင့် ချွေးသံက ၉၉ ရာနှုန်း ပေါင်းစပ်ထားတဲ့ ပုဂ္ဂိုလ် သဘောကို ဆိုတာပါတဲ့။

သူဟာ ဒီစကားနှင့်အညီ အအိပ်အနေကို လျှော့ပြီး အချိန်များစွာကို အလုပ်ခွင်မှာ အားထုတ် လုပ်ကိုင်ရင်း ကုန်လွန်စေခဲ့ပါတယ်။

ကမ္ဘာကျော် ပြဇာတ်ရေးဆရာကြီး ဂျော့ဘားနတ်ရှောဟာလည်း အားထုတ်ခြင်း၊ ဇွဲစိတ်နှင့် မလျှော့တမ်း လုပ်ကိုင် ဆောင်ရွက်ခြင်းသာ ဘ၀ရဲ့ အောင်မြင်ရာ ဖြစ်တယ် ဆိုတာကို လက်တွေ့ ပြနိုင်သူ ဖြစ်ပါတယ်။

သူဟာ ကိုးနှစ်လုံးလုံး စာရေးခြင်းက ဝင်ငွေ တစ်ပြား တစ်ချပ်မှ မရဘဲ ဇွဲနှင့် စာရေးခဲ့တယ်။ 'စာရေးဆရာ ဆိုတာ စာရေးရမှာပဲ' ဆိုပြီး နေ့စဉ် စာကို ကြိုးစားရေးတယ်။ တစ်နေ့ကို အနည်းဆုံး စာလုံးရေ တစ်ထောင် ရေးတယ်။ စိတ်ပါသည် ဖြစ်စေ၊ မပါသည် ဖြစ်စေ ရေးဖြစ်အောင် ကြိုးစားပြီး နေ့စဉ်မှန်မှန် ရေးပါတယ် * တဲ့။

ထူးခြားတာက တစ်နေ့ကို စာလုံး ၁၀၀၀ ရေးရာမှာ တစ်ထောင် မပြည့်မချင်း ရေးတယ်။ တစ်ထောင်ပြည့်ရင် ရပ်တယ်။ ဝါကျ မဆုံးရင်လည်း နောက်နေ့မှ ဆက်ရေးတယ်တဲ့။ လေးနှစ် အတွင်းမှာ ဝတ္ထုကြီး လေးပုဒ် ရေးတယ်။ တစ်ပုဒ်မှ မနွံဘူး။

ဒါပေမယ့် သူ စိတ်ဓာတ် ကျသွားသလား ဆိုတော့ ဘယ်တော့မှ မကျဘူး။ ဒီစာမူတွေကို အကြိမ်ကြိမ် ပြင်ရေးပြီး ပုံနှိပ် ထုတ်ဝေသူတွေဆီကို ပြန်ပို့တယ်။ ဒါပေမယ့် ကိုးနှစ် ကြာတဲ့အထိ တစ်ပုဒ်မှ အလုပ်မဖြစ်ဘူး။ အပယ် ခံနေရပါတယ်။

နောက်ဆုံး တံဆိပ်ခေါင်းဖိုးတောင် အနိုင်နိုင် ဖြစ်လာပါတယ်တဲ့။ ဘားနတ်ရှောရဲ့ မလျှော့တဲ့ လုံ့လ၊ တွန့်ဆုတ်ခြင်း မရှိတဲ့ ဆန္ဒ၊ ပြင်းထန်တဲ့ ဇွဲတွေဟာ ချီးကျူးလောက်ပါရဲ့။

တကယ်တော့ ကုန်ဆုံးသွားတဲ့ ကိုးနှစ်ဆိုတဲ့ ကာလဟာ အချည်းနှီး ဖြစ်သွားတယ်လို့ မထင်သင့်ဘူး။ သူ ဒီလို ဇွဲနှင့် အထပ်ထပ် ကြိုးစားခဲ့လို့သာ နောင်အခါမှာ ပြောင်မြောက်တဲ့ ကမ္ဘာကျော် စာရေးဆရာကြီး ဖြစ်လာရခြင်း ဖြစ်ပါတယ်။

## ကျောက်ဖျာကြီးကို ရိုက်ခွဲခြင်း

လောကရဲ့ ခက်ခဲမှု ကြမ်းကြုတ်မှု ရက်စက်မှု စတဲ့ ဘေးရန် အန္တရာယ်တွေနှင့် ရင်ဆိုင်ကြရတဲ့ အခါ ဉာဏ်အမြင်လည်း ရှိပြီး မလျှော့တဲ့ ဇွဲလုံ့လ သတ္တိတွေနှင့်လည်း ပြည့်စုံသူဟာ မိမိချမ်းသာ မိမိ အကျိုးစီးပွားကိုသာ ဆောင်ရွက်နိုင်တာ

-----

* နိုဗယ်ဆုရ စာရေးဆရာကြီး ငါးဦး၊ ဘနင်း (စာပေဗိမာန်)၊ စာ ၇၇

မဟုတ်ပါဘူး၊ ဘဝခရီး သွားဖော်တွေရဲ့ အသက်ကိုတောင် မိမိရဲ့ အားထုတ်မှုနှင့် ကယ်တင်နိုင်တဲ့ သာဓကတွေလည်း ရှိခဲ့ဖူးပါတယ်။

'ဟိုရှေး အခါတုန်းက ဗာရာဏသီပြည်က ကုန်သည် လှည်းမှူးကြီး တစ်ယောက်ဟာ နောက်ပါ လှည်းသားငါးရာနှင့် အတူ ကြီးမား ကျယ်ပြန့်လှတဲ့ သဲကန္တာရကြီး တစ်ခုကို ဖြတ်သန်းပြီး ကုန်ကူးဖို့ သွားခဲ့ကြပါတယ်။ နေ့အခါမှာ သဲကန္တာရဟာ ပူပြင်းလွန်းတဲ့ အတွက် လှည်းကုန်သည်တွေဟာ နေ့အခါမှာ နား၊ ညဥ့်အခါမှာသာ ခရီး သွားကြရပါတယ်။ ကြယ်ကို ကြည့်ပြီး ခရီးလမ်း ညွှန်ပြတတ်တဲ့ လူဟာ တစ်ညဥ့်မှာ အိပ်ပျော်သွားတဲ့ အတွက် လှည်းတွေဟာ လမ်းမှား လမ်းပျောက်ပြီး ကန္တာရထဲမှာ တဝဲလည်လည် ဖြစ်နေကြပါတော့တယ်။ *

ဒီလိုနှင့် ပါလာတဲ့ ထင်း၊ ရေတွေလည်း ကုန်သွားပါရောတဲ့။ ရေ မရှိ၊ ထင်း မရှိလို့ အစားအစာကိုလည်း ချက်ပြုတ်စားလို့ မရတော့ဘူးပေါ့။ ဒီလိုနှင့် နွားတွေ လူတွေ အားလုံး ဝေါ်မွတ်ပြီး သေရတော့မလို အဖြစ်မျိုးနှင့် ကြုံကြရပါတယ်။

ဒီအခါ လှည်းမှူးရဲ့ စိတ်ထဲမှာ ငါ လုံ့လ မပြု၊ ဝီရိယကို လျှော့ပြီး ပျင်းရိနေလို့တော့ မဖြစ်ဘူး။ တခြားလူတွေလို ငါ နေရင် အားလုံး သေကျေ ပျက်စီးကုန်ကြတော့မယ်လို့ ကြံစည်ပြီး ပတ်ဝန်းကျင် အခြေအနေတွေကို လှည့်လည်ပြီး လေ့လာပါတယ်။

တစ်နေရာ ရောက်တော့ သဲကန္တာရထဲမှာ နေစာမြက်ကလေးတွေ ပေါက်နေတဲ့ နေရာ တစ်ခုကို သွားတွေ့တယ်။ အင်း ဟုတ်ပြီ၊ ဒီနေရာရဲ့ အောက်မှာတော့ ရေရှိမှာပဲ၊ အောက်မှာ ရေရှိလို့သာ ဒီမြက်ပင်တွေ ပေါက်ကြတာပဲလို့ အောက်မေ့ပြီး လူတွေကို ခေါ်တူးခိုင်းပါတယ်၊ အတောင် ခြောက်ဆယ်လောက် အောက်ကို တူးမိတော့ အောက်မှာ ရေကို မတွေ့ဘဲနှင့် ကျောက်ဖျာကြီး တစ်ခုကို သွားတွေ့တယ်။ ဒီတင် အဖော် လှည်းကုန်သည်များဟာ ဟင်ခနဲဖြစ်ပြီး အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားကြပါတော့တယ်။ ရေငတ်လို့ မောရတဲ့အထဲ ပင်ပန်းတာ အဖတ်တင်တာပေါ့။ ရေတွင်းတူးကြတဲ့ ပေါက်တူးသမားတွေဟာ နောက်ထပ် ဆက်ပြီး ကြိုးပမ်းချင်တဲ့ စိတ်လည်း မရှိကြတော့ဘူး။ ဝီရိယကို လျှော့လိုက်ကြပါတော့တယ်။

ဘုရားလောင်း ဖြစ်တဲ့ လှည်းမှူး ကုန်သည်ဟာ ကြုံတွေ့လာရတဲ့ အခက်အခဲကို ရင်ဆိုင် ဖြေရှင်းဖို့ နည်းလမ်းကို စဉ်းစားလိုက်ပါတယ်။ သူ့ စိတ်ထဲမှာ အောက်မှာ ရေမရှိဘဲနှင့် မြေပေါ်မှာ မြက်မပေါက်နိုင်ဘူး ဆိုတဲ့ အကျိုးအကြောင်း ဆက်နွှယ်မှုကို သဘော ပေါက်ထားပါတယ်။ ရေမရရင် လူအားလုံး သေကျေပျက်စီး ကြရတော့မယ်ဆိုတဲ့ အဖြစ်ကိုလည်း မြင်တယ်။ ဒါကြောင့် ဘယ်နည်းနှင့်မှ ဝီရိယကို မလျှော့ဘူး။ အောက်မှာ ရေရှိတယ်၊ ဒီရေကို မရမချင်း လက်

---

* ငါးရာငါးဆယ် ဇာတ်ဝတ္ထု၊ ၁ အပဏ္ဏကဝဂ်၊ ၂ ဝဏ္ဏုပထဇာတ်

မလွှတ်ဘူး ဆိုတာ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ ပြီးတော့ မြေတွင်းထဲကို သူကိုယ်တိုင် ဆင်းကြည့်ပါတယ်။

ကျောက်ဖျာကြီးပေါ် ရောက်တော့ ကျောက်ဖျာကို သူ့နားနှင့် ကပ်ပြီး နားထောင်ကြည့်တယ်။ ကျောက်ဖျာအောက်မှာ ရေစီးနေတဲ့ အသံ တသောသောနှင့် မြည်နေတာကို ကြားရတယ်။ ဒီလို ရေစီးသံကိုလည်း ကြားရော မြေပြင်ပေါ်ကို ပြန်တက်လာပြီး သူ့ အလုပ်အကျွေး လူငယ်ကို ပြောတယ်။

'အမောင် မင်း ဝီရိယကို မလျှော့နှင့်နော်၊ တို့ ဝီရိယကို လျှော့လိုက်ရင် လူအားလုံး အသက် ဆုံးရှုံး ကြရလိမ့်မယ်၊ ကြားလား၊ ရော့ ဒီသံတူကြီးကို ယူသွား၊ ကျောက်ဖျာကို ဒီတူကြီးနှင့် ရိုက်ခွဲ၊ ကျောက်ဖျာ ကွဲအက်တာနှင့် ရေတွေ ပန်းထွက်လာမှာပဲ' လို့ အသေအချာ ပြောပြီး ခိုင်းတယ်။ လူငယ်လည်း လှည်းမှူး ပြောဆိုတဲ့ အတိုင်း မလျှော့တဲ့ ဖွဲလုံ့လနှင့် ကျောက်ဖျာကြီးကို သံတူကြီးနှင့် ရိုက်ခွဲပါတယ်။ နောက်ဆုံးတော့ ကျောက်ဖျာ အလယ်က ကွဲပြီး ကျသွားပါတော့တယ်။ အောက်မှာ စီးနေတဲ့ မြေတွင်းစမ်းကို ကျောက်ဖျာ အကွဲက ကန့်လန့် ကာလိုက်တဲ့ အတွက် ရေတွေဟာ အပေါ်ကို ပန်းထွက်လာတာပေါ့။ ဒီအခါမှာတော့ လူရော နွားတွေပါ ရေတွေကို အဝသောက် ချိုးရပါတော့တယ်။

## အစမ်းခံ ဘဝသမားတို့၏ နောက်မဆုတ်မှု ဇွန့်စားမှု

ဒုက္ခမျိုးစုံရဲ့ အစမ်းအသပ်ကို ခံကြရမယ့် ဘဝ ရွှေတောင်တက်သမားတို့ရဲ့ ကိစ္စပြီးစီးမှု အားလုံးဟာ ရှေ့သို့သွားခြင်း နောက်သို့ ပြန်မဆုတ်ခြင်းဘဲ ဖြစ်ပါတယ်။

ဥဿဟ လက္ခဏာလို့ ခေါ်တဲ့ အားထုတ်မှုဆိုတာ မိမိတို့မှာ ရှိတဲ့ ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသမျှကို အသုံးပြုခြင်းကို ပြဆိုပါတယ်။

ဒီနေရာမှာ မြန်မာလူမျိုးတို့ရဲ့ ပျော့ညံ့မှု တစ်ခုကို ဖော်ပြတဲ့ စကား တစ်ခု ရှိပါတယ်။ မပြီးခင် ဗမာ (မြန်မာ) မမြင်စေနှင့် ဆိုတဲ့ စကားပါ။ ဒီစကားဟာ မြန်မာတို့ရဲ့ အားလျှော့တတ်တဲ့ သဘော၊ တွန့်ဆုတ်တတ်တဲ့ သဘောကို ဆိုခြင်း ဖြစ်ပါလိမ့်မယ်။

အလုပ်တစ်ခုဟာ မပြီးသေးခင် ရှုံးမယ် မြတ်မယ် ဆုံးဖြတ်လို့ မရသလို၊ မပြီးသေးဘဲ တစ်ဝက်တစ်ပျက်နှင့် လက်လျှော့လိုက်မယ် ဆိုရင်တော့ ဘယ်အလုပ်မျိုးမှ ပြီးဆုံးအောင် လုပ်လို့လည်း ရတော့မှာ မဟုတ်ဘူး။

ဒါကြောင့် ဝီရိယကို အားကိုးတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်အလုပ်ကိုပဲ လုပ်လုပ် ပြီးစီးအောင် လုပ်ဖို့ လိုပါလိမ့်မယ်။ အကြံဆို ရဲမှ၊ အလုပ်ဆို မြဲမှ ဆိုတဲ့ လူကြီးစကားများလည်း ရှိပါတယ်။ မပြီးစီး မဖြစ်မြောက်ရင် နောက်မဆုတ်ဘူး ဆိုတဲ့ သန္နိဋ္ဌာန်ရှိတဲ့ အခြင်းအရာကိုသာ ဖွဲလုံ့လလို့ ခေါ်တယ် မှတ်ပါ။ 'ငုပ်မိသဲတိုင်

တက်နိုင် ဖျားရောက်' ဆိုတဲ့ မြန်မာ စကားပုံဟာ အစမ်းခံဘဝသမား ရွှေတောင်တက်သမားတွေရဲ့ လက်သုံးစကား ဖြစ်ပါတယ်။

ဒီနေရာမှာ ရာမာကရစ်ရှနာရဲ့ ပုံဝတ္ထုကလေး တစ်ပုဒ်ကို သတိရလို့ ပြောပြချင်ပါတယ်။

ရှေးအခါတုန်းက ရေတွင်း တူးချင်တဲ့ လူတစ်ယောက်ဟာ မြေရဲ့ ကြန်အင်လက္ခဏာတွေကို နားလည်တယ်လို့ ကျော်ကြားတဲ့ လူတစ်ဦးဆီ သွားပြီး ဘယ်နေရာမှာ ရေတွင်းတူးရင် ရေမြန်မြန် ရမလဲလို့ မေးပါတယ်။ အဲဒီလူက ဒီနေရာမှာ တူးလို့ ဆိုပြီး ရေတွင်း တူးရမယ့် မြေတစ်ကွက်ကို ပြပါတယ်။ ယောက်ျားလည်း အားပါးတရ ဝီရိယနှင့် တူးတာပေါ့။ ဆယ့်ငါးတောင်လောက်တောင် ရှိပြီ ရေကိုလည်း မတွေ့ရတာနှင့် စိတ်ပျက်ပြီး ဒီနေရာမှာ ဆက်တူးဖို့ကို လက်လျှော့လိုက်ပါတယ်။ *

ဒီအချိန်မှာ သူ့အနားကို လူတစ်ယောက် ရောက်လာပြီး ဘာတူးနေတာလဲ မိတ်ဆွေလို့ မေးတယ်။ ဒီတော့ သူက 'ရေတွင်း တူးနေတာဗျာ၊ ဆယ့်ငါးတောင်လောက်တောင် ရှိပြီ၊ ရေလည်း အစအနတောင် မတွေ့ရဘူး၊ စိတ်မောလူမောပဲ' လို့ ဖြေတယ်။

ဒီတော့ ရောက်လာသူက 'ဟာ ဒီနေရာမှာ တူးလို့ ဘယ်ကလာ ရေထွက်ပါ့မလဲ၊ ဒီနေရာနှင့်စာရင် ဟိုနေရာကတောင် ပိုပြီး ရေထွက် မြန်ဦးမယ်၊ မယုံရင် တူးကြည့်ဗျာ' လို့ ဆိုတယ်။

ရေတွင်းတူးသမားလည်း ဒုတိယ ပုဂ္ဂိုလ် ညွှန်ပြရာကို သွားပြီး အားရပါးရ တူးပြန်တယ်။ ဒီတစ်ခါမှာတော့ အတောင် နှစ်ဆယ် နက်တဲ့ အထိ တူးတယ်။ ဒါပေမယ့် ရေကို မတွေ့ရတော့ဘူး။ ဒီတော့ ပိုစိတ်ပျက်သွားတာပေါ့။ ဒီအချိန်မှာ နောက်လူတစ်ယောက် ရောက်လာပြန်တယ်။

သူကတော့ ပိုပြီး ကြီးကျယ်တဲ့ စကားတွေ ပြောတယ်။

'ကိုယ့်လူက ဘူမိဗေဒ သဘောလည်း ဘာမှန်းမသိတဲ့ လူတွေ ပြောတာကို လျှောက်လိုက်လုပ်နေတော့ မောတာပေါ့၊ ရေ ဘယ်ရမလဲ၊ ခု ကျုပ်ပြောဟဲ့ နေရာမှာ တူးကြည့်၊ ရေထွက် မြန်ကို မြန်ရမယ်၊ စိတ်ချ' ဆိုပြီး နောက်တစ်နေရာကို ညွှန်ပြန်တယ်။ ယောက်ျားလည်း ဟုတ်နိုးထင်ပြီး တူးပြန်တယ်။ အတောင်သုံးဆယ်နက်တဲ့အထိ ရေမရဘူး။ ဒီတင်ပိုပြီး စိတ်ပျက် အားလျှော့မိတာပေါ့။

ဒီအချိန်မှာပဲ စတုတ္ထ လူတစ်ယောက် ရောက်လာပြန်တယ်။ ဒီအခါမှာတော့ ရေတွင်းတူးသမားလည်း ပါးသွားပြီ။ ထိုလူမေးတာတောင် မစောင့်တော့ဘူး၊ သူက ဦးအောင် ပြောလိုက်တယ်။

-----------------------

* *ရာမာကရစ်ရှနာ ပုံပြင်များ၊ စာ ၉၈–၁၀၁*

'ဘာလဲ ဆရာကြီး၊ ခင်ဗျားလည်း ရေမြန်မြန် ထွက်တဲ့ နေရာကို ပြဦးမလို့လား၊ ကျုပ်ကတော့ ဘယ်သူ့ စကားကိုမှလည်း လက်သင့် မခံချင်တော့ဘူး၊ ရေတွင်း တူးချင်စိတ်လည်း ကုန်ပြီ' တဲ့။

ဒီတော့ ထိုပုဂ္ဂိုလ်က စိတ်အေးလက်အေး ပြန်ပြောတယ်။

'အေးလေ ကျုပ်စကားကို ဟုတ်တယ် ထင်ရင်တော့ မင်း လုပ်ကြည့်ပေါ့၊ ငါကတော့ မင်းကို အတောင် ဘယ်လောက် တူးပါလို့ မပြောဘူး၊ ငါ ပြတဲ့ နေရာမှာသာ မင်း တစ်တောင် နှစ်တောင်လောက် တူးကြည့်ပါ' ဆိုပြီး တစ်နေရာကို ပြပြန်တယ်။

ယောက်ျားကလည်း တစ်တောင် နှစ်တောင် ဆိုတော့ မဆိုးပါဘူး ဆိုပြီး တူးပြန်တယ်။ ဆယ်တောင်လောက် ရောက်တာတောင် ရေမထွက်ဘူး၊ ဒီတင် ယောက်ျားလည်း စိတ်ပျက်ပြီး ပေါက်တူးကိုပါ လွှင့်ပစ် လိုက်ပါတော့တယ်။ အမှန်တော့ ယခု သူ တစ်ဝက်တစ်ပျက်နှင့် လက်လွှတ် စွန့်ပစ်ခဲ့တဲ့ ရေတွင်းတွေ တူးမယ့်အစား တစ်နေရာတည်းမှာသာ နက်နက် တူးမယ်၊ စူးစူးစိုက်စိုက် ရေမထွက်မချင်း တူးမယ်ဆိုရင် ရေကို မုချ ရမှာပါ။

ဝီရိယ အရာမှာ ပျင်းရိခြင်း (ကောသဇ္ဇ) ဟာ အဖျက်တရား ဖြစ်သလို နောက်မဆုတ်မှု စွန့်စားမှု သည်းခံမှု ရှိမှလည်း ကိစ္စ ပြီးမြောက်ခြင်း အဆုံးကို ရောက်ရပါလိမ့်မယ်။

တွန့်တို ဆုတ်နစ်မှု မရှိတဲ့ အားထုတ်မှုကိုသာ မှန်ကန်တဲ့ လုံ့လ ခေါ်ပါတယ်။ မှန်ကန်တဲ့ လုံ့လကို 'သမ္မပ္ပဓာန်' လို့ ခေါ်ပါတယ်။ အသွေးအသား ကုန်ခန်းပြီး အရိုးကြေကြေ အရေခန်းခန်း နောက်မဆုတ်တမ်း ကြိုးပမ်းမယ် ဆိုတဲ့ သဘောကို ဆိုတာပါ။

## လွန်သော ဝီရိယ နှင့် ပျံ့လွင့်သော စိတ်

ဘဝ ရွှေတောင်တက်သူဟာ ဣန္ဒြေတရားများကို လွန်ကဲမှု မရှိအောင်လည်း သတိပြုဖို့ လိုပါတယ်။ သတိပဋ္ဌာန် နိဿယမှာ ဆရာတော် ဦးဖုဏ်က

သဒ္ဓါ လွန်လျှင် ကွန့်သည်
ပညာ လွန်လျှင် ဆွံ့သည်
ဝီရိယ လွန်လျှင် ပြန့်သည်
သမာဓိ လွန်လျှင် တွန့်သည်
သတိမူကား လွန်သည် မရှိ * လို့ ရေးသား ညွှန်ပြတော် မူပါတယ်။

-------------------------

* *လူသားတို့၏ ထွက်ရာလမ်း၊ စာ ၄၀၀*

နောက်မဆုတ်တမ်း အားသွန် ကြိုးပမ်းရာမှာ ဝီရိယကို မလွန်ကဲအောင်လည်း သတိ ပြုသင့်ပါတယ်။ ဝီရိယဟာ တက်ကြွ လှုပ်ရှားတဲ့ သဘော ဖြစ်တယ်။ ဒါကြောင့် ဝီရိယ လွန်ကဲပြီး တက်ကြွ လှုပ်ရှားမှု များရင် စိတ် မငြိမ်မသက် ပျံ့လွင့်မှု ဥဒ္ဓစ္စဘက်ကို ရောက် သွား တတ် ပါ တယ်။ ဒါကြောင့် ဝီရိယကို အားထုတ်တဲ့ အခါ တည်ကြည်တဲ့ သမာဓိနှင့် ညှိဖို့ လိုတယ်လို့ ကျမ်းဂန်မှာ ဖော်ပြပါတယ်။

ဝီရိယ လွန်နေတဲ့ အတွက် မြတ်စွာဘုရားရဲ့ တရားရွှေတိုက်စိုးကြီး ဖြစ်တဲ့ အရှင်အာနန္ဒာ အဖြစ်ကို သတိရပါတယ်။

အရှင် အာနန္ဒာဟာ မြတ်စွာဘုရား သက်တော် ထင်ရှား ရှိစဉ်က ကျန်ရဟန်း သံဃာ များစွာတို့ အသီးသီး ရဟန္တာ ဖြစ်ကြတယ်။ အရှင် အာနန္ဒာကတော့ ရဟန္တာ မဖြစ်ခဲ့ပါဘူး။

ဘုရားသခင် ပရိနိဗ္ဗာန် ပြုပြီးတဲ့နောက် ပထမ သင်္ဂါယနာ တင်တဲ့အခါ ရဟန်းတော် ငါးရာဟာ ရဟန္တာ ဖြစ်ပြီး အရိယာ သံဃာတော်များ ဖြစ်ကြသော်လည်း အရှင် အာနန္ဒာ တစ်ပါးသာ ကိစ္စမပြီး ရှိနေခဲ့ပါတယ်။

ဒါကြောင့် သံဃာများ အလယ်မှာ 'ငါတို့ အစည်းအဝေးထဲ ကိလေသာ အဆိပ်ရနံ့ လှိုင်တဲ့သူ တစ်ဦး ရှိဦးမှာပဲ' ဆိုတဲ့ ပြက်ရယ်စကား ဖြစ်ပေါ်လာခဲ့ပါတယ်။ *

ဒီအခါ အရှင် အာနန္ဒာဟာ မနက်ဖြန်လည်း သင်္ဂါယနာ ပွဲကြီး စတော့မယ်၊ မိမိမှာလည်း ရဟန္တာ မဖြစ်သေးတဲ့ အတွက် ညဉ့်တွင်းချင်း ရဟန္တာ ဖြစ်အောင် ကျင့်မယ် ဆိုပြီး ကြိုးစားပါတယ်။ ညဉ့်ဦးယံကနေ မိုးသောက်ယံ အထိ တရားထူး မရဘူး။ ဘုရားသခင်ကတော့ ကမ္မဋ္ဌာန်းတရားကို အားထုတ်ပါ၊ မုချ တရားထူးကို ရမယ်လို့လည်း မိန့်တော်မူဖူးတယ်။ ငါ ဝီရိယ လွန်မနေပြီလား မသိ၊ ဝီရိယနှင့် သတိကို မျှအောင် လုပ်ဦးမှ ဆိုပြီး စင်္ကြံလျှောက်ရာက ကျောင်းတွင်း ဝင်ပြီး အပန်း ဖြေမယ်လို့ အိပ်ရာ ညောင်စောင်း ထက်မှာ ထိုင်ပြီး ခန္ဓာ ငါးပါးကို ဆင်ခြင်ရင်း ကိုယ်တော်ကို လဲလျောင်းလိုက်တဲ့ အခိုက် ခြေတော်ကို မြေမှ အကြွ ဦးခေါင်းတော်က ခေါင်းအုံးပေါ်သို့ မကျမီမှာ အထက် မဂ်သုံးတန် ရပြီး အရဟတ္တဖိုလ်သို့ ရောက်တော်မူပါတယ်။

ဒါကြောင့် သာသနာတော်မှာ လျောင်းစဉ်လည်း မဟုတ်၊ ထိုင်စဉ်လည်း မဟုတ်၊ ရပ်စဉ်လည်း မဟုတ်၊ သွားစဉ်လည်း မဟုတ်၊ ဣရိယာပုတ် လေးပါးက လွတ်ကွာလျက် ရဟန္တာ ဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ အရှင် အာနန္ဒာ တစ်ပါးသာ ရှိတယ်လို့ ဆိုရိုး ဖြစ်ပါတယ်။

---

* *ဓိနတ္တပကာသနီ၊ စာ ၅၂၂*

သဘောကတော့ ဝီရိယကို အားထုတ်တဲ့အခါ စိတ်တင်းမှု မရှိဘဲနှင့် နဂို စိတ်ကလေးနှင့်ပဲ ဖေါ့ပေါ့ပါးပါး ဆောင်ရွက်နိုင်ရမယ်လို့ နားလည်သင့်ပါတယ်။

ဒီသဘောကို လက်တီ ပဏ္ဍိတ ဆရာ ဦးမောင်ကြီးကတော့ အားစိုက်ရခြင်းထက် အားမစိုက်ရခြင်းကို ပိုပြီး ချီးမွမ်းထိုက်တယ်လို့ ဆိုပါတယ်။* အထူးအား မစိုက်ရဘဲ သက်သက်သာသာ ဆောင်ရွက်နိုင်ရမယ်လို့ ဆိုတာပါ။ အရှည်ကြီးစားနိုင်ဖို့ အရှည် တည်တံ့နိုင်ဖို့ အတွက် မနိုင်ဝန်ကို မထမ်းသင့်ဘူး။ ဟန်လွဲရုံနှင့် ပြီးစေရမယ်လို့ ဆိုပါတယ်။

အမှန်ကတော့ ဘဝရဲ့ အစမ်းကို ခံနိုင်ဖို့ကတော့ ရွှေတောင်တက်သမားတိုင်းဟာ အားမစိုက်ဘဲ သက်သက်သာသာ ဆောင်ရွက်နိုင်ဖို့ အရေးကြီးပါတယ်။

❑

-----

* သုရဿတိ နီတိ၊ ဏ ၃၀

## ကဏ္ဍ [ခြောက်]

### မုန်တိုင်းကြားက ကျောက်ဆောင်

- ဘ၀ချမ်းသာ နှင့် ဆန့်ကျင်ဘက် တရားများ
- စိတ်တစ်ခုပြီး အားလုံးပြီးလိမ့်
- ဘယ်လိုလူ အောင်မြင်သလဲ
- ဒေါက်တာ အဲလဗတ် ရှိုင်ဇာ
- လှုပ်ရှားသော စိတ်နှင့် တည်ငြိမ်သော စိတ်
- စိတ်အလိုလိုက်သော မေဃိယရဟန်း
- ပဏ္ဍုသကို ဟောကြားသော သမာဓိ၏ အင်အား

ရှစ်ဖြာ လောကဓံ၊ ဆက်ဆံရစ်ငွေ့
ကြုံလေတွေ့လည်း၊ ခါ၍မခုန်
မတုန်မလှုပ်၊ စောင့်ချုပ်မယိမ်း
မတိမ်းမပြို၊ ထိုပုဂ္ဂိုလ်၏
နဂိုတည်ကြည်၊ စိတ်မြတ်သည်လည်း
တစ်မည် မင်္ဂလာ။ *

## ဘဝ ချမ်းသာ နှင့် ဆန့်ကျင်ဘက် တရားများ

တစ်ခါတုန်းက မြတ်စွာဘုရားဟာ ဝေဠုဒွါရ ဆိုတဲ့ ရွာကြီး တစ်ရွာကို ဒေသစာရီ ကြွသွားတော် မူခဲ့ပါတယ်။ ဝေဠုဒွါရ ရွာဟာ ရောင်းရေးဝယ်တာများနှင့် အလွန် စည်ကားပါတယ်။ ဒီရွာမှာ ဆင်းရဲမွဲတေသူ မရှိဘူး။ ရွာသား အားလုံးဟာ ချမ်းသာ ကြွယ်ဝကြပါတယ်။ လောကီ စည်းစိမ်တွေ ပြည့်စုံတာနှင့်အမျှ ရွာသူ ရွာသား တွေဟာ ဒါန သီလ ဘာဝနာ ဆိုတဲ့ ကုသိုလ်ရေး ကိစ္စတွေမှာလည်း စည်းစည်း လုံးလုံး တက်တက်ကြွကြွ ဆောင်ရွက်ကြပါတယ်။ **

ဝေဠုဒွါရ ရွာကို မြတ်စွာဘုရား ကြွလာတယ် ဆိုတော့ တစ်ရွာလုံး အုန်း အုန်းကျွက်ကျွက် သောင်းသောင်းဖြဖြ ကြိုဆိုပြီး ပူဇော်ပွဲကြီးကို တခမ်းတနား ပြုလုပ်ကြပါတယ်။

ပူဇော်သက္ကာ ပြုပြီးတဲ့ အခါ ဒီရွာသားများက မြတ်စွာ ဘုရားကို ထူးထူး ခြားခြား မေးခွန်း တစ်ခုနှင့် လျှောက်ထား ကြ ပါတယ်။ ဘယ်လို လျှောက်ထား ကြပါသလဲ ဆိုတော့

'အို ရှင်တော်မြတ် ဘုရား၊ တပည့်တော်တို့ ဝေဠုဒွါရ ရွာသားတွေဟာ လူ့ လောကမှာ လူသားတွေ ခံစားသင့် ခံစားထိုက်တဲ့ လူ့စည်းစိမ်ချမ်းသာ အလုံးစုံကို သဘောရှိ စိတ်တိုင်းကျ ခံစားရပါပြီ ဘုရား။

'ဒါပေမယ့် တပည့်တော်တို့ စိတ်မှာ ဒီဘဝက စုတေ သေလွန်ပြီးတဲ့ အခါ မှာလည်း ဒီထက်မက ကောင်းမွန် မြင့်မြတ်လှတဲ့ နတ်စည်းစိမ် ချမ်းသာမျိုးကို ခံစားလိုတဲ့ ဆန္ဒများ ရှိကြပါတယ် ဘုရား၊ အရှင်မြတ်ဘုရား တပည့်တော်တို့အား ကောင်းမြတ်လှတဲ့ နတ်ရွာသုဂတိ ရောက်ကြောင်း အကျင့်ကောင်း တရားများ

---

* *မင်္ဂလသုတ်ပျို့၊ မုံရွေးဆရာတော် (သုဓမ္မဝတီ) စာ ၂၀*

** *သံယုတ် ပါဠိတော်၊ ဝေဠုဒွါရဃျသုတ် (မေတ္တာကျမ်း၊ ဦးနာရဒမှ ယူပါသည်။)*

ရှိရင် ဟောကြားတော်မူပါ အရှင်မြတ်ဘုရား' တဲ့။ အဲဒီလို ပွင့်ပွင့်လင်းလင်း မိမိတို့ ရင်ထဲ ရှိတဲ့အတိုင်း မခြွင်းမချန် လျှောက်ထားခဲ့ကြဖူးပါတယ်။

မြတ်စွာဘုရား ကလည်း ဝေဠုဒ္ဒါရ ရွာသားများကို သတ္တဝါတွေဟာ ဖြစ်ရာဘုံဘဝတိုင်းမှာ ဘဝရဲ့ ချမ်းသာသုခကို အလိုရှိကြလို့ ရှိရင် ရှောင်ကြဉ်အပ်တဲ့ အကျင့် (၇) မျိုး ရှိတယ်။ အဲဒီ (၇) မျိုးကတော့

(၁) သူတစ်ပါး အသက်ကို ညှဉ်းဆဲ သတ်ဖြတ်ခြင်း အကျင့်၊

(၂) သူတစ်ပါး အိမ်ထောင်သားမယားကို ကျူးလွန်တဲ့ အကျင့်၊

(၃) သူတစ်ပါး ဥစ္စာပစ္စည်းကို မပေးဘဲ အဓမ္မခိုးယူတဲ့ အကျင့်၊

(၄) သူတစ်ပါး အကျိုး ပျက်စီးအောင် မဟုတ်မမှန် ပြောဆိုတဲ့ အကျင့်၊

(၅) သူတစ်ပါး နားမခံသာအောင် ကြမ်းတမ်းစွာ ပြောဆိုတဲ့ အကျင့်၊

(၆) သူတစ်ပါးစိတ်ဝမ်းကွဲ အပေါင်းအသင်းပျက်အောင် ကုန်းတိုက်တဲ့အကျင့်၊

(၇) သူတစ်ပါး စီးပွားမဲ့ ဖြစ်စေတဲ့ သိမ်ဖျင်းတဲ့ စကားကို ပြောဆိုတဲ့ အကျင့်တွေ ဖြစ်ပါတယ်။ ဒီအကျင့်တွေက ဘာကြောင့် ရှောင်သင့်သလဲလို့ ဆိုတော့

(၁) ဒီလို အကျင့်မျိုးတွေ မိမိ အပေါ်မှာ ကျင့်လာရင် မိမိလည်း မကြိုက်မနှစ်သက်ဘူး၊

(၂) ကိုယ်က ဒီလိုမျိုး ပြုမူ ပြောဆို ကျင့်ကြံလို့ရှိရင် သူတစ်ပါးကလည်း ကြိုက်နှစ်သက်မှာ မဟုတ်ဘူး၊

(၃) ဒီလို အပြုအမူ အပြောအဆို အကျင့်အကြံတွေဟာ ချမ်းသာ စီးပွား ဖြစ်ကြောင်း တရားတွေ မဟုတ်ဘူး၊ ချမ်းသာစီးပွား ပျက်ဖို့ အကြောင်းများသာ ဖြစ်တယ်၊

ဒါက ဝေဠုဒ္ဒါရ ရွာသားများကို ဘဝချမ်းသာ တစ်စုံတစ်ခုကို အလိုရှိရင် လူသတ္တဝါတွေ ကျင့်အပ်တဲ့ တရားရဲ့ အကျဉ်းသဘောမျှကို တင်ပြခြင်း ဖြစ်ပါတယ်။

တကယ်တော့ ဝေဠုဒ္ဒါရ ရွာသားတွေသာမက သတ္တဝါ မှန်သမျှဟာ မိမိတို့ ဖြစ်ရာ ဘဝမှာ 'ဘဝရဲ့ ချမ်းသာ သုခ' ဆိုတာကို လိုချင် ကြ တာ ချည်း ပါ ပဲ။ တကယ်လို့ ဖြစ်နိုင်မယ် ဆိုရင် ဒီဘဝမှာ သာမက နောင်ဖြစ်ရဦးမယ့် သံသရာဘဝများမှာလည်း ဆင်းရဲဒုက္ခ ရောပြွမ်းတဲ့ ဘဝကို မလိုချင်ကြပါဘူး။ ချမ်းသာသုခ ပြည့်စုံတဲ့ ဘဝမျိုးကိုပဲ တောင့်တကြမှာပါပဲ။ ဒီလို တောင့်တခြင်းဟာ အပြစ်ကင်းတဲ့ တောင့်တခြင်းပါပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ သတ္တဝါ မှန်သမျှဟာ ဖြစ်ရာဘဝမှာ အမြင့်ဆုံး အမြတ်ဆုံးကို မျှော်လင့်သင့်လို့ပဲ ဖြစ်ပါတယ်။ ဘဝရဲ့ သမ္ပတ္တိအတက်လမ်းကို မျှော်မှန်းတဲ့ ဆန္ဒမျိုးကို အထူးသဖြင့် ဘဝ ရွှေတောင်တကဲသမားတွေက ပိုပြီး ခိုင်ခိုင်မာမာ ဆောက်တည် ထားသင့်လို့ပဲ ဖြစ်ပါတယ်။

သို့သော် ဘဝရဲ့ သဘောက မိမိတို့ တောင့်တတိုင်း အသင့်ပြီးတဲ့ သဘောမဟုတ်ဘူး။ တောင့်တတဲ့အတိုင်း ပြီးချင်ရင် ဒီလို အလို ပြီးစီးစေမယ့် နည်းလမ်း

တွေကိုလည်း ရှာရတယ်။ နည်းလမ်း သိရုံနှင့်လည်း မပြီးဘူး။ ဒီနည်းလမ်းတွေ အတိုင်း ကျင့်ကြံ ပြုမူတဲ့အခါ ဖျက်လိုဖျက်ဆီး လုပ်လာဦးမယ့် အဖျက်အဆီးတွေ အခက်အခဲတွေ ရန်သူတွေကို ပယ်ရှင်းပစ်ဖို့လည်း ကြိုးစားရဦးမယ်။ ရန်အန္တရာယ် တွေကိုတော့ ပယ်ရှင်းနိုင်ပြီ၊ ဒါပေမယ့် ချက်ချင်း အလိုပြီးမယ်လို့ တွက်လို့ မရ သေးဘူး။ ချွတ်ချော်မှုတွေ မှားယွင်းမှုတွေ မပြည့်စုံမှုတွေနှင့် စိတ်ဓာတ် ကျစရာ တွေက ကြုံရဦးမယ်။

ဒီလိုအခါမှာ မိမိရဲ့ ဦးတည်ချက် လွဲမသွားဖို့၊ မိမိရဲ့ စိတ်ဓာတ် ကျမသွားဖို့၊ ယိမ်းယိုင် တွေဝေ မသွားဖို့၊ တွန့်ဆုတ်တဲ့ စိတ်မျိုးတွေ ဝင်လာတာကို လက်မခံ မိဖို့ကလည်း လိုသေးတယ်။ ရွှေတောင်တက်သမားရဲ့ စိတ်ထဲမှာ ငါ အလိုရှိအပ် နှစ်သက်အပ်တဲ့ ဘဝရဲ့ ချမ်းသာသုခကို မရမချင်း နောက်မဆုတ်ဘူး၊ မရရအောင် လုပ်မယ် ဆိုတဲ့ စိတ်အဓိဋ္ဌာန်နှင့် ပွားများ အားထုတ်မှုလည်း လိုပါတယ်။

ဒါ့အပြင် ဘဝခရီးရဲ့ သဘောကို စူးစမ်းဖို့လည်း လိုပါလိမ့်ဦးမယ်။ ဘဝရဲ့ သဘောကို စူးစမ်းမှု ဆိုတာကတော့ တခြား မဟုတ်ပါဘူး။ လောက သဘာဝ လူ့သဘာဝတွေကို ဟုတ်တိုင်းမှန်စွာ နားလည်အောင် သိမြင်အောင် အားထုတ်ခြင်း ကို ဆိုတာပါပဲ။

ဘဝရဲ့ တကယ့် သဘောမှန်ကို သိမှသာ ဘဝ ချမ်းသာသုခကို ရရှိမှု၊ ဘဝ အောင်မြင်မှုရဲ့ နည်းလမ်း အမှန်တွေကို သိမြင် နားလည်နိုင်လို့ပဲ ဖြစ်ပါတယ်။

ဘဝရဲ့ သဘောဟာ မိမိတို့ တောင့်တတိုင်း ပြီးတဲ့သဘော မရှိဘူးလို့ ဆိုခဲ့တဲ့ အကြောင်းကို ရှင်းပြဖို့ လိုပါလိမ့်မယ်။

အထက်မှာ မုံရွေး ဆရာတော် ဘုရားကြီး ရေးစပ်တော်မူတဲ့ မင်္ဂလသုတ် ပျို့ထဲက ကဗျာကလေး တစ်ပုဒ်ကို တင်ပြထားတာ သတိ ပြုမိပါလိမ့်မယ်။

ဒီကဗျာကလေးရဲ့ သဘောကတော့ လူတွေဟာ ဘဝ ခရီး တစ်လျှောက်မှာ အကျိုး အမြတ် ရတဲ့အခါ ရလိုက်၊ အကျိုး အမြတ် မရဘဲ အရှုံး ထွက်တဲ့အခါ ထွက်လိုက် ဆိုတဲ့ (လာဘော အလာဘော) သဘောမျိုးလည်း ရှိတတ်ပါတယ်။ ထင်ပေါ် ကျော်စောမှုကို ရတဲ့အခါ ရလိုက်၊ တန်ခိုး ဩဇာ ကျရှုံး မှေးမှိန် သွားတဲ့ အခါ သွားလိုက်ဆိုတဲ့ (ယသော အယသော) သဘောမျိုးနှင့်လည်း ကြုံရတတ်ပါ တယ်။ တစ်ခါတစ်ရံမှာတော့ စည်းစိမ်း ချမ်းသာ ပြည့်စုံလိုက်၊ တစ်ခါတစ်ရံမှာ တော့ စီးပွားပျက်ပြီး ဆင်းရဲမွဲတေ သွားလိုက် ဆိုတဲ့ (သုခံ၊ ဒုက္ခံ) သဘောမျိုးနှင့် လည်း ကြုံကြရတတ်ပါတယ်။ တစ်ခါတလေတော့ လူတွေရဲ့ ချီးမွမ်းခြင်း ခံလိုက်ရ၊ ကဲ့ရဲ့ခံရတဲ့ အခါလည်း ခံလိုက်ရ ဆိုတဲ့ (နိန္ဒ ပသံသ) သဘောမျိုး ရှိတတ်ကြပါ တယ်တဲ့။

ဒီသဘောတွေကို လောကဓံ တရားတွေလို့ မြန်မာတိုင်း နားလည်ပြီးသားပါ။ လောကဓံ ဆိုတဲ့ စကားက ပါဠိပျက် မြန်မာ စကားပါ။ စကားရင်းကတော့

လောက ဓမ္မကို ပြောတာပါ။ လောကဓမ္မ ဆိုတာ လောကမှာ ဖြစ်တတ်တဲ့ တရား လို့ ဆိုပါတယ်။

'လောကမှာ ဖြစ်တတ်တဲ့ တရား' ရဲ့ သဘောကို ဘဝ ရှေ့ဆောင်တက်သမား ဟာ အထင်းသား အစင်းသား ထင်မြင် နားလည်ထားမှသာ လောကရဲ့ ဖြစ်တတ်တဲ့ တရားတွေနှင့် ကြုံတဲ့အခါ ဒါဘာဆန်းသလဲ၊ လောကမှာ ဒီလိုပဲ ဖြစ်တတ်တာပဲ လို့ နားလည်ပြီး ဖြစ်လို့ ဘယ်လို အဖြစ်မျိုးနှင့်ပဲ ကြုံရ ကြုံရ တုန်လှုပ်တဲ့စိတ် မရှိတော့ပါဘူး။

မင်္ဂလာ တရားတော်မှာ 'စိတ္တံ ယဿ နကမ္ပတိ' ဆိုတာ အဲဒီလို တုန်လှုပ် ခြင်း မရှိတဲ့ စိတ်နှင့် ကြံ့ခိုင်ခြင်းကို ဆိုတာပါပဲ။

ဒါကို မုံရွေး ဆရာတော်ကြီးက

'ရောက်ရာ ရောက်ဆဲ၊ ဘေးရန်ဖြစ်လည်း၊ မညစ်မညှိုး၊

မစိုးမရိမ်၊ ချမ်းငြိမ်းပေသွ၊ စိတ်ကိုမှုလည်း၊

ဖြူသည် မင်္ဂလာ' လို့ ပျို့ကဗျာ စပ်ဆိုခဲ့ပါတယ်။

ဘယ်လို ဘေးရန် အန္တရာယ်မျိုးနှင့်ပဲ ဘဝ ခရီးကြမ်းမှာ ဆုံရ ဆုံရ မတုန် လှုပ်တဲ့ စိတ်၊ မညှိုးငယ်တဲ့ စိတ်၊ မစိုးရိမ်တတ်တဲ့ စိတ် ရှိဖို့နှင့် ဒီလို တည်ကြည်တဲ့ စိတ်ရှိခြင်းဟာ မင်္ဂလာ တစ်ပါး ဖြစ်တယ်လို့ ဆိုတာပါ။

အမှန်မှာ လောကမှာ ဖြစ်တတ်တဲ့ တရားတွေနှင့် ကြုံတွေ့ရတဲ့ အခါ မတုန် လှုပ်တဲ့ စိတ်၊ တည်ကြည် ခိုင်ခံ့တဲ့ စိတ် ရှိပါလို့ ပြောတာ လွယ်သလောက် တကယ့် လက်တွေ့ ကျင့်ရတဲ့ အခါကျတော့ လွယ်တာမျိုး မဟုတ်ပါဘူး။

ဒီတော့ ဒီလိုကျင့်နိုင်အောင် ဘာလိုပါသလဲ။

လောကရဲ့ ဖြစ်တတ်တဲ့ တရားသဘောတွေကို နားလည်ထားဖို့ လိုမယ်လို့ ထင်ပါတယ်။

လောကရဲ့ ဖြစ်တတ်တဲ့ တရားသဘောတွေ ဆိုတာ ဘယ်လိုဟာတွေလဲ။ ပထမ ဒီမေးခွန်းကို အဖြေ ရှာသင့်တယ်။

လောကမှာ သတ္တဝါတွေ တွေ့ကြုံခံစား ရတတ်ပုံကို နည်းနည်း ဂရုစိုက်ပြီး လေ့လာကြည့်မယ် ဆိုရင် သတ္တဝါတွေဟာ ဆင်းရဲဒုက္ခကို မလိုချင်ဘူး၊ ချမ်းသာ သုခကိုသာ လိုချင်ပါတယ်။ ဒီလို ချမ်းသာသုခကို လိုချင်လို့ ချမ်းသာသုခတွေ ကိုချည်း လိုက်လံ ရှာဖွေပြီး ခံစားနေရင် အဲဒီသတ္တဝါဟာ မကြာခင်မှာ ကြီးစွာသော ဆင်းရဲဒုက္ခနှင့် ကြုံရတတ်ပါတယ်။

သတ္တဝါ မှန်သမျှဟာ ပင်ပန်းတာကို မလိုချင်ကြပါ။ သက်သာ ချောင်လည် တာကိုပဲ လိုချင်ကြပါတယ်။ ဒီလို သက်သာ ချောင်လည်တာကို ကြိုက်လို့ သက် သာ ချောင်လည်တဲ့ နောက်ကို လိုက်ရော၊ မကြာပါဘူး အဲဒီ သတ္တဝါဟာ ပင်ပန်း ကျပ်တည်းခြင်းရဲ့ ပိုက်ကွန်ထဲမှာ မရုန်းနိုင် မကန်နိုင် မိနေတတ်ပါတယ်။

သတ္တဝါဟာ ခက်ခဲတာကို မကြိုက်ပါဘူး။ လွယ်ကူတာကိုပဲ ကြိုက်တတ်ပါတယ်။ အဲဒီလို လွယ်ကူတာကြိုက်လို့ အလွယ်ချည်း လိုက်စားနေတယ် ဆိုပါစို့၊ မကြာပါဘူး အဲဒီ သတ္တဝါဟာ အခက်အခဲ မျိုးစုံနှင့် ကြုံရတော့တာပါပဲ။

ဒါတွေဟာ လောကရဲ့ ဖြစ်တတ်တဲ့ တရားသဘောတွေပါ။ ဘဝ ရွှေတောင်ကို တက်နေကြတဲ့ ဥတ္တမပုရိသတွေ ရှုမြင် နားလည်ထားရမယ့် တရားတွေပါ။

ကြည့်ပါဦး၊

လူ့လောကကိုပဲ အရေးထားပြီး ရှုဆင်ခြင် ကြည့်ကြပါစို့။ လောကမှာ စည်းစိမ် ချမ်းသာကို အလိုရှိတဲ့ လူဟာ ဘာလုပ်ရသလဲ။

အဖြေကတော့ ဆင်းရဲ ခံရပါတယ်။

လွယ်ကူ သက်သာတာတွေကို လိုချင်ရင် ဘာလုပ်ရသလဲ။

အဖြေကတော့ ခက်ခဲ ကျပ်တည်းမှုတွေကို ရင်ဆိုင် ဖြေရှင်းရတာပေါ့။

တောင်ထိပ်ကို ရောက်ချင်ရင် ဘာလုပ်ရသလဲ။

အဖြေကတော့ တောင်အောက် (တောင်ခြေရင်း) က စတက်ရမှာပဲ။ ဒါကြောင့် ရှေးလူကြီးများက အရိပ်ကို လိုချင်ရင် နေပူခံပြီး စောင့်ရမယ်လို့ ဆိုခဲ့တာပါ။

ဒါတွေကို ပြောပြနေတာကတော့ လောကရဲ့ ဖြစ်တတ်တဲ့ တရား သဘောတွေကို တွေးမြင် ဆင်ခြင်တတ်ကြဖို့ ဖြစ်ပါတယ်။

ဒီသဘောတွေကို ဒဿနပညာ ရှုထောင့်က ကြည့်ရင် လောကကြီး တစ်ခုလုံးမှာ ဖြစ်ပျက် ပြောင်းလဲနေတဲ့ တရား အားလုံးဟာ 'ဆန့်ကျင်ဘက်တရား' တွေချည်း ဖြစ်ကြတယ်။ သဘောကတော့ အဖို နှင့် အမ၊ အနိမ့် နှင့် အမြင့်၊ အနီး နှင့် အဝေး၊ အဝ နှင့် အပိန်၊ အပူ နှင့် အအေး၊ အပျော့ နှင့် အမာ၊ အတို နှင့် အရှည်၊ အကောင်း နှင့် အဆိုး၊ အယုတ် နှင့် အမြတ်၊ လက်ရှိ နှင့် လက်မဲ့၊ ဆင်းရဲ နှင့် ချမ်းသာ ဆိုတဲ့ သဘောမျိုး အားလုံးဟာ ဆန့်ကျင်ဘက် တရားတွေချည်းပါပဲ။

ဒီ ဆန့်ကျင်ဘက်တွေဟာ တစ်ခုနှင့် တစ်ခု ကင်းလည်း မကင်းနိုင်ဘူး၊ တည့်လည်း မတည့်ကြဘူး။ ဒါကြောင့် ဂျာမန် ဒဿနဆရာကြီး ဟေဂယ် ဆိုသူက လောကရဲ့ ဒီနိယာမ တရားကြီးကို 'ဆန့်ကျင်ဘက်တို့၏ ဒွန်တွဲ အားပြိုင် နိယာမ တရား' *(Law of unity and struggle of opposites)* လို့ အမည် နာမ တပ်ပြီး စတင် ဖော်ထုတ် ပြခဲ့ပါတယ်။ •

ဆိုပြီးခဲ့တဲ့ လောကဓံ တရား ဆိုတာတွေဟာလည်း ဆန့်ကျင်ဘက် တရားတွေပါပဲ။ သဘောကတော့ ဘဝ ကန္တာရ ခရီးကို ဖြတ်သန်းပြီး ရွှေတောင်ပေါ်ကို တက်ဖို့ ကြိုးစားကြသူတိုင်းဟာလည်း မလွဲမသွေ ဒီဆန့်ကျင်ဘက် တရားတွေနှင့် ရင်ဆိုင်ကြရမယ်လို့ နားလည်ပြီး နှလုံး သွင်းထားသင့်တာပေါ့။

---

*• ကမ္ဘာ့ တွေးခေါ်ရှင်ကြီးများ၊ ဆန်းလွင် (ပုညစာပေ)၊ စာ ၃၆၆*

ကိုယ်က ချမ်းသာသုခကို လိုချင်တယ်။ ဒါပေမယ့် တကယ့် တကယ် ရင်ဆိုင်ကြုံရမှာက ဆင်းရဲဒုက္ခတွေပါပဲ။ ကိုယ်က သက်သာ ချောင်လည်တာကို လိုချင်တယ်။ ဒါပေမယ့် တကယ့် တကယ် ရင်ဆိုင်ကြုံရမှာက ပင်ပန်း ကျပ်တည်းမှုတွေပဲ။ ဒီအတိုင်းပဲ ကိုယ့်ကိုယ်ကိုယ် အမြင့် အမြတ် ဖြစ်အောင် လုပ်ဖို့ အလိုရှိရင်လည်း တကယ့် တကယ် ရင်ဆိုင် ကျော်ဖြတ်ရမှာကတော့ အနိမ့် အယုတ် သဘောတွေပဲ ဖြစ်တယ်။

လောကရဲ့ ဖြစ်တတ်တဲ့ ဆန့်ကျင်ဘက် တရားသဘောတွေကို ရှုမြင် သဘောပေါက်ထားပြီးတဲ့ လူအဖို့ကတော့ ဘယ်လို လောကဓံနှင့်ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ရင်ဆိုင် ကျော်လွှားဖို့ အတွက် မိမိစိတ်ကို အဓိဋ္ဌာန် တင်ပြီး ဆုံးဖြတ်နိုင်ပြီလို့ ဆိုသင့်ပါတယ်။

သို့သော် မင်္ဂလာ တရားတော်မှာ ညွှန်ပြထားသလို လောကဓံ နကမ္ပတိ ဆိုတဲ့ မတုန်မလှုပ် တည်ကြည် မြဲမြံတဲ့ စိတ် ဖြစ်ပေါ်နေအောင်က ချက်ချင်း ဖန်တီးလို့ မရပါဘူး။

ဒီလို တည်ကြည် ခိုင်မြဲတဲ့ စိတ်ရဲ့ မတုန်လှုပ်မှု ခိုင်ခံ့မှု (ခံနိုင်ရည် ရှိမှု) တွေ ဖြစ်ပေါ်လာအောင်ကတော့ လေ့ကျင့် အားထုတ်မှု များစွာ လိုပါသေးတယ်။

## စိတ်တစ်ခုပြီး အားလုံးပြီးလိမ့်

ရှေးတုန်းက သာဝတ္ထိပြည်မှာ သူဌေးသား တစ်ဦး ရှိခဲ့ဖူးပါတယ်။ သူ့နာမည်ကို 'အနုပုဗ္ဗက သူဌေးသား' လို့ ခေါ်ကြပါတယ်။ *

သူဌေးသား အနုပုဗ္ဗကဟာ ဆင်ခြင်ဉာဏ် ရှိသူ ဖြစ်ပါတယ်။ သူဟာ မြောက်မြားစွာသော ဥစ္စာစည်းစိမ် ဘုံပေါ်မှာ နေရသော်လည်း ဒီစည်းစိမ်ဥစ္စာတွေဟာ တကယ့်ဘဝရဲ့ အမြိုက်ချမ်းသာ မဟုတ်ဘူးလို သူ့စိတ်ထဲမှာ ထင်မြင်မိတယ်။ ဒါနှင့် သူဟာ 'ဆင်းရဲ လွတ်ခြင်း တရား' တစ်ခုကို စူးစမ်း ရှာဖွေခဲ့တယ်။

မထေရ် တစ်ပါးနှင့် တွေ့တော့ ဒီမထေရ်ကြီးက သူဌေးသားကို ဒါန၊ သီလ ဆောက်တည် အားထုတ်ဖို့ ဆုံးမတယ်။ သူဌေးသားလည်း အားထုတ်တယ်။ ဒါပေမယ့် သူ့စိတ်ထဲမှာ အားမရပါဘူး။ ဒီထက် ပိုပြီး ဆင်းရဲလွတ်ကြောင်း တရားကို မေးမြန်း စုံစမ်းပြန်တယ်။

တစ်နေ့မှာ မထေရ် တစ်ပါးနှင့် ဆုံတော့ ထပ် မေးပြန်ပါတယ်။ ဒီအခါ မထေရ်ကြီးက ဆင်းရဲလွတ်ကြောင်း အားထုတ်ချင်ရင်တော့ သင် မင်းသားဟာ ရဟန်းပြုရင် အကောင်းဆုံးပဲလို့ အကြံပေး ဆုံးမပါတယ်။

-----------------------

* ဓမ္မပဒ စိတ္တဝဂ်၊ သုံးခုမြောက် အညတြ ရဟန်းတစ်ပါး ဝတ္ထု၊

သူဌေးသားလည်း ဆင်းရဲလွတ်ကြောင်း ကျင့်မယ် ဆိုပြီး ရဟန်းပြုတယ်။

ရဟန်းဘဝကို ရောက်တော့ ဆရာတစ်ပါးက သူ့ကို ရဟန်းဆိုတာ အဘိဓမ္မာ တတ်မှ သင့်တယ် ဆိုပြီး အဘိဓမ္မာကို သင်စေတယ်။ နောက် ဝိနည်းကံဆောင် ရဟန်းတော် တစ်ပါးနှင့် တွေ့ရပြန်ပါတယ်။ ဒီအခါ ဝိနည်းဓိုရ် ဆရာက သူ့ကို ဝိနည်းနှင့် ပတ်သက်သမျှ ညွှန်ကြား ပြသပြန်ပါတယ်။ သာသနာ့ဘောင်မှာ နေရင် ပြုအပ်တဲ့ ကိစ္စတွေက ဘာတွေ၊ မပြုအပ်တဲ့ ကိစ္စတွေက ဘာတွေဆိုပြီး ဆုံးမတာပေါ့။

သူဌေးသား ရဟန်းလည်း ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ ဆိုတာတွေပဲ မှတ်ရမလား၊ ဝိနည်း သိက္ခာပုဒ်တွေကိုပဲ မှတ်ရမလား ဆိုပြီး အကြီးအကျယ် ဦးနှောက် ခြောက်သွားပါတယ်။

ဒီတော့ သူ စဉ်းစားတယ်။

'အင်း ရဟန်း ဖြစ်တာဟာ မလွယ်ပါကလား၊ ငါကတော့ ဆင်းရဲက လွတ်ချင်လို့ ရဟန်းပြုတာ၊ ခုတော့ မြတ်စွာဘုရား သာသနာတော်မှာ လက်ကိုတောင် မဆန့်ဝံ့အောင် တင်းကျပ်တဲ့ စည်းကမ်းတွေက များလိုက်တာ၊ တော်ပြီ မဖြစ်ဘူး၊ ငါ အိမ်မှာနေတာက ကောင်းသေးတယ်၊ လူထွက်မယ်၊ ငါ လူထွက်တော့မယ်' လို့ ကြံတယ်။

ဒီအချိန်က စပြီး သူဌေးသားဟာ ရဟန်း ဘဝမှာ ဘယ်ပျော်တော့မလဲ။ နေရတာ မပျော်တော့ စားလည်း မဝင်၊ အိပ်လို့လည်း မရ၊ ကမ္မဋ္ဌာန်း တရားလည်း အားမထုတ်နိုင်၊ ပါဠိတော်ကိုလည်း ကျက်မှတ်လို့ မရ၊ တနုံးနုံး တခွေခွေ နေရင်း က တဖြည်းဖြည်း ပိန်ကြုံလာတာပေါ့။ ဒီတော့ မြင်မကောင်းအောင် ပိန်ချောင် ကြုံလို နေတဲ့ သူ့ကိုမြင်ရတဲ့ သာမဏေတွေက သနားပြီး မေးကြတယ်။ သူကလည်း သာသနာ့ဘောင်မှာ မပျော်ပိုက်တဲ့ အကြောင်း၊ လူထွက်ချင်တဲ့ အ ကြောင်း ကို ပြောလိုက်တယ်။ သာမဏေတွေက ဆရာ ဥပဇ္ဈာယ်တို့ကို လျှောက်ထားကြတော့ နောက်ဆုံးမှာ မြတ်စွာဘုရားဆီ အထိ ရောက်သွားတယ်။

မြတ်စွာဘုရားက သူဌေးသား ရဟန်းကို အကြောင်းစုံ မေးမြန်း စုံစမ်းတဲ့ အခါ သူဌေးသား ရဟန်းက

'အရှင်မြတ်ဘုရား၊ တပည့်တော်ဟာ ဆင်းရဲဒုက္ခက လွတ်မြောက်ချင်လို့ ရဟန်း ပြုပါတယ်၊ ဒါပေမယ့် သာသနာ့ဘောင် ရောက်တော့ ဆရာ ဥပဇ္ဈာယ်တို့က အဘိဓမ္မာ သင်လိုက်၊ ဝိနည်းသင်လိုက်နှင့် နောက်ဆုံးတော့ သာသနာ့ဘောင်မှာ လက်ဆန့်စရာ နေရာတောင် မရှိဘူး၊ အလွန် ကျပ်တည်း ဆင်းရဲတယ် ဆိုတာကို မြင်လာပါတယ် ဘုရား၊ ဒါကြောင့် လူ့ဘဝနှင့်ပဲ ဆင်းရဲဒုက္ခက လွတ်အောင် ကြိုးစားတော့မယ်လို့ တပည့်တော် ဆုံးဖြတ်ပါတယ်' လို့ လျှောက်ထားပါတယ်။

မြတ်စွာဘုရားဟာ သူဌေးသားရဲ့ အတွင်းစိတ်ဓာတ်ကို ချက်ချင်း နားလည် သိမြင်လိုက်တဲ့ အတွက် ဒီလို မိန့်ကြားတော် မူပါတယ်။

'ချစ်သား၊ သင် တစ်ခုတည်းကို စောင့်ရှောက်မလား၊ အဲဒီ တစ်ခုတည်းကို စောင့်ရှောက်နိုင်ရင် ကျန်တဲ့ကိစ္စ အားလုံးကို စောင့်ရှောက်ဖို့ မလိုဘူး' လို့ ဆိုတော်မူတယ်။

ဒီအခါ သူဌေးသား ရဟန်းက

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တစ်ခုတည်း စောင့် ရှောက် ရ မယ် ဆိုတာ ဘာတစ်ခုကို ဆိုတာပါလဲ ဘုရား' လို့ မေးတယ်။

ဘုရားရှင်တော်မြတ်က

'ချစ်သား၊ သင်ရဲ့ စိတ် တစ်ခုတည်းကိုပင် စောင့်ရှောက်နိုင်မလား' လို့ ထပ်ဆင့် မေးပါတယ်။ သူဌေးသားကလည်း စိတ်တစ်ခုတည်း စောင့်ရှောက်ရမယ် ဆိုတော့ အလွယ်တကူပဲ

'မြတ်စွာဘုရား၊ စောင့်ရှောက်နိုင်ပါတယ် ဘုရား' လို့ လျှောက်ကြားလိုက်ပါတယ်။ ဒီတင် မြတ်စွာဘုရားက မိမိစိတ် တစ်ခုတည်းကိုသာ ထွက်မပြေးအောင် စောင့်ရှောက်ပါ၊ ဆင်းရဲဒုက္ခက လွတ်ဖို့အကြောင်း ဖြစ်ပါလိမ့်မယ်လို့ မိန့်ဆိုပြီး အောက်ပါ ဂါထာကို ဆိုပါတယ်။ ဂါထာကတော့

'သုဒုဒ္ဒသံ သုနိပုဏံ' အစရှိတဲ့ ဓမ္မပဒက ဂါထာပါ။ အဓိပ္ပာယ်ကတော့

အလွန့်အလွန် မြင်နိုင်ခဲတဲ့

အလွန့်အလွန် သိမ်မွေ့တဲ့

အလိုရှိရာ ကာမဂုဏ် အာရုံတို့၌ ကျက်စားတတ်တဲ့ စိတ်ကို

စောင့်ရှောက် ထိန်းသိမ်းနိုင်ရင်

လောကီ အကျိုးလည်း ပြီးတယ်၊

လောကုတ္တရာ အကျိုးလည်း ပြီးတယ်၊

လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာကိုလည်း ရောက်နိုင်တယ်လို့ ဆိုလိုပါတယ်။

အညတြ ရဟန်းတစ်ပါး ဝတ္ထုကို အကြောင်းပြုပြီး ဟောကြားတဲ့ ဒီတရားဟာ ဘဝ ရွှေတောင်တက်သမားတို့ အဖို့ ထာဝစဉ် နှလုံးသွင်းအပ်တဲ့ တရားပဲ ဖြစ်ပါတယ်။

ဆိုလိုတာကတော့ ဘဝရဲ့ အမြင့်ဆုံး အမြတ်ဆုံး အဖြစ်ကို မျှော်မှန်း တက်လှမ်းကြတဲ့ ရွှေတောင်တက်သမားတိုင်းဟာ ဘဝရဲ့ ဆန့်ကျင်ဘက် တရားတွေနှင့် ရင်ဆိုင် ကြုံတွေ့ တိုက်ခိုက်ကြရတဲ့အခါ ခံနိုင်ရည်ရှိဖို့ ကြံ့ခိုင်ဖို့ အတွက် မိမိရဲ့ စိတ်ကို တစ်ခုတည်းသော အာရုံ၌ စိတ်စေတသိက်တို့ကို အညီအညွတ် ဖရိုဖရဲ မကွဲမပြား ကောင်းစွာ ထားရမယ်။ ဒီလို ထားတတ်တဲ့ တရားကို 'သမာဓိ' လို့ ခေါ်ပါတယ်။

သမာဓိရဲ့ သဘောကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ ဒီလို အဓိပ္ပာယ် ဖွင့်ဆိုပါတယ်။

အကြောင်တရား၏ အစွမ်း အာနုဘော်ဖြင့် တစ်ခုတည်းသော အာရုံ၌ စိတ် စေတသိက်တို့သည် အညီအညွတ် ကောင်းစွာ မပျံ့မလွင့် ဖရိုဖရဲ မကွဲမပြား တည် ကုန်၏။ ဤကောင်းစွာတည်ခြင်း အစွမ်းသတ္တိရှိသော တရားသဘောကို သမာဓာန (သမာဓိ) ဟူ၍ သိအပ်၏ * တဲ့။

သမာဓိစိတ်ရဲ့ လက္ခဏာကတော့ ပျံ့လွင့်ခြင်း မရှိတဲ့ သဘော ဖြစ်တယ်။ သမာဓိရဲ့ ကိစ္စက စိတ်ပျံ့လွင့်မှု (ဥဒ္ဓစ္စ) ကို ဖျက်ဆီးပစ်ဖို့ပဲ ဖြစ်တယ်။ သမာဓိရဲ့ ဂုဏ် ဆိုတာက အဲဒီလို ပျံ့လွင့်ခြင်းကို ဖျက်ဆီးနိုင်တဲ့ အစွမ်းသတ္တိကို ဆိုတာပဲ။ အဲဒီလို ပျံ့လွင့်ခြင်းကို ဖျက်ဆီးနိုင်တဲ့ အခါကျတော့ ဉာဏ်မှာ ဘာပေါ်လာမလဲ ဆိုတော့ 'မတုန်လှုပ်ခြင်း' သဘော ပေါ်လာမယ်။ ဒီလို ပေါ်လာတာနှင့် တစ်ပြိုင် နက် စိတ်ဟာ တည်ကြည် ခိုင်ခံ့ သွားပါတော့တယ်။

ဒါကြောင့် မြတ်စွာဘုရားက 'ချမ်းသာသော သူ၏ စိတ်သည် တည်ကြည် ၏' လို့ ဟောကြားတော်မူကြောင်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာက ဖော်ပြထားပါ တယ်။ ပြီးတော့ သုခဟာ သမာဓိရဲ့ နီးစွာသော အကြောင်း (ပဒဋ္ဌာန်) ဖြစ်တဲ့ အတွက် ဘဝရဲ့ ချမ်းသာစစ်ကို ရှာသူ၊ ဘဝရဲ့ အမြင့်တန်း အမြတ်တန်းကို တက် လှမ်းသူတိုင်းဟာ သမာဓိစိတ်ကို ထူထောင်ဖို့ လိုမည်သာ ဖြစ်ပါတယ်။

## ဘယ်လို လူ အောင်မြင် သလဲ

ဘေးရန် အန္တရာယ်တွေနှင့် ဆန့်ကျင်ဘက် အခက်အခဲတွေ ထူပြောလှတဲ့ ဘဝ ကန္တာရ ခရီးကို သွားကြရာမှာ ကျရှုံးသွားတဲ့ လူတွေဟာ ဘယ်လို လူတွေလဲ၊ အောင်မြင် ပြီးမြောက်ခြင်း အဆုံးကို ရောက်တဲ့ လူတွေဟာ ဘယ်လို လူတွေလဲ ဆိုတာကိုလည်း ရွှေတောင်တက်သမားများဟာ သိအောင် ကြိုးစားသင့်ပါတယ်။

အများအားဖြင့် ဘဝ ခရီးမှာ အထက်သို့ မရောက်ဘဲ အောက်သို့သာ လျှောကျ ရှုံးနစ်သွားရတဲ့ လူတွေဟာ ဘယ်လို လူစားတွေလဲ ဆိုတော့ အပြုအမူ အကြံအစည် မှားယွင်းသူတွေ၊ သူတစ်ပါးရဲ့ အမှန်ကို မကြည့်ဘဲ အမှားကိုသာ ရှာဖွေ ကြည့်ပြီး အပြစ်တင်သူတွေ၊ ဆွဲဆောင်ရာ အာရုံ ကာမဂုဏ် တရားတွေ နောက်ကို အလွယ်တကူ ပါသွားတတ်တဲ့ စိတ်ဓာတ် ပျော့ညံ့သူတွေ၊ ပတ်ဝန်းကျင် က ဝေဖန် ကဲ့ရဲ့မှာကို ကြောက်ပြီး သူတစ်ပါး ထင်မြင်ချက်တွေကိုသာ အားကိုးပြီး ကိုယ်ပိုင် ဆုံးဖြတ်နိုင်စွမ်း မရှိသူတွေ၊ မှားဖူးတဲ့ အမှားတွေကို နောက်ထပ် ဒီအမှား မျိုး မကြုံရအောင် သတိမပြု အမှုမဲ့ အမှတ်မဲ့ ထားတဲ့အတွက် အထပ်ထပ် မှားယွင်း တတ်သူတွေ၊ တာဝန် ယူရမယ့် ကိစ္စမျိုး ကြုံလာရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်

---

* ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ မြန်မာပြန်၊ ရှင်နန္ဒမာလာ (ပတွဲ)၊ စာ ၁၅၃

စိတ်ချမှု နည်းသူတွေ၊ လက်တွေ့ အလုပ်ကိုထက် စိတ်ကူးတွေ သဘော တရားတွေကိုသာ အတွေးချော်ပြီး စိတ်ကူး ယဉ်နေသူတွေ၊ တစ်ဝမ်းတစ်ခါး လောက်ကိုသာ အဓိက ထားပြီး ဘယ်သူသေသေ ငတေမာရင် ပြီးရော ဆိုတဲ့ တစ်ကိုယ်ကောင်း သမားတွေ ဖြစ်ကြပါတယ်။

ဘဝမှာ အောင်ပွဲရသူတွေကတော့ ဒီလို မဟုတ်ပါဘူး။ သူတို့ဟာ လူသားတို့ ထမ်းဆောင်အပ်တဲ့ ဘဝရဲ့ တာဝန် ဝတ္တရားတွေကို ထမ်းဆောင်ရခြင်းကိုလည်း ပင်ပန်းခြင်း မရှိဘူး။ ဝမ်းမြောက်ဝမ်းသာ ရဲရဲတင်းတင်းလည်း တာဝန်ယူတယ်။ ဘဝ ခရီးသွားဖော်ရတွေ အပေါ်မှာလည်း အစဉ် ညှာတာတဲ့ နှလုံးနှင့် ကိုယ်ချင်း စာတယ်။ သတ္တဝါတွေ အပေါ်မှာ တန်းတူ သဘောထားနိုင်အောင်လည်း ကြိုးစား ကြတယ်။ အခွင့်အရေး ရောက်လာရင်လည်း ကိုယ်ကျိုး ကိုယ့်စည်းစိမ်တွေကို သာမက အသက်ကိုပါ စွန့်ဖို့ကိုလည်း ဝန်မလေးဘူး။ ဒီလိုလူတွေမှာတော့ ရွေးချယ်စရာ နည်းလမ်း နှစ်သွယ်ပဲ ရှိပါတယ်။

တစ်ခုကတော့ ဘဝမှာ

(၁) မအောင်မြင်ရင် အသက်ကို အသေခံမယ်၊

(၂) အောင်မြင်ရင် လောကရဲ့ အားကိုး မှီခိုရာ ဖြစ်မယ်၊

ဒါကို ရှေးလူကြီးတွေက 'သေရင် မြေကြီး ရှင်ရင် ရွှေထီး' လို့ စကားစဉ် ပြုခဲ့ကြတာပါပဲ။

တစ်နည်းဆိုတော့ ဘဝမှာ ဆုကြီးတွေ ပန်ထားကြတဲ့ ရွှေတောင်တက်သမား ပါရမီရှင်တွေဟာ သူတို့ရဲ့ ရည်မှန်းချက်ကြီးတွေ အောင်မြင်ဖို့ အတွက် စွန့်ခြင်း ကြီးတွေကို စွန့်ပြကြတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြတယ်လို့လည်း ဆိုသင့်ပါတယ်။

အလောင်းတော်ကြီးများရဲ့ ကျင့်စဉ်တွေမှာ ဘဝ ရွှေတောင်တက်သမားများ ယုံကြည် အားထားတဲ့ အတွေးအမြင်တွေ (ဒဿနတရားတွေ) ဟာ အထင်အရှား ရှိပြီး ဖြစ်ပါတယ်။

တစ်ခုတော့ ရှိပါတယ်။ ဒီနေရာမှာ ဘဝ ရွှေတောင်တက်သမား (အထွတ် အထိပ် ခရီးကို သွားကြတဲ့) လူတွေဟာ သူလိုငါလို သာမန် ပုထုဇဉ် အမိုက်အကန်း မျိုးတွေတော့ မဟုတ်ကြဘူး ဆိုတာ ခွဲခြားပြီး နားလည်ထားမှသာ ဒီရွှေတောင်တက် ဒဿန တရားတွေကိုလည်း ပိုပြီး သဘော ပေါက်မိကြပါလိမ့်မယ်။

ဒီလို ဘာကြောင့် ခွဲခြားပြီး ပြောရပါသလဲလို့ ဆိုတော့ လူသာမန်တွေဟာ ဘဝ ခရီး တစ်လျှောက်မှာ ငဲ့ကွက် ငြိတွယ်စရာတွေ များလွန်းလို့ သူတို့မှာ နောက်ဆံ တင်းမှုတွေလည်း များတတ်ကြပါတယ်။

ကမ္ဘာမှာ ရွှေတောင်ထိပ်ကို ရောက်ရှိသွားကြတဲ့ ပုဂ္ဂိုလ်တွေကတော့ ဘာကိုမှ ငြိတွယ် ငဲ့ကွက်မနေဘူး။ အတက် ခရီး အတွက် သူတို့ဟာ နောက်ဆံတင်းမှု တွေနှင့် ဝန်လေး မခံပါဘူး။ သူတို့ဟာ ကြီးမား နိုင်ခဲ့လှတဲ့ စိတ်ဓာတ်နှင့် လောကရဲ့

အခဲအယဉ်း မှန်သမျှကို အစကတည်းက အောင်နိုင်ပြီးသားလို့ ထင်မှတ်ထားသူတွေသာ ဖြစ်ကြပါတယ်။ သာမန်လူတွေကို ပစ္စည်းဥစ္စာနှင့် မျှားရင် ငါးတွေလိုပဲ ငြိတွယ် ပါသွားတတ်ပါတယ်။

တချို့ကျတော့ ပစ္စည်း ပြည့်စုံတဲ့အခါ ရောင့်ရဲမရှိဘဲ ရာထူးဂုဏ်ရှိန် ဆိုတဲ့ အကျော်အစောကို မက်မော ငြိတွယ် ကြပြန်တယ်။ တကယ့် တကယ် မိမိ အရည်အချင်းကြောင့် ဖြစ်တဲ့ အမည် သတင်းမျိုးလည်း မဟုတ်၊ သူတစ်ပါး ချီးမြှင့်မြှောက်စားတာလောက်ကို အထင်ကြီး အမြင်ကြီး ဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် အမြင့်ရောက်တယ်လို့ ထင်နေတတ်ကြပါတယ်။ ဒီလို လူတွေဟာ သူတို့ဘာသာ ဘဝင်မြင့်နေတာကို မသိဘဲ လူသားတွေက သူတို့ကို အထင်ကြီးလိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ် အထင် ရောက်နေကြတာပါ။

ဘဝ ရွှေတောင်တက်သမား ပါရမီရှင်ကြီးများကတော့

(၁) ပစ္စည်းဥစ္စာကိုလည်း ငဲ့ကွက်ခြင်း ကင်းပါတယ်၊

(၂) ရာထူး၊ ဂုဏ်၊ ဘွဲ့၊ အကျော်အစောကိုလည်း ငဲ့ကွက်မှု ကင်းပါတယ်၊

(၃) မိမိကိုယ်ကိုလည်း ငဲ့ကွက်ခြင်း ကင်းပါတယ်၊

(၄) စွန့်စားခြင်း အရာမှာလည်း အလွန် ရဲရင့်ကြပါတယ်၊

(၅) ပညာ ဆိမ်းကိုလည်း ထွန်းညှိထားသူတွေ ဖြစ်ပါတယ်။

ဒီလို ငဲ့ကွက်ခြင်း ကင်းသူ၊ ရဲရင့်သူ၊ ပညာဆိမ်း ထွန်းညှိထားသူတွေဟာ ဘဝမှာ အခဲအယဉ်း မှန်သမျှကို အလွယ်တကူ ဖြေရှင်းနိုင်သူတွေ ဖြစ်ကြပါတယ်။ သူတို့အဖို့ မရနိုင်တဲ့ အောင်မြင်မှု ဆိုတာ ဘယ်မှာ ရှိပါ့မလဲ။

မြတ်စွာဘုရား ပွင့်တော်မူစဉ် အခါတုန်းက ဒီလို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ အမြောက်အမြား ပေါ်ထွန်းခဲ့ပါတယ်။ နောက်နှောင်းအခါမှာလည်း လူ့လောကမှာ ဒီလို လူသားတွေ ပေါ်ပေါက်နေဆဲပါပဲ။

## ဒေါက်တာ အဲလဗတ် ရှိုင်ဇာ *

ပြင်သစ်လူမျိုး ပညာရှင်ကြီး တစ်ပါး ဖြစ်တဲ့ ဒေါက်တာ ရှိုင်ဇာဟာ အသက် ၃၀ အရွယ်မှာ ပါရဂူ (ဒေါက်တာဘွဲ့) သုံးခုကို ရရှိခဲ့ပါတယ်။ ဒဿနိကဗေဒ ပညာ၊ သီအိုလော်ဂျီ ပညာနှင့် ဂီတပညာရပ်တွေမှာ ပါရဂူဘွဲ့ ရပါတယ်။ တက္ကသိုလ် သုံးခုက ဘွဲ့သုံးမျိုး ရတာပါ။ သူဟာ အသက် ငယ်ငယ်ရွယ်ရွယ်နှင့် ဒဿနိကဗေဒ ပါမောက္ခလည်း ဖြစ်တယ်။ စိန့်နီကိုလတ် ဓမ္မကျောင်းမှာ ကျောင်းအုပ်ကြီး ရာထူးကိုလည်း ရခဲ့ပါတယ်။

-----------------------

* အတွေးအမြင် စာစဉ် (၈)၊ စာ ၃၄

တစ်နေ့မှာ ပါရီမြို့ ခရစ်ယာန် သာသနာပြုအသင်းက ထုတ်ဝေတဲ့ ဂျာနယ် တစ်စောင်မှာ အာဖရိကတိုက် အီကွေတာ အရပ်ရှိ တောနက်ကြီးထဲမှာ နေကြတဲ့ နီဂရိုး လူမည်းများဟာ အင်မတန် ဆင်းရဲဒုက္ခ ရောက်ရှိနေကြတဲ့ အကြောင်း၊ ဆင်ခြေထောက် ရောဂါ၊ အိပ်မောကျ ရောဂါ၊ လည်ပင်းကြီး ရောဂါနှင့် ဝမ်း ရောဂါတွေ ဖြစ်ပြီး အစုလိုက် အပြုံလိုက် ရောကန္တရကပ် သင့်နေ ကြ ရ တဲ့ အကြောင်းကို ဒေါက်တာ ရှိုင်ဇာ ဖတ်မိပါတယ်။

ဒီအချိန်က စပြီး ဒေါက်တာ ရှိုင်ဇာရဲ့ နှလုံးသားထဲမှာ လူသားတွေ အပေါ် ကြင်နာတဲ့ ကရုဏာနှင့် ကိုယ်ချင်းစာ စိတ်တွေ အပြင်းအထန် ဖြစ်ပေါ်လာပါတယ်။ ဒါနှင့် သူဟာ အပ္ပဝိုင်း ဆေးပညာကို တစ်နှစ်တိတိ အပြင်းအထန် လေ့လာ သင်ယူ ပြန်ပါတော့တယ်။ ပညာဆိမ်းကို ထွန်းညှိထားသူ ပီပီ ဘယ်ပညာကိုပဲ သင်သင် အလွယ်တကူ တတ်မြောက်ပါတယ်။ ဒီတစ်နှစ် အတွင်းမှာပဲ သူဟာ လိုအပ်တဲ့ ငွေကို စုပြန်ပါတယ်။ ဇနီးသည်ကိုလည်း သူနာပြု အတတ်ကို သင်စေပါတယ်။ ပါရမီ ဖြည့်ဘက်ဖြစ်တဲ့ ဇနီးဟာ လင်ဖြစ်သူရဲ့ ကြီးမား မြင့်မြတ်လှတဲ့ လုပ်ငန်း ကြီးကို ကြည်သာ ရွှင်လန်းစွာနှင့် လိုက်ပါပြီး ပါရမီ ဖြည့်ပါတယ်။

အာဖရိက တောတွင်းကို ရောက်တော့ လူနာတွေကို အခမဲ့ ဆေးကုသပေး ပါတယ်။ သူ ရှာထားတဲ့ ငွေတွေနှင့် ဆေးရုံကိုလည်း ဖြစ်အောင် ဆောက်ပါတယ်။ အံ့သြဖွယ် ကောင်းလှတဲ့ ဒေါက်တာ ရှိုင်ဇာရဲ့ ကိုယ်ကျိုးစွန့် စည်းစိမ်စွန့် ဆောင် ရွက်ခဲ့တဲ့ ဒီလုပ်ဆောင်ချက်ကို ကမ္ဘာ တစ်ကမ္ဘာလုံးက ရင်သပ်ရှုမော အံ့သြရုံမျှ မက ဂုဏ်ပြု ချီးကျူး လိုက်ကြတဲ့ ကမ္ဘာမှာ ဒေါက်တာ ရှိုင်ဇာရဲ့ ဂုဏ်သတင်းဟာ မဥ္ဇူသက နှတ်ပန်းရနံ့လို လှိုင်ပျံ့နေပါတော့တယ်။ ပြင်သစ်၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ အမေရိကန်၊ အင်္ဂလန် နိုင်ငံတွေကလည်း သူ့ကို ဘွဲ့ထူး ဂုဏ်ထူးတွေ အထပ်ထပ်နှင့် ချီးမြှင့် ဂုဏ်ပြုကြပါတယ်။ နောက်ဆုံးမှာ ကမ္ဘာကျော် နိုဘယ် ငြိမ်းချမ်းရေး ဆုကြီးကိုလည်း ချီးမြှင့်ပါတယ်။

ဒေါက်တာ ရှိုင်ဇာဟာ နိုဘယ်ဆု အဖြစ် ရတဲ့ ဒေါ်လာ တစ်သိန်း ခြောက် သောင်းကျော်ကိုလည်း နီဂရိုး အနာကြီးရောဂါ ဝေဒနာရှင်တွေ အတွက် သီးသန့် ရွာကြီး တစ်ရွာ ဟည်ဖို့ လှူလိုက်ပါတော့တယ်။

ဒီလို လောကီ စည်းစိမ်တွေကို စွန့်ပြီး မိမိရဲ့ ကိုယ်ကျိုး မပါတဲ့ လူသား ကောင်းစားရေး သက်သက်ကို ဒေါက်တာ ရှိုင်ဇာတို့ လင်မယား ပြုလုပ် အောင်မြင် ခဲ့တာဟာ ဘာဖြစ်လို့လဲ ဆိုတော့ ဒုက္ခဆင်းရဲ အခက်အခဲ အားလုံး အပေါ်မှာ သည်းခံနိုင်ခဲ့လို့ ဘဝရဲ့ ဆန့်ကျင်ဘက် တရားတွေနှင့် ရင်ဆိုင်ရတဲ့ အခါ ခံနိုင်ရည် သတ္တိစိတ်ကို မွေးမြူ ထားနိုင်ခဲ့လို့သာ ဖြစ်တယ်လို့ ဆိုရမယ် ထင်ပါတယ်။

ဒီလို သည်းခံနိုင်တဲ့ သတ္တိ (ခံနိုင်ရည်) မရှိရင် လူဟာ အခက်အခဲတွေ ဆန့်ကျင်ဘက် လောကဓံ တရားတွေနှင့် ရင်ဆိုင်ရတဲ့အခါ ပျော့ညံ့ပြီး တွန့်ဆုတ်

သွားတတ်လို့ပဲ ဖြစ်ပါတယ်။ သူတော်ကောင်း တရားတွေ အပေါ်မှာ ယုံကြည်မှု၊ ကုသိုလ်ဆန္ဒ ပြင်းထန်မှု၊ လောက အကျိုးကို ဆောင်လိုတဲ့ သတိနှင့် ဝီရိယ ခိုင်မြဲမှု၊ ပညာဉာဏ် ထွန်းပမှု ဆိုတာတွေဟာ ပျံ့လွင့်ခြင်း မရှိ၊ တုန်လှုပ်ခြင်း မရှိဘဲ တည်ကြည် ခိုင်မြဲတဲ့ စိတ်အပေါ်မှာသာ အဓိကအားဖြင့် တည်ရှိ နေကြပါတယ်။

ဒီလို တည်ကြည် ခိုင်မြဲတဲ့ စိတ်မှာပဲ 'စိတ္တဗ္ဗလဒ္ဓိပါဒ်' လို့ ခေါ်တဲ့ သတ္တိထူး တွေ ဖြစ်ပေါ်လေ့ ရှိပါတယ်။ ဒီလို စိတ္တနိယာမကို ပိုင်နိုင်သော ပုဂ္ဂိုလ် ဖြစ်လာသူ အဖို့ လောကမှာ မဖြစ်နိုင်တာ မရှိတော့ပါဘူး။

'စိတ္တေန နီယတေ လောကော' လို သံယုတ်ပါဠိတော်မှာ ဗုဒ္ဓ ရှင်တော်ဘုရား ဟောကြားပါတယ်။ အဓိပ္ပာယ်ကတော့

လောကကို စိတ်က ဆောင်ယူတယ်၊

လောကကို စိတ်က စီမံ ဖန်တီးတယ်၊

လောကကို စိတ်က ဆွဲဆောင်တယ်၊

ကမ္ဘာလောကမှာ ရှိရှိသမျှ ခပ်သိမ်းကုန်သော အရာတို့ဟာ စိတ္တနိယာမ အလိုသို့သာ အစဉ်လိုက် နေရတယ်လို့ ဆိုပါတယ်။

## လှုပ်ရှားသော စိတ် နှင့် တည်ငြိမ်သော စိတ်

နေ့စဉ်နှင့် အမျှ လူတွေဟာ လမ်းဆုံ လမ်းခွတွေပေါ်ကို ရောက်သွားတတ်ကြ ပါတယ်။ လမ်းဆုံ လမ်းခွပေါ်ကို ရောက်တယ်ဆိုတာကတော့ လမ်း တစ်လမ်းကို ရွေးချယ် လျှောက်လှမ်းရမယ့် နေရာကို ရောက်တယ်လို့ ဆိုလိုပါတယ်။

ဒီနေရာမှာ လူတို့ရဲ့ ကိုယ်ကျင့်တရား သဘော အချို့ကို ပြောချင်ပါတယ်။

လူ့ဘဝမှာ 'ရွေးချယ်ခွင့်' ဆိုတဲ့ သဘော တစ်ခု ရှိတယ်။ လူဟာ အကောင်း အဆိုး အကြိုက် မကြိုက် ဆိုတာထဲက တစ်ခုခုကို ရွေးချယ် နေ ကြ ရ တယ်။ ဆန့်ကျင်ဘက်တွေနှင့် ရောပြွမ်းတဲ့ ဘဝထဲမယ် ဘက်နှစ်ဖက် ရှိတယ်။ ဒီတော့ တစ်ဖက်ဖက်ကို လူက ရွေးချယ်ရတယ်။

ရွေးချယ်ခွင့်ဟာ နေရာတိုင်းမှာ ရှိပါတယ်။ ဈေးဝယ်တဲ့အခါ ကိုယ်ကြိုက်ရာ ရွေးချယ်ရပါတယ်။ အနားယူ အပန်းဖြေချိန်မှာတောင် ရုပ်ရှင်ကြည့်ပြီး အပန်း ဖြေမလား၊ ဘုရားကို သွားပြီး အပန်းဖြေမလား၊ တစ်ခုခုကို ရွေးချယ်ရပါလိမ့် မယ်။ ထမင်း စားပြီးတဲ့ အခါ ပါးစပ် ချဉ်နေတယ်၊ ဆေးလိပ် သောက်မလား၊ ရေနွေးကြမ်းနှင့် ထန်းလျက်ခဲ စားမလား၊ ကြိုက်ရာ ရွေးချယ်နိုင်ပါတယ်။ အိမ် ထောင် ပြုရာမှာလည်း ရွေးချယ်မှု ရှိတာပါပဲ။

ရွေးချယ်ခွင့်ဟာ လူသားတို့ရဲ့ လွတ်လပ်ခွင့်ပါပဲ။ ဒီလွတ်လပ်ခွင့် အရ ရွေးချယ်ပြီး ပြုမူဆောင်ရွက်တဲ့ အခါ လူသားတို့ရဲ့ ဘဝမှာ 'တာဝန်' ဆိုတဲ့ ကိစ္စ

ပေါ်လာပါတယ်။ တစ်ခုခုကို မိမိက ကြိုက်လို့ ရွေးချယ် ယူလိုက်ရင် အဲဒီ ရွေးချယ်မှုရဲ့ ထိုက်သင့်တဲ့ တာဝန်ကို မိမိက ယူရမှာပါပဲ။

ဈေးမှာ ပစ္စည်း တစ်ခုခုကို ကိုယ်က ကြိုက်လို့ ရွေးပြီး ဈေးဆစ်တယ်။ ရောင်းသူကလည်း ဆစ်တဲ့ ဈေးကို သဘောတူတယ် ဆိုရင် အဲဒီ ပစ္စည်းကို ဝယ်သူဟာ မဝယ်ချင်တော့ဘူး ဆိုပြီး စိတ်ပြောင်းလို့ မရတော့ဘူး။ ဝယ်ကို ဝယ်ရမယ်။ ဒါဟာ သူ့အပေါ် ကျရောက်လာတဲ့ တာဝန်ပဲ။

တရားရုံးတွေမှာလည်း တစ်စုံတစ်ယောက်က အတင်း အဓမ္မ ခိုင်းစေလို့ ပြစ်မှု တစ်ခုကို ကျူးလွန်ရတဲ့ တရားခံ အပေါ်မှာ ပြစ်မှုပြစ်ဒဏ် မကျရောက်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ သူ့သဘောနှင့် သူ လွတ်လပ်တဲ့ စိတ်နှင့် ရွေးချယ်ပြီး ပြုလုပ်ခဲ့တာ မဟုတ်လို့ သူ့မှာ တာဝန် မရှိပါဘူး။

ဒါကို သဘော ပေါက်လို့ ရှိရင် လူတစ်ယောက်ဟာ မိမိ အပေါ် တာဝန် ကျလာမယ့် ကိစ္စ တစ်ခုကို ရွေးချယ်ရတဲ့ အခါ သူ့မှာ လွတ်လပ်ခွင့် ရှိတယ် ဆိုပေမယ့် ကျရောက်လာမယ့် တာဝန် ဆိုတဲ့ ဝန်ထုပ်ကို ထမ်းဆောင် ရမှာမို့လို့ သူဟာ ဆုံးဖြတ်ဖို့ ကျတော့ အလွယ်တကူ မလုပ်နိုင်တော့ပါဘူး။

ဘဝ ဆိုတာကလည်း အဆုံးအဖြတ်တွေ တစ်ခုပြီး တစ်ခု ပေးနေရတဲ့ အဖြစ်မျိုး ဆိုတော့ လူဟာ မိမိက တာဝန်ယူရတဲ့ ကိစ္စတွေကို အဆုံးအဖြတ် ပေးဖို့ ကျတော့ တွန့်ဆုတ်တဲ့စိတ် ရှိပါတယ်။

ငါ့ အဆုံးအဖြတ် မှားများ သွားမလား၊ ငါ့ အဆုံးအဖြတ်ကြောင့် အကျိုးစီးပွား ထိခိုက်မှုတွေ ဖြစ်ပေါ်လာ မလား၊ ဒီအဆုံးအဖြတ်ကို လူတွေက ပြစ်တင်ကဲ့ရဲ့ကြမလား စသည်အားဖြင့် ကိုယ့်ကိုယ်ကိုယ် မဝေခွဲနိုင်၊ ချီတုံချတုံနှင့် တွေဝေလာတတ်ပါတယ်။ ဆုံးဖြတ်ချက် ပေးသူဟာ ကျရောက်လာမယ့် တာဝန် အတွက် နောက်ဆံတင်းမှုတွေ၊ ကြောက်ရွံ့မှုတွေ ဖြစ်တတ်ပါတယ်။ ဘာကို ကြောက်သလဲ ဆိုတော့ မိမိအပေါ် တာဝန်ကျမှာ၊ အပြစ်တင် ခံရမှာ ကြောက်တာပါ။ ဒါကြောင့် တာဝန်ကြီးကြီး ယူထားရတဲ့ လူဟာ ပိုပြီး ကြောက်တတ်ပါတယ်။ တချို့ လူကြီးလူကောင်း ဆိုတဲ့ ပုဂ္ဂိုလ်တွေကျတော့ သတ္တိလည်း ရှိတယ်၊ တာဝန်လည်း ယူရဲတယ်။ ဆုံးဖြတ်တဲ့ နေရာမှာလည်း ပြတ်သားကြတယ်။ ဒါကြောင့် သူတို့ရဲ့ ဆုံးဖြတ်ချက်တွေဟာ မှန်ကန်တာ များပါတယ်။ အကျိုးရှိတာ များပါတယ်။

တချို့ လူကြီး လူကောင်း အမည်ခံတွေကတော့ အကြောင်း အားလျော်စွာ စိုင် ကော်လို့ ချုံပေါ်ကို ရောက်ကြရတယ်။ သူတို့ကိုယ် သူတို့ အရည်အချင်း ရှိတယ်လို့လည်း မယုံကြည်ကြဘူး။ ဒါကြောင့် သူတို့လို လူတွေက တာဝန်တွေနှင့် ကြုံလာရင် တုန်လှုပ်တဲ့စိတ် ရှိတယ်။ ဒါပေမယ့် သူတို့အပေါ် ကျရောက်လာမယ့် အပြစ်ကို မခံရအောင် တာဝန်ကို ဘော်လီဘော ပုတ်သလို ဟိုဘက် ပုတ်ထုတ် ဒီဘက် ပုတ်ထုတ်နှင့် ခေါင်းရှောင်လေ့ ရှိကြပါတယ်။

ဒါကြောင့် လောကမှာ ရဲရင့်တဲ့ ဆုံးဖြတ်ချက်၊ ပြတ်သားတဲ့ ဆုံးဖြတ်ချက်၊ အကျိုးပြုတဲ့ ဆုံးဖြတ်ချက် ပေးတဲ့ လူတွေကို ခေါင်းဆောင်လို့ သတ်မှတ်ခဲ့ကြတာပါ။ ခေါင်းဆောင်လုပ်တဲ့ လူဟာ ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကို လျှင်လျှင်မြန်မြန် ဘာကြောင့် ချမှတ်နိုင်သလဲ ဆိုတော့ သူတို့ဟာ စိတ်တည်ငြိမ်သူတွေ ဖြစ်လို့ပါပဲ။

သူတို့မှာ နောက်ဆံတင်းတဲ့ စိတ်၊ ငဲ့ကွက်တဲ့ စိတ် မရှိဘူး။ မအောင်ရင် အသေခံမယ်၊ အောင်မြင်ရင် အများ ကိုးကွယ်ရာ ဖြစ်စေမယ် ဆိုတဲ့ ကြီးမြတ်တဲ့ စိတ်ပဲ ရှိတယ်။ ဒါကြောင့် ဘယ်လို အရေးအခင်းနှင့်ပဲ ကြုံကြုံ သူတို့ဟာ လေပြင်းမုန်တိုင်းကြားမှာ တုန်ခါ လှုပ်ရှားခြင်း မရှိတဲ့ ကျောက်ဆောင်ကြီးတွေလိုပဲ ငြိမ်သက်တဲ့ ဣန္ဒြေလည်း ရှိပါတယ်။

လူတွေ စိတ် လှုပ်ရှားတယ်၊ တုန်လှုပ်တယ် ဆိုတာ ဘယ်အခါ ဖြစ်တတ်ပါသလဲ၊ ကိုယ်ကျိုးကို ငဲ့ကွက်မှုကြောင့် ကိုယ်ကျိုး ထိခိုက်မှာ စိုးတဲ့အခါ တုန်လှုပ်ပါတယ်။

တစ်ခါတုန်းက သာဝတ္ထိပြည်မှာ ပုဏ္ဏား လင်မယား နှစ်ယောက် ရှိခဲ့ကြဖူးတယ်။ သူတို့ လင်မယားဟာ အလွန်ဆင်းရဲ ချို့တဲ့ကြတယ်။ ဘယ်လောက်တောင် ဆင်းရဲ မွဲတေသလဲ ဆိုတော့ လင်မယား နှစ်ယောက်ပေါင်းမှ အပေါ်ရုံ အဝတ်ပုဆိုး တစ်ထည်ပဲ ရှိတယ်တဲ့။ ဒါကြောင့် သူတို့ကို 'ဧကသာဋက' လို့ ခေါ်ကြတယ်။ * အဓိပ္ပာယ်ကတော့ ဝတ်ရုံ တစ်ထည်တည်းသာ ရှိတဲ့ လင်မယားပေါ့။ ဒါကြောင့် သူတို့ လင်မယား ခမျာ တစ်ယောက်က အပြင်ကို ကိစ္စရှိလို့ သွားရင် ကျန် တစ်ယောက်က အိမ်ထဲမှာ နေရတယ်။ အဲဒါလောက် ဆင်းရဲတဲ့ လင်မယားပါ။

တစ်နေ့ကျတော့ မြတ်စွာဘုရား ကျောင်းတော်မှာ တရားနာ ဖိတ်ခေါ်တဲ့ အသံကို ကြားတော့ ပုဏ္ဏားက ပုဏ္ဏေးမကို မေးတယ်။

ပုဏ္ဏေးမ၊ မင်း နေ့မှာ တရားနာ သွားမလား၊ ညမှာ တရားနာ သွားမလား၊ မင်းနေ့မှာ သွားရင် ငါက ညမှာ သွားမယ်တဲ့၊ ဘာဖြစ်လို့လဲ ဆိုတော့ တစ်ယောက် တရားနာ သွားရင် သူက အပေါ်ဝတ်ရုံကို ယူသွားမှာကိုး။ ဒီတော့ တစ်ယောက်က အိမ်မှာ နေခဲ့ရမယ် မဟုတ်လား။

ဒီအခါ ပုဏ္ဏေးမက သူ နေ့မှာ တရားနာ သွားမယ်လို့ ဆိုတယ်။

ပုဏ္ဏားကတော့ ညဦးပိုင်းကျမှ မြတ်စွာဘုရားရဲ့ တရားတော်ကို နာဖို့ သွားတာပေါ့။ မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြားရတဲ့ ပုဏ္ဏားဟာ တစ်ကိုယ်လုံး ပီတိစိတ်တွေ ဖြာပြီး သဒ္ဓါတရားတွေ ထက်သန်နေတော့တယ်။

သူ့ စိတ်ထဲမှာ ရက်ရောတဲ့ အလှူကြီး တစ်ခုကို လှူ လိုက် ချင် ပါ တယ်။

---

* ဓမ္မပဒ၊ ပါဠိတော်၊ ပထမဝဂ္ဂ

ဒါပေမယ့် သူ့မှာ လှူစရာဆိုလို့ ကိုယ်ပေါ်မှာ တင်ထားတဲ့ ဝတ်ရုံ တစ်ခုပဲ ရှိတယ်။ သဒ္ဓါစိတ်က ထက်သန်ပြီး ပီတိစိတ်က ယိုဖိတ်နေတယ် ဆိုတော့ ပုဏ္ဏားရဲ့ စိတ်အစဉ်မှာ ဒီဝတ်ရုံကိုပါ လှူလိုက်တော့မယ် ဆိုတဲ့ အကြံအစည် ဖြစ်ပေါ်လာပါတယ်။

ဒီလို အကြံ ပေါ်ပြီး ခဏကြာတော့ သူ ဆက်ပြီး စဉ်းစားတယ်။ 'ငါ ဒီပုဆိုးကို လှူလိုက်ရင် ပုဆွေးမ ခြုံစရာ ရှိတော့မှာ မဟုတ်ဘူး၊ ငါမှာလည်း လက်ကန်တော့ တင်စရာ ကျန်တော့မှာ မဟုတ်ဘူး' ဆိုပြီး အတွေး ဖြစ်တယ်။ ဒီအတွေး ဝင်လာထာနှင့် ချက်ချင်း သူ့စိတ်ဟာ တွန့်တို သွားပြန်တယ်။ သူ နောက်ဆံ တင်းသွားပြီကိုး။ ငဲ့ကွက်မှုတွေက သူ့စိတ်မှာ ဖြစ်ပေါ်လာပြီ ဆိုတော့ ဆုံးဖြတ်ချက် မချနိုင်ဘူး။ စိတ်ဟာ ချီတုံ ချတုံ ဖြစ်ပြီး ပျံ့လွင့် လှုပ်ရှား ပါတော့တယ်။

ဒီနောက်မှာ ကြည်ညိုတဲ့ သဒ္ဓါစိတ်ကလေးက ဝင်လာပြန်တယ်။ ဒီတော့ 'အို လှူမယ်' ဆိုတဲ့ စိတ် ဖြစ်ပြန်တယ်။

လှူမယ်ကြံတိုင်း အားကြီးတဲ့ တွန့်တိုစိတ် ငဲ့ကွက်စိတ်တွေက ပေါ်လာပြီး တားဆီးနေတဲ့ အတွက် ပုဏ္ဏားရဲ့ အကြံဟာ မပြောက်နိုင်ဘူး။

ပျံ့လွင့်တဲ့ စိတ်ကြောင့် သူ့မှာ ဆုံးဖြတ်ချက် မကျဘဲနှင့် ညဥ့်ဦးယံ ကုန်သွားပါတော့တယ်။

ညဥ့်လယ်ယံကို ရောက်တော့လည်း လှူမယ်၊ လှူလို့ မဖြစ်ဘူး ဆိုတဲ့ သဒ္ဓါစိတ်နှင့် တွန့်တိုစိတ် နှစ်ခုဟာ လွန်ဆွဲ နေခဲ့ပြန်ပါတယ်။

နောက်ဆုံး မိုးသောက်ယံလည်း ရောက်လာပြီ။ အချိန်လည်း ကုန်ဆုံးတော့မယ်။ ဒီတော့ ပုဏ္ဏားကြီး စဉ်းစားတယ်။

ငါ့ရဲ့ သဒ္ဓါစိတ်နှင့် မစ္ဆရိယစိတ် တွေဟာ ငါ့ကိုယ်တွင်းမှာ တိုက်ပွဲ ဖြစ်နေတယ်၊ ညဥ့်ဦးယံနှင့် ညဥ့်လယ်ယံလည်း ကုန်ဆုံးသွားပြီ၊ ငါ့မှာ ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ် လွန်ဆွဲနေတယ်၊ ငါဟာ တွန့်တိုတဲ့ အကုသိုလ်စိတ်ကို မဖြတ်တောက်နိုင်ဘူး၊ မပယ်နိုင်ဘူး၊ ဒါဆိုရင် ငါဟာ အပါယ်ဘေးက လွတ်တော့မှာ မဟုတ်ဘူး။ တော်ပြီ၊ ငါ လှူမယ်ဆိုပြီး ညဥ့်ရဲ့ နောက်ဆုံးယံမှာ ဆုံးဖြတ်ချက်ကို ယတိပြတ် ချလိုက်ပါတော့တယ်။

ဒီလို ဆုံးဖြတ်ချက်လည်း ကျရော ပုဏ္ဏားဟာ သူ့ရဲ့ ဝတ်ရုံကလေးကို မြတ်စွာဘုရားရဲ့ ခြေတော်ရင်းမှာ ပုံချထားပြီး 'ဇိတံ မေ၊ ဇိတံ မေ၊ ဇိတံ မေ' လို့ ကြွေးကြော်လိုက်ပါတယ်။ 'ငါ အောင်ပြီ၊ ငါ အောင်ပြီ၊ ငါ အောင်ပြီ' လို့ ကြွေးကြော်လိုက်တာပါ။

ဒီအသံကို သူ့အားမှာ တရားနာ ရောက်ရှိနေတဲ့ ပသေနဒီ ကောသလ မင်းကြီးက ကြားသွားပါတယ်။ ဒီတော့ မင်းကြီးရဲ့ စိတ်ထဲမှာ ဒီပုဏ္ဏားဟာ တစ်စုံတစ်ခုကို အောင်မြင်ဟန် တူတယ်။ ပုဏ္ဏားကို မေးကြစမ်းပါလို့ မင်းချင်းတို့ကို

နိုင်းပါတယ်။ မင်းချင်းယောက်ျားတို့က မေးတော့ 'ငါ့ အတွင်းစိတ်ကို ငါ အောင် နိုင်လို့ ကြွေးကြော်တာ' လို့ သူ့ အဖြစ်ကို ပြန်ပြောလိုက်ပါတယ်။

မင်းချင်းတွေက ကောသလ မင်းကြီးကို အဖြစ်အပျက် အစုံကို နားတော် ပြန်လျှောက်တော့ 'အင်း ဒီပုဏ္ဏားဟာ ပြုနိုင်ခဲ့တဲ့ အလှူကို လှူတာပဲ၊ ဒီပုဏ္ဏားကို သနားပါတယ်၊ သူ့အတွက် အဝတ် တစ်ထည် ချီးမြှင့်မှ' ဆိုပြီး အဝတ်ညို တစ် ထည်ကို ချီးမြှင့်ပါတယ်။

မင်းကြီး လှူတဲ့ ပုဆိုးကို ရတဲ့ အခါမှာလည်း ပုဏ္ဏားဟာ သဒ္ဓါစိတ်ကို မတားနိုင်တော့ဘဲ မြတ်စွာဘုရားကို လှူပြန်တယ်။ မင်းကြီးက သူ့ရဲ့ ရဲရင့်တဲ့ သဒ္ဓါစိတ်ကို အားကျလာတယ်။ နောက်ထပ် ဝတ်ရုံ နှစ်ထည် ဖွှူပြန်တယ်။ ပုဏ္ဏားလည်း ချက်ချင်းပဲ မြတ်စွာဘုရားကို လှူပစ်လိုက်တယ်။ ပုဏ္ဏားရဲ့ စိတ်ထဲမှာ ဘာဆို ဘာကိုမှ တပ်မက် ငဲ့ကွက်လိုတဲ့စိတ် မရှိတော့ပါဘူး။

မင်းကြီးလည်း ပုဏ္ဏားရဲ့ ရက်ရောတဲ့ သဒ္ဓါကို နှစ်သက်တော် မူတာနှင့် ပုဏ္ဏားကို အဝတ်အထည်များ နှစ်ဆ တိုးပေးတယ်။

ပုဏ္ဏားက လှူလိုက်၊ မင်းကြီးက အဝတ် အထည်တွေ ထပ်ပေးလိုက်တာ သုံးဆယ့် နှစ်စုံ အထိ ရောက်လာတယ်။

ဒီအခါမှာတော့ ပုဏ္ဏား စိတ်ထဲမယ် ဒီပုဏ္ဏားဟာ ရတိုင်း လှူနေတာပဲ၊ ကိုယ့် အတွက်တောင် မချန်ဘူးလို့ ကဲ့ရဲ့လွတ်အောင် ဒီတစ်ကြိမ်မှာတော့ သူနှင့် ပုဏ္ဏေးမ အတွက် နှစ်ထည်ကို ချန်ပြီး ကျန်အထည်တွေကို လှူပါတယ်။

မင်းကြီးကလည်း ခုနစ်ကြိမ်ထိ ပေးတယ်။ ပုဏ္ဏားကလည်း ခုနစ်ကြိမ်လုံး လှူပစ်လိုက်တယ်။ နောက်ဆုံးတော့ ကောသလ မင်းကြီးဟာ နန်းတော်က ဝတ်လဲ တော် သိန်းထိုက် ကမ္ဗလာကို မင်းချင်းတို့ကို ယူစေပြီး ပုဏ္ဏားကို ပေးစေပြန်တယ်။

မင်းကြီး လုပ်နေပုံက ဒီပုဏ္ဏား တန်ဖိုးရှိတဲ့ အထည်ရရင်ဖြင့် လှူပါတော့ မလားလို့ စိတ်စမ်းသလိုပါပဲ။ ပုဏ္ဏားရဲ့ စိတ်ထဲမှာတော့ အဖိုးတန်သော မတန် သော ဘာကိုမှ ငဲ့ကွက်ခြင်း မရှိတော့ပါ။ သိန်းထိုက်ကမ္ဗလာကို ရတော့ ဒီလောက် ကောင်းတဲ့ အထည်ကို ငါ့ကိုယ်ပေါ်မှာ တင်ဖို့ မထိုက်ပါဘူး၊ ဒါ မြတ်စွာဘုရားနှင့် သာ ထိုက်ပါတယ် ဆိုပြီး မြတ်စွာဘုရား ကိန်းဝပ်တော်မူတဲ့ ဂန္ဓကုဋီ တိုက်ခန်းမှာ အိပ်ရာ အထက်က ဗိတာန် ကြက်လိုက်ပါတယ်။ တစ်ထည်ကိုတော့ သူ့အိမ်က ရဟန်း သံဃာများ ဆွမ်း လုပ်ကျွေးရာအရပ် အပေါ်က ဗိတာန်ကြက်ပါတယ်။

ညကျတော့ ကောသလ မင်းကြီးဟာ မြတ်စွာဘုရားထံ ပူဇော်ဖို့ ကြွလာတော့ ဂန္ဓကုဋီတိုက် အိပ်ရာ မျက်နှာကြက်မှာ ဗိတာန် ကြက်ထားတဲ့ အဝတ်ကို မြင်ပါ တယ်။ ဒီတင် ဒီပုဏ္ဏားဟာ ငါ ကြည်ညိုရာ အရပ်မှာ ကြည်ညိုခြင်း ရှိတယ်လို့ အောက်မေ့ပြီး အလွန် နှစ်သက်ပြန်ပါတယ်။

မင်းကြီးလည်း သဒ္ဓါပီတိ အရှိန်ကြောင့် သဗ္ဗ စတုက္ကလို့ ခေါ်တဲ့ အလှူကြီးကို

ပုဏ္ဏားကို ပေးပါတယ်။ (သဗ္ဗ စတုက္က ဆိုတာကတော့ ပစ္စည်း တစ်မျိုးကို လေးခုစီ ခုနစ်မျိုးတိတိ လှူတာကို ဆိုတာပါပဲ။)

ပုဏ္ဏားရဲ့ ဒီအလှူဟာ ဒိဋ္ဌဓမ္မ အကျိုးပေးတဲ့ အလှူပါ။

ဒီအလှူနှင့် ပတ်သက်ပြီးတော့ မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့ ဩဝါဒ တစ်ခုကလည်း အလွန်ပဲ မှတ်သားဖို့ ကောင်းပါတယ်။ ဘုရားက ဘယ်လို ဟော သလဲ ဆိုတော့

'ရဟန်းတို့ ဒီပုဏ္ဏားဟာ ညဥ့်ဦးယံမှာသာ ဒီလို လှူခြင်းကို တတ်နိုင်ခဲ့ရင် အလုံးစုံ တစ်ဆယ့်ခြောက်ခုစီ ဖြစ်တဲ့ သောဠသက ဝတ္ထုပစ္စည်းတို့ကို ဒိဋ္ဌ ရမှာပဲ၊ မဇ္ဈိမ ညဥ့်လယ်ယံမှာ လှူဖြစ်ခဲ့ရင် ရှစ်ခု ခုနစ်လီပါတဲ့ ပစ္စည်းတို့ကို ရပေ လိမ့်မယ်၊ လင်းအားကြီး မိုးသောက်ယံကျမှ သူ့ အဝတ်ကို လှူခဲ့လို့သာ ယခုလို လေးခုစီ ပါတဲ့ ပစ္စည်း အလှူကို ရတာ' လို့ ဆိုပြီး ဆက်ပြောပါတယ်။

'ကောင်းမှုကံ (ကောင်းတဲ့ အလုပ်) ကို ပြုလုပ်တဲ့အခါ ပြုသူဟာ သူ့မှာ ပထမဆုံး ဖြစ်တဲ့ စိတ်ကို မယုတ် မလျော့စေဘဲ အဲဒီစိတ် ပေါ်လာတာနှင့် ချက်ချင်း (အချိန် မဆိုင်းဘဲ) ပြုဖြစ်အောင် ပြုရမယ်၊ ပြုအပ်တယ်' လို့ မိန့်ကြား တော်မူပါတယ်။

ရွှေတောင်တက် ခရီးကို သွားကြတဲ့ လူတွေဟာ မြတ်စွာဘုရား နောက်ဆုံး ဟောကြားတဲ့ ဒီတရားစကားကို အထူး စွဲမှတ် ထားသင့်ပါတယ်။

လူမှာ ကုသိုလ် စိတ်ကလေး တစ်ချက် ဖြစ်လိုက်တဲ့ အခိုက်အတန့်မှာ စိတ် ဟာ သမာဓိ ခေါ်တဲ့ တည်ငြိမ်မှု ငြိမ်သက်မှုကို ရတယ်။ အဲဒီလို ရတာနှင့် ချက်ချင်း သူ့စိတ်ထဲမှာ ချမ်းသာသွားတယ်။ ဒါကို သုခလို့ ခေါ်ပါတယ်။ ဒီသုခ စိတ်ကလေး ငြိမ်သက်ပြီး ဖြစ်ပေါ်နေရင်တော့ လူမှာ ဝမ်းမြောက်ခြင်း ဆိုတဲ့ ပီတိ ဖြစ်ပေါ်လာ နိုင်ပါတယ်။ ဒါပေမယ့် ကုသိုလ်စိတ်ကြောင့် ချမ်းသာမှုကလေး ရတုန်း ရခိုက်မှာ ကုသိုလ်ကံကို ချက်ချင်း မပြုလိုက်မိရင် ပီတိကို မရတော့ဘူး။ စိတ်ဟာ ပြန်ပြီး ယောက်ယက်ခတ် သွားတတ်ပါတယ်။ ဒီလို စိတ်လှုပ်ရှားပြီး ချီတုံချတုံ ဖြစ်နေ တာကို ကျမ်းဂန်မှာ ဝိတက်၊ ဝိစာရလို့ ခေါ်ပါတယ်။ ကြံစည်မှုတွေ စိတ်ကူးမှုတွေ ဖြစ်ပေါ်ပြီး စိတ်ဟာ လှုပ်ရှား သွားတာပါပဲ။

ဒါကြောင့် မြတ်စွာဘုရားက *ကောင်းမှု ပြုသူဟာ မိမိစိတ်မှာ ပထမဆုံး ဖြစ်ပေါ်လာတဲ့ ကုသိုလ် စိတ်ကလေးကို မယုတ်လျော့စေဘဲ ထိုခဏ၌ပင် ပြုဖြစ် အောင် ပြုရမယ်* လို့ ဆုံးမခြင်း ဖြစ်ပါတယ်။

ဘဝခရီးမှာ အတွေ့အကြုံ ရင့်ကျက်လာတာနှင့် အမျှ မြတ်စွာဘုရား ဟော ကြားတော်မူတဲ့ ဒီဩဝါဒ စကားရဲ့ မှန်ကန်မှုကို လူတိုင်း မျက်ဝါးထင်ထင် တွေ့ကြရပါတယ်။

တစ်စုံတစ်ခု ပြုတော့မယ် ဆိုရင် စိတ်ထဲမှာ ကုသိုလ်စိတ်နှင့် ယှဉ်ပြီး

ရုတ်တရက် ဖျတ်ခနဲ စိတ်ကူးဉာဏ် အကြံအစည်ကလေး သဒ္ဓါစိတ်ကလေး ပေါ်လာတာမျိုးကို ခံစားမိဖူးကြပါလိမ့်မယ်။ ဒါပေမယ့် သတိ မရှိ သမာဓိ မရှိတဲ့ လူဟာ အဲဒီလို ရုတ်တရက် ပေါ်လာတဲ့ စိတ်ကို မိအောင် မဖမ်းနိုင်ဘူး။

ပထမဆုံး ပေါ်တဲ့ ကုသိုလ်စိတ်ကလေးကို မမိဘဲ လွတ်သွားတဲ့အခါ လူဟာ ကောသာဋက ပုဏ္ဏားလို မဆုံးဖြတ်နိုင်ဘဲ ချီတုံချတုံ ဖြစ်တတ်ပါတယ်။

ဘဝ ရွှေတောင်တက် ခရီးမှာ ပြတ်သားတဲ့ ဆုံးဖြတ်ချက်တွေကို မြန်မြန်ဆန်ဆန် ချနိုင်ဖို့ အထူး လိုအပ်ပါတယ်။ ဒီလို ဆုံးဖြတ်ချက် မြန်မြန် ချနိုင်ပြီး မိမိရဲ့ ဆုံးဖြတ်ချက် မှန်ကန်ဖို့ အတွက်ကတော့ စိတ်ကို လှုပ်ရှား ပျံ့လွင့်ခြင်း ကင်းအောင်၊ အာရုံ တစ်ခုတည်း အပေါ်မှာ စူး စူး စိုက် စိုက် တည်မြဲနေအောင် 'သမာဓိ' ကို လေ့ကျင့် ထားအပ်ပါတယ်။

## စိတ်အလို လိုက်သော မေဃိယ ရဟန်း

လူတွေ ကြံစည် ကြိုးပမ်းကြရာမှာ အလို မပြီး၊ အောင်မြင်ခြင်း ခရီး အဆုံးကို မရောက်နိုင်ဘဲ လျှောကျ ရှုံးနစ်ကြရတဲ့ အကြောင်းတွေထဲမှာ မိမိရဲ့ စိတ်ကို အလို လိုက်ခြင်း ဆိုတဲ့ စိတ်လိုက်မာန်ပါ ပြုမှု တစ်ခုဟာလည်း အကြောင်း တစ်ရပ် ဖြစ်ပါတယ်။

စိတ်ဆိုတာ ရေနှင့် တူတယ်လို့လည်း ပညာရှိများ ဆိုတတ်ကြပါတယ်။ ရေရဲ့ သဘောမှာ မြင့်ရာက နိမ့်ရာသို့သာ စီးဆင်း သွားတတ်သလို သတ္တဝါတို့ရဲ့ စိတ်ဟာလည်း မကောင်းမှု ဒုစရိုက် တရားများဆီသို့သာ စီးဆင်းလေ့ ရှိကြောင်း မြတ်ဗုဒ္ဓ ဟောကြားထားတာလည်း ရှိပါတယ်။

မြတ်စွာဘုရား ဟောကြားတော် မူတာကတော့ 'ပါပသ္မိံ ရမတေ မနော'တဲ့။ ဓမ္မပဒ ပါဠိတော်မှာ ဆိုပါတယ်။ 'အဓိပ္ပာယ်ကတော့ 'စိတ်သည် မကောင်းရာ၌သာလျှင် မွေ့လျော်၏' * တဲ့။

လောကကို ခြယ်လှယ် ပြုပြင် စီမံဆွဲဆောင်နိုင်စွမ်း ရှိတဲ့ ဒီစိတ်ဟာ ကောင်းတဲ့ တရားတွေမှာ မွေ့လျော်လေ့ မရှိဘူး။ မကောင်းတဲ့ တရားတွေမှာသာ ပိုပြီး မွေ့လျော်လေ့ ရှိပါတယ်။

ဒီလို မကောင်းတဲ့ ဘက်ကိုသာ ပိုပြီး ယိုင်ညွတ်လေ့ ရှိတယ်၊ လွယ်ကူရာ သက်သာရာ မွေ့လျော်ရာ အနိမ့်စခန်းသို့သာ ရှေးရှုသွားလေ့ ရှိတဲ့အတွက် ဒီစိတ်ရဲ့ အလိုကို ရွှေတောင်တက်သမားဟာ မေ့ မေ့ လျော့ လျော့ ပေါ့ ပေါ့ ဆ ဆ လိုက်ပါသွားမိရင် ပျက်စီးခြင်း အဆုံးသို့သာ ရောက်ပါလိမ့်မယ်။ ဒါကြောင့် စိတ်အလိုကို

---

* *ဓောဓိပက္ခိယ ဒီပနီ၊ စာ ၂၀*

မလိုက်မိအောင် စိတ်ကသာ မိမိရဲ့ ဦးဆောင် ပဲ့ကိုင်ရာသို့ လိုက်ပါအောင် ဒီစိတ်ကို ဆုံးမရပါတယ်။ တည်ကြည် နိုင်ခံ့အောင် ပြုလုပ်ရပါတယ်။

တစ်ခါက မြတ်စွာဘုရားဟာ စာလိယ ဆိုတဲ့ တောင်မှာ သီတင်းသုံးနေစဉ် အရှင် မေဃိယ ဆိုတဲ့ မထေရ်ဟာ မြတ်စွာဘုရားကို လုပ်ကျွေး ပြုစု နေပါတယ်။ အဲဒီတုန်းက အရှင် အာနန္ဒာကို မြတ်စွာဘုရားရဲ့ အလုပ်အကျွေး ရဟန်း အဖြစ် မခန့်ရသေးပါဘူး။ *

တစ်နေ့မှာ ဆွမ်းစားပြီး အညောင်းပြေ လျှောက်သွားရင်းက အရှင် မေဃိယ မထေရ်ဟာ အလွန်သာယာ ကြည်နူးဖွယ် ကောင်းတဲ့ သရက်ဥယျာဉ် တစ်ခုထဲကို ရောက်သွားပါတယ်။ ဥယျာဉ်ကြီးထဲ ရောက်တော့ စိတ်ထဲမှာ ကြည်နူးမိတာနှင့် ဒီနေရာမှာ လာပြီး တရား အားထုတ် ရရင်တော့ ကောင်းမှာပဲလို့ စိတ်ကူးရပါတယ်။

ဒီအကြောင်းကို မြတ်စွာဘုရားကို လျှောက်ထားပြီး သရက် ဥယျာဉ်မှာ သွားပြီး တရား အားထုတ်ခွင့် တောင်းပါတယ်။ ဒီအခါ ဘုရားက 'ချစ်သား မေဃိယ၊ ငါ့အား လုပ်ကျွေးမယ့် ရဟန်း မရောက်လာသေးခင် မသွားပါနှင့်ဦး၊ ခဏ္တ ဆိုင်းပါဦး' လို့ အမိန့်ရှိပါတယ်။ ဒီအခါ မေဃိယ ရဟန်းဟာ မြတ်စွာဘုရားကို ဘာပြန်ပြောတယ် မှတ်သလဲ။

'အရှင်ဘုရား၊ အရှင်ဘုရားတို့ အဖို့မှာ မဂ်ကိစ္စအတွက် ပူစရာ မလိုတော့ပါ၊ တပည့်တော်မှာက မဂ်ဖိုလ်ရအောင် အားထုတ်ဖို့ ကျန်ပါသေးတယ်၊ တပည့်တော်ကို ခွင့်ပေးမယ်ဆိုရင် သရက်ဥယျာဉ်မှာ သွားပြီး ကမ္မဋ္ဌာန်းတရား အားထုတ်ချင်ပါတယ် ဘုရား' လို့ ထပ်မံ လျှောက်ထားပြန်တယ်။ ဒီအခါ မြတ်စွာဘုရားက

'ချစ်သား မေဃိယ၊ ကမ္မဋ္ဌာန်း တရားကို ပွားများ အားထုတ်လိုတဲ့ သင့်ကို ငါ ဘယ်လို တားသင့်ပါမလဲ၊ မတားပါဘူး၊ သင် သွားသင့်တဲ့ အချိန်မှာ သွားပါ' လို့ ပြန်ပြီး မိန့်ကြားပါတယ်။

ဒီတင် မေဃိယ ရဟန်းဟာ ဘုရားထံ အလုပ်အကျွေး ပြုမယ့် ရဟန်းတစ်ပါး ရောက်လာတာကို မစောင့်တော့ဘဲနှင့် ဘုရား တစ်ပါးတည်းကို ပစ်ထားခဲ့ပြီး သရက် ဥယျာဉ်ဆီကို ထွက်သွားပါတော့တယ်။

သရက် ဥယျာဉ်ထဲ ရောက်တော့ သစ်တစ်ပင်ရင်းမှာ ထိုင်ပြီး ကမ္မဋ္ဌာန်း တရားကို အားထုတ်ပါတယ်။ ဒါပေမယ့် ဘုရားကို တစ်ပါးတည်း ပစ်ထားခဲ့ပြီး မိမိ လုပ်ချင်ရာ ဇွတ်လုပ်လာတာ ဆိုတော့ တရားအားထုတ်တဲ့ အခါ စိတ်ကို ထိန်းလို့ မရတော့ပါဘူး၊ သူ့စိတ်တွေဟာ အမျိုးမျိုးသော ကာမစ္ဆန္ဒတွေ နောက်ကို လိုက်ပါ ပျံ့လွင့်နေတော့တယ်။ ဒီ အဖြစ်မျိုးဟာ လောကမှာ အပြစ် တစ်ခုခုကို ကျူးလွန် သူတိုင်း ဖြစ်လေ့ဖြစ်ထ ရှိတဲ့ အဖြစ်မျိုးပါပဲ။

---

* *ဓမ္မပဒ၊ စိတ္တဝဂ်၊ မေဃိယ မထေရ်ဝတ္ထု*

နောက်ဆုံးတော့ ကမ္မဋ္ဌာန်း စီးဖြန်းလို့လည်း မရတာနှင့် မေဃိယ မထေရ်ဟာ ဘုရားထံကို ပြန်သွားပါတယ်။ ဒီအခါမှာတော့ မြတ်စွာဘုရားက ဆုံးမပါတယ်။

'ချစ်သား မေဃိယ၊ သင့် အပြုအမူဟာ ခုတော့ ဝန်လေးလှပြီ ဟုတ်လား၊ ငါက ဆိုင်းပါဦး ဆိုတာကိုတောင် သင်ဟာ တောင်းပန်လျက်နှင့် မဆိုင်းဘူး၊ ငါ့ကို မငဲ့မညှာဘဲ တစ်ပါးတည်း စွန့်ပစ်သွားခဲ့တယ်၊ ဒီလို စိတ် အလိုဆန္ဒနောက်ကို လိုက်ပါတာမျိုး သင် မလုပ်ထိုက်ပါဘူး၊ စိတ် ဆိုတာဟာ ထိုထိုအာရုံများ ရှိရာသို့ ပျံ့လွင့်သွားတတ်တဲ့ သဘော ရှိတယ်၊ ဒီစိတ်ကို ကိုယ့်အလိုသို့ပါအောင် ပြုထိုက်တာပေါ့' လို့ ဆိုပြီး ဂါထာ နှစ်ပုဒ်နှင့် ဆုံးမတော် မူခဲ့ပါတယ်။ အဲဒီ ဂါထာများရဲ့ သဘော အနက်ကတော့

စိတ်ဟာ (ကာမဂုဏ် အာရုံတို့၌) တုန်လှုပ်တတ်တယ်၊ အာရုံ တစ်ခုတည်းမှာ မတည်ငြိမ်ဘဲ လျှပ်ပေါ်တတ်တယ်၊ စောင့်ထိန်းဖို့လည်း ခက်တယ်၊ ဒီစိတ်ကို ကာမဂုဏ် အာရုံတွေဆီကို မရောက်အောင်လည်း တားမြစ်ဖို့ သိပ် ခက်တယ်။ မြားလုပ်တဲ့ လူဟာ မြားကို ဖြောင့်အောင် လုပ်သလို ပညာရှိဟာလည်း စိတ်ကို ဖြောင့်အောင် လုပ်အပ်တယ်တဲ့။

ပြီးတော့ ရေမှာ ပေါက်ပွား ကျက်စားလေ့ရှိတဲ့ ငါးကို ရေထဲက ထုတ်ယူပြီး ကုန်းပေါ်ကို ပစ်တင်လိုက်လို့ ရှိရင် ဆွေ့ဆွေ့ခုန်သလိုပဲ ကာမဂုဏ် အာရုံတွေမှာသာ ကျက်စားလေ့ရှိတဲ့ စိတ်ကို (ကာမဂုဏ် အာရုံတွေထဲက ထုတ်ပြီး) ကမ္မဋ္ဌာန်းဘာဝနာပေါ်မှာ တင်တဲ့ အခါမှာလည်း တဆွေ့ဆွေ့ ခုန်ပြီး တလွန့်လွန့် လှုပ်တတ်ပါတယ် * တဲ့။

မေဃိယ မထေရ်ကို မြတ်စွာဘုရား ဆုံးမ လမ်းညွှန်တော်မူခဲ့တဲ့ ဒီတရားဟာ ဘဝရွှေတောင်တက်သမားများ ဦးနှောက်ထဲမှာလည်း စွဲမြဲစွာ မှတ်ထားပြီး လိုက်နာကျင့်ကြံအပ်တဲ့ တရားပဲ ဖြစ်ပါတယ်။

အဓိပ္ပာယ် လိုရင်း သဘောကတော့ ဘဝရွှေတောင်ကို တက်ဖို့ ရည်မှန်းချက်ကြီးကြီးမားမား ထားပြီး ဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ စိတ်ရဲ့ အလိုဆန္ဒတွေ နောက်ကို မိမိက မလိုက်ပါရဘူး၊ မိမိ ရည်မှန်းရာ နောက်သို့သာ စိတ်က လိုက်ပါပြီး မိမိကို တွန်းပို့အောင် စိတ်ကို ပြုပြင် ထားရမယ်လို့ ဆိုတာပါပဲ။

## ပဏ္ဍိုသကို ဟောကြားသော သမာဓိ၏ အင်အား

ကြမ်းတမ်း ခက်ထန်လှတဲ့ ဘဝကန္တာရရဲ့ ဆန့်ကျင်ဘက် တရားတွေနှင့် ရင်ဆိုင်

---

* ဓမ္မပဒ၊ ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ၊ လန်ဒန်)၊ စာ ၇၃–၇၄

ကြရတဲ့အခါ ကြံ့ကြံ့ခံပြီး တည်နေအောင် ခံနိုင်ရည် ရှိဖို့၊ တွေဝေ ဆုတ်နစ်ခြင်း မရှိဘဲနှင့် ဆုံးဖြတ်ချက်ကို မြန်မြန် ယတိပြတ် ချမှတ်ပြီး မှန်တာတွေ၊ ကောင်းတာတွေကို အချိန် ရှိခိုက်မှာ အလျင်မီအောင် လုပ်နိုင်ဖို့ အတွက် ဘဝ ရွှေတောင်တက်သမားဟာ တည်ကြည် ခိုင်ခံ့တဲ့စိတ် ရအောင် သမာဓိကို အားထုတ် ထားသင့်တယ်လို့ ဆိုခဲ့ပါတယ်။

ဒီတော့ ဒီသမာဓိရဲ့ အင်အား၊ သမာဓိကို ရရှိသူရဲ့ အစွမ်းသတ္တိဟာ ဘယ်လောက် ရှိတယ် ဆိုတာကိုလည်း သိချင်ကြမှာပါပဲ။ သမာဓိရဲ့ အင်အား၊ သမာဓိရဲ့ အစွမ်းသတ္တိကို မပြောသေးမီ သမာဓိ ရှိဖို့ လိုတယ် ဆိုတဲ့ အကြောင်းတွေထဲမှာ ပြောဖို့ ကျန်နေသေးတဲ့ အကြောင်းကြီးငယ် တချို့ ကျန်ပါသေးတယ်။

လူသား အချင်းချင်း ပေါင်းသင်း ဆက်ဆံပြီး ဘဝခရီးကို အဖော်ပြုသွားကြရာမှာ

(က) ပြောတိုင်းပြု ပြုတိုင်း ပြောဆိုတဲ့ စကား တည်တံ့ခြင်း (ကတိ တည်ခြင်း) ဆိုတာဟာလည်း လိုအပ်လှပါတယ်။ ကတိ တည်ခြင်းကို ဘဝရဲ့ တန်ဖိုး တစ်ရပ် အဖြစ် အမြတ်တနိုး လူတွေက သတ်မှတ်ထားပါတယ်။ သို့သော် သမာဓိ မရှိတဲ့ လူဟာ ကတိ မတည်တဲ့လူ ဖြစ်တတ်ပါတယ်။

(ခ) မျက်နှာ ကြီးငယ်လိုက်မှု ဆိုတဲ့ အဂတိတွေ လူ့လောကမှာ ဖြစ်ပေါ်နေရတဲ့ အကြောင်းဟာလည်း သမာဓိ ဆိုတဲ့ ကောင်းမြတ်တဲ့ အာရုံ တစ်ခုတည်း အပေါ်မှာ တည်ကြည် ခိုင်ခံ့တဲ့ စိတ် မရှိလို့ ဖြစ်ရတာပါ။ လူတွေက အဂတိလိုက်စားတာကို ရွံ့မုန်းကြပေမယ့် အခွင့်ရ အခိုက်ကြုံရင် မိမိကိုယ်တိုင် အဂတိတရားတွေရဲ့ ဆွဲဆောင်ရာကို အလွယ်တကူ ပါသွားတတ်ပါတယ်။ ဒါကြောင့်လည်း ဘဝ ရွှေတောင်တက်သူဟာ အဂတိရဲ့ ဆွဲဆောင်ရာသို့ ပါမသွားအောင် သမာဓိကို အားထုတ်သင့်ပါတယ်။

(ဂ) မိမိကိုယ်ကို ကောက်ကျစ် စဉ်းလဲခြင်း မရှိ၊ ပကတိ ဖြောင့်မတ် မှန်ကန်သူ ဖြစ်အောင် စောင့်ရှောက်ဖို့ အတွက်လည်း သမာဓိဟာ လိုအပ်လှပါတယ်။ *

(ဃ) ပြီးတော့ လူမှာ ကြီးပွားခြင်း၊ မြင့်မြတ်ခြင်း၊ အထက်တန်း ကျခြင်း ဆိုတဲ့ လောက ကျက်သရေ (ဘဝရဲ့ တန်ဖိုး) တွေဟာ ဘယ်သူမပြု မိမိမှု ဆိုတဲ့ အတိုင်း မိမိကိုယ်ကို မိမိ အားကိုးပြီး ကြိုးပမ်း ဆောင်ရွက်လို့သာ ရအပ်တဲ့ အရာတွေ ဖြစ်တယ်။ ဒါတွေဟာ သူတစ်ပါး အထောက်အပံ့နှင့် ရအပ်တာတွေ မဟုတ်ဘူး။ ပြီးတော့ မွေးကတည်းက ပဋိသန္ဓေမှာ ပါလာတာတွေလည်း မဟုတ်ပါဘူး။ ဆိုလိုတာကတော့ ဘဝ ရွှေတောင်တက်သမားဟာ ဘဝရဲ့ တန်ဖိုးတွေကို ရှာမှီးရာမှာ မိမိကိုယ်က လွဲလို့ တခြား အားကိုးရာ မရှိဘူး။ မိမိကိုယ်သာ ကိုးကွယ်

---

* *စာဏကျနီတိ၊ စာ ၁၄၄*

အားထားရာလို့ မှတ်ရပါလိမ့်မယ်။ ဒါဟာ ဘုရားဟော တရားပါ။ ဒီလို ကိုယ့်ကိုယ်ကိုယ် ယုံကြည် စိတ်ချမှုနှင့် အားကိုးအားထား ပြုပြီး ဘဝခရီးကို လျှောက်လှမ်းကြရာမှာလည်း သမာဓိ ဆိုတဲ့ ကျောက်ဆောင်လို ခိုင်မာ တည်တံ့တဲ့ စိတ်ရှိဖို့ လိုအပ်လှပါတယ်။

ဒီနေရာမှာ တချို့ ဆောဒက တက်ချင်သူတွေက စိတ်ကို မပျံ့လွင့်အောင်၊ မလှုပ်ရှားအောင် ထားပါ ဆိုတာ ပြောတာသာ လွယ်တာ၊ လက်တွေ့ကျတော့ မရပါဘူး။ လှုပ်ရှားတာပဲ၊ ပျံ့လွင့်တာပဲ။ တကယ့် အခက်အခဲ အကျပ်အတည်းနှင့် ကြုံကြည့်ပါလား၊ ကြံရာမရ ဖြစ်တတ်တာပဲ၊ မျှော်လင့်ချက် တစ်ခု ဆုံးရှုံးသွားတဲ့ အခါမျိုးမှာတောင် လူဟာ ဆောက်တည်ရာ မရ ဖြစ်တတ်ကြတာပဲလို့ ဆိုပါလိမ့်မယ်။ ဒါဟာ ဘဝ ခရီးမှာ မိမိရဲ့ ကိုယ်စွမ်း ကိုယ်ရည်ကို မမြင်တဲ့ အန္ဓဗာလ ပုထုဇဉ် အဆင်းလမ်းသွား အောက်တန်းစားတို့ရဲ့ ဆင်ခြေသာ ဖြစ်ပါတယ်။ မိမိရဲ့ ကိုယ်စွမ်း ကိုယ်ရည်ကို သိမြင်တဲ့ ရွှေတောင်တက်သမား၊ အတက် လမ်းသွား ဥတ္တမ ပုရိသတွေလို 'အဘိနီဟာရ' * လို့ ခေါ်တဲ့ စိတ် အဓိဋ္ဌာန်ကြီးတွေ၊ ပညာဉ်ကြီးတွေ ဆုတောင်းကြီးတွေ ရှိကြတဲ့ လူတွေရဲ့ ဆင်ခြေ မဟုတ်ပါဘူး။ ဒီလို ပုဂ္ဂိုလ် အထူး အမြတ်တွေကတော့ လွင့်ချင်ရာ လွင့်၊ မျောချင်ရာ မျောပါနေတဲ့ စိတ်ရူး စိတ်နှမ်းတွေကို ထိန်းချုပ်ဖို့ နည်းလမ်းများကိုသာ ရှာကြလေ့ ရှိပါတယ်။

ဗုဒ္ဓဘာသာ ကျမ်းဂန်များမှာ သမာဓိ ရဖို့အတွက် နည်းပေါင်း ၄၀ တောင် ဖော်ပြ ပါရှိပါတယ်။

ကျမ်းဂန် အရကတော့ သမာဓိကို အဆင့် သုံးဆင့် ဖော်ပြပါတယ်။ အဆင့် သုံးဆင့် ဆိုတာကတော့

(၁) ပရိကမ္မ သမာဓိ

(၂) ဥပစာရ သမာဓိ နှင့်

(၃) အပ္ပနာ သမာဓိတို့ ဖြစ်ပါတယ်။

ပရိကမ္မ သမာဓိ ဆိုတာ စိတ်ရဲ့ ငြိမ်သက် တည်ကြည်မှုကို ခေါ်တာပါ။ ရှေးဦးစွာ ကြည့်ရှုအပ်သော ကမ္မဋ္ဌာန်း အာရုံကို ပရိကမ္မ နိမိတ် ခေါ်ပါတယ်။ အဲဒီလို ပရိကမ္မ နိမိတ်ကို ကြည့်ပြီး ပွားများတဲ့ စိတ်ကို ပရိကမ္မ ဘာဝနာလို့ ခေါ်တာပါ။

တစ်နည်း ပြောရရင် ကသိုဏ်း တစ်ခုခုကို ရှုမယ် ဆိုပါတော့။ အဲဒီ ကသိုဏ်း ဝန်းပေါ်မှာ ကြည့်ရှုပြီး ပွားမျှားတဲ့ စိတ်ကို ပရိကမ္မ ဘာဝနာလို့ ဆိုတာပါပဲ။

ဒီလို ပရိကံ အာရုံပေါ်မှာ စူးစူးစိုက်စိုက် ကြည့်ဖန်များတော့ စိတ်ဟာ သံလိုက်မှာ အပ်တွယ်သလို စွဲစွဲမြဲမြဲ ထင်လာပါတယ်။ ဒါကို ဥဂ္ဂဟနိမိတ် ထင်တယ်

------------------

* *ဥတ္တမပုရိသ ဒီပနီ၊ စာ ၂၉–၃၀*

လို့ ခေါ်ပါတယ်။ ဒီလို စိတ်ကလေး မြဲပြီး မလှုပ်ရှားတော့ဘဲနှင့် ငြိမ်သက်ချောညက်ပြီး တည်တံ့နေတဲ့ စိတ်သဘောကို ပဋိဘာဂ နိမိတ်လို့ ခေါ်ပါတယ်။ အဲဒီလို ဥဂ္ဂဟ နိမိတ်၊ ပဋိဘာဂ နိမိတ်တို့မှာ ကြည့်ရှု ပွားများတဲ့ စိတ်ကိုတော့ ဥပစာရ ဘာဝနာလို့ ခေါ်တယ်။ ဥပစာရ ဘာဝနာ အဆင့်မှာ စိတ်ရဲ့ ငြိမ်သက်တည်ကြည်နေခြင်းကို ဥပစာရ သမာဓိ ဆိုတာပါပဲ။

အဲဒီက တစ်ဆင့်တက်တော့မှ အပ္ပနာလို့ ခေါ်တဲ့ ဈာန်ကို ရောက်ပါတယ်။ ဒီဈာန်ဈာန်ကို အနောက်တိုင်း စိတ်ပညာ ကျမ်းများမှာ ဈာန်ဈေ (trance) လို့ ခေါ်ပါတယ်။ ဒီဈာန်ကို ဗုဒ္ဓကျမ်းဂန်များမှာ အပ္ပနာ ဘာဝနာလို့ ခေါ်ပါတယ်။ ဒီအပ္ပနာဈာန်စိတ်မှာ ငြိမ်သက် တည်ကြည်ခြင်းကို အပ္ပနာ သမာဓိ ခေါ်တာပါပဲ။ *

သမာဓိ အဆင့်ဆင့် ဖြစ်ပေါ်ပုံကို နောင်အခါ သင့်ရာ အခန်းကျမှ အကျယ် ဖော်ပြပါ့မယ်။ ခုတော့ သမာဓိဟာ အဆင့်ဆင့် ရှိတယ် ဆိုတာလောက်ကိုသာ သိပါ။

ဈာန်သမာဓိ အဆင့်ရောက်တဲ့ အခါမှာတော့ ဈာနလာဘီ ပုဂ္ဂိုလ်မှာ အမျိုးမျိုးသော စိတ်တန်ခိုးတွေကိုပါ ရနိုင်ပါတယ်။

တစ်ခါတုန်းက မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် ပြုခါနီး နောက်ဆုံး အချိန်ပိုင်းမှာ ကာလာမ အမျိုးဖြစ်တဲ့ မလ္လာမင်းသား ပက္ကုသ ဆိုသူဟာ ဘုရားသခင်ထံမှောက်ကို ရောက်ရှိလာပါတယ်။ ** သူဟာ အာဠာရ ဆိုတဲ့ ရသေ့ရဲ့ တပည့်ပါ။ မြတ်စွာ ဘုရားသခင် သစ်ပင်ရင်းမှာ ထိုင်ပြီး သီတင်းသုံး နေတဲ့ဆီကို ပက္ကုသဟာ ကပ်သွားပြီး သူ့ဆရာ အာဠာရ ရသေ့ဟာ တစ်ခါတုန်းက ဈာန်သမာဓိကို ဝင်စားနေလိုက်တာ အလွန်တရာ ငြိမ်သက် တင့်တယ်လှတဲ့ အကြောင်း၊ ဒီလို အဆင့်မြင့် သမာဓိကို ရတဲ့ ပုဂ္ဂိုလ်ဟာ ငြိမ်သက်ပြီး သမာပတ် ဝင်စားနေတဲ့ အခါ အနားက လှည်းငါးရာ ဖြတ်သွားတာကိုတောင် သိလည်း မသိဘူး၊ အသံလည်း မကြားဘူး၊ အိပ်ပျော်နေလို့လား ဆိုတော့ အိပ်လည်း မပျော်ဘူး၊ အသိသညာလည်း ရှိနေတယ် ဆိုတဲ့ အကြောင်းတွေကို ပြောပြီး ပက္ကုသက ချီးမွမ်းခန်း ထုတ်ပါတယ်။

ဒီအခါ မြတ်စွာဘုရားက ပက္ကုသကို တရားဟောလိုတဲ့ အတွက်

'အချင်း ပက္ကုသ၊ သင့်ကို ငါမေးဦးမယ်၊ လူတစ်ယောက်ဟာ အိပ်လည်း မပျော်ဘူး၊ သတိသညာလည်း ရှိတယ်၊ ဒါပေမယ့် လှည်းငါးရာနှင့် လာတာကိုတောင် မမြင်လိုက်ဘူး၊ မကြားလိုက်ဘူး၊ တခြား ပုဂ္ဂိုလ် တစ်ယောက်ကတော့ အဲဒီလိုပဲ အိပ်လည်း မပျော်ဘူး၊ သတိသညာလည်း ရှိတယ်၊ အဲဒီပုဂ္ဂိုလ်ဟာ ငြိမ်သက်တဲ့

---

* *အဘိဓမ္မတ္ထ သင်္ဂဟ ဒီပနီ၊ သေကျတောင် ဆရာတော် ဦးတိလောက (ရတနာသိရီ)၊ စာ ၂၇၀ – ၁*

** *ဒီဃ ပကာသနီ၊ စာ ၄၀၃ – ၄*

စိတ်နှင့် ထိုင်နေတဲ့ အချိန်မှာ ပတ်ဝန်းကျင်မှာ ပဲ့တင်ဟည်း မိုးကြီး ရွာပြီး လျှပ်စစ်တွေလက်၊ မိုးကြိုး သုံးချက်တောင် ပစ်တာကို သူဟာ မြင်လည်း မမြင်ဘူး၊ ကြားလည်း မကြားလိုက်ဘူး၊ အဲဒီ လူနှစ်ယောက်မှာ ဘယ်သူရဲ့ အဖြစ်က ဖိုပြီး ခဲယဉ်းသလဲ' တဲ့။

ဒီတော့ ပက္ကုသက ဒုတိယ ပုဂ္ဂိုလ်ရဲ့ အဖြစ်က ဖိုခက်ခဲတဲ့ အကြောင်းကို လျှောက်ထားပါတယ်။ ဒီအခါ ဘုရားသခင်က

'ပက္ကုသ၊ တစ်ချိန်တုန်းက ငါဟာ အာတုမ ဆိုတဲ့ မြို့နားက ကောက်နယ်တလင်း တဲအုံကလေး တစ်ခုမှာ သမာပတ်အာရုံနှင့် နေခဲ့ဖူးတယ်၊ အဲဒီအချိန်မှာ မိုးကြီး ရွာတယ်၊ လျှပ်စစ် တိမ်မီးတွေလည်း လက်တယ်၊ လေကြီးမုန်တိုင်းလည်း တိုက်တယ်၊ မိုးကြိုးလည်း သုံးချက်တောင် ပစ်တယ်၊ ငါ ဒီလို သမာပတ် ဝင်စားနေတဲ့ အနားမှာ နေကြတဲ့ လူနှစ်ယောက်နှင့် နွားလေးကောင် လယ်ထွန်နေကြတာ အားလုံး မိုးကြိုး ထိမှန်ပြီး သေကုန်ကြတယ်၊ အဲဒီ နေရာကို အာတုမ ပြည်သားတွေ ရောက်လာပြီး အုန်းအင်းတက်မျှ ဖြစ်တယ်၊ မိုးစဲတဲ့အခါ ငါ တဲအနီးမှာ စင်္ကြံသွားပြီးနေတော့ ယောကျာ်း တစ်ယောက် ငါ့ဆီကို လာပြီး ရှိခိုးနေတယ်၊ အဲဒီတော့ သူ့ကို ငါက မေးတယ်၊ ဒီလောက် လူအများကြီး ဒီမှာ ဘာလာ လုပ်နေကြတာလဲ ဆိုတော့ သူက မိုးကြိုးပစ် ခံရလို့ နွားရော လူပါ သေတဲ့ အကြောင်း ပြောတယ်၊ ပြီးတော့ ငါ့ကိုလည်း အဲဒီတုန်းက အရှင်ဘုရား ဘယ်မှာ နေလို့လဲလို့လည်း မေးတယ်။

'ငါက ဒကာ ငါလည်း ဒီတဲထဲမှာပဲ ရှိနေပါတယ် ဆိုတော့ ဒီအကြောင်းတွေကို အရှင်ဘုရား မမြင်လိုက်ဘူးလား၊ မကြားလိုက်ဘူးလားလို့ မေးပြန်တယ်၊ ငါလည်း မမြင်လိုက်တဲ့ အကြောင်း၊ မကြားလိုက်မိတဲ့ အကြောင်းကို ပြောတော့ ဒီလောက် မိုးကြီးတွေရွာ လေကြီးမုန်တိုင်း တိုက်ပြီး မိုးကြိုးသုံးချက် ပစ်တာတောင် မကြားလိုက်ဘူးလား ဆိုပြီး သူ အံ့သြနေတယ်' လို့ ပက္ကုသကို ရှင်းပြတော်မူတယ်။

ဒီအခါ ပက္ကုသလည်း မြတ်စွာဘုရားရဲ့ ငြိမ်သက်ခြင်း ဂုဏ်ကျေးတော်ကို အလွန်အမင်း ကြည်ညိုပြီး ပူဇော်ပါတယ်။

ဒါကြောင့် ဘဝခရီးမှာ တစ်တောင်ပြီး တစ်တောင် ကျော်နင်းပြီး အတက်ခရီးကို သွားကြတဲ့ ရွှေတောင်တက်သမားများဟာ ကန္တာရ ခရီးမှာ ဘယ်လို အတွေ့အကြုံမျိုးပဲ ကြုံကြုံ မတုန်လှုပ်တဲ့ စိတ်နှင့် လေကြီးမုန်တိုင်း ကြားက ကျောက်ဆောင် ကြီးလို နေနိုင်အောင် ကြိုးစားရဦးမှာ ဖြစ်တဲ့ အကြောင်း၊ မိမိရဲ့ ကိုယ်စွမ်းကိုယ်ရည်ကို ထက် မြက် ပြီး ခိုင်ခံ့အောင် ပြုလုပ်ဖို့ လိုသေးတဲ့ အကြောင်း တွေးမြင်စရာ တစ်ရပ် အနေနှင့် ပြောပြတာပါ။

❑

[illegible]

[illegible]

[illegible]

[illegible]

## ကဏ္ဍ [ခုနစ်]

## ကံ၏ သတ္တိ သိမှ ချမ်းသာ

- ကံ အကျိုး မပေးမီ
- စေတနာသည် ကံ
- ကိုယ်တွေ့ ဖြစ်ရပ် နစ်ခု
- ကံဟာ ဘယ်လို အကျိုး ပေးသလဲ
- ကံတူ အကျိုးပေး
- သုဘာ လုလင်၏ မေးခွန်းများ
- ကံ အမျိုးမျိုးကို နားလည်ခြင်း
- ကံ ဆိုတာ ဉာဏ် ဝီရိယ ပါမြဲ
- ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဉာဏ်
- ကံနှင့် ပတ်သက်သော ဒွိဟကို ပယ်ခြင်း

သူ့ထက်ထူးသား၊ ကျေးဇူးအနှစ်
စုံသည်ဖြစ်လျက်၊ ပွဲလယ်ချက်ဝယ်
ဖိုးနဂ်ကုန်ကောင်း၊ အစွဲနှောင်းသို့
ကံကောင်းလူ့ကြွေး၊ မမိသေး၍
ကြာနေးခဲအင်၊ လွန်ငြိုငြင်လည်း
ပန်းပင်ပူဆာ၊ ဗျာပါဝိတက်
နှောင့်ယှက်မကြုံ၊ လောကစံ၌
နိယံမကွေ၊ ဖြစ်မြဲပေဟု
သံဝေတရား၊ ဝမ်းဝယ်ထား၍
တတ်အားသမျှ၊ လှူဒါနနှင့်
သီလ ကြည်ညို၊ ချမ်းရိပ်ခို၍
ကုသိုလ်နှီးရင်း၊ စည်စေမင်း။

(ဂမ္ဘီသာရပျို့)

## ကံ အကျိုး မလေးမိ

အင်းဝခေတ်မှာ နေလို လလို ထင်ရှား ကျော်ကြားလှတဲ့ စာဆိုအမော် ရှင်မဟာရဋ္ဌသာရ ကိုယ်တော်ကြီးဟာ ဒုတိယ မင်းခေါင်ကို ဆုံးမဖို့ ပျို့တစ်စောင် ရေးသားတော်မူခဲ့တယ်။ * ဒီပျို့ရဲ့ အမည်ကတော့ ဂမ္ဘီသာရပျို့လို့ ခေါ်တယ်။ လူ့ဘဝရဲ့ သိခက် နက်နဲလှတဲ့ တရား အဆီအနှစ်တွေကို မြင်လွယ် သိလွယ်အောင် ဖော်ညွှန်းပြီး ရေးသားတော် မူခဲ့တာ ဖြစ်လို့ ဒီပျို့ကို 'ဂမ္ဘီသာရ' လို့ အမည် ပေးခဲ့တာပါ။

အထက်မှာ ဖော်ပြထားတဲ့ ကဗျာစုကလေးဟာ ဂမ္ဘီသာရပျို့ထဲမှာ ဆရာတော် ညွှန်ပြခဲ့တဲ့ ဘဝရဲ့ သိမှတ်ဖွယ် တရားစုကလေး တစ်ခု အကြောင်းကို ရေးဖွဲ့ထားတဲ့ ကဗျာကလေးပါပဲ။ ဘဝရဲ့ သိမှတ်ဖွယ်ရာ တရားစုကလေး ဆိုတာက ဘာကို ပြောတာလဲ ဆိုတော့ လောကမှာ လူသားတိုင်း ကြုံတတ်တဲ့ အလွန် လျှို့ဝှက်ပြီး အလွန် နက်နဲတဲ့ တရား တစ်ခုကို ပြောတာပါ။ အဲဒီ တရားက ဘာလဲ ဆိုတော့ 'ကံတရား' ပါပဲ။

ဘဝရဲ့ ရွှေတောင်တက် ခရီးလို့ ခေါ်တဲ့ အမြင့်တန်း အမြတ်တန်းကို မျှော်မှန်း

---

* *သူရဿတီ နိုတီ၊ စာ ၁၀၈*

ချက်ကြီးတွေ၊ ပြင်းထန်တဲ့ ဆန္ဒကြီးတွေ စိတ်ဆုံးဖြတ်ချက် (အဓိဋ္ဌာန်) ကြီးတွေ ထားပြီး တက်လှမ်းကြတဲ့ ဥတ္တမပုရိသများ အနေနှင့် ကံတရားရဲ့ လျှို့ဝှက် နက်နဲတဲ့ သဘော အကျယ်ကိုလည်း အထူး နားလည်ပြီး သဘောကျထား သင့်ပါတယ်။

ကံဟာ နိယာမတရား တစ်ခု ဖြစ်တယ်။ ကံမှာ အလွန် ထူးခြားတဲ့ သတ္တိတွေ ရှိတယ်။ ကံဟာ ဆန်းကြယ်စွာ အကျိုး ပေးတတ်တယ် ဆိုတဲ့ တရားသဘော အကျယ်အပြန့်ကို သိမှသာ ရွှေတောင်တက်သမားများမှာ တွေဝေခြင်း၊ ဆုတ်နစ်ခြင်း၊ စိတ်ပျက်ခြင်း၊ အားငယ်ခြင်းတွေ အလျှင်း မရှိဘဲ မိမိတို့ ဆောင်ရွက်ဖွယ်ရာရှိသမျှ လောကီကိစ္စ၊ လောကုတ္တရာ ကိစ္စတွေကို ရဲရဲတင်းတင်း ပြင်းပြင်းပြပြ မလျှော့သော ဇွဲလုံ့လနှင့် ဆောင်ရွက်နိုင်ကြ ပါလိမ့်မယ်။

လူသားများဟာ ဘဝခရီးမှာ ဆောင်ရွက်ဖွယ် ကိစ္စ အဝဝကို ဆောင်ရွက်ပြုပြင်ကြတဲ့ အခါ တစ်ခါတစ်ရံ ဖြစ်လေ့ဖြစ်ထ ရှိတဲ့ သဘော တစ်ခုက ဘာလဲ ဆိုတော့ ဈေးထဲမှာ ကုန်ပစ္စည်း ရောင်းကြတဲ့အခါ သူတစ်ပါးတွေရဲ့ ကုန်ပစ္စည်းနှင့် နှိုင်းစာလို့ရှိရင် ကိုယ့်ကုန်ပစ္စည်းက အဘက်ဘက်က သာတယ်။ ပစ္စည်းလည်း ကောင်းရဲ့၊ အမျိုးလည်း မှန်ရဲ့၊ အဖိုးလည်း ချိုရဲ့။ ဒါပေမယ့် သူများကုန်လို မစွံဘူး။ မရောင်းရဘူး။ အရောင်း ထိုင်းနေတယ်။

ဒီအခါမျိုးမှာ ကုန်ရောင်းသူဟာ အလွန် စိုးရိမ် ပူပန်ပြီး ငြိုငြင်တဲ့ စိတ်တွေ ဖြစ်ပေါ် လာတတ်ပါတယ်။ မိမိရဲ့ ကုန်ပစ္စည်းက အမျိုးလည်း ကောင်း၊ အဖိုးလည်း ချိုပါလျက် အရောင်း မသွက်ဘူး။ သူများ ကုန်ပစ္စည်းက ကိုယ့်ကုန်လောက်တောင် မကောင်းဘူး၊ တန်ဖိုးကလည်း ကြီးသေးတယ်၊ ရောင်းလိုက်ရတာ အလကား ပေးတာ ကျနေတာပဲ။ ဘယ်လို ဖြစ်တာပါလိမ့်လို့ ဆိုပြီး အမျိုးမျိုး ကြံစည်ပါသော်လည်း ဒီလို ဘာကြောင့် ဖြစ်ရတာလဲ ဆိုတဲ့ အဖြေက မပေါ်ဘူး။ သူများက ကြော်ငြာ ကောင်းလို့လား ဆိုတော့လည်း ကိုယ့်လောက်တောင် မကြော်ငြာဘူး၊ ရောင်းလိုက်ရတာ လက်မလည်ဘူး။

ဒီလိုအခါမျိုးမှာ လူဟာ တောင်တွေး မြောက်တွေး တွေးပြီး နတ် အားကိုးလို အားကိုး၊ ဇာဒင် မေးလို မေး၊ ယတြာ ချေလို ချေနှင့် ချွတ်ယွင်းတဲ့ အယူဝါဒ အမျိုးမျိုးရဲ့ သွေးဆောင် ဖြားယောင်းရာကို လိုက်ပါ သွားတတ်ကြပါတယ်။

တချို့ မင်းမှုထမ်းများမှာလည်း မိမိက အရည်အချင်းရော အရေအတွက်ရော သာတယ်၊ အလုပ်ကိုလည်း ပိုပြီး လုပ်ရတယ်၊ ကြိုးစားတာလည်း မပြောနှင့်၊ ရုံးက အလုပ်မပြီးရင် မနေတတ်လို့ အိမ်ကိုတောင် ယူပြီး လုပ်တယ်၊ အကျင့်စာရိတ္တအားဖြင့်လည်း ဖောက်ဖောက်ပြန်ပြန် ဘာတစ်ခုမှ မကျင့်ဘူး။ ဒါပေမယ့် အထက်လူကြီးများရဲ့ ချီးမြှင့် မြှောက်စားခြင်းကျတော့ မိမိက မခံစားရဘူး။ ကိုယ့်လောက် ပညာလည်း မတတ်ဘူး၊ အလုပ်လည်း မကျွမ်းကျင်ဘူး၊ ကိုယ့်လောက်လည်း ကိုယ်ဖိရင်ဖိ အလုပ်ကို မကြိုးစားဘဲ အထက်လူကြီးကြိုက် ပေါင်းတဲ့သင်းတဲ့

လူတွေကျတော့ ရာထူးတက်တယ်၊ ချီးမြှင့် မြှောက်စား ခံရတယ်။ ဒီအခါမျိုးမှာ လူဟာ စောစောက ပြောခဲ့သလိုပဲ ဟိုတွေး ဒီတွေး ဟိုကြံ ဒီကြံနှင့် စိတ်တွေ ကမောက်ကမ ဖြစ်လာတတ်ပါတယ်။ ငြိုငြင်တဲ့စိတ်က ဖိစီးလာတော့ တစ်ခါတစ်ရံ တစ်သက်လုံး မိမိ ဆောက်တည်လာခဲ့တဲ့ သီလ သမာဓိဂုဏ် နာမည်ကောင်း အကျင့်ကောင်းတွေကိုပါ ဖျက်ဆီးပြီး သူများ မိုးခါးရေ သောက်တုန်း ကိုယ်က မသောက်ရင် ကိုယ်ပဲ အရူး ဖြစ်မယ် ဆိုတဲ့ မှားယွင်း ဖောက်ပြန်တဲ့ အတွေးမျိုးတွေ ဝင်လာတဲ့ အထိ ဖြစ်တတ်ကြပါတယ်။

ဒါကို မြင်တော်မူတဲ့ အတွက် ရှင်မဟာရဋ္ဌသာရ ဆရာတော်ကြီးက လူတွေဟာ ဘဝ ခရီးမှာ ကြံတိုင်း မဖြစ်၊ မျှော်လင့်တိုင်း မအောင်မြင်တဲ့ အခါမျိုး ကြုံတတ်တာဟာ မဆန်းပါဘူးတဲ့။ ဒါဟာ သတ္တဝါတို့ရဲ့ ဘဝမှာ ကြုံလေ့ကြုံထ ရှိတဲ့ လောကဓမ္မတာ တစ်ခုပါပဲတဲ့။ ဒီလို ကိုယ်က ကောင်းပါလျက် အကြောင်း မလှ ဖြစ်ရတဲ့ အခိုက်အတန့်မျိုး ကြုံကြရတဲ့ အခါ ဒါဟာ လောကဓံ တရားပဲ၊ ငါ့မှာ ကံကျိုးပေးဖို့ အချိန် မရောက်သေးလို့ မချမ်းသာသေးတာပဲ၊ မကြီးပွားသေး တာပဲ၊ မတိုးတက်သေးတာပဲ၊ အရေးမကြီးဘူး၊ တစ်နေ့မှာ ငါ ပြုခဲ့ဖူးတဲ့ ကုသိုလ် ကံဟာ မုချ အကျိုးပေးရမယ်ဆိုတဲ့ ယုံကြည်ချက်နှင့် ကြံ့ကြံ့ခံပြီး နေပါတဲ့။ မိမိ ပြုဖွယ် ကောင်းမှု ကုသိုလ်တွေကိုလည်း တတ်အားသမျှ ပြုပြီး နေပါတဲ့။ ပြုမြဲ ဖြစ်တဲ့ ဝီရိယကိုလည်း မလျှော့ပါနှင့်တဲ့။ ဒီသဘောကိုပဲ ဆရာတော်က ဒီလိုလည်း ဆုံးမတော် မူခဲ့ပါသေးတယ်။

'သုံးပါးမျက်မြော်၊ အကြိုက်တော်လျက်၊ မပေါ်မထင်၊ ဂုဏ်အင်ငုပ်တိမ်၊ စည်းစိမ်ခွန်အား၊ ရည်သွားအခန့်၊ ပွားပြန့်ကျိုးပေး၊ အရောက်နှေးလည်း၊ နီးဝေး တိုရှည်၊ ကြံစည်ထောက်ထား၊ မမေ့မှားလျှင်၊ ကုန်သွားယာလယ်၊ လုပ်ဖွယ်ဆောင် ခင်း၊ မပျင်းလုံ့လ၊ ဝါယမပြင့်၊ ဒုက္ခဖျင်းသိမ်၊ ကြောင့်ကြငြိမ်၍၊ စိုးရိမ်ပျောက်ကင်း၊ လုံစေမင်း' တဲ့။

ဆရာတော် ဆိုလိုတာကတော့ ဘဝခရီးမှာ တစ်ခါတစ်ရံ အခန့်မသင့်တဲ့ အခါ စည်းစိမ်ချမ်းသာကို ရာတိုင်း မရဘဲ ဖြစ်တတ်တယ်။ တစ်ခါတစ်ရံမှာ ရည်မှန်းချက် ဝေးသွားတဲ့ အဖြစ်မျိုးလည်း ကြုံရတတ်တယ်။ ဘဝမှာ ကံကျိုး မပေးသေးတဲ့ အခါ ဆိုတာမျိုးလည်း ရှိတယ်။ ဒီလို ကံကျိုး မပေးသေးတဲ့ အခိုက်အတန့်မျိုး ကြုံခဲ့ရလို့ ရှိရင် မှောက်မှား ချွတ်လွဲတဲ့ အတွေးအခေါ်တွေကို မတွေးကြပါနှင့်၊ မိမိတို့ လုပ်ဆောင်စရာ ရှိသမျှ အလုပ်တွေကို ပျင်းရိခြင်း မရှိ၊ မေ့လျော့ခြင်း မရှိဘဲ ဆောင်ရွက်မြဲ အတိုင်းသာ အရှိန်မပျက် ဆက်လက် ဆောင် ရွက်ပါ။ စိုးရိမ် ကြောင့်ကြတဲ့ စိတ်တွေ လုံးဝ မဖြစ်ကြပါနှင့်။ စိတ်ဓာတ် မကျကြ ပါနှင့်လို့ ဆုံးမတာပါပဲ။

ဒီအချက်မှာ 'ကံကျိုး ပေးခြင်း' ဆိုတဲ့ သဘောဟာ အတွေးအမြင်

(ဒဿနပညာ) ရဲ့ ကိစ္စဖြစ်လို့ ဒီရွှေတောင်ကက်ဒဿန ကျမ်းငယ်မှာ အရေး ပါလှတဲ့ အတွေးအမြင် တစ်ရပ် ဖြစ်တဲ့ အကြောင်းကိုလည်း ပြောပြထားချင်ပါတယ်။

အထူးသဖြင့် ဘဝရဲ့ ရွှေတောင်တက် ခရီးသွား ဥတ္တမ ပုဂ္ဂိုလ်များ အတွက် 'ကံကျိုး ပေးခြင်း' ဆိုတဲ့ တရားကို သဘာဝကျကျ နားလည် သဘောပေါက်ဖို့ လိုပါတယ်။ ဒါမှသာ ဘဝ အတက်ခရီးကို သွားကြတဲ့အခါ မလိုလားအပ်တဲ့ အယူသီးမှုတွေ၊ မှောက်မှားတဲ့ အတွေးအမြင်တွေကို ပယ်နိုင်မယ်။ ဒါကြောင့် ဒီအခန်းမှာ ကမ္မနိယာမရဲ့ ကံသတ္တိ သဘော အကျယ်ကို သုတ္တံနည်း အဘိဓမ္မာ နည်းတွေနှင့် ရှင်းလင်း တင်ပြသွားဖို့ ရည်ရွယ်ပါတယ်။

ဒီနေရာမှာ ကံ ဆိုတဲ့ စကားရယ်၊ ကံကျိုးပေးခြင်းနှင့် အချိန်ကာလ သဘောရယ်၊ တိုက်ဆိုင်မှု သဘောရယ် ဆက်စပ်နေပုံကို သဘာဝ ယုတ္တိနှင့် ရှင်းပြချင်ပါတယ်။

ဆိုကြပါစို့၊ လူတစ်ယောက်ဟာ အင်မတန် အရသာရှိတဲ့ သရက်သီး တစ်လုံး ကို စားရတယ်။ ဒီတော့ သူ့စိတ်ထဲမှာ ဒီသရက်သီးမျိုး နောက်ထပ် စားရအောင်၊ နောက်လူတွေလည်း စားရလေအောင် ဆိုတဲ့ စေတနာကလေး တစ်ခု ဖြစ်ပေါ်လာတယ်။ အဲဒီ စေတနာက သူ့ကို တိုက်တွန်းတာကြောင့် သူဟာ ဒီသရက်စေ့ကို စိုက်ပျိုးလို့ ဖြစ်ထွန်းနိုင်မယ့် မြေ၊ ရေ၊ ဥတုတွေကို ရွေးချယ်တယ်။ ပြီးတော့ သူတတ်ပြီး ဖြစ်တဲ့ သစ်ပင် စိုက်ပျိုးမှု နည်းပညာတွေကို သုံးပြီး ဒီမျိုးစေ့ကို တစ်ခုသော သင့်တော်ရာ အရပ် (မြေပေါ်) မှာ စိုက်ပျိုးတယ်။ ရေလောင်းမှု၊ မြေသြဇာကျွေးမှု၊ အလင်းရောင် ရရှိအောင် ဖန်တီးမှု၊ သင့်တော်တဲ့ အပူ (ဥတု) ကို ရစေမှုတွေကိုလည်း ပြုလုပ်တယ်။ သစ်ပင် စိုက်ပျိုးမှု ဆိုတဲ့ အမှုအလုပ် အားလုံးဟာ ကံချည်းပဲ ဖြစ်ပါတယ်။

မြတ်စွာဘုရားကတော့ စေတနာကိုတောင် ကံလို့ သတ်မှတ်ပြီး ဟောကြားတော် မူခဲ့ပါတယ်။

သတ္တဝါတို့ရဲ့ စိတ်သန္တာန်မှာ စေတနာ ဖြစ်ပေါ်လာမှုက စပြီး ဆောင်ရွက်မှု သဘော ဖြစ်တဲ့ ကံဟာ စဖြစ်ပြီလို့ မှတ်သင့်ပါတယ်။ စေတနာဟာ ဘာဖြစ်လို့ ကံဖြစ်သလဲ ဆိုတော့ တချို့ ကိစ္စတွေမှာ စေတနာ မပါဘဲ ဆောင်ရွက်ခဲ့လို့ရှိရင် ဒီဆောင်ရွက်မှုရဲ့ အကျိုး အပြစ်တွေကို ပြုလုပ်သူက မခံရဘူး ဆိုတဲ့ သဘောလည်း ရှိလို့ ပြောတာ။

မြတ်စွာဘုရား လက်ထက်တော် အခါက မျက်စိ နှစ်ကွင်း အလင်း မရတဲ့ စက္ခုပါလ မထေရ်ကြီး ဆိုတာ ရှိခဲ့တယ်။ * ဒီ မထေရ်ကြီးဟာ တစ်နေ့ နံနက် စောစော စင်္ကြံ လျှောက်နေတုန်း တောကျေးလက်က ရောက်လာကြတဲ့ ဧနပုဒ်နေ

---

* ဓမ္မပဒ၊ ယမကဝဂ်၊ ၁ စက္ခုပါလ မထေရ်ဝတ္ထု

ရဟန်းများက ဒီမထေရ်ကြီးကို ဖူးဖို့ ရောက်လာကြတယ်။ မထေရ်ကြီးဟာ ညက မိုးရွာထားလို့ စိုရွှဲနေတဲ့ စင်္ကြံပေါ်မှာ မမြင်မစမ်းနှင့် စင်္ကြံ လျှောက်နေတယ်။ မထေရ်ကြီး စင်္ကြံ လျှောက်နေတဲ့ စင်္ကြံလမ်းပေါ်မှာ ပိုးပုရွက်တွေ ကျနေတာကို မထေရ်ကြီးက မမြင်ဘူး။ ဒီတော့ ပိုးပုရွက်တွေကို သူ့ဖဝါးက နင်းမိတယ်။ နင်းမိတော့ ပိုးပုရွက်တွေ သေကျေ ပျက်စီးကြတယ်။ ဒါကို နေပုဒ် ရဟန်းတွေက မြင်သွားကြပြီး မထေရ်ကြီးကိုလည်း ကဲ့ရဲ့ကြတယ်။ မထေရ်ကြီးကြောင့် ပိုးပုရွက်တွေ သေကျေကြတဲ့ အကြောင်းကိုလည်း မြတ်စွာဘုရားကို တိုင်ကြတယ်။ ဒီအခါ မြတ်စွာဘုရားက 'စက္ခုပါလ မထေရ် သတ်တာကို သင်တို့ မြင်တွေ့ခဲ့ကြလို့လား' မေးပါတယ်။ ရဟန်းများက

'မမြင်တော့ မမြင်ခဲ့ပါ ဘုရား' လို့ ဖြေတယ်။ ဒီတင် မြတ်စွာဘုရားက 'သင်တို့ စက္ခုပါလ သတ်တာကို မမြင်သလို စက္ခုပါလဟာ ပိုးပုရွက်တွေကို မမြင်ဘူး၊ ရဟန်းတို့ ရဟန္တာတို့မှာ သေစေလိုတဲ့ စေတနာမျိုး မရှိဘူး' လို့ မိန့်တော်မူပါတယ်။

ဆိုလိုတာကတော့ စက္ခုပါလ မထေရ်ကြီးဟာ မျက်စိ ကန်းနေတယ်။ ဒီတော့ ပိုးပုရွက်တွေကို မမြင်ဘူး။ ဒါကြောင့် နင်းမိတယ်။ ဒါပေမယ့် ဒီလို နင်းမိလို့ သေရတာဟာ တမင်တကာ သေစေချင်လို့ သတ်တဲ့ စေတနာ မပါတဲ့ အတွက် ကံ မမြောက်ဘူးလို့ ဆိုခြင်းပဲ ဖြစ်ပါတယ်။

စေတနာဟာ ကံမြောက်တဲ့ အကြောင်းကို သီးသန့် ပြောပါဦးမယ်။ ဒီနေရာမှာတော့ ရှေ့က သစ်ပင် စိုက်ပျိုးမှု ဥပမာကိုပဲ ဆက်ပြောပါရစေ။

သစ်ပင် စိုက်ပျိုးသူဟာ နောင်အခါ စားရဖို့နှင့် နောင် လူတို့ စားရဖို့ ဆိုတဲ့ စေတနာနှင့် မျိုးစေ့ကို စိုက်ပျိုးခဲ့ပါတယ်။ ဒီနေရာမှာ သူ ပြုအပ်တဲ့ 'ကံ' ကိစ္စ တစ်ခု ပြီးမြောက်သွားပါပြီ။

သစ်စေ့ဟာ မြေပေါ်ကို ရောက်တော့ မြေဩဇာဓာတ် ရေဓာတ် ဥတုဓာတ် တွေနှင့် ထိတွေ့ပြီး အစို့အညှောက် ပေါက်လာပါတယ်။ ပတ်ဝန်းကျင် အထောက် အပံ့တွေနှင့် ရှင်သန် ကြီးပြင်းလာတဲ့ ဒီသစ်ပင်ဟာ ပတ်ဝန်းကျင်ကောင်း ထောက်မ လို့ တိရစ္ဆာန်ရဲ့ ဖျက်ဆီးခြင်း၊ ပိုးမွှားရဲ့ ဖျက်ဆီးခြင်း၊ မိုးကြီးလေကြီးရဲ့ ဖျက်ဆီး ခြင်း ရန်အန္တရာယ်နှင့် မကြုံရဘူး။

ဒီလို ပတ် ဝန်း ကျင် ကောင်း ရဲ့ အထောက်အပံ့ ရတာကိုပဲ လူတွေက ကံကောင်း ထောက်မတယ်လို့ ဆိုကြပါတယ်။ အစက ပတ်ဝန်းကျင် အပေါ်မှာ များစွာ မှီခိုနေရတဲ့ ဒီသစ်ပင်ဟာ တဖြည်းဖြည်းနှင့် အင်အားသစ်တွေကိုပါ ရရှိလာပြီး ကြီးမား ကြံ့ခိုင်လာတယ်။ ဒီအခါမှာတော့ ကြီးပွား တိုးတက်နေပြီ ဖြစ်တဲ့ ဒီသစ်ပင်ဟာ ပတ်ဝန်းကျင်ကိုတောင် ပြန်ပြီး သူက လွှမ်း မိုး နိုင် ပြီ။ တဖြည်းဖြည်းနှင့် ဒီသစ်ပင် အ ကျိုး ပေး မယ့် အချိန်ဟာ နီးစပ်လာတယ်။

နောက်ဆုံးမှာ ဒီသစ်ပင်က အင်မတန် ချုံမြိုင်ပြီး အရသာ ရှိတဲ့ အသီးတွေ သီးမှည့်လာတယ်။

ဒါဟာ အတိတ်ကာလ ခေါ်တဲ့ ယခင် ပစ္စုပ္ပန် တစ်ခုမှာ ပြုခဲ့တဲ့ လူတစ်ဦး တစ်ယောက်ရဲ့ ကံဟာ နောင်ပစ္စုပ္ပန်ကာလ တစ်ခုမှာ လာပြီး အကျိုးပေးတဲ့ သဘောကို ထင်လွယ် မြင်လွယ်အောင် ပြတာပါ။ ဒါပေမယ့် အဲဒီသစ်ပင် သီးပွင့်မှည့်ဝင်းတဲ့ အခါမှာတော့ သစ်ပင် စိုက်ပျိုးသူဟာ ရှိချင်မှ ရှိတော့မယ်။ သူ ပြုခဲ့တဲ့ ကံရဲ့ အကျိုးကို သူကိုယ်တိုင် ခံစားချင်မှလည်း ခံစားရတော့မယ်။ ခံစားရသူတွေလည်း ရှိတယ်၊ မခံစားရသူတွေလည်း ရှိပါတယ်။ ဒီလို ခံစားရတာ မခံစားရတာဟာ သူ့ရဲ့ အသက်ပိုင်းဖြစ်တဲ့ အချိန်ကာလနှင့်သာ ဆိုင်ပါတယ်။ သူ ငယ်စဉ်က ဒီသစ်ပင်ကို စိုက်ခဲ့မယ်၊ သစ်ပင်ကလည်း သူ မသေခင်မှာ သီးမှည့်မယ်၊ ဒီသစ်ပင်ကို စွန့်ပြီး သူဟာ ဝေးလံလှတဲ့ တခြား တစ်နေရာကိုလည်း ရောက်မနေဘူး ဆိုရင်တော့ ဒီ သစ်သီးကို သူ စားသုံးရမှာ မလွဲပါဘူး။

ဒါကြောင့် ကံကျိုးပေးမှု ကိစ္စဟာ အချိန်ကာလနှင့် များစွာ ဆက်စပ်နေတယ် ဆိုတဲ့ သဘောကို ဆင်ခြင်သင့်ပါတယ်။ သစ်ပင်ဟာ သူ့အချိန်ကျမှ သူ သီးမှာပဲ။ အဲဒီ အချိန်ပိုင်းကို မရောက်ခင် ဘယ်လောက်ပဲ ရေ လောင်းလောင်း၊ မြေဩဇာ ထည့်ထည့် မသီးဘူး။ သီးချိန် မှည့်ချိန် ဆိုတာ ရှိတယ်။ သဘာဝ တရားမှာ ဆောင်ရွက်မှု တစ်ခုကို ပြုတဲ့အခါ အဲဒီ ဆောင်ရွက်မှုရဲ့ အကျိုးအမြတ်ပေါ်မှု (အကျိုးပေးမှု) ဖြစ်ပေါ်လာဖို့ အတွက် တစ်စုံတစ်ခုသော ကာလ အပိုင်းအခြား ဆိုတာ ရှိတယ်။ ဒါကို သိသင့်ပါတယ်။

သတ္တဝါတွေမှာလည်း ပဋိသန္ဓေ နေချိန်၊ မွေးဖွားချိန်၊ အပျိုဖြစ် လူပျိုဖြစ်တဲ့ အရွယ်ရောက်ချိန် ဆိုတာ သတ်မှတ်ချက်တွေ ရှိပါတယ်။ သေဆုံးခြင်းကို ကံကုန်တယ်လို့လည်း ပြောကြပါတယ်။ ကံရဲ့ အကျိုးပေးမှုဟာ သတ်မှတ်ထားတဲ့ အချိန်ကာလ အတွင်းမှာသာ ဖြစ်ပါတယ်။ အချိန် (အာယုကပ်) ဆိုတဲ့ သက်တမ်း အဆုံးကို ရောက်ရင် ကံကုန်ခြင်းသို့ ရောက်ပါတယ်။

ဒါကြောင့် ဒီလောကမှာ စေတနာပါတဲ့ ဘယ်အလုပ် (ကံ) ကိုပဲ ပြုပြု အဲဒီ ကံရဲ့ ကောင်းကျိုး ဆိုးကျိုးတွေဟာ သူ့ အချိန်ရောက်ရင် သူ့ အလိုလို ဖြစ်ပေါ်လာမှာပါပဲ။ ဒီလို ဖြစ်ပေါ်လာတာကို ကံကျိုးပေးတယ်လို့ ဆိုပါတယ်။ ဘယ် အမှု ဘယ်ကံပဲ ဖြစ်ဖြစ် သူ့ အချိန်ကျရင် သူ့ အကျိုး ဖြစ်ပေါ်လာတာဟာ ဓမ္မတာပါပဲ။ နိယာမ တစ်ခုပါ။

တစ်စုံတစ်ခုသော ကံဟာ တစ်ချိန် တစ်ခါမှာ အကျိုး ပေးခွင့် မရခဲ့ရင် ဒီကံသတ္တိဟာ ကုန်ခန်း မသွားဘူး၊ အကျိုးပေးခွင့် ရတဲ့ အချိန်မှာတော့ အကျိုး ပေးမှာပဲ။

ဒီတော့ ရွှေတောင်တက် ခရီးသွား ပုဂ္ဂိုလ်များဟာ မိမိ အားထုတ် ဆောင်

ရွက် ထားခဲ့တဲ့ အလုပ်တွေဟာ ကောင်းရင် ကောင်းကျိုး ပေးမယ်၊ မကောင်းရင် မကောင်းကျိုး ပေးမယ် ဆိုတာ မုချ ဖြစ်တယ်လို့ သဘောပေါက်ပါ။

အရှင်းဆုံး အလွယ်ဆုံး မှတ်ထားသင့်တာကတော့ မိမိ ပြုလုပ်ထားတဲ့ အလုပ် (ကံ) ဟာ ချက်ချင်း ဒိဋ္ဌဓမ္မ အကျိုး မပေးသေးလို့ ဝမ်းလည်း မနည်းသင့် သလို ဝမ်းလည်း မသာသင့်ပါဘူး။ တချို့ လူတွေဟာ ကောင်းမှုတွေ ပြုခဲ့ပါရဲ့ ကောင်းကျိုး မခံစားရဘူး ဆိုပြီး ဝမ်းနည်းပက်လက် ဖြစ်တတ်ကြပါတယ်။ တချို့ ကလည်း မကောင်းမှုတွေ ပြုခဲ့ပါရဲ့ မကောင်းကျိုးတွေကို ဒိဋ္ဌဓမ္မ ချက်ချင်းလက်ငင်း မခံစားရသေးလို့ ဝမ်းသာရွှင်မြူး နေကြတာတွေလည်း ရှိတတ်ကြပါတယ်။

တကယ်တော့ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းကြောင့် မိမိ ပြုခဲ့တဲ့ ကံဟာ ကောင်းကျိုး ဆိုးကျိုး မပေးဘဲ ပြီးငြိမ်း မသွားပါဘူး။ ဒါကြောင့် မြတ်ဗုဒ္ဓက ဓမ္မပဒမှာ

'တစ်စုံတစ်ယောက်သော သူသည် မကောင်းသော ပြစ်မှားလိုသည့် စိတ်ဖြင့် ပြောဆိုပြုမူလျှင် လှည်းဘီးသည် လှည်းကို ရုန်းသည့် နွား၏ ခြေရာနောက်သို့ အစဉ်လိုက်သကဲ့သို့ ဆင်းရဲဒုက္ခသည် ထိုသူ၏ နောက်သို့ ထက်ကြပ်မကွာ အစဉ် လိုက်လေ၏' * လို့ ဟောကြားတော် မူခဲ့ပါတယ်။

## စေ တ နာ သည် ကံ

ဘဝရဲ့ ရွှေတောင်တက် ခရီးကို သွားသူတိုင်းဟာ 'ကံ' ဆိုတဲ့ စကားကို 'အလုပ်' (အပြုအမူ) လို့ပဲ နားလည်သင့်ပါတယ်။ တခြား လူပြိန်းတွေ ပြောဆို နေကြသလို မထင်မှတ်ဘဲ ရုတ်တရက် ဖြစ်ပေါ်လာတတ်တဲ့ သတ္တဝါတို့ရဲ့ ကောင်းမှု ဆိုးမှုကို ဖန်တီးနေတဲ့ တန်ခိုးသတ္တိ တစ်မျိုးလို့ ရှုပ်ရှုပ်ထွေးထွေး နားမလည်သင့်ပါဘူး။

အရှင်းဆုံးကတော့ ကံဆိုတာ အတိတ်ကာလ ပစ္စုပ္ပန်ကာလတွေမှာ ပြုခဲ့ပြုဆဲ ဖြစ်တဲ့ ကာယကံ ဝစီကံ (ကိုယ်မှု နှုတ်မှု) တွေပါပဲလို့သာ သဘောကျသင့်ပါတယ်။

ဒီအခြေခံ သဘောကို နားလည် သဘောကျထားမှသာ နောင် ရှင်းပြမယ့် ရှုပ်ရှုပ်ထွေးထွေး သဘောတရားတွေကိုလည်း လွယ်လွယ်ရှင်းရှင်း နားလည် သွားပါ လိမ့်မယ်။

ယခု ဆက်လက်ပြီး စေတနာဟာ ကံဖြစ်တယ် ဆိုတာကို ထပ်ဆင့် ရှင်းပြ ပါဦးမယ်။

စေတနာဟာ ကံဖြစ်တယ် ဆိုတာ နားလည်ချင်ရင် စေတနာ မပါရင် ကံ မဖြစ်ဘူး ဆိုတဲ့ သဘောကို ဦးစွာ နားလည်ထားရင် ရှင်းသွားမှာပါ။

---

* *ဓမ္မပဒ၊ ဦးမြင့်ဆွေ မဟာဝိဇ္ဇာ (လန်ဒန်)၊ စာ ၃၄*

အလွယ်ဆုံးကတော့ လူတစ်ယောက်က လူတစ်ယောက်ကို သတ်မယ်လို့ ခြိမ်းခြောက်ပြီး မကောင်းမှု တစ်ခုကို ပြုလုပ်နိုင်းတယ် ဆိုပါတော့၊ ပထမလူက ခြိမ်းခြောက် ချုပ်ချယ်ပြီး နိုင်းလို့ ဒုတိယလူက ဘယ်လို မကောင်းမှုပဲ လုပ်လုပ် ဒုတိယလူရဲ့ အလုပ်ဟာ စေတနာမပါတဲ့ အတွက် ကောင်းမှု ဆိုးမှု အကျိုးဆက်ကို မခံရပါဘူး။ သူ့မှာ တာဝန် ဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကို မခံစားရဘူးလို့ ဆိုပါတယ်။ ဒါက လောက ဥပမာကို ပြတာပါ။

သို့သော် သတ္တဝါတို့ ပြုမှု ပြောဆိုနေကြတဲ့ ကိုယ်မှု (ကာယကံ)၊ နှုတ်မှု (ဝစီကံ) တွေမှာတော့ စေတနာ ပါတာချည်းပါပဲ။

'စေတနာ' ဆိုတဲ့ စကားဟာ စိတ်ကို စေ့ဆော် တိုက်တွန်းတဲ့ တရားမျိုး ဖြစ်ပါတယ်။ စိတ်ကို ပြောချင်အောင်၊ တစ်စုံတစ်ခု ပြုမှု ဆောင်ရွက်ချင်အောင် စေ့ဆော်တာက စေတနာ စေတသိက် ပါပဲ။ လူဟာ တစ်စုံတစ်ခုကို ပြောတယ်၊ တစ်စုံတစ်ခုကို ပြုမှုတယ် ဆိုတဲ့ ဝစီကံ ကာယကံတွေ မဖြစ်ခင် ကတည်းက အကြောင်းတရား ဖြစ်တဲ့ စေတနာကံက အရင် ဖြစ်ရပါတယ်။ ဒါကို မိမိ သဘော ဆန္ဒအလျောက် စေ့ဆော် ဆောင်ရွက်မှု (Voluntary Action) လို့လည်း ခေတ်သစ် ကိုယ်ကျင့်ဒဿန ဆိုင်ရာ ဆရာကြီးများက ဆိုကြပါတယ်။

စိတ်ချည်း သက်သက်ကတော့ အာရုံကို သိတဲ့ ကိစ္စ တစ်ခုပဲ ရှိပါတယ်။ စိတ်ချည်းသက်သက်က ကောင်းမှု ဆိုးမှု မကွဲပြားပါဘူး။ ဒီလို ကောင်းမှုတွေ မကောင်းမှုတွေ ဆိုတဲ့ (ကံ) တွေကို အမျိုးမျိုး ဖြစ်ပေါ်အောင် ထမြောက်အောင် ဖန်တီးထားတာကြောင့် (အကျိုးအမှုရဲ့ ကံဟူသော နာမည်ကို အကြောင်းရင်း စေတနာပေါ်မှာ တင်စား၍) စေတနာ စေတသိက်ကိုပင် 'ကံတရား' လို့ ခေါ်ရပါ တယ်။ *

ကာယကံ ဝစီကံ ဆိုတဲ့ ကံတရားတွေဟာ ကုသိုလ် စေတနာ အကုသိုလ် စေတနာလို့ ဆိုတဲ့ စေတနာ ကောင်းဆိုးပေါ်မှာ တည်ပြီး ကုသိုလ်ကံ အကုသိုလ် ကံတွေ ဖြစ်လာရပါတယ်။

ဒါကြောင့် အကြောင်းရင်း (လက်သည်) ဖြစ်တဲ့ စေတနာကို ကံလို့ သတ်မှတ်ရပါတယ်။

ရှေးတုန်းက မုဆိုးကြီး တစ်ယောက်မှာ သောတာပန် တည်ပြီးတဲ့ မယား တစ်ယောက် ရှိပါတယ်။ ဒီမုဆိုးကြီးရဲ့ ဇနီးဟာ မုဆိုးကြီး တောလိုက် ထွက်ခါနီး မှာ ထမင်းထုပ်တို့ လေးမြားတို့ကို မယားဝတ္တရား ရှိတဲ့အတိုင်း ပြင်ဆင် ပေးပါ တယ်။ တောကပြန်တဲ့ အခါမှာလည်း ရလာတဲ့ အမဲသားငါးတွေကို ခုတ်ထစ်ပြီး ချက်ပြုတ် ကျွေးမွေး ပြုစုပါတယ်။ ဒီလို မယား ဝတ္တရား ရှိလို့ ဝတ္တရား အတိုင်း

---

* ကိုယ်ကျင့် အဘိဓမ္မာ၊ စာ ၂၂၂

ပြုဖွယ်ကိစ္စ မှန်သမျှကို ပြုလုပ်နေရပေမယ့် သူ့မှာ လင်ကို အားပေးတဲ့ စေတနာ ကတော့ တစိုးတစိမျှ မရှိပါဘူး။ ဒါကြောင့် ဒီသောတာပန် အမျိုးသမီး ပြုလုပ်တဲ့ (ကံ) မှုတွေဟာ အကုသိုလ် မဖြစ်ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဝတ္ထု တစ်ပုဒ်လည်း ရှိပါတယ်။

သို့သော် အမှန်တကယ် စိတ်ရင်း စေတနာရဲ့ တိုက်တွန်းမှုနှင့် ပြုတဲ့အမှု ဖြစ်လို့ ရှိရင်တော့ အဲဒီ အမှုရဲ့ ကောင်းမှု မကောင်းမှု အကျိုးဆက်ဟာ ဒီဘဝ မျက်မှောက်ကာလမှာ အကျိုး မပေးရရင် နောင်ဘဝ အဆက်ဆက် အထိ ခန္ဓာ အစဉ်တွေ လိုက်ပါပြီး အကျိုး ပေးတတ်ကြောင်းကိုလည်း စက္ခုပါလ မထေရ် ကြီးရဲ့ အတိတ် ဘဝ ဇာတ်ကြောင်းမှာ ဟောကြားတော် မူပါတယ်။

ယခုဘဝမှာ မျက်စိကန်းသွားတဲ့ စက္ခုပါလ မထေရ်ဟာ ရှေးဘဝတုန်းက ဆေးဆရာကြီး တစ်ဦး ဖြစ်ခဲ့တယ်။ အဲဒီ ဘဝတုန်းက မျက်စိရောဂါ ဖြစ်နေတဲ့ မိန်းမ တစ်ဦးကို ဆေးကုခဲ့တယ်။ မိန်းမလည်း သူ့ မျက်စိရောဂါ ပျောက်ကင်း ချင်လှတဲ့ အတွက် ရောဂါ ပျောက်ကင်းအောင် ကုပေးနိုင်ရင် ကျွန်ခံပါ့မယ်လို့ ကတိပေးတယ်။ ဆရာဟာ အလွန် အစွမ်းထက်တဲ့ ဆေးတွေနှင့် တစ်ကြိမ် ခတ် ပေးတာနှင့် မျက်စိရောဂါဟာ သက်သာ ပျောက်ကင်း သွားပါတယ်၊ ဒါပေမယ့် မိန်းမဟာ ရောဂါ ပျောက်တဲ့အခါ ကျွန်ခံရမှာစိုးလို့ သူ့မျက်စိ မမြင်သေးဘူးလို့ လိမ်ညာ ပြောခဲ့တယ်။ ဒါကို ဆရာလုပ်သူက သိတဲ့အတွက် အလွန် အမျက် ထွက်ပြီး ဒီမိန်းမရဲ့ မျက်စိမှာ အလွန်ပြင်းတဲ့ ဆေးတွေကို ခတ်လိုက်တာ မိန်းမရဲ့ မျက်စိ နှစ်လုံးစလုံး ဆုံးရှုံး ပျက်စီးခဲ့ရဖူးတယ်။ ဒီဝိပါက ဝဋ်ကြောင့် စက္ခုပါလ မထေရ်ကြီးဟာ ဖြစ်ရာ ခန္ဓာအစဉ် ဘဝ အဆက်ဆက်မှာ မျက်စိ ကွယ်ခဲ့ရတယ် လို့ မြတ်စွာဘုရား ဟောညွှန်ခဲ့ဖူးပါတယ်။

## ကိုယ်တွေ့ ဖြစ်ရပ် နှစ်ခု

တစ်ခါတုန်းက စာရေးသူဟာ လူတွေမှာ စွဲကပ်နေတဲ့ စိတ်စွဲရုပ် (psycho-somatic) ရောဂါ အချို့ကို မိမိတတ်ကျွမ်းတဲ့ စိတ်ညှို့ အိပ်မွေ့ချ နည်းပညာနှင့် ကုသပေးခဲ့ ဖူးပါတယ်။ ဒီအချိန်တုန်းက စစ်တွေမြို့က အောင်ခင်စော ဆိုတဲ့ လူငယ် တစ်ဦးကို အိပ်မွေ့ချထားတုန်း သူဟာ အိပ်ပျော်နေရင်းက အမူအရာတွေ ပြောင်းလဲပြီး စကား ပြောလာပါတယ်။ စာရေးသူဟာ သူ့ကိုယ်မှာ ဖြစ်နေတဲ့ (ဆေး ဝါး နှင့် ကု လို့ မပျောက်တဲ့) အနာစိမ်း ရောဂါတွေရဲ့ ဖြစ်ရင်းစွဲ အကြောင်းတွေကို သူ့ရဲ့ မသိစိတ် လို့ ခေါ်တဲ့ အတွင်း ဘဝင်စိတ်မှာများ ရှိလေမလား ဆိုပြီး ရှာဖို့ ကြိုးစားတာပါ။ ဒီအခါ အောင်ခင်စောက သူ့မှာ ဒီအနာစိမ်း ရောဂါ ဖြစ်ရတာဟာ ဘဝ တစ်ခုမှာ ရခိုင်ပြည်မှာ ဘုန်းကြီး ဖြစ်ခဲ့တဲ့ အကြောင်း၊ အဲဒီတုန်းက ကုလားတွေက

သာသနာကို ဝင်ဖျက်ကြတော့ ဒီသာသနာဖျက်တွေကို ဗုဒ္ဓဘာသာဝင်တွေက တိုက်ခိုက် ဖမ်းဆီးခဲ့ကြတယ်တဲ့။ ဒီတုန်းက မိမိဟာ ဘုန်းကြီး ဖြစ်ပါလျက် ကပ္ပိယ ဖြစ်တဲ့ သောကြာအောင် ဆိုသူကို 'သာသနာ ဖျက်တဲ့ ဒီကောင်တွေရဲ့ ကိုယ်ပေါ်က ဒဏ်ရာတွေကို ဆားခတ်ကွာ' လို့ နှုတ်က ပြောခဲ့မိလို့ ဒီအနာတွေ ပေါက်နေရတာပါလို့ ဆိုပါတယ်။

မကြာမီမှာပဲ အထက်တန်းကျောင်း ဆရာတစ်ဦး ဖြစ်တဲ့ ဦးအုန်းမောင် ဆိုသူ လူနာ တစ်ဦး ရောက်လာ ပြန်ပါတယ်။ သူ့မှာလည်း အနာစိမ်း ရောဂါတွေ ဖြစ်နေပါတယ်။ စာရေးသူလည်း အောင်ခင်စော နည်းတူ အိပ်မွေ့ချပြီး စုံစမ်း ပါတယ်။ ဒီအခါ သူက ရှေးဘဝ တစ်ဘဝမှာ သူဟာ အလောင်းမင်းတရားရဲ့ တပ်မှူး အောင်ပြည့် ဆိုသူ ဖြစ်ခဲ့ကြောင်း၊ အဲဒီ ဘဝတုန်းက ငချစ်ညို နှင့် တိုက်ပွဲ ဖြစ်ရာမှာ ဖမ်းဆီးရမိတဲ့ သုံ့ပန်းတွေရဲ့ ဒဏ်ရာတွေကို ဆေးကုသခွင့် မပေးဘဲ ပစ်ထားခဲ့မိတဲ့ အတွက် ဒီအနာတွေ သူ့ကိုယ်ပေါ်မှာ ပေါက်နေရတာပါလို့ ပြော ဖူးပါတယ်။

ဒီအဖြစ်အပျက် နှစ်ရပ်တို့ရဲ့ တိုက်ဆိုင်ပုံကို တွေ့ရတဲ့အခါ စာရေးသူရဲ့ စိတ်ထဲမှာ အကုသိုလ် စေတနာဟာ ဘဝ 'အဆက်ဆက် ခန္ဓာစဉ်ကို လိုက်ပြီး အကျိုးပေးတယ် ဆိုတဲ့ မြတ်စွာဘုရားရဲ့ ဟောကြားထားချက်တွေဟာ မှန်လှပါ ကလား ဆိုတာ ကိုယ်တွေ့ကြုံပြီး အလွန် တုန်လှုပ် ချောက်ချား ဖြစ်ခဲ့ရဖူးပါတယ်။

ဒီ အကြောင်းအရာတွေကို အရှည်အဝေး တင်ပြရတာကတော့ ရွှေတောင် တက် ခရီးသွား ပုဂ္ဂိုလ်များဟာ ဘဝရဲ့ အတက်ခရီးကို သွားကြတဲ့အခါ စေတနာ မှောက်မှားခဲ့ရင် ဘဝမှာလည်း လမ်းမှားကို ရောက်ပြီး ဘဝရဲ့ အကျိုးမဲ့ အဆင်း ခရီးကို ရောက်သွားတတ်တယ်၊ နောင်ဘဝ အဆက်ဆက်လည်း ခံရတယ် ဆိုတာ သတိပြုစေချင်လို့ပါ။

ဘဝ အတက်ခရီး ဆိုတာ သတိ ရှိရုံ သဒ္ဓါ ရှိရုံ ဝိရိယ ရှိရုံနှင့် မပြီး သေးဘူး။ စေတနာ မှောက်မှားရင်လည်း ပြုသမျှကံတွေ မှောက်မှားပြီး ချမ်းသာ စီးပွား မဖြစ်နိုင်ဘူး။ စေတနာ မှန်ဖို့၊ စေတနာရဲ့ အစ အလယ် အဆုံး (ပုဗ္ဗ၊ မုဥ္စ၊ ပရ) သုံးတန်လုံး ဖြောင့်မတ်ဖို့၊ စေတနာ တွန့်တိုခြင်း မရှိဖို့လည်း အလွန် အရေး ကြီးပါတယ် ဆိုတာ အထူး ဂရုပြုမိစေလိုတဲ့ ဆန္ဒနှင့် ပြောပြရတာပါ။

ကုသိုလ်ကောင်းမှု ပြုရာမှာတောင် ပုဗ္ဗ စေတနာ မုဥ္စ စေတနာ ပရ စေတနာ ဆိုတဲ့ စေတနာ သုံးတန် အနက် တစ်ခုသော စေတနာ တွန့်တိုသွားရင် ကံရဲ့ အကျိုးပေးရာမှာ ထိခိုက်တတ်ပုံတွေကိုလည်း ဗုဒ္ဓမြတ်စွာဘုရား ဟောကြားထားတဲ့ တရားတွေ ရှိပါတယ်။

မြတ်စွာဘုရား သာဝတ္ထိပြည်မှာ သီတင်းသုံးပြီး နေစဉ်တုန်းက အာဂန္တုက သူဌေး ဆိုတဲ့ ကုဋေရှစ်ဆယ် မက ကြွယ်ဝတဲ့ သူဌေး တစ်ယောက်ဟာ ဒီလောက်

ချမ်းသာပါလျက်နှင့် လျှော်နှင့်ရက်တဲ့ ပုဆိုးကိုသာ ဝတ်တယ်၊ သူတစ်ပါး စွန့်ပစ်လိုက်တဲ့ ရထားကျိုးကိုသာ ကောက်ပြီး စီးတယ်၊ ထန်းရွက်ကိုသာ ထီး လုပ်ပြီး ဆောင်းတယ်၊ ဆန်ကွဲကို ဟင်းနနွယ် ကန်စွန်းရွက်တွေနှင့် ရောကျိုတဲ့ ယာဂုကိုပဲ သောက်တယ်၊ သူ သေတော့ ပစ္စည်းဥစ္စာ အားလုံးကို မင်းဘဏ္ဍာ အဖြစ် သိမ်းယူတယ်။ သူကတော့ ဒီလို တွန့်တိုခဲ့တဲ့ စိတ်ကြောင့် အပါယ်ကို လားရတယ် * လို့ ဆိုပါတယ်။

ဒီသူဌေး ဘာကြောင့် ဒီလို ဖြစ်ရသလဲ ဆိုတော့ ရှေးဘဝတုန်းက သူဟာ ပစ္စေကဗုဒ္ဓကို ဆွမ်းလှူခဲ့တာ ပရစေတနာ တွန့်တိုခဲ့လို့ ဒီလို ဖြစ်ရတာလို့ မြတ်စွာဘုရားက ဟောကြားတော် မူပါတယ်။

## ကံဟာ ဘယ်လို အကျိုး ပေးသလဲ

ကျမ်းဂန်မှာ ကောင်းကျိုးပေးမည့် ကုသိုလ်ကံဟာ သတ္တဝါတို့ရဲ့ ခန္ဓာစဉ်မှာ အရိပ် ပမာ လိုက်ပါနေတယ်။ မိမိကို မကောင်းကျိုး ပေးပြီး နှိပ်စက်မည့် အကုသိုလ်ကံကတော့ လှည်းဘီးဟာ ရုန်းသော နွားရဲ့ ခြေရာကို တကောက်ကောက် လိုက်ပြီး နင်းသလို သတ္တဝါရဲ့ ခန္ဓာအစဉ်ကို လိုက်ပြီး နှိပ်စက်တယ်လို့ အထင်အရှား ပြထားပါတယ်။

သို့သော် ဒီစကားဟာ ကျမ်းဂန်မှာပါတဲ့ ဘုရားဟောစကား ဖြစ်သော်လည်း ခေတ်ပညာတတ် ဆိုတဲ့ လူတွေဟာ အများအားဖြင့် သံသယ ဝါဒီတွေ ဖြစ်ကြတော့ လက်တွေ့ ဥပမာတွေ ပြမှသာ ဘဝင်ကျလေ့ ရှိပါတယ်။ ဒါကြောင့် သတ္တဝါတို့ ပြုခဲ့ကြတဲ့ စေတနာကံတို့ရဲ့ အကျိုးပေးပုံ အမျိုးမျိုးကို လောက ဥပမာများနှင့် သိလွယ် မြင်လွယ်အောင် ဖော်ပြဖို့ လိုသေးတယ်လို့ အောက်မေ့မိပါတယ်။

လောကမှာ ခုလုပ်ရင် ခုဖြစ်တဲ့ သဘောလည်း ရှိပါတယ်။ လူတစ်ယောက်ကို သေနတ်နှင့် ရင်ဝ တည့်တည့်ကို ပစ်လိုက်တယ်။ ခဏချင်း သေသွားတယ်။ ဒါက မျက်စိအောက်တွင် မျက်မြင်ဒိဋ္ဌ ဖြစ်တာ။ သို့သော် ကံရဲ့ အကျိုးဆက်ဟာ ဒီတွင် ပြတ်မသွားဘူး။ လူသတ်သမားဟာ မိမိပြုခဲ့တဲ့ ပါဏာတိပါတ ကံဟာ မုချ အကျိုး ပေးတော့မယ် ဆိုတာကို သိပါတယ်။ ဒါကြောင့် သူဟာ ဒီကံရဲ့ အကျိုး ပေးမှု နှိပ်စက်မှုက လွတ်အောင် ထွက်ပြေး တိမ်းရှောင်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် ဒီအကုသိုလ်ကံဟာ အကျိုး မပေးရမချင်း ဒီသတ္တဝါရဲ့ နောက်ကို အစဉ်လိုက်နေပါတယ်။ သူဟာ မုချ အကျိုးပေးမယ့် အကုသိုလ်ကံရဲ့ အကျိုးဆက်ကို သိမြင်တဲ့ အတွက် မိမိသတ်ကြောင်း ဝန်ခံပြီး ကံကျိုးဖြစ်တဲ့ အပြစ်ဒဏ်ကို ရင်ဆိုင် ကျခံ

---

* သစ်ါရ ဘာစနိကျမ်း၊ လယ်တီ ဆရာတော်၊ စာ ၁၆

လိုက်တယ် ဆိုရင်တော့ သူ့အဖို့ ဒီဘ၀မှာ ဒီကံဟာ အကျိုးပေး လိုက်ရပြီ ဖြစ်လို့ သူ့အဖို့ နောက်ထပ် အပြစ်ကြီး တစ်ခု ခံစရာ မလိုတော့ပါဘူး။ သို့သော် သူ ထောင်ကျ ခံလိုက်လို့ ဖြစ်စေ၊ သေဒဏ် ကျခံလိုက်ရလို့ ဖြစ်စေ ဒီလို ကြီးမားတဲ့ အကုသိုလ်ကံရဲ့ သံသရာ အကျိုးဆက်ကတော့ ပြီးဆုံးသွားပြီလို့ မမှတ်သင့်ပါဘူး။

ကံရဲ့ အကျိုးပေးမှုဟာ တစ်လောကလုံးမှာ လွှမ်းခြုံပြီး ဖြစ်ပေါ်နေတာကို ဉာဏ်အမြင် ထိုးထွင်းသိမှု ရှိသူများမှသာ သိမြင်နိုင်ပါလိမ့်မယ်။ မြန်မာ စကားမှာ လုံထမ်းလာတာသာ မြင်ရတယ်၊ ကံထမ်းလာတာကို မမြင်ရဘူး ဆိုသလိုပဲ ကံရဲ့ အကျိုးဆက်တွေ၊ ကံရဲ့ သတ္တိတွေကို မမြင်နိုင်ပါဘူး။ သို့သော် မမြင်နိုင်လို့ မရှိဘူး လို့တော့ မမှတ်သင့်ပါဘူး။

ဥပမာ တစ်ခုပဲ ကြည့်ပါ။ နံနက် ၆ နာရီ၊ ၄၅ မိနစ်မှာ ရေဒီယို ဖွင့်ပြီး ဖမ်းယူလိုက်ရင် မြန်မာပြည်နှင့် မိုင်ပေါင်း ထောင်ပေါင်းများစွာ ဝေးတဲ့ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဘီဘီစီ အသံလွှင့် ဌာနက လွှင့်နေတဲ့ မြန်မာပိုင်း အစီအစဉ်တွေကို ကြားရပါလိမ့်မယ်။ ဒါဟာ ဘယ်လောက် ဝေးဝေး ဘယ်လိုပဲ မမြင်ရ မမြင်ရ လန်ဒန် ဘီဘီစီက အသံလွှင့်ခြင်း ဆိုတဲ့ (ကံ) ဟာ တစ်ချိန်တည်းမှာ မြန်မာပြည်မှာ အကျိုး သက်ရောက်မှု ရှိနေတာကို မြင်လွယ် ထင်လွယ်ပါတယ်။ ကျမ်းဂန်မှာ ခုလုပ် ခုဖြစ် ချက်ချင်း အကျိုးပေးတတ်တဲ့ ကံမျိုးကို 'ဒိဋ္ဌဓမ္မ ဝေဒနိယကံ' လို့ ခေါ်ပါတယ်။ ဒိဋ္ဌဓမ္မ ဝေဒနိယကံ သဘောကို ခေတ်သိပ္ပံ စကားနှင့် ပြောရရင် ကာလ ဒေသအားဖြင့် နီးစပ်စွာ (spatio-temporal approximity)(အဖြစ်နှစ်ခု) ဆက်၍ ဖြစ်မှု သဘောပါပဲ။ သို့သော် ကာလ ဒေသအားဖြင့် နီးစပ်မှု ဆိုရာမှာ တောင် ဒေသ တူသော်လည်း ကာလ ကွာသွားတာမျိုး၊ ကာလ တူသော်လည်း ဒေသ ကွာသွားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။

စောစောက လန်ဒန်က အသံလွှင့်တာကို မြန်မာပြည်က အသံဖမ်းပြီး နားထောင်နိုင်တာ အချိန် (ကာလ) တူနိုက်မှာသာ ဒီအကျိုးပေးမှုကို ခံစားရပြီး အသံလွှင့်တဲ့ အချိန်က လွဲပြီး တခြား အချိန်မှာ အသံဖမ်းယူရင် အကျိုး မပေး ပါဘူး။ ဒီကိစ္စမှာ အချိန် (ကာလ) ဟာ အဓိက ကျပါတယ်။ ဒါပေမယ့် နေရာ ဌာနချင်းကတော့ ကွာချင်တိုင်း ကွာနေလည်း ဖြစ်တဲ့သဘော ရှိပါတယ်။

တချို့ ကိစ္စမှာတော့ ကာလဟာ အရေးမပါဘူး။ ဌာနကသာ အရေးပါ ပါတယ်။ ဥပမာ လူတစ်ယောက်ဟာ တီဘီရောဂါ ဖြစ်နေပါတယ်။ ဆရာဝန်က သူ့ခန္ဓာကိုယ်ပေါ်မှာ တီဘီ ပျောက်ကင်းတဲ့ ဆေးကို တင်ပါတယ်။ ဆေးပတ်လည် တော့ ဆရာဝန်က ဆေး ဆက်မထိုးတော့ဘူး။ စိတ်ချပါ၊ ရောဂါ ပျောက်သွား ပါလိမ့်မယ်လို့ ပြောပါတယ်။ ဒါပေမယ့် တီဘီရောဂါက ချက်ချင်း မပျောက်ပါဘူး။ နောက် ခြောက်လကြာမှ ရှင်းရှင်း ပျောက်သွားပါတယ်။ အလားတူ သွေးကင်ဆာ ရောဂါ ဖြစ်နေတဲ့ မိန်းကလေး တစ်ယောက်ကို ဆရာဝန်က သူ့ရောဂါကတော့

ကုလို့ မရတော့ဘူး။ နောက် ခြောက်လပဲ ခံတော့မယ်၊ ဒီတော့ သူ့စိတ်ကြိုက် ပျော်သလိုသာ နေသွားပါစေတော့လို့ ဆိုတယ်။ ဒီမိန်းကလေးလည်း ဒီရောဂါကြောင့် ချက်ချင်း မသေဘူး။ နောက် ကာလ အတန်ကြာမှ သေပါတယ်။

ဒါဟာ ကာလဒေသ အလိုက် ဒိဋ္ဌဓမ္မ ကံကျိုး ပေးပုံတွေပါ။ သို့သော် ဆရာဝန်က ရောဂါ ပျောက်မယ် ဆိုပြီး မပျောက်တာတွေ၊ ခြောက်လ ကြာရင် သေမယ် ဆိုပြီး မသေတာတွေကော မရှိဘူးလား။ အဲဒါကကော ဘယ်လို ကံ အကျိုး ပေးတာလဲလို့ အမေးပုစ္ဆာတွေ ကျန်နေပါလိမ့်မယ်။

ဒါကြောင့် မြတ်စွာဘုရားက သတ္တဝါတို့ပြုတဲ့ ကံ (ကောင်းမှု မကောင်းမှု) အကျိုးဆက်တွေဟာ အချိန်ကာလ နေရာဌာနအားဖြင့် သုံးမျိုးသုံးစား အကျိုးပေးတတ်ပုံကို အင်္ဂုလိမာလဇာတ်မှာ ဟောကြားတော်မူပါတယ်။

ဘယ်လို ဟောသလဲ ဆိုတော့ အင်္ဂုလိမာလ မထေရ်ဟာ ရဟန်း မပြုမီ ရှေးက လူပေါင်း တစ်ထောင်ကို သတ်ပြီး လက်ညှိုးတွေကို ဖြတ်ခဲ့ပါတယ်။ ဒီလို သတ်ဖြတ်ခဲ့တဲ့ အကုသိုလ်ကံဟာ စေတနာဇော အလိုက် သုံးမျိုး သုံးစား အကျိုး ပေးပါတယ်။ အကျိုးပေးမှု သုံးမျိုးဆိုတာကတော့

(၁) ဒိဋ္ဌဓမ္မ ဝေဒနီယကံလည်း တစ်မျိုး၊

(၂) ဥပပဇ္ဇ ဝေဒနီယကံလည်း တစ်မျိုး၊

(၃) အပရာပရိယ ဝေဒနီယကံလည်း တစ်မျိုး ဖြစ်ပါတယ်။ *

'ဒိဋ္ဌဓမ္မ ဝေဒနီယကံ' ကတော့ မျက်မှောက် အကျိုးပေးတဲ့ကံ ဖြစ်ပါတယ်။ ဒီကံကတော့ အကျိုးမပေးဘဲ မနေဘူး။ အကျိုးပေးခိုက် ကြုံတာနှင့် အကျိုးပေးမှာပဲ။ လူသတ္တဝါတွေဟာ ဒီကံရဲ့ ပြုပြင်ခြင်းကို မလွဲကေန် ခံရပါတယ်။

'ဥပပဇ္ဇ ဝေဒနီယကံ' ဆိုတာကတော့ ဒီဘဝပြီးနောက် အခြားမဲ့ (တစ်ဆက်တည်း) ဖြစ်တဲ့ ဘဝမှာ အကျိုးပေးတဲ့ ကံပါပဲ။

'အပရာပရိယ ဝေဒနီယကံ' ဆိုတာက ဒုတိယ ဘဝမှာ အကျိုးပေးခွင့် မရရင် နောင်လာမယ့် ဘဝ အဆက်ဆက်မှာ လိုက်ပါ အကျိုးပေးတဲ့ ကံမျိုးကို ခေါ်ပါတယ်။

မြတ်စွာဘုရား လက်ထက်တော်အခါမှာ အင်္ဂုလိမာလ မထေရ်ဟာ ရဟန္တာ ဖြစ်သွားပါတယ်။ ဒါပေမယ့် အင်္ဂုလိမာလ မထေရ် ဆွမ်းခံကြွတဲ့ အခါ လူတွေက ဆွမ်းမလောင်းဘူး။ တို့မိဘကို သတ်ခဲ့တယ်၊ တို့ဆွေမျိုးကို သတ်ခဲ့တယ် ဆိုပြီး အိမ်တံခါးကို ပိတ်ထားသူက ပိတ်၊ ခဲအုတ်နှင့် ပစ်ပေါက်သူက ပစ်ပေါက် လုပ်ခဲ့ကြပါတယ်။ တစ်ဖွန်းစာလောက် ဆွမ်းကိုတောင် မရခဲ့ဘူးတဲ့။ ဒီအခါ မြတ်စွာဘုရားက အင်္ဂုလိမာလ မထေရ်ကို ခေါ်ပြီး ဒီလို ဆုံးမတော်မူပါတယ်။

---

* *ဓိန္နတ္ထ ပကာသနီ၊ စာ ၃၉၈*

'ချစ်သား အင်္ဂုလိမာလ၊ သင့်ကို ပြည်သူပြည်သားတို့ အံ့သွား တခဲခဲ ပြေးလွှဲ ရှောင်ရှားကြတာ၊ တစ်စုံတစ်ခုသော ဆွမ်းယာဂုကိုမျှ မလှူတန်းကြတာဟာ ယခု ဘဝမှာ တစ်ထောင်မျှသော လူတွေကို သင် သတ်ဖြတ်ခဲ့တဲ့ ပါဏာတိပါတ ကံရဲ့ ဒိဋ္ဌဓမ္မ အကျိုးဆက်ပဲ၊ သင်ရဲ့ သန္တိဋ္ဌာပတာ သတ္တမဇော စေတနာရော၊ အလယ်ဇောလို့ ဆိုတဲ့ အပရာပရိယ စေတနာရောကတော့ အကျိုး မပေးတော့ဘူး၊ အဟောသိကံ ဖြစ်သွားကြပြီ' လို့ မိန့်တော်မူပါတယ်။

ဒီတော့ ဘဝရဲ့ လျှို့ဝှက် နက်နဲလှတဲ့ ကံအကျိုးပေးပုံ သဘောတွေကို နားလည်အောင် အားထုတ်ကြတဲ့ ရွှေတောင်တက်သမားတွေဟာ အထက်မှာ ဖော်ပြခဲ့တဲ့ အချိန်ကာလ (ဘဝ) အလိုက် အကျိုး ပေးတတ်တဲ့ ကံသုံးမျိုး အပြင် အကျိုး ပေးခွင့် မရဘဲ ပျက်ပြယ်သွားတဲ့ 'အဟောသိကံ' ဆိုတာလည်း ရှိတယ် ဆိုတာကို ရှုမြင် သုံးသပ်မိစေလိုပါတယ်။

## ကံကျိုးပေး ဆန်းကြယ်ပုံ

ကံကျိုးပေးမှုဟာ အကြောင်း အထောက်အပံ့ များစွာ အပေါ်မှာ တည်၍သာ ဖြစ်လေ့ဖြစ်ထ ရှိပါတယ်။ မဟာဇနက မင်း ဖြစ်တာဟာ ပင်လယ်တွင်းမှာ သင်္ဘော ပျက်ခြင်း ဆိုတဲ့ အကြောင်း၊ ကျွန် သဘောသားများလို ဆုတ်နစ် အားလျှော့ခြင်း မပြုဘဲ မလျှော့သော ဇွဲလုံ့လ ယုံကြည်ချက် ပြင်းထန်မှုကလည်း တစ်ကြောင်း၊ မဏိမေခလာ နတ်သမီး ကယ်တင်မှုဆိုတဲ့ အကြောင်းလည်း တစ်ကြောင်း စသည် အကြောင်းများစွာ ညီညွတ်မှုကြောင့် ဖြစ်ပါတယ်။ ဒါကို ဇနက ဇာတ်တော်ကြီး ဝတ္ထုမှာ အောက်ပါအတိုင်း သုံးသပ်ပြပါတယ်။

'ထိုအရာ၌ ဘုရားလောင်းသည် မင်းဖြစ်ထိုက်သော ကုသိုလ် သမ္ဘာရနှင့် ပြည့်စုံတော်မူသည့် ကိုယ်တော်ဖြစ်၍ မချို့တဲ့သော ဣန္ဒြေဟု ဆိုအပ်သော ဥပဓိ သမ္ပတ္တိ (ကောင်းမြတ်သော ကိုယ်ရည်ကိုယ်သွေးနှင့် ပြည့်စုံခြင်း)၊ မင်းဖြစ်ခြင်းငှာ ကောင်းစွာ အားထုတ်ခြင်းတည်း ဟူသော ပယောဂ သမ္ပတ္တိ (ကောင်းသော အား ထုတ်လုံ့လ ပြည့်စုံခြင်း)၊ ပုဿရထား ဆိုက်ခြင်းငှာ ထိုက်ရာ အရပ်နှင့် ပြည့်စုံ ခြင်းတည်း ဟူသော ဒေသ သမ္ပတ္တိ (ကောင်းမြတ်သော အရပ်၏ ပြည့်စုံခြင်း)၊ ထို မိတ္ထိလာပြည်၌ မင်း မရှိ၍ မင်းကို တောင့်တသောအခါနှင့် ကြုံကြိုက်ခြင်းတည်း ဟူသော ကာလ သမ္ပတ္တိ (အခါ ကာလကောင်းနှင့် ပြည့်စုံခြင်း) ဟူသော သမ္ပတ္တိ (ပြည့်စုံကြောင်း တရား) လေးပါးနှင့် ပြည့်စုံတော် မူသောကြောင့် တောင့်တ သည်နှင့် လျော်စွာ မင်းအဖြစ်ကို ရရှိလေသည်။

'ထို့ကြောင့် အကြင်သူ၌ ကုသိုလ်ကံ၏ အားကြီးစွာပင် ရှိငြားသော်လည်း မချို့တဲ့သော ဥပဓိ၊ လျောက်ပတ်သော ဒေသ၊ လျောက်ပတ်သော ကာလ၊

ကောင်းမြတ်သော လုံ့လနှင့် မပြည့်စုံချေလျှင် ထိုကုသိုလ်ကံ အစွမ်းရှိတိုင်း အားကြီးသော ကောင်းကျိုးကို မပေး၊ ကံအား နည်းသူပင် ဖြစ်သော်လည်း ဥပဓိ ဒေသ ကာလ ပယောဂ ဤလေးပါးနှင့် ပြည့်စုံလျှင် ထိုအားနည်းသော ကံစွမ်း ရှိတိုင်း ကောင်းကျိုးကို ပေးနိုင်ရာ၏ ဟု မှတ်အပ်၏' ဆိုထားပါတယ်။ *

ဒီအချက်ကို သုံးသပ် ဆင်ခြင်ကြည့်မယ် ဆိုရင် ရွှေတောင်တက်သူဟာ ငါ့မှာ ကောင်းမှုတွေကို အထပ်ထပ် ပြုထားတဲ့ ကုသိုလ်ကံ အဆောက်အအုံတွေ အနိုင်အမာ ရှိတာပဲ၊ ဒါကြောင့် ငါ ရည်မှန်းတဲ့ အတိုင်း မုချမသွေ မဖြစ်ဘဲ မနေဘူးလို့ ကံသေကံမ မတွက်သင့်ပါဘူး။ ဆိုလိုတာကတော့ ရွှေတောင်တက် သမားဟာ မိမိရဲ့ ကောင်းမြတ်တဲ့ စေတနာကံ တစ်ခုတည်းကို အားကိုးလို့ မရ ပါဘူး။

ဒီ ကံအကျိုးပေးမှုရဲ့ အထောက်အပံ့များ ဖြစ်တဲ့ (၁) ကိုယ်ရည်ကိုယ်သွေး ထက်မြက် ထူးချွန်မှု ဆိုတဲ့ စွမ်းရည် ပြည့်စုံမှု၊ (၂) မိမိ ရှင်သန် ကျက်စားရာ နေရာ ဒေသဟာ မိမိအတွက် ရည်မှန်းချက် ပေါက်မြောက်အောင် ကြီးပွား ကြောင်း အထောက်အပံ့ ပြုတဲ့ အရပ်ဒေသ ဟုတ် မဟုတ် ဆိုတာကို သိမှု၊ (၃) ဒေသအားဖြင့် သင့်မြတ်သည့်တိုင် မိမိ မျက်မှောက်ပြုတဲ့ ကာလဟာ မိမိ အကြံ အောင်မြင်ဖို့၊ မိမိ ကြီးပွားရေး အတွက် အထောက်အပံ့ ပြုဖို့ အသင့်ဖြစ်တဲ့ ခေတ်ကာလ အသက်တန်း ဟုတ် မဟုတ် သိမှု၊ (၄) အထက်ပါ အချက် သုံးချက် ကတော့ ပြည့်စုံပြီ။ သို့သော် မိမိ အနေနှင့် ကိစ္စပြီးအောင် ဆောင်ရွက်နိုင်တဲ့ ခွန်အားသတ္တိ လုံ့လ စွမ်းရည် ရှိမရှိ သိမှု ဆိုတဲ့ အကြောင်းကြီးငယ် ပြည့်စုံမှု ကိုလည်း ကြည့်ရှု ဆင်ခြင်ရပါလိမ့်မယ်။

ခေတ်ဥပမာနှင့် ပြောရရင် မြန်မာ့ လွတ်လပ်ရေး ရပြီးနောက်မှ မွေးဖွား လာတဲ့ လူငယ်တွေဟာ မြန်မာ့ လွတ်လပ်ရေး တိုက်ပွဲကို မမီခဲ့တဲ့ အတွက် လူကြီးတွေ ရရှိတဲ့ မော်ကွန်းဝင် ဘွဲ့တံဆိပ်တို့၊ နိုင်ငံ့ဂုဏ်ရည် ဘွဲ့တံဆိပ်တို့ကို မရနိုင်တော့ဘူး။ သို့သော် နိုင်ငံ့ဂုဏ်ရည် ဘွဲ့တံဆိပ်ကို ရထိုက်တဲ့ကံ ရှိဦးတော့ မရတဲ့ လူတွေ မရှိဘူးလား ဆိုတော့ ရှိပါတယ်။ ဒါဟာလည်း ရှေးက ပြည့်စုံမှု အကြောင်းတရားတွေ မပြည့်စုံဘဲ ချွတ်ယွင်းခဲ့လို့ မရတာပါပဲ။

ဒီထက်ပိုပြီး ကံကျိုးပေး ဆန်းကြယ်ပုံတွေလည်း ရှိပါတယ်။ ဒီမှာ တိက နိပါတ်တော်မှာ လာတဲ့ ဂါမဏိစန္ဒ ဇာတ်ကို သတိရလို့ ပြောပြပါရစေ။

ရှေးက ဗာရာဏသီပြည်မှာ အသက် ခုနစ်နှစ် အရွယ်သာ ရှိတဲ့ အလောင်း တော် အာဒါသမုခ မင်းသားကလေးဟာ ဖခင် ဇနသန္ဓ မင်းကြီးရဲ့ အရိုက်အရာကို ဆက်ခံပြီး နိုင်ငံကို အုပ်စိုးရပါတယ်။ ဒီမင်းသားကလေးဟာ အရွယ်နှင့် မမျှအောင်

---

* *မဟာဇနက ဇာတ်တော်ကြီး၊ မင်းဘူး ဦးဩဘာသ၊ စာ ၈၄–၈၅*

ဉာဏ်ပညာ ကြီးမား ပြည့်စုံပါတယ်။ တရား စီရင်ရာမှာလည်း လွန်စွာ တရား ဖြောင့်မတ်ပါတယ်။

ဒီမင်းသားကလေး လက်ထက်မှာ တရားစီရင်ပုံ ကောင်းမွန်လှတဲ့ အတွက် ဖခင် ခမည်းတော် လက်ထက်က တရားစီရင်ခဲ့တဲ့ အမတ်ကြီးတွေတောင် ဂုဏ် သတင်း မှေးမှိန်သွားပါတယ်။ ဒီအခါ ဂါမဏိစန္ဒ ဆိုတဲ့ အမတ်ကြီးက ငါလည်း အသက် ကြီးပြီ၊ ဒီမင်းသား လက်ထက်ရောက်မှ ငါရဲ့ ဂုဏ်သတင်းတွေလည်း မှေးမှိန်တယ်၊ ဒီလောက် ငယ်ရွယ်တဲ့ မင်းငယ်ရဲ့ လက်အောက်မှာ ငါလို သက်ကြီး ရွယ်အို အမတ်ဟာ ခစားနေတာ မလျောက်ပတ်ဘူး၊ ရက်စရာ သိပ်ကောင်းတယ်၊ ဒါကြောင့် ဒီအမတ်ကြီး ရာထူးက ထွက်ပြီး ကိုယ့်ဘာသာ တောရွာ တစ်ရွာကို သွားပြီး လုပ်စားတာပဲ ကောင်းတယ်လို့ အောက်မေ့ပြီး မြို့က ထွက်ခဲ့တယ်။

တောရွာ တစ်ရွာမှာ သွားနေစဉ် မိုးဦးကျ လယ်ထွန်ချိန် ရောက်တော့ ထွန်နွား မရှိတာနှင့် မိတ်ဆွေ တစ်ဦးထံက တစ်နေ့အတွက် ထွန်နွား တစ်ရှဉ်းကို ငှားပြီး လယ်ထွန်ပါတယ်။ လယ်ထွန် ပြီးတဲ့အခါ နွားတွေကို အစာ ကျွေးမွေးပြီး နွားရှင်ထံ ပြန်အပ်ဖို့ သွားပါတယ်။ နွားတွေလည်း ခြံထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ဝင်သွားကြတယ်။ ဒါကို နွားရှင်တွေလည်း ထမင်း စားနေရာက မြင်လိုက်ကြပါ တယ်။ ဒါပေမယ့် အမတ်ကြီးကို ထမင်းစား ဖိတ်ဖို့ အိုးထဲမှာ ထမင်းလည်း ကုန် နေတာကြောင့် မခေါ်ဘဲ အမ်းနေတာကို အမတ်ကြီးက မြင်တာနှင့် အားနာပါးနာ စကားထွေထွေ မပြောမဆိုဘဲ သုတ်သုတ် ပြန်ခဲ့ပါတယ်။ ညကျတော့ အမတ်ကြီး ပြန်ပို့ခဲ့တဲ့ နွားတစ်ရှဉ်းကို သူခိုးခိုး ခံရတယ်။ နွားရှင်ဟာ နွားပျောက်မှန်း သိတော့ နွားပို့လာတာကို မသိယောင် မမြင်ယောင် ပြုပြီး နောက်နေ့မှာ အမတ်ကြီးဆီကို သွားပြီး ငါ့နွားတွေကို ပြန်ပေးလို့ တောင်းပါတယ်။ အမတ်ကြီးကလည်း သင်တို့ ထမင်း စားနေခိုက်မှာ နွားတွေကို ခြံထဲ သွင်းထားခဲ့ပါတယ်လို့ ပြန်ပြောပေမယ့် နွားရှင်က ဒါတော့ ကျုပ်တို့ မသိ၊ အမတ်ကြီး နွားပြန်အပ်လျှင်လည်း ကိုယ်ထိ လက်ရောက် ပြန်အပ်ရမယ်၊ ခု နွားတွေ မရှိတော့ဘူး၊ ဒီတော့ ဒီနွားတွေဟာ အမတ်ကြီးလက်က ပျောက်ရာရောက်တယ်၊ ကျုပ်တို့ကို နွားအစား ပေးရမယ်လို့ ဥပဒေစကား ပြောပြီး တောင်းဆိုကြပါတယ်။ ဒီတင် အချင်းဖြစ်ပြီး အမတ်ကြီးကို တရားစွဲတာပေါ့။ အဲဒီခေတ်က မင်းအာဏာက ပြင်းတော့ ခဲတစ်လုံးကို ကောက်ပြီး ဒါ မင်းလုလင်ပဲလို့ ဆိုလိုက်ရင် တရားစွဲ ခံရသူဟာ မင်းရဲ့ ရှေ့မှောက်ကို အရောက် လိုက်ပါရပါတယ်။

ဒီလိုနှင့် အမတ်ကြီးကို နွားခိုးမှုနှင့် ဖမ်းဆီး ခေါ်ဆောင်သွားတာ လမ်းမှာ ရွာ တစ်ရွာကို ရောက်ပါတယ်။ အမတ်ကြီးလည်း ထမင်းဆာတာနှင့် အသိမိတ်ဆွေ တစ်ဦးရဲ့ အိမ်ကို ဝင်တော့ အိမ်မှာ အိမ်ရှင် ယောကျ်ားကလည်း မရှိ၊ ဒီအထဲ ထမင်း ကျွေးဖို့ ထမင်းကလည်း အရန်သင့် မရှိတာနှင့် အိမ်ရှင်မိန်းမဟာ ကျီထဲက ဆန်ကို

တက်ယူပါတယ်။ မိန်းမမှာလည်း ကိုယ်လေးလက်ဝန်နှင့် ကျိုပေါ် တက်လိုက်တာ ကံဆိုးချင်တော့ ကျိုပေါ်က လိမ့်ကျပြီး ကိုယ်ဝန် ပျက်ကျပါလေရော။ အမတ်ကြီး လည်း ခြေမကိုင်မိ လက်မကိုင်မိနှင့် ဘာလုပ်လို့ လုပ်ရမှန်း မသိ ဖြစ်နေတုန်း ဗြုန်းဆို အိမ်ရှင်ယောကျ်ားက ပြန်ရောက်လာတယ်။ အိမ်ရောက်လို့ အကြောင်းစုံကို လည်း သိရော အိမ်ရှင်ယောကျ်ားဟာ အလွန်အမင်း ဒေါသဖြစ်ပြီး ကိုယ်ဝန် ပျက်မှု နှင့် တရားစွဲဖို့ အမတ်ကြီးကို မင်းထံ ခေါ်ပြန်ရော။

တရားခံ အမတ်ကြီးကို တရားလို နှစ်ဦး ညှပ်ပြီး ခေါ်ဆောင်သွားတဲ့ အချိန်မှာ မိတ်ဆွေ တစ်ယောက်ရဲ့ မြင်းတစ်ကောင်ဟာ မြင်းဇောင်းက လွတ်ပြီး ပြေးနေတာကို ဖမ်းဆီးဖို့ လိုက်နေတာနှင့် လမ်းမှာ ကြုံပါတယ်။ ဒီအခါ မြင်းရှင်က ဘကြီး ခင်ဗျား၊ ကျွန်တော့်မြင်းကို တစ်ဆိတ် ခြောက်လှန့်ပြီး တားပေးလိုက်ပါ ခင်ဗျားလို့ အော်ပြီး အကူတောင်းတာနှင့် အမတ်ကြီးလည်း တွေ့ရာ အနီးအနားက အုတ်ခဲကျိုးကို ယူပြီး ပစ်ပေါက်လိုက်တာ မြင်းခြေထောက်ကို ထိပြီး ခြေကျိုး ပြန်ပါတယ်။ ဒီအခါ မြင်းရှင်က သူ့မြင်းခြေကို အမတ်ကြီး ပစ်ခတ်လို့ ကျိုးရတာ ဆိုပြီး တရားစွဲပြန်တယ်။

ဒီအဖြစ်ဟာ ပုံဝတ္ထုလို့ ဆိုပေမယ့် လူ့ဘဝမှာ အကုသိုလ် အကျိုးပေးချင် လာပြီ ဆိုရင် ဒီ့လိုပဲ ဆက်တိုက် ဖြစ်တတ်ပါတယ် ဆိုတဲ့ သဘော ထင်ရှား ရှိပါ တယ်။

Misfortune never comes alone ဆိုတဲ့ အင်္ဂလိပ် စကားစဉ်လည်း ရှိပါတယ်။ ရွှေတောင်တက် ခရီးသွား ပုဂ္ဂိုလ်တွေရဲ့ ဘဝမှာလည်း ဒီပုံဒီနည်း ကြုံတွေ့ရတတ်ပါတယ်။ ဘဝကံ အကျိုးပေး ဆန်းကြယ်ပုံကို သတိပြုမိအောင်လို့ ကြားညှပ်ပြောခြင်း ဖြစ်ပါတယ်။

ပုံဝတ္ထုထဲက အမတ်ကြီးလည်း ခုတ်ရာ တခြား ရှရာ တခြား ကံလွဲချော် နေလေတော့ စိတ်ထဲမှာ လွန်စွာ မချမ်းမသာ ဖြစ်တာပေါ့။ ငါ့ကံ ဆိုးလေစွလို့ အောက်မေ့တာပေါ့။ အမတ်ကြီး ဘဝက နုတ်ထွက်ခဲ့ပြီး ကိုယ့်ဘာသာ အသက်မွေး တော့မယ်လို့ ဆုံးဖြတ်ခဲ့မိတာ မှားတာပဲလို့ နောင်တတွေ ဖြစ်မိတာပေါ့။ ခုတော့ နွားစားပေးဖို့ နွားလည်း မရှိ၊ သားစားပေးဖို့ သားလည်း မရှိ၊ မြင်းစားလျော်ဖို့ ငွေလည်း မရှိ၊ သေဖို့ပဲ ကောင်းတော့တယ်လို့ တွေးရင်း သွားလိုက်တာ တောအုပ် တစ်ခုကို ရောက်သွားပါလေရော။ အမတ်ကြီးက တရားလိုတွေကို ကိုယ်လက် သုတ်သင်ဦးမယ်၊ စောင့်ကြပါဦး ဆိုပြီး တောင်ပေါ်ကို တက်သွားပါတယ်။ တစ်ဖက်မှာ မတ်စောက်တဲ့ ချောက်ကမ်းပါးကြီးကို တွေ့တဲ့အခါ ဒီချောက်ကြီးထဲ ခုန်ချပြီး သေတာကပဲ မြတ်ဦးမယ်လို့ အောက်မေ့ပြီး အမတ်ကြီးလည်း သေဖို့ကို ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ ပြီးတော့ ချောက်ကမ်းပါးတွင်းကို တစ်ဟုန်ထိုး ခုန်ချလိုက်တယ်။ ကံဟာ ဘယ်လောက် ဆန်းကြယ်သလဲ ဆိုတော့ သေဖို့ ကြိုးစား

တဲ့အခါ မသေဘူး။ ချောက်ကမ်းပါးဘေးမှာ ကျူထရဲ ရက်နေတဲ့ သားအဖပေါ်ကို အမတ်ကြီးကိုယ် လိမ့်ကျပြီး အမတ်ကြီးကတော့ မသေဘူး။ ကျူထရဲသည် နှစ်ဦး အနက် အဖ ဖြစ်သူဟာ သေသွားတယ်။

ဒီတင် ကျူထရဲသည် သားက ဒေါသ ဖြစ်ပြီး သူ့ဖခင် သေအောင်ပြုတဲ့ အမတ်ကြီးကို တရားစွဲ ပြန်ပါရော။ အမတ်ကြီးလည်း အမှု တိုအောင် လုပ်ခါမှ အမှုက ပိုလာတော့ ပိုပြီး စိတ်ညစ်တာပေါ့။

နောက်ဆုံးတော့ အာဒါသမုခ မင်းငယ်ထံကိုပဲ ရောက်ရပြန်တယ်။ အလွန် တရား ဖြောင့်မတ်အောင် စီရင်တတ်တဲ့ အာဒါသမုခ မင်းငယ်ဟာ နွားတရားက စပြီး စီရင်ပါတယ်။

နွားရှင်က အမတ်ကြီးဟာ သူ့နွားတွေကို ငှားပြီး ပြန်မပေး၊ နွားစား ရလိုတဲ့ အတွက် တရား စွဲရပါတယ် ဆိုတော့ မင်းကြီးက နွားရှင်ဆိုတိုင်း မှန်သလားလို့ မေးတယ်။ အမတ်ကြီးကလည်း အဖြစ်မှန်ကို ပြောပါတယ်။ ဒီတော့ မင်းငယ်က နွားတွေ ခြံထဲကို ဝင်သွားတာကို မမြင်ဘူး ဆိုတာ မှန်သလားလို့ မေးတယ်။ နွားရှင်က မမြင်ပါလို့ ဖြေတော့ အာဒါသမုခ ဘုရင်ကလေးက သင်တို့ ငါ့ကို ဘာမှတ်လဲ၊ ငါဟာ မျက်နှာ အမူအရာကို မြင်ကာမျှနှင့် ဘယ်သူ မုသား ဆိုတယ် ဆိုတာကို ငါ သိတယ်၊ မုသာဝါဒကို ငါအလွန် စက်ဆုပ်တယ်၊ ဟုတ်မှန်တိုင်းသာ လျှောက်နော်လို့ သတိပေး လိုက်ပါတယ်။ အဲဒီအခါကျမှ နွားရှင်လည်း ကြောက် လန့်ပြီး နွားတွေ ခြံထဲ ဝင်တာကို မြင်ပါတယ်လို့ ဝန်ခံတယ်။

ဘုရင်ကလေးဟာ နွားတရားကို ဘယ်လို ဆုံးဖြတ်သလဲ ဆိုတော့ အမတ် ကြီးဟာ နွားများကို နွားရှင်ရဲ့ လက်ထဲအရောက် သေချာစွာ ပြောဆိုပြီး ကိုယ်ထိ လက်ရောက် မအပ်ကြောင်းမှာ ထင်ရှားတယ်၊ ဒီပျက်ကွက်မှု အတွက် အမတ်ကြီးမှာ တာဝန် ရှိတယ်၊ ဒါကြောင့် နွားဖိုးကို လျော်စေ၊ နွားရှင်တို့က နွားတွေ ခြံထဲကို ဝင်တာကို မြင်ပါလျက် မမြင်လို့ မုသားဆိုတယ်၊ မုသာဝါဒဟာ ဒုစရိုက် တရား တွေထဲမှာ အယုတ်ဆုံး တရား ဖြစ်ပေတယ်၊ မြင်သည့်ကိစ္စကို မမြင်လို့ ဆိုပြီး တရားမှန် ပျက်အောင် ဖျက်ဆီးခြင်း အတွက် နွားရှင် လင်မယားတို့ရဲ့ မျက်လုံး များကို အမတ်ကြီးက ထုတ်ပစ်စေလို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ ဒီတင် မင်းချင်းတို့က နွားရှင် လင်မယားရဲ့ မျက်လုံးတွေကို ဖောက်မယ် လုပ်ကြတော့ နွားရှင်လင်မယားလည်း ကြောက်လန့်ပြီး ချမ်းသာပေးဖို့ တောင်းပန်ပြီး နွားဖိုး မယူတဲ့ အပြင် အမတ်ကြီးကို ပစ္စည်းတွေပါ ပေးပြီး ကိုယ်လွတ် ထွက်ပြေး ကြ ပါရော။

ဒုတိယ ကိုယ်ဝန် ပျက်တယ်လို့ စွပ်စွဲတဲ့ အမှုကိုလည်း မင်းငယ်က စစ် ဆေးတဲ့အခါ အမတ်ကြီးက ကိုယ်ဝန် ပျက်အောင် ရိုက်ပုတ်သလား၊ ကိုယ်ဝန် ပျက်အောင် လုပ်ကြောင်း သက်သေ ပြနိုင်သလားလို့ မေးတယ်။ သက်သေ မပြ

နိုင်ပါ၊ သို့သော် ကိုယ်ဝန် ပျက်ရခြင်းမှာ အမတ်ကြီး တာဝန် မကင်းကြောင်းတော့ ထင်ရှားတယ်လို့ မင်းငယ်က ပြောပြီး ဘယ်လို ဖြစ်ချင်ကြသလဲလို့ မေးပြန်တယ်။

တရားလိုဘက်က အသာစီး ရချင်တဲ့ စိတ်က များနေလေတော့ သားစား ရလိုပါတယ်လို့ မမှန်တဲ့ စေတနာနှင့် ပြောပြီး လျှောက်ထားပါတယ်။

ဒီအခါ ဘုရင်ငယ်က မတော်တဆ ခြေချော်ကျပြီး ကိုယ်ဝန် ပျက်ရခြင်းမှာ အမတ်ကြီးနှင့် လုံးလုံး တာဝန်မကင်းဘဲ ရှိရာ သားစား လိုချင်ပြန်တယ် ဆိုတဲ့ အတွက် အမတ်ကြီးဟာ သားပျက်သူ အိမ်ရှင်မနှင့် အတူ ပေါင်းသင်း နေထိုင်၍ သားတစ်ယောက် ဖွားမြင်မှ ခွဲခွာစေလို့ အမိန့် ချလိုက်ပြန်ပါရော။

ဒီအမှုမှာလည်း တရားလိုတွေ ဘက်က အမတ်ကြီးကို သူ့ဇနီး မပေးရ ကြောင်း တောင်းပန်ပြီး ငွေတွေ ပေးရတာပေါ့။

တတိယ မြင်းအမှုကို ရောက်တော့လည်း မြင်းရှင်က အမတ်ကြီး တမင် တကာ သူ့မြင်း ခြေကျိုးအောင် ရိုက်ချိုးပါတယ် ဆိုပြီး မုသား ထွက်ဆိုပါတယ်။ ဘုရင်ငယ်လည်း အမှုမှန် ပေါ်အောင် စစ်တယ်၊ နောက်ဆုံးတော့ မြင်းရှင်လည်း ဖြောင့်ချက်ပေးရတယ်။

ဒီအခါ ဘုရင်ကလေးက မြင်းခြေ ကျိုးရခြင်းမှာ အမတ်ကြီး၌ တာဝန် လုံးလုံး မကင်း၊ ပစ်ခတ်ခြင်း ပယောဂ ပါတဲ့အတွက် အမတ်ကြီးက မြင်းဖိုးကို ပေးလျော်စေ၊ မြင်းရှင်ကတော့ မဟုတ်မတရား မုသားဆိုပြီး မကောင်း ကြံစည် သောကြောင့် မြင်းရှင်ရဲ့ လျှာကို အမတ်ကြီးက ဖြတ်စေလို့ အမိန့်ချလိုက်ပါတယ်။

မြင်းရှင်လည်း ကြောက်လန့်တဲ့ အတွက် အမတ်ကြီးကို ပိုက်ဆံတွေ ပစ္စည်းတွေ ပေးပြီး ကိုယ်လွတ် ထွက်ပြေးရတာပေါ့။

နောက်ဆုံးဖြစ်တဲ့ အဖ သတ်လို့ အဖစား ရလိုတဲ့ အမှုမှာလည်း ဘုရင် ကလေးက စစ်မေးပြီး ဒီလို ဆုံးဖြတ်ပါတယ်။

ကျူထရုံသည် အဘိုးကြီး သေဆုံးခြင်းမှာ အမတ်ကြီးရဲ့ စိတ်စေတနာ ပယောဂ မပါသော်လည်း ထိုစေတနာမဲ့ ပြုခြင်း၌ပင် တာဝန် လုံးလုံး မကင်း၊ တရားလိုကလည်း ဖခင်အစား လိုချင်တယ် ဆိုတော့ သေပြီးသူကိုလည်း ပြန်မရနိုင်၊ အမတ်ကြီးလည်း အဖအရွယ် ဖြစ်တယ်၊ ဒါကြောင့် အမတ်ကြီးဟာ တရားလိုရဲ့ မိခင်နှင့် ပေါင်းသင်းပြီး ဖခင် အဖြစ် နေစေလို့ အမိန့် ချလိုက်ပါတယ်။

တရားလိုလည်း အမတ်ကြီးကို မိခင်ပါ ပေးရတော့မည့် အဖြစ် ရောက် သွားတာကို ထိတ်လန့်ပြီး ပါလာတဲ့ အသပြာတွေကို အမတ်ကြီးကို ပေးခဲ့ပြီး ပြေးပြန်တာပေါ့။

ဒီနေရာမှာ စေတနာဟာ ကံဖြစ်တယ်၊ အမတ်ကြီးရဲ့ ရိုးသားမှု၊ စိတ် စေတနာ ကောင်းမှုရဲ့ အကျိုးပေးခြင်း ဖြစ်တယ်။ စေတနာ ယုတ်ညံ့သူတွေဟာ ရှုံးနိမ့်သွားကြတယ် ဆိုတာကို မြင်သင့်ပါတယ်။

အာဒါသမုခ ဘုရင်ကလေးကလည်း ဖခင်လက်ထက် အခါက အမှုတော်ထမ်းခဲ့တဲ့ အရည်အချင်းနှင့် ရိုးဖြောင့်မှုရှိတဲ့ အမတ်အိုကြီးကို အသုံးကျွေးတွေ ပေးပြီး ချီးမြှင့် မြှောက်စားပြန်ပါတယ်။

ဒီဝတ္ထုဟာ သတ္တဝါတို့ရဲ့ ဘဝမှာ ရည်ရွယ်တာ တခြား၊ အကျိုးပေးက တစ်မျိုးဖြစ်တဲ့ ကံကျိုးပေး ဆန်းကြယ်တဲ့ သဘောကို ဖော်ပြတာပါ။

ဘဝခရီးမှာ လူတွေဟာ ကောင်းမှုကံ အကျိုးမပေးခင် မကောင်းမှုကံက ဦးစွာ ကုန်စင်အောင် အကျိုးပေးတတ်တဲ့ သဘောလည်း ရှိတယ်၊ ကောင်းကျိုး မလာခင်မှာ မကောင်းကျိုး ရှေ့က ခံတတ်တဲ့ သဘောတွေကို ဘဝခရီးမှာ လူတိုင်း မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြပါတယ်။ ဒါကို Blessing in disguise လို့ အင်္ဂလိပ် စကားနှင့်လည်း ခေါ်တတ်ကြပါတယ်။ အဆိုးဆုံး ရောက်ပြီးမှ အကောင်းစတင် ဖြစ်ပေါ်တဲ့ သဘောလည်း လောကမှာတော့ ထင်ရှား ဖြစ်တတ်တာပါပဲ။

နွေအခါ ရွက်သစ် လဲတော့မယ့် သစ်ပင်များဟာ ရွက်ဟောင်းတွေ အားလုံး ခြွေပြီးမှ ရွက်နု အစို့အညှောက်တွေ ထွက်လာတာဟာလည်း မကောင်းတဲ့ ကံဟောင်းခြွေပြီး ကောင်းတဲ့ကံသစ် အကျိုးပေးပုံမျိုးလို့ ထင်ပါတယ်။

## ကံတူ အကျိုးပေး

ဘဝခရီး တစ်လျှောက်မှာ 'ကံတူ အကျိုးပေး' ဆိုတဲ့ သဘောတွေကိုလည်း ရွှေတောင်တက် ခရီးသွား ပုဂ္ဂိုလ်များ ကြုံတွေ့ကြရပါလိမ့်မယ်။ သို့သော် ကံတူ အကျိုးပေး ဆိုတဲ့ ဒီစကားရဲ့ အဓိပ္ပာယ် အနှစ်သာရဟာ ဘာလဲ ဆိုတာကိုတော့ လွယ်လွယ်နှင့် သဘောပေါက်ကြမယ် မထင်ပါဘူး။

ကံတူ အကျိုးပေးဆိုတဲ့ ဒီစကားဟာ အနက် ကျယ်ဝန်း လှပါတယ်။ လူအများ နားလည်ကြတာကတော့ ရှေးရှေးက စိတ်တူကိုယ်တူ ပြုခဲ့တဲ့ ကံတွေဟာ နောင်အခါ အကျိုးပေးချိန် ကျတော့လည်း အတူတူ အကျိုးပေးတယ်လို့ နားလည်ကြပါတယ်။ အမှန် ဒီလို နားလည်တာကလည်း ရှင်းသလားဆိုတော့ မရှင်းသေးဘူး။ အတူတူဆိုတဲ့ စကားဟာ ဘာကို ဆိုပါသလဲ။

ရှေးက အတူတကွ စေတနာ အညီအမျှနှင့် ဆောင်ရွက်ခဲ့ကြလို့ အကျိုးပေးတဲ့ အခါမှာလည်း အတူတကွ (သူ့ရော ကိုယ့်ကိုပါ) အကျိုးပေးတယ်လို့လည်း အဓိပ္ပာယ် ရပါတယ်။ စေတနာ ညီမျှခဲ့ကြတယ်၊ ပြုခဲ့တဲ့ ကံရဲ့ အတိုင်းအဆ တူမျှခဲ့ကြတာကြောင့် အတူတူ (အညီအမျှ) အကျိုးပေးတယ်လို့လည်း အဓိပ္ပာယ် ရပါတယ်။

အများအားဖြင့် ကျမ်းဂန်ထဲမှာတော့ သံသရာခရီးမှာ ပါရမီ ဖြည့်ဖက်တွေ အဖြစ်နှင့် ဖြစ်ခဲ့ကြတဲ့ အလောင်းတော်ကြီးများနှင့် သူတို့ရဲ့ ကြင်ဖက်တွေရဲ့ ဘဝ

တွေကို ကံတူ အကျိုးပေး ဘဝများ အဖြစ်နှင့် တွေ့မြင်ကြရပါတယ်။

ကံတူ အကျိုးပေးရဲ့ နောက်ထပ် အဓိပ္ပာယ် တစ်ခုက မိမိပြုသော ကံနှင့် တူသော အကျိုးပေးကိုသာ ရတယ် ဆိုတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်။ အကြင်သူဟာ မကောင်းတဲ့ ကံကို ပြုရင် မကောင်းတဲ့ အကျိုးပေးကို ရတယ်၊ ကောင်းတဲ့ ကံကို ပြုရင်လည်း ကောင်းတဲ့ အကျိုးပေးကို ရတယ်လို့ ဆိုလိုတာပါပဲ။

ဒီလို ကံတူအကျိုးပေး သဘော အရပ်ရပ်ကို အရှင်မဟာကဿပရဲ့ ရှေးဘဝ အကြောင်းတွေကို ပြတဲ့ ဝတ္ထုစဉ်မှာ ထင်ရှားပါတယ်။

ရှင်မဟာကဿပ အလောင်းအလျာ ပိပ္ပလနှင့် သူ့ရဲ့ဇနီး ဖြစ်တဲ့ ဘဒ္ဒကာပိလာနီတို့ဟာ ဘဝ အဆက်ဆက်မှာ စိတ်တူကိုယ်တူ ကုသိုလ်တွေ ပြုခဲ့ကြတယ်။ ဒါကြောင့် ဘဝတိုင်းမှာ အတူ ပေါင်းဖက်ကြရပြီး အတူတကွ ချမ်းသာ စည်းစိမ်တွေကို ရခဲ့ကြပါတယ်။

ဒါတောင် ဘဝ တစ်ဘဝမှာ ဘဒ္ဒကာပိလာနီ အလောင်း အမျိုးသမီးဟာ ယောက်မဖြစ်သူ အပေါ် ဒေါသဖြစ်ပြီး ပစ္စေကဗုဒ္ဓ တစ်ပါးကို ပြစ်မှားတဲ့ စေတနာ ကံကို ကျူးလွန်ခဲ့မိတယ်။ အဲဒီ ဘဝတုန်းက ပစ္စေကဗုဒ္ဓရဲ့ သပိတ်ထဲကို ရွံ့နှစ်တွေ ထည့်မိခဲ့တယ်။ ဒီကံကြောင့် နောက်တစ်ဘဝ ရောက်တော့ သူဌေးသမီးလည်း ဖြစ်တယ်၊ အဆင်းလည်း လှတယ်၊ ဒါပေမယ့် ကိုယ်နံ့က ပုပ်စပ် နံစော်နေတဲ့ အတွက် အိမ်ထောင်ပြုလို့ မရဘဲ ဖြစ်ခဲ့ရသေးတယ်။ နောက်တော့ ကဿပ ဘုရားရဲ့ ဓာတ်တော်တွေကို ဌာပနာတဲ့ စေတီ တည်ရာမှာ ရွှေအုတ်တွေ လှူပြီး ဘဝ ဆက်တိုင်း မိမိကိုယ်က စန္ဒကူးနံ့လို လှိုင်ပျံ့တဲ့အနံ့ ထွက်ပါစေလို့ ဆုတောင်း တယ်။ အဲဒီ ဆုတောင်း နှင့် အဲဒီ ကံဟာ ဒီ အမျိုးသမီးကို ဒိဋ္ဌဓမ္မ အကျိုး ပေးခဲ့ပါတယ်။ အယုတ်ဘဝက အမြတ်ဘဝကို ရောက်ခဲ့ရပါတယ်။

တချို့ ဇနီးမောင်နှံတွေ ကျတော့ အကုသိုလ် ပြုရာမှာ စိတ်တူ ကိုယ်တူ စေတနာတူ ပြုခဲ့ကြလို့ အဲဒီ အကုသိုလ်ကံရဲ့ အကျိုးပေးကို အတူ ခံစားရတာ တွေလည်း ရှိကြပါတယ်။ ဘုရားလက်ထက်တော် အခါက ဥတေနမင်းရဲ့ သားတော် ဖြစ်တဲ့ ဗောဓိမင်းသားနှင့် မိဖုရားတို့ဟာ အတူ ပေါင်းသင်း နေထိုင်ကြပါသော် လည်း သားသမီး မရတတ်ဘူး၊ ဒါ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့နှစ်ဦးဟာ ရှေး ဘဝ တစ်ဘဝမှာ သင်္ဘော ပျက်ပြီး ကျွန်း တစ်ကျွန်းပေါ် ရောက်သွားကြတယ်။ ကျွန်းပေါ်မှာ စားစရာ ရှာမရတဲ့ အတွက် ငှက်ဥတွေကို စားခဲ့ကြတယ်။ အဲဒီ အကုသိုလ်ကံကြောင့် ဒီဘဝမှာ သူတို့အဖို့ သားသမီး မထွန်းကားတာပဲလို့ မြတ်စွာဘုရား ဟောကြားတော် မူခဲ့ပါတယ်။

ကံတူအကျိုးပေး ဆိုရာမှာ တစ်ယောက်သော ပုဂ္ဂိုလ်ရဲ့ ကြီးမားတဲ့ ကုသိုလ် ကံ အကုသိုလ်ကံ အကျိုးပေးချိန်မှာ ထိုသူနှင့် အတူရှိနေတဲ့ လူတွေဟာလည်း ထိုသူရဲ့ အကျိုးပေးမှုကို အတူ ခံစားရတာလည်း ရှိပါတယ်။

ကုသိုလ်ကံ အကျိုးပေးရာမှာ တစ်ယောက်သော ပုဂ္ဂိုလ် ကောင်းစားချိန်မှာ သူ့ကို မှီခိုနေသူတွေ၊ သူနှင့် ပတ်သက်သူတွေ ကောင်းစားကြပါတယ်။ အကုသိုလ်ကံ အကျိုး ပေးရာမှာလည်း ဒီနည်းတူပဲ အပင်ကြီး လဲသွားတော့ အကိုင်းအခက်တွေပါ ထင်းဖြစ်ရတာတွေ လူ့သမိုင်းတစ်လျှောက် ရာဇဝင် အထောက်အထားတွေ အမြောက်အမြား ရှိပါတယ်။

ဒါ့ထက် ဆိုးတာကတော့ အကုသိုလ်ကံဆိုး အကျိုးပေးမည့် သူနှင့် အတူ ထိုသူ့ရဲ့ ကံအကျိုး ပေးချိန်မှာ တခြားလူတွေလည်း အဲဒီ စက်ကွင်းထဲကို ရောက်နေရတဲ့ အတွက် အတူလိုက်ပါ ပျက်စီးရတာမျိုးတွေလည်း ရှိပါတယ်။

တစ်ခါတုန်းက ရွာတစ်ရွာမှာ ကဿပ ဘုရားရှင် လက်ထက်က အာဂန္တု ရဟန္တာ တစ်ပါးကို မနာလိုဝန်တို ပိတ်ဆို့တဲ့ စိတ်နှင့် ဆွမ်းမရအောင် ပြုခဲ့တဲ့ ရဟန်း တစ်ပါးဟာ တံငါသည် မိန်းမ တစ်ဦးရဲ့ ဝမ်းမှာ ပဋိသန္ဓေ ယူပါတယ်။ ဒီသူငယ် ပဋိသန္ဓေ ယူတဲ့နေ့က စပြီး တံငါသည်တွေဟာ ငါးဖမ်းလို့လည်း မရ တော့ဘူး။ ဒီအထဲ မီးက ခုနစ်ကြိမ် လောင်တယ်၊ တစ်ရွာလုံး မင်းဒဏ်က ခုနစ်ကြိမ် သင့်တယ်။

ဒီတော့ ရွာထဲက လူတွေထဲက စဉ်းစားဉာဏ် ရှိတဲ့ လူကြီးတွေက ‘ငါတို့ ရွာမှာ ကံဆိုးသူ ရှိလိမ့်မယ်၊ ရွာကို တစ်ဝက်စီ ခွဲကြည့်’ လို့ အကြံပြုပြီး ရွာကို ခွဲကြတယ်။ ဒီသူငယ်ပါတဲ့ ဘက်က အမြဲ ဝေါ်ပြတ်တဲ့ ဒဏ်ကို ခံရတယ်။ ဒီလို နှင့် ခွဲလိုက်တာ နောက်ဆုံး ကိုယ်ဝန်ရှိ မိန်းမအိမ် တစ်အိမ်သာ ကျန်တယ်။ မိခင် လည်း ဆင်းရဲ ဝေါ်ပြတ်စွာနှင့် ဒီသူငယ်ကို မွေးရတယ်။ ကလေး သွားတတ်တဲ့ အချိန်ကျတော့ မိခင်လည်း ဒီကလေးကို ခွက်ကလေး တစ်ခွက် ပေးပြီး ထွက်ပြေး တော့တယ်။

ကလေးလည်း တောင်းရမ်း စားသောက်နေတာ ခုနစ်နှစ် အရွယ် အရောက် မှာ ရှင်သာရိပုတ္တရာနှင့် တွေ့တော့ ကိုယ်တော်မြတ်ကြီးက ကလေးကို သာမဏေ ပြုပေးပါတယ်။

လောကတိဿ အမည်ရပြီး ရဟန်းတရားကို အားထုတ်တော့ (ရှေးဘဝက သီလရှိတဲ့ ပုဂ္ဂိုလ် ဖြစ်တဲ့အတွက်) ရဟန္တာ ဖြစ်ပါတယ်။ ဒီရဟန္တာဟာ ရဟန္တာ ဖြစ်တာတောင် တစ်နေ့မှ ဆွမ်းဝအောင် မစားရဘူးတဲ့။ သူ့ကို အကြောင်း ပြုပြီး ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးတောင် ဆွမ်းငတ်ရတယ် တဲ့။ ဒီအဖြစ်ကို အရှင် ဇနကာဘိဝံသ ဆရာတော်ကြီးက ဒီလို မှတ်ချက်ကလေး ရေးသားခဲ့ပါတယ်။

‘ဤဝတ္ထု၌ ကဿပ ဘုရားရှင် သာသနာတော်၌ ပြုခဲ့သော မကောင်းမှု တို့ကြောင့် သူတစ်ယောက်တွင်သာမက တစ်ရွာလုံး မကောင်းကျိုး ခံစားရပုံ၊ အရှင် သာရိပုတ္တရာသည်ပင် သူနှင့် တွဲ၍ ဆွမ်းခံဝင်ရာ ဆွမ်းမရပုံတို့မှာ တစ် ယောက်၏ မကောင်းမှုက အခြား သက်ဆိုင်ရာများကိုလည်း ကံအရှိန် ခတ်တတ်

ကြောင်းကို ညွှန်ပြသည့် သက်သေသာဓက ပင်တည်း' * တဲ့။

ကံတရားရဲ့ ဖြစ်ပေါ်ပုံ သတ္တိမျိုးစုံကို သိပ္ပံပညာရှင်တွေ သဘာဝ လောကကို စနစ်တကျ လေ့လာသလို စေ့စေ့ လေ့လာမယ်ဆိုရင် ကမ္မနိယာမရဲ့ အကြောင်းစုံကို သိခွင့်သိလမ်း များစွာ ရှိပါတယ်။

လူတွေဟာ သဘာဝ နိယာမတွေကို မသိခင်တုန်းကတော့ သဘာဝ နိယာမတွေရဲ့ ပြုပြင်မှုတွေကို ခံနေရတဲ့ သားကောင်တွေလို နေခဲ့ကြရတယ်။ နောက်တော့ လူတွေက သဘာဝ နိယာမတွေကို သိနားလည်အောင် ကြိုးစားလာကြတဲ့အခါ လူဟာ သဘာဝ တရားတွေကို ထိန်းချုပ်နိုင်တဲ့ ဖန်တီးရှင်တွေ ဖြစ်လာကြတာပဲ။ ဘယ်ကိစ္စမှာပဲ ဖြစ်ဖြစ် ကြောင်းကျိုး ဆက်နွယ်မှု နိယာမတွေကို မသိခင်တော့ လူဟာ အနာဂတ်ကို ကြိုမသိနိုင်တာပါ။ ကြောင်းကျိုး ဆက်နွယ်မှု သဘောတွေကို နားလည်လာတဲ့ အခါမှာတော့ အနာဂတ်ကို ကြိုတင် သိမြင်နိုင်လာကြပါတယ်။ အထိန်းချုပ်ရ ခက်သေးတဲ့ မြေငလျင် လှုပ်မှာတို့၊ မုန်တိုင်း ကျမှာတို့၊ မီးတောင် ပေါက်ကွဲမှာတို့ကို လူ့ စွမ်းအားနှင့် ထိန်းချုပ်လို့ မရသေးပေမယ့် ကြိုတင် သိနိုင်တာနှင့်အမျှ ကာကွယ်မှုတွေကို ပြုလုပ်နိုင်တာပေါ့။

ကံကိစ္စမှာလည်း လူတွေဟာ ကမ္မနိယာမရဲ့ ကြောင်းကျိုး ဆက်နွယ်မှု အလုံးစုံကို အကုန်အစင် မသိနိုင်သေးတာပါ။ ကံသတ္တိတွေကို ကျယ်ကျယ်လွင့်လွင့် သိခွင့်ရအောင် သိပ္ပံပညာမှာ သုတေသနပြု လေ့လာမှုတွေ ဆောင်ရွက်သလို ကြိုးပမ်း ဆောင်ရွက်ကြမယ် ဆိုရင် ကံသတ္တိ အကြောင်းစုံကို လောကီ ကိစ္စ လောကုတ္တရာ ကိစ္စအားဖြင့် အများအပြား သိစရာတွေ ကျန်ရှိနေတယ်လို့ ဆိုချင်ပါတယ်။

## သုဘ လုလင်၏ မေးခွန်းများ **

မြတ်စွာဘုရားဟာ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံးနေစဉ် နေ့ တစ်နေ့မှာ သုဘ ဆိုတဲ့ ပုဏ္ဏား လုလင် တစ်ယောက်ဟာ မြတ်စွာဘုရား ထံပါးကို ချဉ်းကပ်ပြီး လူ့ဘဝမှာ လူအချင်းချင်း အဖြစ် မတူတာတွေကို ခရေစေ့ တွင်းကျ သူက မေးခွန်း ၁၄ ခုနှင့် မေးမြန်းပါတယ်။ သူမေးတဲ့ မေးခွန်းတွေဟာ လူသားတိုင်းရဲ့ စိတ်မှာ အဖြေကို ရှာလို့မရခဲ့တဲ့ မေးခွန်းတွေဖြစ်ပြီး လူသားတိုင်း အဖြေကို သိလိုတဲ့ မေးခွန်းတွေပါပဲ။ ဒါကြောင့် သုဘလုလင်ရဲ့ မေးခွန်းတွေကို အကျဉ်းချုပ် ဖော်ပြလိုပါတယ်။

---

* *ကိုယ်ကျင့် အဘိဓမ္မာ၊ စာ ၂၂၉-၂၃၀*

** *မဇ္ဈိမ ပဏ္ဏာသ၊ စူဠကမ္မ ဝိဘင်္ဂသုတ်*

သုဘာလုလင်က မြတ်စွာဘုရားကို ဘယ်လို လျှောက်ထားသလဲ ဆိုတော့ 'မြတ်စွာဘုရား၊ ဒီလောကမှာ နေထိုင်ကြတဲ့ လူအပေါင်းတို့ဟာ လူချင်း တူကြပါလျက် အရာရာမှာ ညီတူညီမျှ မဖြစ်ကြပါ၊ အဆင့်အတန်းအားဖြင့်၊ အခွင့်အလမ်းအားဖြင့် အယုတ် အလတ် အမြတ် ကွဲပြား ခြားနား နေကြပါတယ်။ ဘယ်လို ကွဲပြားကြပါသလဲ ဆိုတော့ ...

(၁) အချို့လူတို့မှာ အသက် တိုကြပါသည်၊

(၂) အချို့လူတို့ကား အသက် ရှည်ကြပါကုန်သည်၊

ထိုသို့ အဘယ် အကြောင်းကြောင့် ဖြစ်ရပါသလဲ၊ ထို့ပြင် ...

(၃) အချို့လူတို့မှာ မကျန်းမမာ အနာရောဂါ များကြပါသည်၊

(၄) အချို့လူတို့မှာမူကား ကျန်းမာ၍ ရောဂါ ကင်းရှင်းကြပါသည်၊

ထိုသို့ အဘယ်ကြောင့် ဖြစ်ရပါသလဲ၊ ထို့ပြင် ...

(၅) အချို့လူတို့မှာ အရုပ်ဆိုး ကြပါသည်၊

(၆) အချို့လူတို့မှာကား အဆင်း လှကြပါကုန်သည်၊

ထိုသို့ အဘယ် အကြောင်းကြောင့် ဖြစ်ရပါသလဲ၊ ထို့ပြင် ...

(၇) အချို့လူတို့မှာ ဘုန်းတန်ခိုး နည်းပါးကြပါသည်၊

(၈) အချို့လူတို့မှာကား ဘုန်းတန်ခိုး ကြီးမားကြပါသည်၊

ထိုသို့ အဘယ် အကြောင်းကြောင့် ဖြစ်ရပါသနည်း၊ ထို့ပြင် ...

(၉) အချို့လူတို့မှာ ဆင်းရဲ နွမ်းပါးကြပါသည်၊

(၁၀) အချို့လူတို့မှာကား ပေါများ ကြွယ်ဝကြပါသည်၊

ထိုသို့ အဘယ် အကြောင်းကြောင့် ဖြစ်ရပါသလဲ၊ ထို့ပြင် ...

(၁၁) အချို့လူတို့မှာ အမျိုး ယုတ်နိမ့်ကြပါသည်၊

(၁၂) အချို့လူတို့မှာမူကား အမျိုး မြင့်မြတ်ကြပါသည်၊

ထိုသို့ အဘယ် အကြောင်းကြောင့် ဖြစ်ကြရပါသနည်း၊ ထို့ပြင် ...

(၁၃) အချို့လူတို့မှာ ပညာဉာဏ် နည်းပါးကြပါသည်၊

(၁၄) အချို့လူတို့မှာမူကား ပညာဉာဏ် များပြားကြပါသည်၊

ထိုသို့ အဘယ် အကြောင်းကြောင့် ဖြစ်ကြရပါသလဲ' တဲ့။

သုဘာလုလင်ရဲ့ ဒီမေးခွန်းတွေကို မြတ်စွာဘုရားက စိတ်ရှည်လက်ရှည်နှင့် တစ်ခုချင်း ဖြေကြားတော် မူပါတယ်။

ဒီနေရာမှာ မြတ်စွာဘုရားရဲ့ အဖြေတွေကို မပြောခင် စဉ်းစားစေချင်တဲ့ အချက် တစ်ချက် ရှိပါတယ်။ အဲဒီ အချက်တော့ ဒီကမ္ဘာပေါ်မှာ ပေါ်ပေါက်ပြီးခဲ့သမျှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဒဿနတွေဟာ ဒီသုဘာလုလင်ရဲ့ အမေးပုစ္ဆာတွေကို ရင်ဆိုင်ခဲ့ရလို့ ရှိရင် ကျေနပ်ဖွယ်ရာ အဖြေတွေကို ပေးနိုင်ကြပါ့မလား။

စာရေးသူဟာ ငယ်စဉ်ကပင် ကမ္ဘာပေါ်မှာ ပေါ်ပေါက်ခဲ့တဲ့ အရှေ့တိုင်း

အနောက်တိုင်း ဒဿန ဆရာကြီးများရဲ့ အတွေးအမြင် မျိုးစုံကို နှံ့စပ် စုံလင်အောင် လေ့လာခဲ့ဖူးပါတယ်။ အဲဒီ အယူဝါဒတွေဟာ ဒီမေးခွန်းတွေကို စိတ်ကျေနပ်ဖွယ် ကောင်းအောင် အဖြေပေးနိုင်တာ လုံးဝ မတွေ့ရဖူးပါ။ ဒီဒဿန ဆရာကြီးတွေရဲ့ အဖြေတွေကို ခြုံပြီး ကြည့်မယ် ဆိုရင်တော့ အယူဝါဒ သုံးမျိုးပဲ ပေါ်ပေါက်ပါတယ်။ အဲဒီ သုံးမျိုးကတော့

(၁) ပုဗ္ဗေကတ ဟေတုက ဝါဒ (fatalism) ဆိုတဲ့ အယူဝါဒက တစ်မျိုး ဖြစ်ပါတယ်။ ဒီဝါဒရဲ့ သဘောကတော့ လူ့လောကမှာ လူတွေ ယခုလို အယုတ် အလတ် အမြတ် မတူ ကွဲပြား ခြားနားစွာ ခံစား စံစား နေကြရတာဟာ တခြား ကြောင့် မဟုတ်ဘူး၊ ရှေးက ပြုခဲ့တဲ့ အကြောင်းကံ သက်သက်ကြောင့်သာ ဖြစ် တယ်လို့ ယူတဲ့ အယူပါ။

(ယခု ဘဝ ပြုတဲ့ ကံ ဉာဏ် ဝီရိယ နှင့် ကံရဲ့ ပြည့်စုံကြောင်း တရားများ ဖြစ်တဲ့ ဥပဓိသမ္ပတ္တိ၊ ကာလသမ္ပတ္တိ၊ ဒေသသမ္ပတ္တိ၊ ပယောဂသမ္ပတ္တိ တရားတွေကို ထည့်မတွက်တဲ့) ရှေးက ပြုခဲ့တဲ့ ကံရဲ့ ပြုပြင်မှုကိုသာ သတ္တဝါတွေဟာ လည်စင်း ခေါင်းငုံ့ ခံနေကြရတယ်လို့ မကောင်းလည်း ကံ ကောင်းလည်း ကံကို ယုံကြည် စွဲလမ်းတဲ့ အယူဝါဒမျိုး၊ ဒီဝါဒကို မြတ်စွာဘုရားက ပုဗ္ဗေကတ ဟေတုဒိဋ္ဌိလို့ သတ်မှတ်တော်မူပါတယ်။

(၂) နောက်အယူတစ်ခုကတော့ ဣဿရနိမ္မာန ဟေတု ဝါဒ (determinism) ဆိုတဲ့ အယူဝါဒမျိုး ဖြစ်တယ်။ ဒီဝါဒကတော့ လူ့လောကမှာ လူတွေ ယခုလို အယုတ် အလတ် အမြတ် မတူ ကွဲပြား ခြားနားစွာ ခံစား စံစား နေကြရတာဟာ တခြား အကြောင်းကြောင့် မဟုတ်ဘူး၊ လောကကို အစိုးရတဲ့ ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်ရဲ့ အလိုတော် အတိုင်း၊ အဆုံးအဖြတ် အတိုင်း ဖြစ်နေကြရခြင်းသာ ဖြစ်တယ်လို့ ယုံကြည် လက်ခံတယ်။

(၃) တတိယ အယူကတော့ အဟေတုက ဝါဒ (nihilism) ဆိုတဲ့ အယူ ဝါဒမျိုး ဖြစ်ပါတယ်၊ ဒီဝါဒကတော့ လူ့လောကမှာ လူတွေ ယခုလို အယုတ် အလတ် အမြတ် မတူ ကွဲပြား ခြားနားစွာ ခံစား စံစား နေကြရတာဟာ ဘာ အကြောင်းကြောင့်မှ မဟုတ်ဘူး၊ သူ့ဘာသာသူ 'အကြောင်းမဲ့' ဖြစ်ချင်တိုင်း ဖြစ်နေတာသာ ဖြစ်တယ်လို့ ယုံကြည်တဲ့ ဝါဒမျိုး ဖြစ်ပါတယ်။

ဒီလို အမှောက်အမှား ထွေးခေါ် ယုံကြည်နေတဲ့ အယူဝါဒတွေဟာ ကမ္ဘာ ပေါ်မှာ ယခုတိုင်လည်း ရှိတယ်။ မြတ်စွာဘုရား လက်ထက်တုန်းကလည်း ရှိခဲ့ ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားဟာ ဒီဝါဒတွေရဲ့ အမှောက်အမှား သဘောတွေကို 'တိတ္ထာယတန သုတ္တန်' * မှာ ရှင်းလင်း ဟောကြားတော် မူခဲ့ပါတယ်။

---

** အင်္ဂုတ္တရ နိကာယ်၊ တိက နိပါတ်၊ မဟာဝဂ်လာ ပဉ္စမ တိတ္ထာယတန သုတ္တန်*

(သင့်ရာ အခန်းမှာ ဒီအကြောင်းတွေကို ဖော်ပြပါဦးမယ်။ အကျယ်ကို သိလိုတဲ့ ပုဂ္ဂိုလ်တွေအဖို့ ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီးရဲ့ 'သမ္မာဒိဋ္ဌိ ဒီပနီ' မှာ လေ့လာနိုင်ပါတယ်။)

ယခု သုဘလုလင်ရဲ့ အမေး ပုစ္ဆာများကို မြတ်စွာဘုရား ဖြေကြားတော် မူပုံကို ဆက်လက် ပြောပြပါ့မယ်။

မြတ်စွာဘုရားက ဘယ်လို ဖြေသလဲ ဆိုတော့

'သုဘလုလင်၊ လောကမှာ လူတွေသာ မကဘူး၊ သတ္တဝါ အားလုံးတို့မှာ

– ကံသာလျှင် ဥစ္စာ ရှိကြကုန်တယ်၊

– ကံသာလျှင် အမွေအနှစ် ရှိကြကုန်တယ်၊

– ကံသာလျှင် အဆွေအမျိုး ရှိကြကုန်တယ်၊

– ကံသာလျှင် အဆွေခင်ပွန်း ရှိကြကုန်တယ်၊

– ကံသာလျှင် ကိုးကွယ် အားထားရာ ရှိကြကုန်တယ်။

အဲဒီ ကံတရားက သတ္တဝါ ဟူသမျှတို့ကို အယုတ် အလတ် အမြတ် ဖြစ်အောင် ထူးခြား ကွဲပြားသွားအောင် ဆောင်ရွက် ခွဲဝေတယ်' လို့ မိန့်ကြားပါတယ်။

ပြီးမှ သုဘလုလင်ရဲ့ အမေးကို မြတ်စွာဘုရားက ကြောင်းကျိုး ဆက်စပ်ပြီး ဟောတော်မူပြန်ပါတယ်။

(၁) အသက်တိုခြင်း – လောကမှာ မိန်းမ ဖြစ်စေ၊ ယောက်ျား ဖြစ်စေ သတ္တဝါတို့အား သနား ကြင်နာမှု မရှိဘဲ ရက်စက် ကြမ်းကြုတ်စွာ သတ်ဖြတ်လေ့ ရှိတဲ့ လူဟာ သေလို့ ရှိရင် ငရဲသို့ ကျမယ်၊ ငရဲ မကျဘဲနှင့် လူ ဖြစ်လာပြန်တယ် ဆိုရင် အသက် တိုတယ်၊ အသက် တိုခြင်းရဲ့ အကြောင်းကတော့ သူ့အသက်ကို သတ်မှုဆိုတဲ့ အကုသိုလ် အကျင့်ပဲ ဖြစ်တယ်လို့ ဖြေတော်မူပါတယ်။

(၂) အသက်ရှည်ခြင်း – မှာတော့ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းဟာ အသက်ရှည်ခြင်းရဲ့ အကြောင်း၊ အကျင့်ဖြစ်တယ်လို့ ဖြေတော်မူပါတယ်။

(၃) အနာရောဂါ များခြင်း – မှာတော့ သတ္တဝါတို့အား ညှဉ်းပန်း နှိပ်စက်ခြင်းဟာ အနာရောဂါ များခြင်း အကြောင်း၊ အကျင့်ပဲတဲ့။

(၄) အနာရောဂါ ကင်းရှင်းခြင်း – မှာတော့ သတ္တဝါတို့အား ညှဉ်းပန်း နှိပ်စက်ခြင်း မရှိခြင်းဟာ အနာရောဂါ ကင်းရှင်းခြင်းအကြောင်း၊ အကျင့် ဖြစ်တယ်တဲ့။

(၅) အဆင်းမလှခြင်း – မှာတော့ သတ္တဝါတို့ အပေါ် ချုပ်ချယ်လိုမှု၊ အမျက်ဒေါသ များမှုဟာ အရုပ်ဆိုးခြင်း အကြောင်း၊ အကျင့်ဖြစ်တယ်လို့ ဟောပြတော်မူတယ်။

(၆) အဆင်းလှခြင်း – မှာတော့ သတ္တဝါတို့ကို မချုပ်ချယ်လိုခြင်း၊ အမျက် ဒေါသ မထွက်ခြင်းဟာ အဆင်းလှခြင်းရဲ့ အကြောင်း၊ အကျင့်ကောင်း ဖြစ်တယ်လို့ ဟောတော်မူတယ်။

(၇) ဘုန်းတန်ခိုး နည်းခြင်း – မှာတော့ သူတစ်ပါးတို့ရဲ့ ပစ္စည်းဥစ္စာ လာဘ် ပေါ်များမှု အပေါ် ငြူစူ စောင်းမြောင်းမှု သဘောထား ရှိခြင်းဟာ ဘုန်းတန်ခိုး နည်းပါးခြင်းရဲ့ အကြောင်း၊ အကျင့်ပဲလို့ ဖြေတော်မူတယ်။

(၈) ဘုန်းတန်ခိုး ကြီးမားခြင်း – မှာတော့ သူတစ်ပါးတို့ရဲ့ ဥစ္စာ ပစ္စည်း လာဘ် ပေါ်များမှုကို ငြူစူ စောင်းမြောင်းခြင်း မရှိခြင်းဟာ ဘုန်းတန်ခိုး ကြီးမား ခြင်းရဲ့ အကြောင်းပါပဲတဲ့။

(၉) ဆင်းရဲနွမ်းပါးခြင်း – မှာတော့ ထမင်း၊ အဖျော်၊ ကျောင်းဇရပ်၊ အဝတ်၊ သင်္ကန်း၊ ယာဉ်၊ ပန်းနံ့သာ၊ အိပ်ရာ၊ နေရာ၊ ဆီမီး ဒါနဝတ္ထု ၁၀ ပါးကို မပေး မလှူခဲ့ခြင်းဟာ ဆင်းရဲ နွမ်းပါးခြင်းရဲ့ အကြောင်း၊ အကျင့် ဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။

(၁၀) ချမ်းသာကြွယ်ဝခြင်း – မှာတော့ ထမင်း၊ အဖျော်၊ ကျောင်းဇရပ်၊ အဝတ်၊ သင်္ကန်း၊ ယာဉ်၊ ပန်းနံ့သာ၊ အိပ်ရာ၊ နေရာ၊ ဆီမီး ဒါနဝတ္ထု ၁၀ ပါးကို ပေးလှူခြင်းဟာ ချမ်းသာ ကြွယ်ဝခြင်းရဲ့ အကြောင်း၊ အကျင့် ဖြစ်ပါတယ်တဲ့။

(၁၁) အမျိုးယုတ်နိမ့်ခြင်း – မှာတော့ အလွန် မာနကြီးခြင်း၊ ရှိခိုး ရှိသေ ထိုက်သူကို ရှိခိုး ရှိသေမှု မရှိခြင်းဟာ အမျိုး ယုတ်နိမ့်ခြင်း အကြောင်း၊ အကျင့် ဖြစ်တယ်လို့ ဟောပါတယ်။

(၁၂) အမျိုး မြင့်မြတ်ခြင်း – မှာတော့ မာန်မာန မရှိခြင်း၊ ရှိခိုး ရှိသေ ထိုက်သည့် ပုဂ္ဂိုလ်ကို ရှိခိုး ရှိသေခြင်းဟာ အမျိုး မြင့်မြတ်ခြင်းရဲ့ အကြောင်း အကျင့် ဖြစ်တယ်တဲ့။

(၁၃) ဉာဏ်ပညာ နည်းပါးခြင်း – ကတော့ လောကမှာ မိန်းမ ဖြစ်စေ၊ ယောကျ်ား ဖြစ်စေ ရဟန်း ပုဏ္ဏား (ပညာရှိသူ) များသို့ ချဉ်းကပ်ပြီး

- ကုသိုလ် တရား၊ အကုသိုလ် တရားကို လည်းကောင်း၊
- အပြစ် ရှိသော တရား၊ အပြစ် မရှိသော တရားကို လည်းကောင်း၊
- မှီဝဲအပ်တဲ့ တရား၊ မမှီဝဲအပ်တဲ့ တရားကို လည်းကောင်း၊
- စီးပွားမဲ့ကြောင်း၊ ဆင်းရဲကြောင်း တရား၊ စီးပွားဖြစ်ကြောင်း ချမ်းသာ ကြောင်း တရားကို လည်းကောင်း မေးမြန်းလေ့ မရှိခြင်းဟာ ဉာဏ် ပညာ နည်းရခြင်းရဲ့ အကြောင်း၊ အကျင့်ဖြစ်တယ်လို့ ပြတ်ပြတ်သား သား ဝေဖန် ဟောကြားတော် မူပါတယ်။

(၁၄) ဉာဏ်ပညာ ကြီးခြင်း – မှာတော့ အထက်က ဆိုခဲ့တဲ့ တရားတွေ ကို သိကျွမ်းသူ ပညာရှိ ပုဂ္ဂိုလ်များထံမှာ မေးမြန်း စုံစမ်းခြင်းဟာ ဉာဏ်ပညာ ကြီးခြင်းရဲ့ အကြောင်း၊ အကျင့်ဖြစ်တယ်လို့ ဟောကြား ဖြေဆိုတော် မူတဲ့အခါ သုဘလုလင်ဟာ အလွန်တရာ နှစ်သက် ရွှင်လန်းခြင်း ဖြစ်ပြီး ဘဝင်ကျသွား ပါ တယ်။

သုဘာလုလင်ရဲ့ မေးခွန်းတွေကို ဖြေကြားတော်မူတဲ့ ဒီ စူဠကမ္မ ဝိဘင်္ဂသုတ် ဒေသနာမှာ ပါတဲ့ တရားတွေဟာ စေတနာဟာ ကံဖြစ်တယ် ဆိုတဲ့ အခြေခံ အတွေးအမြင်ပေါ်မှာ မူတည်ပြီး ဖြေကြားကြောင်း ပေါ်လွင် ထင်ရှားလှပါတယ်။

အယုတ် အလတ် အမြတ် ဆိုတဲ့ တရားတွေ (တရားခြင်း၊ မတရားခြင်း၊ ကောင်းခြင်း၊ ဆိုးခြင်း ဆိုတဲ့ သဘောတွေ) ဟာ အခြေခံကတော့ စေတနာကံမှာ အရင်းခံပြီး ဖြစ်ကြတာချည်းပါပဲ။

ဒါကို တချို့ ရုပ်ဝါဒီတွေကတော့ လက်ခံချင်မှ လက်ခံ ကြပါလိမ့်မယ်။ သူတို့စိတ် သူတို့ အတွေးမှာတော့ လူတွေ ဆင်းရဲ ချမ်းသာ မတူညီကြရတာ၊ အယုတ် အလတ် အမြတ် ကွဲပြား ခြားနား ကြရတာဟာ မတရားတဲ့ စီးပွားရေး စနစ်တွေကြောင့်လို့ စွပ်စွဲပြီး စီးပွားရေး စနစ်ဆိုးတွေကို ချေဖျက်ဖို့ ကြိုးစားကြ ပါတယ်။ ရုပ်ဝါဒီတွေဟာ လူတွေရဲ့ စိတ်စေတနာကို ဂရုလည်း မစိုက်ဘူး၊ ထည့်တွက်ခြင်းလည်း မပြုဘူး။ ဒါကြောင့် သူတို့က လူတွေကို မျှော်လင့်ချက်တွေ အမျိုးမျိုး ပေးပြီး တရားတယ်ဆိုတဲ့ စီးပွားရေး စနစ်တွေကို ထူထောင်ကြပေမယ့် မျှော်လင့်တိုင်း ဖြစ်မလာဘူး။ လုပ်ရင်း လုပ်ရင်းနှင့် ဆင်းရဲတဲ့ လူတွေက ပိုပြီး ဆင်းရဲသွားတယ်၊ ချမ်းသာတဲ့ လူတွေဟာ ပိုပြီး ချမ်းသာသွားကြပြီး မတရားမှု တွေဟာ ပိုပြီးသာ များပြားလာတာကို တစ်ကမ္ဘာလုံးမှာ တွေ့မြင် နေကြရပါတယ်။

ဗော်လရှီဘစ် ဝါဒ (Bolshevism) နှင့် ပတ်သက်ပြီး သုံးသပ် တင်ပြရာမှာ ဒဿန ဆရာကြီး ဘာထရန်ရပ်ဆယ်ရဲ့ သုံးသပ်ချက်ဟာ စိတ်ဝင်စားစရာ ကောင်း ပါတယ်။ ဘာထရန်ရပ်ဆယ် သုံးသပ်ပုံက ဒီလိုပါ။

'ဗော်လရှီဘစ် ဝါဒဟာ ဘာသာ အယူဝါဒသစ်ကို ဖန်တီးပေးတယ်။ အဲဒီ ဝါဒက အလွန် မွန်မြတ်တဲ့ ကတိတွေကိုလည်း ပေးပါတယ်။ ဆင်းရဲ ချမ်းသာ ခွဲခြားထားတဲ့ မတရားမှုကြီး ဒီလောကက ပပျောက် သွားရမယ်တဲ့၊ စီးပွားရေးအရ ကျွန်ပြုတဲ့စနစ် ချုပ်ငြိမ်းရမယ်တဲ့၊ စစ်မက်အားလုံး ကွယ်ပျောက် သွားရမယ်တဲ့၊ ပြီးတော့ ကျုပ်တို့ရဲ့ စက်မှုစနစ်ကြီးကို ပျက်စီးစေနိုင်ပြီး နိုင်ငံရေးဘဝကို အဆိပ် သင့်စေတဲ့ လူတန်းစား မညီညွတ်မှုတွေကိုလည်း အဆုံးသတ် ပစ်မယ်လို့ ကတိ ခံပါတယ်။ လူအချင်းချင်း ဆက်ဆံရာမှာ လူကို တန်ဖိုးမထားဘဲ ငွေကိုသာ တန်ဖိုး ထားပြီး ဆက်ဆံတဲ့ အကြီးအကျယ် ရောင်းဝယ်ဖောက်ကားတဲ့ စနစ်နှင့် အလုပ် မလုပ်ဘဲ ထိုင်စားနေကြတဲ့ ဓနရှင်တွေ ပပျောက်သွားအောင်လည်း လုပ်ပစ်မယ်လို့ ကတိခံတယ်။ အလုပ်ကိုသာ တန်ဖိုးထားတဲ့ လူ့အဖွဲ့အစည်းထဲမှာ ယောကျ်ား ဖြစ်ဖြစ်၊ မိန်းမ ဖြစ်ဖြစ် အလုပ်သဘောအရ တန်းတူရည်တူ ဖြစ်ရမယ်။ အဲဒီ လူ့ အဖွဲ့အစည်းဟာ လူချမ်းသာ သွေးစုပ် ဖုတ်ကောင်တို့ရဲ့ အဖွဲ့အစည်း မဖြစ်ရဘူး လို့လည်း ကတိခံတယ်။ အဲဒီ အဖွဲ့အစည်းထဲမှာ အချောင်ခိုတာမျိုး၊ အနိဋ္ဌာရုံ အမြင်မျိုး၊ အလုပ်မရှိလို့ ပျင်းရိ လက်မှိုင်ချပြီး သောက ပွေနေတာမျိုးတွေ ဘာဆို

ဘာမှ မရှိရဘူးလို့လည်း ကတိပေးတယ်။

'ဒီတော့ ဒီလို အခြေအနေတွေ ဖြစ်လာမလား၊ မဖြစ်လာဘူးလား ဆိုတာထက် မတရားတဲ့ အရင်းရှင် စနစ်ကို ချေဖျက်ဖို့ စနစ် အသစ်တစ်ခုခု ပေါ်ပေါက်လာမယ်လို့တော့ ကျုပ်လည်း ထင်တယ်၊ ဒါပေမယ့် အဲဒီစနစ်ဟာ ဗော်လရှီဘစ်စနစ်ပဲ ဖြစ်မလား၊ တခြား စနစ် တစ်ခုပဲ ဖြစ်မလား ဆိုတာတော့ ကျုပ်မသိဘူး၊ နောက်ပေါ်တဲ့ စနစ်ဟာ အရင်းရှင် စနစ်ထက် ပိုကောင်းမလား၊ ပိုပြီးပဲ ဆိုးဝါးသွားမလား ဆိုတာလည်း ကျုပ် မပြောနိုင်ဘူး။ သို့သော် စနစ်သစ် တစ်ခု ပေါ်ပေါက်လာမှာကိုတော့ ကျုပ် သံသယ လုံးဝ မဖြစ်ပါဘူး' * လို့ ဆိုပါတယ်။

## ကံ အမျိုးမျိုးကို နားလည်ခြင်း

ဘဝရဲ့ အမြင့်လမ်း အမြတ်လမ်းကို သွားဖို့ အားခဲထားကြတဲ့ ရွှေတောင်တက်သမားတိုင်းဟာ မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့တဲ့ ကမ္မဝါဒကို သံသယ အစွန်းမထင်ဘဲ ကြည်ကြည်လင်လင် နားလည် သဘောပေါက်ပြီး ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကင်းဖို့ လိုအပ်ပါတယ်။

ဗုဒ္ဓဝါဒဟာ ရှေးကံကသာ အရာရာကို ပြုပြင်နေတယ်၊ လူသတ္တဝါ အားလုံးဟာ အတိတ်ကံရဲ့ စီမံရာကို ခံနေရတယ်လို့ ယူဆတဲ့ ပုဗ္ဗေကတ ဟေတုကဝါဒနှင့် လုံးဝ မတူဘူး။ တချို့ ဗုဒ္ဓဘာသာဝင်လို့ ဆိုသူတွေကတော့ တစ်ဆိတ်ရှိ အတိတ်ကံကို ပုံချတဲ့ အယူမှား အမြင်မှားကိုပဲ ယုံကြည် စွဲလမ်း နေကြတာ ဝမ်းနည်းစရာကောင်းလှပါတယ်။

ဘဝ ရွှေတောင်တက်သမားတွေဟာ မှားယွင်းတဲ့ အယူဝါဒတွေကြောင့် မျက်စိလည်ပြီး လမ်းမှားကို ရောက်မသွားအောင် အထူးပဲ ဂရုစိုက်ဖို့ လိုပါတယ်။

တိုတိုနှင့် လိုရင်းကို ဆိုရရင်တော့ ဗုဒ္ဓ ရှင်တော်မြတ်ရဲ့ 'ကမ္မဝါဒ' ဟာ အတိတ် ကံကိုရော ပစ္စုပ္ပန် ကံကိုပါ မှန်ကန်စွာ ရှုမြင်သုံးသပ်ထားတဲ့ အမြင်သာ ဖြစ်တဲ့အတွက် ဒီဝါဒကို ရှင်းရှင်းနားလည်အောင် ကြိုးစားသင့်ပါတယ်။ လွယ်လွယ်စင်းစင်း နားလည်အောင် ဖော်ပြရမယ်ဆိုရင် ကျမ်းဂန်များမှာ ကံအမျိုးမျိုးကို (၁) အစွမ်းသတ္တိအားဖြင့်၊ (၂) အကျိုးပေးတဲ့ အလှည့်အကြိမ်အားဖြင့်၊ (၃) အကျိုးပေးရာ ကာလအစွမ်းအားဖြင့်၊ (၄) အကျိုးပေးရာ ဌာနအစွမ်းအားဖြင့် လေးမျိုးလေးစားစီ ခွဲခြား ပြထားပါတယ်။

**(၁) အစွမ်းသတ္တိအားဖြင့် ကံကို ခွဲမယ်ဆိုရင်**

---

* *The Practice and Theory of Bolshevism - B. Russell. p 16 - 17*

(က) ဇနက ကံလည်း တစ်ပါး၊

(ခ)· ဥပထမ္ဘက ကံလည်း တစ်ပါး၊

(ဂ) ဥပပီဠက ကံလည်း တစ်ပါး၊

(ဃ) ဥပဃာတက ကံလည်း တစ်ပါး ဖြစ်ပါတယ်။ *

ဒီကံလေးမျိုးကတော့ သတ္တဝါတို့ရဲ့ ပဋိသန္ဓေကာလ ကတည်းက ပါလာတဲ့ ကံတွေပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီကံတွေဟာ သတ္တဝါတို့ရဲ့ စတင်ဖြစ်ပေါ်မှု၊ ကြီးပြင်းမှု၊ အိုမင်းမှု၊ သေဆုံးမှုတွေကို ဖန်တီးနေလို့ပဲ ဖြစ်ပါတယ်။ ဇနကကံ ဆိုတာက သတ္တဝါတို့ရဲ့ ပဋိသန္ဓေ အကျိုးကို ဖြစ်စေတဲ့ကံကို ခေါ်တာပါ။

ဥပထမ္ဘကကံ ဆိုတာက ဇနကကံ ပဋိသန္ဓေ အကျိုးကို ပေးတုန်းက အထောက်အပံ့ ပြုခဲ့တဲ့ ကံပါပဲ။ သစ်ပင် သတ္တဝါ အားလုံးမှာ သက်တမ်း ဆိုတာ ရှိတယ်။ သက်တမ်း ဆိုတာက ရှင်သန်နေတဲ့ ကာလပါပဲ။ အဲဒီ ရှင်သန်နေမှု၊ ကြီးထွားနေမှုကို အထက်ကံ နှစ်ပါးက ပြုပြင်ပါတယ်။ ခေတ်စကားနှင့် ပြောရရင်တော့ အစာတွေ ကြေကျက်သွားအောင် ဝမ်းမီးက ပြုပြင်နေတာတွေ၊ အသက်ရှုနေအောင် နှလုံးနှင့် အဆုတ်က ဖန်တီးပြီး တစ်ကိုယ်လုံးကို သွေးများ လှည့်ပတ်နေတာတွေ၊ ခန္ဓာကိုယ်က အညစ်အကြေး (မလ) တွေကို စွန့်ထုတ် ပစ်နေတာတွေ၊ ဒီ ကမ္ဘာဇီဝ ဖြစ်စဉ်တွေ အားလုံးဟာ ဇနကကံ နှင့် ဥပထမ္ဘကကံရဲ့ လုပ်ငန်းတွေချည်းပါပဲ။

ဥပပီဠကကံ ဆိုတာက ဇနကကံ၊ ဥပထမ္ဘကကံကြောင့် ရှင်သန် ကြီးထွားနေတဲ့ ပြုပြင်ဖန်တီးမှု ရုပ်တွေကို အိုမင်း ရင့်ဆွေးအောင်၊ ယိုယွင်း ပျက်စီးအောင် ကပ်ပြီး နှိပ်စက်နေတဲ့ ကံ (လုပ်ဆောင်မှု) ပဲ။ ဒါကလည်း ရှင်သန်မှုရှိတဲ့ သစ်ပင် သတ္တဝါ ရုပ်ပစ္စည်းတိုင်းမှာ ရှိနေပါတယ်။

နောက်ဆုံး ဇနကကံတို့က ရှင်သန် ကြီးပွားနေအောင် ဖန်တီးထားတဲ့ ရုပ်ရဲ့ အကျိုးဆက် ပြုပြင်မှုတွေကို ပြတ်သွားအောင် ရပ်သွားအောင် ဖြတ်တတ်သတ်တတ်တဲ့ ကံကိုတော့ ဥပဃာတကကံလို့ ခေါ်တာပါပဲ။ ဒီကံသဘောတွေဟာ မော်တော်ကား၊ လေယာဉ်ပျံတွေ၊ စွမ်းအင် တစ်ခုခုကို အသုံးပြုပြီး ရှင်သန်လှုပ်ရှားနေတဲ့ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ် ပစ္စည်း အားလုံးမှာလည်း ရှိတယ်။

ဥပမာ မော်တော်ကား စက်နှိုးတယ်၊ ဒီမှာ စက်ကို နှိုးထစေတဲ့ ဘက်ထရီစွမ်းအင်၊ ဒိုင်နမိုလည်တဲ့ စက်စွမ်းအင်၊ ပလပ်က မီးဖြာထွက်မှု ဆိုတဲ့ အပူစွမ်းအင်၊ ဓာတ်ဆီငွေ့ ဆိုတဲ့ လောင်စာ စွမ်းအင်တွေ ပေါင်းဆုံမှုဟာ စက်နှိုးမှုကို ဖန်တီးတဲ့ ဇနကကံတွေချည်းပဲ။ အဲဒီမှာ စက်နှိုးအောင် ထောက်ပံ့ ထားတာတွေဟာ ဥပထမ္ဘကကံတွေချည်းပဲ။ စက်နှိုးနေသရွေ့ ဓာတ်ဆီ၊ အင်ဂျင်ဝိုင်တွေ ကုန်ခန်းနေတယ်၊

---

* *အဘိဓမ္မတ္ထ သင်္ဂဟ ဒီပနီကျမ်း၊ လေကျွန်တောင် ဆရာတော်၊ စာ ၁၁၆*

စက်ပွန်းနေတယ်၊ ကားမှာ ယိုယွင်းမှုတွေ ဖြစ်နေတယ်။ ဒါက ဥပပီဠကကံတွေပဲ။ နောက်ဆုံး စက်ရပ်သွားတယ်၊ ကားတစ်စီးလုံး ယိုယွင်း ပျက်စီးပြီး အဆုံးသတ်သွားတယ်၊ ဒါက ဥပဃာတကကံပဲ။ ဒီလို အရာရာကို ခွဲခြား နားလည်လို့ ရပါတယ်။

(၂) အကျိုးပေးတဲ့ အလှည့်အကြိမ်အားဖြင့် ကံကို ဖော်ပြရမယ် ဆိုရင်

(က) ဂရုကံ – အားကြီးတဲ့ကံကို ခေါ်တယ်၊ တခြားသော ကံတို့ တားဆီးလို့ မရတဲ့ ကံမျိုးကို ခေါ်တာပါ၊

(ခ) အာသန္နကံ – သေခါနီး အခါမှာ အမှတ်ရအပ်တဲ့ ပြုလုပ်ခဲ့ဖူးတဲ့ ကံကို ခေါ်ပါတယ်၊

(ဂ) အာစိဏ္ဏကံ – ရှည်မြင့်စွာ အစွဲအမြဲ လေ့ကျင့် အားထုတ်ခဲ့တဲ့ ကံကို ခေါ်ပါတယ်၊

(ဃ) ကဋတ္တာကံ – ရှေးရှေး ဘဝတွေတုန်းက ပြုဖူးခဲ့တဲ့ ကံအစုကို ခေါ်ပါတယ်။

ဒီ ကံလေးပါး အကျိုး ပေးကြရာမှာ ဘယ်ကံက စပြီး အကျိုး ပေးတတ်သလဲ ဆိုတော့ ဂရုကံက စပြီး အကျိုးပေးပါတယ်။ ကံကြီးထိုက်မှု မရှိခဲ့ဘူး ဆိုရင် အာသန္နကံ အာစိဏ္ဏကံ နှစ်ပါးတို့ အနက် အားကောင်းတဲ့ ကံတစ်ပါးပါးက စပြီး အကျိုးပေးတယ်။ ဒီကံတွေ မရှိဘူး ဆိုမှ အတိတ်က ပြုခဲ့တဲ့ ကဋတ္တာကံက အကျိုးပေးတယ်လို့ ကျမ်းဂန်များမှာ ဟောထားတာတွေ အထင်အရှား ရှိပါတယ်။ ဟုတ်မဟုတ်၊ မှန် မမှန်ကို လူသားတိုင်းရဲ့ ဘဝ အတွေ့အကြုံက သက်သေခံပါလိမ့်မယ်။

(၃) အကျိုးပေးရာ ကာလ အစွမ်းအားဖြင့် ကံကို ဖော်ပြရမယ် ဆိုရင်

(က) ဒိဋ္ဌဓမ္မ ဝေဒနီယကံ ဆိုတာက ဇောခုနစ်ချက်မှာ ပထမဆုံး ဖြစ်တဲ့ ဇောစေတနာကို ယခု မျက်မှောက် ဘဝမှာတင် အကျိုးပေးလို့ ဒိဋ္ဌဓမ္မ ဝေဒနီယကံ ခေါ်တာပါပဲ။

(ခ) ဥပပဇ္ဇ ဝေဒနီယကံ ဆိုတာက သတ္တမ ဇောစေတနာ အကျိုးပေးတဲ့ ကံပဲ၊ ဒီကံက ဒီဘဝရဲ့ အခြားမဲ့ ဒုတိယ ဘဝကျမှ အကျိုးပေးတဲ့ကံ ဖြစ်ပါတယ်။

(ဂ) အပရာပရိယ ဝေဒနီယကံ ဆိုတာကတော့ အလယ်ဇော ငါးချက် စေတနာ အကျိုးပေးတဲ့ကံကို ခေါ်ပါတယ်၊ ဒီကံကတော့ တတိယ ဘဝက စပြီး နောင် အခွင့်ရရာ ဘဝမှာ အကျိုးပေးပါတယ်။

(ဃ) အဟောသိကံ ဆိုတာကတော့ အထက်ပါ ကံသုံးမျိုးဟာ မိမိတို့ အကျိုးပေးရမယ့် အချိန်မှာ အကျိုးပေးခွင့် မရလို့ အချည်းနှီး အကျိုးမပေးတော့တဲ့ ကံကို ခေါ်ခြင်းပါပဲ။

အတန်ငယ် နက်နဲသော်လည်း နားလည်ဖို့ သိပ် မခက်ခဲဘူးလို့ ထင်လို့ ကျမ်းဂန်များမှာ ခွဲခြားပြထားတဲ့ ကံ အများအပြားကို ဖော်ပြလိုက်ပါတယ်။ အကျိုးပေးရာ ဌာနအစွမ်းအားဖြင့် ကံကို ခွဲခြားပုံကိုတော့ ရွှေတောင်တက်သမားများ အဖို့ များစွာ လိုအပ်မယ် မထင်လို့ ဒီမှာ အထူး မဖော်ပြတော့ပါ။

## အတိတ်ကံ ပစ္စုပ္ပန်ကံ

မြတ်စွာဘုရားက သုဘာလုလင်ကို ဟောတဲ့ အခါ သတ္တဝါတို့မှာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ဖြစ်တယ် (ကမ္မဿကာ)၊ သတ္တဝါတိုင်းဟာ ကံရဲ့ အမွေကိုသာ ခံယူရတယ် (ကမ္မဒါယဒါ) လို့ ဟောတော်မူတဲ့ အချက်မှာ ကံကို (၁) အတိတ်ကံ နှင့် (၂) ပစ္စုပ္ပန်ကံ နှစ်ပါးစလုံးကို ယူသင့်ပါတယ်။ *

ဒီလို အနက် ယူလိုက်မယ် ဆိုရင် 'ကမ္မဿကာ' ကံသာလျှင် ဥစ္စာရှိတယ် လို့ ဟောတော်မူချက် အရ သတ္တဝါတွေမှာ အတိတ်ကံ ဆိုတဲ့ မိမိ ဥစ္စာလည်း ရှိကြတယ်၊ ပစ္စုပ္ပန်ကံ ဆိုတဲ့ မိမိဥစ္စာလည်း ရှိကြတယ်လို့ ဆိုတဲ့ သန့်ရှင်း ထင်ရှားတဲ့ အနက်ကို ရသင့်ပါတယ်။

ဒီလို အတိတ်ကံ ပစ္စုပ္ပန်ကံတွေကို ပြီးစီးစေတဲ့ အရာဌာနတွေလည်း ရှိတယ်။

ဒီကံ နှစ်မျိုး အနက် သုဂတိဘဝ ဒုဂ္ဂတိဘဝတွေမှာ ပဋိသန္ဓေ နေရတာ၊ အမျိုးမြတ်မှာ ဖြစ်တာ၊ အမျိုးယုတ်မှာ ဖြစ်တာ၊ ခြေလက်အင်္ဂါ စုံတာ၊ ခြေလက် အင်္ဂါ ချွတ်ယွင်းတာ၊ မိန်းမ ဖြစ်တာ၊ ယောက်ျား ဖြစ်တာတွေကတော့ အတိတ် ကံတို့ အကြောင်းအားဖြင့် ဖြစ်တာတွေပဲ။ ဒီလို ဖြစ်ရတာတွေကိုတော့ ပစ္စုပ္ပန် ကံက ပြုပြင် ဖန်တီးလို့ မရပါဘူး။

သို့သော် ယခုကာလ ဆေးပညာရပ်တွေက အလွန့် အလွန် တိုးတက်လာတာကြောင့် တချို့ ဖောက်ပြန် ပြောင်းလဲမှုတွေမှာ ယောက်ျားကို မိန်းမ အဖြစ်သို့၊ မိန်းမကို ယောက်ျား အဖြစ်သို့ ပြုပြင် ပြောင်းလဲတာတို့၊ နှလုံး အစားထိုး ကုသ တာတို့၊ ရင်ချင်းဆက် ခါးချင်းဆက် မွေးတာကို မသေ မပျောက်အောင် ခွဲစိတ် ပေးတာတို့ အထိ တတ်နိုင်နေပါပြီ။ ဒါတွေက ခေတ်ပညာ တိုးတက်မှုကြောင့် ပစ္စုပ္ပန်ကံက ဖန်တီးနိုင်တဲ့ အခွင့်အလမ်း ပိုများလာတာ ဖြစ်ပါတယ်။ သိပ္ပံပညာ ရှင်များကတော့ အတိတ်ကံကြောင့် ဖြစ်တာကိုပဲ ဖြစ်ဖြစ်၊ ပစ္စုပ္ပန်ကံကြောင့် ဖြစ်တာကိုပဲ ဖြစ်ဖြစ် ပစ္စုပ္ပန် လူ့ စွမ်းအား ကံသတ္တိတွေနှင့် ပြုပြင်ဖို့ ကြိုးစား နေကြတာပဲ၊ ပြုပြင်လို့ ဖြစ်နေတာတွေလည်း အများအပြားပါပဲ။

-----

* *အယူဝါဒ ရှင်းတမ်း၊ တေဒဂ် အရှင်ပညာဇောတ၊ စာ ၆၀*

လူတွေဟာ ပစ္စုပ္ပန်ဘဝ ပစ္စုပ္ပန်ကာလမှာ ချမ်းသာမှု ကြီးပွားမှု တိုးတက်မှု မိမိတို့ လိုချင်တဲ့ အနာဂတ် ဘဝမျိုးကို ဖန်တီးနိုင်ဖို့ အတွက် ကြိုးပမ်း ဆောင်ရွက်နေကြပါတယ်။ အဲဒီလို ကြံစည် ကြိုးပမ်းကြရာမှာ ကောင်းမှုတွေ ရှိသလို မကောင်းမှုတွေလည်း အမြောက်အမြား ရှိနေတာပဲ။ ဒါတွေ အားလုံးကတော့ ပစ္စုပ္ပန်ကံတွေချည်းပေါ့။

လူတွေဟာ ကမ္ဘာ့ လူသား တစ်ရပ်လုံးရဲ ဘဝ သက်သာမှု၊ ဘဝ တိုးတက်ကြီးပွားမှု၊ လူ့အဆင့်အတန်း မြင့်မှု၊ လူ့ဂုဏ်သိက္ခာ ကြီးမားမှု အတွက် အတတ်ပညာမျိုးစုံ အသိပညာ မျိုးစုံနှင့်လည်း ကြိုးပမ်းနေကြတယ်။ တစ်ဖက်ကလည်း လူအချင်းချင်း လွှမ်းမိုးဖို့၊ တန်ခိုးဩဇာ ကြီးမားဖို့၊ ခြိမ်းခြောက်ဖို့ စစ်လက်နက်ပစ္စည်းတွေ၊ အဆိပ်တွေ၊ ဖျက်ဆီးနိုင်တဲ့ စွမ်းအားမျိုးတွေကိုလည်း အားသွန် ဖန်တီးနေကြတာပဲ။ ဒီလို အကောင်း အဆိုး ရောပြွမ်းနေတဲ့ အမှု အလုပ် အားလုံးဟာ လူတွေရဲ ပစ္စုပ္ပန် ကံတွေချည်းလို့သာ မှတ်ရပါတယ်။ ပါဠိလိုတော့ 'ပစ္စုပ္ပန္န ကမ္မ သာဓနိယ ဌာန' တွေလို့ ခေါ်ပါတယ်။

ဒီလို အတိတ်ကံတွေကို အကြီး အလတ် အငယ် ဆိုပြီး (မဟန္တ၊ မဇ္ဈိမ၊ အပ္ပက) သုံးမျိုး ခွဲခြားလို့ ရပြန်ပါတယ်။

ပစ္စုပ္ပန် ကံတွေကိုလည်း သုံးမျိုး ခွဲနိုင်ပါတယ်။ ဘယ်လို ခွဲခြားသလဲ ဆိုတော့ (၁) ကြီးပွားကြောင်း ဖြစ်တဲ့ကံ (ဝုဍ္ဎိ ဘာဂိယ ကံ)

(၂) တည်တံ့ရုံမျှ ဖြစ်တဲ့ကံ (ဋ္ဌိတိ ဘာဂိယ ကံ)

(၃) ဆုတ်ယုတ်ကြောင်း ဖြစ်တဲ့ကံ (ဟာန ဘာဂိယ ကံ)

ဆိုပြီး ခွဲနိုင်ပါတယ်။

သတ္တဝါတွေဟာ ဒီအတိတ်ကံ သုံးမျိုး၊ ပစ္စုပ္ပန်ကံ သုံးမျိုးရဲ ရောယှက်တဲ့ သဘောအရ ဖြစ်ပေါ် လာကြရတယ် ဆိုတာကို ဒီမှာ ရှင်းပြပါ့မယ်။

ဆိုကြပါစို့၊ တချို့ လူပုဂ္ဂိုလ်တွေဟာ မဟန္တလို့ ခေါ်တဲ့ ကြီးမားတဲ့ အတိတ်ကံကြောင့် အထက်တန်းကျ မျက်နှာပန်းလှတဲ့ ဘဝကို မွေးကတည်းက ရကြပါတယ်။

ဒါပေမယ့် ပစ္စုပ္ပန်ကာလကို ရောက်တော့ အတိတ်ကံ အားကြီးခဲ့လို့ အထက်တန်းကျတဲ့ ဘဝတွေကို ရခဲ့သူတိုင်းဟာ အညီအမျှ ဖြစ်ပေါ် တိုးတက်ကြသလား။ ဒါကို သေသေချာချာ လေ့လာကြည့်ရင် တချို့ အတိတ်ကံ အားကြီးခဲ့သူတွေဟာ ပစ္စုပ္ပန်မှာလည်း ကြီးပွား တိုးတက်ဖို့အကြောင်း ဖြစ်တဲ့ 'ဝုဍ္ဎိ ဘာဂိယကံ' ကို ဆောင်ယူတဲ့ အတွက် ရှေးကထက် ပိုပြီး တိုးတက် ကြီးပွားသူတွေ ဖြစ်ကုန်ကြတယ်။

တချို့ အတိတ်ကံ အားကြီးခဲ့သူတွေကျတော့ ပစ္စုပ္ပန် ကာလမှာ ဒီ ထက်ဒီ တိုးတက် ကြီးပွားအောင် အထက်ထက် အထက်ကို ရောက်အောင် မလုပ်နိုင်

ကြဘူး။ ဒါပေမယ့် ဆုတ်ယုတ် ကျဆုံးသွားသလား ဆိုတော့လည်း မဆုတ်ယုတ်ဘူး။ ဒီလူတွေဟာ အတိတ်ကံကြောင့် ရလာတဲ့ အခြေအနေကို တည်တံ့နေရုံလောက်တော့ လုပ်ကိုင်နိုင်ကြပါတယ်။ ဒါကို ဌိတိ ဘာဂိယ ပစ္စုပ္ပန် ကံကို မှီဝဲတယ်လို့ ဆိုရမှာပေါ့။

တချို့ အတိတ်ကံ အားကြီးသူတွေမှာတော့ ပစ္စုပ္ပန်ကာလမှာ ဆုတ်ယုတ်ကြောင်း ဖြစ်တဲ့ 'ဟာန ဘာဂိယ ပစ္စုပ္ပန်ကံ' တွေကို ဆောင်ယူကြတဲ့ အတွက် ဘဝအခြေအနေတွေဟာ တဖြည်းဖြည်း ဆုတ်ယုတ် ကျဆင်းသွားတာကိုလည်း မျက်မြင်ကိုယ်တွေ့ ဖြစ်ကြလို့ အထူး ပြောဖို့တောင် လိုမယ် မထင်ပါဘူး။

ဒီလိုပဲ မဇ္ဈိမလို့ ခေါ်တဲ့ အတိတ်ကံ အလယ်အလတ် ရှိသူတွေ အနက်မှာလည်း တချို့က ပစ္စုပ္ပန်မှာ ဝုဒ္ဓိဘာဂိယ ကံကို ဆောင်တဲ့ အတွက် အလယ်အလတ်တန်းကနေ အထက်တန်း အမြင့်တန်းကို တက်လှမ်း ရောက်ရှိ သွားကြပါတယ်။

တချို့ အတိတ်ကံ အလယ် အလတ်တန်း ရရှိသူတွေကတော့ ပစ္စုပ္ပန်မှာ 'ဌိတိ ဘာဂိယကံ' အားလျော်စွာ အလယ် အလတ်တန်းမှာပဲ တည်တံ့ နေကြပါတယ်။ တိုးလည်း မတိုး ဆုတ်လည်း မဆုတ်ကြပါဘူး။

တချို့ အတိတ်ကံ အလယ် အလတ်တန်း ရရှိသူတွေမှာတော့ ပစ္စုပ္ပန်မှာ 'ဟာန ဘာဂိယကံ' ကြောင့် ပိုမို တိုးတက်အောင်လည်း မလုပ်နိုင်၊ လက်ရှိ အခြေမှာ တည်တံ့အောင်လည်း မလုပ်နိုင်ဘဲ ဆုတ်ယုတ်ကျဆင်း သွားတတ်ကြပါတယ်။

ယခုတစ်ဖန် အတိတ်ကံ အားနည်းသူ အပွက ပုဂ္ဂိုလ်တွေကို လေ့လာကြည့်ကြပါဦးစို့။

လောကမှာ တချို့လူတွေဟာ မွေးဖွားစဉ်ကာလမှာ အတိတ်ကံ အားနည်းခဲ့လို့ ဆင်းရဲနွမ်းပါး အောက်တန်းကျ နောက်တန်းကျ ဘဝကိုသာ ရကြပါတယ်။ ဒါပေမယ့် ဒီလိုလူတွေထဲက တချို့ဟာ ပစ္စုပ္ပန်မှာ ကြီးပွားကြောင်း ဖြစ်တဲ့ ဝုဒ္ဓိ ဘာဂိယကံကိုသာ ဆောင်ယူကြတဲ့ အတွက် အဲဒီလူတွေက ပစ္စုပ္ပန် ကာလမှာ အထက်တန်းကျ မျက်နှာပန်းလှတဲ့ အမြင့်တန်း အမြတ်တန်းကို တက်လှမ်း ရောက်ရှိ သွားကြပါတယ်။

ဒီလို အတိတ်ကံ အားနည်းခဲ့ကြလို့ အောက်တန်းကျ နောက်တန်းကျ ဘဝရောက်ရတဲ့ လူတွေထဲက အချို့ဟာ 'ဌိတိ ဘာဂိယကံ' ကို ဆောင်ကြတဲ့ အတွက် ပစ္စုပ္ပန်ကာလမှာ တိုးတော့ မတိုးတက်ဘူး။ ဒါပေမယ့် ဒီထက်ဒီ ဆုတ်ယုတ်သွားသလား ဆိုတော့လည်း မဆုတ်ယုတ်ဘူး။ မူလ အခြေအနေမှာ တည်တံ့ရုံမျှသာ တတ်နိုင်ကြပါတယ်။ စားရရုံ သောက်ရရုံ ဝမ်းဝရုံ ခါးလှရုံ ဘဝနှင့်ပဲ တစ်ဘဝ ပြီးဆုံး သွားကြရတဲ့ လူတွေပါပဲ။

အဆိုးဆုံးကတော့ အတိတ်ကံ မကောင်းခဲ့လို့ ယခုဘဝမှာ အောက်တန်းကျ

နောက်တန်းကျ ဘဝကိုလည်း ရကြတယ်။ ဒါပေမယ့် သူတို့ဟာ ဘဝ တိုးတက်ကြောင်းကိုလည်း အားမထုတ်၊ ဝမ်းဝရုံ ခါးလှရုံ ဘဝကို တည်တံ့အောင်တောင် မတတ်နိုင်ဘူး။ ပစ္စုပ္ပန်မှာ သူတို့ဟာ ဆုတ်ယုတ်ကြောင်း ဖြစ်တဲ့ 'ဟာန ဘာဂိယ ကံ' ကိုသာ ဆောင်ကြတဲ့အတွက် ဆင်းရဲသည်ထက် ဆင်းရဲ၊ ဆုတ်ယုတ်သည်ထက် ဆုတ်ယုတ် သွားကြရတဲ့ သူတွေပါပဲ။ ဒီလူတွေကတော့ ဘဝခရီးမှာ အဆင်းလမ်း သွား အောက်တန်းစား လူတွေပါပဲ။ သူတို့ ဘဝဟာ ခယောင်းလမ်းကနေ ချောက်ကမ်းပါးတွင်းကို ကျဆင်း ရှုံးနစ် သွားကြရတာကို လူတိုင်းပဲ နေ့စဉ် ကိုယ့်ပတ်ဝန်းကျင်မှာ မြင်နေကြရတာ စိတ်မချမ်းသာစရာပါပဲ။

## ကံဆိုတာ ဉာဏ်ဝီရိယ ပါမြဲ

အတိတ်ကံ အကြီး အလတ် အငယ် ဘယ်လိုပဲ ဖြစ်ဖြစ် အဲဒီ အတိတ်ကံကို ပစ္စုပ္ပန်ကံနှင့် ပေါင်းစပ်တဲ့အခါ တိုးတက် ကြီးပွားမှု၊ တည်တံ့ ရပ်နားမှု ဆုတ်ယုတ်ကျဆင်းမှုတွေ ဖြစ်ပေါ်လာတာကတော့ ထင်ရှားပြီ ထင်ပါရဲ့။ ဒီလို ပစ္စုပ္ပန်ကံ တိုးတက်မှု တည်တံ့မှု ဆုတ်ယုတ်မှုဟာ ဘာကြောင့် ဖြစ်ရသလဲ ဆိုတော့ ဉာဏ်ဝီရိယကြောင့် ဖြစ်ရတာပါ။ ဒါကြောင့် ရှေးလူကြီးများ အစဉ်အဆက် ကံ ဉာဏ် ဝီရိယ သုံးဌာန ပြည့်စုံပါမှ ဘဝရဲ့ အမြင့်ဆုံး အမြတ်ဆုံးကို ရောက်နိုင်တဲ့အကြောင်း ဆုံးမလေ့ ရှိကြပါတယ်။

ကန်တော်မင်းကျောင်း ဆရာတော်ကြီးရဲ့ လောကသာရ ဆုံးမစာမှာ ဉာဏ်ဝီရိယ ပြည့်စုံမှုလို့ဆိုတဲ့ ပညာ သာခနိယ ဌာန ပြည့်စုံမှုနှင့် ဝီရိယ သာခနိယ ဌာန ပြည့်စုံမှု အင်္ဂါနှစ်ရပ်ကို ယောကျ်ားမြတ်တို့ရဲ့ အင်္ဂါရပ်တွေလို့ သတ်မှတ်ပြီး ပျို့လင်္ကာ စပ်ဆိုခဲ့ပါတယ်။ ဆရာတော်က ဆိုတာကတော့

'လုံ့လပညာ၊ လိမ္မာတတ်တုံ၊ ဆင်စွယ်စုံသို့၊
ကိုယ်လုံမြဲမြံ၊ ကောင်းအောင်သန်သား၊ လုပ်ကြံသေသပ်၊
ယောကျ်ားမြတ်' တဲ့။

တစ်ပြိုင်နက်ပဲ ဆရာတော်က လုံ့လမထုု၊ ဉာဏ်မကူဘဲ၊ ဘဝကို အားမာန်မထည့် လျော့ရဲတဲ့စိတ်နှင့် ငါ့မှာ ကုသိုလ်ကံရှိရင် အချိန်ကျတော့ ရမှာပဲလို့ တွေးမျှော်ပြီး လက်မှိုင်ချ နေသူတွေကိုတော့ လူယုတ်တွေ လူညံ့တွေ လူဖျင်းတွေလို့ ကဲ့ရဲ့တော် မူပါတယ်။ ဒါကို လောကသာရပျို့မှာ ဘယ်လို စပ်ဆိုထားသလဲ ဆိုတော့

'ပညာချို့တဲ့၊ လုံ့လမဲ့ဟု၊ ကဲ့ရဲ့သဂြိုဟ်၊
လူများဆိုလည်း၊ ကိုယ်ကိုမချစ်၊ အကျင့်ညစ်သား၊
အပြစ်ဖွဲ့ပို့၊ လူသွမ်းတို့ကား၊ မည်သို့မသိ၊
ပျင်းရိရိလျှင်၊ ရှိသည်ကိုယ်ဖို့၊ ကုသိုလ်ပို့က၊

ငါတို့နေရာ၊ စီးပွားလာအံ့၊ ကြမ္မာကိုချည်း၊
မှတ်ထင်ရည်း၍၊ ကျင့်နည်းညံ့ဆုံး၊ သူပျက်ထုံးကို၊
နှလုံးမငြိ၊ တွယ်စေနှင့်' တဲ့။

ဆရာတော် ညွှန်ပြတဲ့ ဘဝရဲ့ အနိမ့်တန်းက အောက်လမ်း သွားနေကြတဲ့ အောက်တန်းစား လူမျိုးတွေဟာ လောကမှာ တပုံတပင် ရှိကြပါတယ်။ ဒီလူတွေကတော့ ကံဆိုတာ သူ့ချည်းသက်သက် (ပယောဂ သမ္ပတ္တိ) မပါဘဲ ဖြစ်ပေါ်လာလိမ့်မယ်၊ ငါ့မှာ ကုသိုလ်ကံ ရှိရင် အဲဒီကံက ငါ့ဆီကို စီးပွား ဥစ္စာတွေ ရောက်လာအောင် ဆောင်ပို့ ပေးလိမ့်မယ်လို့ အလွဲအမှား စဉ်းစား တွေးခေါ်လေ့ ရှိကြပါတယ်။ အဲဒီအကျင့်ဟာ အဖျင်းဆုံး အညံ့ဆုံး အကျင့်ဖြစ်တယ်။ ပျက်စီးသူတွေ (ဟာန ဘာဂိယကံလို့ ခေါ်တဲ့ ဆုတ်ယုတ် ပျက်စီးစေတဲ့ ကံကို အားကိုးသူတွေ) ရဲ့ အကျင့်သာ ဖြစ်တယ်လို့ မှတ်ရမယ်။ ရွှေတောင်တက်သမားများဟာ ဒီလို အကျင့်အကြံမျိုး မိမိကိုယ် မိမိ စိတ်မှာ မငြိကပ်ပါစေနှင့်လို့ ဆရာတော်ကြီးက ဆုံးမတာပါပဲ။

ဒါကြောင့် လူ့ဘဝရဲ့ တန်ဖိုးကို ရှာဖွေဖို့အတွက် ဘဝရဲ့ ရွှေတောင်တက်ခရီးကို ကြီးမားတဲ့ဆန္ဒနှင့် သွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ အတိတ်ကံ ပစ္စုပ္ပန်ကံတွေရဲ့ တိုးတက် ကြီးပွားမှုကို ဝီရိယ နှင့် ပညာအားဖြင့်သာ ဆက်နွှယ် ဖန်တီးရမှာ ဖြစ်တယ်လို့လည်း ကံသတ္တိတွေကို နားလည် သဘောပေါက်ပြီး ဘဝင်ကျသင့်ပါတယ်။

## ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဆိုတာ ဘာလဲ

မြတ်စွာဘုရားဟာ သုဘလုလင်ကို ဟောစဉ်က 'သုဘလုလင် လောကမှာ လူများသာမက အလုံးစုံသော သတ္တဝါတို့မှာ ကံသာလျှင် ဥစ္စာ ရှိကြကုန်သည်၊ ကံသာလျှင် အမွေအနှစ် ရှိကြကုန်သည်၊ ကံသာလျှင် အဆွေအမျိုး ရှိကြကုန်သည်၊ ကံသာလျှင် မှီခိုရာ ရှိကြကုန်သည်' ဆိုတဲ့ တရားကို ဟောတော်မူတဲ့ အပြင် ဒီတရားကို သုတ္တန်ပိဋကတ်တော်မှာ ထပ်ကာ ထပ်ကာ ဟောထားတာတွေလည်း ရှိပါတယ်။ *

သတ္တဝါတွေမှာ ကံသာ ဥစ္စာ ဖြစ်ကြကုန်သည် ဆိုတာကတော့ သတ္တဝါတွေ အဖို့ လောကမှာ ရှာဖွေ သိမ်းနေကြတဲ့ ဥစ္စာပစ္စည်း ဆိုတာတွေဟာ စင်စစ်တော့ ကိုယ့်ဟာ မဟုတ်ကြဘူး။ ကိုယ်နှင့် အတူ အရိပ်ပမာ ကပ်ပြီး အမြဲတစေ လိုက်ပါ မနေကြဘူး။ စေတနာကံ (ကုသိုလ် အကုသိုလ် တရား) တွေကသာ မိမိနှင့် အတူတကွ မကွဲမကွာ လိုက်ပါ နေကြတဲ့ဟာတွေ ဖြစ်တယ်။ ဒါကြောင့် ကံသာ

---

* အင်္ဂုတ္တရ နိကာယ်၊ ဌာနသုတ်၊ (အံ-မြန်၊ ၁၊ စာ ၇၇)

ကိုယ့်ဟာ အစစ် ဖြစ်တယ်။ * ဒီလို ရှုမြင် နားလည်ပြီး သိတဲ့ အသိကို ကမ္မဿကတာ ဉာဏ်လို့ ခေါ်ပါတယ်။

လောကမှာ သတ္တဝါတွေအဖို့ ရှင်စဉ်က ရရှိထားတဲ့ တန်ဖိုးရှိတယ် ဆိုတဲ့ ဥစ္စာစည်းစိမ် ဂုဏ်ရှိန်ရာထူး တန်ခိုးသတ္တိတွေ အားလုံးဟာ သေဆုံးတဲ့ အချိန်မှာ အားလုံး အချည်းနှီး တန်ဖိုးမဲ့ ဖြစ်သွားကြပါတယ်။ သေသူရဲ့ နောက်ကို ကျန်တဲ့ ပစ္စည်းတွေက ဘာမှ မလိုက်ဘူး။ ကံကတော့ ခန္ဓာအစဉ်ကို လိုက်တယ်။ ဒီဘဝက ဟိုဘဝကို ပဋိသန္ဓေ ယူချိန်ကစပြီး ကံရဲ့ သတ္တိစွမ်းအလျောက် ဖြစ်ပေါ်ရတယ်။ ဒီလို ရှုမြင် နားလည်ပြီး မိမိဥစ္စာ အစစ်ဖြစ်တဲ့ ကံ အဆောက်အအုံကိုသာ ကြီးမားအောင် ခိုင်ခံ့အောင် ထူဆောက်ရမယ်လို့ မှန်မှန်ကန်ကန် သိမြင်ခြင်းကိုတော့ 'ကမ္မဿကတာ သမ္မာဒိဋ္ဌိ' လို့ ခေါ်တာပါပဲ။

ကံသာ အမွေခံ ဖြစ်တယ် ဆိုတာကလည်း သတ္တဝါတို့ရဲ့ ခန္ဓာစဉ်မှာ ရစရာ အမွေအနှစ်ဆိုလို့ ကံမှတစ်ပါး တခြား ဘာမှ မရှိဘူး။ ကံ (ကောင်းမှု မကောင်းမှု) ကိုသာ သတ္တဝါတွေဟာ ဘဝတစ်ခုရဲ့ အမွေအဖြစ် နောက်တစ်ဘဝမှာ ရကြရတယ် လို့ ရှုမြင် နားလည်ခြင်း ဖြစ်ပါတယ်။

ဘဝရဲ့ ရွှေတောင်တက်သမားဟာ တောင်ထိပ် တစ်ခုပေါ်ကို ရောက်တဲ့အခါ သူ့ရှေ့မှာ ပိုပြီး မြင့်မားတဲ့ တောင်ကြီးတွေ ဘွားခနဲ ပေါ်လာတာ တွေ့ရမယ်။ သူ ယခု ရောက်နေတဲ့ တောင်ထိပ်ဟာ အမြင့်ဆုံး တောင်ထိပ် မဟုတ်ဘူး ဆိုတာ ကိုလည်း ထိုအခါ သိရမယ်။ တောင်တက်သမား ဆိုတာ ဒီထက်ဒီ မြင့်မားတဲ့ တောင်ထိပ်တွေ ပေါ်ကို ရောက်အောင် ဆက်ကာ ဆက်ကာ တက်ရမယ့်သူ ဖြစ်ပါ ကလား ဆိုတာကိုလည်း (တောင်တက်သမားတိုင်း နားလည်ထားသလို) ဘဝ ရွှေတောင်တက်သမားတွေဟာလည်း သဘောကျရမယ်။ ဒီတစ်ဘဝတည်းနှင့် အမြင့်ဆုံး တောင်ထိပ်ပေါ်ကို မရောက်သေးရင် ဘဝဆက်ကာ တစ်ဆင့်ထက် တစ်ဆင့် အမြင့်တန်း အမြတ်တန်းကို ရောက်အောင် တက်လှမ်း ရဦးမယ်လို့ နားလည် ယုံကြည် ထားရမှာပါပဲ။

အဲဒီလို ဘဝသံသရာ တောင်စဉ်တန်းကြီး ပေါ်မှာ မြင့်သထက် မြင့်၊ မြတ်သထက် မြတ်တဲ့ ဘဝရွှေတောင်ထိပ်တွေပေါ်ကို ရောက်အောင်တက်ဖို့ အတွက်၊ 'မဟာ အဘိနီဟာရ' လို့ခေါ်တဲ့ နှုတ်ပဋိညာဉ် စိတ်ပဋိညာဉ်ကြီးတွေကို ပြုထားကြသူတွေ အဖို့ သူတို့ရဲ့ ရည်မှန်းချက်ကြီးတွေ ဆန္ဒကြီးတွေ အောင်မြင်ဖို့ အတွက် မိမိကံမှ တစ်ပါး တခြား ကိုးကွယ်ရာ အားထားရာ မရှိဘူးဆိုတာ သိကို သိထားမှ ဖြစ်ပါလိမ့်မယ်။ ဒီလို သိခြင်းကို ကမ္မဿကတာ သမ္မာဒိဋ္ဌိ ခေါ်တာပါပဲ။

---

* လူသားတို့၏ ထွက်ရပ်လမ်း၊ စာ ၃၀၆

ကံနှင့် ပတ်သက်ပြီး သိသင့် သိထိုက်တဲ့ အ ချက် အ လက် တွေ ကို တော်တော် စုံအောင် တင်ပြခဲ့ပြီးပါပြီ။

သို့သော် ဘဝရဲ့ ရွေတောင်တက်ခရီးမှာ အမြင့်တန်းသွား ပုဂ္ဂိုလ်များ အဖို့ တစ်ခါတစ်ရံ မျက်စိ လည်စရာ တွေဝေစရာ ယုံမှားစရာ စိတ်ဓာတ် ကျစရာ အကြောင်း ကိစ္စ နှစ်ရပ်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရတတ်ပါတယ်။ အဲဒီ ကိစ္စ နှစ်ရပ်ကိုလည်း ဒီမှာဆက်ပြီး ပြောထားသင့်တယ်လို့ ထင်ပါတယ်။ သို့မှသာ အကျိုး နှင့် အကြောင်းကို ဆက် စပ် နား လည် ပြီး ကမ္မဿကတာသမ္မာဒိဋ္ဌိကို ကောင်းစွာ ထူထောင်နိုင်ကြပါလိမ့်မယ်။

လောကမှာ လူတွေ လုပ်ကိုင် ဆောင်ရွက် နေကြရာမှာ တချို့သော သူတွေ ဟာ ကောင်းမှုကုသိုလ်တွေကိုသာ ပြုလုပ်နေပါလျက် သူတို့မှာ ဆင်းရဲဒုက္ခတွေနှင့် ရင်ဆိုင် တိုးနေကြရတယ်။ သူတို့ပြုခဲ့တဲ့ ကုသိုလ်ကံရဲ့ ကောင်းကျိုးတွေကို သူတို့ မခံစားကြရဘူး။ ကုသိုလ်ကံက သူတို့ကို အကျိုး မပေးဘဲနှင့် အကုသိုလ် ကံရဲ့ မကောင်းကျိုးတွေကိုသာ ခံစားနေကြရတယ်။ ဒါဟာ မျက်မြင် ကိုယ်တွေ့တွေ အများကြီးမို့ ဘယ်သူမှ မငြင်းနိုင်တဲ့ အချက်ပဲ။

တချို့ကျတော့ ပစ္စုပ္ပန် ဘဝမှာ မကောင်းမှု အကုသိုလ်တွေကိုချည်း လုပ်နေကြတယ်။ သူတို့ကျတော့ အကျိုးပေး ကောင်းပြီး စည်းစိမ်ချမ်းသာတွေ တိုးနေကြပါတယ်။ ဒါကို မြင်ပြီး သူတို့ကိုယ် သူတို့လည်း အကုသိုလ် အကျိုး ပေးတယ် ဆိုပြီး အကုသိုလ်တွေကိုပဲ ဆက်လုပ်ကြတယ်။ ဒီလို အဖြစ်တွေကလည်း လောကမှာ မမြင်ချင်အဆုံး မြင်တွေ့ နေရတာမို့ ငြင်းလို့ မရပါဘူး။

ဒီလို ဖြစ်တာဟာ ခုမှ မဟုတ်ပါဘူး။ ဟို မြတ်စွာဘုရား လက်ထက်တော် အခါမှာလည်း ဖြစ်နေတာပဲ။

ဒီတော့ ကံကို ယုံကြည်တယ်ဆိုတဲ့ လူတွေအဖို့ ဒါဘယ်လို ဖြစ်တာပါ လိမ့်လို့ တွေဝေစရာ ဖြစ်လာပါတယ်။ သူတို့ နားလည်တာက ကောင်းတာ လုပ်ရင် ကောင်းတာ ဖြစ်မှာပဲ၊ မကောင်းတာ လုပ်ရင် မကောင်းတာ ဖြစ်မှာပဲလို့ ယုံနေ ကြတာကိုး။ ဒီတော့ ဒီပြဿနာကို ဘယ်လို ရှင်းမလဲ။ ဘယ်လို နားလည်ရမလဲ။ ဒီလို ကပြောင်းကပြန် ဖြစ်နေတာတွေ မြင်နေရတော့ လူတွေရဲ့ စိတ်တွေပါ ဖောက်ပြန်လာတယ်။ မကောင်းမှု အကုသိုလ်တွေ လုပ်မှပဲ ဘဝမှာ ကြီးပွား ချမ်းသာမယ်လို့ မဟုတ်ကဟုတ်က တွေးမှားလာကြပါတယ်။ ဒီပြဿနာရဲ့ အဖြေကို တခြား ဒဿန ဆရာကြီးတွေရဲ့ အတွေးအမြင်မှာများ ဖြေရှင်း ပေးနိုင်မလားလို့ ရှာကြည့်ပါတယ်။ ဘယ် ဒဿန ဆရာမျိုးမှလည်း ဒီအရှုပ်ကို မရှင်းနိုင်ဘူး။

ဒါပေမယ့် ဒီလောက် သိစက်နက်နဲတဲ့ ကံပြဿနာကြီးကို မြတ်စွာဘုရားက ကျေနပ် နှစ်သက်ဖွယ် ကောင်းလှတဲ့ အဖြေကို ပေးပါတယ်။ ဒီပုစ္ဆာရဲ့ အဖြေကို ပေးတဲ့ သုတ္တန်တရားတော်ကို 'မဟာကမ္မ ဝိဘင်္ဂသုတ္တန် တရားတော်' * လို့ ခေါ်ပါတယ်။

ဒီတရားတော်ကို မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်မှာ သီတင်းသုံးနေစဉ် ပေါတလိပုတ္တ ခေါ်တဲ့ ပရိဗိုဇ် နှင့် အရှင် သမိဒ္ဓိတို့ရဲ့ အငြင်းပွားမှုကို အကြောင်းပြုပြီး အရှင် အာနန္ဒာက မြတ်စွာဘုရားကို လျှောက်ထားလို့ မြတ်စွာဘုရားက ကံသဘောသဘာဝကို ရှင်းလင်း ဟောကြားတဲ့ တရား ဖြစ်ပါတယ်။

ဒီအခါ မြတ်စွာဘုရားက အရှင်အာနန္ဒာကို ဒီလောကမှာ ကံအားလျော်စွာ ပုဂ္ဂိုလ် (၄) မျိုး ရှိကြောင်း ဦးစွာ ပြပါတယ်။ အဲဒီ ပုဂ္ဂိုလ် (၄) မျိုး ဆိုတာကတော့

– တချို့ လူတွေဟာ သူတစ်ပါး အသက်ကို သတ်ခြင်း၊ သူတစ်ပါး ပစ္စည်းကို မပေးဘဲ ယူခြင်း၊ သူတစ်ပါး အိမ်ရာကို ပြစ်မှားခြင်း စတဲ့ မကောင်းမှု ဒုစရိုက် မျိုးစုံကိုလည်း ပြုလုပ်တယ်။ အဲဒီ မကောင်းမှုကံကြောင့် ချို့တဲ့ ဆင်းရဲတဲ့ ဘဝ၊ ချမ်းသာကင်းတဲ့ ဘဝ၊ အပါယ်ဘဝ၊ ငရဲစတဲ့ ဘဝတွေကို ရောက်ကြတယ်။

– တချို့လူတွေဟာ သူတစ်ပါး အသက်ကို သတ်ခြင်း အစရှိတဲ့ မကောင်းမှု အကုသိုလ်ကံတွေကို ပြုလုပ်ကြသော်လည်း ကောင်းတဲ့ဘဝ လူချမ်းသာ နတ်ချမ်းသာတွေကို ရနေကြတာလည်း ရှိတယ်။

– တချို့လူတွေဟာ သူတစ်ပါး အသက်ကို သတ်ခြင်း အစရှိတဲ့ မကောင်းမှု အကုသိုလ် ကံတွေကိုလည်း မပြုလုပ်ကြဘူး၊ သူတို့ဟာ မကောင်းတဲ့ဘဝ၊ အပါယ် ဘဝ၊ ငရဲဘဝတွေကို ရောက်နေကြတာလည်း ရှိတယ်။

– တချို့လူတွေဟာ သူတစ်ပါး အသက်ကို သတ်ခြင်း အစရှိတဲ့ မကောင်းမှု အကုသိုလ် ကံတွေကိုလည်း မပြုလုပ်ကြဘူး၊ သူတို့ဟာ သူတို့ပြုတဲ့ ကုသိုလ်ကံ အားလျော်စွာ ကောင်းတဲ့ဘဝ လူချမ်းသာ နတ်ချမ်းသာတွေကို ရနေကြတာတွေ လည်း ရှိတယ်။

အဲဒီလို ဘာကြောင့် ဖြစ်နေကြရသလဲ ဆိုတဲ့ အကြောင်းကိုလည်း မြတ်စွာ ဘုရားက ညွှန်ပြ ဟောကြားတော် မူပါတယ်။

အရှင်အာနန္ဒာကို မြတ်ဗုဒ္ဓ ဟောကြားတော်မူတာက

'အာနန္ဒာ၊ အကြင်သူဟာ သူ့အသက်ကို သတ်ခြင်းစတဲ့ အကုသိုလ် ဒုစရိုက်ကံတွေကိုလည်း ကျူးလွန်တယ်၊ မှားယွင်းသော အယူကိုလည်း ယူတယ်၊ အဲဒီလူဟာ ခန္ဓာပျက်ကြွေ သေဆုံးတဲ့အခါ မကောင်းတဲ့ဘဝ အပါယ်ဘဝ ငရဲဘဝ တို့မှာ ခံစားကြရတယ်၊ ဒီလိုဆိုရာမှာ ထိုသူ ရှေးကပြုခဲ့တဲ့ အကုသိုလ်ကံကြောင့်

---

* *The Buddha's Words on KAMMA-NANAMOLITHERA. p 24-50*

လည်းကောင်း၊ ထိုသူ နောက်၌ပြုတဲ့ အကုသိုလ်ကံကြောင့် လည်းကောင်း၊ ထိုသူ ခန္ဓာ ပျက်ကြွေ သေလွန်ခါနီးမှာ မှားယွင်းတဲ့ အယူကို ယူခဲ့မိလို့လည်း ဖြစ်တယ်၊ သူ့အသက်ကို သတ်ခြင်း ဆိုတဲ့ မကောင်းမှု အကုသိုလ်ကံတွေကို ကျူးလွန်ခြင်း၊ မှားယွင်းသော အယူကိုယူခြင်း စတဲ့ ကံတို့ရဲ့ အကျိုးဆက်ကို ထိုသူဟာ မျက်မှောက် ဘဝမှာ လည်းကောင်း၊ သေပြီးနောက် အခြားမဲ့ ဘဝမှာ လည်းကောင်း၊ နောင်ခန္ဓာ အစဉ်အဆက် သံသရာ ဘဝများမှာ လည်းကောင်း ခံစားရမယ်။

'တစ်ဖန် အကြင်သူဟာ သူ့အသက်ကို သတ်ခြင်း ဆိုတဲ့ မကောင်းမှု အကုသိုလ် ကံတွေကိုလည်း ကျူးလွန်တယ်၊ မှားယွင်းတဲ့ အယူကိုလည်း ယူတယ်၊ ထိုသူဟာ ခန္ဓာပြတ်ကြွေ သေလွန်တဲ့အခါ ကောင်းတဲ့ဘဝ လူချမ်းသာ နတ်ချမ်းသာကို ရရှိတာမျိုးလည်း ရှိတယ်၊ ဒီလို ကောင်းတဲ့ဘဝ လူချမ်းသာ နတ်ချမ်းသာကို ရရှိခြင်းဟာ ထိုသူ ရှေးက ပြုခဲ့ဖူးတဲ့ ကုသိုလ်ကံ၊ နောက်၌ ပြုဖူးသော ကုသိုလ်ကံနှင့် ထိုသူ ခန္ဓာပြတ်ကြွေ သေခါနီး အချိန်မှာ မှန်သော အယူကို ယူခဲ့မိလို့လည်း ဖြစ်နိုင်တယ်၊ သို့သော် သူသည် ယခု ဘဝမှာ သူ့အသက်ကို သတ်ခြင်း စတဲ့ မကောင်းမှု အကုသိုလ်တွေကိုလည်း ကျူးလွန်တယ်၊ မှားယွင်းတဲ့ အယူကိုလည်း ယူတယ် ဆိုတဲ့ ပစ္စုပ္ပန်ကံ အဖို့ကိုတော့ ယခုဘဝ မျက်မှောက်ဘဝမှာ ဖြစ်စေ၊ သေသည်၏ အခြားမဲ့ဘဝမှာ ဖြစ်စေ၊ နောင်ဖြစ်ဦးမယ့် ခန္ဓာစဉ် သံသရာ ဘဝများမှာ ဖြစ်စေ ခံစားရဦးမှာပဲ' လို့ ဟောတော်မူပါတယ်။

အလားတူပဲ ဒီဘဝမှာ ကောင်းမှုကံတွေ ပြုပြီး ကောင်းတဲ့ဘဝ လူချမ်းသာ နတ်ချမ်းသာ ရခြင်း အကြောင်းမှာ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံတို့ရဲ့ ပြုပြင် အကျိုးပေးပုံ။

ဒီဘဝမှာ ကောင်းမှုကံတွေကို ပြုပါလျက် မကောင်းသော ဘဝ၊ အပါယ်ဘဝ၊ ငရဲဘဝကို ရကြခြင်းမှာ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံတို့ရဲ့ ပြုပြင် ဖန်တီးပုံတွေကို ရှင်းလင်း ဟောကြားတော် မူခဲ့ပါတယ်။

မဟာကမ္မ ဝိဘင်္ဂသုတ်မှာ ဟောကြားတော်မူခဲ့တဲ့ တရား အရ ရွှေတောင်တက်သမားများရဲ့ ဘဝခရီးမှာ ကောင်းမှုပြုပါလျက် မကောင်းကျိုးတွေ ဖြစ်ပေါ် ခံစားနေရလို့ ရှိရင် အမျိုးမျိုး အဖုံဖုံ ကြံစည်တွေးတောပြီး တွေဝေနေစရာလည်း မလိုတော့ပါ။ သူတစ်ပါး အကြံအစည်သမား လူလိမ်လူညာများက ဘယ်သူက ဒဏ်ခတ်တာ၊ ဘယ် ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းလို့ ဖြစ်ရတာ၊ ဂြိုဟ်ပြေနံပြေ ဘာလုပ်ပါ ညာလုပ်ပါလို့ အမျိုးမျိုး လိမ်လည် လှည့်ဖြားတာတွေကိုလည်း နားယောင်စရာ မလိုတော့ပါ။

မိမိဟာ ဘဝ အဆက်ဆက်မှာ ကံတွေကို အမျိုးမျိုး ပြုခဲ့မှာပဲ။ အဲဒီကံတွေထဲမှာ ကုသိုလ်ကံတွေ ရှိသလို အကုသိုလ်ကံတွေလည်း အများကြီး ရှိမှာပဲ။ ဒီဘဝတွင် ငယ်စဉ်က ပြုခဲ့တဲ့ မကောင်းမှုကံရဲ့ အကျိုးပေးမှုတွေကို နောင်တစ်ချိန်

ကြီးတဲ့အခါ မုချ ခံစားရမှာပဲ။ (ငယ်စဉ်အခါ အပျော်ကြူး လိုက်စားခဲ့မိသည့် ကံ၏ ဒဏ်ချက်များကို ကြီးသည့်အခါ ခံစားနေရသူတွေ မိမိ ပတ်ဝန်းကျင်မှာ အများ အပြား ရှိနေကြတာကို ကြည့်ပြီး ဆင်ခြင်လျှင် မြင်လွယ်ပါလိမ့်မယ်။)

ဒီလို ကံအလှည့်ကို သဘော ပေါက်ပြီးရင် ရွှေတောင်တက်သမား အဖို့ မှာတော့ တွေဝေခြင်း ကင်းပြီး ဖြစ်ပါလိမ့်မယ်။ ဘဝကို စိတ်ချမ်းသာစွာ ရင်ဆိုင် နိုင်ပြီ ဖြစ်ပါလိမ့်မယ်။

❑

## ကဏ္ဍ [ရှစ်]

## အကျိုးရှိရာ အကြောင်းရှာ

- ပညာ ဆိုတာ ဘာလဲ
- ကြိုတင် သိမြင်ခြင်း နှင့် ဆင်ခြင်ဉာဏ်
- ဆင်ခြင်ဉာဏ် နှင့် ကြီးပွားသူများ
- အနာဂတ်ကို ကြိုမြင်သူ တစ်ဦး
- အကြောင်းမဲ့ ဝါဒကို ပယ်ရမယ်
- အကြောင်း ဆိုတာ ဘာလဲ (လူ သာမန် အမြင်)
- ကြောင်းကျိုး ဆက်နွယ်မှု (သိပ္ပံနည်းကျ အမြင်)

တတ်ကောင်းစွာသား၊ ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို၊
ငယ်ကမသင်၊ ပျော်ပါးလွင်မှု၊ အကြင်သူအား၊
စကားခြေတင်၊ သဘင်မပြွ၊ ခံတွင်းမဲ့သို့၊
ချို့တဲ့ပညာ၊ ညှိုးမျက်နှာနှင့်၊ ရွံ့ရှာလန့်ထိတ်၊
အသံဆိတ်၏၊ တိတ်တိတ်မနေ၊ ဆိုပချေလည်း၊
မပြေမပြစ်၊ အထစ်ထစ်လျှင်၊ ကျစ်လျစ်မရှိ၊
အငြိငြိတည့်၊ ဟုတ်လိနိုးနိုး၊ ဆင်ကန်းတိုးသို့၊
အကျိုးအကြောင်း၊ ကောင်းကောင်းမမှန်၊ သမ္ဘန်ပါငွေလျှောက်၊
ရှေ့နောက်မညီ၊ အစီအလျဉ်၊ အစဉ်မသင့်၊
တဖျင့်တပါး၊ ရယ်ဖွယ်များခဲ့၊ ဘိုးဘွားမိဘ၊
သူကြီးမ၍၊ မလှမညီး၊ မစိုးမရိမ်၊ နတ်စည်းစိမ်သို့၊
ရွှေအိမ်ဘုံမြင့်၊ ခုနစ်ဆင့်ထက်၊ နေလင့်ကစား၊
ပြာသာဒ်များဝယ်၊ နားသည့်ကျိုးမျှ၊ ပမာကျလိမ့် ...

(စတုဓမ္မသာရ ကိုးခန်းပျို့)

## ပညာ ဆိုတာ ဘာလဲ

တစ်ခါတုန်းက တက္ကသိုလ်က ဘွဲ့ရပြီး ပြန်လာတဲ့ တက္ကသိုလ် ကျောင်းတော်သားကြီး တစ်ယောက်ဟာ သူ့မိဘများ ရှိရာ ရွာကိုပြန်တော့ လမ်းမှာ မြစ်တစ်ခုကို သမ္ဘန်နှင့် ကူးရတယ်တဲ့။ အဲဒီလို မြစ်ပြင်ကျယ်ကြီးကို သမ္ဘန်နှင့် ကူးခတ်နေတုန်း မပျင်းအောင် သမ္ဘန်ခတ်တဲ့ အဘိုးအိုဘက်ကို မျက်နှာမူပြီး သူက စကားပြောတယ်။

တက္ကသိုလ်က ဘွဲ့ရလာတယ် ဆိုတော့ ပညာတတ် မာန်ကလေးကလည်း သူ့မှာ ဝင်လာတယ်။ ပြီးတော့ အဘိုးအို အခုလို ပင်ပင်ပန်းပန်း တစ်နေကုန် သမ္ဘန် ခတ်ပြီး အသက်မွေး ဝမ်းကျောင်းရတာဟာလည်း ပညာ မတတ်လို့ဘဲ ဖြစ်မယ်လို့ စဉ်းစားတာလည်း တစ်ကြောင်း၊ သူ့ကိုယ်သူ ပညာတတ် ဘွဲ့ရ တစ်ယောက် ဖြစ်ကြောင်း ကြွားချင်တာလည်း တစ်ကြောင်းနှင့် သူက စ မေးတယ်။

'ဆရာကြီး သမ္ဘန်ခတ်တာ ပင်ပန်းမှာပေါ့ နော'

'ပင်ပန်းတာပ ငါ့တူရာ'

'တခြားအလုပ်ကို မလုပ်စားဘဲ ဘာဖြစ်လို့ ဒီအလုပ်ကို လုပ်စားတာလဲ အဘ'

'တခြား အလုပ်ကို လုပ်စားရအောင် အဘမှာက ငွေကြေးဥစ္စာ အရင်းအနှီးကလည်း မရှိ၊ ပညာကလည်း မရှိဘဲကိုး ကွယ်'

'ဒါဖြင့် အဘ လုံးလုံး စာမတတ်ဘူးလား'

'သေစာ ရှင်စာလောက် ကလေးပဲ တတ်ပါတယ် ငါ့တူရာ'

'ဒါဖြင့် အဘ အတွက်အချက်ကော တတ်ရဲ့လား'

'ဈေးတွက် မိန်းမတွက်လောက်တော့ တတ်ပါရဲ့'

'ဘာဖြစ်လို့လဲ အဘ၊ ငယ်ငယ်က ကျောင်း မနေခဲ့ရလို့လား'

'ဘယ် နေရပါ့မလဲ မောင်ရာ၊ အဘတို့ခေတ်က ကျွန်ခေတ် ဆိုတော့ ငွေမရှိရင် စာမသင်နိုင်ဘူးကွယ်၊ ဒါတောင် အဘက ဆရာ ဦးကြွက်နီဆီမှာ စီအေတီကက်ကို တစ်လလောက် သင်ခဲ့သေးတာ၊ ခုတော့ ဒါတွေလည်း မရှိတော့ပါဘူး၊ ကျောင်းကို ပြန်ကြွသွားကြပြီ'

'ဩော် ဒါကြောင့် အဘ သမ္ဗန် ခတ်စားရတာကိုး'

'ဟုတ်ပ မောင်ရာ၊ အဘတို့မှာ ပညာပါရမီ မရှိလေတော့ လက်ရုံး အားကိုး လုပ်စား နေရတာပဲလေ၊ ဒါထက် နေပါဦး၊ ငါ့တူက ရေကူးတတ်ရဲ့လား'

'မတတ်ဘူး အဘ၊ ကျွန်တော်က ခုမှ တက္ကသိုလ်က ဘွဲ့ရပြီး ပြန်လာတာ၊ ကျွန်တော်က ရေကူးတာလည်း ဝါသနာ မပါဘူး ခင်ဗျ'

'ဟော ဒါဆို မင်းတော့ သေတော့မှာပဲ၊ ဟိုမှာ ကြည့်စမ်း၊ ရာဟုထောင့်က လေဆင်လာပြီ၊ ဒီလေဟာ တော်တော် ကြောက်စရာကောင်းတဲ့ လေပဲ'

အဘိုးအိုရဲ့ စကားဆုံးမှာ ဘွဲ့ရ ဆိုတဲ့ လူဟာ မျက်ပြူးဆန်ပျာ ဖြစ်ပြီး ဘာလုပ်လို့ လုပ်ရမှန်း မသိ၊ ခြေမကိုင်မိ လက်မကိုင်မိနှင့် ထိတ်လန့်ပြီး ဗျာပါဒ များနေတော့တယ်။

ဒီတော့ ပညာဆိုတာ ဘာလဲ ဆိုတဲ့ မေးခွန်းကို မေးစရာ ဖြစ်လာပါတယ်။

ဘဝ ရွှေတောင်တက် ခရီးမှာ ဆင်ကန်းတောတိုး အဖြစ်မျိုး မရောက်ဖို့ ပညာ ဆိုတဲ့ မျက်စိအလင်းနှင့် တူတဲ့အရာ လိုပါတယ်။

လောကမှာ တက္ကသိုလ် ကျောင်းကြီးတွေက သင်ကြားပေးလိုက်တဲ့ ဘီအေ၊ အမ်အေ အောင်ခြင်း ဆိုတာတွေဟာ လူသား တစ်ယောက် ဘဝခရီးမှာ ရင်ဆိုင်ကြုံလာမယ့် အခက်အခဲတွေ၊ ဘေးရန် အန္တရာယ်တွေကို ဖြေရှင်းဖို့ အတွက်ပဲ ဖြစ်ဖြစ်၊ တစ်ဝမ်းတစ်ခါး ဝရုံမျှမကဘဲ ဘဝရဲ့ ကြီးပွား တိုးတက်ကြောင်း ဖြစ်တဲ့ အသက်မွေးမှု ကိစ္စအဝဝကို ဖြေရှင်းရေး အတွက်ပဲ ဖြစ်ဖြစ် လုံလောက်ပြီလို့ မယူဆသင့်ပါဘူး။

ပြောခဲ့တဲ့ သမ္ဗန်ခတ် အဘိုးအိုနှင့် တက္ကသိုလ် ဘွဲ့ရတို့ရဲ့ ပုံပြင်ကလေးမှာ ပညာဆိုတာ တက္ကသိုလ်က ပေးလိုက်တဲ့ ဘွဲ့မဟုတ်ဘူး၊ ဘဝ အရေးအခင်း ကြုံတဲ့ အခါ အဲဒီ အရေးအခင်း အကျပ်အတည်းက လွတ်မြောက်အောင် ထွက်ပေါက်

ရှာပေးနိုင်တဲ့ အရည်အချင်းကိုသာ ပညာလို့ခေါ်တာ သဘော ပေါက်ပါလိမ့်မယ်။

ဒါကြောင့်လည်း ရှင်မဟာရဋ္ဌသာရ ကိုယ်တော်ကြီးက ကိုးခန်းပျို့မှာ ပညာ မတတ်ခဲ့လို့ ရှိရင် အရေးအခင်း ကြုံတဲ့အခါ လူဘုံအလယ်မှာ မျက်နှာ ညှိုးငယ် ရတတ်ပါတယ်တဲ့၊ ထိတ်လန့် စိုးရိမ် ရတတ်ပါတယ်တဲ့၊ ပညာ မရှိဘဲ လူ့ဘုံ အလယ်မှာ စွာကျယ်ရင်လည်း ရှက်ဖွယ် ရယ်ဖွယ်သာ ဖြစ်တတ်ပါသတဲ့၊ ပညာမရှိတဲ့ လူဟာ အကျိုးနှင့် အကြောင်းကိုလည်း ဆက်စပ်ပြီး မသိနိုင်ပါဘူးတဲ့၊ အကျိုးနှင့် အကြောင်းကို မသိတော့ အဆိုးနှင့် အကောင်းကိုလည်း ခွဲခြား မသိ၊ အမှားနှင့် အမှန်ကိုလည်း ခွဲခြား မသိပါဘူးတဲ့၊ အဲဒီလူဟာ လောကမှာ အတိတ်ကံ အားလျော်စွာ ရွှေဘုံပေါ်မှာပဲ မွေးမွေး၊ မိဘဘိုးဘွား အမွေအနှစ်ကို ရခဲ့လို့ ဘုံ ခုနစ်ဆင့်မှာပဲ နေနေ သူ့ဘဝဟာ ပြာသာဒ် ထိပ်ဖျားမှာ နားတဲ့ ကျီးကန်း တစ် ကောင်နှင့်သာ ပမာ တူပါလိမ့်မယ်လို့ စပ်ဆိုတော် မူခဲ့ပါတယ်။

ပညာ ဆိုရာမှာလည်း တစ်စုံတစ်ခု အသက်မွေးမှုနှင့် စပ်ဆိုင်တဲ့ ပညာ လည်း ရှိပါတယ်။ လောကသဘာဝရဲ့ လျှို့ဝှက် နက်နဲတဲ့ တရားတွေကို ထိုးထွင်း သိမြင်တဲ့ ပညာလည်း ရှိပါတယ်၊ အသက်မွေးမှု ပညာမျိုးကိုတော့ လူတွေက အတတ်ပညာလို့ ခေါ်ကြပါတယ်။ လောကကို ထိုးထွင်းသိမြင်တဲ့ ပညာကိုတော့ အသိပညာ (ဉာဏ်ပညာ) လို့လည်း ခေါ်ပါတယ်။ အလိမ္မာ ပညာလို့လည်း ခေါ် ကြပါတယ်။

ကျောင်းတွေ တက္ကသိုလ်တွေမှာ စနစ်တကျ သင်ကြားပေးလို့ တတ်မြောက် တဲ့ ပညာဟာ အတတ်ပညာမျိုးတွေသာ ဖြစ်ပါတယ်။ အများအားဖြင့် အတတ် ပညာရှင်တွေဟာ ငွေရှင်တွေဆီမှာ အခစား အဖြစ်နှင့် အသက်မွေးကြ ရတတ် ပါတယ်။

အသိပညာရှင်၊ အလိမ္မာဉာဏ် ပညာရှင် ဆိုသူတွေကတော့ ဘဝရဲ့ နက်နဲတဲ့ အသိတွေကို ရှာဖွေဖို့ ထိုးထွင်းဉာဏ်ကို အသုံးပြုသူတွေ ဖြစ်တယ်။ သူတို့ဟာ အသစ်အဆန်းတွေကို ရှာဖွေသူတွေ၊ အသစ်အဆန်းတွေကို ဖန်ဆင်းဖို့ ကြိုးစား သူတွေပဲ ဖြစ်တယ်။ ဘဝ ရွှေတောင်တက်သမား ဆိုတာ အဲဒီလို အသိပညာ ဉာဏ် အထူးကို ရှာဖွေသူတွေကို ပြောတာ။ ဘဝ ရွှေတောင်တက်သမားဟာ ဘဝလမ်း ထက်ဝက်က သက်သောင့်သက်သာ တစ်နေရာ ရောက်ရင် ကွန်းခို ရပ်နားပြီး ရသမျှ နှင့် ရောင့်ရဲပြီး ရေသာခိုနေသူတွေ မဟုတ်ဘူး။

သိပ္ပံပညာရှင်ပဲ ဖြစ်ဖြစ်၊ ဝိဇ္ဇာပညာရှင်ပဲ ဖြစ်ဖြစ် အသိဉာဏ် ပညာကို ရှာဖွေတဲ့ ရွှေတောင်တက်သမားကတော့ လောကရဲ့ အကျိုးနှင့် အကြောင်း ဆက် စပ်မှု နိယာမတွေကို ရှာဖွေ ဖော်ထုတ်တယ်။ သူတို့ဟာ ရောက်မလာသေးတဲ့ အနာဂတ်ကို ကြိုတင်သိမြင်ဖို့ ကြိုးစားကြတယ်။ လောကမှာ ကြောင်းကျိုးနိယာမ သဘောကို သိတဲ့လူဟာ အနာဂတ်ကို ကြိုတင် သိမြင်တတ်ကြပါတယ်။ စာမတတ်

ဘူး ဆိုတဲ့ သမ္မန်ခတ် အဘိုးအိုလည်း ရာဟုထောင့်ကို လှမ်းကြည့်ပြီး မိုးရိပ်မိုးသား အနေအထားကို ကြည့်လိုက်ကာမျှနှင့် လေပြင်းမုန်တိုင်း တိုက်တော့မယ် ဆိုတာ သိတာပါပဲ။ ဒီခေတ် သိပ္ပံပညာဆိုတာဟာ အနာဂတ်ကို ကြိုတင်သိမြင်ဖို့ ကြိုးစား နေတဲ့ အသိပညာ နယ်ပယ်ကြီး ဖြစ်ပါတယ်။

ပညာရှိ တွေးရင် မြေးကြည့်တာထက် မှန်တယ် ဆိုတဲ့ ရှေးလူကြီးများ စကားဟာ အနာဂတ်ကို ကြိုတင်သိခြင်း ဆိုတဲ့ ပညာဉာဏ် သဘောကို ဆိုခြင်းပဲ ဖြစ်ပါတယ်။

လောကမှာ လူတွေ ကြုံတွေ့နေရတဲ့ အရာဝတ္ထုတွေ၊ အဖြစ်အပျက်တွေ အရေးအခင်းတွေ အား လုံး ဟာ အကျိုးတရားတွေ ဝိပါက်တွေချည်းပဲ။ အဲဒီ အကျိုးတရားတိုင်းမှာ သူတို့ကို ယခုလို ဖြစ်ပေါ်လာအောင် ပြုပြင် ဖန်တီး ပေးခဲ့တဲ့ အကြောင်းတရား ဆိုတာတွေ မုချရှိတယ်။ အဲဒီလို အကျိုးတရားတွေကိုချည်း တွေ့နေတယ်၊ အကြောင်းတရားတွေကတော့ ဖန်တီးပြီးရင် ပျောက်ကွယ် သွား တတ်ကြတဲ့ သဘောရှိလို့ ဒီလောကမှာ အကြောင်းတရားတွေဟာ တိမ်မြှုပ်နေ တတ်ကြတယ်။ လူတွေ လိုက်စားနေတဲ့ အသိပညာ နယ်ပယ်တိုင်းဟာ တကယ်တော့ အကြောင်းတရားတွေကို လိုက်ရှာနေခြင်း သဘောပဲ ဖြစ်ကြပါတယ်။ အကြောင်း တရားကို သိပြီ ဆိုမှဖြင့်လည်း ဒီအကြောင်းကြောင့် ဒီအကျိုးဆက်တွေ ဖြစ်ပေါ် လာတော့မှာပဲလို့ လူတွေ ဆင်ခြင်နိုင်ပါတယ်။ ဒီလို ဆင်ခြင်ခြင်းအားဖြင့် လူတွေ ဟာ အနာဂတ်ကို ကြိုတင် သိမြင်နိုင်တာပါပဲ။

## ကြိုတင် သိမြင်ခြင်း နှင့် ဆင်ခြင်ဉာဏ်

ဟိုရှေးတုန်းက လှည်းကုန်သည်ကြီး တစ်ဦးဟာ လှည်းငါးရာနှင့် ကုန်သွယ်ဖို့ ခရီး သွားတဲ့အခါ တောအုပ်ကြီး တစ်ခုကို ဖြတ်ပြီး သွားရတယ်တဲ့။ လှည်းကုန်သည် ဟာ ပညာရှိ တစ်ဦး ဖြစ်တဲ့အတွက် ခရီး မထွက်ခင် ကတည်းက နောက်လိုက် လှည်းသားများကို ကြိုတင် သတိပေးအပ်တဲ့ ကိစ္စတွေကို သတိပေးပါတယ်။ တားမြစ်အပ်တဲ့ ကိစ္စတွေကို တားမြစ်ပါတယ်။ ဘယ်လို သတိပေး တားမြစ်သလဲ ဆိုတော့ 'အချင်းတို့၊ ဒီတောဟာ အဆိပ်ပင်တွေ ပေါတဲ့တော ဖြစ်တယ်၊ အချင်း တို့ဟာ ဘယ်အသီး ဘယ်အပွင့် ဘယ်အရွက်မျိုးကိုမှ ငါ့ကို မပန်ကြားဘဲ ဆွတ်ယူ စားသုံးခြင်း မပြုကြနှင့်' လို့ မှာကြားပါတယ်။ *

တောအုပ်ရဲ့ အဝင်ဝ မလှမ်းမကမ်းမှာလည်း ရွာ တစ်ရွာ ရှိတယ်။ အဲဒီရွာ နှင့် မနီးမဝေး တောစပ် မရောက်တရောက်မှာ သီးပင်ကြီး တစ်ပင်လည်း ရှိတယ်။

--------------------

* *ငါးရာငါးဆယ် ဇာတ်ဝတ္ထု၊ ကိံဖလဇာတ်*

ဒီသစ်ပင်ဟာ အသီး အရွက် အကိုင်း အခက်က အစ သရက်ပင်နှင့်လည်း အလုံးစုံ တူတယ်တဲ့။ ဒါပေမယ့် ဒီအပင်ဟာ တကယ်တော့ အဆိပ်ပင် ဖြစ်ပါတယ်။ ဒီအပင်က အသီးတွေဟာလည်း သရက်သီးတွေလိုပဲ မှည့်ဝင်းပြီး ချိုမွှေးနေပါတယ်။ လူတွေဟာ ချိုမွှေးနေတဲ့ ဒီအပင်က အသီးကို စားမိတာနှင့် ရုတ်တရက် ချက်ချင်း အဆိပ်မိပြီး သေတတ်ပါတယ်။

ရှေးတုန်းက ခရီးသွား လှည်းကုန်သည်တွေ ဒီအရပ်ကို ရောက်လာကြတဲ့ အခါ တချို့ လျှပ်ပေါ်တဲ့ လူတွေဟာ မစူးမစမ်းဘဲနှင့် ဒီအသီးတွေကို သရက်သီး တွေပဲ၊ ချိုလိုက်တာ မွှေးလိုက်တာ ဆိုပြီး အငမ်းမရ စားကြလို့ အကုန် သေကျေ ပျက်စီးကြရတယ်၊ ဒီလို ပျက်စီးကုန်တဲ့ လှည်းကုန်သည်တွေရဲ့ ပစ္စည်းတွေ ကုန် စည်တွေကို အနီးအနားမှာ ရှိတဲ့ရွာက လူတွေက အချိန်တန်တော့ လာရောက် သိမ်းယူလေ့ ရှိခဲ့ကြတယ်။ ဒီရွာဟာ ဒီနည်းနှင့် အလုပ် ဖြစ်နေခဲ့တာ ကြာပါပြီ။

ဒီတစ်ကြိမ် ပညာရှိ လှည်းကုန်သည်တို့ အဖွဲ့ ရောက်လာကြတဲ့ အခါမှာလည်း ကြိုကြိုတင်တင် သတိပေး မှာကြားထားတာတောင် တချို့ လျှပ်ပေါ်တဲ့ လူတွေက သစ်သီးတွေကို ဆွတ်ခူး စားသောက်ကြသေးတယ်။ ဒီတော့ အဆိပ်မိပြီး မူးမေ့ ကုန်ကြတာပေါ့။ ဒါကို ဘုရားလောင်း လှည်းကုန်သည်ကြီးက ဝမ်းနုတ် ဆေးတွေ အန်ဆေးတွေ ကျွေးပြီး ဆေးကုမှ သက်သာရာ ရကြတယ်။ ကိုယ်တွေ့ ကြုံရတဲ့ ဒီအဖြစ်ကို မြင်တွေ့ရမှ နောက်လူတွေလည်း ဒီအသီးကို မစားကြတော့ ပါဘူး။

နောက်နေ့မနက် ကျတော့ ရွာသားတွေဟာ ရှေးတုန်းကလိုပဲ လှည်းသမား တွေ သေကျေ ပျက်စီးကုန်ကြပြီ ထင်ပြီး လှည်းတွေ နွားတွေကို သိမ်းဖို့ အုပ်လိုက် သင်းလိုက် ထွက်လာကြတာပေါ့။ ရွာပြင် သစ်ပင်ကြီးနားလည်း ရောက်ရော မသေ မပျောက်ဘဲ ရှိနေကြတဲ့ လှည်းကုန်သည်တို့ အဖွဲ့သားတွေကို မြင်တွေ့ရပြီး အံ့သြကြတာပေါ့။

'ဟာ ဘယ့်နှယ် ဖြစ်တာပါလိမ့်' ဆိုပြီး လှည်းကုန်သည်ကြီးကို မေးကြ တယ်။

'ခင်ဗျားတို့ ဒီသစ်ပင်က အသီးတွေကို မစားကြဘူးလား'

'မစားပါဘူး'

'ဘာဖြစ်လို့ မစားကြတာလဲ'

'ဒါစားကောင်းတဲ့ အသီးတွေမှ မဟုတ်ဘဲ၊ ဒါတွေက အဆိပ်သီးတွေပဲဟာ'

'ဗျာ ဘယ့်နှယ်လုပ်ပြီး ဒီအသီးတွေဟာ အဆိပ်သီးတွေ ဖြစ်မှန်း ခင်ဗျား တို့ သိကြတာတုံး' လို့ အဲဒီလို တအံ့တသြ မေးကြတာပေါ့။ ဒီတင် ဘုရားလောင်း လှည်းကုန်သည်ကြီးက

'အချင်း ရွာသားတို့၊ ဒီသစ်ပင်ဟာ အဆိပ်သီးတွေ ဖြစ်မှန်း စမ်းသပ်

စစ်ဆေး နေစရာတောင် မလိုပါဘူး၊ ငါဟာ အကြောင်း နှစ်ရပ်ကို ဆင်ခြင် ကြည့်ရုံနှင့် သိနိုင်ပါတယ်၊ ဘယ်လို အကြောင်း နှစ်ရပ်လဲ ဆိုတော့

'ဒီသစ်ပင်ဟာ ရွာနှင့်လည်း မဝေးဘူး၊ နီးကပ်နေတယ်။

'ဒီအသီးတွေဟာ ဆွတ်ခူးရလည်း မခက်ဘူး။

'ဒါပေမယ့် ဒီသစ်ပင်မှာ အသီးတွေ ဝေဆာနေတယ်၊ ဒီလို အကြောင်း နှစ်ပါး ထင်ရှားပါလျက်နှင့် ဘာကြောင့် ဒီသစ်ပင်က အသီးတွေကို ဒီရွာသားတွေ ခူးဆွတ်ပြီး မစားကြတာလဲလို့ ဒီလို ဆင်ခြင်လိုက်တော့ ဒီအပင်ဟာ စားကောင်းတဲ့ သစ်ပင် မဟုတ်ဘူး၊ ဒါအဆိပ်ပင်ပဲ ဖြစ်ရမယ်လို့ ငါ ထင်ထင်ရှားရှား သိခဲ့တယ်' လို့ ပြန်ပြောလိုက်တယ်တဲ့။

ဒီပုံဝတ္ထုဟာ ဖြစ်ပေါ်နေတဲ့ အခြင်းအရာတွေကို ထောက်ချင့်ပြီး ကြောင်း ကျိုး ဆက်နွယ်မှုတွေကို ဆင်ခြင်ခြင်းကို ပြတဲ့ ပညာပေး ပုံဝတ္ထုကလေးပါ။ ဒီမှာ ဆင်ခြင်ဉာဏ်ဟာ လောကရဲ့ လျှို့ဝှက်တဲ့ တရားတွေ၊ သိခက်တဲ့ တရားတွေကို ထိုးထွင်း သိမြင်နိုင်ပုံ၊ အကျိုးကို မြင်တွေ့ နေရတဲ့အခါ ဒါ ဘာကြောင့် ဖြစ်ရတာ လဲလို့ အကြောင်းကို ဆင်ခြင်ရပုံ၊ အကြောင်းတရား အမှန်ကို သိတဲ့အခါ ဖြစ်ပေါ် စေလိုတဲ့ အကျိုးကို အနာဂတ်မှာ ဖြစ်ပေါ်အောင်၊ မဖြစ်စေလိုတဲ့ အကျိုးကို အနာ ဂတ်မှာ မဖြစ်ပေါ်အောင် ဖန်တီးနိုင်ပုံ၊ ကာကွယ်နိုင်ပုံများကို ဒီပုံဝတ္ထုကလေးမှာ ပေါ်လွင် ထင်ရှားအောင် မြတ်စွာဘုရား ဟောကြား ပြသတော်မူခဲ့ပါတယ်။

တချို့ လူတွေ တချို့ သိပ္ပံ ပညာရှင်တွေ၊ ဒဿန ပညာရှင်တွေဟာ ဆင် ခြင်ဉာဏ်နှင့် သိတဲ့ အသိကို မယုံကြည်နိုင်သလို ပြောဆိုရေးသား ခဲ့ကြတာတွေ လည်း ရှိတယ်။ မြင်မှယုံ ကြုံမှသိ ဆိုတဲ့ သဘောဟာ လူ့အသိဉာဏ်ကို အထင် သေးရာလည်း ကျပါတယ်။ တွေ့ဖူး ကြုံဖူးမှသာ သိရမယ်ဆိုရင် လူတွေရဲ့ အသိ ပညာနယ်ဟာ ကျဉ်းမြောင်း နေပါလိမ့်မယ်။

ဒါနှင့် ပတ်သက်ပြီး မိလိန္ဒ မင်းကြီးက အရှင်နာဂသိန်ကို မေးဖူးတာ တစ်ခုကို သတိရပါတယ်။ ဘယ်လိုမေးသလဲ ဆိုတော့

'အရှင်ဘုရားဟာ မြတ်စွာဘုရားကို မြင်ဖူးသလား ဘုရား' တဲ့။ ဒီတော့ အရှင်နာဂသိန်က

'မင်းကြီး၊ ငါဟာ ဘုရားရှင်ကို မမြင်ဖူးပါဘူး'

'ဒါဆို အရှင်ဘုရားရဲ့ ဆရာသမားများကကော မြင်ဖူးပါသလား ဘုရား'

'ငါ့ဆရာတွေလည်း မမြင်ဖူးကြပါကုန်'

'ဒါဆိုရင်တော့ ဘုရားရှိတယ်ဆိုတာ မဟုတ်နိုင်ပါဘူး' တဲ့။ မိလိန္ဒ မှတ်ချက်ချတယ်။ ဒီအခါ အရှင်နာဂသိန်က ပြန်မေးတယ်။

'မင်းကြီး၊ ဘယ်သို့ ဆိုသလဲ၊ ဟိမဝန္တာမှာ ဥဟာ ဆိုတဲ့ မြစ်ကို မင်းကြီး မြင်ဖူးလို့လား'

'ဥပဟာ ဆိုတဲ့ မြစ်ကို တပည့်တော် မမြင်ဖူးပါ'

'ဒါဆို မင်းကြီးရဲ့ အဖကကော မြင်ဖူးလို့လား'

'တပည့်တော်ရဲ့ ဖခမည်းတော်လည်း မမြင်ဖူးပါ'

'ဒါဆို ဥပဟာဆိုတဲ့ မြစ်ဟာ (သင်တို့ မမြင်ဖူးလို့) မရှိရတော့ဘူးလား'

'တပည့်တော်နှင့် တပည့်တော် အဖတို့ မမြင်ဖူးသော်လည်း ဥပဟာမြစ်ဟာ အမှန်ပင် ရှိပါတယ် ဘုရား'

'မင်းကြီး၊ ဒီလိုပဲပေါ့၊ ငါနှင့် ငါ့ဆရာ မမြင်ဖူးသော်လည်း ဗုဒ္ဓဟာ အမှန်ပဲ ရှိခဲ့တယ်' လို့ ဒီလို ဖြေကြားဖူးပါတယ်။

ဆိုလိုတာကတော့ လောကမှာ တွေ့ကြုံခြင်းအားဖြင့် သိတာ ရှိသလို ဆင်ခြင်ခြင်း အားဖြင့်လည်း သိနိုင်တာတွေ အများကြီး ရှိပါတယ်။ ဘယ်သူမှ မိမိရဲ့ ဆွေစဉ် ခုနစ်ဆက်က ဘိုးဘေးဘီဘင်ကို မြင်တွေ့ဖူးမှာ မဟုတ်ပါဘူး။ သို့သော် ဆင်ခြင်ကြည့်မယ် ဆိုရင်တော့ ဘိုးဘွားဘီဘင် အစဉ်အဆက် ရှိခဲ့တယ် ဆိုတာ သိခွင့်သိလမ်း ရှိပါတယ်။

ဒီလို ဆင်ခြင်ပြီး သိတဲ့နေရာမှာ အတွေ့အကြုံကိုလည်း အခြေခံပြီး သင် မြင်နိုင်ပါတယ်။ အကြောင်းအကျိုး နိယာမကို သိနားလည်မှု အပေါ်မှာ ဆင်ခြင် ပြီးလည်း သိနိုင်ပါတယ်။ အတွက်အချက် အပေါ်မှာ ဆင်ခြင်ပြီးလည်း သိနိုင်ပါ တယ်။ ဒီထက်ပိုပြီး ထူးထူးခြားခြား ဖြစ်နိုင်တာလည်း ရှိပါတယ်။ ဒါကတော့ တန်ဖျာပွတ္တိဉာဏ်လို ထိုးထွင်းပြီး သိတတ်တဲ့ဉာဏ်နှင့် ဆင်ခြင်ပြီးလည်း သိနိုင် ပါတယ်။ ဒီမှာ အတွေ့အကြုံကို အခြေခံပြီး အနာဂတ်ကို ဆင်ခြင်နိုင်တယ် ဆိုတာ ကတော့ လူတွေ နေ့စဉ် စဉ်းစား ဆင်ခြင်နေတဲ့ သဘောမျိုးပါပဲ။ အလွယ်ဆုံး နမူနာကို ပြရမယ်ဆိုရင် လူသတ္တဝါတွေ မှန်သမျှ မွေးလာပြီးတဲ့နောက် ကြီးပြင်း ကြမယ်။ အနာဂတ်မှာ အိုရမယ် နာရမယ် သေရဦးမယ်ပေါ့။ ခု ကိုယ်တိုင်မသေ သေးသော်လည်း တစ်နေ့တော့ မုချ သေရမှာပဲလို့ ဆင်ခြင်ပြီး သိနေတာမျိုးကို ပြောတာပါ။

ကြောင်းကျိုး နိယာမကို သိမြင် နားလည်မှု အပေါ် အခြေခံပြီး ဆင်ခြင် သိမြင်နိုင်တယ်။ အနာဂတ်ကို ကြိုသိနိုင်တယ် ဆိုတာကတော့ ဥပမာ ဆိုကြပါစို့။ ရှေးက လူတွေဟာ ငှက်ဖျားရောဂါ ဘာကြောင့် ဖြစ်သလဲ ဆိုတာကို မသိခဲ့ကြဘူး။ ဒီတုန်းကတော့ ရမ်းသမ်းပြီး အမျိုးမျိုး တွေးခဲ့ကြတာပေါ့။ ဒီလို ရမ်းသမ်း တွေးပြီး နတ်ဖမ်းလို့ဖြစ်တာ ဆိုတဲ့လူက ဆိုတော့ နတ်ပူဇော် ပသတာတွေကိုလည်း လူတွေ လုပ်ခဲ့ကြဖူးတာပဲ။ နောက်တော့ နတ်ပူဇော်လို့လည်း ရောဂါက ပျောက်မသွား တော့မှ ဟင် နတ်ဖမ်းလို့ ဖြစ်တယ် ဆိုတာလည်း မဟုတ်နိုင်ပါဘူးလို့ သံသယ ဝင်လာကြတာ။ နောက်ဆုံးတော့ သိပ္ပံပညာက ငှက်ဖျားရောဂါရဲ့ အကြောင်းတရား အစစ်၊ တရားခံ အစစ် ကတော့ အင်နိုးဖိလီ ခေါ်တဲ့ ခြင်ကိုက်လို့ ဖြစ်ရတာပဲလို့

ဖော်ထုတ်ပေးခဲ့တယ်။ ခြင်မကိုက်ရင် ငှက်ဖျား မဖြစ်ဘူး။ ခြင်ကိုက်ရင် ငှက်ဖျား ဖြစ်တယ်။ ပြီးတော့ ငှက်ဖျား ဖြစ်တဲ့ နေရာတွေမှာ အင်နိုးဖိလီ ခြင်ကိုက်တယ်။ ငှက်ဖျား မဖြစ်တဲ့ နေရာတွေမှာ ဒီခြင် မရှိဘူး။ ဒီလို အနုလုံ ပဋိလုံ သိလာတယ်။ ဒါဟာ အကျိုးနှင့် အကြောင်း ဆက်နွယ်မှုကို သိတာပါပဲ။ ဒီအခါကျတော့ ဒီခြင် အကိုက် မခံရအောင် ကာကွယ်တယ်။ ဒါဟာ အနာဂတ်ကို ကြိုသိလို့ လုပ်တာပေါ့။ ဒီခြင်ကိုက်ရင် အနာဂတ်မှာ ငှက်ဖျား ဖြစ်ဦးမှာကိုး။

ဒီလိုပဲ ကမ္ဘာမြေကြီးရဲ့ ဒြပ်ဆွဲအား နိယာမကို သိတဲ့အခါ ဒြပ်ဆွဲအား ကြောင့် အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် အရေးအခင်းတွေကို ကြိုတင်သိမြင် လာနိုင် ကြတာပေါ့။ သိပ္ပံပညာတိုင်းဟာ ဒီနည်းနှင့် အနာဂတ်ကို ကြိုတင် သိမြင်ဖို့ ကြိုးစား နေကြတာပဲ။

အနာဂတ်ကို သင်္ချာနည်းအရ တွက်ချက်ပြီးလည်း ဆင်ခြင်နိုင်တယ်။ ဒါကတော့ အတွေ့အကြုံ မပါဘဲ သိတဲ့နည်း (apriori knowledge) လို့ ပညာရှင်တွေ ခေါ်ကြတယ်။ အလွယ်ဆုံး ဥပမာကတော့ ခု ဆိုကြပါစို့၊ အမေရိကန် နိုင်ငံက ပစ်လွှတ်ထားတဲ့ ဗွိုင်ရေဂျာ (၂) ခေါ်တဲ့ အာကာသယာဉ်ဟာ ဘယ်နေ့ ဘယ်ရက်မှာ ကြာသပတေး ဂြိုဟ်ကို ရောက်မယ်၊ ဘယ်နှစ် ဘယ်ရက်ကျရင် စနေ ဂြိုဟ်ကို ရောက်မယ်လို့ ပညာရှင်တွေက ကြိုတင်တွက်ချက်ပြီး လွှတ်တင်ခဲ့တယ်။ ခု ဒီယာဉ် ဟာ လူသား ပညာရှင်တွေ ကြိုတင် တွက်ချက်ထားတဲ့အတိုင်း အဲဒီနှစ် အဲဒီလ အဲဒီရက်မှာ သက်ဆိုင်ရာ ဂြိုဟ်တွေကို ရောက်ရှိနေတာ ကမ္ဘာမှာ မျက်မြင် ကိုယ်တွေ့ပဲ။ *

နောက်ဆုံး ပြောချင်တာကတော့ ဉာဏ်ကိစ္စပါ။ ကမ္ဘာပေါ်မှာ ဓာတ်ခွဲ ခန်းနှင့် စမ်းသပ်လို့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်တဲ့ သိပ္ပံသဘောတရား သီဝရီကြီး တစ်ခု ရှိပါတယ်။ အဲဒါကတော့ ရီလေတီဗစ်တီလို့ ခေါ်တဲ့ သဘောတရားပါပဲ။ ဒီ သဘောတရားအရ အနာဂတ်ကို ကြိုမြင် ကြိုသိနိုင်တာတွေ အများကြီး ရှိပါတယ်။ ဒီသိပ္ပံ သဘောတရား လောကနိယာမကြီးကို အိုင်စတိုင်း ဆိုတဲ့ သိပ္ပံ ပညာရှင်ကြီးက ဆင်ခြင်ဉာဏ် (တခ်ကာပွတ္တိဉာဏ်) နှင့် ဆင်ခြင်ပြီး ဖော်ထုတ်ပေးခဲ့တာပါ။ ဒီလို ကြီးကျယ်လှတဲ့ သိပ္ပံ သီဝရီကြီးကို သူဟာ ဆင်ခြင်တဲ့ ထိုးထွင်းဉာဏ်နှင့် ဖော် ထုတ်ခဲ့ပါတယ်လို့ အိုင်စတိုင်း ကိုယ်တိုင်က ထုတ်ဖော် ဝန်ခံချက် ရှိပါတယ်။ * * ဒီလို ဝန်ခံရုံမျှမက ဒီလို ဆင်ခြင်နည်းဟာ သိပ္ပံသုတေသန လုပ်ငန်းရဲ့ အခြေခံမှု တစ်ရပ်လည်း ဖြစ်သင့်တယ်လို့တောင် သူက ဆိုပါတယ်။

-----------------

* *Time, Feb 3.,1986.*

* * *Essays in Science: Principles of Research - A. Einstein. p 1*

ဒီလို ထိုးထွင်း သိမြင်နိုင်တဲ့ ဆင်ခြင်ဉာဏ်ဟာ ရွှေတောင်တက်သမားများ အဖို့ အထူး လိုအပ်တယ်လို့ ဆိုချင်ပါတယ်။

နိပါတ်တော်တွေထဲမှာ ကြွက်သေ တစ်ခုကို အရင်းပြုပြီး လေးလ အတွင်း သိန်းချီပြီး ချမ်းသာတဲ့ သူဌေး တစ်ယောက် အကြောင်းကို လူတိုင်း ကြားဖူးကြမှာပါ။

အစက သူဟာ အလွန် ဆင်းရဲတဲ့ လူတစ်ယောက်ပါ။ တစ်နေ့ လမ်းမှာ သူဌေး တစ်ယောက်က ကြွက်သေ တစ်ခုကို မြင်တော့ နက္ခတ်ကို ကြည့်ပြီး 'ဒီကြွက်သေကို အရင်းပြုပြီး စီးပွားရှာတဲ့ လူတော့ ကြီးပွားမှာပဲ' လို့ ပြောသွားတာကို ရုတ်တရက် သူက ကြားလိုက်တယ်။

တကယ်တော့ ဒီလို အခွင့်အရေးကို မြင်တတ် ကြားတတ်ဖို့ ဆိုတာလည်း မလွယ်ပါဘူး။ သတိနှင့် ထူးခြားတဲ့ ကိုယ်ရည်ကိုယ်သွေး ရှိဖို့လိုပါတယ်။ ကြီးပွားမယ့်လူမှာ ဓ ရှိတယ် ဆိုတဲ့ စကားလိုပေါ့။

ဒီအခါ ဆင်းရဲသားက ဆင်ခြင် စဉ်းစားတယ်။ ဒီသူဌေးဟာ ဒီစကားကို အကြောင်းမဲ့ ပြောမှာ မဟုတ်ဘူး။ ဒီလို အောက်မေ့ပြီး ကြွက်သေကို ကောက်ယူပြီး ကြောင်စာ အဖြစ် ဈေးမှာ သွားရောင်းတယ်။ တစ်ခြင်ရွေး ရတယ်။ ဒီတင် ကြံစည်တယ်။ ဘယ်လို ကြံသလဲဆိုတော့ ကိုယ်ကျိုးစီးပွားကို လိုချင်ရင် သူတစ်ပါး အကျိုး ဖြစ်အောင် လုပ်ရမယ်လို့ သဘောရတယ်။ ဒါနှင့် တင်လဲကို ဝယ်တယ်။ ရေအိုး တစ်လုံးကို ယူတယ်။ တောက မြို့မှာ ပန်းရောင်းဖို့လာတဲ့ မိန်းမတွေကို လမ်းက ကြိုပြီး တင်လဲနှင့် ရေတိုက်တယ်။ မောလာတဲ့ မိန်းကလေးတွေက ရေသောက်ရပြီး အမောပြေတော့ သူ့ကို ကျေးဇူးတင်ကြတယ်။ သူ့ကို ပန်းတစ်ဆုပ်စီ ပေးသွားကြတယ်။ သူ ဒီပန်းတွေကို ရောင်းတယ်။ ရတဲ့ငွေနှင့် တင်လဲ ဝယ်ပြန်တယ်။ ရေတစ်အိုးနှင့် ပန်းခင်းရှိရာကို သွားပြီး ပန်းသည်တွေကို ရေတိုက်ပြန်တယ်။ ဒီတော့ ပန်းသည်တွေက သူ့ကို ပန်းတွေ ပေးပြန်တယ်။ ဒီလိုလုပ်ရင် ဒီလို ဖြစ်မယ်ဆိုတာ ဒီဆင်းရဲသားက ကြိုတင် တွက်ပြီးသားပဲ။

ဒါနှင့် လက်ထဲမှာ ရှစ်သပြာ ရလာတယ်။ ရှစ်ကျပ်ပေါ့။ တစ်နေ့ မိုးကြီး လေကြီးတိုက်ပြီး မင်းဥယျာဉ်က သစ်ပင်တွေ ကျိုးကျတယ်။ ဒီမှာ သူ့အတွက် အလုပ်ပေါ်လာပြန်တယ်။ အလုပ်ဆိုတာ ရှာတတ်ရင် ရတာပဲ။ ဥယျာဉ်မှူးလည်း ဒီဥယျာဉ်ကို ရှင်းလင်းဖို့ အကြံအိုက်နေတုန်း သူက ရောက်သွားပြီး 'ကျွန်တော့်ကို ဒီသစ်ကိုင်း သစ်ခက်တွေကို ပေးပါ၊ ပေးရင် ဒီဥယျာဉ် ရှင်းလင်းရေး အလုပ်ကို

ကျွန်တော် လုပ်ပေးပါ့မယ်' လို့ ပြောတယ်။ ဥယျာဉ်မှူးက 'အလိုက်သင့်လိုက်လေ' ဆိုပြီး ပေးတာပေါ့။

ဒီတင် ဒီလူ ဘာလုပ်တယ် ထင်သလဲ။ ဥယျာဉ် အနီးအနားမှာ ကစားနေကြတဲ့ ကလေးတွေကို တင်လဲ (သကြားလုံး သဘော) နှင့် မျှားပြီး ဥယျာဉ်ရှင်းဖို့ လုပ်အား ပေးခိုင်းတယ်။ ကလေးဆိုတာ ကတော့ အစုအသင်းနှင့် ဆို ဘာလုပ်ရလုပ်ရ ပျော်တာပေါ့။ ဒါနှင့် ချက်ချင်း အမှိုက်တွေ ရှင်းသွားပါလေရော။ ဒီဆင်းရဲသားဟာ ဒီထင်းတွေကို ယူသွားပြီး အိုးလုပ်သူဆီမှာ သွားရောင်းကယ်။ ၁၆ သပြာ အပြင် အိုးငါးရာလည်း ရတယ်။

သူ့လက်ထဲမှာ ၂၄ သပြာ ရသွားပြီ။ ဒီအခါ သူဟာ မြို့တံခါးဝက နေပြီး မြက်ရိတ်သမား ငါးရာ ဝင်လာတဲ့အခါ ရေးနည်းတူ သောက်ရေနှင့် လုပ်ကျွေးပြန်တယ်။ မြက်ရိတ်သမားတွေကို သူ ဘာဖြစ်လို့သွားပြီး လုပ်ကျွေးရသလဲ။ ဒါကို သိဖို့ ကောင်းပါတယ်။ ဒီလူဟာ လက်ထဲ ငွေ ၂၄ ကျပ်လောက် ရလာတော့ ကုန်းပွဲစား ရေပွဲစားတွေနှင့် သွားပြီး မိတ်ဖွဲ့ထားတယ်။ ပွဲစားတွေနှင့် မိတ်ဖွဲ့ထားတော့ ကုန်းပွဲစား ရေပွဲစားတွေဆီက ဘယ်နေ့မှာ ဘယ်ကုန်သည်တွေ ရောက်လာကြမယ်၊ ဘာကုန်တွေ ယူလာကြမယ် ဆိုတာ သိရတာပေါ့။ ဒီအသိက သူ ဘာဆက်လုပ်သင့်တယ် ဆိုတာကို ဆင်ခြင်နိုင်ဖို့ အတွက် အကျိုးပြုတယ်။ ပွဲစားတွေဆီက မြင်းကုန်သည်တွေ ငါးရာလောက် ဒီမြို့ကို ရောက်လာကြမယ် ဆိုတာကို ကြားသိရတဲ့ အခါ သူဟာ ကမန်းကတန်း မြက်ရိတ်သမားတွေဆီ သွားပြီး လုပ်ကျွေးသမှုကို ပြုတယ်။ သူဟာ အနာဂတ်ကို ကြိုမြင်လိုက်ပြီပဲ။ တစ်နေ့ မြင်းကုန်သည်တွေ ဒီမြို့ကို ရောက်လာရင် ဒီမြင်းတွေအတွက် မြင်းစာမြက်တွေ အမြောက်အမြား လိုမယ်။ မြင်းက မြက်မစားဘဲမှ မနေနိုင်ဘဲကိုး။ ဒီလူဟာ ဘယ်နေရာမှာ ဘာလိုမယ် ဆိုတာကို ဆင်ခြင်ပြီး သိမြင်ထားတာ ဆိုတော့ မြက်ရိတ်သမားတွေနှင့် သွားပြီး ကြိုကြိုတင်တင် အပေါင်းအသင်း လုပ်ထားတာပေါ့။ ဘဝမှာ ဒီလို အနာဂတ်ကို ကြိုမြင်တတ်တာကို လူတွေက လာဘ်မြင်တယ်လို့လည်း ဆိုကြပါတယ်။ ကုန်သည် အလုပ်နှင့် ကြီးပွားချင်တဲ့ လူပဲဖြစ်ဖြစ်၊ ကုန်ထုတ်လုပ်ငန်းနှင့် ကြီးပွားချင်တဲ့ လူပဲဖြစ်ဖြစ် အနာဂတ်ကို ကြိုတင် သိမြင်ရမယ်။ လာဘ်မြင်ရမှာပဲ။ လူတွေရဲ့ အနာဂတ် လိုအပ်ချက်တွေကို ကြိုတင်မြင်အောင်လည်း လုပ်ထားရမှာပဲ။

အတိတ်ကံကြောင့် ဒီလူဟာ ဆင်းရဲတဲ့ ဘဝကို ရခဲ့သော်လည်း သူဟာ ဒီပစ္စုပ္ပန် ဘဝမှာတော့ 'ဝုဋ္ဌိ ဘာဂီယကံ' လို့ ဆိုတဲ့ ကြီးပွားကြောင်း ဖြစ်တဲ့ ကံကို အားကိုးသူ ဖြစ်တယ်။ ဒီလူရဲ့ အနာဂတ်ကို ကြိုတင် သိမြင်မှုနှင့် အားထုတ်မှု ကံကိုလည်း တစ်ဆက်တည်း နားလည်သင့်ပါတယ်။ သူ့လိုလူကို ရွှေတောင်တက်သမားလို့ ခေါ်တာပဲ။ ကမ္ဘာပေါ်မှာ သူ့လိုလူတွေ အမြောက်အမြား ရှိသလား ဆိုတော့ ရှိတော့ ရှိတယ် ရှားတယ်လို့ ဖြေရပါလိမ့်မယ်။

ပုံပတ္တူကို ဆက်ပြီး လေ့လာကြည့်မယ် ဆိုရင်လည်း ဒီဆင်းရဲသားဟာ ကုန်းပွဲစားတွေဆီက မြင်းကုန်သည်တွေ လာလိမ့်မယ်ဆိုတဲ့ သတင်းကို ရတာနှင့် သူ ကျေးရွာပြုပြီး မိတ်ဖွဲ့ထားတဲ့ မြက်ရိတ်သမားတွေဆီမှာ တစ်ယောက် မြက် တစ်ထုံးစီ ပေးကြဖို့ သွားတောင်းတယ်။ ပြီးတော့ သူ ရတဲ့ မြက်တွေကို မရောင်း ရမီ အစ်ကိုတို့ မြက်တွေကို မရောင်းပါနှင့်လို့လည်း သနားအောင် ပြောပြီး ဝန်ခံ ကတိ တောင်းတယ်။ မြက်ရိတ်သမားတွေကလည်း သူ့ကို ခင်ပြီး ကတိပေးကြ တယ်။ ဒီနေရာမှာလည်း ဒီလူက အပိုင်ချည်တာ။ ဒါမှ သူ့မြက်တွေကို ကြိုက်ဈေး ရမှာကိုး။

ဒါကို ကြည့်ရင်လည်း သူဟာ ဘယ်လောက် ဆင်ခြင်ဉာဏ် တာသွား တယ်၊ အနာဂတ်ကို ဘယ်လောက် ကြိုမြင်ပြီး ဘယ်လောက်ကြိုတင် ပြင်ဆင်မှုတွေ ပြုလုပ်ထားတယ် ဆိုတာ သိလွယ်ပါတယ်။ ဒီတင် သူဟာ မြင်းကုန်သည်တွေ ဆီက အသပြာ တစ်ထောင် ရလိုက်ပါတယ်။

မကြာပါဘူး။ ရေပွဲစားတွေ ဆီက ကုန်တင်လှေကြီး တစ်စင်း ရောက်လာ တော့မယ် ဆိုတဲ့ သတင်းကို ကြားရပြန်ပါတယ်။ ကုန်သည်လုပ်မယ့်သူဟာ ဒီလို နိုင်ငံရေး စီးပွားရေး သတင်းတွေ မျက်ခြည်မပြတ် သိနေရမှာပေါ့။

ဒီသတင်းကိုလည်း ကြားရော ဒီလူ ဘာလုပ်သလဲ။ လူ့သဘော ခေတ် သဘောကို သူ ဘယ်လောက်နားလည်ပြီး အခြေအနေ အရပ်ရပ်ကို သူဘယ်လောက် ကြိုတင် ခန့်မှန်းနိုင်တယ်ဆိုတာ ဒီမှာပေါ်တယ်။

ဒီတင် ဒီလူဟာ အလွန် ခံ့ညား ထည်ဝါတဲ့ ရထား တစ်စီး ငှားတယ်။ ဒီခေတ်အလို ဆိုရင်တော့ ပရိုက်ဗိတ် ကားကြီး တစ်စီးကို ငှားတယ်ပေါ့။ ပြီးတော့ အခြွေအရံ လူတွေကိုလည်း ငှားတယ်။ သဘောကတော့ သူ့ကို ကုန်သည်တွေက သူဌေးလို့ ထင်အောင် လုပ်တာပဲ။ ဒီထင်မြင်ချက်ဟာ တခြားနေရာမှာ အရေးမပါ ပေမယ့် ကုန်သည်ပွဲစား လောကမှာ ဒီအထင်ကြီးမှုဟာ သိပ် လိုတယ်။ ဒါကို သူ သိတယ်။ အထင်ကြီးမှ သူပြောသမျှ ဆိုသမျှကို ကုန်သည်တွေက ယုံကြည်မှာကိုး။ လောကမှာ ဥပါယ်တံမျဉ် ဆိုတဲ့ တရားဟာ သူ့နေရာနှင့် သူတော့ သိပ်ကို လိုအပ် ပါတယ်။

ဒီလို အဆောင်အယောင် ဖွဲ့ပြီး သူဟာ မြစ်ဆိပ်ကို သွားတယ်။ မြစ်ဆိပ် ကို ရောက်လာတဲ့ ကုန်တွေ အားလုံးကို ချုပ်ပြီး ကတိနှင့် ဝယ်ယူတယ်။ ဒါကို သူက လက်ဦးအောင်လည်း လုပ်တယ်။ မကြာဘူး၊ တခြား ကုန်သည် တစ်ရာလောက် မြစ်ဆိပ်ကို ကုန်ဝယ်ဖို့ ရောက်လာတယ်။

နောက်ဆုံးတော့ ဒီလူ့ဆီက ဒီကုန်တွေကို တန်ဖိုး နှစ်ဆ သုံးဆ ပေးပြီး ဝယ်ကြရတာပေါ့။ ဒီနည်းနှင့် သူလုပ်လိုက်တာ လေးလ အတွင်းမှာ အသပြာ နှစ်သိန်းကျော် ရခဲ့တယ်။

ဒီလူကတော့ လာဘ်မြင်သွားပြီ။ လာဘ်မြင်တာလည်း တစ်ကြောင်း၊ ပြီးတော့ သူ့မှာ အသင့်အတင့် နှလုံးသွင်းမှု အားကောင်းတာလည်း တစ်ကြောင်း ကြောင့် ကြီးပွားတာပဲ။

ဒီလို ကြီးပွားတဲ့အခါ သူဟာ လူတွေပြုခဲ့တဲ့ အလုပ်တစ်ခုကို လုပ်ပြန်တယ်။ အဲဒါကတော့ 'ကျေးဇူးဆပ်ခြင်း' ဆိုတဲ့ အလုပ်ပဲ။ သူ ချမ်းသာလာတာဟာ ဟို စူဠသေဋ္ဌိ ဆိုတဲ့ သူဌေး ပြောသွားတဲ့ စကားကိုကြားပြီး ကြိုးစားလို့ ချမ်းသာလာတယ် ဆိုတဲ့ ဘဝသိမှု သူ့မှာရှိတယ်။ သူဟာ ဘဝကို မမေ့ဘူး။ ဒါကြောင့် သူ ရခဲ့တဲ့ အသပြာ နှစ်သိန်း အနက်က တစ်သိန်းကို ခွဲပြီး သူ့ကျေးဇူးရှင် စူဠသေဋ္ဌိကို သွား ကန်တော့တယ်။ အကြောင်းစုံကိုလည်း ပြောပြလိုက်တော့ ဟို သူဌေးကြီး ဘယ်လောက် ဝမ်းသာမလဲ၊ ဝမ်းသာရုံတင် ဘယ်ကမလဲ၊ တစ်ခါတည်း ဒီလောက် တော်တဲ့ သမက် ရခဲတယ် ဆိုပြီး သမီးနှင့် ပေးစားတယ်။ သူ့ စည်းစိမ်တွေကို လည်း ထိုးအပ်ပြီး သူ ရထားတဲ့ စူဠသေဋ္ဌိ သူဌေးဘွဲ့ကိုပါ ဆက်ခံ စေခဲ့တော့ တယ်။

ဒီဇာတ်တော်ကို မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ပြည် ဇီဝကရဲ့ အမ္ဗဝန် သရက်တော ကျောင်းတော်မှာ သီတင်းသုံးစဉ် အခါက စူဠပန် မထေရ်ကို အကြောင်း ပြုပြီး ဟောကြားတော် မူခဲ့ပါတယ်။ *

## အနာဂတ်ကို ကြိုမြင်သူ တစ်ဦး

ခေတ်သစ် အခါမှာလည်း အနာဂတ်ကို ကြိုတင်သိမြင်ပြီး (ရှေးက စူဠပန် သူဌေး လို) ဆင်ခြင် တိုင်းထွာပြီး အားထုတ်ခဲ့လို့ အလွန် ဆင်းရဲတဲ့ ဘဝက ကုဋေကုဋာ ကြွယ်ဝသူ အဖြစ်ကို ရောက်ရှိခဲ့တဲ့ လူသာမန် တစ်ယောက်လည်း အထင်အရှား ရှိခဲ့ဖူးပါတယ်။

သူ့နာမည်ကတော့ အင်ဒရူး ကာနက်ဂျီ (၁၈၃၅–၁၉၁၉) ပဲ ဖြစ်ပါတယ်။ ** ကာနက်ဂျီရဲ့ ရွှေတောင်တက် ခရီးဟာလည်း စိတ်ဝင်စားဖွယ် ကောင်းသလောက် အံ့သြ မှတ်သားဖွယ် ကောင်းတယ်လို့လည်း ဆိုချင်ပါတယ်။

သူဟာ စကော့တလန် လူမျိုး ရက်ကန်းသည် တစ်ဦးရဲ့ သားပါ။ သူ့အဖေ က လက်ရက်ကန်းသမား ဆိုတော့ စက်ရက်ကန်းတွေ ပေါ်ပေါက်လာတဲ့ အချိန်မှာ မငတ်ရုံ အသက်မွေးရ ရှာပါတယ်။ သူ မွေးဖွား ကြီးပြင်းတဲ့ ကာလကို အင်္ဂလန် ပြည် ငတ်ပြတ်တဲ့ ၁၉ ရာစုရဲ့ လေးဆယ်ခုနှစ်များ (hungry forties of the

---

* ငါးရာငါးဆယ် ဇာတ်ပါဠိ၊ စူဠသေဋ္ဌိဇာတ်

** *Pioneers of the Modern World - p 82-89*

nineteenth century) လို့ ခေါ်ကြပါတယ်။ သူ့ခများ လူဖြစ်စ ကတည်းက ခေတ်ပျက်နှင့် ကြုံပြီး ဆင်းဆင်းရဲရဲ ငတ်ငတ်ပြတ်ပြတ်နှင့် နေခဲ့ရပါတယ်။ အသက် ၁၂ နှစ်လောက် ကတည်းက သူဟာ အမေရိကန်ပြည်ကို စွန့်ထွက်လာပြီး ဘ၀ အတွက် စတင် ရုန်းကန်ရတယ်။ ရက်ဖောက်လုပ်တဲ့ စက်ရုံရဲ့ ဘွိုင်လာအိုး စက်ခန်းထဲမှာ အလုပ် စလုပ်ရတော့ ပင်ပန်းသလား မမေးနှင့်၊ အရွယ်နှင့် ဆင်းရဲခြင်းဟာ မမျှပါဘူး။ နောက်တော့ မတတ်နိုင်ဘူး။ အဲဒီက ထွက်ပြီး ကြေးနန်းစာပို့တဲ့ လုလင် အလုပ်ကို သွားလုပ်ပြန်တယ်။ ညကျရင် ပစ်စဘတ်မြို့က အိမ်ထောင်စု အသီးသီးရဲ့ နာမည်တွေကို မှတ်မိအောင် အိပ်ရာထဲမှာ နှုတ်တိုက် ရွက်ပြီး ကျက်တယ်။ ဒီလို ကျက်လိုက်တော့ ဘယ်လူဟာ ဘယ်အရပ်၊ ဘယ်အိမ်မှာ နေတယ်၊ ဘာလုပ်တယ်၊ သူ့ပုံပန်းသဏ္ဌာန်က ဘယ်လို ဆိုတာ တစ်ချက်တည်း မှတ်မိသွားတယ်။ ဒီလို မှတ်မိတယ် ဆိုရင်ပဲ သူ့ကိုယ်သူ ယုံကြည် စိတ်ချမှုတွေပါ ရလာတယ်။ မနက် အစောကြီး ရုံးခန်းကို အရောက်သွားပြီး ကြေးနန်း ရိုက်တဲ့ မော့စ် စနစ်ကို လေ့လာတယ်။ မကြာဘူး၊ သူ့အထက် အရာရှိတွေက ဒီသူငယ်ရဲ့ လုပ်ရည်ကိုင်ရည် ရှိပုံ၊ ထက်မြက်ပုံတွေကို မြင်လာတယ်။ လူတွေ သူ့အပေါ် ယုံကြည် စိတ်ချမှုကို သူ ရအောင် ဖန်တီးယူတယ်။

နောက် သူဟာ ပင်ဆယ်ဗေးနီးယား မီးရထား ကုမ္ပဏီရဲ့ ကြေးနန်းဌာနမှာ အလုပ်ရတယ်။ ဒီအချိန်မှာ သူ့အသက်က ၁၈ နှစ်။ သူဟာ သူ့အလုပ်မှာ သူမတူ အောင် ထူးချွန်ရေး အတွက် တစ်ဖက်က ကြိုးစားတယ်၊ တစ်ဖက်က ဗဟုသုတ တိုးပွားအောင် စာတွေကို ဖတ်တယ်။ ပြီးတော့ လူတွေရဲ့ စိတ်ဝင်စားမှုတွေ၊ လူမှု ရေး ပြဿနာတွေကို မျက်ခြည်မပြတ် လေ့လာတယ်။ ပြီးတော့ သူ့ကို ခိုင်းစေတဲ့ အလုပ်ရှင်တွေ ယုံကြည် စိတ်ချ အားကိုးလာအောင် အစွမ်းပြလာတယ်။

တစ်နေ့မှာ မီးရထား ကုမ္ပဏီမှာ လုပ်နေတုန်း အဖြစ်အပျက် တစ်ခုနှင့် မမျှော်လင့်ဘဲ ကြုံရတယ်။ အမှန်တော့ ဒီအဖြစ်အပျက်ဟာ သူ့ဘ၀ကို စမ်းသပ်သလို ဖြစ်သွားတယ်။ အဲဒီနေ့က မီးရထား ကြေးနန်းရုံးထဲမှာ သူတစ်ယောက်တည်းပဲ ရှိတယ်။ ဒီအချိန်မှာ ရထားလမ်း တစ်လျှောက်မှာ ရထားတွေ လုံး၀ ပြတ်တောက် သွားမှု တစ်ခု ဖြစ်တယ်။ ဒီအခါ သူဟာ သူ့အရာရှိရဲ့ နာမည်နှင့် ကြေးနန်းတွေ ပို့ပြီး ရထားတွေ အဆင်ပြေ ခုတ်မောင်းနိုင်အောင် သူ့သဘောနှင့် သူ ဆုံးဖြတ်ပြီး ချက်ချင်း ဆောင်ရွက်ပစ်လိုက်တယ်။ သူ့ လုပ်ဆောင်ချက်ကြောင့် ရထားလမ်း တစ်လျှောက်လုံးမှာ ရထားတွေ အဆင်ပြေပြေ ခုတ်မောင်းနိုင်သွားပါတယ်။

ဒီအဖြစ်အပျက်ဟာ သူ့ဘ၀ကို အရှိန်ပြင်းစွာ တိုးတက် ပြောင်းလဲစေခဲ့ ပါတယ်။ သူ့ အသက် ၂၄ နှစ် ရောက်တော့ သူ့ ဝင်ငွေဟာ တစ်နှစ်ကို ဒေါ်လာ တစ်သောင်း ဖြစ်သွားပါတယ်။

ဒီအချိန်ဟာ အမေရိကန် ပြည်တွင်းစစ် ဖြစ်နေတဲ့ အချိန်၊ သူဟာ သူ

ရသမျှ ငွေတွေကို ရင်းနှီးမြှုပ်နှံပြီး အလုပ်လုပ်တယ်။ သူ့မှာ လျင်မြန်စွာ ဆုံးဖြတ်ချက် ချနိုင်တဲ့ သတ္တိထူး ရှိတယ်။ စွန့်စားတတ်တဲ့ ရဲရင့်မှု ရှိတဲ့အပြင် အနာဂတ်ကို ကြိုတင် ရှုမြင်နိုင်တဲ့ ဆင်ခြင်ဉာဏ်လည်း ကောင်းတယ်။ အသက် ၃၀ လည်း ရောက်ရော သူဟာ မီးရထား ကုမ္ပဏီက ထွက်လိုက်ပါတယ်။ လခစား အလုပ်ဟာ ကြီးပွားတဲ့ အလုပ် မဖြစ်နိုင်ဘူး ဆိုတာ သူ မြင်တယ်။ ဒီတော့ ဒီရထားလမ်းတွေ တည်ဆောက်ဖို့၊ မီးရထား စက်ခေါင်းတွေ လုပ်ဖို့ သံတွေ၊ သတ္တုတွေ အမြောက်အမြား လိုမယ်။ ဒီတင် သူဟာ သံဘုရင်ဖြစ်အောင် ကြိုးစားတော့တာပဲ။ ကာနက်ဂျီရဲ ဦးနှောက်ဉာဏ် အမြင်ထဲမှာ အနာဂတ်မှာ သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေရဲ့ အဆုံး မရှိတဲ့ တိုးတက် ဖြစ်ပေါ်လာမယ့် အခြေအနေတွေလည်း မြင်နေတယ်။ ဒီတင် အစက ရိုးရိုးသံကိုသာ ထုတ်လုပ်နေခဲ့တဲ့ သူဟာ သံကို သံမဏိ အဖြစ် ပြောင်းလဲ ထုတ်လုပ်တဲ့ လုပ်ငန်းတွေကို စောက်ချ လုပ်ကိုင်ပါတယ်။ အကြံဆို ရဲမှု၊ အလုပ်ဆို မြဲမှု ဆိုတဲ့ စကားကိုလည်း သူ လက်ကိုင်ထားတယ်။ ဒါကြောင့် သူ့မှာ ရလာသမျှ ငွေတွေကို ဒီသံမဏိ လုပ်ငန်း တစ်ခုတည်းမှာပဲ ထည့်ပြီး လုပ်တယ်။ နောက်ဆုံးတော့ စားရာမဲ့ ဘဝကနေပြီး သန်းကြွယ် သူဌေးကြီး အဖြစ်ကို သူ ရောက်လာတယ်။

အလျှံပယ် ကြွယ်ဝတဲ့ သူဌေး အဖြစ်ကိုလည်း ရောက်ရော အင်ဒရူး ကာနက်ဂျီဟာ သူ့ဘဝရဲ့ အနာဂတ်ကို ဆင်ခြင် ကြည့်ပြန်တယ်။ သူ့ကို အနာဂတ်က သေခြင်းတရားနှင့် စောင့်မျှော်နေတာကို မြင်ရတယ်။ ဒီတင် သူ့ကိုယ်သူ ဆင်ခြင်ပြန်တယ်။ သူ ချမ်းသာတယ် ဆိုတာ အစစ်အမှန် ချမ်းသာခြင်း မဟုတ်ဘူး။ သူဟာ ဒီပစ္စည်းတွေကို တကယ် ပိုင်ဆိုင်တာ မဟုတ်ဘူး။ ဒီအတိုင်း နေသွားရင် သူ ပိုင်တယ်ထင်တဲ့ ပစ္စည်းတွေက သူ့ကို ပစ်သွားမှာပဲ။ ဒါမှမဟုတ် သူပိုင်တယ်ထင်တဲ့ ပစ္စည်းတွေကို ပစ်ထားခဲ့ရပြီး သူက ဘဝတစ်ပါးကို သွားရမှာပဲ။

ဒီတင် သူဟာ အနာဂတ် သံသရာ ဘဝခရီးစဉ်ကိုပါ ကြိုတင် ဆင်ခြင် လာတယ်။

'စည်းစိမ် ချမ်းသာတွေ ရပြီးခါမှ ဒါတွေကို ပစ်ချ ထားခဲ့ရပြီး သေသွားရတာ သိပ် ရှက်စရာ ကောင်းဟာပဲ' လို့ သူ ရေးလည်း ရေးခဲ့တယ်၊ ပြောလည်း ပြောခဲ့တယ်။

'ဘဝကို တန်ဖိုးရှိရှိ ခံစားပါ၊ ဥစ္စာတွေ အလုပ်တွေရဲ့ ကျွန်အဖြစ် မခံနှင့်' လို့လည်း ဆုံးမတယ်။ သူ့စကားကတော့ 'Enjoy Life-do not be a slave to work' and again, 'it is a disgrace to die rich' တဲ့။

ပြီးတော့ သူက လူချမ်းသာရဲ့ ဘဝကို နှစ်ပိုင်း ပိုင်းခြား ထားရမယ်။ တစ်ပိုင်းက ငွေတွေ ရအောင် လုပ်တဲ့ အပိုင်း ဖြစ်တယ်။ နောက်တစ်ပိုင်းကတော့ အဲဒီ ငွေတွေကို စွန့်ကြဲပစ်တဲ့ အပိုင်းပဲတဲ့။ သူက ဒီလိုပြောတော့ လူတွေက လှောင်

ပြောင် ရယ်မောခဲ့ကြတယ်။ သူကတော့ ထွေထွေထူးထူး မပြောဘူး၊ 'စောင့်ကြည့်ပါလေ' လို့ပဲ ဆိုတယ်။

၁၉၀၀ ပြည့်နှစ်လည်း ရောက်ရော အင်ဒရူး ကာနက်ဂျီဟာ အလုပ်လုပ်ခြင်း၊ ငွေရှာခြင်းကို ရပ်နားလိုက်တယ်။ သူ့ လုပ်ငန်းတွေ အားလုံးကို သူ့သူငယ်ချင်း သူဌေးတစ်ဦးကို ရောင်းပစ်လိုက်တယ်။ အဲဒီ အချိန်က စတာလင်ပေါင် သန်းပေါင်း ရှစ်ဆယ် ရတယ်။ မြန်မာငွေနှင့်ဆို ကုဋေ တစ်ရာကျော် ရတယ်။ ဒီငွေတွေကို သူ့ တစ်သက်မှာ စွန့်ကြဲပစ်လိုက်တာ သူ သေတဲ့ အချိန်မှာ ၁၀ ကုဋေလောက်ပဲ ကျန်တော့တယ်။ သူ ရှာဖွေခဲ့သမျှတွေကို နောင်လာမယ့် လူသားတွေ အကျိုးရှိရာ ရှိကြောင်း ကျောင်းတွေ စာကြည့်တိုက်တွေ တက္ကသိုလ်တွေ သုတေသန လုပ်ငန်းတွေ အတွက် စွန့်ကြဲခဲ့တာပဲ။

ဒီလိုလူကို ဘယ်လို ခေါ်ရမှာလဲ။

ရွှေတောင်တက်သမား ဆိုတာ သူပဲ ပေါ့။

အားနက် ဟဲမင်းဝေး ဆိုတဲ့ ကမ္ဘာကျော် နိုဘယ်ဆုရ စာရေးဆရာကြီးကလည်း နိုဘယ်ဆု ရစဉ်က ရရှိတဲ့ ဆွီဒင် ကရောင်း တစ်သိန်း ရှစ်သောင်းကျော် လှူပစ်လိုက်တယ်။ အဲဒီတုန်းက သူက ပြောဖူးပါတယ်။

'အရာဝတ္ထု တစ်ခုကို မိမိ ပိုင်ဆိုင်တယ် ဆိုပြီး သိမ်းဆည်းထားတာဟာ ကိုယ်ပိုင်တာ မဟုတ်ပါဘူး၊ အဲဒီ အရာဝတ္ထုကို သူတစ်ပါးကို ပေးကမ်း စွန့်ကြဲလိုက်မှသာ မိမိပိုင်တယ်လို့ ဆိုနိုင်ပါတယ်' တဲ့။ *

ဒီလုပ်ရပ်တွေဟာ အနာဂတ်ကို ကြိုတင် သိမြင်သူတွေ၊ အကျိုးကို မြင်လို့ အကြောင်းကို ရှာဖွေ ဆောင်ရွက်တတ်သူတွေရဲ့ 'ဝုဋ္ဌိ ဘာဂိယကံ' မှုတွေချည်းပါပဲ။

## အကြောင်းမဲ့ ဝါဒကို ပယ်ရမယ်

ဗုဒ္ဓ ရှင်တော်မြတ် ဘုရားဟာ ဘုရား အဖြစ်ကို ရောက်တော်မူပြီး ဗောဓိပင်နှင့် လေးတောင်ကွာ အရှေ့မျက်နှာ အရပ်မှာ ရှိတဲ့ ရွှေပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေ နေပြီး ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အနုလုံ ပဋိလုံ ဆင်ခြင်တော်မူပြီး နေတော်မူတယ်လို့ ဗုဒ္ဓဝင် ကျမ်းများမှာ ပါရှိပါတယ်။

ပဋိစ္စ သမုပ္ပါဒ် ဓမ္မကို အနုလုံ ဆင်ခြင်တော်မူတယ် ဆိုတာက တိုက်ရိုက် အစီအစဉ် အတိုင်း ဆင်ခြင်တော် မူတယ်လို့ ဆိုလိုပါတယ်။ အဲဒီ အစီအစဉ်က 'ဒီအကြောင်း ရှိရင် ဒီအကျိုး ရှိတယ်' လို့ ဆင်ခြင်တာ။ ဒီအကြောင်း ဖြစ်ပေါ်လာရင် ဒီအကျိုးလည်း ပေါ်ပေါက်တယ် ဆိုတဲ့ သဘောကို ပြောတာပါ။

---

* *နိုဘယ်ဆုရ စာရေးဆရာကြီး ငါးဦး၊ ဘနှင်း၊ စာ ၁၅၄*

နောက်တစ်ဖန် ပဋိလုံ ဆင်ခြင်တော်မူတယ် ဆိုတာကတော့ ပြောင်းပြန် အစဉ်အားဖြင့် ဆင်ခြင်တော် မူတာပါပဲ။ ဆိုလိုတာက 'ဒီအကြောင်း မရှိရင် ဒီ အကျိုး မရှိဘူး၊ ဒီအကြောင်း ပြတ်ချုပ်ရင် ဒီအကျိုးလည်း ချုပ်တယ်၊ ပြတ်တယ်' ဒီလို စဉ်းစားတာပါပဲ။ *

ဒီတော့ ဗုဒ္ဓရှင်တော်မြတ်ဟာ အကြောင်းနှင့် အကျိုး ဆက်နွယ်မှု တရားကို လက်ခံတော်မူတယ်။ လောကမှာ ဖြစ်ပျက်နေတာတွေ အားလုံးဟာ အကြောင်းနှင့် အကျိုးတွေချည်းပဲ။ တစ်ခုကို တစ်ခု အမှီသဟဲပြုပြီး ဖြစ်ပေါ်နေကြတယ်။ သို့သော် အနောက်တိုင်းသား ဒဿနဆရာတွေ စဉ်းစားသလို လောကရဲ့ ဖြစ်ပျက်မှုတွေဟာ တစ်ခုကို အကျိုးပြုလိုက် အကြောင်းပြုလိုက် ဖြစ်နေတယ်ဆိုရင် ဟိုမူလ စတင်ရာ ပထမ အကြောင်းတရားဟာ ဘာလဲ ဆိုပြီး ပထမ အကြောင်းတရား ဖြစ်တဲ့ ဖန်ဆင်းရှင် ထာဝရဘုရားကို လိုက်ရှာတာမျိုးကိုတော့ ဗုဒ္ဓ အတွေးအမြင်တွေမှာ လက်မခံပါဘူး။

ဗုဒ္ဓက သတ္တဝါတွေ ဖြစ်ပေါ်ပုံ၊ ရှင်သန် ကြီးထွားပုံ၊ ပျက်စီးပုံ ဆိုတဲ့ မွေးလိုက် သေလိုက် ဖြစ်နေတဲ့ အဖြစ်ကို အကြောင်းပြုပြီး ရှင်းရာမှာ အကြောင်း တွေ အကျိုးတွေရဲ့ ကွင်းဆက် သဘာဝကိုသာ ရှင်းပြတော် မူပါတယ်။ သံသရာဟာ အစအဆုံး မရှိတဲ့ စက်ဝိုင်း သဘာဝမျိုး ဖြစ်တဲ့အတွက် ပထမ မူလ အကြောင်း ဆိုတဲ့ သတ္တဝါတို့ရဲ့ အစ ဖန်ဆင်းရှင်ကို ရှာစရာလည်း မလိုပါဘူးတဲ့။

ဒီနေရာမှာ ပဋိစ္စ သမုပ္ပါဒ တရားတော်ကို ရှင်းပြဖို့ ရည်ရွယ်တာ မဟုတ် ပါဘူး။ ဗုဒ္ဓ မြတ်စွာဘုရားဟာ ဒီလောကမှာ အကြောင်းတရား ရှိတယ်၊ အကျိုး တရား ဆိုတာလည်း ရှိတယ်၊ အကြောင်း အကျိုးတွေဟာ ဆက်စပ်ပြီး ဖြစ်ပေါ် နေတယ်လို့ လက်ခံတော်မူတယ်။

ဒါကြောင့် တစ်စုံတစ်ခု ဖြစ်ပေါ်လာရင် အကြောင်းမဲ့ ဖြစ်တာ မဟုတ်ဘူး လို့ နားလည်ရမယ်။ ဒါကို ပြောချင်တာပါ။

ဒါပေမယ့် အကြောင်း ရှိတယ် ဆိုရာမှာ တချို့လူတွေဟာ တစ်စုံတစ်ရာ ဆင်းရဲ ကြုံပြီ၊ အခက်အခဲ ကြုံပြီ၊ ရှုံးနိမ့်မှုတွေနှင့် ကြုံပြီ ဆိုရင် ဒီလို ဘာကြောင့် ဖြစ်ရတာလဲလို့ တကယ့် အဖြစ်မှန် အကြောင်းတရားတွေကို မရှာတတ်ဘူး။ တချို့ ဆိုရင် ရှာရမှန်းတောင် မသိဘူး။ ဒီတော့ ဟိုရှေး ပဝေဏီခေတ်က လူသားတွေလိုပဲ ယနေ့ထက်တိုင်အောင် ချွတ်ယွင်းတဲ့ အယူဝါဒတွေကိုပဲ တွေးမြင်နေတတ် ကြပါ သေးတယ်။

အဖြစ်ဆိုး တစ်ခုခုနှင့် ကြုံရပြီ ဆိုရင်ပဲ ဖြစ်ဖြစ်၊ ဆင်းရဲ ငတ်ပြတ်မှု တစ်စုံ တစ်ခု ဆိုက်ရောက် လာရင်ပဲ ဖြစ်ဖြစ်၊ ဒါဘာကြောင့် ဖြစ်ရသလဲလို့ စဉ်းစားဖို့ထက်

-----------------------

* *The Law of Cause and Effect - Piyadassi Thera.*

ကံဆိုးလို့ အတိတ်ကံ မကောင်းခဲ့လို့ ဆိုပြီး အတိတ်ကံ သက်သက်ကို ပုံချတဲ့ လူတွေလည်း ရှိပါတယ်။

တချို့ကျတော့ ဘဝရဲ့ အကောင်းအဆိုး ကြုံဆုံခံစား ရသမျှကို ဖန်ဆင်းရှင် ဘုရားသခင်ပေါ် ပုံချ ပစ်လိုက်ကြတာမျိုးလည်း ရှိပါတယ်။

ဒီဝါဒတွေ အားလုံးဟာ ကြောင်းကျိုးတရားကို တလွဲတွေး တလွဲယူတဲ့ အတွေးအမြင်တွေသာ ဖြစ်ကြပါတယ်။

ဆိုခဲ့တဲ့ 'ပေတယ်လဖွင်း' ခေါ်တဲ့ ပုဗ္ဗေကတ ဟေတုက ဝါဒနှင့် 'ဒီတာမစ် နဖွင်း' ခေါ်တဲ့ 'ဣဿရနိမ္မာန ဟေတုက ဝါဒ' တွေကို ရှင်းရ လွယ်ပေမယ့် ဒီ နှစ်ဆယ် ရာစုမှာ ပေါ်ပေါက်လာတဲ့ နောက်ဝါဒ တစ်ခုကတော့ တော်တော် ရှင်းရ ခက်ပါတယ်။

၂၀ ရာစုမှာ ဥရောပ တစ်လွှားမှာ 'ဖြစ်သည့် ဘဝ ပဓာန' (existentialism) ဆိုတဲ့ အယူဝါဒ တစ်ခု ပေါ်ပေါက်ပါတယ်။ ဒီအယူဝါဒဟာ စီးပွားရေး အရရော၊ နိုင်ငံရေး အရရော၊ စစ်ရေး အရရော အဘက်ဘက်က ကမောက်ကမ ဖြစ်ပြီး စိတ်မချရတဲ့ မျက်မှောက် လောကကြီးရဲ့ အခြေအနေအရ ပေါ်ပေါက်လာတဲ့ အယူဝါဒ ဖြစ်ပါတယ်။ ဒီဝါဒကို မျက်မှောက်ကာလမှာ အနောက်တိုင်းက လူသားတွေ တော်တော် သဘောကျကြတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ လက်ရှိ ကမ္ဘာကြီးထဲမှာ အသက်ရှင်ပြီး နေရတာ ရှင်ရေး အတွက်ရော သေရေး အတွက်ပါ တစ်ချက်ကမှ ဘဝင် မအေးရဘူး။ ဘာကိုမှ စိတ်ချလက်ချ စိတ်အေးလက်အေး နေလို့ မရဘူး။ လူတွေဟာ ကျီးလန့် အစာ စားသလို အသက်ရှင် နေရတယ်။ ဘာကိုမှ ဒီ အကြောင်း ရှိရင် ဒီအကျိုး ဖြစ်မယ်လို့ ကံသေကံမ တွက်ထားလို့ မရဘူး။ မထင်မှတ်ဘဲ ရုတ်တရက် ဖြစ်ပျက်မှုတွေ၊ မတော်တဆ ဖြစ်မှုတွေက များလွန်း တော့ ဘဝဟာ လုံးဝ စိတ်ချရမှု ကင်းမဲ့သလို ဖြစ်နေပါတယ်။ လေယာဉ်ပျံ စီးပြီး သွားပါတယ်၊ ဒီမြို့က ဟိုမြို့ကို သွားတာပဲ၊ ဒါပေမယ့် လမ်းထက်ဝက်မှာ ပြဿနာ မျိုးစုံ ပေါ်နိုင်တယ်။ ကိုယ်ရောက်လိုရာ အရပ်ကို မုချရောက်မယ်လို့ မပြောနိုင်ဘူး။ သေဖို့ အခွင့်အလမ်းတွေကလည်း အင်မတန် များလာတယ်။ ဒါကြောင့် ပြင်သစ် ပြည်က စပြီး ပေါ်ပေါက်လာခဲ့တဲ့ 'ဖြစ်သည့် ဘဝ ပဓာန' ဆိုတဲ့ အယူဝါဒက ဒီ လောကမှာ ဘာအကြောင်း ဘာအကျိုးမှ တွက်လို့လည်း မရဘူး၊ ရှိလည်း မရှိဘူး၊ လောကမှာ ကမောက်ကမတွေ ဖြစ်ချင်ရာ ဖြစ်နေတာပဲ၊ ဒီတော့ ဖြစ်ချင်ရာ ဖြစ် စိတ်မညစ်နှင့် ဆိုတဲ့ တရားကို ဟောတယ်။

ပြီးတော့ ဒီအယူဝါဒ ရှိသူတွေက ရသစာပေ ရေးကြတဲ့ စာရေးဆရာတွေ ဆိုတော့ သူတို့ အတွေးအမြင်တွေကို ဝတ္ထုပုံစံနှင့် ရေးကြတယ်။ လူပြိန်းတွေက သူတို့ ဝတ္ထုတွေကို ဖတ်ပြီး သဘောကျကြတယ်။ သူတို့ကို လက်ရှိ ကမ္ဘာထဲမှာ လူတွေကို နေတတ်အောင် စိတ်ထားတတ်အောင် နှီးဆော်ပေးနိုင်တဲ့ လူတွေ၊

လူတွေ စိတ်ချမ်းသာအောင် ပြောတတ်တဲ့လူတွေ ဆိုပြီး နိဘယ်ဆုတွေ ချီးမြှင့်တယ်။ ဒီတော့ အကြောင်းမဲ့ ဖြစ်တယ် ဆိုတဲ့ (အဟေတုက) ဝါဒဟာ ခုဆို အနောက်တိုင်းမှာ သိပ် ခေတ်စားလာတယ်။

'အိတ်ဇစ်စတင်ရှယ်လစ်' လို့ ခေါ်တဲ့ ဖြစ်သည့်ဘဝ ပဓာန ဝါဒီတွေထဲက အဲလဘတ် ကမူး ဆိုသူဟာ သူ့ရဲ့ အဟေတုက (အကြောင်းမဲ့) ဝါဒကို ဝတ္ထုတစ်ပုဒ် ရေးပြခဲ့တယ်။ ဝတ္ထု ဇာတ်လမ်းက ဘယ်လိုလဲ ဆိုတော့ အယ်လဂျီးရီးယားမြို့မှာ ရှိတဲ့ ကုန်တိုက်စာရေးကလေး မားဆော့ ဆီကို သူ့မိခင် သေတယ်ဆိုတဲ့ အကြောင်း သံကြိုး တစ်စောင် ရောက်လာပါတယ်။ မားဆော့ ခွင့်နှစ်ရက်ယူပြီး မိခင် အသုဘ ရှိရာ မြို့ကို လိုက်သွားပါတယ်။ မားဆော့ဟာ သူ့မိခင် သူ နှင့်နေရင် အနေဆင်းရဲမှာ စိုးလို့ ဘိုးဘွားရိပ်သာကို ပို့ထားတယ်။ သူတို့ သားအမိ ဘဝဟာ အသက်ရှင် နေရတယ်သာ ဆိုရတယ်၊ အနေက ဆင်းရဲလွန်းလှတော့ ခုလို သူ့မိခင် သေသွားတာကို သူ့ရင်ထဲမှာ ဘာမှ မခံစားရဘူး။ ဒုက္ခ ဆင်းရဲတွေထဲက သူ့အမေ ဝဋ် ကျွတ်သွားပြီလို့ပဲ သူ့စိတ်မှာ အောက်မေ့ နေလိုက်တော့တယ်။ အသုဘ ချတဲ့ အချိန်မှာလည်း သူဟာ မိခင်ရဲ့ ခေါင်းကို ဖွင့် မကြည့်တော့ဘဲ မြုပ်ခွင့် ပြုလိုက်ပါ တယ်။ သူ့ မိခင်ရဲ့ အသုဘ အတွက် သူ့ရင်ထဲမှာ ဘာမှ မခံစားရသလို ထုံပေနေ တယ်။

အယ်လဂျီးရီးယားကို ပြန်ရောက်တော့လည်း ချစ်သူနှင့် တွေ့ပြီး သူ့စိတ်မှာ ပျော်သလို နေပစ်လိုက်တယ်။ နောက်နေ့တွေမှာလည်း အလုပ်သွားလိုက်၊ လက်ဖက် ရည်ဆိုင် ထိုင်လိုက်၊ ရုပ်ရှင်ကြည့်လိုက်နှင့် အချိန်ကုန်တယ်။ သူနေတဲ့ အခန်းနှင့် ကပ်လျက် အောက်ခန်းမှာ ကိုယ်ရေပြား ရောဂါသည် အဘိုးကြီး တစ်ယောက် ရှိတယ်။ သူဟာ ခွေးကြီး တစ်ကောင်ကို အဖော်ပြုပြီး နေတယ်။ အမြဲ အဲဒီခွေးကြီး ကို ဆူပူ ရိုက်ပုတ်ပြီး ရန်ဖြစ်နေတယ်။ တစ်နေ့ ဒီခွေးကြီး ပျောက်သွားတဲ့ အခါ အဘိုးကြီးဟာ ကလေးလို ရှိုက်ကြီးတငင် ငိုရှာတယ်။ သူ့အခန်းရဲ့ လှေကား တစ်ဖက်မှာ ရေမွှန်ဆွန်တေ ဆိုတဲ့ ပြည့်တန်ဆာခေါင်း လုပ်စားတဲ့ လူတစ်ယောက် နေတယ်။ အဲဒီလူက မားဆော့ကို မိတ်ဆွေဖွဲ့လာတယ်။ ပြီးတော့ အကူအညီ တစ်ခု တောင်းတယ်။ အသစ် ကောင်မကလေး တောကို ပြန်ထွက်ပြေးလို့ မားဆော့ လက်ရေးနှင့် စာရေးပြီး ခေါ်ပေးဖို့ လာတောင်းပန်တယ်။ မားဆော့က အပန်း မကြီးပါဘူး ဆိုပြီး ကူညီလိုက်တယ်။ ကောင်မကလေးရဲ့ အစ်ကိုဟာ အာရပ် တစ်ယောက် ဖြစ်ပါတယ်။ ကောင်မကလေးလည်း မားဆော့ ရေးလိုက်တဲ့ စာကြောင့် ပြန်ရောက်လာတယ်။ ရေမွှန်က ကောင်မကလေးကို နောင်ကြဉ်အောင် ဆိုပြီး နှိပ်စက်တယ်။ ဒါကို ကောင်မလေး အစ်ကိုက သိပြီး ရေမွှန်ကိုရော မားဆော့ကိုပါ လုံးဝ မကျေနပ်ဘူး။ ဒီလိုဖြစ်နေတဲ့ အချိန်မှာ မားဆော့ကို သူ့အလုပ်ရှင်က ပါရီ မှာ အလုပ်ခန်းသစ် ဖွင့်မယ်၊ သူ့ဘဝ တိုးတက်ရေး အတွက် ပါရီမှာ အလုပ်

သွားလုပ်စေချင်ကြောင်း ပြောတယ်။ ဒါကို မားဆော့က လက်မခံဘူး။ သူ့အတွက် ခု သူနေရတဲ့ ဘဝဟာ ဇိုလောက်ပါပြီတဲ့။ ဘဝဆိုတာ အတူတူပါတဲ့။ သူ့ချစ်သူက သူ့ကို လက်ထပ်ရအောင်လို့ ပြောတော့လည်း သူက မာရီယာ ဆန္ဒရှိရင်တော့ လုပ်ပေါ့၊ သူ့အဖို့တော့ ဒါတွေဟာ ဘာမှ အရေးမကြီးဘူးလို့ ပြောလိုက်တယ်။

နောက် တနင်္ဂနွေမှာ မာရီယာရယ်၊ မားဆော့ရယ်၊ ရေမွန်ရယ် ပင်လယ် ကမ်းစပ်မှာ ရေသွားကူးကြတယ်။ ကောင်မလေးရဲ့ အစ်ကို အာရပ်ဟာ သူ့အဖော် တွေနှင့် ရေမွန်ကို သတ်ဖို့ နောက်က တကောက်ကောက် လိုက်နေတယ်။ ရေမွန် ကလည်း သိတယ်။ သူ့လက်ထဲမှာ သေနတ် ပါလာတယ်။ မားဆော့က ရေမွန် လက်ထဲမှာ သေနတ်ရှိနေရင် ပစ်မိမှာစိုးလို့ သိမ်းယူ ထားလိုက်တယ်။ နေ့လယ် ပိုင်းမှာ မားဆော့ တစ်ယောက်တည်း ကမ်းစပ်ကို အလာ ဓားကိုင်တဲ့ အာရပ်နှင့် ပင်ပင်း ကြုံနေရပါရော။ အာရပ်က သူ့ကို စောင်ပြီး ကြည့်နေတယ်။ မားဆော့ လည်း သတိထားနေတယ်။ ဒီအချိန်မှာ အာရပ်ရဲ့ ဓားအရောင်က နေရောင်ဟပ်ပြီး လက်ခနဲ ဖြစ်သွားတယ်။ ဒီတင် မားဆော့လည်း လက်ထဲက သေနတ်နှင့် အာရပ် ကို ပစ်လိုက်မိတယ်။ အာရပ် လဲကျ သွားပြီးတဲ့နောက် မားဆော့စိတ်က ဆောင် နေပြီး နောက်ထပ် ကျည်ဆန် လေးတောင့် ကုန်အောင် ပစ်လိုက်ပါတယ်။

မားဆော့ အဖမ်း ခံရတယ်။ တရားရုံးပေါ် ရောက်တော့ သူ့ရှေ့နေက အာရပ်က သူ့ကို ရန်ပြုလို့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ သေနတ်နှင့် ပစ်မိကြောင်း ထွက်ဆိုခိုင်းတယ်။ သူက မလိမ်ချင်ဘူး ဆိုပြီး အဖြစ်အပျက်ကို ပြန်ပြောတဲ့ အခါ မှာလည်း သူ့စိတ်မှာ ဇဝေဇဝါ ဖြစ်နေတယ်။ ဝေခွဲလို့ မရသလိုပဲ။ ဒီတင် တရားလို ရှေ့နေက သူ့နောက်ကြောင်းကို စုံစမ်းပြီး သူဟာ မိခင်အိုကြီးကိုတောင် တစ်နှစ် တစ်ခါ လာမကြည့်တဲ့ သားမျိုး ဖြစ်ကြောင်း၊ မိခင် အသုဘတွင်လည်း မျက်ရည် မကျပုံ၊ မိခင် အလောင်းကိုပင် ခေါင်းဖွင့်၍ မ ကြည့်ပုံ အလုံးစုံကို လျှောက်လဲတယ်။ အာရပ်ကို ပစ်မိတဲ့ ကိစ္စမှာ မျက်မြင်သက်သေလည်း မရှိ၊ ကြိုတင် ကြံရွယ်ချက် လည်း မရှိ၊ သူ ပြောလို့သာ သိကြရတယ်။ ဒါပေမယ့် သူ့ အပြုအမူတွေဟာ လူ မဆန်ဘူးလို့ စွပ်စွဲကြတယ်။ နောက်ဆုံးတော့ သူ့ကို သေဒဏ် ပေးလိုက်ကြတယ်။

မားဆော့က ဘာမှ လျှောက်လဲချက် မပေးဘူး။ သူ့စိတ်ထဲ ရှိတာတွေကို သာ ပြောတယ်။ 'ကျုပ်အမေ သေတုန်းက မငိုခဲ့ဘူး ဆိုတဲ့ စွဲချက်နှင့် လူသတ်မှုမှာ သေစား သေစေ အမိန့်ချတာပဲ၊ ဒါပေမယ့် ဒီအမိန့်က ဘာထူးမှာမို့လဲ၊ လူတွေဟာ တစ်နေ့ သေကြရမှာပဲဟာ၊ သေမိန့် ကျထားတဲ့ လူတွေချည်းပါဗျာ၊ တစ်နေ့ ခု အမိန့်ချတဲ့ လူတွေကော သေကြရမှာပဲ မဟုတ်လား' တဲ့။

ထောင်ထဲမှာ သူ့ကို တိုက်ပိတ်ထားတယ်။ ဒါပေမယ့် သူ့စိတ်ထဲမှာ အပြင် လောကမှာ နေရတာထက်တောင် လွတ်လပ်ပြီး စိတ် သက်သာသေးတယ်။ သေနေ့ ကိုပဲ သူ စောင့်နေရသလို နေခဲ့တယ်။ ထုံးစံအတိုင်း ထောင်ဘုန်းကြီးက ကြိုးမိန့်

ကျူသူတွေကို တရားပြဖို့ ရောက်လာတယ်။ သူ့ကို တွေ့ခွင့်တောင်းတော့ သူက သုံးကြိမ်တိုင်တိုင် ငြင်းပယ်လိုက်တယ်။ ဒီအချိန်မှာ သူ အယူခံ တင်ထားတယ်။ ဘုန်းကြီးက ကရုဏာ ကြီးစွာနှင့် သူ့ကို တရားပြဖို့ ကြိုးစားတယ်။ ဘုရားသခင်ကို မြင်အောင်ကြည့်ဖို့၊ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့ဖို့ ပြောပါတယ်။ ဒီတော့ မားဆော့က ဘုရားသခင်ကို မြင်ဖို့ မပြောနှင့်၊ ခုအချိန်မှာ သူနှင့် ရင်းနှီးခဲ့တဲ့ ချစ်သူ မာရီယာရဲ့ မျက်နှာကိုတောင် မြင်အောင် ကြည့်လို့ မရကြောင်း ပြန်ပြောတယ်။ ပြီးတော့ အသက်ရှင်ပြီး နေရမယ့် အချိန်ကလည်း နည်းနေပြီ ဖြစ်လို့ ကိုယ် မယုံကြည်တဲ့ ဘုရားသခင် ဆိုတာကိုလည်း တွေးမနေချင်ဘူး ဆိုပြီး ဘုန်းကြီးကို နှင်ထုတ်လိုက်တယ်။ ဒီလို မားဆော့က ပြောလေ ဘုန်းကြီးက သူ့အပေါ် ကရုဏာ သက်လေ ဖြစ်နေပြီး တရားချည်း ဆက်ဟောနေတော့ နောက်ဆုံး မားဆော့လည်း သည်းမခံနိုင်ဖြစ်ပြီး ဘုန်းကြီး လည်ပင်းကို ထညှစ်တယ်။ စိတ်ရှိသလောက် ညှစ်ပြီး ပါးစပ်ကလည်း အားရှိသလောက် အော်ဟစ် ပစ်လိုက်တယ်။ သူ့ အယူခံလွှာလည်း ဒီကံကြောင့် မျှော်လင့်ချက် ကင်းသွားတယ်။

စာရေးသူ ကမူးက ဒီဇာတ်လမ်းမှာ သူ့ ဇာတ်လိုက် ကြုံဆုံ ဖြစ်ပျက်ခဲ့ရတာတွေဟာ ကြိုတင် စီစဉ်ထားတာတွေ မဟုတ်ဘူး။ ကိုယ်က စိတ်ကောင်း စေတနာနှင့် လုပ်ခဲ့တယ်။ ဒါပေမယ့် စေတနာဟာ ဝေဒနာ ဖြစ်တယ်။ ဒါကြောင့် လောကမှာ ကောင်းတာ လုပ်လည်း မကောင်းတာ ဖြစ်ချင်ဖြစ်တယ်၊ မကောင်းတာ လုပ်လည်း ကောင်းတာ ဖြစ်ချင်ဖြစ်တယ်၊ အကြောင်း အကျိုး ဆိုတာ မရှိပါဘူး။ လောကကြီးဟာ ကမောက်ကမ ဖြစ်ချင်ရာတွေ ဖြစ်နေတာပဲလို့ ပြောချင်တယ်။

အမှန်တော့ သူ့ဇာတ်လိုက် မားဆော့ ပြုလုပ်ခဲ့တာတွေဟာ သူ့ရင်ထဲမှာ စွဲနေတဲ့ ချွတ်ယွင်းတဲ့ အတွေးအမြင်တွေကြောင့် ဖြစ်ပေါ်လာတဲ့ ကံတွေချည်းပါပဲ။ ဘယ်သူမပြု မိမိမှုတွေချည်းပဲ။ ကြည့်ပါလား၊ သူ့မှာ ဘဝကို မြင့်အောင် မြတ်အောင် တိုးတက်အောင် လုပ်ချင်တဲ့ စိတ်ဆန္ဒမျိုးမှ မရှိဘဲ။ သူ့အလုပ်ရှင်က သူ့ဘဝ တိုးတက်ရေး အတွက် ပါရီကို အလုပ် ပြောင်းလုပ်ဖို့ လမ်းဖွင့်ပေးတာတောင် သူက လက်မခံဘူး။ သူဟာ ကြီးပွား တိုးတက်ရန် အဖို့ဖြစ်တဲ့ ကံကို မမိုဝဲဘူး၊ တည်တဲ့ ရုံဖြစ်တဲ့ ဌိတိ ဘာဂိယ ကံနှင့် ဆုတ်ယုတ်ရန် အဖို့ဖြစ်တဲ့ ဟာန ဘာဂိယ ကံမျိုးကို သာ မိုဝဲတဲ့ လူပဲ။ ဒါကြောင့် သူ့ဘဝ ရှုံးနစ် သွားရတာပေါ့။

လူတိုင်း တစ်နေ့ သေကြရမှာပဲ၊ ဘဝကို တိုးတက်အောင် လုပ်နေလည်း သေတဲ့အခါ အားလုံး ထားပစ်ခဲ့ရမှာပဲ၊ အလုပ် လုပ်နေလို့ ဘာအကြောင်း ထူးမှာလဲ ဆိုတဲ့ ဘဝကို မကောင်းမြင်တဲ့ လူဟာ တကယ်တော့ လူတွေကြားထဲမှာ လူဝတ် ကြောင်နှင့် မနေသင့်ဘူး။ သူဟာ လူ့ဘောင်ကို စွန့်ပြီး ရသေ့ရဟန်း အဖြစ် တောကို မှီသင့်တယ်။ ကြီးပွားဖို့ မရှာတာတောင် တရားရှာတဲ့ အလုပ်ကိုတော့ လုပ်ရဦး မှာပဲ။ ဒီလိုလုပ်ရင် သူဟာ သူတော်ကောင်း ဖြစ်နိုင်တယ်။ တကယ်လို့ သူ့လိုလူ

လူ့ဘောင်ထဲမှာ နေရင်တော့ တကယ့်ကို အချည်းနှီးသောသူ၊ အလကားလူ ဖြစ်သွားမှာပါပဲ။

လောကမှာ အကျိုးရှိသမျှ (အကျိုးတရား တစ်ခု ဖြစ်ပေါ်တိုင်း) မှာ အကြောင်းတရား ရှိတာချည်းပဲ။ ကြိုတင် မှန်းဆလို့ မရတဲ့ မတော်တဆ ဖြစ်မှု၊ ကြုံကြိုက်မှု ဆိုတာတွေဟာလည်း သူ့အကြောင်းနှင့် သူ ဖြစ်တာချည်းပဲ။ ယခု ဒီစာကို ရေးသား ပြုစုစဉ် အခါမှာ အမေရိကန်တို့ ပစ်လွှတ်လိုက်တဲ့ အာကာသ လွန်းပျံယာဉ် ချဲလင့်ဂျာဟာ ပစ်လွှတ်ပြီး စက္ကန့် ၇၀ လောက်မှာ အာကာသထဲမှာ မီးလောင် ပေါက်ကွဲ ပျက်စီးသွားတယ်။ ဒီတော့ ဒီလွန်းပျံယာဉ်ကို ပစ်လွှတ်စဉ်က ရည်မှန်းထားတဲ့ အတိုင်း အကျိုးသင့် အကြောင်းသင့်တော့ ဖြစ်မလာဘူးပေါ့။ အာကာသကို လိုက်ပါသွားကြတဲ့ အာကာသ သူရဲတွေ အားလုံးလည်း အသက် ဆုံးရှုံးသွားကြတယ်။ ဒါက မျှော်မှန်းလို့ မရတဲ့ မတော်တဆ ဖြစ်မှုပဲ။ သို့သော် ချဲလင့်ဂျာ ဘာကြောင့် မီးလောင် ပေါက်ကွဲရသလဲ ဆိုတာကတော့ အကြောင်း ရှိရမယ်။ အဲဒီ အကြောင်းက ခု မသိသေးဘူး။ ဒီအကြောင်းကို သိအောင် ရှာရမှာပဲ။ အကျိုး တစ်ခု ရှိလာရင် အကြောင်း တစ်ခုခုတော့ ရှိရမယ်။ အဲဒီ အကြောင်းကို သိအောင် စူးစမ်း ရှာဖွေရမှာကတော့ လူ့တာဝန်ပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီလို ဖြစ်ပျက်ရတဲ့ အကြောင်းကို သိမှသာ နောင် အနာဂတ် ကာလမှာ ဒီအဖြစ်မျိုး မကြုံရအောင် ကာကွယ်နိုင်လို့ပဲ ဖြစ်ပါတယ်။ လူ့ယဉ်ကျေးမှု သမိုင်း တစ်လျှောက် လူ့ဘဝကြီး တိုးတက် ဖွံ့ဖြိုးလာတာဟာ ဒီလိုပဲ အကျိုးရှိရာ အကြောင်းရှာ လုပ်လာခဲ့ကြလို့ပဲပေါ့။

ရှေးတုန်းက ကျောက်ရောဂါတွေ ဖြစ်ခဲ့ကြတယ်။ အဲဒီ ကျောက်ရောဂါ ဘာကြောင့် ဖြစ်ရသလဲလို့ လူတွေက အကြောင်းကို ရှာကြတယ်။ နောက်တော့ ဒီအကြောင်းရှိရင် ဒီအကျိုးဖြစ်တယ် ဆိုတာကိုလည်း သိရော၊ ဒီအကြောင်း မရှိရင် ဒီအကျိုးလည်း ရှိမှာ မဟုတ်ဘူးဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ ပဋိစ္စသမုပ္ပါဒ ဝမ္မကို မြင်လာကြတယ်။ ဒီအခါ ကျောက်ထိုးဆေးတွေ ဖော်ပြီး ကုသ ကာကွယ်လိုက်ကြတာ ခုဆို ကမ္ဘာမှာ ကျောက်ရောဂါ မရှိတော့ဘူး။

ဒါကြောင့် ဘဝရဲ့ အမြင့်တန်း အမြတ်တန်းကို တက်လှမ်းကြမယ့် ရွှေတောင်တက်သမားတိုင်းဟာ အကျိုးရှိရာ အကြောင်း ရှာတတ်ရမယ်။ အခက်အခဲ ကြုံလာတယ်၊ အန္တရာယ် ကြုံလာတယ် ဆိုရင် အဲဒီ အန္တရာယ် ဖြစ်ရတဲ့ အကြောင်း၊ အခက်အခဲ ကြုံရတဲ့ အကြောင်းကို နားလည် သိမြင်အောင် လုပ်ရမယ်။ ပြီးတော့ အဲဒီ အကြောင်း မရှိအောင် ဘယ်လို လုပ်သင့်သလဲ ဆိုတာကို စဉ်းစား ဆုံးဖြတ်ရမယ်။ ဒီအကြောင်းကို ဖယ်ရှားနိုင်ရင် အဲဒီ အကျဉ်းအကျပ်ကလည်း ထွက်ပေါက် ရတော့တာပဲ။ ဒါကြောင့် ပျောက်ဆုံးနေတဲ့ အကြောင်းကို ရှာတတ်အောင် အား ထုတ်ဖို့ လိုပါလိမ့်မယ်။

သို့သော် လူတွေကို မေးကြည့်ပါ။ အကြောင်း အကြောင်း ဆိုပြီး ပြောနေကြတာ ကတော့ လွယ်ပါရဲ့။ သို့သော် အဲဒီ 'အကြောင်း' ဆိုတာ ဘာကို ဆိုတာလဲလို့ မေးကြည့်မယ်ဆိုရင် ဘယ်သူ အလွယ်တကူ ဖြေနိုင်မလဲ။

မလွယ်ပါဘူး။ ဒါဟာ လေး နက် တဲ့ ဒဿနပိုင်း ဆိုင်ရာ ပုစ္ဆာပါ။ အကြောင်း ဆိုတာ ဒါပဲလို့ ကိုင်ပြစရာမှ မရှိတာဘဲ။ ဒီတော့ အဖြေက အမျိုးမျိုး ဖြစ်လာမှာပေါ့။

'သေခြင်း' ဆိုတဲ့ အ ကျိုး တ ရား တစ်ခု ဖြစ်ပေါ်ပါတယ်။ ဒီအခါ သေခြင်းရဲ့ အကြောင်းဟာ ဘာလဲ။ ဒီမေးခွန်းကို ဘယ်လို ဖြေရမလဲ။ သေနိုင်တဲ့ အကြောင်းတွေ အများကြီး ရှိတာ ဆိုတော့ ဘာကြောင့် သေတယ် ဆိုတာကို ရှာဖွေရဦးမယ်။ ရှာတော့ ဓားထိုးခံရလို့ သေတယ်လို့ ဆိုကြပါစို့။ ဒါဖြင့် ဒီလိုပဲ ဓားထိုး ခံရပါလျက်နှင့် မသေတဲ့ လူတွေ မရှိဘူးလား၊ ရှိပါတယ်။ ဆိုလိုတာက တော့ ဓားထိုး ခံရတယ် ဆိုတာက အခြေအနေ တစ်ခုမျှသာ ဖြစ်ပါတယ်။ ဒါဟာ သေလောက်တဲ့ အကြောင်း ဟုတ်ချင်မှ ဟုတ်မယ်။ ထိုးတဲ့ ဓားကလည်း အရွယ် အစား ကြီးမားတယ်၊ ဒဏ်ရာကလည်း နက်တယ်၊ သေကွင်းသေကွက်လို့ ခေါ်တဲ့ နေရာမျိုးမှာလည်း ထိုးမိတယ်၊ ဆေးရုံ ဆေးခန်းတို့လည်း အချိန်မီ မရောက်ဘူး စတဲ့ အခြား အထောက်အပံ့ ကံအကြောင်းတရားတွေကလည်း ရှိဦးမှ သေခြင်း ဆိုတာ ဖြစ်ပေါ်လာပါတယ်။ လူတစ်ဦး ရေနစ်တယ် ဆိုရာမှာလည်း ရေမကူး တတ်ခြင်း တစ်ခုတည်းကို အကြောင်းလို့ ယိုးစွပ်လို့ မရဘူး။ ရေမကူးတတ်ဘူး၊ ရေကလည်း နစ်လောက်အောင်ကို နက်ရမယ်၊ ဘေးမှာ ဆွဲစရာ ဖောင်တို့ လှေတို့ သစ်တုံးတို့လည်း မရှိဘူး၊ ကူမယ့် ကယ်မယ့် ဆယ်မယ့် လူလည်း မရှိဘူး ဆိုတဲ့ အကြောင်းကြောင်းတွေလည်း ရှိရဦးမယ်။

လူသာမန်တွေ ထင်မြင်နေတာကတော့ အကြောင်း ဆိုတာဟာ တစ်စုံ တစ်ခုသော အဖြစ်အပျက် (အကျိုးတရား) ကို ဖြစ်ပေါ်အောင် စေ့ဆော် ဖန်တီးတဲ့ တရားလို့ ဆိုပါလိမ့်မယ်။ ဒါက အကျိုး တစ်ခု ဖြစ်ပေါ်မလာခင် ထင်ရှား ပေါ်လွင် တဲ့ အဖြစ်အပျက် တစ်ခု ဖြစ်ခဲ့တာကို ကြည့်ပြီး ရှေ့က ဖြစ်တာက အကြောင်း၊ နောက်က ဆက်တိုက် ဖြစ်လာတာက အကျိုးလို့ ဒီလိုထင်ကြတာ။ ဒီအယူအဆ ဟာ ခေတ်မီတဲ့ အယူအဆလည်း မဟုတ်ဘူး၊ သိပ္ပံနည်းကျတဲ့ အမြင်လည်း မဟုတ် ပါဘူး။ ဒီအယူအဆဟာ ဟိုရှေး ပဝေသဏီက လူတွေ ယိုးမယ်ဖွဲ့တဲ့ အယူအဆ မျိုးသာ ဖြစ်ပါတယ်။ ကြယ်တံခွန် ပေါ်လို့ စစ်ဖြစ်တာ၊ ကြယ်တံခွန် ပေါ်လို့ ဘုရင်

နတ်ရှာစံရတာ ဆိုတဲ့ အယူသီးမှုမျိုးပါ။ ဒီအယူအဆမျိုးဟာ လူပြိန်းတွေထဲမှာ ခုထိလည်း ရှိတယ်။ ကလေးတစ်ယောက် အပြင်း ဖျားနေဘယ်။ ဆရာဝန်ခေါ်ပြီး ဆေးထိုးတယ်။ ဆရာဝန်က မရတော့ဘူးလို့ ပြောတယ်။ ဒါကို ကယ်ပါဦး ဆရာ ရယ်ဆိုပြီး အတင်း ဆေးထိုးခိုင်းတယ်။ ဆရာဝန်ကလည်း လူနာရှင် စိတ်ကျေနပ် အောင် ဆေးထိုးပေးတယ်။ ခဏကြာတော့ ကလေးဟာ မှိန်းပြီး အိပ်ပျော်ရင်းက သေသွားတယ်။ ဒီတော့ ဆရာဝန် ဆေးထိုးလို့ ကလေး သေရတာလို့ ပြောလို့ ဖြစ်မလား။

သမားရိုးကျ နေ့စဉ်ဘဝမှာတော့ မီးခလုတ်ကို ဖွင့်လိုက်လို့ မီးလင်းလာ တာ တွေ့နေကျပေပဲကိုး။ ဒီတော့ မီးလင်းလာတာ မီးခလုတ် ဖွင့်တဲ့ အကြောင်း ကြောင့်လို့ ထင်နေကြပါတယ်။ ဒါ မဟုတ်နိုင်ဘူး ဆိုတာ ပညာဉာဏ် ရှိသူတွေ သိကြပါတယ်။ မီးကြိုးနှင့် မီးခလုတ်တို့ ဆက်သွယ်ထားမှုလည်း ရှိပါမှ မီးကြိုး ထဲမှာ လျှပ်စစ်ဓာတ် စီးဆင်းနေတာလည်း ရှိပါမှ၊ မီးခလုတ် ဖွင့်ခြင်း ဆိုတဲ့ ဆောင်ရွက်မှုလည်း ရှိပါမှ အကျိုးဖြစ်တဲ့ မီးလင်းမှု ဖြစ်ရတာပါ။ အကျိုးတစ်ခု ဖြစ်ပေါ်ဖို့ အတွက် ထောက်ကူအခြေအနေတွေ စုံဖို့ လိုပါတယ်။ ဗုဒ္ဓ မြတ်စွာ ဘုရားကတော့ ဒီ ထောက်ကူအခြေအနေတွေကို ပစ္စယလို့ ခေါ်ပြီး ထောက်ကူ အခြေအနေ (ပစ္စယ) ၂၄ မျိုး ရှိကြောင်း ဖော်ထုတ် ဟောကြား ထားပြီးလည်း ဖြစ်ပါတယ်။

ဒီတော့ အကျိုး တစ်စုံတစ်ရာ ဖြစ်ပေါ် လာတဲ့အခါ နီးစပ်တဲ့ကိစ္စ တစ်ရပ် ကို ဆုပ်ကိုင်ပြီး ဒါအကြောင်းပဲလို့ ဒီလိုဆုံးဖြတ်လို့ မရပါဘူး။ လူပြိန်းတွေကတော့ အကြောင်းဆိုတာ အကျိုးကို ဖန်တီးနိုင်တဲ့တရား၊ အကြောင်းထဲမှာ အကျိုးကို ထုတ်လုပ်နိုင်တဲ့ စွမ်းအား ရှိတယ်လို့ ယူဆနေကြတယ်။ ဒီအယူအဆဟာ မမှန် ကန်ဘူး ဆိုတာကို ခေတ်သိပ္ပံ ပညာရှင်တွေကရော၊ ဒဿန ဆရာကြီးတွေကပါ မြင်လာကြပါတယ်။ တချို့က ရှေ့က ဖြစ်ခဲ့တဲ့ အနီးစပ်ဆုံး အပေါ်လွင်ဆုံး အဖြစ် အပျက်ရဲ့ အကြောင်းလို့ ယိုးမယ် ဖွဲ့တတ်ကြပါတယ်။ ဆိုလိုတာက အဖြစ်အပျက် နှစ်ခုယှဉ်တွဲပြီး ဖြစ်ပေါ်လာတယ် ဆိုရင် ရှေ့က ဖြစ်တာကို အကြောင်း၊ နောက်က ဆက်တိုက် ဖြစ်လာတာကို အကျိုးလို့ ဒီလို ထင်တာပါ။ ဒီအမြင်တွေဟာ ခေတ် မမီတော့တဲ့ ရှေးအမြင်တွေသာ ဖြစ်ကြပါတယ်။

## ကြောင်းကျိုး ဆက်နွယ်မှု (သိပ္ပံ နည်းကျ အမြင်) *

ခေတ်သိပ္ပံပညာ နှင့် ခေတ်ဒဿန ပညာရှင်တွေဟာ ရှေးလူတွေ ထင်မြင်သလို သမားရိုးကျ အယူအဆ ဖြစ်တဲ့ ကြောင်းကျိုး ဆက်နွယ်မှု အမြင်ကို လက်မခံကြတော့ပါဘူး။ အကြောင်း ဆိုတာ အကျိုးတရား တစ်ခု ပေါ်ပေါက်အောင် ဖန်တီးပေးတဲ့ တရား ဖြစ်တယ်လို့ ထင်တဲ့ အထင်အမြင်ကို လက်မခံကြတော့ပါဘူး။ ခေတ်သိပ္ပံ ပညာရှင်တွေက အကြောင်းတရား အကျိုးတရား ဆိုတဲ့ ဝေါဟာရကိုတောင် သိပ်ပြီး မနှစ်သက်ကြတော့ပါဘူး။ ဒါကြောင့် သူတို့က အကြောင်း အကျိုး ဆိုတဲ့ စကားအစား 'မှီချက်ဖြင့် မှီခြင်း' (Functional dependence) ဆိုတဲ့ စကားကို သုံးလာကြပါတယ်။ (ဒီစကားကို ဗုဒ္ဓ ရှင်တော်မြတ်က 'ပဋိစ္စသမုပ္ပါဒ်' လို့ သုံးနှုန်းခဲ့ပြီး ဖြစ်ပါတယ်။) ခေတ်သစ် ဗြိတိသျှ ဒဿနဆရာကြီး တစ်ဦးဖြစ်သူ ဂျေ အက်စ် မီးလ် ဆိုသူကတော့ 'အကြောင်းတရား ဆိုတာ အကျိုးတရား တစ်ခု ဖြစ်ပေါ်ဖို့ အတွက် မရှိမဖြစ် လိုအပ်ပြီး ပြည့်စုံလုံလောက်တဲ့ အခြေအနေမျိုး ဖြစ်တယ်' လို့ ဆိုပါတယ်။ သူ့ရဲ့ အဓိပ္ပာယ် ဖွင့်ချက်ဟာ အတော်အတန် ကျယ်ဝန်း နက်ရှိုင်းတဲ့ သဘောရှိပြီး လက်သင့်ခံနိုင်ဖွယ် ရှိတဲ့ စကားမျိုးလို့လည်း ယူဆခဲ့ကြဖူးပါတယ်။ ဒီမှာ မရှိမဖြစ် လိုအပ်ချက် ဆိုတာက အကြောင်း ပျောက်ကွယ်သွားရင် အကျိုးလည်း လိုက်ပြီး ပျောက်ကွယ်သွားတဲ့ သဘောမျိုးကို ပြောတာပါပဲ။ ပြည့်စုံ လုံလောက်မှု ဆိုတာက အကြောင်း အချက်အလက်များကို စုံစေအောင် တွေ့ရတဲ့အခါ အကျိုး အချက်အလက်များကိုလည်း တွေ့ရတယ် ဆိုတဲ့ သဘောပါပဲ။ ဒီအခြေခံပေါ်မှာ တည်ပြီး မီးလ်က အကြောင်းကို လက်တွေ့ စမ်းသပ် ရှာဖွေပုံ နည်းလမ်းတွေကို ပေးပါတယ်။

သူ တင်ပြတဲ့ အကြောင်းတရား ရှာပုံရှာနည်းမှာ အဓိကကျတဲ့ တွေးမြင်ပုံ စည်းကမ်းနှစ်ချက် ပါရှိပါတယ်။ သူ ပြောတာကတော့

(၁) အကျိုး တစ်ခု ဖြစ်ပေါ်နေရာမှာ ဒီအကျိုးနှင့် ယှဉ်တွဲ ဖြစ်ပျက်ခြင်း မရှိတဲ့ တခြား ဘယ်အကြောင်းတွေကိုမှ ဒီအကျိုးရဲ့ အကြောင်း ဖြစ်တယ်လို့ မယူဆပါနှင့်တဲ့။

(၂) နောက်တစ်ချက် ကတော့ အဖြစ်အပျက် တစ်ခု ဖြစ်ပေါ်နေပြီး အဲဒီ အဖြစ်အပျက်မှာ အကျိုး တစ်စုံတစ်ရာ ဖြစ်ပေါ်လာခြင်း မရှိရင်လည်း ဒီအဖြစ်အပျက်ဟာ ဆိုခဲ့တဲ့ အကျိုးရဲ့ အကြောင်းတရား မဖြစ်နိုင်ဘူးလို့ ယူဆရမယ်တဲ့။

---

* *အခြေခံယုတ္တိဗေဒ၊ ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းနှင့် ဦးဆန်းလွင်၊ စာ ၆၁–၆၅*

ဆိုလိုတာကတော့ အဖြစ်အပျက် နှစ်ရပ်မှာ ပထမ အဖြစ်အပျက် ဖြစ်ပျက်ပြီး ဒုတိယ အဖြစ်အပျက် မဖြစ်ပျက်ရင် ပထမ အဖြစ်အပျက်ကို ဒုတိယ အဖြစ်အပျက်ရဲ့ အကြောင်းတရား ဖြစ်တယ်လို့ မဆိုနိုင်ဘူးတဲ့။ ဒီလိုပဲ ပထမ အဖြစ်အပျက် မဖြစ်ပျက်ဘဲနှင့် ဒုတိယ အဖြစ်အပျက် ဖြစ်ပျက် နေပြန်ရင်လည်း ပထမ အဖြစ်အပျက်ဟာ ဒုတိယ အဖြစ်အပျက်ရဲ့ အကြောင်းတရား ဖြစ်တယ်လို့ မဆိုနိုင်ပါဘူးတဲ့။

လူတွေဟာ အကြောင်းတရားကို ရှာဖွေကြတဲ့ အခါမှာ မဟုတ်က ဟုတ်ကတွေကို ယိုးမယ်ဖွဲ့ပြီး စဉ်းစား တွေးခေါ်တတ်လွန်းလို့ မီးလ်က သူ့ရဲ့ ထင်ရှားတဲ့ အကြောင်းတရား ရှာပုံ လက်တွေ့ စမ်းသပ်နည်းတွေကို ဖော်ထုတ်ပေးခဲ့ပါတယ်။ သူ့နည်းတွေကိုတော့ ဒီမှာ မဖော်ပြနိုင်တော့ပါဘူး။

(အကျယ် သိလိုပါလျှင် ပါမောက္ခ ဆရာ ဦးခင်မောင်ဝင်း နှင့် စာရေးသူတို့ ရေးသားတဲ့ **အခြေခံ ယုတ္တိဗေဒကျမ်း** မှာ လေ့လာနိုင်ပါတယ်။)

သူ့နည်းလမ်းတွေဟာ သိပ္ပံနည်းကျတယ်လို့ အလိုက်အလျောက် ဆိုနိုင်သော်လည်း ကျယ်ပြန့်နက်ရှိုင်းတဲ့ ကိစ္စတွေ၊ ရှုပ်ထွေးတဲ့ ကိစ္စတွေမှာတော့ သိပ်ပြီး သုံးလို့မရလို့ သိပ္ပံပညာရှင်တွေ နောက်ပိုင်းမှာ ဒီနည်းတွေကို သိပ် မကြိုက်ကြပါဘူး။

မီးလ်ဟာ သဘာဝ တရားကြီးထဲမှာ 'သဘာဝ ဆင်တူမှု နိယာမ' (Law of Uniformity of Nature)ရှိတယ် ဆိုတဲ့ အယူကို အခြေခံပြီး သူ့ရဲ့ အကြောင်းတရား ရှာဖွေနည်းတွေကို တင်ပြခဲ့တာပါ။ သူ့သဘောကတော့ သဘာဝ တရားကြီးထဲမှာ စနစ် ရှိတယ်၊ အစီအစဉ်တွေ ရှိတယ်၊ တညီတညွတ်တည်း ဖြစ်တတ်တဲ့ သဘောတွေ ရှိတယ်လို့ ရှုမြင် ယူဆတာပါ။ ဆိုလိုတာက သဘာဝတရားဟာ ပရမ်းပတာ ဖြစ်မနေဘူး။ ကမောက်ကမ ဖြစ်မနေဘူး။ သရက်ပင်က သရက်သီးပဲ သီးတယ်၊ ပိန္နဲသီး မသီးဘူး။ လူက နွား မမွေးဘူး။ သဘာဝထဲမှာ ကွဲပြားမှုတွေ အများကြီး ရှိသလို အစီအစဉ်နှင့် စနစ်တကျ တစ်သမတ်တည်း ဖြစ်နေတဲ့ တူညီတဲ့ သဘောတွေလည်း ရှိတယ်လို့ ဆိုလိုပါတယ်။ လူဟာ တခြား သတ္တဝါတွေ အားလုံးနှင့်လည်း ခြားနားတယ်၊ ကွဲပြားတယ်။ လူတစ်ယောက်ချင်းလည်း ကွဲပြားမှုတွေ ရှိတယ်။ ဒါပေမယ့် လူတိုင်း လူတိုင်းမှာ သဘာဝအားဖြင့် ဆင်တူမှုတွေ ရှိနေတာကိုတော့ မငြင်းနိုင်ပါဘူး။ ဒီလို သဘာဝမှာ တူညီစွာ တညီတညွတ်တည်း ဖြစ်တတ်တဲ့ ညီညွတ်မှုသဘော ရှိနေလို့သာ လူမှာ အနာဂတ်ကို ကြိုတင် သိမြင် ဟောကြားနိုင်ခွင့်တွေ ရှိနေတာပါပဲ။

သိပ္ပံ ပညာရှင်တွေဟာ နည်းပေါင်းစုံနှင့် အနာဂတ်ကို ကြိုသိဖို့ ကြိုးစားနေကြပါတယ်။ ဒီလို ကြိုးစားရာမှာ လွယ်လွယ် ပြောရရင်တော့ အခြင်းအရာတွေကို ထောက်ချင့်ပြီး ကြိုတင် သိမြင်နိုင်ဖို့ ကြိုးစား လာခဲ့ကြတာပါပဲ။ ကြာရိုး ကြာစွယ်ကို ကြည့်ပြီး ရေ အတိမ်အနက်ကို သိခဲ့ကြတယ်။ မျက်နှာ အမူအရာ၊ မျက်လုံး

အကြည့်တွေကို ကြည့်ပြီး လူ့စိတ်တွေကို သိခဲ့ကြတယ်။ သဘာဝ ဆင်တူမှု ဆိုတာမျိုး လူမှာလည်း စရိုက် ဆင်တူမှုတွေ ရှိတယ်။ ဘယ်လို စရိုက်မျိုး ရှိတဲ့ လူဟာ ဘယ်လို ပြုမူတတ်တယ် ဆိုတာကိုလည်း သိခွင့် သိလမ်း ရှိပါတယ်။ သို့သော် ဒီလို အနာဂတ်ကို ကြိုတင် ခန့်မှန်း သိမြင်တာ အားလုံးဟာ (ဘုရားမှ တစ်ပါး) ဘယ်လို လူသားမှ ဧကန္တအားဖြင့် မသိပါဘူး။ ဖြစ်တန်ရာသည် ဆိုတဲ့ အနေကန္တအားဖြင့် အများအားဖြင့် ဖြစ်တတ်တယ် ဆိုတဲ့ သဘောမျှ သိခြင်းသာ ဖြစ်ပါတယ်။

သို့သော် လုံးဝ မသိတာထက် စာရင် နည်းနည်းသိသိ သိသမျှ ကောင်း တယ်လို့ ဆိုသင့်ပါတယ်။ မျက်စိ လုံးလုံး ကန်းတာနှင့် စာရင် တစ်ဖက်မြင်လည်း အကျိုး ရှိတယ်လို့ ဆိုရပါမယ်။ ဒါကြောင့် ဘဝ ရွှေတောင်တက်သူဟာ အကျိုး တစ်ခုကို ရင်ဆိုင် တွေ့ရတဲ့အခါတိုင်း အကြောင်းမဲ့ ဖြစ်တယ်လို့ မထင်သင့်ဘူး။ ဒီအကျိုးရဲ့ အကြောင်းကို မသိသိအောင် ကြိုးစားပြီး ဖြေရှင်းဖို့ ကြိုး စား ရ ပါ လိမ့်မယ်။

□

## ကဏ္ဍ [ကိုး]

# အောင်မြင်ခြင်း အဓိပ္ပာယ်နှင့် အောင်မြင်ခြင်း၏ နည်းပရိယာယ်များ

- အောင်မြင်သူ 'ဗီနှ'
- အတွင်းအောင်ခြင်း နှင့် အပြင်အောင်ခြင်း
- အောင်မြင်စွာ အသက် ရှင်နေရေး
- အပြင်အောင်မြင်ရေး နည်းပရိယာယ်များ
- နည်းပရိယာယ် နှင့် အချိန်၏ အဆုံးအဖြတ်များ
- မယုတ်မလွန် အကျင့်မှန်မှ
- အောင်မြင်ခြင်း ၏ အဖျက်အဆီးများ
- အောင်မြင်ခြင်း နှင့် လျှို့ဝှက်ခြင်း
- ပလ္လတွင်းထွက် ခြတွင်းထွက် အသက် မရှည်ရာ

## အောင်မြင်သူ 'ဇိန'

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန် လပြည့်နေ့မှာ သုံးလောကထွတ်ထား မြတ်စွာဘုရားဟာ သတ္တသတ္တာဟ (တစ်ဌာနတွင် ခုနစ်ရက်စီ ခုနစ်ဌာန) စံနေပြီးတဲ့နောက် မိဂဒါဝုန်တောမှာ နေကြတဲ့ ပဥ္စဝဂ္ဂီ ငါးဦးတို့ကို တရားဦး ဓမ္မစကြာကို ဟောဖို့ ကြွသွားတော် မူပါတယ်။ လမ်းခရီးဖြစ်တဲ့ မဟာဗောဓိနှင့် ဂယာသီသ အကြားမှာ ဥပက အမည်ရှိတဲ့ တက္ကတွန်းနှင့် ဆုံတွေ့ကြပါတယ်။ ဒီအခါ ဥပက က

'ငါ့ရှင်၊ သင်ရဲ့ ဣန္ဒြေဟာ နှစ်လိုကြည်ညိုဖွယ် ရှိလှပါတယ်၊ သင်ဟာ ဘယ်သူ့ကို ရည်မှန်းပြီး ရဟန်း ပြုပါသလဲ၊ သင့်ဆရာဟာ ဘယ်သူလဲ၊ သင့် နာမည်ကကော ဘာလဲ' လို့ မေးတယ်။

မြတ်စွာဘုရားက

'ချစ်သား ဥပက၊ ငါဟာ တရား အလုံးစုံကို လွှမ်းမိုး သိမြင်ပြီးသူလည်း ဖြစ်တယ်၊ တရား အားလုံးကို ငြိတွယ်ခြင်း အလျှင်းမရှိဘဲ စွန့်ပယ်နိုင်ပြီး ဖြစ်လို့ လွတ်မြောက်သူလည်း ဖြစ်တယ်၊ ငါကိုယ်တိုင် တရား အားလုံးကို ထိုးထွင်း သိမြင်ခဲ့သူလည်း ဖြစ်တယ်၊ ဒီတော့ ငါဟာ ဘယ်သူ့ကို ဆရာလို့ ရည်ညွှန်းပြီး ပြောရမှာလဲ။ *

'ချစ်သား ဥပက၊ ငါဟာ ငါးပါးသော မာရ်ကို ပယ်လှန် အောင်မြင်ပြီး ဖြစ်လို့ ငါ့အမည်ကို အနန္တဇိန လို့ ခေါ်တယ်' လို့ ဖြေတော်မူတယ်။

ဇိနတ္ထ ပကာသနီကျမ်း နိဒါန်းကို ရေးသားသူ ဆရာကြီး ဦးထွန်းလှိုင် (ဝိနယ ပါရဂူ) က 'ဇိန' ပုဒ်ကို အဓိပ္ပာယ် ဖွင့်ပေးပါတယ်။ ဘယ်လို ဖွင့်သလဲ ဆိုတော့

'ဇိန ပါဠိကို သဒ္ဒတ္ထ မြန်မာပြန်လိုမူ အောင်နိုင်သူ၊ အောင်ပွဲရှင် ဟု ပြန်သင့်ပေသည်' ** လို့ ဆိုထားပါတယ်။ ဆရာကြီးက ဆက်ပြီး ဇိန ဆိုတဲ့ ပါဠိဝေါဟာရဟာ အောင်နိုင်သူ ဆိုတဲ့ အနက် အဓိပ္ပာယ်ကို ဆောင်နေတယ် ဆိုတော့ ဘာတွေကို အောင်နိုင်သလဲလို့ မေးဖွယ် ရှိပါတယ်တဲ့။ အဖြေကတော့ မာရ်ငါးပါးနှင့်တကွ အောင်သင့် အောင်ထိုက်တာ မှန်သမျှကို အောင်တော်မူတယ် လို့ ဖြေရမယ်တဲ့။

'မာရ်' ဆိုတာ ဘာလဲလို့ ဆိုတော့ သတ်ဖြတ် ညှဉ်းဆဲတတ်တဲ့ တရား၊

---

** ဝိနည်း မဟာဝါ (ဇိနတ္ထ ပကာသနီ)၊ စာ ၄၆*

*** ဇိနတ္ထ ပကာသနီကျမ်း (သာသနာရေးဦးစီး)၊ နိဒါန်း*

သတ်ဖြတ် ညှဉ်းဆဲတတ်တဲ့ ပုဂ္ဂိုလ်ကို ခေါ်တာ ဖြစ်ပါတယ်။ ကျမ်းဂန်မှာ မာရ်ငါးပါးကို ပြပါတယ်။ အဲဒီ မာရ်ငါးပါးကတော့

(၁) ခေဝပုတ္တမာရ် – မာရ်နတ်သား၊

(၂) ကိလေသာမာရ် – ၁၅၀၀ ကိလေသာ အကုသိုလ်တရားများ၊

(၃) အဘိသင်္ခါရမာရ် – ပြုလုပ် စီရင်တတ်တဲ့ လောကီကုသိုလ်ကံ၊ အကုသိုလ်ကံ တရားများ၊

(၄) ခန္ဓာမာရ် – လောကီ ခန္ဓာငါးပါး တရားစု၊

(၅) မစ္စုမာရ် – သေခြင်းတရားများ ဖြစ်ပါတယ်။

ဒီဓိနပုဒ် အဓိပ္ပာယ် ဖွင့်ဆိုချက်အရ 'အောင်မြင်ခြင်း' ဆိုတာ ဘာလဲလို့ မေးရင် 'သတ်ဖြတ် ညှဉ်းဆဲတတ်တဲ့ အတွင်းရန် အပြင်ရန်တွေကို နှိမ်နင်းပြီး ထိုရန်တွေက လွတ်မြောက်မှု ချမ်းသာကို ရခြင်းပဲ' လို့ ဆိုသင့်တယ် ထင်ပါတယ်။

## အတွင်းအောင်ခြင်း နှင့် အပြင်အောင်ခြင်း

နီတိကျမ်းများမှာတော့ အလိုရှိအပ် နှစ်သက်အပ်တဲ့ အကျိုးကို ရရှိအောင် စွမ်းဆောင်နိုင်ခြင်း သဘောကို အောင်မြင်ခြင်းလို့ ခေါ်ကြောင်း ဖော်ပြကြပါတယ်။

လောကမှာ လူတွေဟာ ယှဉ်ပြိုင် နေကြရတာလည်း ရှိပါတယ်။ တစ်ခုခုကို ပြီးမြောက်အောင် ဆောင်ရွက်နေရတာတွေလည်း ရှိပါတယ်။ ယခုကာလ အသက်မွေးမှု အလုပ်အကိုင် တစ်ခု ရရှိဖို့ အတွက် လူပေါင်းများစွာ တိုးဝှေ့ယှဉ်ပြိုင် နေကြရပါတယ်။ လူတစ်ရာထဲက လူတစ်ယောက်ကို ရွေးချယ်မှာ ဆိုတော့ မိမိမှာ ရှိတဲ့ ကိုယ်ရည်ကိုယ်သွေးတွေကို စမ်းသပ် စစ်ဆေး ခံကြရပါတယ်။ လူတစ်ရာထဲက မိမိက ထူးထူးချွန်ချွန် အရည်အသွေး ပြနိုင်တဲ့လူဟာ ကိုယ်ရည်မှန်းတဲ့ ရာထူးကို ရကြပါတယ်။ ဒီလို မျှော်မှန်းတဲ့အတိုင်း ရာထူးရခြင်း၊ စာမေးပွဲ အောင်မြင်ခြင်း၊ အားကစား ပြိုင်ပွဲတွေမှာ အနိုင် ရခြင်းတွေကိုလည်း လူတွေက အောင်မြင်တယ်လို့ ဆိုကြပါတယ်။

ဒီနေရာမှာ စိတ်ပိုင်းဆိုင်ရာ လျှို့ဝှက်ချက် တစ်ခု ရှိတယ် ဆိုတာကို သတိပြုစေချင်ပါတယ်။ ဒါက ဘာလဲလို့ ဆိုတော့ 'အောင်မြင်ခြင်း' ဟာ အရည်အချင်း (ဝါ) ကိုယ်ရည်ကိုယ်သွေး ဆိုတဲ့ စကားနှင့် ဆက်စပ်နေတယ် ဆိုတဲ့ အချက်ပါပဲ။

လောကရဲ့ အဖြောင့်သဘော အရ (တရားသဖြင့်) တွေးခေါ်ကြရာမှာတော့ ကိုယ်ရည်ကိုယ်သွေး ပြည့်စုံသူတွေဟာ အောင်နိုင်သူတွေ ဖြစ်ကြတာပါပဲ။ ကမ္ဘာ့ အိုလံပစ် ပွဲကြီးတွေလို နေရာမျိုးမှာ ယှဉ်ပြိုင်နေတဲ့ အားကစား သမားတွေဟာ အောင်မြင်မှုကို သူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေးတွေနှင့် ရင်းနှီးပြီး ရယူဖို့ ကြိုးပမ်းသူတွေ ဖြစ်ကြပါတယ်။

စာမေးပွဲ ဂုဏ်ထူး ရသူတွေဟာလည်း ကိုယ်ရည် ကိုယ်သွေး ထူးချွန် ထက်မြက်သူတွေ၊ ဉာဏ်ကောင်းသူတွေသာ ဖြစ်ကြပါတယ်။ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးတွေ အဖြစ် လူ့လောကမှာ ထွန်းပြောင် အောင်မြင်ခဲ့သူတွေဟာလည်း သူတို့မှာ လူသာမန်တွေထက် ထူးကဲတဲ့ ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသူတွေ ဖြစ်ကြပါတယ်။ အရည်အချင်း မရှိသော်လည်း အကပ်အရပ် အကွေ့အကောက်ပါတဲ့ စဉ်းလဲတဲ့ နည်းတွေနှင့်၊ တချို့ကိစ္စတွေမှာ အောင်မြင်မှုကို ဝယ်ယူကြတာမျိုးတွေ ရှိတတ်ကြပါတယ်။ သို့သော် အရည်အချင်း မရှိဘဲ အောင်မြင်နေတယ်လို့ ထင်ရသူတွေရဲ့ ဘဝဟာ မိမိ ကိုယ်စွမ်းဉာဏ်စွမ်း အလျောက် ဖြစ်တာ မဟုတ်ပါဘူး။ သူတို့ဟာ သူတို့ကို မစထားသူတွေ အပေါ်မှာ အစဉ် မှီခိုနေရတဲ့ နွယ်ပင်လို လူတွေပါ။ သူတို့ဘဝက စစ်မှန်တဲ့ လောကီ အောင်မြင်မှုမျိုး မဟုတ်တဲ့အတွက် စိတ်မချရပါဘူး။ သူတို့ဟာ အစဉ် စိုးရိမ်ကြောင့်ကြ ဗျာပါဒနှင့်သာ အသက်ရှင် နေရသူတွေ ဖြစ်ပါတယ်။ အခြေအနေ တစ်ခုခု ပြောင်းလဲသွားရင်ပဲ ဖြစ်ဖြစ်၊ သူတို့ မှီတွယ်နေတဲ့ သစ်ပင် လဲကျ သွားရင်ပဲ ဖြစ်ဖြစ် သူတို့ရဲ့ အောင်မြင်မှု အတုအယောင်ဟာလည်း မြေပေါ်မှာ ဖုန်လူးသွားမှာပါပဲ။ ဒီလို မတရားရတဲ့ အောင်မြင်မှုမျိုးကို မထိုက်တန်တဲ့ အရာ၊ မတရားတဲ့ အရာ ဖြစ်လို့ လူသား တစ်ရပ်လုံးက ထာဝရ အမုန်းနှင့် တုံ့ပြန်ပါတယ်။ ဒါကြောင့် သူတို့ဟာ တကယ်တမ်း အောင်မြင်သူတွေ မဟုတ်ကြပါဘူး။

အမှန်ကတော့ မိမိရဲ့ အရည်အသွေး အလျောက် ယှဉ်ပြိုင် ရရှိခဲ့တဲ့ အောင်မြင်မှုဟာလည်း အပြင်အောင်မြင်မှုပဲ ဖြစ်ပါတယ်။ လက်ဝှေ့ ကြိုးဝိုင်းထဲမှာ အနိုင် ရရှိခဲ့တဲ့ လက်ဝှေ့ ချန်ပီယံဆုဟာ ပြန်လည် ဆုံးရှုံးနိုင်တဲ့ အောင်မြင်မှုမျိုးပါ။ စစ်ပွဲမှာ မိမိတို့ဘက်က လူအား လက်နက်အား စစ်ပရိယာယ်အား သာလို့ အနိုင် ရရှိခဲ့တဲ့ အောင်မြင်မှုတွေဟာလည်း အချိန်မရွေး ကိုယ့်ထက် အင်အား စွမ်းရည် သာလွန်သူနှင့် တွေ့ရင် ပြန်လည် ဆုံးရှုံးသွားမယ့် အောင်မြင်မှုမျိုး ဖြစ်ပါတယ်။ ဒါကြောင့် ဒီလို အောင်မြင်မှုမျိုးကို ချီးမွမ်းအပ်တဲ့ အောင်မြင်မှုလို့ မထင်အပ်ကြောင်း မြတ်ဗုဒ္ဓ ဟောကြားတော် မူခဲ့ပါတယ်။

မြတ်စွာဘုရားဟာ ဘဝ တစ်ခုမှာ ကုဒါလ ပဏ္ဍိတ ဆိုတဲ့ အမည်နှင့်လူ ဖြစ်ခဲ့ဖူးပါတယ်။ အဲဒီ ဘဝတုန်းက ကုဒါလ ပဏ္ဍိတဟာ သာသနာတော် အပြင်ဘက်မှာ ရသေ့ရဟန်း ပြုပြီး ရှစ်လပတ်လုံး ဟိမဝန္တာ တောအရပ်မှာ သွားပြီး တရား အားထုတ်ပါတယ်။ မိုးဦးကျလို့ မိုးရွာပြီး မြေတွေ စိုစွတ်နေတာကို မြင်ပြီဆိုရင် ကုဒါလ ပဏ္ဍိတဟာ သူ့အိမ်မှာ ထားခဲ့တဲ့ ပြောင်း မျိုးစေ့တွေနှင့် ပေါက်တူး တစ်လက်ကို သတိရတယ်။ သူ့စိတ်ထဲမှာ ဒီပြောင်းစေ့တွေ အလဟဿ ဖြစ်ကုန်တော့မှာပဲ ဆိုတဲ့ ကြောင့်ကြက ဝင်လာတယ်။ ဒီတင် လူထွက်ပြီး ပြောင်းခင်း သွားလုပ်တယ်။ ပြောင်းတွေ သီးမှည့်တဲ့ အခါကျတော့ ရိတ်သိမ်းပြီး မျိုးစေ့

တစ်ထုပ်နှင့် ပေါက်တူးကို သိမ်းဆည်းကာ ဟိမဝန္တာမှာ ရသေ့ သွားလုပ်ပြန်တယ်။ ဒီလို ရသေ့လုပ်လိုက်၊ အိမ်ပြန်ပြီး ပြောင်းခင်းလုပ်လိုက် နေခဲ့တာ ခုနစ်နှစ် ကြာတယ်။ ခုနစ်နှစ် ကြာတော့ သူ ဆင်ခြင်တယ်။ 'ငါဟာ ဒီပြောင်းမျိုးစေ့နှင့် ပေါက်တူးစုတ်ကို ခင်တွယ်နေတာပဲ၊ ဒါကြောင့် ငါဟာ ရသေ့ဝတ်လိုက် လူထွက်လိုက်နှင့် မဖွယ်မရာ လုပ်နေမိတယ်၊ ဒီပေါက်တူးကို ငါစွန့်မှ အတွယ်အတာ ကင်းတော့မယ်' လို့ မြင်လာတယ်။ ဒီတင် ကုဒါလ ပဏ္ဍိတဟာ ပြောင်းစေ့ထုပ် နှင့် ပေါက်တူးကို ယူပြီး ဂင်္ဂါမြစ်ထဲ စွန့်ပစ်လိုက်တယ်။ စွန့်ပစ်တဲ့ အချိန်မှာလည်း သူ့မျက်စိကို မှိတ်ထားတယ်။ မတော်လို့ မြင်နေရင် ဆင်းဆယ်နေမိမှာ စိုးလို့။

အတန်ကြာမှ မျက်စိကို ဖွင့်ကြည့်တော့ ပေါက်တူးနှင့် ပြောင်းစေ့ထုပ်ကို မတွေ့ရတော့ဘူးပေါ့။ ဒီတင် ကုဒါလ ပဏ္ဍိတ နှုတ်က 'ဇိတံ မေ၊ ဇိတံ မေ' (ငါ အောင်ပြီ၊ ငါ အောင်ပြီ) လို့ ဟစ်ကြွေးလိုက်တယ်။

ဒီအချိန်မှာ ဗာရာဏသီ မင်းကြီးလည်း အဲဒီ မြစ်ဆိပ်မှာ ရေချိုးဆင်းလာတာနှင့် ကြုံတယ်။ ဗာရာဏသီမင်းက စစ်ပွဲ သွားတိုက်ပြီး အောင်မြင်လို့ ပြန်လာတာ။ ကုဒါလက 'ငါ အောင်ပြီ၊ ငါ အောင်ပြီ' ဆိုတော့ ဘုရင်က ငါလည်း စစ်ပွဲမှာ အောင်ပြီး ပြန်လာတာ၊ ဒီလူ ဘာကို အောင်ပြီ ပြောတာလဲ ဆိုပြီး 'ဟေ့ လူ၊ သင်က ငါ အောင်ပြီ ဆိုတာ ဘာကို ပြောတာလဲ၊ ငါလည်း ခုပဲ စစ်ပွဲမှာ ရန်သူကို အောင်ပြီး ပြန်လာတာ' လို့ မေးတယ်။

ကုဒါလပဏ္ဍိတက 'မင်းကြီး၊ အရှင်မင်းကြီး ကတော့ မိမိရဲ့ ကိုယ်အပက အပြင်ရန်သူကို အောင်မြင်ပြီး ပြန်လာတာ၊ ယခု အရှင်မင်းကြီး ရလာတဲ့ အောင်မြင်ခြင်းဟာ အောင်မြင်ခြင်း အစစ် မဟုတ်ဘူး၊ အကျွန်ုပ်မှာတော့ အတွင်း အဇ္ဈတ္တ ရန်သူကို အောင်အပ်တာ ဖြစ်ပါတယ်၊ အကျွန်ုပ်ရဲ့ အတွင်း ရန်သူတွေကတော့ အကျွန်ုပ်ကို နောက်ထပ်တစ်ဖန် ပြန်ပြီး နိုင်တော့မှာ မဟုတ်ဘူး၊ အဲဒီလို မိမိကို နောက်တစ်ဖန် ပြန်ပြီး မနိုင်နိုင်တဲ့ အောင်မြင်မှုမျိုးသာ အလွန်အကျူး ကောင်းမြတ်ပေတယ် အရှင်မင်းကြီး' လို့ ပြန်ဖြေလိုက်တယ်။ *

နတံဇိတံ သာဓုဇိတံ
ယံ ဇိတံ အဝဇီယတိ
တံခေါဇိတံ သာဓုဇိတံ
ယံဇိတံ နာဝဇီယတိ။

ဆိုတဲ့ ဂါထာနှင့် ဓမ္မပဒမှာ မြတ်စွာဘုရားက မြတ်သော အောင်မြင်မှုကို အဓိပ္ပာယ် ဖွင့်ဆိုတော် မူပါတယ်။ ပါဠိတော် အနက်ကတော့

'အကြင် အောင်ခြင်းကို သူတစ်ပါးတို့က တစ်ဖန်ပြန်၍ အောင်အပ်၏။

---

* *ဓမ္မပဒ၊ စိတ္တဝဂ်၊ စိတ္တဟတ္ထ မထေရ်ဝတ္ထု*

ထိုအောင်ခြင်းသည် ကောင်းသော အောင်ခြင်း မဟုတ်။ အကြင် အောင်ခြင်းသည် နောက်ထပ်တစ်ဖန် ပြန်၍ အောင်ခြင်း မရှိ။ စင်စစ် ထို အောင်ခြင်းသည်သာ ကောင်းသော အောင်ခြင်း မည်ပေ၏' တဲ့။

မြတ်ဗုဒ္ဓရဲ့ အလိုတော်ကတော့ လူရဲ့ ဗဟိဒ္ဓ သဏ္ဍာန်မှာ ဖြစ်တဲ့ အပြင် အောင်ခြင်းတွေကို မြတ်သော အောင်ခြင်းလို့ မယူဘူး။ အတွင်း အဇ္ဈတ္တ သန္တာန်မှာ ဖြစ်တဲ့ ကိလေသာ ၁၀ ပါး အကုသိုလ် တရားတွေကို သုတ်သင် နှိမ်နင်းနိုင်ခြင်း ကိုသာ မြတ်သော အောင်ခြင်း အဖြစ် လက်ခံတော် မူပါတယ်။

ကိလေသာဆယ်ပါး ဒုစရိုက်တရား ဆိုတာတွေဟာ သတ္တဝါတို့ကို ညှဉ်းဆဲ နှိပ်စက်ပြီး ညစ်နွမ်း ပင်ပန်းအောင် လုပ်တဲ့ တရားတွေပဲ။ ဒီတရားတွေဟာ သတ္တဝါ တို့ရဲ့ ကိုယ်ရော စိတ်ကိုပါ ပူးကပ် နှိပ်စက်တတ်တဲ့ အတွက် ပညာရှိများက ဒီ တရားတွေကို အတွင်းရန်သူတွေလို့ သတ်မှတ်ကြပါတယ်။ ဒါတွေက ဘာတွေလဲ ဆိုတော့

(၁) လိုချင် တပ်မက်မှု ဆိုတဲ့ (လောဘ) တွေ၊
(၂) ကြမ်းကြုတ်မှု ပြစ်မှားမှု ဆိုတဲ့ (ဒေါသ) တွေ၊
(၃) အမှန်မသိ မိုက်မဲမှု ဆိုတဲ့ (မောဟ) တွေ၊
(၄) ထောင်လွှား တက်ကြွမှု ဆိုတဲ့ (မာန) တွေ၊
(၅) အတွေးအမြင် အယူအဆ လွဲမှားမှု ဆိုတဲ့ (ဒိဋ္ဌိ) တွေ၊
(၆) ဒွိဟဖြစ်ပြီး မှန်မှန်ကန်ကန် မဆုံးဖြတ်နိုင်မှု ဆိုတဲ့ (ဝိစိကိစ္ဆာ) တွေ၊
(၇) ပျင်းရိ ထိုင်းမှိုင်း လေးလံမှု ဆိုတဲ့ (ထိန) တွေ၊
(၈) မငြိမ်မသက် လှုပ်ရှား ပျံ့လွင့်မှု ဆိုတဲ့ (ဥဒ္ဓစ္စ) တွေ၊
(၉) မကောင်းမှုလုပ်ဖို့ မရှက်ခြင်း ဆိုတဲ့ (အဟိရိက) တွေ၊
(၁၀) မကောင်းမှုလုပ်ဖို့ မကြောက်ခြင်း ဆိုတဲ့ (အနောတ္တပ္ပ) တွေပဲ ဖြစ်ပါတယ်။

ဒီအတွင်းရန် ဖြစ်တဲ့ အကုသိုလ် ဒုစရိုက် တရားတွေကို နှိမ်နင်းနိုင်ခြင်း ကိုသာ မြတ်သော အောင်မြင်မှုလို့ ဆုံးဖြတ်တော် မူသော်လည်း မြတ်စွာဘုရားဟာ ဇိန ဆိုတဲ့ ဘွဲ့နှင့်အညီ အောင်သင့် အောင်ထိုက်တဲ့ အပြင်ရန် အောင်မြင်မှုတွေကို လည်း အောင်သင့်ကြောင်း ချီးမွမ်းတော်မူပါတယ်။

အောင်သင့်တဲ့ ရန်သူတွေ ဆိုတာကတော့

(၁) ပြိုင်ဆိုင်ယှဉ်တု အနိုင်လုတဲ့ ရန်သူလည်း တစ်ပါး၊
(၂) ဆန့်ကျင်နှောင့်ယှက် နှိပ်စက်ညှဉ်းဆဲတဲ့ ရန်သူလည်း တစ်ပါး၊
(၃) ထိခိုက်ဖျားနာ မကျန်းမာ ရောဂါဘေးဒဏ်ဆိုတဲ့ ရန်သူလည်းတစ်ပါး၊
(၄) မရှိဆင်းရဲ မွဲတေခြင်း ရန်သူလည်း တစ်ပါးတို့ ဖြစ်ကြပါတယ်။

လောကမှာ လူသတ္တဝါ မှန်သမျှဟာ ဘယ်လိုပင် မတွေ့လို မမြင်လို

ရင်မဆိုင်လိုပါဘူးလို့ ဆုတောင်းသော်လည်း ဆုတောင်း မပြည့်နိုင်တာကတော့ 'ရန်သူ' အမျိုးမျိုးနှင့် ရင်ဆိုင်နေရခြင်းပဲ ဖြစ်ပါတယ်။ ရန်သူဆိုတာက မိမိရဲ့ အကျိုးကို ပျက်စီး ဆုံးရှုံးအောင် နစ်နာအောင် ပြုလုပ်သူ၊ ပြုလုပ်ခြင်း အဖြစ် အားလုံးကို ခေါ်တာပါပဲ။

အဲဒီ ရန်သူတွေဟာ ယှဉ်ပြိုင်ပြီး အနိုင်လုတဲ့သူတွေ၊ နှောင့်ယှက် ဖျက်ဆီး ညှဉ်းဆဲသူတွေ၊ ဂုဏ်သိက္ခာ ကျဆင်းအောင်၊ ထိခိုက် နစ်နာအောင်၊ ခန္ဓာကိုယ် ချည့်နဲ့အောင်၊ ဘေးဆိုး အန္တရာယ်ဆိုးနှင့် ကြုံအောင် လုပ်သူတွေ နှင့် မရှိဆင်းရဲ မွဲတေခြင်း အားလုံးဟာ ပျက်စီးစေတတ်တဲ့ သဘောတွေချည်း ဖြစ်လို့ ရန်သူတွေ ချည်းပါပဲ။

မြတ်စွာဘုရားဟာ သစ္စက ပရိဗိုဇ်၊ ဒိဋ္ဌိဘုရားများနှင့် ဗကဗြဟ္မာ စတဲ့ ယှဉ်ပြိုင် အနိုင်လုသူတွေကို နည်းပရိယာယ် အမျိုးမျိုးနှင့် နှိမ်နင်းပြီး အောင်နိုင် တော်မူပါတယ်။

ပြီးတော့ ဆန့်ကျင် နှောင့်ယှက် အသရေဖျက် ညှဉ်းဆဲ နှိပ်စက်တဲ့ နန္ဒော ပနန္ဒ နဂါး၊ အင်္ဂုလိမာလ၊ အာဠဝက ဘီလူး၊ ဒေဝဒတ်၊ စိဉ္စမာန စသူတွေရဲ့ ရန်ကိုလည်း နည်းအမျိုးမျိုးနှင့် နှိမ်နင်းပြီး အနိုင်ရ အောင်မြင်တော် မူပါတယ်။

လူသားတွေဟာ ခေတ် အဆက်ဆက်မှာ မြတ်စွာဘုရားသော်မှ မရှောင် လွှဲသာ ရင်ဆိုင်တော် မူခဲ့ရတဲ့ ရန်သူ အမျိုးမျိုးကို ရင်ဆိုင် နေကြရဦးမယ် ဆိုတာ ယုံမှားဖို့ အကြောင်း မမြင်ပါ။ ဆင်းရဲမွဲတေခြင်း ရန်သူ၊ ဘေးအန္တရာယ် (ငတ်မွတ် ခြင်း၊ ရေဘေး၊ မီးဘေး၊ လေဘေး) စသည်တွေနှင့် အနာရောဂါ ရန်တွေကိုလည်း မလွှဲသာ မရှောင်သာ ရင်ဆိုင် နေကြရဦးမှာပါပဲ။ အဲဒီ ရန်သူတွေကို အောင်မြင်ဖို့ အရေးဟာ မျက်မှောက် လူသားတွေ အဖို့တော့ (အမြတ်ဆောင် အောင်မြင်ခြင်း မဟုတ်သော်လည်း) အဓိကလိုအပ် နေဦးမှာပါပဲ။

## အောင်မြင်စွာ အသက်ရှင် နေရေး

အဆမတန် ကြီးမားလှတဲ့ အပြိုင်အဆိုင် သဘောတွေနှင့် အကျပ်အတည်း အခက် အခဲ ဆိုတဲ့ ဖိစီးမှုတွေ များပြားလှတဲ့ မျက်မှောက် ကမ္ဘာကြီးထဲမှာ အသက်ရှင် နေကြရတဲ့ လူသားတိုင်း အဖို့ 'အောင်မြင်စွာ အသက်ရှင် နေနိုင်ရေး' ကိစ္စဟာ အထူး သိဖို့ လိုတဲ့ ကိစ္စ တစ်ရပ် ဖြစ်တယ်လို့ ထင်ပါတယ်။

ဒီနေရာမှာ ကြိုကြိုတင်တင် ပြောချင်တာကတော့ 'အောင်မြင်စွာ အသက် ရှင် နေနိုင်ရေး' ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို မှန်မှန်ကန်ကန် နားလည် သဘော ပေါက်ဖို့ လိုတဲ့အပြင် မှားယွင်းတဲ့ အတွေးအမြင်တွေကို ဖယ်ရှားနိုင်ဖို့လည်း လို တယ် ဆိုတာကို ပြောချင်ပါတယ်။

ရုပ်ဝတ္ထု ပစ္စည်းတွေ ဖြစ်ထွန်းလာပြီး ပစ္စည်း ပြည့်စုံမှုကို ဘဝရဲ့ အောင်မြင်မှုလို့ ပြောရင်တော့ ဒီခေတ်လောက် ပစ္စည်းမျိုးစုံ ဖြစ်ထွန်း အောင်မြင်တာ လူ့သမိုင်းမှာ ရှေးတုန်းက ဘယ်ရှိခဲ့ပါ့မလဲ။

ခေတ်အဆက်ဆက်မှာ လူတွေဟာ အောင်မြင်စွာ အသက်ရှင် နေနိုင်ရေး အတွက် ကြွယ်ဝမှုတွေ၊ တိုးတက် ဖွံ့ဖြိုးမှုတွေကို မရှာဘဲ နေခဲ့ကြတယ်လို့တော့ မဆိုနိုင်ပါဘူး။ ရုပ်ဝတ္ထု ပစ္စည်းတွေ ကြွယ်ဝမှု၊ တိုးတက်မှု အတွက် လူတွေ ကြိုးပမ်းခဲ့ကြတာ အမှန်ပါပဲ။ ဒါပေမယ့် ရှေးခေတ် ကတည်းက လူသားတွေဟာ အောင်မြင်ခြင်း ဆိုတဲ့ လူ့တန်ဖိုး တစ်ရပ်ကို ရုပ်ဝတ္ထု ပစ္စည်းတွေနှင့် မသတ်မှတ် ခဲ့ကြဘဲနှင့် အကျင့်သီလတွေ အပေါ်မှာ မူတည်ပြီးသာ သတ်မှတ် ခဲ့ကြတာကို လည်း အထင်အရှား တွေ့ကြရပါတယ်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ အတွင်း အောင်နိုင်ခြင်း ဆိုတဲ့ တရားဟာလည်း အကုသိုလ် ပယ်ရှားရေး၊ ကုသိုလ် ပွားများရေး ဆိုတဲ့ ကိုယ်ကျင့် တရားတွေ အပေါ်မှာ အခြေစိုက်ပြီး ဟောကြားတော်မူခြင်းပဲ ဖြစ်ပါတယ်။

ကွန်ဖြူးရှပ် ခေါ်တဲ့ တရုတ် ပညာရှိကြီးကလည်း 'လူတော် လူမြတ် တို့သည် မိမိ၏ အကျိုးစီးပွားကို လိုသော် သူတစ်ပါး၏ အကျိုးစီးပွားကို ဦးစွာ ဆောင်ရွက်တတ်၏။ မိမိ အောင်မြင်မှုကို လိုသော် သူတစ်ပါး၏ အောင်မြင်မှုကို ဦးစွာ ဆောင်ရွက်တတ်၏'* လို့ ဆုံးမ ခဲ့ဖူးပါတယ်။ ဒါလည်း လူ့ဘဝရဲ့ တန်ဖိုး ကို လူရဲ့ အကျင့်ပေါ်မှာ မူတည်ပြီး သတ်မှတ်တဲ့ သဘောပါပဲ။

ကွန်ဖြူးရှပ်ရဲ့ အယူဝါဒကို ဆက်ခံသူ တရုတ် ပညာရှင်ကြီး မင်းစီးယပ် ကလည်း အောင်မြင်မှုကို အကျိုးအမြတ် ဆိုတဲ့ စကားနှင့် သတ်မှတ်လို့ မရ ကြောင်းကို ဒီလို ဆိုပါတယ်။

'လူတွေဟာ ဖြောင့်မတ် မှန်ကန်ခြင်း သစ္စာကို တန်ဖိုး မထားကြဘဲ အကျိုး အမြတ်ကိုသာ ပဓာန ထားကြပါမူ အဲဒီလူတွေဟာ အခြားသူတွေရဲ့ ပိုင်ဆိုင်မှုကို မထိပါးဘဲနှင့် မရောင့်ရဲတော့ဘူး' ** တဲ့။

အရှေ့တိုင်းသား တွေးခေါ်ရှင်တိုင်းမှာ ဒီသဘော ရှိပါတယ်။ မတရား သဖြင့် ရအပ်တဲ့ အကျိုးစီးပွားကို အရှေ့တိုင်းသားတွေရဲ့ စိတ်ထဲမှာ အောင်မြင်မှုလို့ လက်ခံရမှာကို မနှစ်မြို့နိုင်ကြပါ။ ဒေါက်တာ ယူစတေ့ချက်ဆာက ပြောတာကတော့ 'ဒီခေတ် ကျွန်ုပ်တို့ အနောက်တိုင်းသားတွေ စိတ်ထဲ ထင်နေကြတဲ့ အောင်မြင်မှု ဆိုတာတွေ အားလုံးဟာ အရှေ့တိုင်းသားတွေရဲ့ နှလုံးသားထဲမှာတော့ အားလုံး မသတီစရာ ဒုစရိုက်တွေ အကုသိုလ်တွေချည်းပဲ' ***

---

* *တရုတ် တွေးခေါ်ရှင်ကြီးများ၊ စာ ၃၅*

** *တရုတ် တွေးခေါ်ရှင်ကြီးများ၊ စာ ၅၃*

*** *Successful Living. p 26 (Ch. 2)*

သို့သော် ဒေါက်တာ ယုစတော့ ချက်ဆာကတော့ လောကီအာရုံ ကာမဂုဏ်တရားတွေ အပေါ်မှာ အလွန်အမင်း တန်ဖိုး ထားနေကြတဲ့ အနောက်တိုင်းသားတွေရဲ့ အမြင်တွေကိုရော၊ တချို့ အရှေ့တိုင်းက လောကီ ကိစ္စတွေကို လုံးလုံးလျားလျား အပြစ်မြင်ပြီး စွန့်ပယ်ကြတဲ့ အယူဝါဒတွေကိုရော နှစ်သက်ဖွယ် မရှိကြောင်း၊ အရှေ့တိုင်းက တချို့ အတွေးအခေါ်တွေ (ဗုဒ္ဓဝါဒ မပါ) ဟာ လောကမှာ လူတွေ ကြုံလာသမျှ ဒုက္ခ ဆင်းရဲတွေကို လည်စင်းခံပြီး နောင်ဘဝ ကောင်းဖို့ချည်း လုပ်ရမယ်ဆိုတဲ့ သဘောမျိုး ဟောပြောနေကြတော့ လောကီမှာ တိုးတက် ထွန်းကားမှု မရှိတဲ့ ဘဝကို ရောက်စေတဲ့ အတွက် ဒီအမြင်ဟာလည်း နှစ်သက်ဖွယ်ကောင်းလှတယ်လို့ မထင်တဲ့ အကြောင်း၊ ရုပ်ဝါဒ ကျပြန်တော့လည်း အာဏာတန်ခိုးလောက်ကိုသာ တပ်မက်မောမှုတွေ ကြီးပြီး အနိုင်ရလိုတဲ့ လောဘ၊ ဥစ္စာပစ္စည်းနှင့် လွှမ်းမိုး ချုပ်ချယ်ချင်တဲ့ ဆန္ဒမျိုးပဲ ရှိလို့ နှစ်သက်ဖွယ် မရှိကြောင်း သဘောတွေကို အကျယ်တဝင့် သုံးသပ်ပြပါတယ်။ သူကတော့ ရုပ်ဝါဒရော နာမ်ဝါဒရော နှစ်ခုစလုံးဟာ အစွန်း တစ်ဖက်စီကို ရောက်နေကြတယ်လို့ ဆိုပြီး မဇ္ဈိမပဋိပဒါ (အလယ်လမ်း) ကို စဉ်းစားကြဖို့ကို တိုက်တွန်းပါတယ်။

လောကနီတိမှာ ပညာ ဗဟုသုတ မရှိသူ၏ ပါးစပ်သည် ဆိတ်သုဉ်း၏၊ ကလေး သူငယ် မရှိသော အိမ်သည် ဆိတ်သုဉ်း၏၊ မင်းမဲ့ တိုင်းပြည်သည် ဆိတ်သုဉ်း၏၊ ဆင်းရဲ မွဲတေခြင်းကား အလုံးစုံ ဆိတ်သုဉ်း၏ ဆိုတဲ့ စကားလိုပဲ ဆင်းရဲခြင်းဟာ လူသားအဖို့ ကိုယ်ရော စိတ်ပါ ကြုံလို ရပုံတွေကို တင်ပြပါတယ်။ စာဏက္ကျ နီတိမှာလည်း ဆင်းရဲ နွမ်းပါးရင် အလုံးစုံ ငြိုငြင်ရပုံကို ဆုံးမထားပါတယ်။ ပစ္စည်းဥစ္စာ ချို့တဲ့ခြင်း ဆင်းရဲရှိသူဟာ လောကမှာ လူရာမဝင် ဖြစ်တတ်တယ်။ လူ့ဘဝမှာ အောက်ဆုံးတန်းက နေပြီး စခန်း သွားရတတ်တယ်။ လူ့ဘဝမှာ အသက်မွေးမှု အတွက် ကြမ်းတမ်းတဲ့ အလုပ်တွေကို ကိုယ်နှင့်ရင်းပြီး ပင်ပင်ပန်းပန်း လုပ်ရတတ်တယ်။ ပညာ သင်ချင်လျက် မသင်ကြားရလို့ နစ်နာတယ်။ ဆင်းရဲသူဟာ အတတ်ပညာလည်း ချို့တဲ့ရတတ်တယ်။ ဒီတော့ ဥစ္စာ ရကြောင်းလည်း မတတ်နိုင်ဘဲ ဆင်းရဲတွင်းမှာသာ ဖွပ်သထက်ညစ် ဖြစ်ရတတ်တယ်။ ကုန်ကုန် ပြောရရင် ဆင်းရဲတဲ့ အတွက် ကုသိုလ်ကောင်းမှု ပြုရေးဘက်မှာပါ ဆုတ်နစ်ရတယ်လို့ လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီးက စာဏက္ကျနီတိ အဖွင့်ကို ရေးပြခဲ့ပါတယ်။ *

ဒေါက်တာ ယုစတော့ ချက်ဆာကတော့ ချမ်းသာ ကြွယ်ဝခြင်းမှာ လာဘ် နှစ်ပါး ရတယ်တဲ့။ အဲဒါတွေကတော့ ကိုယ်ပင်ပန်းမှု သက်သာတယ်၊ အနားရတယ်၊ သက်သက်သာသာ နေခွင့်ရတယ်။ နောက်တစ်ချက်က ပူပန် ကြောင့်ကြ ကင်းစေ

---

* စာဏက္ကျ နီတိ၊ စာ ၃၄ - ၃၅

နိုင်တယ်လို့ ဆိုပါတယ်။ ဒီအဆိုကို လယ်တီပဏ္ဍိတကလည်း သူ့ရဲ့ သူရသဿတီ နီတိကျမ်းမှာ (၁) ပစ္စည်းဉစ္စာဟာ ပစ္စည်းရှင်ကို အမြင့်တန်းသို့ ရောက်စေတယ်၊ (၂) ဆုတ်ကပ် အခါမှာ ပစ္စည်းဟာ တန်ခိုးကြီးဖြစ် ဖြစ်စေတယ်လို့ သုံးသပ်တင်ပြ ထားတာ ဖတ်ရှုရပါတယ်။

ဒါကြောင့် ပစ္စည်း ရှိသူတွေဟာ မိမိရဲ့ ကိုယ်ရည်ကိုယ်သွေး တိုးတက်အောင် လုပ်ချင်ရင်လည်း လွယ်တယ်၊ အများကောင်းမှု လူမှုရေး ကိစ္စတွေကို ဆောင်ရွက် ချင်ရင်လည်း ပိုပြီး ဆောင်ရွက်နိုင်တယ်၊ လောကုတ္တရာ အတွက်လည်း ဆောင်ရွက် ဖို့ အချိန် ပိုရနိုင်တယ်လို့ တစ်ဖက်က အကောင်းတွေကို သုံးသပ်ပြပြီး တစ်ဖက် မှာတော့ အလုံးစုံ လိုလေသေးမရှိ ပြည့်စုံတဲ့ ဘဝမှာ မွေးဖွား ကြီးပြင်းရတဲ့ လူဟာ ဘဝ အစ ကတည်းက ဘာမှ ကြိုးစား အားထုတ်ပြီး လုပ်စရာ မလိုတဲ့ အတွက် နေရင်းထိုင်ရင်း အလိုလို အဲဒီလူဟာ မသန်စွမ်းသူ ဖြစ်လာတတ်ပါတယ်တဲ့။ ဒီလို လူ မျိုးမှာ ကိုယ်ရည်ကိုယ်သွေး တိုးတက်မှု မရှိ ဖြစ်တတ်တယ်လို့လည်း ဒေါက်တာ ချက်ဆာက ဆိုပါတယ်။

ကလေးတွေဟာ သွား နိုင်မာဖို့ ဝါးရသလို ကြွက်သားများ သန်မာအောင် လေ့ကျင့်ရသလို လူ့ဘဝမှာလည်း အထိုက်အလျောက် အခက်အခဲနှင့် တာဝန်ရှိမှ ဖြစ်ပါတယ်။ ဒါမှ တိုးတက်မှာပေါ့။ လူဟာ ကိုယ်ကာယ သန်စွမ်းမှုလည်း လိုအပ် တယ်။ ပြတ်သားတဲ့ ဆုံးဖြတ်ချက်နှင့် ကိုယ်ကျင့်သိက္ခာ ရှိအောင်၊ တည်ငြိမ်တဲ့ စိတ်အင်အား ရရှိအောင် လုပ်ဖို့လည်း လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ရှေ့ပိုင်းမှာ ပြောခဲ့သလို ဘဝမှာ ကြုံတင် ခန့်မှန်းလို့ ဉာဏ်မမီနိုင်တဲ့ အရေးပေါ် ပြဿနာတွေက အများကြီး ရှိနေတာကိုး။ ပျော့ညံ့တဲ့ကိုယ် ပျော့ညံ့တဲ့စိတ် ရှိနေ လို့ကတော့ ဘဝ ရွှေတောင်တက် ခရီးမှာ ကြုံလာမယ့် ပြဿနာတွေကို ဘယ်လို လုပ် ရင်ဆိုင်နိုင်ပါ့မလဲ။

ဒီတော့ အောင်မြင်မှု ဆိုတာကို ရုပ်ဝတ္ထု တစ်ခုတည်းနှင့် ချည်း လည်း မတိုင်းတာသင့်ပါဘူး။ ပစ္စည်း ပိုင်ဆိုင်မှု ဆိုတာကတော့ အောင်မြင်မှုနှင့် ဘာမှ မဆိုင်ဘူး။ ငွေ ဘယ်လောက်ရှိရှိ၊ ဉစ္စာပစ္စည်း ဘယ်လောက်ရှိရှိ ဒါဟာ အောင်မြင်မှု မဟုတ်ဘူး။

စကားသင့်လို့ ပြောရမယ် ဆိုရင်တော့ ငွေတို့ ပစ္စည်းဉစ္စာတို့ ဆိုတာ အခွင့်အခါ အလိုက် ရတတ်ကြပါတယ်။ ပြီးတော့ ဒီငွေတို့ ပစ္စည်းတို့ ဆိုတာ တွေဟာ ဥပဒေနှင့် မ ကင်း ရာ မ ကင်း ကြောင်း အလုပ်တွေ လုပ်ရင်လည်း လွယ်လွယ် ရတတ် ကြပါတယ်။ ကံ ဉာဏ် ဝီရိယ ထုတ်ပြီး လုပ်လို့ ရတာမျိုးလည်း ရှိပါတယ်။ ချမ်းသာတဲ့ လူတိုင်းဟာ ဒုစရိုက်တွေ လုပ်ပြီး ချမ်း သာ တယ် လို့ မဆိုနိုင်ပါဘူး။ ဒါပေမယ့် ဒုစရိုက် အလုပ် လုပ်ပြီး ကြီးပွားတာကတော့ များတယ်၊ ထားပါတော့။

ဒေါက်တာ ချက်ဆာဟာ 'အောင်မြင်စွာ အသက် ရှင်နေရေး' ဆိုတဲ့ သဘောကို မှန်မှန်ကန်ကန် မြင်နိုင်အောင် သူ့စာအုပ်မှာ ထောင့်စုံအောင် လေ့လာ ထားတာကိုလည်း ဖတ်ရှုရပါတယ်။ သူက 'ဉစ္စာပစ္စည်း ချမ်းသာတာကြောင့် ချမ်းသာတဲ့ လူတွေဟာ လူ့ဘဝမှာ အသက်ရှင်ပြီး နေနေရတာကို ကျေနပ်သွားပြီး ရောင့်ရဲသွားပြီလို့တော့ မထင်ပါနှင့်' တဲ့။ လူ့ဘဝကို ထောင့်စေ့အောင် လေ့လာ ကြည့်ပါတဲ့။ 'လူချမ်းသာတွေရဲ့ အိမ်မှာထက် ဆင်းရဲသားတွေရဲ့ အိမ်မှာ ပိုပြီး ရောင့်ရဲမှု ကျေနပ် နှစ်သိမ့်မှု ရှိတာကို တွေ့ရပါလိမ့်မယ်' တဲ့။

အသက် ရှင်နေမှုရဲ့ အောင်မြင်မှု ဆိုတာကို သူဟာ ဘဝရဲ့ အနေအထား အမျိုးမျိုးမှာ ရှာခဲ့တယ်။ လူတွေရဲ့ ဓလေ့ထုံးစံ အရ အိမ်ထောင် ပြုကြရတယ်။ ဒါပေမယ့် အိမ်ထောင်ရေး ဘဝမှာ ကျေနပ်မှု ရောင့်ရဲမှု မရဘူး။ ဒါဆို ဒီ အိမ်ထောင်ရေး ဘဝဟာ အောင်မြင်တယ်လို့ ဆိုရမလား။

မိဘ ဖြစ်လာပြန်တဲ့ အခါကျတော့လည်း အောင်မြင်တဲ့ မိဘ အဖြစ်ကို ရှာဖွေရပြန်တယ်။ မိဘ ဖြစ်လာတဲ့ ဘဝမယ် ကိုယ့်သားသမီးတွေကို ရွှေတောင် တက်တာပဲ မြင်ချင်တယ်။ အထက်တန်း ရောက်စေချင်တယ်၊ ကြီးပွားစေချင်တယ်၊ လူကောင်းလူတော် ကလေးတွေ ဖြစ်စေချင်တယ်၊ လောကီ လောကုတ္တရာ နှစ်ဖြာ သော ကောင်းကျိုး ချမ်းသာတွေကို ရစေချင်တယ်။ ရသလား၊ မရတဲ့လူက များ တယ်။ ဒီတော့ မကျေနပ်ဘူး။ ကိုယ်လိုချင်တဲ့ အဆင့်အတန်းကို ရလာပြန်တော့ ကော ရောင့်ရဲပြီလား၊ မရောင့်ရဲဘူး။ ဒီထက်ဒီ အဆင့်တက်ချင် ပြန်တာပဲ။ ဒီတော့ ဘဝရဲ့ အောင်မြင်မှု ဆိုတာကို အပြင်မှာ ရှာလို့ ရမလား။

ခုတော့ အနောက်တိုင်းသားတွေလည်း အောင်မြင်ခြင်း ဆိုတာကို အပြင်မှာ မရှာနှင့်၊ မိမိရဲ့ အတွင်း အဇ္ဈတ္တ သန္တာန်မှာ ရှာ ဆိုတဲ့ အ ယူ အ ဆ ဘက် ကို ရောက်လာကြပါပြီ။

ဒေါက်တာ ချက်ဆာ ပြောတာကတော့ အကြီးအကျယ် အောင်မြင်နေတဲ့ လုပ်ငန်းရှင်ကြီးတွေ၊ နိုင်ငံရေးသမားကြီးတွေကို တွေ့မြင်ဖူးကြ ပါလိမ့်မယ်တဲ့။ ဒီပုဂ္ဂိုလ်တွေဟာ သူတို့ကို မလိုမုန်းထား သူတွေနှင့် သူတို့ကို ပင့်မြှောက်ပြီး အခွင့် အရေး ရှာသူတွေရဲ့ ကြားမှာ ညပ်ပြီး ရှင်သန် လှုပ်ရှားနေကြရတဲ့ သူတွေသာ ဖြစ်ကြတယ်တဲ့။ ပြီးတော့ သူတို့ရဲ့ ဘဝမှာ စိတ်အေး လက်အေး စိတ်ချ လက်ချ နေကြရတဲ့ အခါရယ်လို့လည်း မရှိဘူးတဲ့။ လုပ်ငန်းသဘော အရ အောင်မြင်ပေမယ့် ဘဝ ရှင်သန်မှု သဘောအရကတော့ သူတို့ဟာ အရှုံးသမားတွေပဲတဲ့။ *

ဒေါက်တာ ချက်ဆာရဲ့ လေ့လာ တင်ပြချက်တွေဟာ စိတ်ဝင်စားဖို့ တော် တော် ကောင်းပါတယ်။

---

* *Successful Living. p 28*

လူ တစ်ယောက်ဟာ အိမ် ထောင် ရေး ဘဝမှာရော၊ မိဘ ဘဝနှင့်ရော၊ လုပ်ငန်းရှင် ဘဝနှင့်ရော၊ နိုင်ငံသားတစ်ယောက် အဖြစ်နှင့်ရော၊ ပုဂ္ဂိုလ် ထူးချွန်ထက်မြက်မှု သဘောနှင့်ရော ဘက်စုံ အောင်မြင်တဲ့ လူဆိုတာကတော့ ရှားပါတယ်။ တစ်ဖက်ဖက်မှာ ထူးထူးချွန်ချွန် အောင်မြင်ပေမယ့် တစ်ဖက်ဖက်မှာတော့ အားနည်းဆုံးရှုံးနေတာက များပါတယ်။

ဒါပေမယ့် အိမ်ထောင်ရေး ဘဝရဲ့ အောင်မြင်မှု ရတဲ့ လူတွေကို လေ့လာကြည့်တဲ့အခါ သူတို့ဟာ သူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေး အပေါ် အောင်မြင်မှု ရခဲ့လို့ ရတာ ဆိုတာ တွေ့ရပါတယ်။ ဆိုလိုတာကတော့ သူတို့ဟာ သူတို့ကိုယ်ကို သူတို့ နားလည်တဲ့ လူတွေ ဖြစ်ကြတဲ့ အပြင် ကိုယ့်ကိုယ်ကိုယ် ချုပ်တည်းနိုင်တဲ့ (သံယမ) တရား ရှိသူတွေ ဖြစ်ကြတာ တွေ့ရပါတယ်။

မိဘ အဖြစ် အောင်မြင်သူတွေကို လေ့လာကြည့်တဲ့ အခါမှာလည်း သူတို့ဟာ ရှေးက အောင်မြင်တဲ့ အတွေ့အကြုံတွေ အပေါ်မှာ သင်ခန်းစာ ယူတတ်ကြတာ တွေ့ရပါတယ်။

လူတစ်ယောက် အနေနှင့် အကျင့်သိက္ခာ အရ အောင်မြင်အောင်၊ ဘယ်သူ့တရား ပျက်ပျက် ကိုယ်မပျက်တဲ့လူ ဖြစ်အောင် မိမိရဲ့ ဣန္ဒြေကို အောင်မြင်စွာ ထူထောင်သူဟာလည်း ပတ်ဝန်းကျင်က သူ့အပေါ် ပြင်းပြင်းထန်ထန် မဆန့်ကျင်မှု အပေါ်မှာ တည်ပြီး ဖြစ်နေတာ တွေ့ရပါလိမ့်မယ်။

ဒီတော့ အောင်မြင်တယ် ဆိုတာဟာ လူတစ်ယောက်ရဲ့ သဘာဝ အလျောက် ဖြစ်တဲ့ ကိုယ်ရည်ကိုယ်သွေးတွေကို လောက ပတ်ဝန်းကျင်ထဲမှာ အပြုသဘော အားဖြင့် ဖော်ထုတ် ကျင့်သုံးနိုင်ခြင်း အခွင့်အရေးကို ခေါ်တာပါပဲတဲ့။ ပုဂ္ဂိုလ်ရဲ့ ကိုယ်ရည်ကိုယ်သွေးကို (ကြီးမား ကျယ်ပြန့် ရှုပ်ထွေးလာတဲ့ လူ့အဖွဲ့အစည်းထဲမှာ) အဆင်ပြေအောင် ကျေနပ် ရောင့်ရဲစွာ နေနိုင်အောင် အသုံးချ ဆောင်ရွက်ခြင်းကို 'အောင်မြင်စွာ အသက်ရှင်နေခြင်း' လို့ ခေါ်ပါတယ်လို့ ဒေါက်တာ ချက်ဆာက အဓိပ္ပာယ် ဖွင့်ပေးပါတယ်။

သူ့သဘောကတော့ တစ်ကိုယ် တစ်ယောက် ကောင်းစားရေး၊ တစ်ယောက်ကောင်းရေး၊ တစ်ဘဝ အဆင်ပြေရေး၊ တစ်ကိုယ်တစ်ယောက်ရဲ့ ကိုယ်ကျန်းမာရေး၊ စိတ်ချမ်းသာရေး၊ လိုရာဆန္ဒ ပြည့်ဝရေးဟာ လူ့ဘဝမှာ **'အောင်မြင်စွာ အသက်ရှင်နေရေး ကိစ္စ'** ရဲ့ အဆုံးပန်းတိုင် မဟုတ်ပါဘူးတဲ့။

လူ့လောကထဲမှာ ပါဝင်နေတဲ့လူဟာ လူသား တစ်ရပ်လုံးရဲ့ ကောင်းစားရေး၊ အဆင်ပြေရေး၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာရေး၊ လူသားတို့ လိုရာဆန္ဒ ပြည့်ဝရေးတို့အတွက်လည်း မဖြစ်မနေ ဆောင်ရွက်ကြရမယ်တဲ့။

ရွှေတောင်တက်သမားတွေဟာ မျက်မှောက် လူသားတွေ အတွက် သာမက လွန်လေပြီးသော လူများ အတွက်ရော၊ နောင်လာနောက်သားတွေ အတွက်ရော

လုပ်ကြရလိမ့်မယ်။ ဒီကနေ့ လူနှင့် လူ့အဖွဲ့အစည်းတိုင်းမှာ အကြီးအကျယ် လိုနေတာကတော့ 'တာဝန်ဝတ္တရား' ဆိုတဲ့ အသိစိတ်ဓာတ်ပဲ။

သို့သော် ဘဝရဲ့ ညီညွတ်မှု၊ သဟဇာတ ဖြစ်မှုနှင့် လောကရဲ့ ကောင်းစားရေး၊ အဆင်ပြေရေး၊ လူသားတို့ အဖို့ ကျေနပ် ရောင့်ရဲမှု ရရေးတွေကို ကြိုးစားရှာဖွေတဲ့အခါ ရှေးက လူတွေ (အနောက်တိုင်းသားတွေ) ဟာ အပြင်မှာ ရှာခဲ့ကြတယ်။ ဒီတော့ ဘာဖြစ်သလဲ။ လောကဟာ ပိုပြီး မညီညွတ်တော့ဘူး။ ပိုပြီး အဆင်မပြေတော့ဘူး။ လူ့ဘဝဟာ မကျေနပ်မှုတွေနှင့် မရောင့်ရဲမှုတွေသာ ပိုမို များပြီး ဗလောင်ဆူလာတယ်။

ဒါကြောင့် ယခုတော့ အ နောက် တိုင်း သား တွေ လည်း အောင်မြင်မှုကို ကိုယ်တွင်းမှာသာ ရှာရမယ်၊ အတွင်း အောင်မြင်မှုသာ မြတ်တယ် ဆိုတာကို တိတိလင်းလင်း ဝန်ခံလာကြရပြီ။

သူတို့ကလည်း ကိုယ့် ကိုယ် ကိုယ် ဘဝင် ငြိမ်း အေး အောင် လုပ်ရမယ်၊ နှလုံး စင်ကြယ်အောင် လုပ်ရမယ် ဆိုတာတွေကို ပြောလာကြပါတယ်။ ဒေါက်တာ ချက်ဆာကဆို

– လူသားရဲ့ ဝိညာဉ် မဆိတ်ငြိမ်သေးသရွေ့ ဒီကမ္ဘာမှာ ဘယ် တော့ မှ ငြိမ်းချမ်းမှာ မဟုတ်ဘူး။ (There will never be peace in world until there is quiet in the individual spirit.)

– လူသားရဲ့ စိတ်သန္တာန်မှာ ညီညွတ်မျှတခြင်း မရှိသေးသရွေ့ ဒီကမ္ဘာမှာ ဘယ်တော့မှ တရားမျှတခြင်း မရှိနိုင်ဘူး။ (There will never be justice in the world until there is equality in the individual mind.)

လူသားရဲ့ နှလုံးသားမှာ ကိုယ်ချင်းစာတရား ဖြစ်ပေါ် မလာသေးသရွေ့ ဒီကမ္ဘာမှာ ဘယ်တော့မှ စွန့်ကြဲခြင်း၊ သို့မဟုတ် မေတ္တာ ကရုဏာတရား ထွန်းကား မလာနိုင်ဘူး။ (There will never be charity or compassion in the world until the individual heart is flooded with the understanding of itself and of others.) တဲ့။ ဒီလို ရဲရဲဝံ့ဝံ့ ပြောဆို ဝန်ခံ လာရပါပြီ။

ဒီကနေ့ ကမ္ဘာမှာရှိတဲ့ ပညာရှင်တွေဟာ မြတ်ဗုဒ္ဓ ဟောကြားတော် မူထားခဲ့တဲ့ အတွင်း အောင်မြင်မှုရဲ့ ထိရောက်မှုနှင့် မြင့်မြတ်မှု သဘောတွေကို သိမြင်နားလည်လာကြပြီ ဖြစ်လို့ ဝမ်းသာဖွယ် ကောင်းလှပါတော့တယ်။

## အပြင်အောင်မြင်ရေး နည်းပရိယာယ်များ

လောကမှာ အခက်အခဲတွေ အကျပ်အတည်းတွေ ဥပါဒ် အန္တရာယ်တွေ ရန်သူတွေရဲ့ ညှဉ်းဆဲ ချုပ်ချယ်မှုတွေ အားလုံးဟာ လူတွေ ရင်ဆိုင် နေကြရတဲ့ အားပြိုင်မှု

တွေချည်းပါပဲ။ ဒီလို အားပြိုင်မှုတိုင်းမှာ အောင်မြင်ခြင်းနှင့် ရှုံးနိမ့်ခြင်း ဆိုတဲ့ သဘောတွေ ထွက်ပေါ် လာပါတယ်။

လူတိုင်းလူတိုင်းကတော့ ပြိုင်လာရင် နိုင်ချင်ကြတာချည်းပဲပေါ့။ ဒါပေမယ့် အနိုင်ရအောင် အောင်မြင်အောင် လုပ်ကြတဲ့ အခါမှာတော့ တရားတဲ့ နည်းလမ်းလည်း ရှိတယ်၊ မတရားတဲ့ နည်းလမ်းတွေလည်း ရှိနေပါတယ်။ ဒီလိုပဲ ကောင်းတဲ့ နည်းလမ်း၊ မကောင်းတဲ့ နည်းလမ်း၊ ယုတ်တဲ့ နည်းလမ်း၊ မြတ်တဲ့ နည်းလမ်း၊ အနုနည်း၊ အကြမ်းနည်း ဆိုပြီး အမျိုးမျိုး ရှိပါတယ်။

ဒါနှင့် ပတ်သက်ပြီး မြတ်စွာဘုရားက အစွမ်းအစ ရှိသူတွေ ကျင့်သုံး အပ်တဲ့ အောင်မြင်ရေး နည်းလမ်းတွေကို ရာဇောဝါဒဇာတ်မှာ ကောသလ မင်း ကြီးကို အကြောင်းပြုပြီး ဟောထားတာ တစ်ခု ရှိပါတယ်။ ဒီဇာတ်မှာ တရားနှင့် ညီညွတ်စွာ ဆုံးဖြတ်ခြင်း သဘောကို ရည်ညွှန်းလိုတဲ့ အတွက် ဟောခြင်း ဖြစ်ပါ တယ်။

ရှေးတုန်းက ဗြဟ္မဒတ်မင်း မင်းပြုစဉ် တရားနှင့်အညီ မင်းပြုပါတယ်။ အဂတိလေးပါး မလိုက်စားဘဲ တရား ဆုံးဖြတ်တဲ့ အတွက်လည်း တရားရုံးတွေမှာ အမှုအခင်း နည်းပါးသွားပါတယ်။ ဒါကိုတောင် ဗြဟ္မဒတ်မင်းက ငါ့ရဲ့ ဂုဏ် ကျေးဇူးကို ကျေးဇူးမဲ့ ကဲ့ရဲ့သူများ ရှိသေးသလား ဆိုတာ သိရအောင် စုံစမ်းဖယ် ဆိုပြီး နန်းပြင်ကို ထွက်စုံစမ်းတယ်။ ဒီလိုပဲ ကောသလတိုင်း ဘလ္လိကမင်းကလည်း တရားသဖြင့် မင်းပြုပြီး သူ့အပေါ် တိုင်းသူပြည်သားတွေက ကျေနပ်ကြသလား၊ မကျေနပ်ဘူးလား သိရအောင်လို့ စုံစမ်းဖို့ ထွက်လာပါတယ်။ တိုင်းစွန်နယ်ဖျား ရောက်တော့ လမ်းကျဉ်း တစ်ခုမှာ ရထား နှစ်စင်း ဆုံကြတယ်။ ဒီတော့ တစ်ဖက် ရထားကလည်း ဒါဗြဟ္မဒတ်မင်းရဲ့ ရထားဖြစ်တယ်၊ အဆွေ သင့်ရထားကို ဖယ်ပေး ပါလို့ ပြောတယ်။ ကျန်တစ်ဖက်ကလည်း အဆွေ ဒါဟာ ဘလ္လိကမင်းရဲ့ ရထားပဲ၊ သင့် ရထားကို ဖယ်ပေးပါလို့ ဆိုတယ်။ ဒီလိုနှင့် တစ်ဖက်နှင့် တစ်ဖက် တိုင်း ပြည်ရဲ့ ပမာဏချင်း၊ စစ်သည် ဗိုလ်ပါချင်း၊ မင်းစည်းစိမ် ဥစ္စာချင်း၊ အခြေအရံ ပမာဏချင်း၊ ဇာတ်မျိုးနွယ်ချင်း ပြိုင်ကြတော့လည်း အားလုံး တူနေတယ်။

နောက်ဆုံးကျတော့ မင်းရဲ့ အကျင့်သိက္ခာချင်း ပြိုင်တဲ့ အဆင့်ကို ရောက် လာပါတယ်။ ဗြဟ္မဒတ်မင်း ရထားထိန်းက စမေးတယ်။ 'အဆွေ သင်တို့ မင်းကြီးရဲ့ အကျင့်သီလ ဘယ်လိုရှိပါသလဲ' လို့ မေးတယ်။ ဒီအခါ ဘလ္လိကမင်း ရထားထိန်းက

'အဆွေ၊ ငါတို့ ဘလ္လိကမင်းဟာ ကြမ်းကြုတ်တဲ့သူကို ကြမ်းကြုတ်မှုနှင့် အနိုင်ပြုတယ်၊ နူးညံ့သူကို နူးညံ့မှုနှင့်၊ မသူတော်ကို မသူတော်မှုနှင့် သူတော်ကောင်း ကို သူတော်ကောင်းမှုနှင့် အောင်နိုင်တယ်' လို့ ဖြေတယ်။

ဒီတော့ ဗြဟ္မဒတ်မင်း ရထားထိန်းက 'အဆွေ၊ ဒါဟာ သင်တို့ မင်းကြီးရဲ့ အကျင့် (နည်းပရိယာယ်) လား' လို့ မေးတော့ တစ်ဖက်ကလည်း ဟုတ်ပါတယ်တဲ့။

ဒီတော့ ဗြဟ္မဒတ် ရထားထိန်းက ‘ဒါကို တရားတယ် ဂုဏ်ကျေးဇူး ရှိတယ်လို့ သင်ဆိုရင် မတရားဘူး၊ ဂုဏ်ကျေးဇူးမဲ့ ဆိုတာက ဘယ်လို သဘော ရှိပါလဲ’ လို့ ကောက်ကာငင်ကာ ပြန်မေးတာပေါ့။ ဒီအခါကျမှ ဘလ္လိကမင်းရဲ့ ရထားထိန်းက ‘အဆွေ၊ ဂုဏ်ကျေးဇူးမဲ့ပဲ ထားပါတော့၊ သင်တို့မင်းရဲ့ အကျင့်သီလ (နည်းပရိယာယ်) ကိုသာ ပြောစမ်းပါဦး’ လို့ ဆိုပြန်တယ်။ ဗြဟ္မဒတ်မင်း ရထားထိန်းလည်း သူတို့ မင်းကြီးရဲ့ အကျင့် နည်းပရိယာယ်ကို ထုတ်ဖော် ပြောဆိုပါတယ်။

‘အဆွေ၊ ငါတို့ ဗြဟ္မဒတ်မင်းကတော့ အမျက်ထွက်သူကို အမျက် မထွက်မှုဖြင့် အောင်နိုင်တော်မူတယ်၊ မသူတော်ကို သူတော်မှုဖြင့် အောင်နိုင်တယ်၊ စဉ်းလဲသူကို ပေးကမ်း စွန့်ကြဲမှုဖြင့် အောင်နိုင်ပါတယ်၊ မဟုတ်မမှန် ပြောဆိုသူကို ဟုတ်မှန်စွာ ပြောဆိုတဲ့ စကားနှင့် အောင်မြင်တော်မူတယ်’ လို့ ဖြေတယ်။ ဒီဇာတ်မှာ ဗြဟ္မဒတ်မင်းက အနိုင်ရရှိပါတယ်။

ဆိုခဲ့တဲ့ ဒီဇာတ်ကို ပြန်ပြီး သုံးသပ်ကြည့်ရင် ဘလ္လိကမင်းရဲ့ အောင်မြင်ကြောင်း နည်းပရိယာယ်တွေဟာ တောရိုင်းတိရစ္ဆာန် ဥပဒေသလို့ ခေါ်တဲ့ မျက်လုံး မျက်လုံးချင်း၊ နားရွက် နားရွက်ချင်း ဆိုတဲ့ လက်စားချေခြင်း သဘောကို တရားမျှတတယ်လို့ ယူဆတဲ့ အယူအဆပေါ်မှာ အခြေခံပါတယ်။ ဗြဟ္မဒတ်မင်းရဲ့ အောင်နိုင်ကြောင်း နည်းပရိယာယ်ကတော့ မေတ္တာ၊ ကရုဏာနှင့် သစ္စာ အပေါ်မှာ အခြေခံပါတယ်။ ပြီးတော့ ရန်ကိုရန်ချင်း တုံ့ပြန်ခြင်း သဘောနှင့် ရန်ကိုရန်ချင်း မတုံ့ပြန်ဘဲ ခွင့်လွှတ်ခြင်း သဘော အပေါ်မှာ အခြေခံတယ်လို့လည်း ဆိုနိုင်မယ် ထင်ပါတယ်။ တကယ်ဆိုတော့ အောင်မြင်ခြင်း အတွက် နည်းပရိယာယ်တွေကို ကျင့်သုံးတဲ့ အခါမှာ ရန်ကိုရန်ချင်း တုံ့ပြန်ခြင်း သဘော မဟုတ်ဘဲ အများရဲ့ အကျိုး၊ အများရဲ့ ရန်အန္တရာယ် လွတ်မြောက်မှု အတွက် ဘေးအန္တရာယ် ကြုံစေတဲ့ အကြောင်း ပပျောက်အောင် ကျင့်သုံးရတဲ့ နည်းပရိယာယ်တွေဟာ အကြမ်းဖက်တဲ့ သဘောလို့ ဆိုပေမယ့် စေတနာက အများ ချမ်းသာဖို့ အတွက် ဖြစ်တယ်ဆိုရင် တရားတယ်လို့ မြတ်စွာဘုရား ခွင့်ပြုတော်မူတာတွေလည်း ရှိပါတယ်။

ဒီသဘောကို တိန္ဒုကဇာတ်မှာ မြတ်စွာဘုရား ဟောတော် မူပါတယ်။

ရှေးတုန်းက ဗြဟ္မဒတ်မင်း လက်ထက်မှာ ဘုရားလောင်းဟာ မျောက်မင်း ဖြစ်ပြီး ဟိမဝန္တာမှာ မျောက်ရှစ်သောင်း ခြံရံပြီး နေခဲ့ပါတယ်။

မျောက်မင်းတို့ နေရာအနီးက တစ်ခုသော ပစ္စန္တရာဇ်ရွာဟာ တစ်ခါတစ်ရံ လူနေပြီး တစ်ခါတစ်ရံ လူမနေလို့ ပျက်စီးပါတယ်။ အဲဒီရွာ အလယ်မှာ တည်ပင်ကြီး တစ်ပင်လည်း ရှိတယ်။ တည်သီးတွေ ဝေဝေဆာဆာ သီးတဲ့ အချိန်ကျရင် မျောက်တွေဟာ ရွာမှာ လူမရှိတဲ့ အခါဆို လာစားလေ့ ရှိပါတယ်။

တစ်ကြိမ်ကျတော့ တည်သီးတွေ သီးချိန်မှာ ရွာမှာ လူတွေ လာနေကြတယ်။ ရွာကိုလည်း ခြံစည်းရိုး ကာပြီး ရွာဝင်တံခါး လုပ်ထားကြတယ်။ တည်သီး

သီးချိန်ကျတော့ ရွာမှာလူတွေ လာပြီးနေ မနေ၊ တည်သီး သီး မသီး ကြည့်ဖို့ ဆိုပြီး မျောက်တစ်ကောင်ကို လွှတ်လိုက်တယ်။ စုံစမ်းရေးမျောက် ပြန်လာတော့ ရွာမှာ တည်သီးတွေလည်း သီးနေတဲ့ အကြောင်း၊ လူတွေလည်း ရောက်နေတဲ့ အကြောင်း ပြန်ပြောတာပေါ့။

မျောက်တွေလည်း တည်သီးတွေ သီးနေတယ် ဆိုတော့ သိပ် စားချင်ကြ တာပေါ့။ ဒီအခါ မျောက်တွေဟာ လူခြေတိတ်တဲ့ ညအချိန်မှာ တည်ပင်ကြီးပေါ် တက်ပြီး တည်သီး စားကြပါတယ်။ လူတွေကလည်း မျောက်တွေလာမှန်း သိတယ် ဆိုရင်ပဲ လက်နက်မျိုးစုံ စွဲကိုင်ပြီး တည်ပင်ကြီးကို ဝိုင်းထားကြတာ မျောက်တွေ အားလုံး အပင်ပေါ်မှာ ပိတ်မိ နေကြတာပေါ့။ ဒီအချိန်မှာ မျောက်တွေ တည် ပင်ကြီးဆီ လာတုန်းက သေနကဆိုတဲ့ မျောက်တစ်ကောင်က အိပ်ပျော်ပြီး ကျန်ရစ် ခဲ့တယ်။ နောက်မှ သူက ရွာဆီကို လိုက်လာတယ်။ ရွာရောက်တော့ တည်ပင်ကြီး ပတ်လည်မှာ လူတွေ ဝိုင်းအုံနေတာ တွေ့ရတော့ ဧကန္တ တို့မျောက်တွေ ဘေးဖြစ် တော့မယ် ဆိုတာ သိသွားပါတယ်။

ဒီတော့ သူတို့မျောက်တွေရဲ့ အသက်ဘေးက လွတ်မြောက်ရေး အတွက် ဒီမျောက် ဘာလုပ်သင့်သလဲ။ ရွာသားတွေကို သွားတောင်းပန်လို့လည်း မရနိုင်ဘူး။ ဒီမှာ နည်းပရိယာယ်ဟာ အရေးကြီးလာပြီ။ ခု သူတို့မျောက်တွေ အန္တရာယ် ကြုံနေရတဲ့ အကြောင်းက ဘာလဲ။ ရွာသားတွေ လက်နက်တွေနှင့် တည်ပင်ကို ဝိုင်းဝန်းနေခြင်းပဲ။ ဒီတော့ ဒီကိစ္စ ရှင်းသွားမှသာ သူတို့မျောက်တွေ အသက်ဘေးက ချမ်းသာ ရပေမပေါ့။ ဒီတင် အကြံပိုင်လှတဲ့ သေနကမျောက်ကြီးဟာ ရွာစွန် တစ် နေရာမှာ မီးဖိုပြီး ဗိုင်းငင်နေတဲ့ အဘွားအို တစ်ယောက်ရဲ့ တဲက မီးတစ်စကိုယူပြီး လေထက်ကနေ ရွာကို မီးရှို့လိုက်တယ်။ ရွာ မီးလောင်တာကို မြင်တဲ့အခါ ရွာသား တွေဟာ မျောက်တွေကို စွန့်လွှတ်ပြီး မီးသတ်ဖို့ ရွာဆီကို ပြေးကြရတော့တာပေါ့။

ဒါကြောင့် တစ်စုံတစ်ခုသော အခက်အခဲက အောင်မြင်စွာ လွတ်မြောက် နိုင်ရေး၊ သေရေးရှင်ရေး အကျပ်အတည်း ကြုံရတဲ့အခါ အဲဒီ အကျပ်အတည်းကို ကျော်လွှန်နိုင်ရေးဟာ ကျင့်သုံးတဲ့ နည်းပရိယာယ် အပေါ်မှာ အများကြီး တည်ပါ တယ်။ လူတို့ရဲ့ ဘဝမှာ နေ့စဉ်နှင့်အမျှ ရင်ဆိုင် နေကြရတဲ့ အရေးအခင်းတွေဟာ တစ်ခုနှင့် တစ်ခု မတူကြပါဘူး။ ဒီတော့ ကျင့်သုံးတဲ့ နည်းပရိယာယ်တွေဟာလည်း ဘယ်မှာ တူနိုင်ပါ့မလဲ။ နီတိကျမ်းတွေမှာ ဖော်ပြထားတဲ့ နည်းပရိယာယ်တွေလည်း ရှိပါတယ်။ ပုဂ္ဂိုလ်အလိုက် ဆွဲဆောင်တဲ့နည်းတွေ ဖြစ်ပါတယ်။ အားကြီး ထောင် လွှားသူကို နှိမ့်ချခြင်းဖြင့် အောင်မြင်ရာသည် ဆိုတာမျိုး၊ အပေါင်းအသင်း အင်အား ကြီးသူကို သင်းခွဲခြင်းဖြင့် အောင်မြင်ရာသည်၊ အားနည်းသူကို ပေးကမ်းခြင်းဖြင့် အောင်မြင်ရာသည်၊ အားတူသူကို ဝီရိယ အားခဲ ပြိုင်ဆိုင်ခြင်းဖြင့် အောင်မြင်ရာ သည် ဆိုတဲ့ ရှေးကျတဲ့ နည်းလမ်းတွေ ဖြစ်ပါတယ်။

ဒီနည်းတွေဟာ ခေတ်ကာလအလျောက် ပေါ်ပေါက်နေတဲ့ အခက်အခဲတွေ၊ အကျပ်အတည်းတွေ၊ ဘေးရန်အန္တရာယ်တွေကို ဖြေရှင်းနိုင်မှာတော့ မဟုတ်ပါဘူး။

ဒီအချိန်မှာတော့ အားကြီးသူကို နှိမ့်ချခြင်းဖြင့် အောင်မြင်လိမ့်မယ်လို့ တွက်ထားလို့လည်း ရနိုင်မယ် မထင်ပါဘူး။ ဒီလို နီတိဆရာတွေ ဆိုသလို မရနိုင်ကြောင်းကို မြတ်စွာဘုရား သိမြင်တော် မူတဲ့အတွက် လဲ့ကြိက ဇာတ်ကို ဟောတော် မူခဲ့ပါတယ်။

ရှေးသရောအခါက သပိတ်လွယ် ငှက်မကလေး တစ်ကောင်ဟာ တစ်ခုသော တောချုံအနီး မြက်ခင်း တစ်နေရာမှာ အသိုက်ကလေး ပြုလုပ်ပြီး နေတယ်။ တစ်နေ့တော့ ငှက်မကလေး အသိုက် ပြုလုပ်ထားတဲ့ နေရာကိုဖြတ်ပြီး ဆင်အုပ်ကြီး တစ်အုပ် လာတာကို တွေ့တော့ ငှက်မကလေးဟာ ခပ်လှမ်းလှမ်း တစ်နေရာက သွားပြီး ရှေ့မှာ သူ့အသိုက်ရှိလို့ ဒီလမ်းက ရှောင်သွားပေးပါလို့ ရှေ့ဆုံးက လာတဲ့ ဆင်ကြီးကို မေတ္တာ ရပ်ခံပါတယ်။ ဒီအခါ ဆင်ကြီးက ငှက်မကလေးရဲ့ အသိုက်ပေါ်မှာ လေးဖက် ရပ်နေလိုက်တယ်။ ကျန်ဆင်များလည်း ဆင်ခေါင်းဆောင်ကြီး ရပ်နေတာကို ဘေးက ဖယ်သွားကြတဲ့ အတွက် ဒီငှက်မကလေးရဲ့ အသိုက်ဟာ ဘေးမသီ ရန်မခတော့ပါဘူးတဲ့။

ဒါပေမယ့် ဆင်ခေါင်းဆောင်ကြီးက 'ငှက်မငယ်၊ နောက်မှာ ဆင်ဆိုးကြီး တစ်ကောင် ပါလာတယ်၊ အဲဒီ အကောင်ကိုတော့ ကြည့်ပြောတော့' လို့ ဆိုပြီး လိုရာခရီးကို ဆက်သွားပါတယ်။ မကြာခင်မှာပဲ ပြောထားခဲ့တဲ့ အတိုင်း ဆင်ဆိုးကြီးဟာ မုန်ယိုပြီး ရောက်လာပါလေရော။ ဒီအခါ ငှက်မကလေးက ရှေးနည်းအတိုင်း တောင်းပန်ပါရဲ့။ ဒါပေမယ့် ဒီလို နှိမ့်ချ တောင်းပန်တာကိုတောင် ဆင်ဆိုးကြီးရဲ့ စိတ်ထဲမှာ မလောက်လေး မလောက်စား သပိတ်လွယ် ငှက်ကလေးက သူ့ကို ရာရာသသ ပြောရသလားဆိုပြီး ငှက်မကလေးရဲ့ အသိုက်ကို ခြေနှင့် နင်းခြေဖျက်ဆီးလိုက်ပါတယ်။ ငှက်မလေးဟာ သူ့ရင်သွေး ကလေးငယ်တွေ မရှုမလှ သေကျေ ပျက်စီး သွားတာကို မြင်ရလေတော့ ဒီလို ယုတ်မာရက်စက်တဲ့ သတ္တဝါမျိုး ဒီလောကမှာ အသက်ရှင် မနေစေရဘူးလို ဆုံးဖြတ်ပြီး ဒီဆင်ကြီးရဲ့ ရန်ကို အောင်နိုင်ဖို့ နည်းလမ်းများကို စဉ်းစားပါတော့တယ်။

အံ့ဩဖို့ ကောင်းလိုက်တာ၊ ဒီလောက် သေးငယ်တဲ့ သပိတ်လွယ် ငှက်ကလေးက ဒီလောက် ကြီးမား ပြင်းထန်တဲ့ ဆင်ဆိုးကြီးရဲ့ ရန်ကို နှိမ်နင်း နိုင်ပါ့မလားလို့ စဉ်းစားရင်တော့ အဖြေက ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ အောက်မေ့ရမယ်။ ဒါပေမယ့် လောကမှာ ဘယ်လောက် ကြီးမားတဲ့ ရန်သူကိုပဲ ဖြစ်ဖြစ် နိုင်နိုင်တဲ့ နည်းလမ်းတွေ ရှိပါတယ်။ အဲဒီ နည်းပရိယာယ်တွေကို သိဖို့သာ အရေးကြီးပါတယ်။ နည်းလမ်းသိရင် အောင်မြင်ဖို့ အလွယ်ကလေး ဆိုတာ ဒီဇာတ်တော်မှာ မြတ်စွာဘုရား ဟောပြတော့မှ အလွန် ထင်ရှားတာပဲ။ အံ့ဩစရာ သိပ် ကောင်းတာပဲ။

ဇာတ်လမ်းထဲမှာ သေးငယ်လွန်းလှတဲ့ သပိတ်လွယ် ငှက်ကလေးဟာ သူ တစ်ယောက်တည်း အနေနှင့်တော့ ဒီဆင်ရိုင်း ဆင်ဆိုးကြီးကို ဘယ်လိုလုပ်ပြီး နိုင်ပါ့မလဲ။ ဒီတော့ နိုင်မယ့် နည်းလမ်းကို ရှာတယ်။ လောကမှာ ဆင်မတတ်နိုင် ကြွက်တတ်နိုင်တဲ့ ကိစ္စမျိုးတွေဟာ အမြောက်အမြား ရှိတယ်။ ဒီတော့ သူဟာ တစ်ယောက်အားနှင့် ယှဉ်လို့ မရတဲ့ ကိစ္စကို အပေါင်းအသင်း အင်အားနှင့် ယှဉ်ဖို့ စဉ်းစားတယ်။ မိတ်ဆွေဖြစ်တဲ့ ကျီးတစ်ကောင်ဆီကို သွားပါတယ်။ သူ ခံစားခဲ့ ရတဲ့ ကြေကွဲဖွယ် အဖြစ်ကို ပြောပြလိုက်တော့ ကျီးကလည်း ကိုယ်ချင်းစာပြီး ဘာ ကူညီရ ကူညီရ ကူညီမယ်ပေါ့။ ဒီအခါ သူက ကျီးကန်းရဲ့ ချွန်ထက်လှတဲ့ နှုတ်သီးနှင့် ဆင်ကြီးရဲ့ မျက်ခမ်းစပ်မှာ အနာ ရရှိအောင် ထိုးဆိတ်ပေးပါလို့ တောင်းပန် ပြောဆိုခဲ့တယ်။ ကျီးကလည်း သူ့ကို သနားလို့ လုပ်ပေးမယ်လို့ ဝန်ခံ လိုက်တယ်။

နောက်တစ်နေ့မှာ ကျီးဟာ ဆင်ကြီးရဲ့ ဦးခေါင်းပေါ်မှာ နားပြီး ဆင်ကြီး မျက်လုံးတွေကို သူ့ နှုတ်သီးနှင့် ထိုးဆိတ်ပါတော့တယ်။ ဆင်ကြီးရဲ့ မျက်ခမ်းစပ် မှာ ဒဏ်ရာတွေ ရသွားပြီ ဆိုတဲ့အခါ သပိတ်လွယ် ငှက်မကလေးဟာ ယင်မမဲရိုင်း တစ်ကောင်ဆီကို သွားပြန်တယ်။ သူ ခံစားခဲ့ရတဲ့ ကြေကွဲဖွယ်အဖြစ်ကို ယင်မမဲရိုင်း သနားလာအောင် ပြောပြပြီး အကူအညီ တောင်းပြန်တယ်။ ယင်မမဲ့ရိုင်း ကလည်း သနားပြီး သူ့ကို ကူညီပါ့မယ်လို့ ကတိပေးတယ်။ ဘာ ကူညီရမလဲ မေးတော့ ငှက်မကလေးက ဆင်ကြီးရဲ့ မျက်ခွံပေါ်က ဒဏ်ရာမှာ ယင်ဥတွေ ဥချပေးပါလို့ တောင်းပန်ပြီး အကူအညီ တောင်းပါတယ်။ ယင်ဟာ ငှက်မကလေး လိုချင်တဲ့ အတိုင်း ဆင်ရိုင်းကြီးရဲ့ မျက်ခမ်းက ဒဏ်ရာပေါ်မှာ ဥတွေ ဥချလိုက်တော့ ဆင်ကြီးရဲ့ ဒဏ်ရာဟာ လောက်တွယ် ပါလေရော။ ဒီတင် ဆင်ကြီးလည်း အကြီး အကျယ် နာကျင်ပြီး ဖျားတာပေါ့။ မကြာခင်မှာ ဆင်ကြီးရဲ့ မျက်လုံး နှစ်လုံးစလုံး ဖွင့်မရတော့ဘဲ ပိတ်သွားတယ်။ ဆင်ကြီးလည်း ဘာကိုမှ မမြင်ရတော့ဘူး။ ဒီအခါ မှာတော့ ငှက်မကလေးဟာ မိတ်ဆွေ ဖားတစ်ကောင်ဆီကို သွားပြန်တယ်။ ရှေး နည်းအတိုင်း သူ့အဖြစ်ကို ပြောပြတယ်။ ဖားကလည်း သနားပြီး ကူညီမယ်လို့ ကတိပေးတယ်။ ဒီတော့ ဖားကို ငှက်မကလေးက ဆင်ကြီးနေတဲ့ နေရာနှင့် မနီး မဝေး တောင် ချောက်ကမ်းပါး တစ်ခု အနီးက နေပြီး အုမ်အွမ် အုမ်အွမ်လို့ အော် ခိုင်းတယ်။ ဖားကလည်း ငှက်မငယ် အလိုရှိတဲ့ အတိုင်း တောင် ချောက်ကမ်းပါး စောက် တစ်ခု အနီးမှာ သွားအော်တယ်။ ဒီအချိန်မှာ ဆင်ကြီးဟာ အနာရှိန်ကြောင့် အဖျားတက်ပြီး ရေငတ်နေတာကိုး။ ဆင်ကြီးလည်း ဖားအော်သံကို ကြားရတဲ့အခါ ဖားရှိတဲ့ အရပ်မှာ ရေအိုင် ရှိမှာပဲ ဆိုပြီး ဖားသံကို နားစွင့်ရင်း ဖားရှိရာ အရပ်ကို မမြင်မကန်း သွားလိုက်တာ တစ်ချက်တည်း ချောက်ကမ်းပါးစွန်းက လိမ့်ကျပြီး အသက်ခန္ဓာ ဆုံးရှုံး ပျက်စီး ရဖူးပါတယ်။

မြတ်စွာဘုရားဟာ သာကီဝင်မင်း အချင်းချင်း ရောဟဏီမြစ်ရေ ခွဲဝေမှု အပေါ် မသင့်မတင့် ဖြစ်ပြီး တစ်ဖက်နှင့် တစ်ဖက် ရန်စစ် ခင်းခါနီးမှာ ကောင်းကင်မှာ နေပြီး တန်ခိုးပြာဋိဟာ ပြပြီး ရန်ကိုရန်ချင်း တုံ့ပြန်ခြင်း၊ အင်အားဖြင့် အနိုင်ကျင့်ခြင်းသည် အောင်မြင်ခြင်း မဟုတ်၊ ရန်မီး မငြိမ်းနိုင်ကြောင်း ပြလိုတဲ့ အတွက် ဒီဇာတ်ကို ဟောကြားတော် မူခဲ့တာပါ။

မှန်ပါတယ်၊ ရန်ကို ရန်နှင့် တုံ့ပြန်ခြင်း၊ အင်အားနှင့် အနိုင်ယူခြင်း စတဲ့ အပြင် အောင်ခြင်းတွေဟာ နောက်တစ်ဖန် ပြန်ပြီး အောင်နိုင်ခြင်း ခံရတတ်တာ အမှန်ပါပဲ။ သို့သော် ဒီဇာတ်မှာ အလွန် မှတ်သားစရာ ကောင်းတာက နည်းပရိယာယ် ဆိုတဲ့ အချက် ဖြစ်ပါတယ်။

ခေတ်စကားနှင့် ပြောရရင် ဆင်ကြီးရဲ့ ရန်ကို ရှင်းပစ်လိုတာက မဟာဗျူဟာ သဘောပဲ။ သို့သော် အဲဒီ မဟာဗျူဟာ ကိစ္စပြီးစီးဖို့ အတွက် နည်းဗျူဟာက ပိုပြီး အရေးကြီးပါတယ်။

ဝေသာလီပြည် ပျက်စီးရတဲ့ ကိစ္စမှာ ဝဿကာရ ပုဏ္ဏားဟာ ဝဇ္ဇီမင်းတွေရဲ့ ညီညွတ်ခြင်း အင်အားကို ဖျက်ဆီးနိုင်ဖို့ အတွက် အဇာတသတ် မင်းဆီက ပြည်နှင်ဒဏ် ခံရသလိုလုပ်ပြီး ဝဇ္ဇီမင်းတွေကို အယုံသွင်းပုံ၊ ဝဇ္ဇီမင်းတွေက ဝဿကာရ ပုဏ္ဏားကြီးကို ယုံကြည်ပြီး အမတ်ကြီးရာထူး ပေးတဲ့အခါ ပုဏ္ဏားကြီး ခြေထိုးတဲ့ အတွက် ဝဇ္ဇီမင်း အချင်းချင်း မသင့်မတင့် စိတ်ဝမ်းကွဲပုံ၊ ဒီအခါ အဇာတသတ်က ဝေသာလီပြည်ကို ဝင်တိုက်ပုံတွေကို ကျမ်းဂန်တွေမှာ ဖတ်ဖူးသူ များကြပါလိမ့်မယ်။ ဒါကို ဘေဒဥပါယ်လို့ ခေါ်ပါတယ်။ လောကီ ကိစ္စတွေမှာ ရန်သူနှင့် ရင်ဆိုင် ယှဉ်ပြိုင် ရတဲ့အခါ မိမိအသက် ချမ်းသာရရေး၊ မိမိ အကျိုးစီးပွား၊ မိမိ တိုင်းပြည်နှင့် လူမျိုး အကျိုးစီးပွား၊ လူသား တစ်ရပ်လုံးရဲ့ အကျိုးစီးပွား၊ လူ့လောက အဆင်ပြေရေး၊ လူအများ ကျေနပ် ရောင့်ရဲမှု ရရှိရေး အတွက် ရန်သူ အပေါ် အောင်မြင်မှု ရအောင် နည်းအမျိုးမျိုးနှင့် ဆောင်ရွက်ရမှာပဲ။ ဒီအခါမှာ ဥပါယ်တံမျဉ် ဆိုတဲ့ နည်းပရိယာယ်ကို ကျင့်သုံးဖို့ လိုလာမှာပဲ။

ဘဝရဲ့ ရွှေတောင်တက်သမားဟာ ဘဝရဲ့ အထွတ်အထိပ်ကို ရောက်ပြီးတဲ့ ဘုရား ရဟန္တာလို ပုဂ္ဂိုလ် မဖြစ်သေးပါဘူး။ တရားသဘောနှင့် ပြောရင် ဒီဘဝမှာ သူဟာ ကလျာဏ ပုထုဇ္ဇဉ်လို့ ခေါ်တဲ့ စူဠသောတာပန် အဆင့်ကို ရောက်ဖို့ကိုပင် အားထုတ်ကြိုးပမ်း နေရသူသာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလို ပုထုဇ္ဇဉ်ဆီက အလုံးစုံသော သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းနှင့် လည်စင်းခံခြင်းကို မျှော်လင့်လို့ ရမှာလည်း မဟုတ်ပါဘူး။ အယုတ်တရားနှင့် အမြတ်တရား အားပြိုင်ရာမှာ အမြတ်တရား၊ အမှန်တရား၊ ကုသိုလ်တရားတွေ ဘက်က အနိုင်ရဖို့ ကြိုးပမ်း နေရဦးမှာပါပဲ။ လောက ကောင်းစားရေး၊ လောက အဆင်ပြေရေးကို ရှေးရှုတဲ့ ရွှေတောင်တက်သမားတိုင်းဟာ မြင့်သော မြတ်သော တရားများ ကြီးပွား တိုးတက်ရေး၊ ယုတ်

သော ညံ့သော တရားများ ဆုတ်ယုတ် ပျက်စီးရေး အတွက် နည်းပရိယာယ် မျိုးစုံကို ရှာဖွေ ကျင့်သုံးကြရပါလိမ့်မယ်။

ဘဝ ရွှေတောင်တက် ခရီးမှာလည်း အတားအဆီးတွေ အခက်အခဲတွေ အကျပ်အတည်းတွေကို ရင်ဆိုင်ကြရတဲ့ အခါ ဒီအဖျက်ရန် မှန်သမျှကို အောင်မြင်ပြီး ကျော်လွှားနိုင်သူတွေသာ အထက်စခန်း အမြင့်တန်းကို ရောက်ကြရတယ်။ ရှုံးနိမ့်သူတွေကတော့ တလိမ့်ခေါက်ကွေး ကျဆင်းသွားရတဲ့ အတွက် အသက် မသေရင်တောင် မရှုမလှ ဖြစ်ကြရမှာပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ အစကတည်းက မြေပြင်ချိုင့်ဝှမ်း ခယောင်းတောမှာ မောကြီးပန်းကြီးနှင့် လျှောက်နေခဲ့လို့ ရှိရင် မတော်လို့ လိမ့်ကျရင်တောင် သိပ်ပြီး အကျနာစရာ အကြောင်း မရှိဘူးပေါ့။ အမြင့်တန်းကို တက်လှမ်းပြီးခါမှ အခက်အခဲတွေကို ရင်မဆိုင်နိုင်လို့ ခြေချော် လက်ချော် ကျမယ်ဆိုရင် ပိုပြီး အကျနာပါတယ်။ အမြင့်ကို ရောက်နေသူတွေဟာ ဘယ်နည်းနှင့်မှ လိမ့်ကျ မခံနိုင်ဘူး။ ခရီး ထက်ဝက်မှာ အထက်မကျ အောက်မကျ တိုးလိုးတန်းလန်း ဖြစ်နေလို့လည်း မဖြစ်ဘူး။ ဘယ်နည်းနှင့် ဖြစ်ဖြစ် တောင်ထိပ် ပေါ်ကို ရောက်မှပဲ ဖြစ်မယ်။ တောင်ထိပ်ပေါ်ကို ရောက်မှပဲ သက်သာရာရမယ်။ လမ်းတစ်လျှောက်လုံးမှာ အသက်ရှူ မဖြောင့်ခဲ့သမျှ ထိပ်ဆုံးရောက်မှပဲ စိတ်ရှိလက်ရှိ သက်ပြင်းချပြီး အသက်ရှူ ဖြောင့်မှာပဲ။ အခက်အခဲ အတားအဆီးတွေ ကုန်ဆုံးတဲ့ နေရာဟာ တောင်ထိပ်ပေါ်မှာပဲ ရှိတယ်။ ဒါကြောင့် ရွှေတောင်တက်သမား အဖို့ ကတော့ မအောင်မြင်လို့ကို မဖြစ်ဘူး။ အောင်ကို အောင်ရမှာပဲ။ ရွှေတောင်တက် သမား ဆိုတာ အရှုံးခံနိုင်သူ မဟုတ်ဘူး။ သူဟာ အောင်နိုင်သူပဲ ဖြစ်ရမယ်။ ဒါက ဘဝက တောင်းဆိုတဲ့ လိုအပ်ချက်ပါ။ ဒါကြောင့် ရွှေတောင်တက်သမားတိုင်းဟာ ဘဝရဲ့ တိုက်ပွဲတိုင်းမှာ ကိုယ်ဟာ အောင်ပွဲရသမားပဲ ဖြစ်ရမယ်လို့ကို သန္နိဋ္ဌာန် ချပြီးသား ဖြစ်ရမယ်။ မဟာ အဘိနိဟာရ ဆိုတဲ့ ဆုံးဖြတ်ချက် ချပြီးသားပဲ ဖြစ်ရမယ်။

ဒီလို အောင်ပွဲ ရဖို့အတွက် သူ့မှာ မရှိမဖြစ်တဲ့ လိုအပ်ချက်တွေ ရှိသေးတယ်။ အဲဒီ လိုအပ်ချက်တွေထဲမှာ ယုံကြည်ချက် ဆန္ဒတို့၊ သတိတို့၊ ဝီရိယတို့၊ ခိုင်ခံ့တဲ့ သမာဓိစိတ်တို့ အပြင် နည်းပရိယာယ်ကို သိတတ်တဲ့ ထိုးထွင်းသိမှု ဉာဏ်ပညာ လည်း လိုသေးတယ်။

နည်းပရိယာယ် ဆိုတာက တရားသေ ပုံသေ မရှိပါဘူး။ အခွင့်အရေးကို ကြည့်ပြီး နည်းပရိယာယ်တွေဟာ ပြောင်းလဲနေမှာပဲ။ တစ်ခါတစ်ရံမှာတော့ အလိုက်သင့် ကျင့်ပြီး အနိုက်အတန့်အားဖြင့် ကြုံတွေ့လာတဲ့ ဘေးရန် အန္တရာယ် တွေကို ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားတဲ့ နည်းပရိယာယ်ကိုလည်း ကျင့်သုံးတန် ကျင့်သုံးရပါတယ်။ ဒါကြောင့် ရွှေဟင်္သာမင်းပျို့မှာ ရှင်တေဇောသာရ ဆရာတော်က ဒီလို စပ်ဆိုခဲ့ဖူးပါတယ်။

'နိုင်းချက်တခြား၊ ရေပန်းပြားနှင့်၊ ဖောင်းကားကြံဖြူ၊ အလိုကျူတို့၊ ရှရှ ရှဉ်းရှဉ်း၊ မုန်တိုင်းညှဉ်းလည်း၊ စိုးစဉ်းမယောက်၊ လေအလျောက်ဖြင့်၊ တကောက်ညွတ်ညွတ်၊ လိုက်စတတ်၍၊ ကျိုးပြတ်မထင်၊ သန့်ရှင်ခပ်သိမ်း၊ တရိန်းရိန်းလျှင်၊ တစိမ်းလဲ့လဲ့' တဲ့။

ဒါဟာ လောက ဥပမာပါ။ လေပြင်းမုန်တိုင်း တိုက်တဲ့အခါ အင်မတန် ခိုင်ခံ့တယ် ဆိုတဲ့ သစ်ပင်ကြီးတွေဟာ လေနှင့် ဆန့်ကျင်ဘက် ကြံ့ခိုင်ပြီး ခံတဲ့ အတွက် လေအားကို မခံနိုင်ဘဲ ကျိုးပဲ့ ကြေပျက် ကြရတယ်။ တချို့ သစ်ပင်တွေ ဆိုရင် အမြစ်ပါလန်ပြီး မြေမှာ ဗုန်းဗုန်း လဲကျကြရပါတယ်။ ဒါပေမယ့် ရေပန်းပြား ပင်တို့ ကြံဖြူပင်တို့ အလိုကျူပင်တို့ကတော့ လေနှင့် အလိုက်သင့် ယိမ်းပြီး နေလိုက်တဲ့ အတွက် မုန်တိုင်း ပျက်ပြယ် သွားတဲ့အခါ စိမ်းလန်း စိုပြည်လျက်ပဲ အသက် မသေ ကျန်ကြရတယ်လို့ ဆရာတော်က နမူနာ ထုတ်ပြတာပါ။

ဒါကော မမှန်ဘူးလား ဆိုတော့ အခါအခွင့်ပေါ်မှာ တည်ပြီး မှန်တာပါပဲ။ အဓိကကတော့ ရွှေတောင်တက်သူဟာ အရေးအခင်း တစ်ခုနှင့် ကြုံလာတိုင်းမှာ အခြေအနေ အမှန်ကို သုံးသပ်တတ်ရမယ်။ အားချင်း မျှ မမျှ ဆိုတာကို ချိန်ဆ တတ်ရပါလိမ့်မယ်။ အားမတန်ရင် မာန်လျှော့ဖို့ ဝန်မလေးရဘူးလို့ ဆိုလိုတာပါပဲ။

ရွှေတောင်တက်သမား အဖို့တော့ မိမိရဲ့ အတက်လမ်းမှာ ပိတ်ဆို့ တားဆီး နေတဲ့ အဖျက်အင်အားစု မှန်သမျှကို ရန်အန္တရာယ်လို့ ယူမှတ်ရမှာပါပဲ။ အုတ်ရိုး စေတီပေါ်မှာ ပေါက်နေတဲ့ ညောင်ပင်ကလေးကို ရန်အန္တရာယ်လို့ မမြင်တတ်ရင်၊ ဂရုစိုက်စရာ မဟုတ်ဘူးလို့ မှတ်ရင် အဲဒီ ညောင်ပင်ကလေးဟာ တစ်ခုသော အချိန်ကို ရောက်တဲ့အခါ ဒီစေတီ အုတ်ရိုးကို ဖျက်ဆီးပစ်လိုက်မှာပဲ။ မြွေပွေး ဆိုရင် ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ ဂရုစိုက်အပ်သလို ရွှေတောင်တက်သူဟာ ရန်အန္တရာယ်တွေကို အထင်သေးတဲ့ စိတ်နှင့် အမူမဲ့ အမှတ်မဲ့ မနေသင့်ပါဘူး။

ဒီတော့ ဘဝခရီးမှာ မုချ ကြုံတွေ့ရမယ့် ရှေ့မှာ ဖော်ပြခဲ့တဲ့ ရန်တွေကို ဘယ်နည်းနှင့် ရင်ဆိုင်ပြီး နှိမ်နင်းမလဲ။ ရှေးပညာရှိများကတော့

- မေတ္တာနှင့် အောင်နိုင်တဲ့နည်း
- ဥပါယ်တံမျဉ်နှင့် အောင်နိုင်တဲ့ နည်းတွေကိုသာ (ရန်မလိုမှ ရန်ပြိုတဲ့ အတွက်) အားပေး ချီးမွမ်းကြပါတယ်။ ပညာရှိ သူတော်ကောင်းတွေဟာ လက်နက် လက်နက်ချင်း အကြမ်းဖက် နှိမ်နင်း အောင်မြင်တဲ့ နည်းကိုတော့ (ရန်လိုလေ ရန်ပိုလေ ဖြစ်မှာမို့) အားပေး ချီးမွမ်းလေ့ မရှိကြပါဘူး။ အကြမ်းဖက်မှုကို အနုနည်း နှင့် အောင်မြင်နိုင်တဲ့ သဘောဟာလည်း လောကမှာ ထင်ရှားရှိပါတယ်။ မြတ်စွာ ဘုရားရဲ့ အောင်တော်မူခြင်းတွေ အားလုံးဟာ မေတ္တာနည်း အနုနည်းတွေသာ ဖြစ်ပါတယ်။ ဒီနည်းဟာ အကောင်းဆုံးနည်း ဖြစ်တာကိုလည်း မငြင်းနိုင်ပါ။ သို့သော် ရွှေတောင်တက်သမားဟာ အပြင်ရန်တွေကို အနုနည်းနှင့် အောင်မြင်

ချင်ရင်တော့ ဦးစွာ မိမိကိုယ်ထဲက အတွင်းရန်တွေကို အောင်မြင်ထားပြီးသူ ဖြစ်ရပါလိမ့်မယ်။

ဘယ်လို နည်းပရိယာယ်ကိုပဲ ဖြစ်ဖြစ် ရန်အန္တရာယ်တွေနှင့် ရင်ဆိုင်တဲ့အခါ အခက်အခဲတွေကို ဖြေရှင်းရတော့မယ့် အခါ နည်းသိရုံနှင့် ပြီးမလား ဆိုတော့ မပြီးပါဘူး။

ဒီ အရေးအခင်းမှာ ငါ ဒီနည်းနှင့် ဖြေရှင်းမှပဲလို့ နည်း သိပြီး ဆုံးဖြတ်ပြီးတာတောင် ကျင့်သုံးဖို့ အပိုင်းက ကျန်ပါသေးတယ်။ ဒီတော့ အောင်မြင်ရေးအတွက် နည်းပရိယာယ်ကို ဘယ်လို ကျင့်သုံးကြမလဲ။

ဒီပုစ္ဆာကိုလည်း အဖြေ ထုတ်ကြည့်ဖို့ လိုလိမ့်ဦးမယ် ထင်ပါတယ်။ ထုတ်ကြည့်မယ်ဆိုရင် ဒီလို တွေ့ရမယ် ထင်ပါတယ်။

## နည်းပရိယာယ်နှင့် အချိန်၏ အဆုံးအဖြတ်များ

နည်းပရိယာယ် တစ်ခုကို ထိုးထွင်း ကြံစည်တဲ့အခါ ရွှေတောင်တက်သူဟာ (က) အချိန်အခါ ဟုတ် မဟုတ် ဆိုတဲ့ အချက်၊ (ခ) အခါအခွင့် သင့် မသင့် ဆိုတဲ့ အချက်၊ (ဂ) အကျိုး ဖြစ် မဖြစ် ဆိုတဲ့ အချက်၊ (ဃ) ပရိသတ် ကောင်း မကောင်း ဆိုတဲ့ အချက်တွေ အပေါ်မှာ အခြေခံ သုံးသပ်ပြီးမှ ဆုံးဖြတ်ချက် ချရမှာပါ။ ဒီ အချက်ကြီး လေးချက်ထဲမှာ ''အချိန်အခါ' ဆိုတဲ့ စကားဟာ ကျန်အချက်တွေ အားလုံး အပေါ်မှာ လွှမ်းမိုးပါတယ်။

ဘယ်လို လွှမ်းမိုးသလဲ ဆိုတာ သိရအောင် 'အချိန်' ဆိုတာ ဘာကို ခေါ်တာလဲလို့ ပထမ သဘောရှင်းအောင် အားထုတ်သင့်ပါတယ်။

ရွှေတောင် တက်သူတိုင်းဟာ အချိန်ရဲ့ ပရိယာယ်တွေနှင့် အချိန်ရဲ့ အဆုံးအဖြတ်များကို သိမှားလည်အောင် အလွန်အမင်း အားထုတ် သင့်လှပါတယ်။ ဘာဖြစ်လို့လဲ ဆိုရင် ဆောင်ရွက်မှုဆိုတဲ့ အလုပ် (ကံ) နှင့် ဆောင်ရွက်အပ်တဲ့ အချိန်နှင့် လွဲချော်သွားလို့ ရှိရင် လောကမှာ ဘယ် အလုပ်မျိုးမှ အောင်မြင်ရိုး ထုံးစံ မရှိလို့ပါပဲ။

'ဆောင်ရွက်အပ်တဲ့ အချိန်' ဆိုတဲ့ သဘောကို သိမြင်လွယ်အောင် ၁၉၈၅ ခုနှစ်တုန်းက ကမ္ဘာမှာ ဟိုးလေးတကျော် ဖြစ်ခဲ့ရတဲ့ ကမ္ဘာ့ အရေးအခင်း တစ်ခုကို တင်ပြပါ့မယ်။

အဖြစ်အပျက် ကတော့ အာချီလီလော်ရို ခေါ်တဲ့ အီတလီ ဇိမ်ခံသင်္ဘောကြီး တစ်စီးကို ပါလက်စတိုင်း ပြောက်ကျား အသေခံ တပ်သားတွေက အပိုင်စီးသွားပြီး သင်္ဘောပေါ်မှာ ပါလာတဲ့ အမေရိကန် နိုင်ငံသား ခရီးသည် တစ်ယောက်ကို ပါလက်စတိုင်းများက သတ်ပစ်ခဲ့တဲ့ ကိစ္စက စ ပါတယ်။

ဒီပြဿနာဟာ နောက်ဆုံးတော့ အမေရိကန် သမ္မတ ဖြစ်တဲ့ သမ္မတ ရော်နယ် ရေဂင်ရဲ့ ဦးခေါင်းပေါ်ကို ပုံကျပါတယ်။ သူ့ကို ဒုတိယအကြိမ် သမ္မတ အဖြစ် ပြည်သူတွေက တင်မြှောက်ကြတာဟာ အမေရိကန်သားတွေရဲ့ အသက် အိုးအိမ်ကို ကမ္ဘာ့ အရပ်ရပ်မှာ လုံခြုံမှုရှိအောင် ကာကွယ်ပေးဖို့ တင်တာလို့ အရေး ဆိုလာကြပါတယ်။ ဒီတော့ သမ္မတ တာဝန်ကို ထမ်းဆောင်တဲ့လူဟာ ပြည်သူ တွေကို လုံခြုံအောင် ကာကွယ်ပေးရမယ်။ ကာကွယ်တယ် ဆိုတာကို ကမ္ဘာ့ကရော အမေရိကန် ပြည်သူတွေကပါ သိဖို့လိုတယ်။ ဒီတော့ အပြစ်မဲ့ အမေရိကန် ပြည်သူတွေကို သတ်ပစ်တဲ့ တရားခံတွေအပေါ် ဥပဒေအရ အရေးယူနိုင်အောင် လုပ်ပေးဖို့ဟာ သမ္မတရဲ့ တာဝန် ဖြစ်လာပါတယ်။

လူတွေဟာ ဥပဒေအရ အရေးယူ ဆောင်ရွက်ခြင်းကို တရားမျှတမှု အဖြစ် လက်ခံထားတဲ့ အတွက် တရားခံတွေကို ဥပဒေ ပြင်ပကနေ ဥပဒေဘောင်ထဲကို ရောက်အောင်လို့ အင်အားသတ္တိ ရှိသမျှကို အသုံးပြုရမယ့် အချိန်အခါဟာ ဆိုက် ရောက်လာပါပြီ။

ခုဖော်ပြမယ့် အဖြစ်အပျက်ကို သမိုင်းဆရာတွေက ဆာရာလီ ဆုံးဖြတ်ချက် လို့ ခေါ်ကြပါတယ်။ အဲဒီ အချိန်တုန်းက သမ္မတ ရေဂင်ဟာ ဘာကလေမြို့ သမင်တော အရပ်က ဆာရာလီ အလုပ်သမားတွေကို မိန့်ခွန်းပြောဖို့ ရောက်နေတဲ့ အချိန်ဖြစ်ပါတယ်။ တစ်ဖက်က တာဝန် ရှိသူတွေကလည်း အမေရိကန် ခရီးသည်ကို သတ်သွားတဲ့ ပါလက်စတိုင်း ပြောက်ကျားတွေကို မတွေ့တွေ့အောင် လိုက်ရှာ နေကြပါတယ်။ ရေဂင်ဟာ ရောက်ရာ အရပ်ကနေ 'တို့ ဒီကောင်တွေကို ရှာတွေ့ ပြီလား' လို့ ခဏ ခဏ တာဝန် ရှိသူတွေကို မေးနေပါတယ်။ ဒီလို မေးနေတာက အပြစ် ကျူးလွန်တဲ့ လူတွေကို တိုက်ရိုက် ဆုံးမနိုင်မယ့် အခွင့်အခါကို ရချင်လို့ မေးနေတာပဲ။

ဒီအချိန်မှာပဲ ကာကွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူတွေ ရောက်လာကြတယ်။ သူတို့ရထားတဲ့ သတင်းတွေကို သမ္မတကြီးကို အစီရင်ခံကြတယ်။ ဒီအခါ သမ္မတ ရေဂင်က ခပ်တိုတို ခပ်ပြတ်ပြတ်ပဲ မေးတယ်။

'ဒီကောင်တွေကို တို့တွေ့တာ သေချာတယ်နော်'

သေချာကြောင်း တာဝန်ရှိသူများက တာဝန်ခံကြတယ်။

'အပြစ်မရှိတဲ့ လူတွေအတွက် နစ်နာစရာ ဘာများ ရှိသလဲ'

မရှိကြောင်း တာဝန်ရှိသူများက အစီရင်ခံကြတယ်။ ဖြစ်စရာရှိရင် ဒီလုပ်ငန်း ကို ဆောင်ရွက်တဲ့ အမေရိကန်တွေပဲ ထိခိုက်မယ်လို့ ပြောပြတယ်။

'နောက် သံတမန်ရေးရာ ထိခိုက်နိုင်စရာ ဘာရှိသလဲ' လို့ သမ္မတ ရေဂင် က ထပ်မေးတယ်။ ဖြေတဲ့လူတွေက ဖြေနေတာကို သူ နားထောင်နေတယ်။ ဝိုင်းရံ နေသူတွေဟာ သမ္မတကြီးရဲ့ ဆုံးဖြတ်ချက် အမိန့်ကို နားစွင့်နေကြတယ်။ သမ္မတ

ဟာ အချိန် နှစ်မိနစ် အတွင်း စဉ်းစားစရာ အားလုံးကို စဉ်းစားလိုက်တယ်။ ဒီ အချိန်မှာ ပါလက်စတိုင်းတွေက အီဂျစ်ကနေ စစ်ဘက် ဂျက်လေယာဉ်နှင့် တူနီရှား ကို ထွက်သွားကြပြီ။ သမ္မတဟာ နှစ်မိနစ် ပြီးတော့ 'ကဲ ဒါဆို တို့လုပ်ကြတာပေါ့' တဲ့။ ပေါ့ပေါ့ပဲ အမိန့်ပေးလိုက်တယ်။ အချိန်အားလုံး ၂၅ မိနစ် အတွင်းမှာ အမေရိကန် စစ်လေယာဉ်တွေက အီဂျစ် လေယာဉ်ကို ကြားဖြတ် ဟန့်တားပြီး တရားခံတွေကို အောင်မြင်စွာ ဖမ်းဆီးလိုက်ပါတယ်။ *

'အချိန်အခါ' ဆိုတဲ့ သဘောဟာ ဒီအရေးအခင်းမှာ ထင်ရှား ပေါ်လွင်ပါ တယ်။ အီဂျစ်က ထွက်လာတဲ့ စစ်လေယာဉ်ဟာ တူနီးရှားကို မ ရောက် ခင် ကောင်းကင်ပြင်မှာ ရှိနေဆဲ အခိုက်အတန့် (အချိန်) ကလေးသာလျှင် အခါအခွင့် သင့်တဲ့ အချိန်ဖြစ်တယ်။ ဆောင်ရွက်ချက် အားလုံး အနိုင်အရှုံးကို အဲဒီ အခိုက် အတန့် အချိန်ကလေးကသာ ဆုံးဖြတ်ပါတယ်။ ဒီအလုပ်ကို ဒီ အ ချိန် မှာ သာ မဆောင်ရွက်နိုင်ခဲ့လို့ ရှိရင် ဒီတရားခံတွေကို ဖမ်းမိဖို့ အရေးကို မျှော်လင့်လို့ မရတော့ပါဘူး။ ဒါကြောင့် ဒီအရေးအခင်းရဲ့ အောင်မြင်မှုကို 'ခွင့်သာခိုက်' ဖြစ်တဲ့ ဒီအချိန်က ဆုံးဖြတ်ပါတယ်။

ဘဝခရီး တစ်လျှောက်မှာ အခွင့်အလမ်းတွေဟာ အမြဲ ပေါ်ပေါက်နေတာ မဟုတ်ပါဘူး။ တစ်ခါတစ်ရံမှာသာ ပေါ်ပေါက်ပါတယ်။ အဲဒီ ခွင့်သာခိုက်မှာ မဆောင်ရွက်လိုက်ရင် သင့်ထက်မိုက်သူ ရှိဦးမှာတဲ့လား ဆိုတဲ့ စကားလိုပဲ ခွင့်သာ ခိုက်မှာ လုပ်သင့်တာကို လုပ်လိုက်မိဖို့ဟာ အရေးကြီးပါတယ်။ ဒီနေရာမှာ ရှေ့က တင်ပြခဲ့သလို အချိန်အခါ ကောင်းမှု၊ အခါအခွင့် သင့်မှု၊ အကျိုး ဖြစ်နိုင်မှု၊ အများ ပြည်သူကလည်း ဒီလို ဆောင်ရွက်ချက်ကို ထောက်ခံ အားပေးမှု၊ အခြေအနေ အားလုံးကိုလည်း ရွှေတောင်တက်နေသူတိုင်း အထူး သတိဝီရိယ ထားပြီး တွက်ဆ (ချိန်ဆ) နိုင်ဖို့ လိုပါတယ်။

သမ္မတ ရေဂင်မေးတဲ့ မေးခွန်းတွေထဲမှာ ဒီအချက်တွေ အားလုံး ပါပါ တယ်။ သေချာသလားလို့ သူ ပထမ မေးတယ်။ သေချာမှသာ ဒီအချိန်ကို အမိ အရ ယူရမှာကိုး။ အပြစ်မရှိတဲ့ လူတွေ ထိခိုက် နစ်နာစရာ ရှိသလားတဲ့။ ထပ် မေးတယ်။

ဒါက အကျိုးရှိအောင် လုပ်တာ။ အပြစ် ဖြစ်စရာတွေ မဖြစ်လာအောင် ကြိုပြီးကာတာ။ မရှိဘူး၊ မရှိဘူး ဆိုရင် သံတမန်ရေးရာ တန်ကြေး ဘယ်လိုလဲ၊ ဘာ ထိခိုက်စရာ ရှိသလဲတဲ့။ ဒါက ပရိသတ် (ကမ္ဘာ) က ချီးမွမ်းစရာ ဖြစ်မလား၊ ကဲ့ရဲ့စရာ ဖြစ်မလား၊ ထောက်ခံမလား၊ ကန့်ကွက်မလား ဆိုတာတွေ အတွက် မေးတဲ့ မေးခွန်းပါပဲ။ ဒီလို ဘက်စုံ ထောင့်စုံအောင် ကြည့်ပြီးမှ နည်းပရိယာယ်

---

* *Time, Oct 28, 1985.*

တစ်ရပ်ကို ကျင့်သုံး အကောင်အထည် ဖော်ရတာဟာ ပညာရှိတို့ လုပ်ရိုးလုပ်စဉ် ဖြစ်ပါတယ်။

အချိန်ဟာ တသွင်သွင် စီးဆင်းနေတဲ့ ရေအလျဉ်လို၊ ထွန်းညှိထားတဲ့ ဆီမီး တိုင်လို ကုန်ဆုံးခြင်း နိယာမ ရှိတယ်။ တည်ဆဲ ခဏကလေးကိုပဲ အသုံးချလို့ ရတယ်။ အဲဒီ မျက်မှောက် တည်ဆဲခဏကို အသုံးချနိုင်မှသာ တန်ဖိုးတွေ ဖြစ်ပေါ် လာတယ်။ ဟင်နရီဖို့ဒ်ရဲ့ မော်တော်ကား စက်ရုံလို လုပ်ငန်းခွင်မျိုးမှာ တစ်စက္ကန့် တစ်မိနစ်ဆိုတဲ့ အချိန်ဟာ တန်ဖိုးတွေများစွာကို ဖန်တီး ပေးနေပါတယ်။ ဒါကြောင့် ကမ္ဘာမှာ အလုပ်ချိန်ကို ငွေနှင့် တန်ဖိုးဖြတ်နေခြင်း ဖြစ်ပါတယ်။

မြန်မာ စကားမှာလည်း အချိန်နှင့် ဒီရေဟာ လူကို မစောင့်ဘူးလို့ ပြော နေကြပါတယ်။ သဘာဝ လောကကြီးရဲ့ ဖြစ်ပျက်ပြုပြင်မှု အစဉ်ကြီးဟာ ဘယ်သူမှ မဖန်တီးဘဲ သူ့သဘောကို သူဆောင်ပြီး ဖြစ်နေတဲ့ သယံဇာတ ဖြစ်စဉ်ကြီးပဲ။ အဲဒီ ဖြစ်စဉ်ဟာ အချိန်ပဲ။ နာရီတွေ နေ့ရက်တွေက အချိန်ကို ပိုင်းခြားပြီး နားလည်တဲ့ ကာလ အပိုင်းအခြားတွေသာ ဖြစ်တယ်။ အချိန်နှင့် သဘာဝ ဖြစ်စဉ်ဟာ တခြားစီ မဟုတ်ဘူး။ ကိုယ့်မျက်စိအောက်မှာ မြင်နေရတာတွေထဲမှာ အချိန် ရှိတယ်။ ကြည့်ချင်တဲ့ ပစ္စည်းကို ကိုင်ကြည့်၊ သူ့အထဲမှာ အတိတ် ရှိတယ်၊ ပစ္စုပ္ပန် ရှိတယ်၊ သူ့မှာ အနာဂတ်လည်း ရှိတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ အနှေးသဘောတွေ အမြန် သဘောတွေကို တွေ့မြင် ခံစားနေကြရတာပဲ။ အဲဒါတွေဟာ အချိန်တွေပဲပေါ့။ စောတဲ့ သဘော၊ နောက်ကျတဲ့ သဘော၊ အချိန်မှီ ဆိုတဲ့ သဘောတွေကိုလည်း တွေ့ကြုံ နေကြရတာပဲ။

အချိန် အကြောင်းကို အကျယ်ပြောရင် အိုင်စတိုင်းရဲ့ ရီလေတီဗတီ သီဝရီ အထိ ဆန့်ပြောရလိမ့်မယ်။ အဲဒီလောက်ထိအောင် ဒီမှာ မသွားဘဲနှင့်လည်း သဘော ကို နားလည်နိုင်ပါတယ်။ အရေးကြီးဆုံး ကတော့ အချိန်ကောင်းကို ဆုပ်ကိုင်မိဖို့ရယ်၊ လက်လွတ် မခံဖို့ရယ် အထူး လိုအပ်ပါတယ်။ ဒီတော့ အချိန်ကောင်း ဆိုတာ ဘာလဲလို့ မေးရပါလိမ့်မယ်။ အဖြေကို သဘောကျအောင် တိုတိုပဲ ဖြေလို့ရပါတယ်။

အချိန်ကောင်းဆိုတာ တခြား မဟုတ်ဘူး။ ရွှေတောင်တက် ခရီးမှာ အများ နှင့် အတူတကွ အညီအမျှ ဖြစ်တဲ့ ချမ်းသာ စီးပွားတွေနှင့် ဘဝရဲ့ ကျေနပ်မှုနှင့် ရောင့်ရဲမှုကို အထောက်အကူပြုတဲ့ အကျိုး တစ်စုံတစ်ရာကို ဖန်တီးခွင့်ရှိတဲ့ အခိုက် အတန့်ကို အချိန်ကောင်းပဲလို့ မှတ်လို့ရပါတယ်။

တစ်ခါတုန်းက ကမ္ဘာကျော် ဘင်္ဂါလီ စာရေးဆရာကြီး ရာဘင်ဒြာနာသ် တဂိုးဟာ ရောဂါ အပြင်းအထန် ခံစားရတယ်။ စိတ်ဓာတ်ကလည်း အကြီးအကျယ် ကျနေတဲ့အချိန်။ သူ့ရောဂါကိုကုဖို့ အင်္ဂလန်ပြည်ကို သင်္ဘောခရီးနှင့် သွားခဲ့တယ်။ နှေးကွေးလှတဲ့ ရေကြောင်းခရီး တစ်လျှောက်မှာ သူ့အဖို့ အချိန်တွေဟာ ပိုနေတယ်။ ပိုတဲ့ အချိန်ဟာ ပျင်းစရာ ကောင်းတတ်ပါတယ်။ ဒီတော့ သင်္ဘောပေါ်မှာ သူ ရေး

ခဲ့တဲ့ ဘင်္ဂါလီ ကဗျာတွေကို အင်္ဂလိပ် ဘာသာသို့ ပြန်ခဲ့ပါတယ်။ အဲဒီ သဘော်ာ ပေါ်က အချိန်တွေကို အကျိုးရှိအောင် ဖန်တီးလိုက်တဲ့ အတွက် နောင်အခါ သူ့ရဲ့ အင်္ဂလိပ် ဘာသာပြန် ကဗျာ 'ဂီတဥ္စလီ' ကို ကမ္ဘာကျော် နိုဘယ်ဆု ချီးမြှင့်ခြင်း ခံခဲ့ရဖူးပါတယ်။ သူ့ဘဝတစ်ခုလုံး အတွက် ဒီစာအုပ်ဟာ ကျေးဇူးအပြုဆုံး ဖြစ်ခဲ့ တယ်။ *

ရှေးက ရွှေတောင်တက်သမား ဥတ္တမပုရိသ ယောက်ျားမြတ်များ ကျင့်သုံး သွားကြပုံတွေဟာ နောက်လူများ အဖို့ အတုယူစရာ နမူနာ ဖြစ်လျက် ထာဝရ တည်နေမှာပါ။ အချိန်ဟာ တန်ဖိုးပဲ။ တန်ဖိုး ဆိုတာဟာ ဆုံးရှုံးခံသင့်တဲ့ အရာ မဟုတ်ဘူးလို့ ရွှေတောင်တက်သူများရဲ့ နှလုံးသားမှာ စွဲထားသင့်တယ် လို့ လည်း ထင်ပါတယ်။

စေတနာဟာ ကံ ဆိုတဲ့ အတွေးအမြင်ကိုလည်း နှလုံးသားမှာ အမြဲအစဉ် စွဲထားသင့်ပါတယ်။ ဒါမှသာ ဘဝမှာ အခက်အခဲတွေ ပြဿနာတွေ ရန်သူတွေကို ရင်ဆိုင်ပြီး အရှုံးအနိုင် အားပြိုင်ကြတဲ့ အခါ ယောနိသော မနသိကာရလို့ ခေါ်တဲ့ အသင့်အတင့် နှလုံးသွင်းမှုဟာ အလိုလို ဖြစ်ပေါ်လာနိုင်ပါတယ်။ နည်းပရိယာယ် တွေကို ကျင့်သုံးတဲ့ အခါ စေတနာ မှန်ကန်မှသာ နှလုံးသွင်း မှန်မယ်။ နှလုံးသွင်း မှန်မှသာ လုပ်ရပ်လည်း မှန်မှန်ကန်ကန် ဖြစ်မှာပေါ့။

## မယုတ်မလွန် အကျင့်မှန်မှ

ရှင်မဟာရဋ္ဌသာရရဲ့ အနုသာသန ဆုံးမစာထဲမှာ နည်းပရိယာယ်တွေကို ကျင့်သုံးမှု နှင့် ပတ်သက်ပြီး ဆုံးမထားတဲ့ စကားကလေး တစ်ခုဟာလည်း အလွန်ပဲ မှတ်သား နာယူဖို့ ကောင်းလှပါတယ်။ ဆရာတော်က ဘယ်လို ဆုံးမထားသလဲ ဆိုတော့

'အနီးအဝေး၊ အနေးအလျင်၊ စီရင်မစ၊ အငအဆေ၊
အစေအပါး၊ အရာကြီးငယ်၊ ပြုဖွယ်ဖွယ်ဥ္၊ လိုမယ်ကိစ္စ၊
အားရအောင်အောင်၊ ရည်ဆောင်ထဲလာ၊ ကြိုးသော်ခါလည်း၊
ညီညာအားထုတ်၊ သဘောဟုတ်ဖြင့်၊ မယုတ်မလွန်၊
တော်မှန်ဖြောင့်စင်း၊ မှားယွင်းမရှိ၊ သမာဓိဖြင့်၊
သတိငံ့ဆည်၊ စောင့်အပ်သည်တွင်၊ ဆံခြည်တတန်း၊
တင်စွန်းမချစ်၊ လောဘဖြစ်၍၊
တင်းပြစ်လွတ်ကင်း၊ ဝေးစေမင်း' တဲ့။

-----------------------

* *နိုဘယ်ဆုရ စာရေးဆရာကြီး ငါးဦး၊ ဘနင်း၊ စာ ၄၅-၄၇*

ဆရာတော်ရဲ့ ဆုံးမစာ ပျို့လက်ာကလေးထဲမှာ နည်းပရိယာယ် ကျင့်သုံးမှု နှင့် အကျွမ်းဝင်တဲ့ အချက်အလက်တွေ အားလုံးကို အတိုအရှင်းနည်းနှင့် ရေးသား ဖော်ပြထားပါတယ်။ ကိစ္စ တစ်ခုခုကို အောင်မြင်အောင် ပြုလုပ်အားထုတ် ကြတဲ့ အခါ အနီးအဝေး အနေးအလျင် ဆိုတဲ့ (ဌာန) သဘော၊ (ကာလ) သဘောများ အားလုံးကိုလည်း ထည့်တွက်ရမယ်တဲ့။ အမှုအောင်မြင်ရေး ကိစ္စမှာ 'ညီညွတ်ခြင်း' သဘောလည်း လိုအပ်တယ်၊ အရေးကြီးတယ်။ သို့သော် ဒီလို တညီတညွတ်တည်း အားထုတ်ရာမှာ ဆန္ဒ မစောဖို့လည်း လိုတယ်၊ မတွေဝေဖို့လည်း လိုတယ်၊ အကြမ်း မဖက်ဖို့လည်း လိုတယ်၊ အလျှော့ မပေးဖို့လည်း လိုတယ်။

ခြသေ့် ဖြစ်လျက် ကြွက်တွင်း ယက်သလို မဖွယ်မရာ မတင့်မတယ် မိမိရဲ့ ဂုဏ်အရည်အသွေးများနှင့် လားလားမျှ မသင့်တင့် ကဲ့ရဲ့ဖွယ် ရှက်ဖွယ် ကိစ္စကို မဆောင်ရွက်မိဖို့လည်း လိုတယ်။ အဆတန် မတန်၊ ရာ မရာကို မကြည့်ဘဲ မသုံး သင့်တဲ့ အင်အားတွေ သုံးပြီး ဆင်ချည်တဲ့ ကြိုးနှင့် ကြက်ကို မချည်မိဖို့လည်း လိုတယ်။ ဒီအပြုအမူတွေ အားလုံးဟာ ပရိသတ် ကဲ့ရဲ့ဖွယ်ရာလည်း ဖြစ်တယ်။ အစွန်း တစ်ဖက်ကို ရောက်တဲ့ အကျင့်မျိုးတွေလည်း ဖြစ်တယ်။ ဒါကြောင့် ဝန်နှင့် အား မျှတရုံဖြစ်အောင် 'မယုတ်မလွန်' ကျင့်သုံးတတ်ကြရမယ်လို့ ဆရာတော်က ဆုံးမတော်မူခြင်း ဖြစ်ပါတယ်။ ဆရာတော်ရဲ့ နောက်ဆုံး စကားဟာ ဘယ်လောက် မှတ်သားစရာ ကောင်းသလဲ။ ဘယ်လောက် ကြည်ညိုဖွယ် ကောင်းသလဲ ကြည့်ပါ။ 'တင်းပြစ်လွတ်ကင်း၊ ဝေးစေမင်း' တဲ့။ သူတစ်ပါး အပြစ်တင်ဖွယ် မဖြစ်အောင်၊ အပြစ်တင်ခြင်း လွတ်အောင် ဆောင်ရွက်ကြပါတဲ့။

ဒီစကားကို ရွှေတောင်တက်သူတိုင်းဟာ ဦးထိပ်ပန်ဆင် ရမှာပါ။ ဘာဖြစ် လို့လဲ ဆိုတော့ ဘဝ ရွှေတောင်တက် ပုဂ္ဂိုလ်တိုင်းဟာ အများပြစ်တင် ရှုတ်ချခြင်းကို ရှက်ခြင်း၊ အများ ပြစ်တင်ဖွယ် ပြုရမည်ကို ကြောက်ခြင်း ဆိုတဲ့ အရှက်အကြောက် တရား (ဟိရိ ဩတ္တပ္ပ)ကို အသက်နှင့် ထပ်တူ တန်ဖိုးထားသူ ဖြစ်ဖို့လည်း လိုလို့ပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့ အရှက် အကြောက်ကို အမြင့် အမြတ် စခန်းကို သွားမယ့်သူတိုင်း တန်ဖိုး ထားရမလဲလို့ ဆိုတော့ သတ္တဝါများရဲ့ ဘုံမှာ လူဟာ အရှက်အကြောက်ကို ထိန်းသိမ်း စောင့်ရှောက်ခြင်းအားဖြင့်သာ တိရစ္ဆာန် အဖြစ်ကို ကျော်နင်းပြီး တက်လှမ်းနိုင်ပါတယ်။ တိရစ္ဆာန်တွေဟာ အရှက်တရားကို မသိဘူး။ လူနှင့် တိရစ္ဆာန် ခြားနားတယ် ဆိုတာဟာ အဲဒီ အရှက်တရား ရှိမှုကြောင့်ပါပဲ။ လူဖြစ်ပါလျက် အရှက် မရှိရင် အဲဒီလူဟာ လူ့ဂုဏ်သိက္ခာ ကင်းမဲ့သွားပြီ ဖြစ်လို့ သူ့ကို လူလို့တောင် အများက လက်ခံ ကြည်ညိုမယ် မထင်ပါနှင့်။ အရှက် မရှိ သူဟာ သူ့ကိုယ်သူ ဘယ်လိုပဲ ထင်နေ ထင်နေ လောက အလယ်မှာတော့ သူဟာ ရှက်ဖွယ်လူသား အဖြစ် အများ ပြစ်တင် ကဲ့ရဲ့ခြင်းကို ခံနေရပြီ ဖြစ်လို့ သူ မသိ ပေမယ့် သူဟာ လူဖြစ်ရှုံးသူ ဖြစ်သွားပြီသာ အောက်မေ့လိုက်ပါတော့။

အခါတစ်ပါး မြတ်စွာဘုရားဟာ ဇေတဝန်ကျောင်းမှာ သီတင်းသုံး နေတော်မူစဉ် အခါ 'အနတ္တ ပုဏ္ဏက' လို့ အများခေါ်ကြတဲ့ ပုဏ္ဏားတစ်ဦးဟာ မြတ်စွာဘုရားဆီကို ချဉ်းကပ် လာပါတယ်။ သူ့စိတ်ထဲမှာ ဗုဒ္ဓ မြတ်စွာဘုရားဟာ အကျိုးစီးပွား ဖြစ်ကြောင်း (အောင်မြင်ကြောင်း) တရားတွေကိုသာ သိတာ၊ အကျိုးစီးပွား မဲ့ကြောင်း (မအောင်မြင်ကြောင်း) တရားတွေကိုတော့ သိမယ် မထင်ဘူး။ အဲဒီလို သူ့စိတ်မှာ ဖြစ်ပါတယ်။ ပြီးတော့ သူ့စိတ်ထဲ ထင်တဲ့အတိုင်းလည်းပဲ မကွယ်မဝှက်ဘဲ ဘုရားရှင်ထံမှာ ဖွင့်ဟ လျှောက်ထားပါတယ်။ ဒီတော့ မြတ်စွာဘုရားက 'ပုဏ္ဏား၊ ငါသည် သတ္တဝါတို့ရဲ့ အကျိုးစီးပွားမဲ့ကြောင်း တရားတွေကိုလည်း သိပါတယ်' လို့ ရိုးရိုးပဲ ဖြေတော်မူတယ်။ ဒီအခါ ပုဏ္ဏားကြီးက 'တပည့်တော်ကို အကျိုးစီးပွားမဲ့ တရားကို ဟောတော်မူပါ ဘုရား' လို့ လျှောက်ထားပြန်ပါတယ်။ ဒီအခါ မြတ်စွာဘုရားက

'ပုဏ္ဏားကြီး၊ နေထွက်အောင် အိပ်ခြင်း၊ ပျင်းရိခြင်း၊ ကြမ်းကြုတ်ခြင်း၊ သေသောက်ကြူးခြင်း၊ တစ်ဦးတည်း အဖော်မပါဘဲ အစွန့်ရှည်သော ခရီးကို သွားခြင်း၊ သူတစ်ပါးမယားကို ကျူးလွန်ခြင်း ဆိုတဲ့ ဒီတရား ခြောက်ပါးကို သင် မမှီဝဲပါနှင့်၊ သင် မယုံလျှင် မှီဝဲကြည့်၊ သင့်အား အကျိုးစီးပွားမဲ့ ဧကန် ဖြစ်လိမ့်မယ်'* လို့ ပြတ်ပြတ်သားသား ဟောတော်မူပါတယ်။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ 'နေထွက်အောင် အိပ်ခြင်း' ဆိုတဲ့ စကား အသုံးအနှုန်းဟာ ရိုးနေတဲ့အတွက် ခေတ်ကာလ သားသမီးတွေရဲ့ စိတ်ထဲမှာ ဘာကို ဆိုလိုတာပါလိမ့်လို့ ဇဝေဇဝါ ဖြစ်ပါလိမ့်မယ်။ 'အိပ်ခြင်း' ဆိုတာ ကျန်းမာရေး သဘောအရ လူမှာရော သတ္တဝါတိုင်းမှာပါ လိုအပ်ချက် တစ်ရပ်တော့ ဖြစ်ပါတယ်။ သို့သော် အိပ်ခြင်းမှာ အတိုင်းအတာနှင့် အကန့်အသတ် ရှိရမယ်။ 'နေထွက်အောင် အိပ်ခြင်း' လို့ မြတ်စွာဘုရားက ပုဏ္ဏားကြီး နားလည်အောင် သုံးနှုန်း ပြောဆိုတော်မူတာက အိပ်ခြင်းကို လိုအပ်သည်ထက် ပိုအောင်ပြုခြင်းလို့ ဆိုလိုခြင်း ဖြစ်ပါတယ်။ စိတ်ပညာ သဘောအရ ပြောရရင်တော့ အိပ်ခြင်းဟာ မေ့လျော့ခြင်း (ပမာဒတရား) ပဲ။ အိပ်ခြင်းကို ပြုတဲ့ ဘဝရဲ့ အချိန် ကာလတွေဟာ လူသားအဖို့ ဘာတန်ဖိုးကိုမှ မရနိုင်ဘူး။ ဒီအချိန်ဟာ လူသားအဖို့ တန်ဖိုးမဲ့ အကျိုးစီးပွားမဲ့ ဆုံးရှုံးသွားရတဲ့ အချိန်တွေ ဖြစ်ပါတယ်။ အအိပ်ကြူးခြင်းဟာ သတိမေ့လျော့ခြင်းကို သာမက ရှင်သန် နိုးကြားခြင်းကိုလည်း ယုတ်လျော့ ပျက်စီးစေပါတယ်။ ရန်သူနှင့် ယှဉ်ပြိုင်ပြီး အနိုင်ပြုကြရာမှာ အိပ်ပျော်နေသူ၊ ရှင်သန်

-----------------------

* *ဓမ္မပဒ၊ သဟဿဝဂ်၊ အနတ္တ ပုဏ္ဏက ပုဏ္ဏား ဝတ္ထု*

နီးကြားခြင်း မရှိသူရဲ့ ရလဒ်ဟာ ဆုံးရှုံးခြင်း ကေန် ဖြစ်ပါတယ်။ ယုန်နှင့် လိပ် အပြေးပြိုင်ကြတဲ့ ရှေးက ဒဏ္ဍာရီကလေးက အိပ်ခြင်းရဲ့ အကျိုးမဲ့ကို အပြေထုတ်ပြ ပါတယ်။

ပျင်းရိခြင်းဟာ အောင်မြင်ခြင်းကို ဖျက်ဆီးတဲ့ တရား၊ အကျိုးမဲ့ကိုသာ ဖြစ်စေတဲ့ တရား ဆိုတာ လူတိုင်း နားလည်နိုင်ပါတယ်။ ကြမ်းကြုတ်ခြင်း ဒေါသ ဟာလည်း ပျက်စီးခြင်း တရား ဖြစ်တယ် ဆိုတာ လောကမှာ ထင်ရှားပါတယ်။ သေသောက်ကြူးခြင်းရဲ့ အပြစ်တွေကိုလည်း မြတ်စွာဘုရား အကျယ် ဟောကြား ထားတာ အများအပြား ရှိပါတယ်။

ကျမ်းဂန်များမှာ သေသောက်ကြူးခြင်းရဲ့ အပြစ်တွေကို အကျဉ်းအားဖြင့် ဒီလိုပြကြပါတယ်။ ဒီခေတ်စကားနှင့် ပြောရရင်တော့ ယစ်မျိုးငါးပါး သောက်စား ခြင်း အပြစ်တွေပါ။ အဲဒီ အပြစ်တွေက ဘာတွေလဲလို့ ဆိုတော့ (၁) ဥစ္စာပစ္စည်း ဆုတ်ယုတ် ပျက်ပြားတယ်။ (၂) ကိုယ်နှုတ် ကျူးလွန်စော်ကား ခိုက်ရန်ပွားတယ်။ (၃) ရောဂါ အမျိုးမျိုး ဖြစ်စေနိုင်တယ်။ (၄) မိဘဆရာ ရှိသေထိုက်သူတွေကို ပုတ်ခတ် စော်ကားတယ်။ (၅) မပြောအပ်တာတွေကိုလည်း ပြောတယ်။ ထန်းရည်မူး ကျွဲနိုးပေါ် ဆိုသလိုပေါ့။ မပြုအပ်တာတွေကိုလည်း ပြုတယ်။ မူးယစ်သူဟာ သူ့ အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊ သူ့အိမ်ရာကို ပြစ်မှားခြင်း စတဲ့ ကံ ငါးပါးလုံးကို ကျူးလွန်ဖို့ ဝန်မလေးဘူး။ (၆) အရှက်အကြောက် ကင်းမဲ့သွားတယ်။*
ကျော်စောခြင်း ဂုဏ်သတင်း ကင်းမဲ့သွားတယ်။ ခေတ်စကားနှင့် ဆိုတော့ အရက် သမား ဘိန်းစားကို ဘယ်သူမှ မရှိသေဘူး၊ မယုံကြည်ဘူး။ သူဟာ နာမည် ပျက် သွားပြီ ဖြစ်ပါတယ်။ ဘဝရဲ့ တန်ဖိုး ဆုံးရှုံးသူ ဖြစ်ပါတယ်။

လောကမှာ နာမည်ကောင်းခြင်း ဆိုတဲ့ဂုဏ်ဟာ အကျိုးစီးပွားကို ဆောင် တယ်။ အောင်မြင်ခြင်းရဲ့ အထောက်အပံ့ ဖြစ်ပါတယ်။ ဒါကြောင့် ရွှေတောင်တက် သမားတိုင်းမှာ ကြီးမားတဲ့ နာမည် ဂုဏ်သတင်း ရှိရပါလိမ့်မယ်။ နာမည်ကောင်း ခြင်း၊ နာမည်ကြီးခြင်းဟာ လောကီ ကြီးပွားခြင်း၊ အောင်မြင်ခြင်းရဲ့ လျှို့ဝှက်တဲ့ သော့ချက်ပဲ ဖြစ်ပါတယ်။

သူတစ်ပါးမယားကို ကျူးလွန်ခြင်းရဲ့ အပြစ်တွေကတော့ ကျမ်းဂန်တွေမှာ အများအပြား ဆိုထားပြီးပါပြီ။ ဒီယုတ်မာမှု ဒုစရိုက်အတွက် လောကမှာ ရင်းစား ရစရာ မရှိပါ။ သံသရာ အဆက်ဆက်မှာလည်း သူဟာ ငရဲကို မကျလို့ လူ ပြန် ဖြစ်တယ် ဆိုရင်တောင် နပုန်းပဏ္ဍုက် ဖြစ်ရမယ်။ ယုတ်ညံ့တဲ့ အမျိုး၊ ယုတ်ညံ့တဲ့ ဘဝ အခြေအနေမျိုးမှာပဲ သူ့ကံအလျောက် ဖြစ်ကြရမှာပဲ။

မြတ်စွာဘုရားက အနတ္ထ ပုစ္ဆက ပုဏ္ဏားကြီးကို ဟော ကြား တော် မူ တဲ့

-----------------------

* လောကစရိယ သဘာဝကျမ်း၊ စာ ၉၅-၉၆

တရားထဲမှာ အလွန်ထူးခြားပြီး မှတ်သားရန် ကောင်းလှတဲ့ အချက်ကတော့ အဖွန့်ရှည်တဲ့ ခရီးကို အဖော်မပါဘဲ တစ်ယောက်တည်း သွားခြင်းဟာ အကျိုးစီးပွား ပျက်စီးကြောင်း ဆုံးရှုံးကြောင်း ဖြစ်တယ် ဆိုတဲ့ အချက်ပဲ။

ဆိုလိုတာကတော့ ဘဝခရီးမှာ ခရီးဖော်ဆိုတာ လိုအပ်တယ်ပေါ့။ လူ့ဘဝမှာ လူဟာ အဖွဲ့အစည်းနှင့် နေတဲ့ သတ္တဝါ ဖြစ်တယ်။ လူနှင့် လူ့အဖွဲ့အစည်းဟာ ခွဲခြားလို့ မရပါဘူး။ လူရဲ့ တန်ဖိုး အားလုံးဟာလည်း လူ့အဖွဲ့အစည်းထဲမှာသာ ရှိပါတယ်။ လူဟာ အဖွဲ့အစည်းနှင့် ကင်းပြီး ဘာမှ မလုပ်နိုင်ပါဘူး။ သူ ဘာလုပ်လုပ် လူ့အဖွဲ့အစည်းနှင့် ပတ်သက်နေမှာပဲ။ ဒါကြောင့် မြတ်စွာဘုရားက တစ်ယောက်တည်း ခရီးသွားခြင်းဟာ အကျိုး ပျက်စီးခြင်းသာ ဖြစ် တယ် လို့ ပုဏ္ဏားကြီး သဘောပေါက်အောင် ပြောတာပါ။

## အောင်မြင်ခြင်း နှင့် လျှို့ဝှက်ခြင်း

အောင်မြင်ခြင်းနှင့် ပတ်သက်ပြီး အထူးအလေးအနက် သိအပ်တဲ့ ကိစ္စ တစ်ရပ်ကို မပြောရင် ပြီးနိုင်မယ် မထင်ပါ။ အဲဒီကိစ္စဟာ အောင်မြင်ခြင်းကို အလိုရှိသူတို့ရဲ့ အကြံအစည် အားလုံးကို ဖျက်ဆီးပစ်နိုင်တဲ့ အချက်ပါ။ ဘာလဲလို့ ဆိုတော့ လျှို့ဝှက်ချက် ပေါက်ကြားမှုပါပဲ။ ဘယ်ကိစ္စမျိုးမှာ မဆို ဆောင်ရွက်ကြတဲ့ အခါ မိမိတို့ရဲ့ အကြံအစည်တွေကို အောင် မြင် ပြီး မြောက် ခြင်း မရှိသေးခင် လုံးဝ ပေါက်ကြားလို့ မဖြစ်ပါဘူး။

ဘဝဟာ အားပြိုင်ပွဲ ဆိုတာကို မေ့မသွားသင့်ပါဘူး။ ဒီလို ပြိုင်ဆိုင် လုပ်ကိုင် နေကြရာမှာ ကိစ္စပြီးမြောက် အောင်မြင်ခြင်း မရှိခင် မိမိတို့ရဲ့ အလုပ်အကိုင် အကြံအစည်ကို သူတစ်ပါး သိသွားလို့ရှိရင် မုချ အဖျက်အဆီး ဝင်လာပြီလို့သာ မှတ်ပါ။ တုပြိုင်မှုတွေ ဖြစ်ပေါ်လာမယ်၊ ဟန့်တားမှုတွေ ဖြစ်ပေါ်လာမယ်၊ ကန့်ကွက်မှုတွေ ဖြစ်ပေါ်လာမယ်၊ အပျက်ပြောဆို ဝေဖန်မှုတွေ ဖြစ်ပေါ်လာမယ်။

သူများ မကြံစည်နိုင်တဲ့ အလုပ်မျိုးကို မိမိက ကြံစည် လုပ်ကိုင်လို့ မတုပနိုင်ဘူးပဲ ထား။ အလုပ်ကိစ္စ ဆိုတာ လုပ်တိုင်း အောင်မယ်၊ ကြံတိုင်း ပြီးမယ်လို့ ဘယ်သူမှ မုချ မပြောနိုင်ပါဘူး။ အကြောင်းကြောင်းကြောင့် မအောင်မမြင် ဖြစ်တတ်ပါတယ်။ ဒီတော့ ကိစ္စမပြီးခင် မအောင်မြင်ခင် ကြိုတင်ပြီး ပြောဆိုတာတို့ လူသိခံတာတို့ ပြုခဲ့လို့ရှိရင် အောင်မြင်ရင် တော်ပါရဲ့၊ မအောင်မြင်ရင်တော့ အရှက်ကွဲရော။ သူများ ကဲ့ရဲ့စရာ ဖြစ်ကရော။ ဒါကြောင့် ဘယ်ကိစ္စမဆို ဆောင်ရွက်ကြတဲ့အခါ မအောင်မြင်ခင်မှာ လျှို့ဝှက်ထားတာဟာ အမြတ်ဆုံးပဲလို့ မြတ်စွာဘုရား ကိုယ်တော်တိုင် မဟောသဓ ဇာတ်တော်မှာ ဟောကြားတော် မူပါတယ်။ မြတ်စွာဘုရားက

'ဂုယှဿဟိ ဂုယှမေဝ သာဓု' လို့ ပါဠိတော်မှာ ဆိုပါတယ်။ စိတ်ဖြင့် လျှို့ဝှက် ကြံစည်အပ်တဲ့ အမှုကို သူတစ်ပါးအား မပြောကြားဘဲ လျှို့ဝှက်၍ ထားခြင်းသည်သာလျှင် ကောင်းတယ်လို့ ဆိုပါတယ်။

မဟောသဓ ဇာတ်တော်မှာ လျှို့ဝှက်အပ်တဲ့ အကြံအစည်ကို နှုတ်က ဖော်ထုတ် ပြောဆိုခဲ့တဲ့ အတွက် ဝိဒေဟရာဇ် မင်းကြီးနှင့် တကွ အမတ်ကြီး လေးဦးတို့ အရှက် ရခဲ့ကြဖူးပါတယ်။ ဝိဒေဟရာဇ် မင်းကြီးရဲ့ နန်းတော်ထဲမှာ မဟောသဓ သုခမိန်ထင်ပေါ် ကျော်ကြားလာတော့ မူလက ပညာရှိ လုပ်နေကြတဲ့ အမတ်ကြီးတွေရဲ့ ဂုဏ်ရောင်တွေဟာ တစ်နေ့တခြား ညှိုးမှိန်လာပါတယ်။ မဟောသဓ သုခမိန်အပေါ် မနာလိုဝန်တိုတဲ့ စိတ်တွေ ဖိစီးလာကြတော့ ဒီအမတ်ကြီး လေး ယောက်ဟာ မဟောသဓ သုခမိန် ပျက်စီးကြောင်းတွေ သိက္ခာ ကျရာကျကြောင်း တွေကိုသာ အမြဲ ကြံစည်လုပ်ကိုင်လာကြပါတယ်။ မဟောသဓကို သိက္ခာကျရအောင် ဆိုပြီး တစ်နေ့မှာ သူတို့က မဟောသဓကို မေးခွန်းပုစ္ဆာ မေးကြပါတယ်။ ဘယ်လို မေးသလဲ ဆိုတော့ 'အို သုခမိန်ကြီး၊ ဒီလောကမှာ စည်းစိမ်ဥစ္စာ တန်ခိုး အာဏာနှင့် ကျက်သရေ မင်္ဂလာကို အလိုရှိတဲ့လူတာ ဘယ်လို တရားမျိုးကို ကျင့်ရမလဲ' တဲ့။

မဟောသဓကေ 'အမတ်ကြီး၊ စည်းစိမ်ချမ်းသာ တန်ခိုးအာဏာ နှင့် ကျက်သရေ မင်္ဂလာကို အလိုရှိတဲ့လူဟာ တော်တည့် ဖြောင့်မှန်တဲ့ သစ္စာမှာ တည်ရမယ်' လို့ ဖြေတယ်။

'ဒါဆို အကျင့်ကျတော့ကော ဘယ်သို့ ကျင့်ရမှာလဲ' လို့ အမတ်ကြီး တစ်ဦးက ထပ်မေး ပြန်ပါတယ်။ မဟောသဓ သုခမိန်က ဒီအမေးကို ဖြေတဲ့အခါ 'ယောကျ်ားကောင်းတို့ဟာ မိမိစိတ်နှင့် ကြံစည်အပ်တဲ့ အရာကို နှုတ်က ဖွင့်ပြီး သူတစ်ပါးကို မပြောအပ်ဘူး' လို့ ဆိုတယ်။ ဒီစကားကိုလည်း ကြားရော သေနက အမတ်ကြီးဟာ အချက်ကောင်း ယူပြီး ဝိဒေဟရာဇ် ဘုရင်ကို သွားပြီး ကုန်းတိုက်တယ်။ မဟောသဓမှာ အရှင်မင်းကြီးကို မပြောဘဲထားတဲ့ ဝမ်းထဲ အကြံတွေ ရှိတယ်လို့ တိုက်တယ်။

ဘုရင်ကလည်း ပညာက သိပ်မရှိတော့ ပြောပါများတဲ့ အခါ နားယောင်ပြီး တစ်နေ့ ညီလာခံ မှူးမတ်စုံချိန်မှာ 'သုခမိန်တို့၊ ငါ မေးခွန်း ပြဿနာ တစ်ခုကို မေးမယ်၊ ဒီလောကမှာ ကောင်းသည် ဖြစ်စေ၊ ဆိုးသည် ဖြစ်စေ လျှို့ဝှက်အပ်တဲ့ အကြံအစည်ကို ဘယ်သူ့ကို အသိပေး ပြောထိုက်သလဲ' လို့ ကောက်ကာ ငင်ကာ မေးလိုက်ပါတယ်။

ဒီအခါ သေနက က 'အရှင်မင်းကြီးရဲ့ အလိုတော်ကိုလည်း ကျွန်တော်မျိုးတို့ သိလိုပါသေးတယ် ဘုရား' လို့ အလိုစမ်းပြီး လျှောက်တယ်။ ဒီအခါ ပညာမဲ့တဲ့ ဘုရင်က 'လျှို့ဝှက်တဲ့ အကြံအစည်ကို မယားကို တိုင်ပင် ပြောဆိုသင့်တယ်' လို့ ပြောတယ်။

ဒီနောက်တော့ တစ်ယောက်က လျှို့ဝှက်တဲ့ အကြံအစည်ကို ရင်းနှီး ကျွမ်းဝင်တဲ့ အဆွေခင်ပွန်းကို ပြောသင့်တယ်။ နောက်တစ်ယောက်ကတော့ ညီအစ်ကို မောင်နှမလို သွေးချင်းတွေကို ပြောသင့်တယ်။ နောက်တစ်ယောက်ကျတော့ လျှို့ဝှက်တဲ့ အကြံအစည်ကို ဖခင်ရဲ့ အလိုကို လိုက်တတ်တဲ့ အနုဇာတသားကို ပြောသင့်တယ်လို့ ဆိုတယ်။ နောက်ဆုံး အမတ်ကတော့ မိခင်ကို ပြောသင့်တယ်တဲ့။ ပြီးမှ မဟောသဓာ သုခမိန်ကို မေးတယ်။ ဒီအခါ မဟောသဓာက 'အရှင်မင်းကြီး လျှို့ဝှက်အပ်တဲ့ ကိစ္စကို ဘယ်သူ့ကိုမှ မပြောဘဲ လျှို့ဝှက်ထားခြင်းသာ အမြတ်ဆုံး ဖြစ်ပါတယ်' လို့ သံတော်ဦးတင်တယ်။

မဟောသဓ သုခမိန်ရဲ့ စကားကို ကြားတော့ ဝိဒေဟရာဇ် ဘုရင်ဟာ သဘော မကျဘူး။ သဘော မကျရုံ မကဘူး၊ သူ့ရဲ့ ထီးနန်း စည်းစိမ်ကိုတောင် လုပ်ကြံဖို့ အကြံအစည်မျိုး မဟောသဓမှာ ရှိလေပြီလားလို့ ယုံမှားခြင်း ဖြစ်တယ်။ ဘုရင် အလိုမကျတာကို မြင်တော့ မဟောသဓ သုခမိန်ဟာ အခြေအနေ အရပ်ရပ်ကို အကဲခတ်လိုက်ပါတယ်။ မင်းကြီးကို ဒီအမတ်တွေ ကုန်းတိုက်ထားပြီ ဆိုတာ သိလိုက်ပါတယ်။ သူဟာ နန်းတော်က ထွက်လာပြီး နန်းတော် အထွက် တံခါးနား ရောက်တော့ အမတ်ကြီးတွေဟာ သူတို့ လျှို့ဝှက် ကြံစည်တဲ့ ကိစ္စကို ဘုရင် ယုံကြည်သွားပြီ ဆိုပြီး အားရဝမ်းသာနှင့် မိတ်ဆွေ တစ်ယောက်ကို ပြောပြနေ တာကိုး။ ဒါကို မဟောသဓက မြင်လိုက်ပြီး ဒီအမတ်ကြီးတွေရဲ့ အကြံအစည်တွေကို ဒီညတွင်းချင်းပဲ ငါ သိအောင် စုံစမ်းမယ်လို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

ပြီးတော့ ဒီအမတ်တွေ ဘယ်ပုံဘယ်နည်း ကြံစည်ကြတယ် ဆိုတာတွေကို သိအောင် သူ့လူတွေကို ထောက်လှမ်းရေး တာဝန်တွေ ပေးထားလိုက်ပါတယ်။ အမတ်ကြီးတွေကလည်း ဘုရင်ကို ယုံအောင်ပြောကြတော့ ဘုရင်ကလည်း ယုံတယ်။ နောက်ပြီး ဘုရင်နှင့် အမတ်ကြီးတွေ ပူးပေါင်းပြီး နောက်တစ်နေ့ မဟောသဓ နန်းတော်ကို လာတဲ့အခါ တံခါးကြားက ပုန်းပြီး သန်လျက်နှင့် ခုတ်သတ်ဖို့ ကြံစည်ကြတယ်။ မဟောသဓက အမတ်ကြီးတွေ စည်းဝေး တိုင်ပင်လေ့ ရှိတဲ့ စားပွဲကြီး အောက်ကနေ ပုန်းပြီး စုံစမ်းတယ်။ အမတ်ကြီးတွေလည်း စောစောက ဘုရင်ကို ထင်မြင်ချက် အသီးသီး ပေးပြီး လျှောက်ထားကြတာဟာ ကိုယ်တွေ့ လျှောက်ကြတာလား၊ စိတ်အထင် ပြောကြတာလားလို့ အချင်းချင်း မေးကြတယ်။ ဒီလို မေးရင်း ပြောရင်းက သူတို့ကိုယ်တွေ့ လုပ်ခဲ့ကြတဲ့ လျှို့ဝှက်ချက်တွေကို ဖော်ကြတယ်။

တစ်ယောက်က ပြည့်တန်ဆာမကို သတ်ခဲ့တဲ့ အကြောင်း၊ ပြည့်တန်ဆာ မရဲ့ လက်ဝတ်လက်စားတွေကို သူ ယူခဲ့ပြီး အိမ်မှာ ဝှက်ထားတဲ့ အကြောင်းကို ပြောတယ်။ နောက်တစ်ယောက်က သူ့ပေါင်မှာ ကုဋ္ဌနူနာ ရှိတဲ့ အကြောင်း၊ ဒီကိစ္စကို သူ့ညီ တစ်ယောက်သာ သိတဲ့ အကြောင်းကို ပြောပြန်တယ်။

နောက်အမတ် တစ်ယောက်ကတော့ သူ့မှာ ဘီလူးဖမ်းတဲ့ အရှုးရောဂါ ရှိတဲ့အကြောင်း၊ ဒီကိစ္စကို သူ့သားတစ်ယောက်သာ သိတဲ့အကြောင်းကို ပြောတယ်။ နောက်ဆုံး အမတ်ကတော့ ရွှေတိုက်တော်ထဲက နန်းစဉ်ပတ္တမြားကြီးကို သူ ခိုးယူထားတဲ့ အကြောင်းကို ထုတ်ဖော်ပြောတယ်။ ဘုရင်ကလည်း သူ့မိဖုရား ဥဒုမ္ဗရ ဒေဝီဆီ သွားပြီး သူနှင့် အမတ်ကြီးတွေ မဟောသဓကို သတ်ဖို့ ကြံစည်ထားတဲ့ အကြောင်းကို ထုတ်ဖော် ပြောဆိုပြန်တယ်။ ဒီစကားဟာ နောက်နေ့ကျတော့ မဟောသဓ နားကို ရောက်သွားပါတယ်။ အမတ်ကြီးတွေရဲ့ အကြံအစည်ကို မဟောသဓဟာ ကြိုတင်ပြီး သိခွင့် ရလိုက်တဲ့အတွက် ဒီအကြံ ပျက်ရုံသာမက အမတ်ကြီးတွေရဲ့ လျှို့ဝှက်ချက်တွေကိုပါ မဟောသဓက သိလိုက်တော့ အမတ်ကြီးတွေ အားလုံးဟာ နန်းတော်ပေါ်က ဆွဲချခြင်း ခံရပြီး အကျဉ်းထောင်ကို ရောက်သွားကြရတော့တာပေါ့။

လောကမှာ လျှို့ဝှက်ချက် ပေါက်ကြားရင် အကြံအားလုံး ပျက်စီးတတ်ပါတယ်။ ဘယ်အကြံကိုပဲ ဖြစ်ဖြစ် မအောင်မြင်ခင်မှာ မပေါက်ကြားအောင် အထူး လျှို့ဝှက် ထားအပ်တယ် ဆိုတာ ဒီလို ရှုပ်ထွေးလှတဲ့ ခေတ်ကြီးထဲမှာတော့ ပိုပြီး အရေးကြီးကြောင်း လူတိုင်း နားလည်ရပါလိမ့်မယ်။

## ပလွေတွင်းထွက် ခြတွင်းထွက် အသက် မရှည်ရာ

လူ့လောကမှာ လူတွေဟာ ဘဝ အခြေအနေ ပြောင်းလဲမှုကို လိုက်ပြီး စိတ်ပြောင်း တတ်ကြပါတယ်။ အမူအရာ အသွင်အပြင်တွေ ပြောင်းလဲ သွားတတ်ကြပါတယ်။ လူတွေဟာ ဆင်းရဲခြင်းရဲ့ ဒဏ်ကို ခါးစည်း ခံရခံရ ခံနိုင်ကြတယ်။ ဆင်းရဲတဲ့ အချိန်မှာ လူ့မှာ ပိုပြီး သမာဓိ ရှိတယ်။ ပိုပြီး တည်ငြိမ်တယ်။ အဆိုးဘက်က လောကဓံ တရားတွေကို ပိုပြီး ခံနိုင်ကြပါတယ်။ ဒီအချိန်မျိုးမှာတော့ တကယ့်ကိုပဲ လောကဓံ နကမ္ပတိ ဆိုတဲ့ အမူအရာတွေလည်း ရှိတတ်ကြပါတယ်။

ဒါပေမယ့် အောင်မြင်ခြင်းကို အလိုရှိတဲ့ လူဟာ အောင်မြင်ခြင်းကို ရရှိ လာတဲ့အခါ တိုးပွားလာတဲ့ စည်းစိမ်ဥစ္စာ ဂုဏ်ရှိန်ဝါကို မှီပြီး လော်လီ ဖောက် ပြန်မှုတွေ ဖြစ်လာတတ်ကြတာကို မမြင်ချင် အဆုံး မြင်နေရတာပဲ။ လူတွေကို အောင်မြင်ခြင်းက မာန်မာန တက်ကြွစေပါတယ်။ မာန်မာနကြောင့် အစက ရိုးရိုးကုပ်ကုပ် မှန်မှန်ကန်ကန် နေလာတဲ့လူဟာ ထောင်လွှားလာပါတယ်။ ဒီလို ပပလွှားလွှား ဖြစ်လာတာကို ပညာရှိများက ပလွေများ ခြများနှင့် နှိုင်း ခိုင်း ပြီး ဆုံးမထားပါတယ်။

တောင်ပို့ကို အမှီပြုပြီး အသက်ရှင်ကြတဲ့ ပုရွက်ကောင်များ၊ ခြကောင် များဟာ တစ်ဘဝတည်းမှာ အသွင်ပြောင်းလေ့ ရှိကြပါတယ်။ မိုးဦးကျချိန် မိုး

နှောင်းချိန်တို့မှာ အစက အတောင်အလက် မရှိကြတဲ့ ဒီသတ္တဝါ ကောင်ကလေးတွေမှာ အတောင် ပေါက်လာတတ်ပါတယ်။ ဒီသတ္တဝါတွေမှာ အတောင် ပေါက်တယ် ဆိုတော့ ပျံနိုင် လွှားနိုင်တဲ့ သတ္တိက အလိုလို ရရှိလာတာကိုး။ အစက ခြကောင် တွေဟာ ခုတော့ ပလူကောင်တွေ ဖြစ်လာကြပြီကိုး။ လောကမှာ လူတွေလည်း ဒီအတိုင်းပဲ။ ရိုးရိုးသားသား ကြိုးကြိုးစားစား ပင်ပင်ပန်းပန်း လုပ်စားလို့ ကံ အားလျော်စွာ ကြီးပွား၊ တိုးတက်လာတဲ့ လူတွေကတော့ ထောင်လွှားဖို့ ခဲယဉ်းပါ တယ်။ သူတို့လို ပုဂ္ဂိုလ်တွေကတော့ ယခု ကြီးပွားတာဟာ အတိတ်ကံ ပစ္စုပ္ပန် ကံတွေ အကျိုးပေးလို့ ဖြစ်တယ် ဆိုတာကိုလည်း ယုံကြည်ကြတယ်။ ဘုရား တရား သံဃာ ရတနာသုံးပါးကိုလည်း ဆည်းကပ် ကိုးကွယ်ကြတယ်။ ပညာရှိ သူတော် ကောင်းများရဲ့ အဆုံးအမကိုလည်း နာခံကြတယ်။ ဒါကြောင့် ကြီးပွား တိုးတက် လာတဲ့ တစ်နေ့မှာလည်း ကုသိုလ် ကောင်းမှုတွေကိုသာ ထပ်တလဲလဲ ပြုလုပ်ကြ ပါတယ်။

ဒါပေမယ့် မတော်မတရား ကြီးပွားလာသူတွေလည်း ဒီခေတ်မှာ အမြောက် အမြား ရှိကြပါတယ်။ အဲဒီလို ကြီးပွားတဲ့ လူများဟာ ဥစ္စာ အရှိန်အဝါ၊ ရာထူး အရှိန်အဝါတွေကြောင့် အတောင်အလက်တွေ ထွက်ပြီး ပျံနိုင် လွှားနိုင်တဲ့ သတ္တိ တွေ ပေါက်ရောက်လာတဲ့ အခါမှာတော့ ပလူတွေ ပျံတက်သလို ပလွှားလာကြ ပါတော့တယ်။

ခြများဟာ တောင်ပို့ အတွင်းမှာ အလုပ်လုပ်ပြီး နေကြစဉ် အခါတုန်းက တော့ အင်မတန် ညီညွတ်ကြတယ်။ အလုပ်တွေကိုလည်း မနိမကပ်ဘဲ ကြီးမားတဲ့ ခြတောင်ပို့ကြီးတွေ ဖြစ်အောင်ကို နေ့မအား ညမအား ဆောင်ရွက် တတ်ကြ ပါတယ်။ သို့သော် အချိန်တန်လို့ အတောင်အလက်တွေ ထွက်လာကြတဲ့ အခါ မှာတော့ မူလက စိတ်တွေလည်း ပျောက်သွားကြတယ်။ မူလက အမူအကျင့်တွေ လည်း ပျောက်သွားကြပါတယ်။ ရှေးက အလွန် ညီညီညွတ်ညွတ်နှင့် အလုပ်လုပ်ခဲ့ ကြတဲ့ ခြများဟာ ပလူ ဖြစ်လာကြတဲ့ အခါမှာ အလုပ်လည်း မလုပ်ကြတော့ဘူး။ ညီညွတ်မှုလည်း မရှိကြတော့ဘူး။ မိမိတို့ရဲ့ ဇာတိ ခြတောင်ပို့ကို စွန့်လွှတ်ပြီး ကောင်းကင်ကို ပျံတက်ဖို့ မြူးဖို့ ပျော်ဖို့လောက်ကိုသာ အားစိုက် လာခဲ့ကြ တော့တယ်။

ပလူများ ပျံနေကြပုံဟာ ဘယ်လောက် မျက်စိ ရှုပ်စရာ ကောင်းတယ် ဆိုတာ လူတိုင်း မြင်ဖူးကြမှာပါ။ သူတို့မှာ ခြပုန်း ဘဝကလို ဘာရည်ရွယ်ချက်မှ လည်း မရှိတော့ဘူး။ ဘာအလုပ်ရယ်လို့လည်း ပြောလို့ မရတော့တဲ့ အဓိပ္ပာယ် မရှိတဲ့ အလုပ်တွေကိုသာ လောက်လက် လောက်လက်နှင့် ကယောက်ကယက် ပျံတက် မြူးပျော်ပြီး လုပ်နေကြတော့တယ်၊ ပျံမှာပေါ့။ ခြဆိုတာ အစကတည်းက အတောင် အလက် ရှိတာမှ မဟုတ်တာ။ ခုမှ အတောင် အလက် ထွက်ပြီး ပျံတတ်

တာဆိုတော့ သူတစ်ပါး မျက်စိ ရှပ်လောက်အောင် ပျံကြ မြူးကြတာပေါ့။ ပျံကြ မြူးကြတော့ ဘာဖြစ်သလဲ။ မကြာခင်မှာ ပလူပျံရှိရာ အရပ်ကို ကျီးတွေ လင်းနို့ လင်းဝက်တွေ ဝိုင်းအုံ ရောက်ရှိလာပြီး ထိုးဆိတ် စားသောက်ကြတော့တာပေါ့။ ပျံချင်လှတဲ့ ပလူတွေ ကျီးစာ ငှက်စာ ဖြစ်ပြီး ပျက်စီး သွား ကြ ရ တာ ဟာ လောကမှာ ထင်ရှားလွန်းလို့ လက်ညှိုး ထိုးပြနေစရာတောင် လိုမယ် မထင်တော့ပါ။

လူတွေဟာ အောင်မြင်လာကြတဲ့ အခါ စည်းစိမ်ဥစ္စာ ရာထူးဂုဏ် ဩဇာ အာဏာ ဆိုတဲ့ အားကိုးလက်နက်တွေ ရရှိလာကြလေတော့ နဂိုနေ ပျက်ယွင်းပြီး မောက်ကြွ မောက်ကြွ ဖြစ်လာတတ်ကြပါတယ်။ အောင်မြင်မှုဟာ လူသားကို ဣန္ဒြေမရ ဖြစ်စေတတ်ပါတယ်။ ဒီလိုဖြစ်လာပြီ ဆိုရင် ပျက်စီးဖို့ စလာပြီလို့သာ အောက်မေ့သင့်ပါတယ်။ နပိုလီယံလည်း ဒီလိုပဲ ပျက်စီး ခဲ့ရဖူးပါပြီ။ အောင်မြင် ပြီးခါမှ ထောင်လွှားမှုကြောင့် ဣန္ဒြေတွေ ပျက်ယွင်းပြီး ဘဝ ရွှေတောင်ထိပ်က တလိမ့်ခေါက်ကွေး ကျရှုံး သွားသူတွေရဲ့ အရေအတွက်ကိုလည်း လောကမှာ စာရင်း ချလို့တောင် နိုင်မှာ မဟုတ်ပါဘူး။ ဒါဟာ ယခုအခါမှာသာ ဖြစ်တာ မဟုတ်ပါ။ ရှေးကလည်း ဖြစ်ခဲ့ဖူးတာပါပဲ။

ရှေးတုန်းက သီဟိုဠ်ကျွန်းမှာ သာမဏေကလေး တစ်ပါးဟာ လောကီချာန် ရတဲ့ အတွက် စိတ်လက် တကြွကြွဖြစ်ပြီး တောင်ပျံ မြောက်ပျံ ချာန်ကစားပြီး နေတော့တာကိုး။ နောက်ဆုံးတော့ မိန်းမတစ်ယောက်ရဲ့ ရူပါရုံ အဆင်းနှင့်တွေ့ပြီး ကောင်းကင်က ကားရားကြီးကျ ဆိုပဲ။ နောက်ဆုံးတော့ ကန်းမနှင့် ညားပြီး အိမ် ထောင်ရဲ့ကျွန် ဖြစ်သွားရ ရှာတယ်လို့ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာမှာ ပြဆို ထားတာကို မှတ်ရဖူးပါတယ်။ 'ချာန်ပျံဆန်းလို့ ကန်းမနှင့်ညား' ရတယ်လို့တောင် စကားပုံ ဖြစ်ကျန်ရစ်တယ်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီးကတော့ 'စိတ်တက်ကြွ မာနရောက်ခြင်း ဆိုတာ လွန်စွာ အမြင်ကတ်တာမျိုးကလား၊ လူများ မြင်ပြင်းကတ်ပြီ ဆိုမှဖြင့် တစ်နေ့နေ့မှာ ဒုက္ခ တွေ့တတ်တာမျိုးပဲ' * တဲ့။ ဆိုလိုတာကတော့ လောကီ အောင်မြင်မှု ဆိုတာတွေဟာ အမြတ်ဆုံးတွေ မဟုတ်ဘူး။ အချိန်မရွေး ပြန်လည် ဆုံးရှုံးနိုင်တဲ့ အောင်မြင်မှုမျိုးသာ ဖြစ်လို့ တည်ငြိမ်ဖို့ သတိရှိဖို့ အထူးလိုတယ်လို့ မှတ်သင့်ပါတယ်။

□

---

* သုရဿတီ နီတိ၊ စာ ၂၁

# ကဏ္ဍ [တစ်ဆယ်]

## စိတ်ငြိမ်းအေးခြင်း နှင့် အသက်ရှည်ခြင်း

- နကုလပိတာ အမေး၊ ဗုဒ္ဓ အဖြေ၊
- စိတ်ကြောင့် အသက် တိုခြင်း၊
- ဘာဝနာဖြင့် အသက်ရှည်အောင် နေခြင်း၊

လူသားတွေရဲ့ လောကမှာ ချမ်းသာ ကြွယ်ဝခြင်း၊ ရာထူးဂုဏ်ရှိန် ကြီးမားခြင်း စတဲ့ အောင်မြင်မှုတွေကို ရရှိရုံနှင့် လူသားဟာ ကျေနပ် တင်းတိမ်ပြီလား။ ဒီအောင်မြင်မှုဟာ ဘဝရဲ့ ပြည့်စုံခြင်းကို ဖြစ်စေပြီလား။ အပြင်အောင်မြင်မှု အမျိုးမျိုးကို ရရှိခဲ့ကြတဲ့ ရှေးက လူသားတွေဟာ သူတို့ရဲ့ ဘဝမှာ ပြည့်စုံ ရောင့်ရဲတဲ့ အဖြစ်ကို ရောက်ခဲ့ကြသလား။ ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့အတွက် နကုလပိတာ* သူကြွယ်ရဲ့ အမေးကို မြတ်စွာဘုရား ဖြေကြားတော် မူပုံများကို ပြောပြချင်ပါတယ်။

## နကုလပိတာ အမေး၊ ဗုဒ္ဓ အဖြေ

အခါ တစ်ပါးမှာ မြတ်စွာဘုရားဟာ ဘဂ္ဂတိုင်း သုသုမာရဂီရ ဆိုတဲ့ မြို့အနီး သားကောင်တွေကို ဘေးမဲ့ပေးထားတဲ့ ဘေသကဠ တောမှာ သီတင်းသုံးတော်မူတယ်။ ဒီအခါ တစ်နေ့မှာ နကုလပိတာ သူကြွယ်ဟာ မြတ်စွာဘုရား ထံတော်ကို ချဉ်းကပ်ပြီး ဒီလို လျှောက်ထားပါတယ်။

'အရှင်ဘုရား၊ တပည့်တော်ဟာ အိုမင်းပါပြီ၊ အရွယ်လည်း ကြီးပါပြီ၊ အသက်လည်း ကြီးပါပြီ ဘုရား၊ အရွယ်သုံးပါးရဲ့ နောက်ဆုံး အရွယ်သို့လည်း ရောက်ပါပြီ၊ ခုဆို တပည့်တော်ရဲ့ ကိုယ်ဟာ မပြတ် နာကျင်နေပါတယ် ဘုရား၊ ဒါကြောင့် အရှင်ဘုရားကိုရော၊ ရဟန်းတော်မြတ်များကိုရော အခါမလပ် မဖူးမြော်နိုင်တော့ပါ၊ ဒါကြောင့် အရှင်မြတ်စွာဘုရား တပည့်တော်ကို ဆုံးမတော် မူပါ၊ အရှင်ဘုရားရဲ့ အဆုံးအမတော်သည် တပည့်တော် အဖို့ ကြာမြင့်စွာသော ကာလ ပတ်လုံး စီးပွားချမ်းသာ အလို့ငှာ ဖြစ်ပါလိမ့်မယ် ဘုရား'

ဒီလို လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက

'သူကြွယ်၊ သင့်စကားဟာ မှန်တယ်၊ သူကြွယ်ရဲ့ ကိုယ်ဟာ နာကျင်နေမှာပါပဲ၊ သူကြွယ်ရဲ့ ကိုယ်ဟာ ဥလိုပဲကိုး၊ (ကွဲလွယ် ပျက်လွယ် သည်ဟု ဆိုလိုသည်) အရေပါးတို့နှင့်လည်း မြေးယှက်နေတယ်၊ အမှန်မှာတော့ ဒီလို ခန္ဓာကိုယ်ကြီးကို ထမ်းရွက်ထားရတဲ့ ဘယ်လို လူမျိုး ဘယ်လို သတ္တဝါတွေက သူတို့ကိုယ်မှာ တစ်ခဏမျှ အချိန်ကလေးကို အနာကင်းပါတယ်လို့ ဝန်ခံခဲ့ပါရင် အဲဒီလူဟာ လူမိုက်ပဲ၊ မိုက်မဲခြင်းမှ တစ်ပါး အခြား မရှိတော့ဘူး၊ ဒါကြောင့် သူကြွယ်၊ ငါ့ ကိုယ် ဟာ နာကျင်ခြင်း ရှိသော်လည်း ငါ့စိတ်ကတော့ နာကျင်ခြင်း ကင်းစေရမယ် ဆိုပြီး (သင်) ကျင့်ရမယ်၊ ကြိုးစားရမယ်' လို့ ဆုံးမတော်မူပါတယ်။

---

* *ခန္ဓ သံယုတ်ပါဠိတော်လာ နကုလပိတာသုတ်*

ဒီဝတ္ထုမှာ ကုရေကုရှာ ကြွယ်ဝ ချမ်းသာသူပဲ ဖြစ်ဖြစ်၊ အိုခြင်း ဆင်းရဲ နာခြင်း ဆင်းရဲ သေခြင်း ဆင်းရဲတွေနှင့် မျက်မှောက် ကြုံတွေ့ လာခဲ့ရတဲ့ အခါ ဘဝမှာ တ ခြား သော အောင်မြင်မှု ဆိုတာတွေဟာ လူတစ်ယောက်ရဲ့ ဘဝင် ငြိမ်းအေးစေတဲ့ ချမ်းသာခြင်းကို မပေးနိုင်ဘူး ဆိုတာ ထင်ရှားလာပါတယ်။

မြတ်စွာဘုရားက နကုလပိတာ သူကြွယ်ကို ဟောကြားတော်မူတဲ့ တရား ထဲမှာ 'သူကြွယ်၊ ငါပုာ နာကျင်သောကိုယ် ရှိသူ ဖြစ်သော်လည်း နာကျင်သော စိတ် ကင်းသူ ဖြစ်အောင် ကျင့်မယ်' လို့ အားထုတ်ဖို့ ဆုံးမတော်မူတယ်။ ဒီ ဩဝါဒဟာ နှစ်သက်ဖွယ် အနက် အဓိပ္ပာယ်တို့နှင့် နက်ရှိုင်းနေပါတယ်။ ဒီ သူကြွယ်ဟာ မြတ်စွာဘုရား ဒီလို ဆုံးမလိုက်တာကို ကြားရတဲ့ အတွက် အလွန် ဝမ်းသာအားရ ဖြစ်ပြီး ရုတ်တရက် ထပြန်ခဲ့ပါတယ်။ လမ်းကို ရောက်တော့ နောက်ဆုံး ဘုရား ဟောကြားလိုက်တဲ့ စကားရဲ့ အနက်ဟာ သူ့ ခေါင်းထဲမှာ မသဲမကွဲ ဖြစ်လာတယ်။ ဘုရားက ဘာကို ဆိုတာပါလိမ့်။ ဘယ်လိုလုပ်ပြီး 'နာကျင် တဲ့ကိုယ် ရှိသော်လည်း နာကျင်တဲ့ စိတ် မရှိအောင် ကျင့်ရမှာလဲ' လို့ တွေးတယ်။ အတွေးက မပေါက်ဘူး။ နောက်ဆုံးတော့ တရားစစ်မှူးကြီး ဖြစ်တဲ့ ရှင်သာရိပုတြာ ကိုယ်တော်ကြီးကို သွားပြီး သူ နားမလည်တာတွေကို မေးပါတယ်။ ဒီစကားရဲ့ အနက်ကို အရှင်မြတ်ကြီးက ရှင်းပြဖို့ လျှောက်ထားပါတယ်။ ဒီတော့ အရှင် သာရိပုတြာက ဖြေပါတယ်။

'ဒါဆိုလည်း သူကြွယ်ကြီး နားထောင်ပါ၊ ကောင်းစွာ နှလုံးသွင်းပါ၊ ငါ ဟောကြားမယ်' ဆိုပြီး ဟောတယ်။ ဘယ်လို ဟောသလဲလို့ ဆိုတော့

'သူကြွယ်၊ နာကျင်သောကိုယ် ရှိပြီး နာကျင်သောစိတ် ရှိတဲ့လူ ဆိုတာက ဘယ်လိုလူလဲ၊ သူကြွယ် ဒီသာသနာတော်မှာ အကြားအမြင် မရှိသူ၊ အရိယာ တရားမှာ မလိမ္မာသူ၊ မယဉ်ကျေးသူ၊ အရိယာ သူတော်ကောင်းများကို မမြင်ဖူး မဆက်ဆံဖူးသူ အကြင် ပုထုဇဉ်ဟာ ရုပ်ကို အတ္တလို့ ရှုလေ့ရှိတယ်၊ ရုပ်ရှိတဲ့ အတ္တ ဆိုပြီး တစ်မျိုး၊ အတ္တရှိတဲ့ ရုပ်ဆိုပြီး တစ်ဖုံ၊ ရုပ်မှာ အတ္တရှိတယ်၊ အတ္တမှာ ရုပ် ရှိတယ် ဆိုပြီး ငါဟာ ရုပ်ပဲ၊ ရုပ်ဟာ ငါပဲ၊ ရုပ်ဟာ ငါ့ရဲ့ဥစ္စာပဲ လို့လည်း စွဲမှတ် ယုံကြည်နေတယ်၊ အဲဒီ ရုပ်ကလည်း မမြဲဘူး၊ တစ်မျိုးတစ်ဖုံ ပြောင်းလဲနေတယ်၊ ဖောက်ပြန်နေတယ် ဆိုတော့ ရုပ်ကို ငါ့ဟာလို့ စွဲနေတဲ့လူဟာ ရုပ်ဖောက်ပြန် နေတာ ရုပ်ပြောင်းလဲ ပျက်စီးနေတာကို မြင်ရတဲ့အခါ စိုးရိမ်မှု ငိုကြွေးမှု ကိုယ် ဆင်းရဲမှု စိတ်ဆင်းရဲမှုတွေ ဖြစ်တော့တယ်၊ သူကြွယ် ဒါကြောင့် အဲဒီလူမျိုးကို နာကျင်တဲ့ကိုယ် ရှိပြီး နာကျင်တဲ့စိတ် ရှိတဲ့လူလည်း ဖြစ်တယ်လို့ ဆိုတာ' (အတ္တဒိဋ္ဌိ ရှိသူဟာ ငါ့ကိုယ်လို့ စွဲလမ်းနေလို့ ကိုယ်ရဲ့ အိုမင်းခြင်းကို မြင်တဲ့အခါ စိတ်ဆင်းရဲခြင်း ဖြစ်တာကို ပြောတာ။)

ဒီလို နာကျင်တဲ့ကိုယ်လည်း ရှိပြီး နာကျင်တဲ့စိတ်လည်း ရှိတဲ့လူရဲ့ သရုပ်

ကို ခွဲထုတ် ပြသပြီးတဲ့နောက် အရှင်မြတ်ကြီးက ဆက်ပြီး နာကျင်တဲ့ကိုယ်သာ ရှိပြီး နာကျင်တဲ့စိတ် ကင်းသူရဲ့ သဘောကို ဟောကြားတော် မူပြန်တယ်။

'သူကြွယ်၊ နာကျင်တဲ့ကိုယ်သာ ရှိပြီး နာကျင်တဲ့စိတ် မရှိသူ ဆိုတာ ဘယ်လိုဖြစ်တာလဲ ဆိုတော့ ဒီသာသနာတော်မှာ အကြားအမြင်လည်း ရှိတယ်၊ အရိယာ တရားတွေကိုလည်း သိကျွမ်း လိမ္မာတယ်၊ အရိယာ တရားတွေကြောင့် ယဉ်ကျေးခြင်းလည်း ရှိတယ်၊ သူတော်ကောင်းတွေကိုလည်း ဖူးမြင်ဖူးတယ်၊ အဲဒီလို အရိယာ တရားတွေနှင့် အကျွမ်းဝင်ပြီး သူတော်ကောင်း တရားတွေကို လိမ္မာ ကျွမ်းကျင်သူဟာ ရုပ်ကို အတ္တလို့ မရှုဘူး၊ ရုပ်ရှိတဲ့ အတ္တဆိုတာမျိုး၊ အတ္တရှိတဲ့ ရုပ်ဆိုတာမျိုး၊ ရုပ်ကို အတ္တ၊ အတ္တကို ရုပ်၊ ရုပ်ကို ငါ၊ ရုပ်ဟာ ငါ့ဉစ္စာလို့လည်း ယုံမှတ်စွဲလမ်းခြင်း မရှိဘူး၊ အဲဒီလိုလူအဖို့ ရုပ်ဟာ ဖောက်ပြန်တယ်၊ ရုပ်ဟာ ပြောင်းလဲတယ်၊ ရုပ်ဟာ ပျက်စီးတယ် ဆိုတာတွေကို တွေ့ကြုံ ရတဲ့အခါ သူဟာ ရုပ်မှာ စွဲလမ်းမှု မရှိတဲ့အတွက် စိုးရိမ် ငိုကြွေးမှုလည်း မရှိ၊ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှု ဆိုတာတွေလည်း မရှိတော့ဘူး။

'ဒီလိုပဲ ရုပ်မှာသာမက ဝေဒနာတို့ သညာတို့ သင်္ခါရတို့ ဝိညာဏတို့မှာလည်း ငါပဲ ငါ့ဉစ္စာပဲလို့ စွဲလမ်းမှု မရှိခဲ့တဲ့ အတွက် အဲဒီတရားတွေ ဖောက်ပြန်ပြောင်းလဲ ပျက်စီးကြတဲ့အခါ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပင်ပန်းခြင်း ဆိုတာတွေ မဖြစ်တော့ဘူး၊ သူကြွယ် အဲဒီလိုလူမျိုးဟာ နာကျင်တဲ့ကိုယ် ရှိသော်လည်း နာကျင်တဲ့စိတ် ကင်းသူ ဖြစ်တယ်လို့ ဆိုခြင်း ဖြစ်တယ်'

ဒါက မြတ်စွာဘုရား နကုလပိတာ သူကြွယ်ကို ဟော ကြား လိုက် တဲ့ တရားကို အရှင်သာရိပုတြာက ထပ်ဆင့် ရှင်းပြတော်မူခြင်း ဖြစ်ပါတယ်။

ဆိုခဲ့တဲ့ 'စိတ်နာကျင်ခြင်း' ပုဒ်ကို ထင်ရှားအောင် အဋ္ဌကထာ ဆရာ အရှင်မြတ်များက ရာဂ၊ ဒေါသ၊ မောဟသို့ အစဉ်လိုက်နေတဲ့ စိတ်ဟာ နာကျင်တဲ့စိတ်၊ ရောဂါဖြစ်နေတဲ့ စိတ်ပဲလို့ ဖွင့်ဆိုကြပါတယ်။ အချုပ်ကို ဆိုရရင် (ရာဂ) လောဘ ဒေါသ မောဟ မကင်းသေးသမျှ စိတ်ရောဂါ မကင်းသေးဘူးလို့ ဆိုလိုတာပါပဲ။ ဒီတော့ လူတွေမှာ 'ရောဂါ ကင်းတဲ့လူ ဆိုတာ မရှိဘူး၊ ပုထုဇဉ်မှာ ကိုယ်ရောဂါ၊ စိတ်ရောဂါ ကင်းတဲ့ အချိန်ဟာ တစ်ခဏကလေး ရှိတယ် ဆိုရင် အဲဒီလို ဆိုတဲ့လူဟာ လူမိုက်ပဲလို့ မြတ်စွာဘုရားက ဆိုပါတယ်၊ ဒါပေမယ့် ဘုရားက လူဟာ ကိုယ်ရောဂါ ရှိသော်လည်း စိတ်ရောဂါ ကင်းအောင်၊ စိတ်ရောဂါ မဖြစ်အောင် လုပ်လို့ ရတယ်' လို့လည်း ဆိုထားပါတယ်။ ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာ ကင်းတဲ့ သောတာပန်စိတ်ဟာ ရောဂါကင်းတဲ့ စိတ်လို့ မှတ်သင့်ပါတယ်။

လူသားတိုင်းဟာ လူဖြစ်စဉ်အခါ လူ့ဘဝမှာ အသက်ရှည်ရှည် နေလိုတဲ့ ဆန္ဒ ရှိတတ်ကြပါတယ်။ ရောဂါ ဆိုတာတွေဟာ အသက်ရှည်ခြင်းရဲ့ ရန်သူတွေ

ချည်းပါပဲ။ ဒါကြောင့် ရွှေတောင်တက်သမားဟာ လူမှာ ဖြစ်ပေါ်နေတဲ့ ကိုယ်ရောဂါ စိတ်ရောဂါတွေကိုလည်း အောင်မြင် ကျော်လွှားနိုင်ဖို့ လိုပါလိမ့်မယ်။ ဘာဖြစ်လို့ ရောဂါတွေကို အောင်နိုင်ဖို့ လိုအပ်သလဲ ဆိုတော့ အသက်ရှည်စွာ နေနိုင်ဖို့ လိုအပ်လို့ပါပဲ။ အသက်ရှည်ရေးဟာ ရွှေတောင်တက်သမား အဖို့ ဘာကြောင့် လိုအပ်သလဲလို့ ဆိုတော့ လောကကို အကျိုးပြုနေသူ ဖြစ်လို့ပဲပေါ့။ လောကကို အကျိုးစီးပွား ဖြစ်အောင် ဖန်တီးနေသူဟာ အသက်ရှည်လေ လောက အကျိုး ရှိလေပဲကိုး။ ဒီတော့ အသက်ရှည်ဖို့ လိုတယ်၊ ပညာရှိ သူတော်ကောင်းတွေ တစ်နာရီ အသက်ရှည်ရင် လူသားတွေ အတွက် တစ်နာရီ အကျိုးရှိတယ်၊ တစ်ရက် အသက် ပိုရှည်ရင် တစ်ရက် ပိုပြီး အကျိုးရှိတယ်။

အထင်ရှားဆုံး သာဓကကတော့ ဗုဒ္ဓဝင်ပါပဲ။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခါနီး ဝမ်းတော်လားနေတဲ့ အချိန်၊ တိုတောင်းလှတဲ့ အခိုက်အတန့်ကလေးမှာ တောင် မလ္လာမင်းသား ပဏ္ဍုသရဲ့ သမာဓိနှင့် ပတ်သက်တဲ့ အမေးကို ဖြေတယ်။ ရောဂါကြောင့် အလွန် ပင်ပန်းနေတဲ့ အချိန်မှာတောင် ယုံမှား သံသယ ဖြစ်နေတဲ့ သုဘဒ္ဒ ပရိဗိုဇ်ရဲ့ အမေးပုစ္ဆာတွေကို ဖြေပြီး သုဘဒ္ဒကို အကျွတ်တရား ရစေတယ်။ ဒီအချိန်ကလေးထဲမှာ ပွတ်ကာသီကာ ကပ်ပြီး သုဘဒ္ဒ ပရိဗိုဇ်ဟာ ရဟန်း အဖြစ်ကို ရတယ်။ တိုတောင်းလှတဲ့ ဒီအချိန်ကလေးမှာပဲ သုဘဒ္ဒဟာ ရဟန္တာ ဖြစ်သွားပါ တယ်။ ဒီလို ပရိနိဗ္ဗာန် ပြုခါနီးကလေးမှာ မဟာသုဒ္ဒဿ စက္ကဝတ္တိသုတ် ဒေသနာ တော်ကိုလည်း ဟောခဲ့ပါသေးတယ်။ * ဒါကြောင့် ပညာရှိ သူတော်ကောင်းများ အဖို့ တစ်နေ့ တစ်နာရီ ပိုပြီး အသက် ရှည်လေလေ၊ လောကလူသားများ အဖို့ အကျိုး များလေလေ ဖြစ်လို့ ရွှေတောင်တက်သမား ဥတ္တမပုရိသများ အဖို့လည်း အသက်ရှည်ရေးကို လိုလားသင့်ပါတယ်။

## စိတ်ကြောင့် အသက် တိုခြင်း

လူသားတို့ဟာ အသက် ရှင်စဉ်ကာလမှာ မျက်မှောက်လောကရဲ့ လက်ရှိ အခြေ အနေ ပတ်ဝန်းကျင်နှင့် ဆက်ဆံ နေကြရပါတယ်။ ခုဆို ၂၀ ရာစု ကုန်ခါနီးကာလ ကို ရောက်ရှိနေပါပြီ။ အံ့သြစရာ ကောင်းတာကတော့ လူတွေဟာ မိမိတို့ရဲ့ ဘဝ တိုးတက် ကြီးပွားအောင် ဆိုပြီး အမျိုးမျိုး ကြံဆောင် ကြိုးပမ်း လာလိုက်ကြတာ ရုပ်ဝတ္ထုပစ္စည်းတွေ အနေနှင့်ကတော့ ဒီခေတ်လောက် ကြီးပွား တိုးတက်တာ လူ့ သမိုင်းမှာ တစ်ခါမှ မရှိခဲ့သေးဘူးလို့ ဆိုရမှာပါ။ ပစ္စည်းမျိုးစုံ ကြွယ်ဝလာတာ ကတော့ အမှန်ပါပဲ။ ဒါပေမယ့် လူသားတွေဟာ လက်ရှိဘဝကို ကျေနပ်ကြ

---

* နောက်ဆုံး ဆယ်လ မြတ်ဗုဒ္ဓ၊ အရှင် ဇနကာဘိဝံသ၊ စာ ၁၄၀–၁၆၆

သလား၊ ရောင့်ရဲမှု ရကြရဲ့လားလို့ မေးလာရင်တော့ 'အမယ်လေး၊ ရွှေဘုံထီးနှင့် အပုံကြီး ကွာပါတယ်' လို့ ညည်းညူ ရလောက်အောင်ကို စိတ်ချမ်းသာဖို့ ဝေးလို့ စိတ်ညစ်စရာတွေ၊ မကျေနပ်စရာတွေ၊ စိုးရိမ် ထိတ်လန့်စရာတွေ၊ မုန်းတီး ခါးသီးစရာတွေ၊ မခံချင်စရာတွေ၊ စက်ဆုပ်စရာတွေကိုသာ တောင် လို ပုံ ပြီး ဖိစီးလာတာကို ခံနေကြရပါတော့တယ်။ တစ်နေ့ တစ်နေ့ အသက်ရှင်ရေး ဘဝရဲ့ ခက်ခဲမှုကလည်း အဆမတန် ပိုပြီး နက်ရှိုင်းလာတယ်၊ ကျပ်တည်းမှုဟာ အဆမတန် ကြီးမားလာတယ်၊ လူ့ဘဝဟာ အမယ်ဘုတ်ကယ် သူ့ချည်ခင် ရှုပ်သလို ရှင်းမရအောင်ဘဲ ဖြစ်လာပါတယ်။ လူသားတွေ ကြုံနေရတဲ့ အခက်အခဲတွေကို လူတွေဟာ ဖြေရှင်းဖို့လည်း မတတ်သာတော့ဘူး။ မြို့ကြီး ပြကြီးတွေမှာ လူဦးရေ ကျပ်တည်းမှု၊ သန့်ရှင်းရေး၊ ကျန်းမာရေး၊ စားသောက်ရေး ခက်ခဲမှု၊ မတော်တဆ ဖြစ်မှု၊ အနုကြမ်းစီးမှု၊ လုယက် ဖျက်ဆီးမှု စတဲ့ စိတ် ထိခိုက်စရာ၊ စိတ်ငြိုငြင်စရာတွေဟာ တောင်လိုပဲ ပုံလာပါတယ်။

ရှေးတုန်းက တောမှာ ကျောက်ဂူ ကျောက်ခေါင်း အောင်းနေရတုန်းကတော့ သားရဲတိရစ္ဆာန် အန္တရာယ်လောက်ကိုသာ အထိတ်တလန့် ရှိခဲ့ရတဲ့ လူသားရဲ့ ဘဝဟာ ခုတော့ ဘေးပေါင်းစုံ၊ ရန်ပေါင်းစုံ၊ ဒုက္ခပေါင်းစုံကို ခါးစည်းပြီး ရင်ဆိုင်နေရပါပြီ။

ကြီးမြင့်နေတဲ့ ကုန်ဈေးနှုန်းတွေ၊ စီးပွားရေး မတည်ငြိမ်မှုကြောင့် အလုပ်ခွင် မတည်မြဲမှု၊ အလုပ် လက်မဲ့ ဖြစ်မှုတွေ၊ ဘယ်အချိန် အလုပ်ပြုတ်မလဲ မသိလို့ အသည်း တထိတ်ထိတ်၊ ရင်တထိတ်ထိတ် နေရတာတွေ၊ တော်ကြာ ရုတ်တရက် မမျှော်လင့်ဘဲ ထိခိုက် နစ်နာမှု ကြုံရတာတွေ၊ ဘဝက ခက်ခဲလာလေ ဘာလုပ်စားရမှန်း မသိ ဖြစ်လာတာတွေ၊ ရှိတဲ့ အရင်းအနှီးကလေးနှင့် ကြံမိကြံရာ ထလုပ်ပြန်တော့လည်း အရင်း ပြုတ်ပြီး လက်မှိုင် ချရတာတွေ။

အဖြစ်ကတော့ ရှေးလူကြီးများ ပြောသလို လုပ်စားတော့လည်း မိုးခေါင်၊ ခိုးစားတော့လည်း ခွေးဟောင်ဆိုတဲ့ ကိန်းပါပဲ။ အင်မတန် ချမ်းသာတယ် ဆိုတဲ့ ရေနံ သူဌေးကြီးတွေလည်း ရုတ်တရက် ရေနံ ဈေးနှုန်းတွေ အဆမတန် ကျဆင်းသွားတာကို ရင်ဆိုင်နေရပြီး မျက်ဖြူဆိုက်တဲ့ ကိန်းကို ရောက်ကြရတယ်။ သူတို့ အရှုံးက သူတောင်းစား ခွက်ပျောက်တဲ့ အရှုံး မဟုတ်ဘူး၊ စိန်ပုံ ရွှေပုံကြီး ပြာကျသွားရတဲ့ အဖြစ်ဆိုတော့ သူတို့က ဆင်းရဲသားတွေထက် ပိုပြီး ငါးရံ့ပြာကျ ဖျပ်ဖျပ်လူး ဖြစ်ကြရတာပေါ့။ ချမ်းသာ ကြွယ်ဝလို့ ဒီခေတ်မှာ ဒုက္ခ မရောက်ဘူး၊ ဘေးကျပ် နံကျပ် မကြုံဘူး မထင်ပါနှင့်။ ကျားကြီး ခြေရာကြီး ဆိုသလို သူတို့ အခက်အခဲက ပိုပြီး ကြီးမားပါတယ်။ ဒီအထဲ နျူကလီးယား စစ်ပွဲရဲ့ ခြိမ်းခြောက်မှုကလည်း လူသား တစ်လောကလုံးကို ဖိစီးနေတယ်။ ဒါကြောင့် ဒီခေတ်လူသားတိုင်းဟာ ဖိစီးမှုရဲ့သားကောင် တွေ ဖြစ်ကုန်ကြရပြီလို့ ဆေးကတာ ဟားဘတ်ဘင်ဆင်

ဆိုတဲ့ နှလုံးရောဂါ ပါရဂူ စိတ်ပညာရှင် တစ်ဦးက ဆိုပါတယ်။ *

လူမှုဆက်ဆံရေး ဘဝမှာလည်း ဂါရဝတရားဟာ မရှိသလောက် ခြောက်ခန်းသွားပြီ။ မိဘကို ရိုသေမှု၊ ဆရာသမားကို လေးစားမှု၊ မယားက လင်ကို အရေးဂရုပြုပြီး ပြုစုယုယမှု ဆိုတာတွေကိုလည်း ခေတ်က ဖျက်ဆီး ပစ်လိုက်ပြီ။ အိမ်ထောင်ရေးဘဝဟာလည်း ရှေးကလို မငြိမ်းချမ်းတော့ပါဘူး။ တစ်ယောက် တစ်ပေါက်နှင့် ညီညွတ်မှုလည်း မရှိတော့ဘဲ ဖရိုဖရဲ ဖြစ်နေတော့ စိတ်ချမ်းသာမှု ဆိုတာ ဘယ်မှာရပါတော့မလဲ။ မျက်မှောက်ခေတ် လူသားတွေမှာ စိုးရိမ် ကြောင့်ကြမှုတွေ၊ ခံပြင်းစရာကောင်းတဲ့ ဖိစီးမှု အမျိုးမျိုးတွေကို ရင်ဆိုင်ပြီးသာ အသက်ရှင် နေကြရပါပြီ။

အဲဒီ စိုးရိမ် ထိတ်လန့်မှုတွေ သောက ဖိစီးမှုတွေဟာ လူတွေကို ဘယ်လိုထိခိုက်စေသလဲ။ ဒါကို ခေတ်သစ် ဆေးပညာရှင်တွေ စိတ်ပညာရှင်တွေက ဂရုတစိုက် လေ့လာ ခဲ့ကြပါတယ်။ ဖိစီးမှုရဲ့ ဇီဝကမ္မဗေဒ ဖြစ်စဉ် လေ့လာကြတော့နောက်ဆုံးမှာ စိတ်မှာဖြစ်တဲ့ ဖိစီးမှုတွေဟာ လူ့ခန္ဓာ ကိုယ်ပေါ်မှာ ရောဂါတွေဖြစ်ပေါ်အောင် ဖန်တီးတယ် ဆိုတာကို တွေ့ရှိ လာကြပါတယ်။ ဘာရောဂါတွေဖြစ်သလဲ ဆိုတော့ စိတ်သောက ဒဏ်ကြောင့် သွေးတိုး ရောဂါ၊ ရုတ်တရက်နှလုံးရပ်သေတဲ့ ရောဂါ၊ လေဖြတ်ပြီး ကိုယ်တစ်ခြမ်းသေတဲ့ ရောဂါ စတဲ့ ခေတ်သစ်ရောဂါဆိုးတွေ အမျိုးမျိုး ဖြစ်ပေါ် လာကြတယ်လို့လည်း ဆိုပါတယ်။ တစ်နှစ် တစ်နှစ်ဒီရောဂါတွေကြောင့် သေရတဲ့ လူတွေဟာ အမေရိကန်လို ချမ်းသာတဲ့ နိုင်ငံတွေမှာသိန်းနှင့် ချီပြီး ကြောက်ခမန်း လိလိ ရှိနေတယ်လို့ ဆိုပါတယ်။ ဒေါက်တာဘင်ဆင်ရဲ့ စာအုပ်မှာ ဖော်ပြထားတာကတော့ အမေရိကန် ပြည်ထောင်စုမှာတစ်နှစ် တစ်နှစ် သေဆုံးသူ အားလုံးရဲ့ ထက်ဝက်ကျော်ဟာ စိတ်သောကကြောင့်ဖြစ်တဲ့ နှလုံး ရောဂါ၊ ဦးနှောက် ရောဂါတွေကြောင့် ပျက်စီး နေရပါတယ် လို့အတိအကျ ဖော်ပြ ထားပါတယ်။ ဒီရောဂါမျိုးတွေကိုလည်း ဆေးပညာရှင်များကစိတ်ကြောင်းခံ ရုပ်ရောဂါ (Psychosomatic) များလို့ သမုတ် ထားကြပါပြီ။

ဒေါက်တာဘင်ဆင် သုံးသပ် တင်ပြထားတာကတော့ ဒီကနေ့ လူသားတွေဟာ ရှေးက တောတွင်းမှာ သားရဲ တိရစ္ဆာန်နှင့် ရင်ဆိုင်ကြရတဲ့ အခါ ရင်ဆိုင်မလား၊ ထွက်ပြေးမလား ဆိုတဲ့ တုံ့ပြန်မှုတွေကို နေ့စဉ် ခံစား နေရပါတယ်တဲ့။ ရင်ဆိုင်မလား၊ ထွက်ပြေးမလား တုံ့ပြန်မှုကြောင့် လူမှာ သွေးဖိအား များလာတယ်။ ရင်ခုန် နှလုံးတုန်နှုန်း မြန်လာတယ်။ လူ့ခန္ဓာကိုယ်မှာ တင်းမာမှု အားစိုက်မှုတွေအမျိုးမျိုး ဖြစ်ပေါ်လာရတယ်။ အဲဒီလို ပြောင်းလဲလာတဲ့ ဇီဝကမ္မ ဖြစ်စဉ်တွေကိုပညာရှင်တွေက လေ့လာ ဖော်ထုတ် ကြပါတယ်။

ဒေါက်တာ ဖရင့်ရှဒေါ့ယန်း ဆိုသူ စိတ်ပညာရှင် တစ်ဦးကတော့ လူ့စိတ်

---

* *The Relaxation Response: Herbert Benson MD. p 12*

မှာ ခံစားရတဲ့ သောက ဖိစီးမှုတွေကြောင့် လူ့ခန္ဓာကိုယ်မှာ အူ၊ အသည်းတွေရဲ့ အတွင်း တင်းမာမှုတွေ ၊ ကြွက်သားရဲ့ အတွင်း တင်းမာမှုတွေ၊ အာရုံကြော တင်းမာမှုတွေ နှင့် ဂလင် ခေါ်တဲ့ သွေးကျိတ် တင်းမာမှုတွေ ဖြစ်ပေါ်လာရတယ်လို့ ဆိုပါတယ်။ *

ဒီတင်းမာမှုတွေကြောင့် လူ့ခန္ဓာကိုယ် ရုပ်ပိုင်းမှာ ရောဂါ အနာတွေ ဖြစ်ပေါ်လာပုံတွေကို ဒီပညာရှင်တွေဟာ အလေးအနက် လေ့လာ တင်ပြခဲ့ကြပါတယ်။

ဒါကြောင့် မျက်မှောက် ကမ္ဘာကြီးထဲမှာ အသက်ရှည်ရှည် နေလိုသူဟာ မိမိရင်တွင်းမှာ ဖြစ်ပေါ်နေတဲ့ တင်းမာမှုတွေကို လျော့ပါး ပျောက်ကင်းသွားအောင် ဆေးဝါးတွေနှင့် လုပ်နေလို့လည်း ရတော့မှာ မဟုတ်တော့ဘူး။ မိမိစိတ်ကို တင်းမာမှု လျော့နည်းအောင် အကြောလျှော့ အပန်းဖြေနည်းတွေကို လေ့ကျင့်ဖို့ လိုပါပြီလို့ ရေးလာကြပါတယ်။ အနောက်တိုင်းသား ပညာရှင် အများအပြား ယခုမှ မျက်ပြူးဆံပြန်နှင့် အရေးတကြီး ပြောဆိုလာတဲ့ စိတ်ကြောင့် ရောဂါဖြစ်ရတယ် ဆိုတာကို ဗုဒ္ဓ ဟောကြားတော် မူခဲ့ပြီးပါပြီ။

လူတွေမှာ အနာရောဂါတွေဟာ ကံကြောင့်လည်း ဖြစ်တယ်၊ စိတ်ကြောင့်လည်း ဖြစ်တယ်၊ ဥတုကြောင့်လည်း ဖြစ်တယ်၊ အာဟာရကြောင့်လည်း ဖြစ်တယ်လို့ မြတ်ဗုဒ္ဓ ဟောထားခဲ့တာ ကြာပါပြီ။

လူတွေ အသက် တိုရတဲ့ အကြောင်းတွေထဲမှာ သောကကြီးလို့ အသက်တိုကြောင်းကို 'သောက ပရေတဿ အဇ္ဇိဏ္ဏ' လို့ အဋ္ဌကထာ ဋီကာများမှာ ဆိုထားတာတွေလည်း ရှိပါတယ်။ ဘယ်လောက်တောင် တိတိကျကျ ဆိုထားသလဲ ဆိုရင် 'သောကမီး လောင်သော သူတို့အား အစာကိုမျှ မကြေကျက်နိုင်ရကား အိုလွယ် နာလွယ် သေလွယ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် သောကကို ဖယ်ခြင်းသည် ဇရာ၊ မရဏကို ကုသသည် မည်၏' ** တဲ့။

ပြီးတော့ 'တယော မေ ဘိက္ခဝေ အဂ္ဂိ ရာဂဂ္ဂိ ဒေါသဂ္ဂိ မောဟဂ္ဂိ' ဆိုပြီး ခုဒ္ဒကပိဘင်း ပါဠိတော်မှာ ဟောကြားတော် မူခဲ့တာလည်း ရှိပါတယ်။ လူတွေကို လောဘ (ရာဂ) မီး၊ ဒေါသ မီး၊ မောဟမီးတွေ လောင်ကျွမ်းနေတယ်။ အဲဒီ မီးတွေဟာ စိတ်ကို အကြောင်းပြုပြီး ဖြစ်တဲ့မီးတွေ။ အနောက်တိုင်းသားတွေက လောဘ ဒေါသ မောဟ တရားတွေဟာ လူတွေကို ဖိစီးနေတဲ့ တရားတွေလို့သာ မြင်တာ၊ ဗုဒ္ဓကတော့ လောဘ (ရာဂ)၊ ဒေါသ၊ မောဟ ဆိုတဲ့ အကုသိုလ်တရားတွေကို မီးတွေလို့ မြင်တယ်။ လူတွေရဲ့ အသည်းနှလုံးတွေကို လောင်ကျွမ်းစေတတ်တဲ့ တရားတွေလို့ မြင်တော်မူခဲ့တာဟာ ဉာဏ်တော်ရဲ့ အတိုင်းအတာ

---

* *Somo-Psychic Power - F.R. Young. p 5*

** *စိတြွ ဗျာကရိကျမ်း၊ .မုံရွာ စောင်ချမ်းပင် ဆရာတော်၊ စာ ၈၃*

ဘယ်လောက် သွားတယ်၊ ဘယ်လောက် အံ့ဩဖွယ် ကောင်းတယ် ဆိုတာ ခန့်မှန်း နိုင်ပါတယ်။

ကျမ်းဂန်တွေထဲမှာ သီဟိုဠ်ကျွန်းက ဘိက္ခုနီမငယ် တစ်ဦးဟာ စိတ္တလပဗ္ဗတ ကျောင်းမှာ ဥပုသ်အိမ်ကို တခြား ဘိက္ခုနီမများနှင့် သွားကြတော့ ကျောင်းရဲ့ တံခါးဝမှာ တံခါးစောင့်သဏ္ဌာန် ထုလုပ်ထားတဲ့ သစ်သား ရုပ်တုကြီး တစ်ခုကို တွေ့ရတယ်။ ဒီတင် ဘိက္ခုနီမငယ်ရဲ့ စိတ်တွေဟာ တလှုပ်လှုပ် ဖြစ်လာပြီး ဒီအရုပ် ကြီးကို ချစ်ရမ္မက် ပြင်းထန်တဲ့စိတ်နှင့် စိမ်းစိမ်းစိုက်စိုက် ကြည့်နေမိတယ်။ ဒီအခါ ဘိက္ခုနီမငယ်ရဲ့ ကိုယ်တွင်းမှာ ရာဂမီးတွေ အကြီးအကျယ် တောက်လောင် လာပါ တယ်။ အံ့ဩစရာ ဘယ်လောက် ကောင်းသလဲ ဆိုတော့ ဒီဘိက္ခုနီမငယ်ဟာ ဒီ နေရာတွင် သတိလစ်ပြီး သေဆုံးသွားပါတယ်။ ဒါဟာစိတ်ကြောင့် ဖြစ်တယ်လို့ ကျမ်းဂန်များမှာ ဆုံးဖြတ်ထားပါတယ်။ ဒီခေတ် အနောက်နိုင်ငံသုံး စိတ်ပညာ ဝေါဟာရနှင့် ပြောရရင်တော့ ဟစ္စတီးရီးယား ရောဂါလို့ ခေါ်နိုင်ပါတယ်။

ဟစ္စတီးရီးယား ရောဂါရဲ့ သဘောကို စိတ်ရောဂါကု အထူးဆရာဝန်ကြီး ဒေါက်တာ အုန်းကျော်ရဲ့ စာအုပ်ထဲမှာ ဖော်ပြထားတာကတော့ ဟစ္စတီးရီးယား ရောဂါကြောင့် လူနာမှာ ခန္ဓာကိုယ် လုပ်ငန်းပိုင်း တစ်ခုခု ချွတ်ယွင်း လာတတ် ပါတယ်တဲ့။ လက် မလှုပ်နိုင်ဘူး၊ စကား မပြောနိုင်ဘူး၊ ထိတာတွေ နာတာတွေကို မသိဘူး၊ တက်တယ် * တဲ့။

ကျမ်းဂန်မှာတော့ ဒေါသမီး လောင်ပြီး ခန္ဓာကိုယ် ပျက်စီး သေဆုံးရသူ တွေ၊ အသက် တိုခဲ့ရသူတွေ၊ မောဟမီး လောင်ကျွမ်းပြီး အသက် တိုခဲ့ရသူတွေ အကြောင်းများကိုလည်း အများအပြား ဖော်ပြထားတာ တွေ့ရပါတယ်။

ထင်ရှားတာ တစ်ခုကတော့ ဒေဝဒတ်ရဲ့ အသင်းအပင်း ဖြစ်တဲ့ ရှင်ကောကာလိက ဆိုတဲ့ ရဟန်းဟာ မစ္ဆရ ဒေါသပဒုဋ္ဌ စိတ်နှင့် ရှင်သာရိပုတြာ၊ ရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးများကို ဘုရားရှင်ထံမှာ လျှောက်ထားပြီး ကဲ့ရဲ့ ရှုတ်ချတဲ့ အတွက် တစ်ခဏချင်းမှာပဲ ဝဲနာ အိုင်းနာတွေ တစ်ကိုယ်လုံးမှာ ဖူးဖူး ရောင်ပြီး ပေါက်လာတယ်လို့ ဆိုထားတာကိုလည်း တွေ့နိုင်ပါတယ်။ ရှင်သာရိ ပုတြာ နှင့် ရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးတို့ရဲ့ ပထမ ဗာဟိရ ဆရာကြီး ဖြစ်တဲ့ သိဥ္စည်း ပရိဗိုဇ်ကြီးဟာ သူ့တပည့်များ အားလုံး ရှင်သာရိပုတြာ နှင့် ရှင်မောဂ္ဂလာန် တို့နှင့် အတူ မြတ်စွာဘုရားထံကို ပါသွားကြလို့ သူ့ကျောင်းကြီးမှာ ဟောင်းလောင်း ကြီး ဖြစ်ကျန်ရစ်တာကို မြင်လိုက်ရတဲ့ အခါ ဒေါမနဿ သောကမီး တောက် လောင်ပြီး လတ်တလော သွေးပူတွေ အန်တဲ့ အကြောင်းကိုလည်း ဗုဒ္ဓဝင်မှာ ဆိုထား ပါတယ်။

---

* စိတ်ရောဂါကို နားလည်ခြင်း၊ ဒေါက်တာ အုန်းကျော်၊ စာ ၄၄

ဒီအဖြစ်တွေဟာ စိတ်ကြောင့် အသက်တိုရတဲ့ သာဓက ပြယုဂ်တွေ ဖြစ်ကြပါတယ်။ ဒီကနေ့ မျက်မှောက် ကမ္ဘာကြီးထဲမှာ လူသားတွေဟာ ဒီလိုစိတ်ကြောင့်သော က ဖိစီးမှုဒဏ်ကို အလူးအလိမ့် ခံစား နေကြရတယ် ဆိုတာကို ပညာရှင်တွေက မြင်လာကြပါပြီ။ ဒီတော့ သူတို့လည်း နကုလပိတာ သူကြွယ်ကို မြတ်စွာဘုရား ဟောကြားတော် မူခဲ့တဲ့အတိုင်း ကိုယ်နာကျင်သော်လည်း စိတ်မနာကျင်တဲ့ လူတွေ၊ စိတ်ရောဂါဒဏ် မခံစားရတဲ့ လူတွေ ဖြစ်အောင် ဘယ်လို လုပ်ရမလဲ ဆိုတဲ့ နည်းလမ်းတွေကို ရှာလာကြပါတယ်။ နောက်ဆုံးတော့ စိတ်ကို စိတ်နှင့် ကုတဲ့ ဘာဝနာ နည်းတွေကိုသာ အကောင်းဆုံးနည်း ဖြစ်တယ်လို့ ဆုံးဖြတ်ကြပါတယ်။

## ဘာဝနာဖြင့် အသက် ရှည်အောင် နေခြင်း

အနောက်တိုင်းသားတွေဟာ သိပ္ပံပညာသမားတွေ ဆိုတော့ ဘယ်အရေး ဘယ်ကိစ္စကိုမှ လွယ်လွယ် ယုံကြသူတွေ မဟုတ်ကြဘူး။ စိတ်ကြောင့်ဖြစ်တဲ့ လူ့ခန္ဓာကိုယ်က ရောဂါတွေကို ကာကွယ်ဖို့ နည်းလမ်း ရှာကြတဲ့အခါ ပတ်ဝန်းကျင်ရဲ့ ဖိစီးမှုတွေကို တွန်းလှန်နိုင်ဖို့ အတွက် အကောင်းဆုံးကတော့ လူပုဂ္ဂိုလ် တစ်ဦးချင်း မိမိတို့ရဲ့ စိတ်ကို ထိန်းချုပ်ခြင်း ပြုလုပ်တဲ့နည်းဟာ အထိရောက်ဆုံး၊ အကောင်းဆုံး ဖြစ်တယ်ဆိုတာကို သဘောပေါက် လာကြပါတယ်။ * ဒီလို သဘောပေါက်တယ် ဆိုတာကလည်း လွယ်လွယ်နှင့် ဖြစ်တာ မဟုတ်ဘူး။ သူတို့က လက်တွေ့ကျကျ စမ်းသပ်စစ်ဆေးပြီးမှ ယုံတတ်တာ ဆိုတော့ လူတစ်ယောက်ဟာ သူ့စိတ်ကို တစ်စုံတစ်ခုသော ကမ္မဋ္ဌာန်း အာရုံပေါ်မှာ ထိန်းသိမ်းခြင်းအားဖြင့် သူ့ရဲ့ ခန္ဓာကိုယ်မှာ အပြောင်းအလဲတွေ ဖြစ်သလား၊ ဓိဝကမ္မဗေဒ သဘောအရ ပြောင်းလဲမှု ဖြစ်တယ် ဆိုရင် ဘယ်လို ပြောင်းလဲမှုတွေ ဖြစ်တာလဲ ဆိုပြီး လက်တွေ့ စမ်းသပ်ကြပါတယ်။ ဒေါက်တာ ဘင်ဆင်ဟာ နှစ်ပေါင်းများစွာ ဒီလို စမ်းသပ်မှုတွေကို ခေတ်မီအီလက်ထရွန်းနစ် စက်ကိရိယာတွေနှင့် ပြုလုပ်ခဲ့သူ ဖြစ်ပါတယ်။ သူ့စိတ်ထဲကျေနပ်ပြီ ဆိုမှ သူ့ရဲ့ 'စိတ် သက်သာအောင် အပန်းဖြေခြင်း တုံ့ပြန်မှု' (The Relaxation Response) ဆိုတဲ့ ကမ္ဘာကျော် ကျမ်းတစ်စောင်ကို ရေးသားခဲ့တာပါ။

ရှေးကျတဲ့ အရှေ့တိုင်းက လောကီနည်း ကမ္မဋ္ဌာန်းနည်းတွေဟာ စိတ်ကို ထိန်းသိမ်းတဲ့ နည်းတွေ ဖြစ်တယ်။ အဲဒီနည်းတွေထဲမှာ ဟိန္ဒူနည်းတွေ၊ ဇင်နည်းတွေ အမျိုးမျိုး ရှိတယ်။ နယူးဒေလီမှာ ဒေါက်တာ ဘီကေ အာနန် ဆိုသူဟာ ယောဂ အကျင့် ကျင့်သူတွေရဲ့ ကိုယ်မှာ ဖြစ်ပေါ်တဲ့ အောက်ဆီဂျင် စားသုံးမှု ကမ္မဓိဝ ဖြစ်စဉ် ပြောင်းလဲမှုတွေကို စမ်းသပ်တယ်။ နောက်ဆုံးမယ် စိတ်နှင့် နလုံး

------------------------

* *The Relaxation Response. p 54*

ခုန်ခြင်းကိုတောင် ရပ်ထားလို့ ရတယ် ဆိုတာကို တွေ့ကြရတယ်။ ဒေါက်တာ ဘင်ဆင်ဟာ ကမ္ဘာ့ အရပ်ရပ်မှာ လိုက်လံရှာဖွေ စမ်းသပ်ပါတယ်။ ၁၉၆၈ ခုနှစ်မှာ ဟားဘတ် ဆေးတက္ကသိုလ်ရဲ့ ဓာတ်ခွဲခန်းထဲမှာ လောကုတ္တရာ ဘာဝနာ ခေါ်တဲ့ 'တီအမ်' (Transcendental Meditation) ကမ္မဋ္ဌာန်းနည်းကို စမ်းသပ် ပြန်ပါတယ်။ ဒီနည်းကတော့ အိန္ဒိယပြည် ဟိမဝန္တာ အရပ်ကနေ အမေရိကန် နိုင်ငံကို ရောက်သွားပြီး ဟိုမှာ အလွန် နာမည် ကျော်ကြား လူသိများနေတဲ့ မဟာရသေ့ မဟိသ ယောဂီ ဆိုတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ နည်းပဲ။

ဒေါက်တာ ဘင်ဆင်ဟာ စိတ် အပန်းဖြေ နည်းတွေကို လိုက်လံ စုံစမ်းပြီး နောက်ဆုံးမှာ ဘာဝနာ စီးဖြန်းခြင်း ဆိုတဲ့ စိတ် အပန်းဖြေ နည်းဟာ ဒီကနေ့ လူသားတွေ ကြုံတွေ့နေရတဲ့ သောက ဖိစီးမှုဒဏ်ကို တွန်းလှန်ရာမှာ အကောင်း ဆုံး နည်းတွေ ဖြစ်တယ်။ ဒီနည်းတွေနှင့် စိတ်ကြောင့် ဖြစ်တဲ့ ရောဂါတွေကို ကုသ လို့လည်း ရတယ်လို့ ကင်ပြခဲ့ပါတယ်။

သူ့ စိတ် စာအုပ်ထဲမှာတော့ စောစောက ပြောခဲ့တဲ့ တီအမ် (လောကုတ္တရာ ဘာဝနာ) နည်း၊ ဇင်နည်း၊ ယောဂနည်း၊ အော်တိုဂျင်းနစ် လေ့ကျင့်မှုနည်း၊ တိုး တက်သော စိတ် အပန်းဖြေနည်း၊ စိတ်ညှို့ စိတ် အပန်းဖြေနည်း စသည့် နည်း တော်တော်များများကို ထောက်ခံတင်ပြ ထားပါတယ်။ ဒေါက်တာ ဘင်ဆင်ဟာ သူ့စာအုပ်ထဲမှာ ကမ္မဋ္ဌာန်းနည်း တစ်နည်းကိုလည်း ဖော်ပြ ထားပါတယ်။ အဲဒါက တော့ ကသိုဏ်းနည်းပါပဲ။ သူ့နည်းဟာလည်း အရှေ့တိုင်းသားတွေ အဖို့တော့ အဆန်း မဟုတ်ပါဘူး။ ဗုဒ္ဓက ကမ္မဋ္ဌာန်း နည်းလေးဆယ်တောင် ဟောထားခဲ့တာပါ။

အနောက်တိုင်းသား ပညာရှင်တွေ အနက်က ဂျိုးဇက် အေ ကနေဒီ ဆိုသူ ကလည်း စိတ်အပန်းဖြေ အသက်ရှည် (Relax and Live) ဆိုတဲ့ စာတစ်အုပ် ရေးခဲ့ပါတယ်။ သူ့စာအုပ်ထဲမှာ စိတ်အပန်းဖြေ ဆိုတဲ့ စကားရဲ့ အနက်အထူးကို ကြံစည် ဖော်ပြထားပုံက စိတ်ဝင်စားဖွယ် ကောင်းပါတယ်။ သူက တစ်ခု ပိုပြီး ထူးခြားတာက လူတွေဟာ ရင်တွင်း တင်းမာမှုတွေ ခံစားနေရရင် စိတ်ပင်ပန်း ကိုယ်ပင်ပန်း ဖြစ်ပြီး ကုန်ထုတ်လုပ်တဲ့ နေရာမှာပါ ကုန်ထုတ် စွမ်းအားတွေပါ ကျဆင်းရတယ် ဆိုတာအထိ လေ့လာထားလို့ပါ။ * ဒါကြောင့် လူ့စွမ်းအား ထက်မြက်အောင် စိတ်ပန်းကိုယ်ပန်း ဖြေဖို့ လိုအပ်ကြောင်းကိုပါ သူက ရှာရှာဖွေဖွေ ရေးသား ဖော်ပြထားခဲ့ပါတယ်။

သူ့စာအုပ် ထဲမှာ 'အားထုတ်ခြင်း ကင်းတဲ့ အပန်းဖြေခြင်း' (Passive Relaxation) ဆိုတဲ့ စကားကို သုံးထားပါတယ်။ အကြွင်းမဲ့ အပန်းဖြေနည်း ဆိုတာ အားထုတ်ခြင်း အားလုံးကို ရပ်ဆိုင်းခြင်းလို့ သူက အဓိပ္ပာယ် ဖွင့်ပါတယ်။

---

* *Relax and Live - Joseph A. Kennedy. p 15*

သူ့သဘောကတော့ မလုပ်ချင်ဘဲ ကိုယ့်ကိုယ်ကိုယ် တိုက်တွန်းပြီး လုပ်ရတဲ့ အလုပ်မျိုးဟာ တမင်တကာ အားထုတ်ရတာ ဖြစ်လို့ ခန္ဓာကိုယ်မှာ တင်းမာမှုတွေပဲ ဖြစ်တယ်တဲ့။ လူဟာ အားမစိုက်ရဘဲ လုပ်နိုင်မှသာ အကျိုးများပုံကိုလည်း သူက တင်ပြပါတယ်။

ဂျိုးဇက် ကနေဒီရဲ့ သဘောဟာ လယ်တီပဏ္ဍိတ ဦးမောင်ကြီးရဲ့ အယူအဆတွေနှင့် တစ်ထပ်တည်း တူနေပါတယ်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးကလည်း သူ့ရဲ့ သူရဿတီ နီတိ အခန်း (၇) မှာ အားစိုက်ရခြင်းထက် အားမစိုက်ရခြင်းကို ချီးမွမ်းထိုက်ကြောင်း ဆိုပြီး ဒီသဘော အကျယ်ကို ရေးပြခဲ့ပါတယ်။ ဆရာ ဦးမောင်ကြီး တင်ပြတာက စိတ်ဝင်စားဖို့လည်း ကောင်းတယ်၊ မှတ်သားရလည်း လွယ်လို့ ပြောပြချင်ပါတယ်။

ဆရာ ဦးမောင်ကြီး ဆိုတာကတော့ အကြင်သူတစ်ယောက်ဟာ တစ်လံအမြင့်ကို အားစိုက်ပြီး ခုန်ရတယ်ဆိုရင် အဲဒီလူဟာ တစ်လံရဲ့ ထက်ဝက် အမြင့်ကို အားမစိုက်ရဘဲ ခုန်နိုင်တယ်။ အလွယ်တကူ ဆောင်ရွက်နိုင်တယ်။ ဒါကြောင့် အားစိုက်ရခြင်းထက် အားမစိုက်ရခြင်းကို ပိုပြီး ချီးမွမ်းအပ်တယ်တဲ့။ အထူးအားမစိုက်ရဘဲ အလွယ်တကူ စွမ်းဆောင်နိုင်တဲ့ ကိစ္စမှန်သမျှဟာ သက်သာစွာ ချမ်းသာခွင့်ကို ရစေတယ်လို့ ဆိုပါတယ်။ အားမစိုက်ရဘဲ မပင်မပန်း လုပ်ရတဲ့ အလုပ်ကို ကြာရှည် လုပ်နိုင်တယ်။ ဗျာပါရတွေ များများနှင့် အားစိုက်ရခြင်း ဆိုတဲ့ အလုပ်မျိုးဟာ လုပ်တုန်း အခါမှာလည်း ဆင်းရဲတယ်၊ အလုပ်ကိစ္စ ပြီးတော့လည်း ဆင်းရဲတယ်။ အထပ်ထပ် အခါခါ ကြာရှည် လေးမြင့်စွာလည်း မလုပ်နိုင်ဘူးတဲ့။ ဒါဟာ ဆရာဦးမောင်ကြီး တင်ပြချက်တွေပါ။

ဂျိုးဇက် ကနေဒီရဲ့ စာအုပ်မှာလည်း ဒီသဘောအတိုင်း လက်ခံ တင်ပြထားပါတယ်။ အမှန်တော့ အင်အားနှင့် ကျွမ်းကျင်မှုကို မျှတအောင် သုံးခြင်းသဘောပါပဲ။ မလိုအပ်ဘဲ အားကုန်ခံခြင်းဟာ ခြေပန်းလက်ပန်း ဖြစ်စေရုံသာမက စိတ်ထောင်းကိုယ်ကြေလည်း ဖြစ်စေပါတယ်။ ဒီလို အားစိုက်ထုတ်ရရင် လူ့ခန္ဓာကိုယ်မှာ တင်းမာမှုတွေ ဖြစ်ပေါ်လာပါတယ်။ ဒီတင်းမာမှုက မောပန်းရုံလောက်မဟုတ်ဘူး၊ လူ့ခန္ဓာကိုယ်ကိုပါ ဖျက်ဆီးတတ်ပါတယ်။ ဂျိုးဇက် ကနေဒီ ကတော့ အားစိုက်လွန်းတော့ ပိုပြီး ပင်ပန်းတယ်၊ ကိုယ်တွင်းတင်းမာမှုတွေ ဖြစ်တယ်။ အဲဒီအခါ အလုပ်မှာပါ အမှားမှား အယွင်းယွင်းတွေ ဖြစ်ပြီး ပိုထိခိုက်တယ် ဆိုတာတွေကိုပါ တွက်ပြထားပါတယ်။

သူ့ စာအုပ်ကလေးကလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်။ သောက ဖိစီးပြီး ကိုယ်တွင်း တင်းမာမှုတွေ ဖြစ်နေတဲ့ အလုပ်သမားဟာ အစာမကြေဘူး၊ မျက်စိကိုလည်း ပိုပြီး အားစိုက်ရစေတယ်၊ ကျောတောင့် ရင်တောင့်ကိုလည်း ဖြစ်စေတယ်။ ခေါင်းကိုလည်း ခဲစေတယ်လို့ ဖော်ပြပါတယ်။ အပန်း ဖြေ တယ်

ဆိုတာကိုတောင် တမင်တကာ အားစိုက်ပြီး မလုပ်ရဘူးလို့ သူကတော့ ဆိုပါတယ်။ သူ့ စာအုပ်မှာလည်း အားမစိုက်ရတဲ့ အပန်းဖြေနည်း ဆိုတာကို တင်ပြထားပါတယ်။ နည်းတွေကတော့ စုံလို့ပါပဲ။

အာနာပါန နည်းကိုလည်း လူတိုင်း နှစ်သက်ကြပါတယ်။ ဒါကြောင့် သူတို့နည်းတွေကို လေ့လာ လိုက်စားနေမယ့် အစား ရှေးအခါ ကတည်းက ဗုဒ္ဓဘာသာဝင်လေ့ ထုံးစံအတိုင်း လေ့ကျင့်လာကြတဲ့ ကာယကတာ သတိပဋ္ဌာန်တွေကို ကျင့်ကြံ အားထုတ်မယ် ဆိုရင်လည်း သူတို့ ပြောနေကြတာတွေ ထက်တောင် အဘက်ဘက်က သာပါတယ်လို့ ပြောချင်ပါတယ်။

ရွှေတောင်တက်သမားဟာ ကျန်းမာဖို့ လိုပါတယ်။ လောကမှာ မကျန်းမာရင် ခက်ခက်ခဲခဲ လုပ်ပြီးယူရတဲ့ အောင်မြင်မှုတွေကိုလည်း မရနိုင်ဘူး။ အောင်မြင်မှုကို ရရှိခဲ့သော်လည်း မကျန်းမာရင် အဲဒီ အောင်မြင်မှုဟာ အချည်းနှီး ဖြစ်တာပဲ။ ဒီတော့ နှိုင်းနှိုင်းချိန်ချိန် သုခမိန် ဆိုတဲ့ စကားလိုပဲ ပန်နှင့်အား၊ လေးနှင့်မြား မျှတရုံ လုပ်ဖို့လည်း လိုပါတယ်။

လောကီရေးမှာ ဖြစ်ဖြစ်၊ လောကုတ္တရာ ရေးမှာပဲ ဖြစ်ဖြစ် အောင်မြင်ရေး အတွက် ဆောင်ရွက်ကြတဲ့ အခါ အထူး လိုအပ်တဲ့ (ပဓာနိယင်္ဂ ငါးပါး) လိုအပ်ချက်တွေ ဆိုတာ ရှိတယ်။ အဲဒီ လိုအပ်ချက်တွေထဲမှာ ကျန်းမာရေး အသက်ရှည်ရေးဟာလည်း လိုအပ်ချက် တစ်ခု ဖြစ်ပါတယ်။

လောကီမှာလည်း တချို့ပုဂ္ဂိုလ်တွေဟာ ငယ်ရွယ်တဲ့ အသက်ပိုင်းမှာ ဘဝ ရည်မှန်းချက် မပေါက်မြောက်ခဲ့ကြဘူး။ ငယ်စဉ်ဘဝမှာ လောကဓံ လှိုင်းဂယက်တွေ အမျိုးမျိုးကို ခံပြီး နေခဲ့ကြရတယ်။ ဒါပေမယ့် သူတို့ဟာ ကိုယ်နာကျင်သော်လည်း စိတ် မနာကျင်အောင် နေတတ်သူတွေ ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ မျက်မှောက်ခေတ်မှာ ဒီလိုအသက် ၈၀ ပိုင်းကျမှ လောကီ အထွတ်အထိပ်ကို ရောက်ကြတဲ့ ပုဂ္ဂိုလ်များ အနက် ထူးခြားသူ နှစ်ဦး ရှိပါတယ်။ အဲဒါကတော့ အင်မတန် လက်နက် အင်အား ကြီးမားတဲ့ အိရန်နိုင်ငံ ရှားဘုရင်ကို စိတ်အင်အား တစ်ခုတည်းနှင့် တိုက်ပွဲ ဝင်ခဲ့တဲ့ အယာတိုလာ ခိုမိနီ ဆိုတဲ့ ဘာသာရေး ခေါင်းဆောင် တစ်ဦးနှင့် တရုတ်ပြည်ရဲ့ ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်တို့ ဖြစ်ကြပါတယ်။ တိန့်ရှောင်ဖိန်ဟာ သူ့ဘဝ တစ်လျှောက်မှာ အကြိမ်ကြိမ် ဒုက္ခဆင်းရဲ ကြုံခဲ့ရပါတယ်။ ဒါပေမယ့် သူဟာ အသင့်အတင့် နှလုံးသွင်းပြီး ဘဝကို အလိုက်သင့် နေခဲ့တယ်။

အသက် ငယ်စဉ်ကတည်းက တရုတ်ပြည် တော်လှန်ရေးထဲမှာ ပါဝင်ခဲ့တဲ့ တိန့်ရှောင်ဖိန်ဟာ ရိုးသားတယ်၊ ပွင့်လင်းတယ်ဆိုတဲ့ ဂုဏ်သတင်း ကြီးမားခဲ့တယ်။ ဒါပေမယ့် မဟောသဓ သုခမိန်လိုပဲ ရိုးသား ပွင့်လင်း တဲ့တိုးပြောတတ်တော့ ၁၉၆၆ ခုနှစ်မှာ တစ်ကြိမ် သူ အကျယ်ချုပ် ခံရတယ်။ အိမ်ထဲမှာ နေရတယ်။ အပြင်နှင့်

ဆက်သွယ်ခွင့် မရဘူး။ သူ့အသက် ၆၅ နှစ်အရွယ်မှာ ငယ်စဉ်က ပြင်သစ်ပြည်မှာ စက်ရုံ အလုပ်သမား ဘဝနှင့် နေခဲ့ရသလို သူနှင့် သူ့ဇနီးဟာ စက်ရုံ အလုပ်သမား ဘဝကို ပြန်ရောက် သွားပါတယ်။ မော်စီတုန်းက သူ့ကို ပစ်ထားတယ်။ သူတို့ သွားလေရာရာ လက်နက်ကိုင် စစ်သားတွေက နောက်က လိုက်နေကြတယ်။ ခွင့် ပြုချက် မရှိဘဲနှင့် စကားပြောခွင့်တောင် မရဘူး။ ၁၉၆၆ ခုနှစ်က စပြီး အဖမ်းခံနေ ခဲ့ရတဲ့ တိန့်ရှောင်ဖိန်ဟာ ၁၉၇၄ ခုနှစ်ကျတော့ ပီကင်းကို ပြန်ခေါ်ခံရတယ်။ ပီကင်း ရောက်တော့လည်း မသက်သာဘူး။ ယဉ်ကျေးမှု တော်လှန်ရေး ဆိုတာနှင့် ရင်ဆိုင်ရပြန်တယ်။ ၁၉၇၆ ခုနှစ်မှာ ချူအင်လိုင်း ကွယ်လွန်တဲ့အခါ လေးယောက် ဂိုဏ်းက သူ့ကို အာဏာအမြင့်ဘုံက ဆွဲချပြန်တယ်။ ဒီလိုနှင့် နစ်တုံပေါ်တုံ ဖြစ်ခဲ့ ရတဲ့ တိန့်ရှောင်ဖိန်ဟာ မော်စီတုန်း ကွယ်လွန်ပြီးနောက် အတန်ကြာမှ အထွတ် အထိပ်ကို ရောက်တယ်။ ခုတော့ တိန့်ရှောင်ဖိန်ဟာ ခေတ်နောက်ကျနေတဲ့ တရုတ် ပြည်ကြီးကို ခေတ်မီတိုးတက်တဲ့ နိုင်ငံဖြစ်အောင် ဆောင်ရွက်နေသူ ဖြစ်လာပါတယ်။ သူ့ဘဝနှင့် ပတ်သက်ပြီး တိန့်ရှောင်ဖိန်ပြောတဲ့ စကားတစ်ခုကို ကြည့်ပါ။ သူက ဘာပြောသလဲ ဆိုတော့ 'ကျုပ်အလုပ်ကတော့ အသက်ရှည်အောင် နေတတ်ဖို့ပဲ' တဲ့။ ဒါဟာ သူ့အတွက် မဟုတ်ဘူး၊ တရုတ်ပြည်ကြီး အတွက်ပါတဲ့။*

အမေရိကန် သမ္မတဟောင်း နစ်ဆင် တရုတ်ပြည်ကို အလည်လာတုန်း ကလည်း သူက လူဟာ အသက် ရှည်အောင် နေဖို့ လိုတဲ့ အကြောင်း၊ အလုပ်ကို အလွန်အကျွံ မလုပ်ဖို့၊ ဝန်နှင့်အား တန်ရုံလုပ်ဖို့နှင့် ဘဝကို အကောင်းမြင်တတ်ဖို့၊ အသင့်အတင့် နှလုံးသွင်းပြီး စိတ်မနာတတ်ဖို့ လိုတဲ့ အကြောင်းတွေကို ပြောခဲ့တာ ကိုလည်း သတင်းစာတွေမှာ ဖတ်ခဲ့ရပါတယ်။ သူ့အသက် သူ့အရွယ်နှင့် သူ အခု လုပ်ဆောင်နေရတဲ့ တာဝန်နှင့်ဆို မမျှဘူးလို့တောင် ထင်ရပါတယ်။ ဒါပေမယ့် လူတွေက သူဟာ ရေထဲက ငါးတစ်ကောင်လိုပဲ ရှင်သန်ဖျတ်လတ် နေပါတယ်တဲ့။

ဒါက သာဓကကို ပြတာပါ။ နေတတ်ရင် အသက် ရှည်တယ် ဆိုတာ ထင်ရှားပါတယ်။ အထူးသဖြင့်ကတော့ နကုလပိတာ သူကြွယ်ကို မြတ်စွာဘုရား ဟောကြားခဲ့သလို နာကျင်တဲ့ ကိုယ် ရှိသော်လည်း နာကျင်တဲ့ စိတ် မရှိအောင် နေတတ်ရင် အသက် ရှည်မှာပါပဲ။

❑

---

* *TIME, September 30, 1985*

နိဂုံး

ကဏ္ဍ [ဆယ့်တစ်]

## ပုထုဇဉ်တို့ တက်ရမည့် ပထမ ရွှေတောင်

- ခန္ဓာဉာဏ်ရောက် သောကပျောက်သူ ပဋာစာရီ
- တရား သိဖို့ထက် တရား ရှိဖို့ခက်တယ်
- ငွေတစ်မတ်နှင့် ငါးကြင်းဆီပြန်ဟင်း မစားချင်ပါနှင့်
- နာမရူပ ပရိစ္ဆေဒ ဉာဏ်နှင့် ရုပ်နာမ်စမွ သဘာဝ
- ရုပ် ဖြစ်စဉ် ဗုဒ္ဓဝါဒ အမြင်
- ပေါဋ္ဋိလထုံး နှလုံးမူပါ။

ဘယ်လောက်ပဲ ပုထုဇဉ်ဟာ လောကီ အမြင့်တန်းကို ရောက်ရောက် သူ့အဖြစ်ဟာ မြတ်သော အဖြစ် မဟုတ်သေးဘူး ဆိုတာ သိသင့်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူဟာ လောကီ အောင်မြင်မှုတွေ အပေါ်မှာ ပြုံးရွှင် ရယ်မော နေခဲ့သလို လောကီ ဆုံးရှုံးမှုတွေနှင့် ရင်ဆိုင်ရတဲ့ အခါ တုန်လှုပ်ခြင်း များစွာနှင့် ပူဆွေး ငိုကြွေးတတ်လို့ပဲ ဖြစ်ပါတယ်။ အချစ်ဆိုတဲ့ တွယ်ငြိတဲ့ သံယောဇဉ် ရမ္မက် တဏှာ ရာဂတွေကြောင့် အနမတဂ္ဂ သံသရာမှာ ပုထုဇဉ်တို့ ငိုကြွေးခဲ့ရတဲ့ မျက်ရည်ဟာ သမုဒ္ဒရာ လေးစင်းက ရေထက်တောင်မှ ပိုပြီး များသေးတယ်လို့ မြတ်စွာဘုရားက ပဋာစာရီ သူဌေးသမီးကို ဆုံးမစဉ်က ဟောကြားတော် မူဖူးပါတယ်။

ဗုဒ္ဓဝင် စာတ်တော်များမှာ လာတဲ့ ပဋာစာရီ ထေရီမ ဝတ္ထုကို အများ အားဖြင့် ကြားဖူးကြမှာပါ။ ဒီပဋာစာရီ ဝတ္ထုဟာ မြတ်စွာဘုရားရှင် လက်ထက် တော်မှာ ထင်ရှား ဖြစ်ခဲ့တာပါ။ ရုပ်နာမ်ဓမ္မတို့ရဲ့ သဘာဝကို ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်တဲ့ ဉာဏ်မျက်စိ မရှိတဲ့ အတွက် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်ခွာခြင်းငှာ မတတ်သာကြသေးတဲ့ အန္ဓပုထုဇဉ်တို့ရဲ့ စရိုက်ကို ဒီ ပဋာစာရီ ထေရီမ ဝတ္ထုမှာ ထင်ရှားပြပါတယ်။

ဘယ်လို ပြသလဲ ဆိုတာ သိရအောင် ပဋာစာရီ သူဌေး သမီးရဲ့ အဖြစ် သနစ်ကို ဖွေလှစ် စူးစမ်း ကြည့်ကြပါစို့။

ပဋာစာရီဟာ သာဝတ္ထိပြည်က အလွန် အဆင်းလှတဲ့ သူဌေးသမီး ရှမငြီးမို့ မိဘများက သူ့ကို ဘုံခုနစ်ဆင့်မှာ တင်ပြီး စောင့်ရှောက် မွေးမြူခဲ့ကြပါတယ်။ ဒါပေမယ့် ဘုံခုနစ်ဆင့် အမြင့်ပေါ်မှာ နေခဲ့ရတဲ့ ပဋာစာရီဟာ အမြတ်တရားကို မမြင်ခဲ့ရှာပါဘူး။ ဒါကြောင့် ပုထုဇဉ် မျက်ကန်းသဖွယ် ကြီးကျယ်တဲ့ အမှားတွေကို ဆက်တိုက် ပြုခဲ့ပါတယ်။ ဘုံခုနစ်ဆင့်မှာ နေစဉ် သူ့ကို အလုပ်အကျွေး ပြုတဲ့ ကျွန်ယောကျ်ား တစ်ယောက်နှင့် မိုက်မှား လွန်ကျူးတယ်။ ဒီအဖြစ်ကို မိဘတွေ သိမှာစိုးလို့ မကြာခင်မှာပဲ မိဘများ မသိအောင် ဒီကျွန်ယေ်နှင့် ထွက်ပြေးကြတယ်။ အတိတ်ဘဝ ကက ဘယ်လောက်ပဲ ကောင်းကျိုး ပေးခဲ့သော်လည်း ပဋာစာရီရဲ့ ပစ္စုပ္ပန်ကံ နုံချာမှုကြောင့် ဘုံခုနစ်ဆင့်စံ သူဌေးသမီးဟာ ချက်ချင်း ဘုံလျှောပြီး ပြာပုံပေါ်ကို ရောက်သွားရတဲ့ အဖြစ်ကို ရှေ့တောင်တက်သမားတိုင်း ဆင်ခြင်စေချင်ပါတယ်။

---

* ဓမ္မပဒ၊ သဟဿဝဂ်၊ ပဋာစာရီ ထေရီမ ဝတ္ထု

ဒီလို ကျွန်ကို လင်လုပ်ပြီး ပဋာစာရီဟာ လင်နှင့်အတူ ရွာတစ်ရွာမှာ ဆင်းဆင်းရဲရဲ လုပ်ကိုင်စားသောက် နေရရှာတယ်။ နောက် ကိုယ်ဝန် လစေ့လာတဲ့ အခါ သူ့စိတ်မှာ မိဘများထံ ပြန်ပြီး မီးဖွားချင်တဲ့ ဆန္ဒ ပြင်းထန် လာပြန်တယ်။ ဒီအကြောင်း လင်ကိုပြောတော့ လင်က သဘောမတူဘူး။ ဒီအခါမှာ ပဋာစာရီဟာ သူလုပ်ချင်တာကို ဇွတ်လုပ်တယ်။ လင်မရှိတဲ့ အချိန်မှာ အိမ်နီးနားချင်းတွေကို ပြောပြီး သူ့သဘောနှင့် သူ့မိဘများ ရှိရာကို ထွက်သွားတယ်။ လင် ပြန်လာတော့ အကြောင်းစုံ ကြားသိရပြီး သူ့နောက်က လိုက်ပါတယ်။ လမ်းမှာ တွေ့တော့ ရှေ့ ဆက်မသွားဖို့ လင်က အတန်တန် တားတယ်။ သူကတော့ လက်မခံဘူး။ ဒီအချိန် မှာပဲ ကမ္မဇလေက လှုပ်လာတယ်။ ဒါနှင့် နီးရာ ချုံထဲကို ဝင်ပြီး သားဖွားခြင်း ကိစ္စ ပြီးစီးလိုက်ရတယ်။

နောက်တစ်ကြိမ် ကိုယ်ဝန် ရင့်မှာ လာပြန်တော့လည်း ပဋာစာရီဟာ မိဘ တွေဆီကို သွားချင်တဲ့စိတ် အပြင်းအထန် ဖြစ်ပေါ်လာပြန်တယ်။ ရှေးနည်းအတူ သားငယ်ကိုချီပြီး ထွက်သွားပြန်ပါတယ်။ လင်က နောက်က လိုက်သွားပြီး တား လည်း မရပါဘူး။ ဒီလို တားမရလို့ ရှေ့ဆက်သွားကြတော့ မိုးသက်လေပြင်း ကျလာတယ်။ ဒီအခါမှာပဲ ပဋာစာရီရဲ့ ကိုယ်မှာ ကမ္မဇလေ လှုပ်လာပြန်တယ်။ ဒီတော့မှ လင်ကို မိုးလုံရာကို ပြုပါလို့ ဆိုတယ်။ ဒီ ကွင်းခေါင်ခေါင်ကြီးထဲမှာ ဘယ်မှာ မိုးလုံရာ ရှိပါ့မလဲ။ လင်လည်း အနီးအနားကို ကြည့်လိုက်တော့ တောင်ပို့ ကလေး တစ်ခုပေါ်က ချုံ တစ်ချုံကို မြင်တာနှင့် သူ့လက်ထဲ ပါလာတဲ့ ပဲခွပ်နှင့် ခုတ်ထွင်ပါတယ်။ အဆိပ် ပြင်းထန်တဲ့ မြွေတစ်ကောင်ဟာ တောင်ပို့ထဲကထွက်ပြီး သူ့လင်ကို ကိုက်လိုက်တာ ပွဲချင်းပြီး အသက် ကုန်ရရှာတယ်။ ပဋာစာရီ ခမျာမှာ တော့ ဆင်းရဲကြီးစွာ ခံစားရရင်းက လင်ကို မျှော်နေတုန်းမှာပဲ သားကို ဖွားပါ တယ်။ သားနှစ်ယောက်ဟာ ပြင်းထန်လှတဲ့ လေဒဏ် မိုးဒဏ်ကို မခံနိုင်ဖြစ်ပြီး ငိုကြွေး ရှာကြတယ်။ ပဋာစရီဟာ သားနှစ်ယောက်ကို ရင်ခွင်ကြားမှာ ထားပြီး ဒူး နှစ်ဖက်ကို မြေမှာ ထောက်ပြီး တစ်ညလုံး ဒုက္ခကြီးစွာ ခံရရှာတာပေါ့။

နောက်နေ့ အရုဏ်တက်ချိန် ရောက်မှ သားငယ်ကို ရင်ခွင်မှာ ချီ သား အကြီးကို လက်မှာ ဆွဲပြီး လင်ကို လိုက်ရှာရတယ်။ တောင်ပို့ပေါ်မှာ သေနေတဲ့ လင်ကို မြင်လိုက်ရတော့ 'အမယ်လေး ငါ့လင် ငါ့ကြောင့် သေရ ပါပေါ့လား' လို့ မြည်တမ်း ငိုကြွေးပြီး ခရီး ဆက်ခဲ့ရပါတယ်။ ညက တစ်ညလုံး မိုးရွာထားတဲ့ အတွက် အစိရဝတီ မြစ်ရေတွေလည်း လျှံနေပါတယ်။ ပဋာစာရီဟာ ဒီမြစ်ကို သားနှစ်ယောက်လုံးကို ချီပြီး ဖြတ်မကူးဝံ့ဘူး။ ပထမ သားငယ်ကို ချီပြီး တစ်ဖက် ကမ်းကို ကူးတယ်။ ဟိုဘက်ကို ရောက်တော့ သစ်ခက်ချိုး ခင်းပြီး သားငယ်ကို သိပ်ထားခဲ့တယ်။ ပြီးမှ ဒီဘက်ကမ်းကို ပြန်ကူးလာတယ်။ ပြန်ကူးနေစဉ် မြစ်လယ် ရောက်တော့ စိတ်မချလို့ သူ့ခမျာ သားငယ်ရှိရာ ဘက်ကို ပြန်ကြည့် ပြန်ကြည့်

နှင့်ပေါ့။ ဒီအချိန်မှာ စွန်ကြီး တစ်ကောင်ဟာ မွေးကင်းစ ကလေးကို မြင်တဲ့အခါ သားတစ်ထင်ပြီး ထိုးသုတ်ဖို့ ကောင်းကင်က ဆင်းလာပါတယ်။ ပဋာစာရီလည်း မြစ်လယ်ကနေ လက်နှစ်ဖက်ကို မြှောက်ပြီး အားကုန် အော်ဟစ်တယ်။ ဒါပေမယ့် ဝေးတော့ စွန်က မကြားဘူး။ သူ အော်တာကို တစ်ဖက်ကမ်းမှာ ထားခဲ့တဲ့ သား အကြီးက ကြားတယ်။ သူ့မိခင် သူ့ကို ခေါ်တယ်ထင်ပြီး ကလေးက မိခင်ရှိရာ ရေထဲကို ဆင်းလိုက်လာတယ်။ ရေစီးသန်တဲ့ အစိရဝတီ မြစ်ထဲမှာ ဒီကလေး မျောပါ သွားပါတော့တယ်။

ပဋာစာရီ ဘဝမှာ လင်လည်း သေပြီ၊ သား နှစ်ယောက်စလုံးလည်း ဆုံးပြီ ဖြစ်လို့ ယူကျုံးမရ အပူလုံးကြွပြီး ဆောက်တည်ရာမဲ့ တစာစာငိုကြွေး သွားနေစဉ်မှာ ရှေ့က လာတဲ့ ယောကျာ်း တစ်ယောက်ကို တွေ့တော့ သာဝတ္ထိပြည်မှာ ရှိတဲ့ သူ့ မိဘ များ အကြောင်းကို မေးတယ်။ ဒီယောကျာ်းက 'ညကရွာတဲ့ မိုးသက်လေပြင်း ကြီးကြောင့် သူဌေးလင်မယားနှင့် သားသုံးယောက်စလုံး အိမ်ပြိုပြီး ဆုံးရှာပြီ၊ ထင်းပုံ တစ်ခုတည်းပေါ်မှာ မီးသဂြိုဟ် လိုက်ရပြီ' လို့ ပြောတဲ့ သတင်းစကားကို ကြားရပြန်တယ်။ ဒီတင် ပဋာစာရီဟာ လုံးလုံး ဆောက် တည် ရာ မဲ့ ဖြစ်ပြီး သွက်သွက်ခါ ရူးသွားပါတော့တယ်။ သူ့ကိုယ်က ထဘီ ကျွတ်ကျသွားတာကိုတောင် သူ မသိတော့ပါဘူး။ ဝတ်လစ်စလစ်နှင့်ပဲ ငိုကြွေးရင်း ချာချာလည် သွားနေပါ တော့တယ်။ လူတွေကတော့ သူ့ကို အရူးမကြီး အရူးမကြီးလို့ ခေါ်ပြီး ဝိုင်းဝန်း ပုတ်ခတ်ကြတာပေါ့။

ဒီလို ဆောက်တည်ရာမဲ့ ဝတ်လစ်စလစ် အရူးမဘဝနှင့် ယောင်လည်လည် သွားနေတုန်း မြတ်စွာဘုရား တရားပွဲ ကျင်းပနေရာ ဇေတဝန် ကျောင်းတော် ရှေ့ကို ရောက်သွားပါတယ်။ ပရိသတ်က ဝတ်လစ်စလစ်နှင့် လူကြားထဲ ဝင်လာ တဲ့ သူ့ကိုမြင်တော့ အရူးမ မလာစေနှင့်လို့ ဆိုကြတယ်။ ဒီအခါ မြတ်စွာဘုရားက ဒီအရူးမကို မတားကြနှင့်လို့ မိန့်ကြားပါတယ်။ ပဋာစာရီလည်း ဝင်လာပါတယ်။ မနီးမဝေး ရောက်တော့ ဘုရားရှင်က 'နှမ သတိကို ရစေတော့' လို့ မိန့်တော် မူလိုက်ပါတယ်။ ပဋာစာရီဟာ ဘုရားရဲ့ အာနုဘော်ကြောင့် ချက်ချင်း သတိရ သွားပါတယ်။ သူ့မှာ ထဘီ ပါမလာတဲ့ အဖြစ်ကို သိပြီး ရှက်စိတ်လည်း ဝင်လာ တယ်။ ရှက်ပြီး ကျုံ့ကျုံ့ ထိုင်လိုက်တဲ့အခါ အနီးက ယောကျာ်း တစ်ဦးက အပေါ်ရုံ အဝတ်ကို ပစ်ပေးလိုက်တယ်။ ပဋာစာရီလည်း အဝတ်ကို ဝတ်ပြီး ဘုရားထံ ချဉ်းကပ် လျှောက်ထားပါတယ်။ 'တပည့်တော်မရဲ့ မှီခိုရာ ဖြစ်တော်မူပါ ဘုရား၊ တပည့်တော်မမှာ သားတစ်ယောက်ကို စွန်ချီသွားပါပြီ၊ ကျန်သားတစ်ယောက်က ရေမှာ မျောသွားပါပြီ၊ လင်လည်း သေဆုံးသွားပါပြီ၊ မိဘနှင့် မောင် သုံးဦးစလုံး လည်း ထင်းပုံ တစ်ခုတည်းပေါ်မှာ မီးသဂြိုဟ် လိုက်ရပါပြီ ဘုရား' လို့ လျှောက် ထားတယ်။

မှိန့် အားထားနိုင်သူထက် သင် ချစ်သမီး ရောက်ပြီ၊ သင့်သား သင့်လင် သင့်မိဘ သင့်မောင်များလိုပဲ သံသရာ တစ်လျှောက်လုံးမှာ ချစ်သူ ခင်သူတွေ သေဆုံးတုန်းက သင် ငိုကြွေးခဲ့ရတဲ့ မျက်ရည်တွေဟာ သမုဒ္ဒရာ လေးစင်းမှာ ရှိတဲ့ ရေတွေထက် တောင် များပါသေးတယ်' လို့ မိန့်တော် မူလိုက်ပါတယ်။

မြတ်စွာဘုရားရဲ့ တရား စကားကို ကြားလိုက်တာနှင့် တစ် ပြိုင် နက် ပဋာစာရီရဲ့ ရင်ထဲမှာ စိုးရိမ်ခြင်း သောကတွေ လျော့နည်း ကျဆင်းသွားတယ်။ ဒီလို သူ့ရင်ထဲက အပူမီးတွေ လျော့ကျသွားတဲ့ အချိန်မှာ မြတ်စွာဘုရားက ထပ်ပြီး ဟောတော်မူတယ်။

'တမလွန် ဘဝကို ရောက်သွားတဲ့ လူတွေကို စောင့် ရှောက် ဖို့ တော့ ဘယ်သူမှ မတတ်နိုင်ဘူး၊ ပညာရှိတဲ့ လူဟာ သီလကို စောင့်ရှောက်ပြီး နိဗ္ဗာန် ရောက်ကြောင်း လမ်းခရီးကိုသာ သုတ်သင်သင့်တယ်' ဆိုပြီး ဟောတော်မူပါတယ်။ မြတ်စွာဘုရားရဲ့ တရား အဆုံးမှာ ပဋာစာရီဟာ သောက ကင်း ပျောက် ပြီး သောတာပန် အဖြစ်ကို ရောက်သွားပါတော့တယ်။

နောက် ပဋာစာရီဟာ ဘုရားရှင်ထံပါးမှာ ရဟန်းပြုခွင့်ကို တောင်းပါတယ်။ ရဟန်းပြုပြီး တစ်နေ့မှာ ပဋာစာရီဟာ ရေအိုးနှင့် ရေကိုယူပြီး ခြေဆေးနေ စဉ် ပထမ လောင်းလိုက်တဲ့ ရေဟာ နည်းနည်းသာ စီးသွားပြီး ပြတ်သွားတယ်။ ဒုတိယ အကြိမ် လောင်းတဲ့အခါ ရေဟာ နည်းနည်း ပိုဝေးတဲ့ အရပ်ကို ရောက်သွားတယ်။ တတိယ အကြိမ်မှာတော့ ဒီထက် ပိုပြီး ဝေးတဲ့ နေရာအထိ စီးသွားတာကို မြင် လိုက်တယ် ဆိုရင်ပဲ ရေကို အာရုံပြုပြီး သူဟာ အရွယ်သုံးပါးကို ပိုင်းခြားထင်ထင် ဆင်ခြင် နေပါတော့တယ်။ မြတ်စွာဘုရားဟာ ဒီအချိန်မှာ ဂန္ဓကုဋိ တိုက်တော် တွင်းမှာ နေလျက်ပင် ရောင်ခြည်တော်ကို ပျံ့နှံ့စေတော်မူပြီး ရှေ့မှာ ကိုယ်တော် ထင်ရှားပြလျက် မိန့်တော်မူတယ်။ 'ချစ်သမီး ပဋာစာရီ၊ သင် ယခု ဆင်ခြင်တဲ့ အတိုင်း မှန်တယ်၊ ခန္ဓာငါးပါးတို့ရဲ့ အဖြစ်အပျက်ကို မမြင်ဘဲနှင့် အနှစ် တစ်ရာ အသက်ရှင်ပြီး နေရတာထက် အဲဒီ ခန္ဓာငါးပါးတို့ရဲ့ အဖြစ်အပျက်ကို သိမြင်တဲ့သူ အနေနှင့် တစ်ရက်တည်း အသက်ရှင်ပြီး နေရခြင်းက ပိုမြတ်တယ်' တဲ့။

ပဋာစာရီဟာ ဒီတရားတော်ကို ကြားပြီး မကြာခင်မှာ ရဟန္တာ ဖြစ်သွား ပါတယ်။

တကယ်ဆိုတော့ ပဋာစာရီ ဆိုတဲ့ အလွန် အဆင်းလှတဲ့ မိန်းကလေးရဲ့ သူဌေးသမီး ဘုံမြင့်စံ ဘဝဟာ မြတ်သော ဘဝ မဟုတ်ပါဘူး။ ဒါကြောင့်လည်း သူဟာ မိုက်တွင်းကြီး နက်ခဲ့တာပေါ့။ ဒီလောက် ပြင်းထန်လှတဲ့ ဆင်းရဲဒုက္ခ ပရိဒေဝ မီးလျှံတွေရဲ့ ဒဏ်ချက်တွေကို ပဋာစာရီ ဘဝမှာ မရှုမလှ ခံစားခဲ့ရတာဟာ ဘယ်သူ လုပ်တာလဲ၊ စဉ်းစား နေစရာတောင် မလိုပါ။ တကယ်တော့ သတ္တဝါတွေ

ဒုက္ခဆင်းရဲ ဖြစ်နေကြတာတွေဟာ ဘယ်သူမပြု မိမိမှုပါပဲ။ ကိုယ့်ဒုက္ခ ကိုယ်ရှာတယ်ဆိုတဲ့ စကား အတိုင်းသာ ဖြစ်နေကြတာပါ။

အန္ဓပုထုဇဉ်ဟာ ရုပ်တရား နာမ်တရားတွေရဲ့ ဖြစ်ပျက်နေမှု အမှန်ကိုလည်း မြင်နိုင်တဲ့ ဉာဏ်မျက်စိ မရှိဘူး။ ဒီတော့ မြင်မြင်သမျှကို အရှိတရားတွေလို့ မှတ်ပြီး စွဲလမ်းကြတယ်။ သံယောဇဉ်တွေ တွယ်နေကြတယ်။ ကိုယ် ခင်တွယ် တပ်မက်နေတာတွေဟာ ကိုယ့်ရှေ့တင် ရုတ်တရက် ပျက်စီး ဆုံးရှုံးပြီး ကွယ်ပျောက်သွားတာလည်း ကြုံရရော ပုထုဇဉ်လည်း ရင်ကွဲနာကျရော၊ အပူလုံးကြွ ယူကျုံးမရ ဖြစ်ပြီး ငိုကြွေး ပူဆွေးကြပါရော။ ဒါဘာကြောင့် ဖြစ်ရသလဲ ဆိုတော့ ရုပ်နာမ် နှစ်ပါး ခန္ဓာငါးပါးရဲ့ အမှန် ဖြစ်တတ်တဲ့ သဘောတွေကို အမှန်အတိုင်း မမြင်လို့ပေါ့။ တလွဲထင် တလွဲမြင် နေလို့ပေါ့။ ခန္ဓာငါးပါး အစုအဝေးတွေကို ငါလို့ စွဲတယ်၊ ငါ့လင်လို့ စွဲတယ်၊ ငါ့သားလို့ စွဲတယ်၊ ငါ့မိဘလို့ စွဲတယ်၊ အဲဒီလို ထင်ရှားရှိတဲ့ ခန္ဓာငါးပါး တရား (သက္ကာယ) ကို တလွဲအမှား မြင်နေတာ၊ ငါ ငါ့လင်လို့ မှတ်ပြီး စွဲလမ်း ယုံမှား နေတာက ဒိဋ္ဌိပဲ။ ဒီလို ထင်ရှားရှိတဲ့ တရားတွေကို လွဲမှားစွာ ထင်မြင်မှု (သက္ကာယ ဒိဋ္ဌိ) ကြောင့် သတ္တဝါတွေဟာ အနမတဂ္ဂ သံသရာ ခရီးမှာ အပူမီးတွေ လောင်ကျွမ်းပြီး ငိုကြီးချက်မ ဖြစ်ခဲ့ရတယ် ဆိုတာကို ပဋာစာရီ အမြင်ပေါက်ခဲ့သလို ရွှေတောင်တက်သမားများဟာ အမြင်ပေါက်ထား သင့်ပါတယ်။

ဒါကြောင့် အန္ဓပုထုဇဉ် အဖြစ်နှင့် အသက်တစ်ရာ ရှင်နေရသော်လည်း အပိုပဲ၊ အချည်းနှီးပါပဲ။ အဲဒီဘဝဟာ မိုက်တွင်းနက်နေဆဲ ဘဝသာ ဖြစ်သေးလို့ မမြတ်ပါဘူး။ ဒါကြောင့် ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက မိုက်တွင်းနက်တဲ့ အန္ဓပုထုဇဉ် ဘဝကို အထင်ကြီးပြီး အချည်းနှီး အချိန်ဖြုန်း မနေကြဖို့ ဆုံးမထားတဲ့ လင်္ကာတစ်ပုဒ်ကို ဒီမှာ ဖော်ပြချင်ပါတယ်။ ဆရာတော်ကြီး ရေးမှာတော်မူခဲ့တဲ့ လင်္ကာက ဒီလိုပါ။

ဆိုပိမ့်မညာ　စေ့စေ့နာတော့
ဂဂ်ါသဲမျှ　ပွင့်ကုန်ကြသား
ဘုရားသာသနာ　ခေတ်အခါတွင်
လူ့ရွာနတ်နိုက်　နင်ကြုံကြိုက်လည်း
အမိုက်မခြွေ　အလိုက်နေ၍
အခြေမကြီး　အချည်းနှီးလျှင်
ယီးတီးယောင်တောင်　နတိုင်အောင်တည့်
သန်းခေါင်လကွယ်　တောအုပ်လယ်၌
ရှစ်နယ်ပတ်ကုန်း　အပြည့်ဖုံးသည့်
မိုးလုံးတိမ်တိုက်　လျှပ်မကြိုက်သား

အမိုက်အပြား　　အင်လေးပါးထက်
နင်ကားရာထောင်　　မကမှောင်၏။
လူ့ဘောင်လူ့ရွာ　　သာသနာ၌
ကြမ္မာတော်၍　　ယခုတွေ့လည်း
အလေ့မလွှဲ　　အများနဲ့လျှင်
မိုက်မြဲနှင်နှင်　　မိုက်စရှင်၍
မျက်မြင်လောက　　ဤဘဝကား
ဒုက္ခစင်းစင်း　　ချမ်းသာကင်း၏။
သေမင်းအစာ　　နင့်ခန္ဓာကို
တဏှာဘီလူး　　အမှောင့်ပူး၍
အရူးပြင်ပြင်　　နင့်ကို ထင်၏။
နင်နှင့် မဆိုင်　　နင်ပိုင် မဟုတ်
နင့်ရုပ် နင့်နာမ်　　နင့် သန္တာန်ကို
နင့်ဉာဏ်မစူး　　အပေါ်ဖြူး၍
မူးမူးမေ့မေ့　　အများလေ့ဖြင့်
နေ့ရက်အပုံ　　လွန်ခဲ့တုံပြီ
အာရုံဝတ္ထု　　မီးစာစုကို
မှုမှုရရ　　နင်အားကျလည်း
ဒမြသေမင်း　　သူ့တပ်နင်းက
မငြင်းဆန်သာ　　နင့်ခန္ဓာသည်
ပြာပုံအပြီး　　ဖြစ်လုနီးပြီ
ရိုးတိုးရားတား　　သေ၍သွားလည်း
တရားမကြွယ်　　အထုပ်ငယ်လျက်
အပါယ်စခန်း　　သွားမြဲလမ်း၌
တပန်းဟိုက်ဟိုက်　　တရှိုက်ငင်ငင်
တငြင်ငြိုငြို　　ဆင်းရဲပိုလျက်
ထိုထိုဘဝ　　အနန္တလျှင်
အစအဆုံး　　အများထုံးတည့်
အနှုန်းမပျက်　　အောက်နရက်ဝယ်
တသက်နွယ်နွယ်　　အမြစ်တွယ်သို့
အပါယ်ထိုထို　　ဥဒဟိုသည်
နင်လိုလူမိုက်　　သွားလမ်းတည်း တဲ့။

ဒါကြောင့် ရွှေတောင်တက်သမား ဥတ္တမ ပုရိသများဟာ မိုက် မှောင် ယောင်ချာနေတဲ့ မျက်ကန်း အန္ဓဗာလ ပုထုဇဉ်ဘဝကို ဖာတ်သိမ်းပြီး ရုပ်နာမ်ဓမ္မ ခန္ဓာ အာယတနတွေကို ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်တဲ့ ကလျာဏနွယ်ဝင် အရိယာ စခန်းဝင် သူတောင်စင် စူဠ သောတာပန်တွေ ဖြစ်ဖို့ အံခဲကြိမှသာ အမြတ်လမ်းကို ရောက်ပြီလို့ ဆိုရပါလိမ့်မယ်။

## တရား သိဖို့ထက် တရား ရှိဖို့ ခက်တယ်

ဒီလိုဆိုရင် 'ကလျာဏ ပုထုဇဉ်' ဆိုတာ ဘယ်လို ပုဂ္ဂိုလ်များလဲ။

ဒီမေးခွန်းကို ဖြေသင့်ပါတယ်။ ကျမ်းဂန်များမှာ ကလျာဏ ပုထုဇဉ်ကို ဖော်ပြထားချက်တွေ အများအပြား ရှိပါတယ်။ အဲဒီအထဲက ဥတ္တမပုရိသ ဒီပနီမှာ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးကတော့

'သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ရှဲခွာရသော ဓာတုစက္ခု ပစ္စယစက္ခုနှင့် ဝိပဿနာ သမ္မာဒိဋ္ဌိ မျက်စိပေါက်မှသာလျှင် ကလျာဏပုထုဇဉ် အမှန် ခေါ် ထိုက် သည်။ သူသည် ယခုဘဝ၌ သော်လည်း လောကုတ္တရာ သမ္မာဒိဋ္ဌိ မျက်စိ ပေါက်ရောက် လတ္တံ့။ သာသနာတော် အတွင်း၌ ဤသို့သော သူသည်သာ အန္ဓပုထုဇဉ် အဖြစ်ကို လွန်၍ ကလျာဏပုထုဇဉ် အဖြစ်သို့ ရောက်သောသူ ဆိုလောက်သည်။ ဒါနသီလ ကောင်းကာမျှနှင့် ကလျာဏပုထုဇဉ် မဆိုလောက်သေး။ စာပေ ပရိယတ် တတ်ကာ မျှဖြင့် ကလျာဏ ပုထုဇဉ် မခေါ်လောက်သေး' * တဲ့။ လယ်တီ ဆရာတော်ရဲ့ ကလျာဏ ပုထုဇဉ်ရဲ့ အနက်ကို အဖြောင့် ဖွင့်ဆိုချက်ပါပဲ။ ပြီးတော့ လယ်တီ ဆရာတော် ဘုရားက 'ကလျာဏ ပုထုဇဉ်ကို ကျမ်းဂန်များ၌ စူဠ သောတာပန်လည်း ဆိုသည်' ** လို့လည်း အတိအကျ ဖော်ပြထားပါတယ်။

ဒီတော့ အန္ဓဗာလ ပုထုဇဉ်နှင့် ကလျာဏ ပုထုဇဉ်တို့ရဲ့ ကွာခြားချက်ဟာ ဘာလဲ။

ဒီအချက်ကိုလည်း ကွဲကွဲပြားပြား သိသင့်ပါတယ်။ အဖြေကတော့ လောကုတ္တရာ သမ္မာဒိဋ္ဌိ မျက်စိလို့ ခေါ်တဲ့ 'ဝိပဿနာ သမ္မာဒိဋ္ဌိ မျက်စိ ပေါက်ခြင်း၊ မပေါက်ခြင်း' ဟာ ခြားနားချက်ပါပဲ။ အန္ဓပုထုဇဉ်ဟာ ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိ မရှိတဲ့ သူကန်းပဲ။ ကလျာဏ ပုထုဇဉ်ကတော့ ဝိပဿနာ သမ္မာဒိဋ္ဌိ မျက်စိရှိတဲ့ အမြင်အလင်း ရှိသူ။ ဒီလောက် ကွာခြားပါတယ်။ မျက်မမြင် ဘဝနှင့် မျက်စိ အလင်း ရှိသူတွေဟာ လောကမှာ ဘယ်လောက် ဘဝ အခြေအနေတွေ

---

** ဥတ္တမပုရိသ ဒီပနီ၊ လယ်တီဆရာတော် ဘုရားကြီး၏ အမှာတော်*

*** ဥတ္တမပုရိသ ဒီပနီ၊ လယ်တီဆရာတော်၊ စာ ၁၃၅*

ကွာခြားတယ် ဆိုတာ တမင်တကာ အထူး ပြနေစရာတောင် လိုမယ် မထင်ပါ။ မြင်သာ သိသာတာမို့ အထူး မပြောတော့ပါ။

ဒီနေရာမှာ 'ဝိပဿနာ သမ္မာဒိဋ္ဌိ မျက်စိပေါက်ခြင်း' ဆိုတာ ဘာတွေကို သိမြင်တာကို ဆိုတာလဲ။ ဒီအချက်ကိုသာ ကွဲပြားသိဖို့ လိုပါလိမ့်မယ်။ ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိ ပေါက်သူဟာ ဘာတွေကို မြင်နိုင်သူတွေလဲ ဆိုတော့ ရုပ်နာမ် ခန္ဓတို့ရဲ့ ခန္ဓာငါးပါးကို သိမြင်သူတွေ ပါပဲ။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် တရားတွေကို သိမြင် နားလည်သူတွေပါပဲ။ တစ်နည်းဆိုတော့ ခန္ဓာအစဉ် အာယတနအစဉ် ဓာတ်အစဉ် အရိယာသစ္စာ နှင့် ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးနိယာမ အစဉ်တွေကို သိမြင်ပြီးသူဟာ ထင်ရှားရှိတဲ့ ခန္ဓာစု အပေါ်မှာ လွဲမှားစွဲမြင်မှုဆိုတဲ့ 'သက္ကာယဒိဋ္ဌိ' ကို ပယ်ရှင်းနိုင်သူ ဖြစ်ပါတယ်။ လူမှာ သက္ကာယဒိဋ္ဌိ ပြုတ်သွားတာနှင့် ချက်ချင်း တပ်မက်မှု ထောင်လွှားမှု စတဲ့ အကုသိုလ် တရားစုတွေလည်း ကင်းရှင်းသွားပါတယ်။

လယ်တီ ဆရာတော်ဘုရားရဲ့ မဂ္ဂင်ဒီပနီ မှာလည်း 'ဓာတ်အစုတို့၏ ဖြစ်ပျက်မှုကို အလင်းမြင်သော သမ္မာဒိဋ္ဌိဉာဏ် အမြင်သည် တစ်ကိုယ်လုံး အလင်းပေါက်၏၊ တစ်ကိုယ်လုံး၌ သက္ကာယဒိဋ္ဌိ ပထမဘုံကြီးသည် ကွယ်ပျောက်၏၊ အနမတဂ္ဂ သံသရာက အစဉ်အမြဲ တည်ထောင်၍ လာခဲ့သော သက္ကာယဒိဋ္ဌိ ပထမဘုံကြီးသည် ချုပ်ငြိမ်း၏၊ တစ်ကိုယ်လုံးသည် သမ္မာဒိဋ္ဌိ နိုင်ငံကြီး ဖြစ်၏၊ ဒုစရိုက်ဆယ်ပါး တရားတို့သည် အကြွင်းမဲ့ ချုပ်ငြိမ်း၏၊ သုစရိုက် ဆယ်ပါးတို့သည် အစဉ်အမြဲ တည်ကုန်၏၊ အပါယ် သံသရာကြီးသည် အကြွင်းမဲ့ ချုပ်ငြိမ်း၏၊ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ ဟူသော သုဂတိ သံသရာသည်သာ ကျန်၏၊ ဘုံစဉ်စံ အရိယာ အဖြစ်သို့ ရောက်၏'* လို့ ရှင်းလင်း ဖော်ပြထားပါတယ်။ သက္ကာယဒိဋ္ဌိ တစ်ခုပြုတ်ရင် အကျိုး ဘယ်လောက် ကြီးတယ် ဆိုတာ ဆရာတော်က အတိုဆုံး အရှင်းဆုံး ဖွင့်ပြထားတာပါ။ သောတာပန် ဖြစ်ရင် အပါယ်သံသရာ ကင်းရှင်းပြီ။

ဓာတ်အစုတို့ရဲ့ ဖြစ်မှု ပျက်မှုကို မြင်တဲ့ သမ္မာဒိဋ္ဌိဉာဏ် အမြင်ရရင် သက္ကာယဒိဋ္ဌိ ပြုတ်တယ်၊ သက္ကာယဒိဋ္ဌိ ပြုတ်တာနှင့် ဘုံစဉ်စံအရိယာ ဖြစ်ပြီဆိုတာကတော့ သဘောတရားအရ ရှင်းပါရဲ့။ ဒါပေမယ့် အဲဒီလို သမ္မာဒိဋ္ဌိ ဉာဏ်အလင်းကို ရအောင် ဘယ်လို လုပ်ရမှာလဲ ဆိုတဲ့ အမေး ကျန်ပါသေးတယ်၊ ဟုတ်ပါတယ်၊ ဒီအချက်ဟာ ကွဲပြားစွာ နားလည်သင့်တဲ့ အချက်ပါပဲ။

ရှေ့မှာ လယ်တီဆရာတော်က ဒါန်သီလ မြဲရုံ၊ စာပေကျမ်းဂန် တတ်ရုံနှင့် ကလျာဏ ပုထုဇဉ် မဖြစ်နိုင်ဘူး။ သမ္မာဒိဋ္ဌိ ဉာဏ်အမြင် မရနိုင်ဘူးလို့ ပြဆိုထားပြီးပါပြီ။ ဒီတော့ ကျမ်းဂန်စာပေထဲမှာ ဖော်ပြထားတဲ့ တရားတွေကို ကျမ်းလျှောက်ပြီး

---

* မဂ္ဂင် ဒီပနီ၊ လယ်တီဆရာတော်၊ (သီရိယတနာ)၊ ဒုကြိမ်၊ စာ ၈၆

လိုက်လံ လေ့လာမယ် ဆိုရင်တော့ တစ်ဘဝ ကုန်ဆုံးသွားလည်း လေ့လာရေး ခရီး ကတော့ ဆုံးဦးမှာ မဟုတ်ပါဘူး။

ပြီးတော့ တရားသိခြင်း (သိရုံမျှ) ကတော့ အားထုတ်မယ်ဆို သိပ်လည်း မခက်ပါဘူး။ ဒါပေမယ့် သမ္မာဒိဋ္ဌိ ဉာဏ်အလင်း ပေါက်တယ်ဆိုတာ ကျမ်းဂန်ထဲက တရားတွေကို သိရုံသိတာကို ပြောတာ မဟုတ်ဘူး။ မိမိကိုယ်မှာ တရား ရှိတာကို ပြောတာ။ မျက်စိ မမြင်သူဟာ မျက်စိအမြင် အလင်း ရသွားသလို ဖြစ်တာကို ပြောတာ။ မျက်မြင်ခြင်းရဲ့ သဘောတွေကို သူကန်းတစ်ယောက်ကို လူတစ်ယောက် ပြောဟောပြလို့ သူကန်းရဲ့ စိတ်ထဲမယ် မြင်ခြင်းရဲ့ သဘောတွေကို သိချင်သိမယ်၊ ဒါပေမယ့် သူကိုယ်တိုင် မြင်တာလိုတော့ မဟုတ်ပါဘူး။ သူ့မှာ မျက်စိကို ခွဲစိတ်ကုသပြီး မြင်နိုင်တဲ့ မျက်စိ တပ်ပေးလို့ ရသွားမှသာ သူကိုယ်တိုင် မြင်သွားပါလိမ့်မယ်။ ဒါကြောင့် တရား သိဖို့ထက် တရား ရှိဖို့ ခက်တယ်လို့ ပြောရတာပါ။

ဒီတော့ တရားကို သိအောင် တမင်တကာ ကျမ်းဂန်တွေ လျှောက်ဖတ်နေရင် အချိန်တွေ အချည်းနှီး ကုန်သွားနိုင်ပါတယ်။ သာသနာတော်မှာ တရား သိအောင် လုပ်တဲ့ နည်းတွေကို အပြည့်အစုံ ဟောထားပြီး ရှိပါတယ်။ ဒါကြောင့် တရား ရအောင်သာ အားထုတ်ဖို့ကို စိတ်ဝင်စားသင့်ပါတယ်။

ဓမ္မပဒမှာလည်း ဤရွေ့ဤမျှ တရားများစွာ ဟောပြောတတ်သော သူသည် တရားဆောင်သူ ဓမ္မဓရ မဖြစ်၊ မမည်။ အနည်းငယ်မျှကိုသာ ကြားနာရပြီး သစ္စာလေးပါး တရားကို မဂ်ဉာဏ်ဖြင့် ထိုးထွင်း သိမြင်၍ သစ္စာလေးပါး တရားကို မမေ့မလျော့သော သူသည်သာ စင်စစ် တရားဆောင်သူ ဓမ္မဓရ မည်ပေ၏။ (၂၅၉) လို့ ဆိုပါတယ်။

မြတ်စွာဘုရားဟာ ဇေတဝန်ကျောင်းမှာ သီတင်းသုံး နေစဉ်အခါက တောအုပ်တစ်ခုမှာ 'ဧကုဒါန' ခေါ်တဲ့ ရဟန်းတစ်ပါးဟာ ဥဒါန်းဂါထာ တစ်ပုဒ်တည်းကိုသာ ကျက်ပြီး အဲဒီ ဂါထာ တစ်ပုဒ်ကိုပဲ ရွတ်ဆိုလေ့ ရှိပါတယ်။ အဲဒီ မထေရ်ဟာ ဥပုသ်နေ့တိုင်း ကိုယ်တိုင် တရားနာဖို့ ကြွေး ကြော် ပြီး သူ ရထားတဲ့ ဒီဂါထာ တစ်ပုဒ်ကိုပဲ ရွတ်ဆိုလေ့ ရှိပါတယ်။ ရွတ်ဆိုပြီးတဲ့ ခဏမှာ တောတစ်ခုလုံး ကောင်းချီး သြဘာသံတွေဟာ ပဲ့တင် ဟည်းသွားပါတယ်။

နောက်တစ်ကြိမ် ဥပုသ်နေ့မှာတော့ ပိဋကတ် သုံးပုံဆောင် မထေရ် နှစ်ပါးဟာ ရဟန်း ငါးရာစီ ခြံရံပြီး ဒီတောကို ကြွလာကြပါတယ်။ ဒီတော့ ဧကုဒါန မထေရ်က တရား ဟောပါလို့ လျှောက်ထားတာကို မထေရ် နှစ်ပါးက တရား နာမည့်သူ ရှိလို့လားလို့ မေးတယ်။

ဒီတော့ ဧကုဒါန ရဟန္တာကြီးက တရားနာသူ ရှိကြပါတယ်၊ တရား ဟောပြီးရင် တော စောင့် နတ် တို့ က တစ်ခဲနက် ကောင်းချီး ပေးတတ်ကြပါတယ်လို့ လျှောက်တယ်။ ဒီအခါ ပိဋက ပါရဂူ မထေရ် နှစ်ပါးက တစ်ပါးပြီး တစ်ပါး နည်း

တစ်မျိုးစီနှင့် တရားများစွာ ဟောကြားသော်လည်း ဘယ်နတ် တစ်ဦးကမှ ကောင်းချီး မပေးကြဘူးတဲ့။

'ကောင်းချီးသံ ဘယ်မှာလဲ' လို့ မထေရ်တွေက မေးတော့ ရဟန္တာ ဖြစ်တဲ့ ကေဒါန မထေရ်က 'တစ်ပါးသော နေ့တွေတုန်းကတော့ ကောင်းချီးသံတွေ တစ်တောလုံး ပဲ့တင် ထပ်နေပါတယ်၊ ဒီနေ့ကျမှ ဘယ်လိုဖြစ်တယ်ဆိုတာ မသိပါ' လို့ ပြောတယ်။ ဒီအခါ မထေရ် နှစ်ပါးက 'ဒါဆို ငါ့ရှင် တရား ဟောစမ်းပါ'လို့ ဆိုတယ်။ ကေဒါန ရဟန္တာ မထေရ်မြတ်လည်း သူတတ်တဲ့ ဂါထာ တစ်ပုဒ်ကိုပဲ ရွတ်တာပေါ့။ ဒီအခါ နတ်တွေက တစ်ခဲနက် အသံနှင့် သြဘာပေးကြ ပြန်ပါတယ်တဲ့။ ဒီအခါ အခြံအရံ ရဟန်းများက ဒီတောအုပ်မှာ နေတဲ့ နတ်တွေဟာ မျက်နှာလိုက်တယ်လို့ ကဲ့ရဲ့ကြတယ်။ ကျောင်းကို ပြန် ရောက် တော့ ဒီအကြောင်းကို မြတ်စွာဘုရားထံမှာ လျှောက်ထားကြပါတယ်။ ဒီအခါ မြတ်စွာဘုရားက

'ရဟန်းတို့၊ များစွာ သင်ယူ ဟောကြားတဲ့ ရဟန်းကို ဓမ္မဓရ (တရားဆောင်သူ) လို့ ငါက မဆိုဘူး၊ တစ်ဂါထာမျှကို သင်ယူ တတ်မြောက်ပြီး သစ္စာလေးပါး တရားကို ထိုးထွင်းသိသော ရဟန်းသည်သာ ဓမ္မဓရ မည်တယ်' လို့ မိန့်တော်မူခဲ့ပါတယ်။ *

## ငွေတစ်မတ်နှင့် ငါးကြင်းဆီပြန်ဟင်း မစားချင်ပါနှင့်

လူသားတွေဟာ လောကီ ကြီးပွားရေးကို ဆောင်ရွက်ရာမှာပဲ ဖြစ်ဖြစ်၊ လောကုတ္တရာ သမ္မာဒိဋ္ဌိဉာဏ်ကို ရရှိအောင် အားထုတ်ရာမှာပဲ ဖြစ်ဖြစ် သတိနှင့် ချင့်ချိန် တွက်ချက်သင့်တဲ့ အချက် တစ်ချက် ရှိပါတယ်။ အဲဒါကတော့ မိမိရဲ့ ရည်မှန်းချက် လိုလားချက်တွေဟာ မိမိရဲ့ အင်အား၊ မိမိရဲ့ ကိုယ်စွမ်း ဉာဏ်စွမ်းနှင့် မျှ မမျှ၊ ဝန်နှင့်အား လေးနှင့်မြား မျှ မမျှ ခန့်မှန်းပြီးမှ ပြုလုပ်ကြဖို့ပါပဲ။

ဒါကြောင့် ဘဝရဲ့ အမြင့်တန်း အမြတ်တန်းကို လှမ်းတက်ကြတဲ့ ဘဝရွှေတောင်တက် ခရီးမှာလည်း မိမိဟာ ဒီဘဝမှာတင် မဂ်ဖိုလ် နိဗ္ဗာန်ကို ထုတ်ချင်းခတ် ပြီးမြောက် အောင်မြင်နိုင်မလား၊ ဒါမှမဟုတ် ဒီဘဝမှာ တစ်မဂ် တစ်ဖိုလ် ပေါက် ကျင့်ကြံနိုင်မလား၊ ဒါမှမဟုတ် အထုံပါရမီ ရအောင် ကျင့်ရမယ့် သူပဲလား၊ ဒါတွေကို မိမိကိုယ်မှာ စိစစ် ကြည့်သင့်ပါတယ်။

လောကမှာ မတန်တာကို မကြံသင့်တဲ့ အကြောင်း၊ မထိုက်တန်တာကို ကြံစည်မှားလို့ ပျက်စီးတတ်တဲ့ အကြောင်းတွေကိုလည်း မြတ်စွာဘုရားက ဇာတ်တော်တွေထဲမှာ အများအပြား ဟောကြား ထားခဲ့ပါတယ်။

---

** ဓမ္မပဒ၊ ဓမ္မဋ္ဌဝဂ်၊ ကေဒါန ရဟန္တာ ဝတ္ထု*

ဟိုရှေးတုန်းက လှံခုန်တတ်တဲ့ ဆရာ တပည့် နှစ်ယောက်ဟာ မိမိတို့ရဲ့ အတတ်ကို ပြပြီး အသက်မွေးကြတယ်။ လှံဆရာဟာ လှံလေးစင်းထက် ပိုပြီး မခုန်နိုင်ဘူး။ တစ်နေ့မှာ ရွာ တစ်ရွာကို ရောက်ပြီး လှံခုန်ပွဲပြတော့ ဆရာဟာ သူရာ ယစ်နေတဲ့အတွက် လှံငါးစင်းကို ခုန်ပြမယ်လို့ အားထုတ်ပါတယ်။ ဒီအခါ တပည့်ဖြစ်သူက 'ဆရာ၊ ဆရာဟာ လှံလေးစင်းကို ခုန်နိုင်တဲ့ အတတ်ကိုပဲ တတ်တယ်၊ လှံငါးစင်းကို မခုန်နိုင်ဘူးနော်၊ ဆရာ ခုန်ရင် ငါးစင်းမြောက်တဲ့ လှံပေါ်မှာ စိုက်ပြီး ဆရာ သေလိမ့်မယ်' လို့ တားပါတယ်။ ဒါကို ယစ်နေတဲ့ ဆရာဟာ နားမထောင်ဘူး။ ဘာဖြစ်လို့ မခုန်နိုင်ရမှာလဲ ဆိုပြီး ခုန်လိုက်တာ ငါးစင်းမြောက်လှံမှာ သီပြီး သေရရှာပါတယ်။ ဒီအခါ တပည့်က 'ငါ့ဆရာတော့ မနိုင်တာ လုပ်မိလို့ သေရရှာပြီ' လို့ ဆိုတယ်တဲ့။ *

လောကမှာ ဒါဟာ သတိထားသင့်တဲ့ အချက် တစ်ချက် ဖြစ်ပါတယ်။ ပညာရှိတဲ့လူဟာ စေတနာကောင်းနှင့် သတိပေးတဲ့ စကား၊ တားမြစ်တဲ့ စကား၊ ဆုံးမတဲ့ စကားတွေကို နာယူလေ့ ရှိပါတယ်။ လူမိုက်တွေကတော့ မိမိကိုယ်ကို အထင်ကြီးတာလည်း တစ်ကြောင်း၊ စေတနာကောင်းနှင့် ဖျောင်းဖျ ပြောဆိုတဲ့ စကားကို မနာယူတတ်တာလည်း တစ်ကြောင်းကြောင့် ပျက်စီးရတတ်ပါတယ်။

ဒီအချက်ကို သတိ ထားပြီးတော့ လောကီ ခရီးကို လွန် မြောက် ပြီး လောကုတ္တရာ သမ္မာဒိဋ္ဌိ စခန်းကို တက်လှမ်းကြရာမှာ ရွှေတောင်တက်သမားဟာ မိမိကိုယ်ကို အထင်ကြီးလွန်းသူ မဖြစ်သင့်သလို မနိုင်တဲ့ ဝန်ကို ထမ်းဖို့လည်း အားမထုတ်သင့်ပါ။

လောကရဲ့ အရိယသစ္စာကို ရှာဖွေဖို့ အားထုတ်ရာ ဖြစ်တဲ့ လောကုတ္တရာ သမ္မာဒိဋ္ဌိ လမ်းဟာလည်း လွယ်ကူ ချောမွေ့သည်တော့ မဟုတ်ပါ။ တောင်တက်ရာမှာ အလောတကြီး အလှမ်းတကျယ် တက်ရင် ခရီး မပေါက်၊ ခြေချော်ပြီး ချောက်တွင်းနက်ထဲကို ကျသွားဖို့သာ အခွင့်အလမ်း များပါတယ်။ ဒီအတိုင်းပဲ ဉာဏ်စဉ် ခရီးဟာလည်း ဖြည်း ဖြည်း မှန် မှန် အောက်ခြေကနေ တစ်ဆင့်ပြီး တစ်ဆင့်၊ တစ်ရစ်ပြီး တစ်ရစ် တက်မှသာ လိုရာ ခရီးကို ရောက်သင့်တဲ့ အချိန်မှာ ရောက်သွားပါလိမ့်မယ်။

ဒီနေရာမှာ ရွှေတောင်တက်သူ သိသင့် သိထိုက်တာကတော့ 'ပုဂ္ဂိုလ်' ဟာ အစွမ်းသတ္တိအားဖြင့် အခွင့်အလမ်းအားဖြင့် လေးမျိုး လေးစား ရှိတယ် ဆိုတဲ့ အကြောင်းပါ။ ပထမတန်းစား ပုဂ္ဂိုလ်မျိုးကို ကျမ်းဂန်တွေမှာ ပညတ်အားဖြင့် ဥဂ္ဃဋိတညူလို့ ခေါ်ပါတယ်။ ဒီပုဂ္ဂိုလ်မျိုးကတော့ ဘဝ ဘဝက ဆည်းပူးခဲ့တဲ့ ပါရမီလည်း ရင့်ပြီးသား၊ ဆုတောင်းလည်း ရှိပြီးသား ဖြစ်လို့ မြတ်စွာဘုရားကိုလည်း

---

* *ငါးရာငါးဆယ်၊ ဧက နိပါတ်၊ ဒုဗ္ဗစဇာတ်*

ကိုယ်တိုင် တွေ့ဆုံ ဖူးမြင်ရတယ်။ ဘုရား ဟောတဲ့ တရားကိုလည်း ကိုယ်တိုင် နာရတယ်။ တရားကို အကျဉ်းကလေး ကြားရရုံနှင့် ချက်ချင်း မဂ်ဖိုလ်ကို ရသွားတဲ့ ပုဂ္ဂိုလ်မျိုး။

ဒုတိယတန်း ပုဂ္ဂိုလ်မျိုးကိုတော့ ဝိပဉ္စိတညူလို့ ခေါ်ပါတယ်။ သူကလည်း ပါရမီ ရင့်ပြီးသူ ဖြစ်ပါတယ်။ ဒါပေမယ့် တရားကို အကျဉ်းမျှ နာရရုံနှင့် မဂ်ဖိုလ်ကို မရဘူး။ မြတ်စွာဘုရားရဲ့ အကျယ်ဖွင့်ဆို ဟောကြားတဲ့ တရားကို နာရမှ မဂ်ဖိုလ် ကို ရတယ်။ သူ့အောက် တတိယတန်း ပုဂ္ဂိုလ်မျိုး ရှိသေးတယ်။ နေယျပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။ ဒီပုဂ္ဂိုလ်မျိုးကျတော့ ဘယ်လောက်ပဲ တရားကို အကျယ် နာရ နာရ တရားရဲ့ အဆုံးမှာ မဂ်ကို မရနိုင်ဘူး၊ ဒေသနာတွေကို ကြားနာ ဆောင်ရွက် လေ့ကျက် မှတ်သားပြီး ဒေသနာမှာ ပါရှိတဲ့ တရားကို နေ့ရက်၊ လ၊ နှစ် များစွာ ကျင့်ကြံပွားများ အားထုတ်မှသာ မဂ်ဖိုလ်ကို ရနိုင်ပါတယ်တဲ့။

စတုတ္ထတန်း နောက်ဆုံးပုဂ္ဂိုလ်မျိုးကျတော့ ပရိယတ် ပဋိပတ်ကို ဘယ်လိုပဲ အားထုတ် အားထုတ်၊ ဘယ်လောက်ပဲ ကြိုးစား ကြိုးစား ယခုဘဝမှာတော့ မဂ်ဖိုလ် ကို မရနိုင်ဘူးတဲ့။ ဒီပုဂ္ဂိုလ်ဟာ ဒီဘဝမှာ ဘယ်နည်းနှင့်မှ မကျွတ်နိုင်ဘူး။ သမထ ဝိပဿနာ အလုပ် လက်ရှိတန်းလန်းနှင့် သေခဲ့ရင် ဒီသာသနာတော် အတွင်းမှာပဲ နောက်နောက်ဘဝတွေမှာ အကျွတ် ရနိုင်ပါတယ်တဲ့။ ဒီပုဂ္ဂိုလ်မျိုးကိုတော့ ပဒပရမ ပုဂ္ဂိုလ်လို့ ကျမ်းဂန်များမှာ ဖော်ပြပါတယ်။

လယ်တီ ဆရာတော်က တတိယတန်း အစားမှာ ပါဝင်တဲ့ ပုဂ္ဂိုလ်တောင်မှ ဒီဘဝမှာ ကျွတ်ခွင့် မကျွတ်ခွင့် နှစ်လမ်းနှင့် ဆက်ဆံနေသူသာ ဖြစ်ပါတယ်တဲ့။ ဒီ နေယျ ပုဂ္ဂိုလ်မျိုးကျတော့ မိမိ အသက်အရွယ်ကို ချင့်တွက်ပြီး စွန့်ပယ်သင့်တဲ့ အရာတွေကို စွန့်ပယ်ပြီး ဆရာကောင်းထံမှာ နည်းကောင်းကိုလည်း ရှာကြံပြီး လုံလောက်တဲ့ ဝီရိယလည်း ရှိရင်တော့ ယခုဘဝမှာ ကျွတ်နိုင်တယ်တဲ့။ *

ဒါပေမယ့် မိဘကို သတ်တဲ့ကံမျိုး မှောက်မှား ကျူးလွန်ခဲ့မယ်၊ ကာမဂုဏ် ကိုလည်း မစွန့်နိုင်ဘူး၊ ဆရာကောင်းထံက နည်းကောင်းကိုလည်း မရဘူး၊ လုံ လောက်တဲ့ ဝီရိယလည်း မရှိဘူး၊ ဒါတွေအားလုံး ပြည့်စုံတယ်ပဲ ထား၊ အသက် အရွယ်က ကြီးပြီ၊ လွန်သွားပြီ၊ စိတ်ရှိတိုင်း မလုပ်နိုင်တော့ပြန်ရင်လည်း ဒီဘဝမှာ ကျွတ်ဖို့ အလှမ်းဝေးပါတယ်။ မဖြစ်နိုင်ဘူးလို့ ဆိုလိုတာပဲ။

ဒီတော့ ဒါတွေကို သိပြီး မိမိဟာ ဒီဘဝမှာ ဘယ်လောက် တတ်နိုင်မလဲ၊ ဒါကို စဉ်းစား ဆုံးဖြတ် ရပါလိမ့်မယ်၊ လက်ထဲမှာ ငွေတစ်မတ် ရှိရုံနှင့် ငါးကြင်း ဆီပြန်ဟင်း ဝယ်စားမယ် ဆိုလို့တော့ ဘယ်ရမလဲ။

မိမိဟာ နေယျပုဂ္ဂိုလ်လို့ ထင်သလား၊ ထင်တယ်ဆိုရင် ဒီဘဝမှာ တစ်မဂ်

---

* *ဗောဓိပက္ခိယ ဒီပနီ၊ စာ ၂-၅*

တစ်ဖိုလ်ပေါက် ကျင့်နိုင်ပါ့မလား၊ ကျင့်နိုင်တယ် ဆိုပါတော့၊ ကျင့်နိုင်ရင် အဲဒီ ပုဂ္ဂိုလ်ဟာ ဘယ်လိုကျင့်ရမလဲ ဆိုတော့ 'ရှေးဦးစွာ စားဝတ်နေရေး ဆိုတဲ့ ဒီအရေးတွေကို ဖြတ်တောက်ပစ်ဖို့ လိုပါတယ်။ ဒါမှသာ နောက်ဆံမတင်းဘဲ ကမ္မဋ္ဌာန်းအာရုံကို မိအောင် လွတ်လွတ်ကျွတ်ကျွတ် အားထုတ်နိုင်မှာ ဖြစ်ပါတယ်။ နောက်ဆံတင်းစရာတွေ ရှိနေသေးတယ် ဆိုရင်တော့ ယောဂီရဲ့ စိတ်ကလေးဟာ ဟိုဟိုဒီဒီ ပြေးလွှားနေမှာ အမှန်ပဲ' * လို့ ဆိုတဲ့ အရှင် ပညာသီဟာဘိဝံသ ကိုယ်တော် ရေးသလိုပဲ ကျင့်ရပါလိမ့်မယ်။

ဒီလိုဆိုလို့ ဒီဘဝမှာ သမထ အလုပ်၊ ဝိပဿနာ အလုပ်ကို မလုပ်ရဘူးလို့ ဆိုလိုတာ မဟုတ်ပါ။ တစ်မဂ် တစ်ဖိုလ်ပေါက် ကျင့်သူမဟုတ်လည်း အထုံပါရမီ ရအောင် ကျင့်သူတွေကတော့ ကျင့်စဉ်လွတ် ကျင့်နိုင်ကြောင်းကို ဆရာတော်ကြီးများ ဆုံးဖြတ် ထားကြပါတယ်။

ဒီတော့ ဘဝ ရွှေတောင်တက် ပုဂ္ဂိုလ်ဟာ မိမိရဲ့ ကိုယ်ရည်ကိုယ်သွေးကို တစ်မဂ် တစ်ဖိုလ်ပေါက် ကျင့်နိုင်တယ်လို့ ယုံကြည် စိတ်ချပါရင် ဒီဘဝမှာ စွန့်သင့်တာတွေကို စွန့်ပြီး အလွတ်အကျွတ် ကျင့်သင့်ပါတယ်။ ဒီလိုမှ မဟုတ်ဘဲ မိမိရဲ့ ကိုယ်ရည်ကိုယ်သွေးတွေဟာ နေယျပုဂ္ဂိုလ် အဆင့် မရှိဘူးလို့ အမှန်အကန် သုံးသပ်မိပါရင်လည်း ပဒပရမ ပုဂ္ဂိုလ် အဖြစ်နှင့် သံသရာမှာ မျောမနေသင့်ပါဘူး။ ဒီဘဝမှာ နိမ့်သည် မြင့်သည်မဟူ တစ်ခုသော တောင်ထိပ်ကိုတော့ ငါ ရောက်အောင် တက်မယ်လို့ သတ်မှတ်ချက် ထားပြီး တက်သင့်ပါတယ်။ ဒါကြောင့် ပုထုဇဉ်တို့ ပထမဆုံး တက်သင့်တဲ့ ရွှေတောင်ထိပ်ကတော့ 'ကလျာဏပုထုဇဉ်' ဆိုတဲ့ စူဠသောတာပန် အဆင့်ပဲ ဖြစ်သင့်ပါတယ်။

## နာမရူပ ပရိစ္ဆေဒဉာဏ် နှင့် ရုပ်နာမ်ဓမ္မ သဘာဝ

ဓမ္မကထိက အကျော် သဲကုန်းဆရာတော် အရှင်ဉာဏိဿရကတော့ 'နာမရူပ ပရိစ္ဆေဒဉာဏ်လောက်မှ မရဘဲ အသက် ရှင်နေရရင် အဲဒီလူဟာ သက္ကာယဒိဋ္ဌိ နှင့် အသက်ရှင်နေခြင်း ဖြစ်ပါတယ်' ** လို့ ဟောပါတယ်။ သက္ကာယဒိဋ္ဌိ မပြုတ်သေးသမျှတော့ ဒီပုဂ္ဂိုလ်ဟာ အန္ဓပုထုဇဉ်ဆိုတဲ့ အယုတ်ဘဝက မလွတ်သေး၊ ကလျာဏပုထုဇဉ် ဆိုတဲ့ အမြတ်တန်းကို မရောက်သေးဘူးလို့ သဘောကျနိုင်ပါတယ်။

သက္ကာယဒိဋ္ဌိ ပြုတ်မှု ဆိုတာကလည်း ရုပ်နာမ်ဓမ္မတွေကို ဒါက ခန္ဓာငါးပါး၊

-----------------------

* *အဓိတ၏ မေးခွန်းများ၊ အရှင် ပညာသီဟာဘိဝံသ၊ စာ ၁၇၃*

** *အာနာပါန သတိပဋ္ဌာန် အလုပ်ပေး တရားတော်၊ သဲကုန်း ဆရာတော် အရှင် ဉာဏိဿရ၊ စာ ၂၉*

ဒါတွေကတော့ အာယတန ၁၂ ပါး ဖြစ်ရာ တည်ရာ စုဝေးရာ အာရုံပဲ၊ ဒါတွေက တော့ ဓာတ် ၁၈ ပါးပဲ၊ ဒီတရားတွေဟာ ဤနည်းဤပုံ အကြောင်းအကျိုးအားဖြင့် (အမှိသဟဲ) ပြုပြီး ဖြစ်ပျက်နေကြတာပဲ (ပဋိစ္စ သမုပ္ပာဒ)၊ အမှန် (သစ္စာ) ကတော့ ဒါတွေပဲလို့ ထိုးထွင်း သိမြင်မှု အပေါ်မှာသာ ဖြစ်ပေါ်လာနိုင်တာပါ။ ရွှေတောင် တက်သမားများ အဖို့ ဒါတွေကို အကုန်အစင် သိမြင်သွားပြီ ဆိုရင်တော့ ကလျာဏ ပုထုဇဉ်တောင် မကတော့ပါဘူး၊ ဒီဘဝမှာပင် ပရမတ္ထ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အဆင့်ဆင့် တိုးတက် မြင့်မား ရောက်ရှိ သွားနိုင်တယ်တဲ့။ *

[ခန္ဓာငါးပါး၊ အာယတန ၁၂ ပါး၊ ဓာတ် ၁၈ ပါး စသည် အကျယ်ကို အလွယ် သိလိုပါမူ လယ်တီဆရာတော်၏ 'ကမ္မဋ္ဌာန ဒီပနီ' ကို ရှုပါ။ အကျယ် သိလိုပါမူကား ဝိသုဒ္ဓိမဂ် (မြန်မာပြန်) ဒုတိယတွဲ၊ ခန္ဓ နိဒ္ဒေသပိုင်းမှာ ရှုပါ။ အာယတနပိုင်းကို အာယတန ဓာတုနိဒ္ဒေသပိုင်းမှာ ရှုပါ။ ပဋိစ္စ သမုပ္ပာဒ်အဖွင့် အကျယ်ကိုမူ ဝိသုဒ္ဓိမဂ် (မြန်) တတိယတွဲ ပညာဘူမိ နိဒ္ဒေသပိုင်းမှာ ရှုပါ။]*

ဒီမှာတော့ ရုပ်ဆိုတဲ့ တရား တစ်ခုတည်းကိုပဲ သဘော ကွဲပြား ထင်ရှား အောင် အထိုက်အလျောက် ဉာဏ်မျက်စိ ပေါက်အောင် ပထမ ရှုကြပါဦးနို့။ ဒီလို ရှုမယ်ဆိုရင် ဗုဒ္ဓ ဟောတော်မူခဲ့တဲ့ ရုပ်တရား အမြင်တွေကို မလေ့လာပါနှင့်ဦး။ အနောက်တိုင်းသား သိပ္ပံပညာရှင် ဆိုသူများ လေ့လာ တွေ့ရှိထားတဲ့ ရုပ်ရဲ့ သဘာဝ တွေကို ဦးစွာ လေ့လာသင့်ပါတယ်။ သိပ္ပံပညာက ရှေ့တိုးလာလေလေ သူတို့ ရှာဖွေ တွေ့ရှိလာတဲ့ 'ရုပ်' ဆိုတာဟာ ဘယ်လို ဖြစ်လာလေလဲ ဆိုတာ သိမှ လွန်ခဲ့တဲ့ အနှစ် ၂၅၀၀ ကျော်က သဗ္ဗညုတ ဉာဏ်တော်နှင့် ထိုးထွင်း သိမြင်တော် မူခဲ့တဲ့ မြတ်ဗုဒ္ဓရဲ့ အတွေးအမြင်တွေဟာ ဘယ်လောက် မှန်တယ်၊ ဘယ်လောက် အံ့ဩဖို့ ကောင်းတယ် ဆိုတာ ပိုသိနိုင်ပါလိမ့်မယ်။

လွန်ခဲ့တဲ့ အနှစ် ၂၆၀၀ လောက် (ဘီစီ ၆၀၀ ကျော်) တုန်းက ဓေါ်မတိုင်း မှာ ဒဿန ပညာရှင်တွေ စတင် ပေါ်ပေါက်ခဲ့တယ်။ ဒီပုဂ္ဂိုလ်တွေဟာ ရုပ်ဝတ္ထု တွေရဲ့ ဖောက်ပြန် ပြောင်းလဲ ပျက်စီး နေကြတာကို မြင်တွေ့ကြတယ်။ ဒီတော့ ဒီဖြစ်ပျက် ပြောင်းလဲနေတဲ့ ဝတ္ထုပစ္စည်းတွေထဲမှာ မပြောင်းလဲဘဲ မြဲနေတဲ့ ပရမတ္ထ ရုပ်ဓာတ်ဟာ ဘာလဲ ဆိုတာကို စူးစမ်း ဆင်ခြင်ကြတယ်။ ပထမဆုံး စူးစမ်းသူက သေးလီ ဆိုတဲ့ ပုဂ္ဂိုလ်ပါ။ သူက ရုပ်ဝတ္ထုတွေရဲ့ အခြေခံ ဓာတ်ကြီးဟာ အာပေါ (ရေ) ဓာတ်ပဲ၊ အရာခပ်သိမ်းဟာ ရေက စဖြစ်ပြီး ရေမှာ အဆုံးသတ်ကြမှာပဲလို့ စပြီး ရှုမြင်ခဲ့တယ်။ နောက် ဒီဓေါ်မတိုင်းသား ပညာရှင်များပဲ ရေ မြေ လေ မီး (အာပေါ ပထဝီ ဝါယော တေဇော) ဆိုတဲ့ မဟာဘူတ ဓာတ်ကြီးတွေကနေ ရုပ် ဝတ္ထုတွေ ဖြစ်ပေါ် လာကြတယ်လို့ ဆိုခဲ့ကြတယ်။ သူတို့အထဲမှာ ထူးထူးခြားခြား

---

* *ဥတ္တမပုရိသ ဒီပနီ၊ စာ ၁၃၅*

ပေါ်လာတာက လူစီပတ် နှင့် ဒီမိုကရိတပ် ဆိုသူတို့ ဖြစ်ကြတယ်။ သူတို့က တော့ လောကကြီးဟာ အက်တမ် (အဏုမြူ) တွေက စတင် ဖြစ်ပေါ်လာတာတဲ့။ ဒါ ပထမဆုံး အကြိမ် အဏုမြူ သဘောတရား စတင် ပေါ်ပေါက်တာလို့ ကမ္ဘာ့ ပညာရှင်များက လက်ခံထားကြတဲ့ အယူအဆ။ ဒါပေမယ့် သူတို့ရဲ့ အက်တမ် သီဝရီက လောကရဲ့ သက်ရှိ ရှင်သန်နေမှု သဘော၊ ကြီးပြင်းနေမှု သဘောတွေကို မရှင်းနိုင်ဘူး။ ဆိုလိုတာက အသက်ဇီဝ သဘောကို ဒီရုပ်ဝါဒီ အက်တမ်သမားတွေ မရှင်းနိုင်ဘူး။

ဒီလိုနှင့် အာရစ္စတော်တယ် လက်ထက်ကို ရောက်လာတယ်။ သူက ဇီဝ ဗေဒ ပညာရှင်ကြီးလည်း ဟုတ်တယ်။ ရုပ်ဝတ္ထုတွေရဲ့ သက်ရှိ သဘာဝကိုလည်း သူ မြင်တယ်။ ရုပ်နာမ် ဓမ္မတွေကိုလည်း သူ မြင်ခဲ့တယ်။

ဒါပေမယ့် ဒီအက်တမ် အဏုမြူ အယူအဆဟာ ခေတ်သစ်ပိုင်းမှာ နယူတန် လက်ထက် အထိ ရှိနေတယ်။ အက်တမ်ဟာ ရုပ်ရဲ့ အန္တိမဓာတ်၊ ဒီ အက်တမ်ကို နောက်ထပ် ခွဲခြမ်းစိတ်ဖြာလို့ မရတော့ဘူး။ ဒီအက်တမ်တွေ စုပေါင်း ဖွဲ့စည်းပြီး ခန္ဓာအမျိုးမျိုး ဖြစ်ပေါ်လာတယ် ဆိုတဲ့ အယူအဆကို နယူတန်လောက် အထိ လက်ခံနေကြတုန်း ရှိသေးတယ်လို့ ပြောတာ။

၁၈၈၀ ခုနှစ်လောက် ရောက်တော့ ဆိုခဲ့ပြီးတဲ့ အက်တမ် (အဏုမြူ) ထဲမှာ ကို နျူကလိယ ဆိုတဲ့ ဝတ်ဆံ ရှိသေးတယ်၊ အဲဒီ နျူကလိယကို အီလက်ထရွန် ဆိုတဲ့ အမှုန် တစ်ခုက ပတ်စီးနေတယ် ဆိုတာတွေ၊ အီလက်ထရွန်ထဲမှာလည်း လျှပ်စစ် ဓာတ်ကြွမှု ဆိုတဲ့ စွမ်းအင်သဘော E နှင့် ဒြပ်သဘော M ရှိတယ် ဆိုတာတွေကို တွေ့ရပြန်တယ်။ * တစ်ဆက်တည်းပဲ လောကမှာ မျက်စိနှင့်တော့ မမြင်နိုင်၊ အရာဝတ္ထုတွေကိုပါ ဖောက်ထွင်း သွားနိုင်တဲ့ ဓာတ်ရောင်ခြည်တွေ ရှိတယ် ဆိုတာကို သိမြင် လာကြပြန်တယ်။ ဥပမာ ကက်သုတ် ရောင်ခြည် လိုမျိုး တွေဟာ ဝတ္ထု အခုအခံတွေကို ဖောက်ထွင်း ဖြတ်သန်းနိုင်တယ် ဆိုတာမျိုးပေါ့။ ဒီတော့ ဒီရောင်ခြည်ထဲမှာ ဒြပ်ဆိုတဲ့ အထည်ဝတ္ထုကိုယ် ပါရှိသေးသလား၊ မပါ တော့ဘူး၊ ဒါဟာ စွမ်းအင်သက်သက်ပဲလို့ ယူဆလာကြပြန်တယ်။ ဒီမှာ ရုပ်ဆိုတာ ဒြပ်မဲ့စွမ်းအင် ဖြစ်သွားပြီ။ ဒါဖြင့် အဲဒီ စွမ်းအင်ရဲ့ အသေးဆုံး ယူနစ်ဟာ ဘာလဲ ဆိုတာကို လိုက်ရှာကြပြန်တယ်။ ၁၉၀၀ ပြည့်နှစ်လောက် ရောက်တော့ မက်စ် ပလင့် ဆိုတဲ့ ရူပဗေဒ ပညာရှင်ကြီးက စွမ်းအင်ရဲ့ အသေးဆုံး ယူနစ်ဟာ ကွမ်တမ် ဖြစ်တယ် ဆိုပြီး ဖော်ထုတ် ပေးပြန်ပါတယ်။

'သိပ္ပံနည်းကျ ဒဿနပညာ ထွန်းကားလာခြင်း' ** ဆိုတဲ့ စာအုပ်ကို

---

* *Matter and Antimatter - Maurice Duquesne, p 14*

** *The Rise of Scientific Philosophy*

ရေးခဲ့တဲ့ ဟန်း ရိုက်ချင်ဘတ် ကတော့ ကွမ်တမ် ဆိုတာ စွမ်းအင်ရဲ့ အက်တမ်ပါပဲ တဲ့။ အီလက်ထရွန်၊ နျူကလိယတွေကို ခွဲစိတ် ပိုင်းခြား လာနိုင်တဲ့အခါ မှုလက ယူဆခဲ့တဲ့ ရုပ်သဘောတရား အမြင်တွေဟာ လုံးလုံး ပြောင်းသွားပါတယ်။ ရုပ်မှာ အလေးချိန်တို့ ဒြပ်တို့ အလျား အနံ့ အောက် ဆိုတဲ့ အင်္ဂါအင်္ဂါ သဘောတို့ ဘာဆို ဘာမှ မရှိတော့ဘူး။ ရုပ် ဆိုတာ (လျှပ်စစ်၊ သံလိုက်၊ အဏုမြူ စတဲ့) စွမ်းအင်တို့ရဲ့ ဖြစ်ပုံပျက်ပုံ အသွင်သဏ္ဍာန်တွေကို ခေါ်တာလို့ ဆိုလာကြတယ်။ ဒီ စွမ်းအင် ဆိုတာတွေဟာလည်း အီလက်ထရွန်ရဲ့ မရပ်မနား လှုပ်ရှားနေပုံ အဆင်း သဏ္ဍာန်တွေ ပါပဲတဲ့။ လေဘွန် ဆိုသူကလည်း ရုပ်ဆိုတာဟာ အမျိုးမျိုးသော စွမ်းအင်တွေ ဖြစ်ပါတယ်။ Matter is a variety of energy လို့ ဆိုတယ်။

တဖြည်းဖြည်း သိပ္ပံပညာရှင်တွေ ရှာခဲ့ကြတာ အစက သူတို့ဆိုခဲ့တဲ့ 'ရုပ်' သဘောတွေ ပျောက်မှန်းမသိ ပျောက်ကုန်တယ်။ နောက်ဆုံး စွမ်းအင် ဆိုတာကို ရောက်လာကြတယ်။ 'ဒြပ် (အထည်) သဘော လုံးဝ ပျောက်သွားပြီ' လို့ ပါမောက္ခ ဝှိုက်ဟက်ကလည်း သူ့ရဲ့ 'သိပ္ပံပညာနှင့် ခေတ်သစ်ကမ္ဘာ' စာအုပ်မှာ ရေးသား ဖော်ပြထားပါတယ်။ *

'ဒဿနရဲ့ သုခ' ကျမ်းကို ရေးခဲ့တဲ့ ဝီးလ်ဂျူရန့်ကလည်း သူ့စာအုပ်ထဲမှာ 'ခုဆို သိပ္ပံပညာ နယ်ပယ်မှာ ရုပ်ရဲ့ အထည်ဒြပ်သဘော ဆိုတာ လုံးဝ မရှိတော့ ပါဘူး' တဲ့။ ခုတော့ ရူပဗေဒက သိတဲ့ ရုပ်ဆိုတာဟာ မတွက်ဆနိုင်တဲ့ စွမ်းအင်ရဲ့ ပုံသဏ္ဍာန်နှင့် ဒီစွမ်းအင်တွေကို သယ်ယူပို့ဆောင်တဲ့ ယာဉ်ပဲတဲ့။ တစ်မျိုး တစ်ပုံ ဆိုပြန်တယ်။

ပြီးတော့ ရုပ်မှာ အသက် (ဇီဝ) ရှိတယ်တဲ့။ ရုပ်မှာ တစ်ခုနှင့် တစ်ခု ပူးကပ် စုစည်းအောင် ဖွဲ့စည်းနိုင်တဲ့ သတ္တိ၊ တွန်းကန်နိုင်တဲ့ သတ္တိ၊ စိမ့်ဝင်နိုင်တဲ့ လျှပ်စစ်သတ္တိ၊ အပူအအေး (တေဇော) သဘော၊ အလင်း (ရောင်ခြည်) သဘောတွေ၊ မနေမနား ဖြစ်ပျက် ပြောင်းလဲပြီး လှုပ်ရှားနေတဲ့ အီလက်ထရွန်ရဲ့ ကခုန်နေတဲ့ သဘောတွေ ရှိတယ်တဲ့။

အင်္ဂလိပ်လို ဆိုတော့ Matter is alive with cohesion, affinities, repulsions, electrolytic and osmotic processess, and heat and electricity and leaping light and the restless dance of electron လို့ ဆိုပါတယ်။

ပြီးတော့ လှုပ်ရှားမှုတွေ၊ စွမ်းအင်သတ္တိတွေ၊ ရှင်သန်ကြီးထွားမှု သဘော တွေကိုလည်း နေရာအနှံ့မှာ တွေ့မြင် နေရလေတော့ ဘယ်အရာကိုမှ သက်မဲ့လို့ မပြောရဲတော့ပါဘူးတဲ့။ ဒါတင်မက သိပ္ပံပညာက အက်တမ် တစ်ခုဟာ မွေးဖွား

---

* *Science and Modern Wwrld - A. N. Whitehead*

လာနိုင်ပုံ၊ ကြီးပြင်း လာနိုင်ပုံ၊ တဖြည်းဖြည်း ရင့်ဆွေးပြီး ပျောက်ဆုံး သွားပုံတွေကိုပါ 'ဖြစ်ပျက်' မြင်နေကြတယ်။

ကွမ်တမ် သီဝရီရဲ့ မသေချာမှု နိယာမ၊ အစိုးမရမှု (အနတ္တ) နိယာမ (Law of Uncertainty) ကို နောက်ဆုံး ဟိုက်ဇင်ဘာတ်က ဖော်ထုတ်ခဲ့ပါပြီ။ သူ့ရဲ့ 'နျူကလီးယား သိပ္ပံပညာ ဆိုင်ရာ အတွေးအမြင် ပြဿနာများ' * ကျမ်းငယ်မှာ သူက ကွမ်တမ်ကို ကံသတ္တိ တစ်ခု ကမ္မဇရုပ် တစ်ခု အဖြစ် မြင်ထားလို့သာ 'ကမ္မဇ ကွမ်တမ်' (Quantum of Action) ဆိုတဲ့ ဝေါဟာရကို သုံး နှုန်း ပြီး ရေးသားထားတာကိုလည်း သတိ ထားမိပါတယ်။

ဒီလောက်ဆိုရင် လက်ရှိ ရူပသိပ္ပံ ပညာရှင်တွေဟာ ရုပ်ကို ဘယ်လို ရှုမြင်နေကြပြီ၊ ရုပ်ရဲ့ အနိစ္စ သဘောတွေ၊ ရုပ်ရဲ့ အနတ္တ သဘောတွေကို ဘယ်လို မြင်နေကြပြီ ဆိုတာ ဗုဒ္ဓဝါဒနှင့် နှိုင်းယှဉ်လေ့လာ ရအောင်လို့ တင်ပြလိုက်ရတာပါ။

## ရုပ်ဖြစ်စဉ် ဗုဒ္ဓဝါဒ အမြင်

ဒီခေတ်က သိပ္ပံ ထွန်းကားတဲ့ ခေတ် ဆိုတော့ သိပ္ပံပညာရှင်တွေ ပြောဆိုမှသာ အဟုတ် အမှန်လို့ ထင်တတ်ကြတယ်။ အပြစ်ပြောတာ မဟုတ်ပါ။ လူ့ဓမ္မတာကို ပြောချင်တာပါ။ ပြီးတော့ သုံးနှုန်းတဲ့ ဝေါဟာရတွေကလည်း အနောက်တိုင်း အသုံးအနှုန်းတွေကိုသာ သိပ္ပံပညာက သုံးနှုန်းတော့ တချို့ကိစ္စတွေမှာ အတွေး အမြင် အယူအဆတွေ မကွဲပြားသော်လည်း ဝေါဟာရတွေက ဗုဒ္ဓဝါဒနှင့် သိပ္ပံ ပညာ ကွဲပြားနေကြတဲ့ အတွက် တစ်ခုနှင့် တစ်ခု မတူဘူးလို့ အောက်မေ့တတ်ကြပါတယ်။

အထက်မှာ ပြောခဲ့တဲ့ အက်တမ် သီဝရီ ကွမ်တမ် သီဝရီတွေကို ဗုဒ္ဓဝါဒမှာ ဘယ်လို ဖော်ပြထားသလဲ ဆိုတာကို အလွယ်ကလေး သိရအောင် ကျေးဇူးရှင် သေကျှတောင် ဆရာတော်ကြီးရဲ့ 'ပဏ္ဍိတ ဓေဒနိယ ဒီပနီ' တစ်ခုတည်းကိုပဲ အားကိုးပြီး တင်ပြပါ့မယ်။ ဒီကျမ်းမှာ ရုပ်ဖြစ်စဉ်ကို အပြည့်အစုံ တင်ပြထားပါတယ်။ ဆရာတော်ကြီးက အဏုမြူ အက်တမ်တစ်လုံးရဲ့ ပမာဏကို ဖော်ပြရာမှာ အောက်ပါအတိုင်း ဖော်ပြပါတယ်။ (လယ်တီ ဆရာတော်၏ ရူပဒီပနီ မှာလည်း အကျယ် လေ့လာနိုင်သည်။)

ဗက်တီးရီးယားလောက် အရွယ်ပမာဏ ရှိတဲ့ ပိုးတစ်ကောင်ရဲ့ ပမာဏကို 'လိက္ခာပိုး' လို့ ခေါ်ပါတယ်။ အဲဒီ လိက္ခာပိုး တစ်ကောင်ကို ၃၆ စိတ် စိတ်ရင် ရထရေ အဏုမြူ တစ်လုံး ရတယ်တဲ့။ အဲဒီ ရထရေ အဏုမြူကို ထပ်ပြီး ၃၆ စိတ်

--------------------

* *Philosophy Problems of Nuclear Science*

စိတ်ရင် တဇ္ဇရိ အဏုမြူ တစ်လုံး ရတယ်တဲ့။ အဲဒီ တဇ္ဇရီမြူကို နောက်ထပ် ၃၆ စိတ် စိတ်မှ အဏုမြူ (အက်တမ်) တစ်လုံး ရပါတယ်တဲ့။ အဲဒီ အက်တမ် တစ်လုံးကို ၃၆ စိတ်စိတ်မှသာ ပရမာဏုမြူ တစ်ခု ရတယ်တဲ့။ အဲဒါ အီလက်ထရွန်၊ ပရိုတွန်၊ နျူထရွန် ဆိုတာမျိုးပါပဲ။ အဲဒီ ပရမာဏုမြူ တစ်လုံးဟာ သမူဟကလာပ် တစ်ခု ဖြစ်တယ်တဲ့။ အဲဒီ သမူဟကလာပ် တစ်ခု ဖြစ်ပေါ်ဖို့ အတွက်ကတော့ အလွန် သိမ်မွေ့တဲ့ ပရမာဏုမြူထက် အဆတစ်သိန်း တစ်သန်း တစ်ကုဋေပေါင်း ၃၆ ဆလောက် သေးတဲ့ ပရမတ္ထ ရုပ်ကလာပ်တွေ စုပေါင်းမိမှ ဖြစ်ပါတယ်တဲ့။ ဒီတော့ ပရမာဏုမြူဟာလည်း အစုအပေါင်း ကလာပ် တစ်ခုပဲလို့ ရှုမြင်ထားတာဟာ အံ့ဩဖို့ကောင်းလှတဲ့ အပြင် ကွမ်တမ်ထက်တောင် ပိုပြီးသေးငယ်တဲ့ စွမ်းအင်တွေရဲ့ မူလဖြစ်တဲ့ ပရမတ္ထရုပ်ကလာပ် ဆိုတာကို ရှုမြင်နိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။

ပရမတ္ထ ရုပ်ကလာပ် ဆိုတာ စွမ်းအင်တို့ရဲ့ မူလ သဘောပဲလို့ ဆိုတာကတော့ ဒါဟာ ပူခြင်း အေးခြင်း မာခြင်း ပျော့ခြင်း ယိုစိမ့်ခြင်း ဖွဲ့စည်းခြင်း ထောက်ကန်ခြင်း လှုပ်ရှားခြင်း ဆိုတဲ့ အစွမ်းသတ္တိ သဘောသက်သက်မျှသာ ဖြစ်တယ်လို့ ယူဆလို့ ဖြစ်တယ်။ ဘာမှ အထည်ဒြပ် မရှိပါဘူးတဲ့။ ပထဝီ အာပေါ ဝါယော တေဇော ဆိုတဲ့ ဓာတ်သဘော သက်သက်တွေပဲတဲ့။ အဲဒီ ဓာတ်တွေဟာ တစ်ခုနှင့် တစ်ခု မကင်းသောအားဖြင့် ဖွဲ့စည်းလာကြခြင်း ဖြစ်ပါတယ်။

ပထဝီဓာတ် တစ်ခုတည်းကိုပဲ ဝိပဿနာ ရှုပုံကို အကျဉ်းအားဖြင့် လယ်တီဆရာတော်က အောက်ပါအတိုင်း ဖော်ပြထားတာကို ကြည့်ရင် ဘယ်လောက် ကျယ်ဝန်း နက်ရှိုင်းတယ် ဆိုတာ သိမြင်ပါလိမ့်မယ်။ ဆရာတော်က

'ပရမတ်အနှစ် မြေအစစ် ဆိုသည်ကား ခက်မာသော အမူအရာ အခြင်းအရာ ကြိယာမျှသာတည်း။ အဏုမြူကို အစိတ် တစ်သိန်း စိတ်၍ တစ်စိတ်စာမျှ အခဲ အကျိတ် အဆံ အမာ အထည်ဒြပ် ဟူ၍ မရှိ။ အလွန် ကြည်လင်လှသည့် မြစ်ရေ ချောင်းရေ စိမ့်ရေတို့၌ လည်းကောင်း၊ နေရောင် လရောင် ကြယ်ရောင် မီးရောင် ပတ္တမြားရောင်တို့၌ လည်းကောင်း၊ အနီးအဝေး ပျံ့နှံ့၍သွားသော ခေါင်းလောင်းသံ ကြေးစည်သံ စသည်တို့၌ လည်းကောင်း၊ လေပြည် လေညင်း လေပြင်း မုန်တိုင်းတို့၌ ပျံ့နှံ့လွင့်ပါး၍ သွားသော အမွှေးနံ့ အပုပ်နံ့တို့၌ လည်းကောင်း ထိုပရမတ်ဓာတ်သည် အပြည့်ပါ၏' * တဲ့။

ခေတ်သစ် ရူပဗေဒမှာ စွမ်းအင်တို့ရဲ့ အသေးဆုံး ယူနစ်ကို ကွမ်တမ်လို့ ဆိုပါတယ်။ ဆရာတော်ကြီးများကတော့ ရုပ်ရဲ့ အသေးဆုံး ယူနစ်ကို ပရမတ္ထရုပ်ကလာပ်လို့ ခေါ်ပါတယ်။ ဒီပရမတ္ထ ရုပ်ဓာတ်တွေဟာ အရာဝတ္ထုတွေမှာရော၊ အသံတွေမှာရော၊ အလင်းတွေမှာရော၊ အနံ့တွေမှာပါ ပါနေကြတယ်လို့ ရုပ်

-----------------------

* *ဝိဇ္ဇာမဂ္ဂ ဒီပနီကျမ်း၊ လယ်တီဆရာတော်၊ (၁၉၈၅)၊ စာ ၁၈*

နယ်ကုန်ချဲ့ပြီး ဆိုထားတာကိုလည်း သတိထားမိစေချင်ပါတယ်။ ပြီးတော့ သေကျွှ တောင် ဆရာတော်က ပရမတ္ထ ရုပ်ကလာပ် ဖြစ်တဲ့ မီး (တေဇော) သဘောကို ဖော်ပြရာမှာလည်း ကက်သုတ် ရောင်ခြည်တို့လိုပဲ 'အလုံးစုံသော ပူသော အရာ ဝတ္ထုတို့မှ ပူသော မီးကလာပ်တွေ၊ အေးသော အရာဝတ္ထုတို့မှ အေးသော မီး ကလာပ်တွေ ထွက်လျက် စကြဝဠာနှင့် အပြည့်၊ ဩကာသ လောကနှင့် အပြည့်၊ ပရိစ္ဆေဒ ကောင်းကင်နှင့် အပြည့်၊ အနံ့ ရှိနေ၏။ နေရောင် လရောင် ကြယ်ရောင် စသော အလုံးစုံသော အရောင်အလင်းတို့သည် မီးကလာပ်တို့၏ အဆင်းဝဏ္ဏတို့ ပင်တည်း' * တဲ့။

ဆရာတော်ဟာ ပဏ္ဍိတ ဝေဒနီယ ဒီပနီကျမ်းမှာ အလင်း (ရောင်ခြည်) သဘောကိုရော၊ အာကာသ (ဟင်းလင်းပြင်) သဘောတွေကိုရော၊ ကာလ (အချိန်) သဘောတွေကိုရော လေ့လာ တင်ပြထားတာကိုလည်း တအံ့တဩ တွေ့ရပါတယ်။ အကျယ် သိလိုသူများကတော့ ထိုကျမ်းကို လေ့လာသင့်ပါတယ်။

ရုပ်ရဲ့ ပရမတ္ထသဘောကို ဒီမျှဖြင့် ရိပ်စားမိလောက်ပြီ ထင်ပါတယ်။ ဝိပဿနာ ရှုသူဟာ ရုပ်ရဲ့ မမြဲတဲ့ အနိစ္စသဘော၊ ရုပ်ရဲ့ အစိုးမရတဲ့ အနတ္တသဘော တွေကို ရှုပွားဖို့ပဲ ဖြစ်ပါတယ်။ အဲဒီလို ရှုပွားလိုက်တဲ့ အခါ ငါဟာ တပ်မက်စရာ မကောင်းတဲ့၊ ငါလည်းမပိုင်၊ ငါလည်းမဆိုင်၊ ငါလည်းမရှိ၊ ငါလည်း မဟုတ်တာတွေ ကို ငါ ငါ့ဥစ္စာလို့ ထင်နေ မြင်နေ တပ်မက်နေတဲ့ အမှားကို မြင်ပါလိမ့်မယ်။ အဲဒီ အတွေးမှား အမြင်မှားကြောင့်သာ သတ္တဝါတွေ ဆင်းရဲဒုက္ခ ရောက်နေကြရတယ်။ သတ္တဝါတွေ ဒုစရိုက် ဆယ်ပါး၊ အကုသိုလ် တရားတွေကို ပြုကျင့်နေကြတယ်။ ပဋ္ဌာစာရီလို မိုက်နေကြတယ်၊ ပဋ္ဌာစာရီလို ရူးနေကြတယ် ဆိုတာကို မိမိရဲ့ ခန္ဓာ ပေါ်မှာ ဉာဏ်မျက်စိ ပေါက်တာနှင့် မြင်တာပါပဲ။

နောက်ဆုံးတော့ ငါ့ကို အရှုးအမိုက် ဖြစ်အောင် လုပ်နေတဲ့ ပြုစားသူဟာ ဘာလဲ ဆိုတာကို ဝိပဿနာ ရှုသူဟာ ကိုယ်တိုင် စင်းစင်း မြင်ပါလိမ့်မယ်။ ခန္ဓာ ထင်ရှား ဖြစ်ပေါ်မှုတွေ အပေါ်မှာ တလွဲ ထင်မြင်ခဲ့တဲ့ သက္ကာယဒိဋ္ဌိ အမျိုးမျိုးကို လည်း ဉာဏ်အမြင်မှာ ကွဲကွဲပြားပြား ထင်ရှား ပေါ်လာပါလိမ့်မယ်။ ဒါကြောင့် မြတ်စွာဘုရားက ဓမ္မပဒမှာ

– ရုပ်နာမ်ဓမ္မ သင်္ခါရ အားလုံးတို့သည် အမြဲ မရှိကုန်ဟု ဝိပဿနာ ဉာဏ်ဖြင့် ရှုမြင်နိုင်သော အခါ သံသရာ ဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ ခြင်းသည်ပင် ကိလေသာ စင်ကြယ်မှုအတွက် လမ်းကြောင်း ဖြစ်၏။ (၂၇၇)

– ရုပ်နာမ်ဓမ္မ သင်္ခါရ အားလုံးတို့သည် ဆင်းရဲ၏ဟု ဝိပဿနာဉာဏ်ဖြင့် ရှုမြင်နိုင်သောအခါ သံသရာ ဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည်

---

* *ပဏ္ဍိတ ဝေဒနီယ ဒီပနီ၊ စာ ၁၂၇*

ကိလေသာ စင်ကြယ်မှုအတွက် လမ်းကြောင်းဖြစ်၏။ (၂၇၈)

– အလုံးစုံသော ခန္ဓာငါးပါး တရားတို့သည် (အလိုသို့ မလိုက်ကြသဖြင့်) အတ္တမဟုတ်၊ အနတ္တတို့သာ ဖြစ်ကုန်၏ဟု ဝိပဿနာဉာဏ်ဖြင့် ရှုမြင်နိုင်သောအခါ သံသရာ ဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည်ပင် ကိလေသာ စင်ကြယ်မှု အတွက် လမ်းကြောင်း ဖြစ်၏။ (၂၇၉) လို့ တောသို့ သွားပြီး တရား အားထုတ် သော်လည်း တရား မရဘဲ ပြန်လာကြတဲ့ ရဟန်း ငါးရာကို အကြောင်းပြုပြီး ဟော ကြားတော် မူခဲ့ပါတယ်။

ရေထဲမှာနေကြတဲ့ ငါးတွေက ကုန်းပေါ်ကို ရောက်ဖူးတဲ့ လိပ်တစ်ကောင်ကို 'အဆွေလိပ်၊ မတွေ့တာ ကြာပြီ၊ ဘယ်ကို သွားနေတာလဲ' လို့ မေးတော့ လိပ်က 'အဆွေ ငါး၊ ငါ ကုန်းပေါ်ကို သွားပြီး ဥ ဥနေလို့ သင် မတွေ့တာ' လို့ ပြန်ပြော သတဲ့။ အဲဒီအခါမှာ ငါးက 'အသင် လိပ်၊ ကုန်း ဆိုတာ ဘယ်လိုဟာလဲ' လို့ မေးပြန်သတဲ့။ ဒီအခါ လိပ်က 'အဆွေ ငါး၊ ကုန်းဆိုတာ ပထဝီ မြေကြီးပေါ့' လို့ ဖြေတယ်။ ဒီအဖြေကို ကြားရတဲ့အခါ ငါးဟာ ပိုပြီး မျက်စိ လည်သွားတယ်။ ပထဝီ မြေကြီး ဆိုတာ သူ့အဖို့ ပိုပြီး နားလည်ရ ခက်တဲ့ စကားလုံး ဖြစ်နေပြန် တာကိုး။ ဒီတော့ 'အဆွေ လိပ်၊ သင်ပြောတဲ့ ပထဝီ မြေကြီး ဆိုတာ ကျုပ် တစ်သက် မကြားဖူးပါဘူး၊ ဘယ်လိုဟာလဲ' လို့ ထပ်ပြီး မေးပြန်တယ်။ လိပ်လည်း ကုန်းမြေရဲ့ သဘောကို ငါး နားလည်အောင် ဘယ်လို ပြောရပါ့မလဲလို့ ကြံပြန်တယ်။ ပြီးမှ 'အဆွေ ငါး၊ ကုန်း ဆိုတာ သင်နေတဲ့ ရေပြင်နှင့် မတူဘူး၊ မြေပြင်က မာလည်း မာတယ်၊ သဲသောင်တွေလည်း ရှိတယ်၊ နေရောင်ခြည်ရဲ့ အလင်းနှင့် ပူနွေးဓာတ် ကိုလည်း ခံစားရတယ်၊ စိမ်းလန်းတဲ့ သစ်ပင်တွေလည်း ရှိတယ်၊ လေပြည် လေညင်းတွေလည်း တိုက်ခတ်နေတယ်' လို့ ဆိုတော့ 'တော်ပြီ တော်ပြီ အဆွေ လိပ်၊ သင် ပြောနေတာတွေကို တစ်လုံးမှ ကျုပ် နားမလည်ဘူး' ဆိုပြီး ငါးဟာ လှည့်ထွက် သွားပါတော့တယ်တဲ့။

ဒီတော့ ငါးတစ်ကောင်ကို လိပ်တစ်ကောင်က သူ့ရဲ့ အတွေ့အကြုံတွေကို ဘယ်လိုပဲ သဘော ပေါက်အောင် ရှင်းပြ ရှင်းပြ သဘော မပေါက်နိုင်သလို ဝိပဿနာဉာဏ် အကြောင်းကို အမျိုးမျိုး ရှင်းပြသော်လည်း ဝိပဿနာဉာဏ် မပေါက်သေးတဲ့၊ ရုပ်နာမ်ဓမ္မတို့ အပေါ်မှာ တပ်ငြိ စွဲလမ်းပြီး အထင် ကြီးနေ သေးတဲ့ အန္ဓပုထုဇဉ်ဟာ သဘော မပေါက်နိုင်ပါဘူး။ ဒီတော့ ရွှေတောင်တက်သမား ဟာ အချိန်ကုန်ခံပြီး ဝိပဿနာဉာဏ် အကြောင်းကို စာထဲမှာ ပြောထားတာတွေကို နားထောင်ဖို့ မကြိုးစားသင့်ပါဘူး။ ကိုယ်တိုင် ဝိပဿနာကို အားထုတ်ခြင်းဖြင့်သာ ဝိပဿနာဉာဏ် အထူးကို ကိုယ်တိုင်သိမြင်ရန် အကြောင်းရှိတယ် ဆိုတာကိုလည်း ကြုံဖူးတဲ့ အတွေ့အကြုံ ရှိသူ တစ်ယောက် အနေနှင့် ပြောခွင့် ပြုစေချင်ပါတယ်။

ရှေးတုန်းက မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် ရဟန်းငါးရာကို စာပေပရိယတ် ပို့ချနေတဲ့ ပိဋကတ် သုံးပုံတတ် ရဟန်းကြီး တစ်ပါး ရှိတယ်တဲ့။ ဒီရဟန်းကြီးရဲ့ အမည်က 'ပေါဋ္ဌိလ' တဲ့။ ဒီရဟန်းကြီးဟာ 'ငါ ပိဋကတ် သုံးပုံ တတ်မြောက်တယ်' ဆိုပြီး အင်မတန် မာန်တက်နေတယ်တဲ့။ မြတ်စွာဘုရားဟာ ဒီရဟန်းကြီးရဲ့ ထောင်လွှားတဲ့ မာနကို ချိုးရန်အတွက် ဒီရဟန်းကြီး ဖူးမြော်လာတိုင်း 'အသုံးမကျတဲ့ ပေါဋ္ဌိလ၊ တုစ္ဆ လာ လာ' လို့ ခေါ်တယ်။ ပြန်သွားတဲ့ အခါမှာလည်း 'အသုံးမကျတဲ့ ပေါဋ္ဌိလ၊ တုစ္ဆ သွားတော့မှာလား' လို့ မိန့်တော်မူလေ့ရှိတယ်တဲ့။ ရဟန်းကြီး ပေါဋ္ဌိလရဲ့ စိတ်ထဲမှာ 'ငါဟာ ရှာန်စတဲ့ တရားထူး မရလို့သာ ဘုရားရှင်က ငါ့ကို ဒီလိုဆိုတယ်' လို့ အောက်မေ့ပြီး ရဟန်း တစ်ပါးကိုမျှ အသိမပေးဘဲနှင့် တိတ်တိတ်ကလေး ထွက်သွားလိုက်တာ ယူဇနာ တစ်ရာ့နှစ်ဆယ်ဝေးတဲ့ ရဟန္တာ သုံးဆယ် သီတင်းသုံးနေတဲ့ တောကျောင်းကလေး တစ်ကျောင်းကို ရောက်သွားတယ်တဲ့။ သူဟာ မထေရ်ကြီးကို ရှိခိုးပြီး 'တပည့်တော်ရဲ့ မှီခိုရာ ဖြစ်တော်မူပါ' လို့ ကျိုးနွံစွာ လျှောက်တဲ့အခါ မထေရ်ကြီးကလည်း သူ့မာန ကျိုးနွံအောင်လို့ ဒုတိယ မထေရ်ဆီကို လွှတ်လိုက်တယ်တဲ့။

ဒုတိယ မထေရ်ထံ ရောက်တော့လည်း တတိယ မထေရ်ဆီ လွှတ်၊ ဒီလို လက်ဆင့်ကမ်း လွှတ်လိုက်တာ နောက်ဆုံး ခုနစ်နှစ်သား ရဟန္တာ သာမဏေထံကို ရောက်သွားတယ်။ သာမဏေထံကို ရောက်တော့လည်း ပေါဋ္ဌိလ ရဟန်းကြီးဟာ အကြိမ်ကြိမ် အခါခါ ကျိုးကျိုးနွံနွံ လျှောက်ထား တောင်းပန်တော့မှ သာမဏေက လက်သင့်ခံတယ်တဲ့။ ပေါဋ္ဌိလ မထေရ်ဟာ အဲဒီသာမဏေ ခိုင်းတဲ့အတိုင်း မနော ဒွါရမှ တစ်ပါး ကျန် ငါးဒွါရမှာ ဖြစ်တဲ့ အာရုံတွေကို ပိတ်ပြီး မနောဒွါရ၌ ပြုအပ်တဲ့ အမှုကိုသာ ပြုပြီး မိမိရဲ့ ခန္ဓာမှာ ဉာဏ်ချသွင်းပြီး ရဟန်းတရားကို အားထုတ်ပါတယ်။ ဒီအချိန်မှာ ပေါဋ္ဌိလရဟန်းရဲ့ စိတ်အခြေအနေကို မြတ်စွာဘုရားဟာ ဇေတဝန် ကျောင်းတော်ကနေ ကြည့်ရှုတော်မူတယ်။ 'ဒီရဟန်းဟာ မြေကြီးနှင့် တူစွာ ကြီးစွာသော ပညာနှင့် မိမိကိုယ်ကို တည်တံ့စေပြီပဲ' လို့ အကြံတော်ရပြီး အောက်ပါ ဂါထာကို ဟောကြားတော် မူခဲ့ပါတယ်။ ဂါထာကတော့

- ကမ္မဋ္ဌာန်း အားထုတ်မှုကြောင့် ပညာသည် ဖြစ်ပေါ် တိုးပွား၏။ ကမ္မဋ္ဌာန်း အားမထုတ်ခြင်းကြောင့် ပညာသည် ဆုတ်ယုတ် ကုန်ခန်း၏။ ပညာ တိုးပွားခြင်း၊ ပညာ ဆုတ်ယုတ်ခြင်းတို့၏ ဤလမ်းနှစ်သွယ်ကို မြင်ပြီးသော် ပညာ တိုးပွားအောင် မိမိကိုယ်ကို ကမ္မဋ္ဌာန်း ဘာဝနာ၌ သိမ်းသွင်းထားရာ၏ (၂၈၂) တဲ့။

သတိပဋ္ဌာန် တရား လေးပါးဟာ အရိယာဘုံသွား ဉာဏ်လှေကားပါ။ ရွှေတောင်တက်သမားဟာ ဉာဏ်လှေကားကို ထူထောင် အပ်ပါတယ်။

သံသရာမှာ မျက်ရည် သမုဒ္ဒရာ စီးအောင် ရှိုက်ကြီးတငင် ပူပင် ငိုကြွေး ရသော ဘဝကို မလိုချင်သော၊ မိုက်မဲခြင်း၊ ရူးသွပ်ခြင်းကို အဖော်ပြုလျက် အဝတ် မသိ၊ အရှက်မရှိတဲ့ အပြစ်ဆိုးနှင့် ပဋာစာရီလို တစာစာ အော်မြည်တမ်းရင်း လှည့်လည် သွားလာနေရတဲ့ ပုထုဇဉ်ရဲ့ မျက်ကန်းဘဝကို မရောက်ချင်သော၊ ဘဝရဲ့ အမြင့်တန်း၊ အမြတ်တန်း ဘုံစဉ်စံ အရိယာစခန်းသို့သာ ရောက်ချင်သော အကြင် ရွှေတောင်တက်သမား ဥတ္တမပုရိသများ အဖို့ အားကိုးရာလမ်းကတော့ မိမိကိုယ်ကို ကမ္မဋ္ဌာန်း ဘာဝနာမှာ သိမ်းသွင်းဖို့ လမ်းသာ ရှိပါတော့တယ်။ ပေါင်ဒွိလထုံး နှလုံးမူ သင့်ပါတယ်။

ရွှေတောင်တက်သမား အစစ်ဖြစ်ခဲ့ရင် ဒီဘဝမှာပင် ဘုံစဉ်စံအရိယာ အဖြစ် ကို နှစ်သက် မြတ်နိုးရာ ရောက်အောင် ကြိုးစားရမယ်။

ဒီရွှေတောင်တက် ဒဿနဟာ ဘုံစဉ်စံ အရိယာဘုံသွားများ အတွက် ခရီး လမ်းညွှန်မျှသာ ဖြစ်ပါကြောင်း။

အပ္ပမာဒေန သမ္ပာဒေထ။

*[အရိယာဘုံသွား ခရီးသည်များ အတွက်*
*'ဘုံစဉ်စံ ဒဿန' တွင် အကျယ် ဖော်ပြပါမည်။]*

ဆန်းလွင်

၁၉၈၆ ခုနှစ်၊ မတ်လ ၄ ရက်၊ အင်္ဂါနေ့။

(၂၇-၁၀-၉၀) တွင် ဒုတိယအကြိမ် အတွက် စာသုတ်သင်မှု ပြီးစီးသည်။

(၁၄-၅-၉၃) နေ့တွင် တတိယအကြိမ် အတွက် စာသုတ်သင်မှု ပြီးစီးသည်။

စာရေးသူ၏ ဘဝ တစ်စိတ်တစ်ဒေသ
သို့မဟုတ်
စာရေးသူ၏ ဒဿန ဘဝ

# ရတနာ သုံးပါးကို
# ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ
# တစ်ယောက် အကြောင်း

## ဆန်းလွင်

ယခင်က ထုတ်ဝေခဲ့ဖူးသော

- ❑ ပထမတွဲ – ဘာသာကြီး သုံးရပ်နှင့် ဆန်းလွင်
- ❑ ဒုတိယတွဲ – ကမ္ဘာ့ ဒဿနပေါင်းစုံနှင့် ဆန်းလွင်
- ❑ တတိယတွဲ – ဗုဒ္ဓ ကျမ်းဂန်များနှင့် ဆန်းလွင်
- ❑ စတုတ္ထတွဲ – ပါရမီလမ်း အကျင့်စခန်းမှ ဆန်းလွင်

လေးတွဲကို တစ်အုပ်တည်း ပေါင်းချုပ်အဖြစ် ထုတ်ဝေသည်။

စာမူ ခွင့်ပြုချက် အမှတ် [၂၄ /၉၅ (၇)]

ထွက်ပြီ
ဘဝတက္ကသိုလ် စာပေ
၁၄၉၊ ၃၇ လမ်း။ ရန်ကုန်။
ဖုန်း ၂၄၉၇၄၁

ဘဝတက္ကသိုလ်

## ဘဝတက္ကသိုလ်တွင် ရနိုင်သော စာအုပ်များ

| | | |
|---|---|---|
| ၁။ | ပါရဂူ | ဟိတောပဒေသ |
| ၂။ | ပါရဂူ | ပဉ္စတန္တရ |
| ၃။ | ပါရဂူ | ဝေတာလ ဝတ္ထု |
| ၄။ | ဆန်းလွင် | ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း |
| ၅။ | ဆန်းလွင်၊ ဦးဟန်ငွေး (သုတေသန) | ဂိုးလ်စတိန်း ကိုယ်တွေ့ ဝိပဿနာ |
| ၆။ | မြသန်းတင့် | အချစ်မိုးကောင်းကင် (ပ၊ ဒု) |
| ၇။ | မြသန်းတင့် | လေလွင့်သူ |
| ၈။ | မြသန်းတင့် | ဓားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်မည် |
| ၉။ | မြသန်းတင့် | လေရူးသုန်သုန် (ပ၊ ဒု) |
| ၁၀။ | မောင်ထွန်းသူ | ရှန်ဂရီလာ |

## မကြာမီ ထွက်တော့မည့် စာအုပ်များ

| | | |
|---|---|---|
| ၁။ | မောင်ထွန်းသူ | ရဲတိုက် (ပ၊ ဒု) |
| ၂။ | မောင်ထွန်းသူ | ကင်မီလီ |

ဘဝတက္ကသိုလ် စာပေ
၁၄၉၊ ၃၇ လမ်း၊ ရန်ကုန်။
ဖုန်း ၂၄၉၇၄၁
■